http://www.dhammadownload.com

ရဲရင့်မှုဆောင် + အနီရောင်
ရဲရဲဆောင်သုံး + ရဲကိုးလုံး

✳ ✳ ✳ ✳ ✳ ✳ ✳ ✳ ✳

- ရဲစိတ်ရဲမာန်
- ရဲအသံနဲ့
- ရဲဟန်ဂုဏ်မြောက်
- ရဲရဲတောက်
- ရဲရဲဟောက်
- ရဲရဲလျှောက်
- ရဲရဲဟော
- ရဲရဲပြော
- ရဲရင့် အနီရောင် သဘော။


ဂ၅၀၀

ဟောလို ပြောလို ကြည့်ရှုလိုသူများအတွက်

# ဓမ္မကထိကအိတ်ဆောင်

## ဆင်ဖြူတောင် တရားတော်များ

အမှတ် ( ၂ )



## အရှင်ကုဏ္ဍိန္ဒ

သာသနဓဇ ဓမ္မာစရိယ
ပဓာန နာယက
ဆင်ဖြူတောင် စာသင်တိုက်
၁၀၊တောင်ရပ်ကွက်
၁၀၈၊တောင်ဘုရားအတွင်း
သာကေတ၊ရန်ကုန်

http://www.dhammadownload.com

၂၃၀၀

ဟောလို ပြောလို ကြည့်ရှုလိုသူများအတွက်

# ဓမ္မကထိကအိတ်ဆောင်

## ဆင်ဖြူတောင် တရားတော်များ

အမှတ် (၂)




**အရှင်ကုဏ္ဍလာဘိဝံသ**

သာသနဓဇ ဓမ္မာစရိယ

ပဓာနနာယက

ဆင်ဖြူတောင် စာသင်တိုက်

၁၀၊ တောင်ရပ်ကွက်

၁၀၈၊ တောင်ဘုရားအတွင်း

သာကေတ၊ ရန်ကုန်

http://www.dhammadownload.com

ဟောလို ပြောလို ကြည့်ရှုလိုသူများအတွက်

# ဓမ္မကထိကအိတ်ဆောင်

## ဆင်ဖြူတောင် တရားတော်များ

အမှတ် (၂)



## အရှင်ဂုဏိန္ဒ

သာသနဓဇ ဓမ္မာစရိယ
ပဓာနနာယက
ဆင်ဖြူတောင် စာသင်တိုက်
၁၀၊တောင်ရပ်ကွက်
၁၀၈၊တောင်ဘုရားအတွင်း
သာကေတ၊ရန်ကုန်

http://www.dhammadownload.com

ရဲရင့်မှုဆောင် + အနိုရောင်
ရဲရဲဆောင်သုံး + ရဲကိုးလုံး

⁂ ⁂ ⁂ ⁂ ⁂ ⁂ ⁂ ⁂ ⁂

- ရဲစိတ်ရဲမာန်
- ရဲအသံနဲ့
- ရဲဟန်ဂုဏ်မြောက်
- ရဲရဲတောက်
- ရဲရဲဟောက်
- ရဲရဲလျှောက်
- ရဲရဲဟော
- ရဲရဲပြော
- ရဲရင့် အနိုရောင် သဘော။

http://www.dhammadownload.com

ဘာသာရေးဆိုင်ရာ စာမူထုတ်ဝေခွင့်အမှတ် (၇/ ၉၇) (၆)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ( )

ပထမအကြိမ်

အုပ်ရေ ၂၀၀၀

၁၉၉၇ ခုနှစ် ဇူလိုင်လ

ပန်းချီ- ဦးစိုးလှိုင်

အဖုံးရိုက်- စာပေပေါင်းကူးပုံနှိပ်တိုက်

စာအုပ်ချုပ်- အောင်မြင့်နှင့်အဖွဲ့

ဦးတင်မောင် (၁၂၄၈)၊ စာပေပေါင်းကူး စာအုပ်တိုက်၊ အမှတ် ၉၀၊ အေ/ ဘီ
ဝေဇယန္တာလမ်း၊ (၈) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့က
ထုတ်ဝေသည်
ဦးတင်မောင် (၁၂၅၆- မြဲ) စာပေါပေါင်းကူးပုံနှိပ်တိုက်၊
အမှတ် ၄၆ စီ၊ ကြာပဒုမ္မာလမ်း၊ ၃/ ခ ရပ်ကွက်၊ (ငွေကြာရံရိပ်သာ)၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့က ပုံနှိပ်သည်။
(ဖုန်း- ၅၆၅၉၁၅)

http://www.dhammadownload.com

ဟောလို ပြောလို ကြည့်ရှုလိုသူများအတွက်

# ဓမ္မကထိကအိတ်ဆောင်

# ဆင်ဖြူတောင် တရားတော်များ

## အမှတ်(၂)


အရှင်ဂုဏိန္ဒ

သာသနဓဇဓမ္မာစရိယ

ဆင်ဖြူတောင်စာသင်တိုက်

(၁၀) ရပ်ကွက်

(၁၀၈) တောင်ဘုရားအတွင်း

သာကေတ၊ ရန်ကုန်

ဖုန်း-- ၀၁/ ၅၄၀၈၅၀


သာသနာ- ၂၅၄၁၊ ကောဇာ- ၁၃၅၉၊ ခရစ်- ၁၉၉၇

http://www.dhammadownload.com

# မာတိကာ


| | | | |
|---|---|---|---|
| | နိဒါန်း | ... | ၃ |
| | ပဏာမနှင့် ပဋိညာဉ် | ... | ၈ |
| ၁။ | ရခဲလှသည့် + အာဇာနည်တရားတော် | ... | ၁၁ |
| ၂။ | ချမ်းသာလေးပါး တရားတော် | ... | ၂၂ |
| ၃။ | အတူပြုကြ + အတူရတရားတော် | ... | ၂၈ |
| ၄။ | အကောင်းလေးဖြာ + မှတ်စရာတရားတော် | ... | ၃၃ |
| ၅။ | တန်ခိုးကြီးကြောင်း + နည်းလမ်းကောင်း တရားတော် | ... | ၄၁ |
| ၆။ | ချစ်တာလှျူမှ + ချစ်တာရ တရားတော် | ... | ၄၈ |
| ၇။ | မိုးလည်းကောင်းစေ + မြေလည်းကောင်းစေ တရားတော် | ... | ၅၅ |
| ၈။ | သီလစောင့်မှ + ချမ်းသာရ တရားတော် | ... | ၆၃ |
| ၉။ | တရားဆေးသောက် + ရောဂါပျောက်တရားတော် | ... | ၆၇ |
| ၁၀။ | သီလရှိမှ + ပိုမြတ်လှတရားတော် | ... | ၇၈ |
| ၁၁။ | ပညာရှိမှ + ပိုမြတ်လှ တရားတော် | ... | ၈၄ |
| ၁၂။ | ဝီရိယရှိမှ + ပိုမြတ်လှ တရားတော် | ... | ၈၈ |
| ၁၃။ | ဖြစ်ပျက်မြင်မှ + ပိုမြတ်လှ တရားတော် | ... | ၉၅ |
| ၁၄။ | နိဗ္ဗာန်မြင်မှ + ပိုမြတ်လှ တရားတော် | ... | ၁၀၈ |
| ၁၅။ | တရားမြင်မှ + ပိုမြတ်လှ တရားတော် | ... | ၁၂၀ |
| ၁၆။ | တစ်ဦးကစေတနာ + တစ်ဦးကမေတ္တာ တရားတော် | ... | ၁၃၁ |
| ၁၇။ | ငါဘယ်လိုလူ + သတိမူ တရားတော် | ... | ၁၅၂ |
| ၁၈။ | ဒါနမျက်မှောက် + ကောင်းကျိုးရောက် တရားတော် | ... | ၁၅၉ |
| ၁၉။ | ခရီးသွားချင်း + မေတ္တာသွင်းပါ တရားတော် | ... | ၁၈၀ |
| ၂၀။ | နောက်ဆုံးရဟန်း + နောက်ဆုံးပန်း တရားတော် | ... | ၁၈၈ |
| ၂၁။ | အောင်ခြင်းလေးရပ် + အမြတ်လေးပါးတရားတော် | ... | ၂၀၉ |

http://www.dhammadownload.com



၂၂။ ဦးခေါင်းပြုရာ + မမှားပါစေနဲ့ တရားတော် ... ၂၄၉
၂၃။ အခါမသင့် + အခွင့်မသာ တရားတော် ... ၂၆၂
၂၄။ အခါလည်းသင့် + အခွင့်လည်းသာ တရားတော် ... ၂၇၀
၂၅။ အားထုတ်သူဝယ် + ပြည့်စုံဖွယ် တရားတော် ... ၂၇၈
၂၆။ ပြည့်စုံစေသား + စက်လေးပါး တရားတော် ... ၂၈၈
၂၇။ အပါယ်မရောက် + အပါယ်မကြောက် တရားတော် ... ၂၉၅
၂၈။ တရားကိုးကွယ် + အပါယ်မလား တရားတော် ... ၃၀၃
၂၉။ သံဃာလှူပေး + အပါယ်ဝေး တရားတော် ... ၃၁၂
၃၀။ မစိုးရိမ်ဖွယ် + ဤလေးသွယ် တရားတော် ... ၃၁၉
၃၁။ တာဝန်ပိုင်ပိုင် + မခံနိုင် တရားတော် ... ၃၂၅
၃၂။ အရှာမှားမှု + သတိပြုပါ တရားတော် ... ၃၃၇
၃၃။ စေတနာသုံးသွယ် + အပြုံးခြယ်ပါ တရားတော် ... ၃၄၇
၃၄။ မကယ်နိုင်ရှာ + ဘေးသုံးဖြာ တရားတော် ... ၃၅၅
၃၅။ သံဝေဂဖြစ်ရန် + နေရာမှန် တရားတော် ... ၃၆၂
၃၆။ ပြိုင်ကြည့်ရင်းက + တရားရ တရားတော် ... ၃၇၅
၃၇။ သံဃိကက + ပိုပါတယ် တရားတော် ... ၃၉၀
* ဆောင်တော်မူ ... ၄၂၀

http://www.dhammadownload.com

## သေချာကြည့်စမ်း စေတနာနိဒါန်း
## ကျား, ခြင်္သေ့, ဆင် + သိစေချင်

စာရေးသူ၏ ဓမ္မကထိကအိတ်ဆောင် ဆင်ဖြူတောင်တရားတော်များ အမှတ် (၁) စာအုပ် မျက်နှာဖုံး၌ ကျား၊ ခြင်္သေ့၊ ဆင် ရုပ်ပုံများ ပီပြင်စွာ ဖော်ပြထားပါသည်။

၎င်းရုပ်ပုံများ ဘယ်လိုသဘော အဓိပ္ပာယ်နဲ့ ဖော်ပြထားပါသလဲဟု မေးလာသူတွေ တော်တော်များများ ရှိနေပါသည်။

မေးလာသူတွေ သိလိုသူတွေအတွက် ဖြေကြားရန် စာရေးသူမှာ တာဝန် ရှိပါသည်။

စာရေးသူသည် ဓမ္မာစရိယ အောင်မြင်ပြီး ပဋ္ဌာန်းပစ္စယနိဒ္ဒေသကို စွဲမြဲစွာ ရွတ်မည်ဟု ဆုံးဖြတ်ချက်ချကာ ၇၊ ၂၊ ၉၂ နေ့မှ၍ ရွတ်ဆိုပူဇော်ပါသည်။

၉၊ ၂၊ ၉၂ နေ့ ည ၁၀ နာရီ ၃၀ ခန့်တွင် ပဋ္ဌာန်းပစ္စယနိဒ္ဒေသ ရွတ်ဆိုပူဇော်ပြီး အိပ်စက်ပါသည်။

အိပ်ပျော်ပြီး အတန်ကြာသော် မိမိအိပ်ရာ၏အနီးမှာ ဆင်ဖြူတော်တစ်စီး ကကြီးတန်ဆာ ရတနာအစုံနှင့် မြူးမြူးကြွကြွ ကနေပုံ၊ ထိုဆင်ဖြူတော်၏အနီး မှာပင် ခြင်္သေ့ကြီးတစ်ကောင် အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ်နေပုံတို့ကို အိပ်မက်ထဲမှာ တွေ့မြင်ရပါသည်။

အထက်ပါအိပ်မက်ထဲတွင် ဆင်ဖြူတော်ပါသည့်အတွက် ဆင်ဖြူအမည် ပါသည့် ယခု မိမိသီတင်းသုံးရာ ဆင်ဖြူတောင်ကျောင်းကို မထင်မှတ်ဘဲ ရရှိခြင်း အိပ်မက်ထဲအတိုင်းပင် ဆင်ဖြူတော် မြူးမြူးကြွကြွ ကနေပုံများကို တိုက်ကျောင်းနံရံ မျက်နှာစာ သံဆကာများ၌ တွေ့ရခြင်းကို ရည်ညွှန်း၍ ဆင်ဖြူတော်ပုံ။

ဗီရိုအဝိုင်းကြီးတစ်ခု၌လည်းကောင်း၊ တိုက်ကျောင်းခေါင်းရင်းဘက် နံရံ တစ်ခု၌လည်းကောင်း၊ ခြင်္သေ့ကြီး တစ်ကောင်ပုံကို တွေ့မြင်ရခြင်းကို ရည်ညွှန်း၍ ခြင်္သေ့ပုံ။

စာရေးသူသည် တနင်္လာသားဖြစ်ခြင်း၊ စာရေးသူ ယခု သီတင်းသုံးရာ ဆင်ဖြူတောင် စာသင်တိုက်အတွင်း၌ ကြည့်မြင်တိုင် ကျား မမြစ်ဆေးလိပ်ခုံ

http://www.dhammadownload.com



ပိုင်ရှင်များ လှူဒါန်းထားသော ကျားတိုက်ကျောင်းရှိနေခြင်း အထက်ပါတိုက်ဆိုင်မှုများကို ရည်ညွှန်း၍ ကျားပုံကို တရားစာအုပ် မျက်နှာဖုံး၌ ပုံဖော်ထားခြင်း ဖြစ်ပါသည်။

ဤသည်မှာ စာရေးသူ၏ ကျား, ခြင်္သေ့, ဆင် သိစေချင် ပဋ္ဌာန်းတန်ခိုး အစွမ်းမျိုးပြ ဆန္ဒမွန်တစ်ခု ဖြစ်ပေသည်။

"ပဋ္ဌာန်းအိပ်မက် ထူးခြားချက်" ကဗျာ

*အိပ်မက်ကဗျာ၊ အိပ်မက်စာတမ်း၊
အိပ်မက်ဆန်းကို၊ ကဗျာဆိုအံ့။
*ဟို အတိတ်က၊ ညတစ်ညမှာ၊
ဘဂဝါ ဇိနှ၊ အတိအကျဟောဖော်၊
တရားတော်ထူးဆန်း၊ မြတ်ပဋ္ဌာန်းကို
ရွှင်လန်းကြည်သာ၊ ရွတ်ပြီးပါလျှင်၊
အိပ်ရာဝင်ခဲ့။
*အိပ်ပင်မကြာ၊ သိပ်ရွှင်ပါသည့်၊
ရတနာခေါ်၊ ဆင်ဖြူတော်လှ၊
မြူးခုန်ကပြီး၊ ခြင်္သေ့ကြီးပါ၊ အနီးမှာရှိ၊
နေတုံ့ဘိသည်၊ ထူးသည့်အိပ်မက်၊
ရက်တစ်ရက်က ညတစ်ည။
*ဆင်ဖြူ, ခြင်္သေ့၊ အိပ်မက်တွေ့မြင် (မြင်ခင်တွေ့၍)
ကောင်းပေ့အတိတ်၊ ကောင်းနိမိတ်ဟု၊
စိတ်ထင်မှုတိုင်း၊ မှန်မဆိုင်းပေ၊
မြို့သာကေမှ၊ ဆင်လှရတနာ၊ အမည်ပါဆောင်၊
ဆင်ဖြူတောင်ခေါ်၊ ကျောင်းတိုက်တော်ကို၊
စိတ်တော်မပန်း၊ ဘဝင်ချမ်းမြ၊
ရွှင်လန်းခဲ့ရ။
*ရတဲ့အခါ၊ ကျောင်းမျက်နှာစာတွင်၊
ဆင်လှရတနာ၊ မြင်ကြစရာကား၊
များပြားစင်စစ်၊ တစ်ရာ့ရှစ်ပင်၊

http://www.dhammadownload.com



*မြတ်သောခြသေ့်၊ ရှာကြံတွေ့ပြန်၊
တိုက်နံရံနှင့်၊ ထပ်မှန်တွေ့လာ၊
ဇီရှိမှာပဲ။
*အိပ်မက်ထဲက၊ ဆင်လှအကျော်၊
ဆင်ဖြူတော်နှင့်၊ ခင်ဖော်အနီး၊
ခြသေ့်ကြီးဟာ၊ တည်ငြိမ်စွာပင်၊
တွေ့ကာမြင်ရ၊ ချိန်ကာလမှာ၊
သြော် ထူးစွာဟု၊ အံ့သြပြုမိ။
*ကြီးဘိဆင်နှင့်၊ ခြသေ့် ဆင့်ကာ၊ အိပ်မက်လွှာကြောင့်၊
မှန်စွာမစောင်း၊ ဆင်ဖြူတောင်ကျောင်းရ၊
ပဓာနပဲ၊ အကြီးအကဲဖြစ်ရ၊
တိုက်ဆိုင်လှစွာ၊ ဒီကဗျာန၊ စီကာပြုမိ။
*မြတ်သည့်ပဋ္ဌာန်း၊ မြတ်အစွမ်းကြောင့်၊
ထူးဆန်းအိပ်မက်၊ ထူးခြားချက်ကို၊
ကဗျာဆိုလျက်၊ အိပ်မက်ကဗျာ၊
ကြည့်စမ်းပါဟု၊ နိဒါန်းပြုသည်၊
ပဋ္ဌာန်းရွှေစာ အစွမ်းတည်း။

အမှတ် (၂) မှာ ၃၇ ပုဒ်ပါ

စာရေးသူသည် ဟောလို ပြောလို ကြည့်ရှုလိုသူများအတွက် မေ့ကထိက အိတ်ဆောင် ဆင်ဖြူတောင် တရားတော်များ အမှတ် (၁) ကို တစ်လကျော်မျှသာ ရေးသားရပေသည်။

ယခု နောက်ထပ်တစ်ဖန် အမှတ် (၂) ကို ရေးသားသောအခါ၌လည်း တစ်လကျော်မျှ ရေးသားပါက ပြီးလိမ့်မည်ဟု ထင်မှတ်ခဲ့ပေသည်။

ဤအမှတ် (၂) စာအုပ်ကို ၁၃၅၈ ခု၊ ကဆုန်လဆန်း ၁၃ ရက်၊ ၂၉- ၄- ၉၆ (တနင်္လာနေ့) မှ စတင်ရေးသားခဲ့ပါသည်။

တရားပုဒ်ရေ ၁၈ ပုဒ်ပြီးသောအခါ စင်ကာပူနိုင်ငံသို့သွားရန် အကြောင်းဖန်လာသဖြင့် ဆက်မရေးဖြစ်တော့ပါ။

စင်ကာပူနိုင်ငံမှ ပြန်လာပြန်တော့လည်း ဝါဆို ဝါကပ်ရန် နီးကပ်နေပြန်သဖြင့် ဝါဆိုသင်္ကန်း၊ ဝါဆိုဆွမ်းကပ်များက တရားဟောရန် ဆီးကြိုနေပြန်သည်။

http://www.dhammadownload.com



ဝါဆိုပြီးပြန်တော့လည်း စာသင်သားများအား စာဝါတွေ ပို့ချပေးနေရသဖြင့် အချိန်ပြည့် မရေးသားနိုင်ခဲ့ပါ။

စာဝါနားသည့် အားလပ်ချိန်လေးများကို အနားမယူဘဲ ဆက်လက်ရေးသားခဲ့ရာ ၁၃၅၈ ခု၊ တော်သလင်းလပြည့်၊ ၂၇၊ ၉၊ ၉၆ သောကြာနေ့မှာ ကောင်းစွာ ပြီးမြောက် ခရီးရောက်ခဲ့ပေသည်။

ရေးပြီးသော တရားတော်ပုဒ်ရေပေါင်းမှာ ၄၇ ပုဒ် ဖြစ်ပါသည်။

ထို ၄၇ ပုဒ်တွင် မိဘ ကျေးဇူးတရားတော် ၁၀ ပုဒ် ပါရှိနေပါသည်။

တည်းဖြတ်ပြင်ဆင်သူ အရှင်ပညာစက္က က "မိဘကျေးဇူးတရားတွေ တစ်အုပ် ထုတ်လိုက်ပါလား" ဟု ပြောကြားသဖြင့် မိဘကျေးဇူး တရားတော်များကို တစ်အုပ်တည်း သီးသန့်ခွဲကာ ရေးသားထုတ်ဝေလိုက်ပါသည်။

ယင်းသို့ မိဘကျေးဇူးတရားတော် ၁၀ ပုဒ် တစ်အုပ် သီးသန့်ခွဲထုတ်လိုက်သဖြင့် ဓမ္မကထိကအိတ်ဆောင် ဆင်ဖြူတောင်တရားတော်များ အမှတ် ၂ ၌ တရားတော် ၃၇ ပုဒ် ကျန်ရှိပါသည်။

## ငါးလခန့်ကြာ တရားစာ

စာရေးသူသည် တစ်လကျော်ရေးသားပါက ပြီးပြတ်မည်ထင်သော ဤအမှတ် ၂ တရားတော်များသည် ၅ လခန့် ကြာသွားပေသည်။

## အမှတ် (၁) မှာ ကြည့်ကြပါ

စာရေးသူ၏ ရေးသားပုံ အစီအစဉ်၊ တရားတော်အမည်ပေးနည်း၊ တရားဟောရာ ညွှန်ကြားလွှာ၊ မှတ်ချက်ကြည့်ကာ ဟောကြားပါစသည်တို့ကို ဓမ္မကထိက အိတ်ဆောင် ဆင်ဖြူတောင်တရားတော်များ အမှတ် (၁) မှာ ကြည့်ရှုတော်မူကြပါဟု မှာကြားလိုပါသည်။

## အနန္တမေတ္တာ ပူဇော်လွှာ

မိမိ ဤကဲ့သို့ ရေးတတ်၊ ဟောတတ်၊ ပြောတတ်၊ နေတတ် ထိုင်တတ်အောင် အာမိသ ဓမ္မ နှစ်ဌာနဖြင့် ထာဝရ ချီးမြှောက်ကြသည့် အနန္တမေတ္တာ ကျေးဇူးရှင် ဆရာတော်များမှာ

၁။ ဘဒ္ဒန္တဥတ္တမ သဒ္ဓမ္မဇောတိကာရီကျောင်းတိုက်၊
ပျားကြီးတောင်ရပ်၊ ရေနံချောင်းမြို့။
၂။ ဘဒ္ဒန္တသဒ္ဓမ္မ ဝဲမရွာကျောင်း၊ ဆိပ်ဖြူမြို့နယ်။
၃။ ဘဒ္ဒန္တရာဇိန္ဒ (မဟာဝဏ္ဏဝါစကပဏ္ဍိတ)
ရွှေပြည်တန် စာသင်တိုက်၊ မော်လမြိုင်ကျွန်းမြို့။

http://www.dhammadownload.com



၄။ ဘဒ္ဒန္တသောဘန (အဂ္ဂမဟာပဏ္ဍိတ)
ဘဒ္ဒန္တတေဇနိယ (အဂ္ဂမဟာပဏ္ဍိတ)
ဘဒ္ဒန္တဇနိတ၊ ဘဒ္ဒန္တနန္ဒန၊ ဘဒ္ဒန္တသာဂရ၊
ရွှေတောင်ပါဠိတက္ကသိုလ်၊ ရေနံချောင်းမြို့။

၅။ ဘဒ္ဒန္တဇာတိပါလ (အဂ္ဂမဟာပဏ္ဍိတ)
ဘဒ္ဒန္တမုနိန္ဒာဘိဝံသ၊ ဘဒ္ဒန္တကုဝေရာဘိဝံသ၊
ဘဒ္ဒန္တစိန္တိတာဘိဝံသ၊ ဘဒ္ဒန္တမုနိက၊
ကြခတ်ဝိုင်းစာသင်တိုက်၊ ပဲခူးမြို့။

၆။ ဘဒ္ဒန္တတိလောကာဘိဝံသ ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့။

၇။ ဘဒ္ဒန္တသောဘန၊ (အဂ္ဂမဟာပဏ္ဍိတ)
ဘဒ္ဒန္တအဂ္ဂဝံသ၊ ဘဒ္ဒန္တစိတြ၊
ဘဒ္ဒန္တကေလာသ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)
ညောင်တုန်းပါဠိတက္ကသိုလ် ဗဟန်း ရန်ကုန်တို့ဖြစ်ကြပါသည်။

ထိုဆရာတော်များ၏ အနုန္တမေတ္တာစေတနာကို ဤစာရေးပြု မြတ်ကောင်းမှုဖြင့် လေးမြတ်ကော်ရော် ပူဇော်ပါ၏။

## အထူးအစဉ် ကျေးဇူးတင်လွှာ

စာရေးသူ၏ ဤကျမ်းစာကို တည်းဖြတ်ပြင်ဆင်ပေးသည့် ရန်ကုန်တိုင်း ဒဂုံမြို့သစ်တောင်ပိုင်း၊ ပညာသိပ္ပံကျောင်းတိုက် ပဓာန နာယကဆရာတော် အရှင်ပညာစက္က (ဝိဂြိုဟ်ပြုနည်း နိသျရည်းကျမ်းပြု ဘုန်းကြီးကျောင်းသား ဓမ္မာစရိယ) အား အထူး အစဉ် ကျေးဇူးတင်ကြောင်း ဤစာအုပ်တွင် မှတ်တမ်းတင်ပါ၏။

"ပိုတာကိုဖျက်၊ လိုတာစွက်၍၊ သင့်ချက်ယူရေး၊ ပြင်ဆင်ပေးလာ၊ အရှင်ပညာစက္က၊ မြတ်ထေရ်အား၊ နေ့ညအစဉ်၊ ကျေးဇူးတင်၏"။

အရှင်ဝုဏ္ဏိန္ဒ (သာသနဓဇဓမ္မာစရိယ)

ပဓာန နာယက၊ ဆင်ဖြူတောင် စာသင်တိုက်၊
(၁၀) တောင်ရပ်ကွက်၊ (၁၀၈) တောင် ဘုရားဝင်းအတွင်း၊
သာကေတ၊ ရန်ကုန်။
ဖုန်း– ၅၄၀၈၅၀။

၁၃၅၈ ခု၊တော်သလင်းလပြည့်နေ့
၂၇၊ ၁၀၊ ၉၆ (သောကြာနေ့)

http://www.dhammadownload.com

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ.

## ပဏာမနှင့် ပဋိညာဉ်

(က) ဂုဏိန္ဒံ ဝေ ဂုဏာနန္ဒံ၊ ဂုဏိကံ ဂုဏသာမိကံ။
ဂုဏောဟိ ပါကဋံ နာထံ၊ ဂုဏဒံ ဂုဏဒေသကံ။
(ခ) ဓမ္မံ သံဃဥ္စ အာစေရံ၊ ဝန္ဒာမိ အဘိသာဒရံ။
အတ္ထာယ ယုဝ ဘိက္ခူနံ၊ မေတ္တာ စိတ္တေန သာဒုကံ။
နာနာဂန္ထေ သုနိဿာယ၊ တက္ကမံ ဂန္ထံ ကရော မဟံ။

(က) ဂုဏိန္ဒံ– ရေတွက်ပိုင်းခြား၊ မရကြွားသည့်၊ များပြားဖုံဖုံ၊ ဂုဏ်တော်အနန္တ၊ မှန်သမျှကို၊ စုံပြအနေ၊ အစိုးရတော်မူပေထသော။ ဝေ– စင်စစ်ဧကန်၊ အမှန်တကယ်ပင်၊ ဂုဏာနန္ဒံ– သီလ + သမာဓိ, ပညာဂုဏ်အလုံးစုံကို အကုန်လွန်စွာ နှစ်သက်တော်မူတတ်ပါပေထသော။ ဂုဏိကံ– ရေတွက်ပိုင်းခြား၊ မရကြွားသည့် များပြားဖုံဖုံ ဂုဏ်တော်အနန္တ မှန်သမျှတွေ ရှိတော်မူပါပေထသော။ ဂုဏသာမိကံ– ဂုဏ်ပိုင်ဂုဏ်ရှင် ဂုဏ်ဘုရင်စစ် ဂုဏ်သခင်ဖြစ်တော်မူပေထသော။ ဂုဏောဟိ– ရေတွက်ပိုင်းခြား မရကြွားသည့် များပြားဖုံဖုံ ဂုဏ်တော်အနန္တ မှန်သမျှတို့ဖြင့်၊ ပါကဋံ– လူ့ဘုံ၊ နတ်ဘုံ ဗြဟ္မာ့ဘုံတိုင် ပျံ့လှိုင်ကျော်ကြား ထင်ရှားတော်မူပါပေထသော။ ဂုဏဒံ– ခုနှောင်ဘဝ ချမ်းသာရကြောင်း ဂုဏ်အပေါင်းတို့ကို ထောင်သောင်းမက အောင်ကောင်းရအောင် မုချပုံသေ ပေးဝေတော်မူတတ်ပါပေထသော၊ ဂုဏဒေသကံ– နတ် လူ ဗြဟ္မာ သတ္တဝါဝေနေ မဂ်ဖိုလ်ရေသောက် နိဗ္ဗာန်ရောက်ရေး ဉာဏ်အတွေးဖြင့် မနေးခါခါ စေတနာသုံး ဝေဆာပြုံးလှိုင် အဆုံးတိုင်အေား ပြုံးနိုင်ရေးတွက် လေးလေးနက်စွာ မေတ္တာတစ်သွယ် သစ္စာခြယ်ကာ ကရုဏာထား ဂုဏ်တရားကို မနားမပြတ် ဟောကြားတော်မူတတ်ပါပေထသော။ နာထဥ္စ– လူ နတ် ဗြဟ္မာ၊ သတ္တဝါ၏၊ အားထားရာဖြစ်၊ ဘုရားစစ်ကိုလည်းကောင်း။

(ခ) ဓမ္မဥ္စ– မဂ်ဖိုလ် နိဗ္ဗာန်၊ ဓမ္မက္ခန်ဟု၊ ဆယ်တန်သတ်မှတ်၊ တရားတော်မြတ်ကိုလည်းကောင်း။ သံဃဥ္စ– သမုတိ အရိယာ၊ နှစ်ဖြာအကောင်း

http://www.dhammadownload.com



သံဃာတော်အပေါင်းကိုလည်းကောင်း။ အာစေရဋ္ဌ– လောကာသနာသနာ အရာရာပြီးမြောက် ခရီးရောက်အောင် ချီးမြှောက်နေ့ည ထာဝရကောင်း ဆရာအပေါင်းကိုလည်းကောင်း။ အဟံ– ဂုဏ်ပိုင်စိုးရ၊ ဂုဏဒိန္န ဟု နာမပြုခေါ်၊ တပည့်တော်သည်။ (ဝါ) စာချ စာသင်၊ တာဝန်လုပ်ငန်း၊ ကိုယ်တိုင်ထမ်းချ၊ ရန်ကုန် သာကေတ၌၊ ဆင်လှရတနာ၊ မြင်ကြပါစေ၊ ဤအနေဖြင့်၊ ရည်ချွေအတိတ်၊ ရည်နိမိတ်ဆောင်၊ ဆင်ဖြူတောင်သမိုက်၊ စာသင်တိုက်ဝယ်၊ နှစ်မြို့က်ရွှင်ပြုံး၊ သီတင်းသုံးစာချ၊ တရားလှရေးဝေ၊ တရားတွေဟောပြ၊ ပဓာနနာယကဟု၊ စာလှုပြုခေါ်၊ တပည့်တော်သည်။ အဘိသာ ဒရံ– ရတနာသုံးပါး ဆရာများဂုဏ် အလုံးစုံကို အကုန်အရေး ထား အလွန်ကြည်ညိုလေးစားလှစွာ။ ဝန္ဒာမိ– ဘေးအတန်တန် ရန် အသွယ်သွယ် အန္တရာယ်ကင်းပျောက် ကျမ်းပြီးမြောက်ရန် အဓိဋ္ဌာန်ဖြင့် စိတ်အကြံမြင့်မြတ် မပြတ်အခါခါ မြတ်သဒ္ဓါသုံး ဝေဆာပြုံးကာ ရှိခိုး ကန်တော့လိုက်ပါ၏ဘုရား။ ဝန္ဒိတွာ– ကိုယ်နှုတ်နှလုံး သုံးပါးပျောင်းပျော့ မာန်ကိုလျှော့၍ ကန်တော့မြတ်နိုး ရှိသေစွာရှိခိုးပြီး၍။ ယုဝ ဘိက္ခုနုံ– ပါဠိ အဋ္ဌကထာ၊ ဋီကာ၊ ကျန်းဂန်၊ အတန်တန်၌၊ ကြည့်ရန်ဝန်လေး၊ အပြေးအလွှား၊ တရားတစ်ပွဲ၊ တအားခဲ၍၊ ဟောရဲအောင်ပင်၊ အလွန် ပင်ပန်း၊ မရွှင်လန်းဘဲ၊ ဟောခန်းတွေကြုံ၊ ဓာချွေးတုန်ကျ၊ ယုဝခေါ်ဆို၊ ရဟန်းပျိုစစ်၊ ရဟန်းသစ်ကလေးတို့၏။ အတ္ထာယ– မပင်မပန်း၊ ဘဝင် ချမ်းမြ ရွှင်လန်းအားရစွာ၊ ဟောပြောပြသနိုင်ပါစေခြင်းအကျိုးငှာ၊ (ဝါ) အသည်းအေးတွင်၊ ရဲဆေးတင်၍၊ အဆင်လှလှ၊ ဘဝင်ကျအောင်၊ ရွှင်ပျပိုင်ပိုင်၊ ဟောပြောပြသနိုင်ပါစေခြင်းအကျိုးငှာ။ မေတ္တာစိတ္တေန– ဟောခန်း ပြောခန်း၊ မမောမပန်းအောင်၊ ရှေ့ဆောင်လမ်းပြ၊ မေတ္တာလှ သုံး၊ စိတ်နှလုံးဖြင့်။ သာရကံ– ပါဠိတစ်ချက်၊ အနက်တစ်သွယ်၊ အဓိပ္ပာယ်တစ်ဖြာ၊ ကဗျာလင်္ကာတစ်မျိုး၊ အဆာထိုးကာ၊ ကောင်းမွန်စွာ ပင်။ နာနာဂန္ထေ– ပါဠိ အဋ္ဌကထာ၊ ဋီကာတာဝ၊ နိဿယတစ်ဖန်၊ ဘာသာပြန်တစ်သွယ်၊ တင့်တယ်ထူးခြား၊ ကျမ်းဂန်အများတို့ကို။ သုနိဿာယ– ကောင်းစွာကြည့်ရှု၊ အမှီပြု၍။ အဟံ– ရန်ကုန် သာကေ၊ မြို့ဌာနေ၌၊ စာပေပို့ချ၊ တရားလှရေးဝေ၊ တရားတွေဟောပြ၊ ဂုဏ်နှဟု၊ နာမပြုခေါ်၊ ငါရဟန်းတော်သည်။ ဣမံဂန္ထံ– ဓမ္မကထိကအိတ်မှာ၊ သွားလေရာသို့၊ ယူကာယူကာ၊ အလွယ်သာလျှင်၊ တွယ်တာခင်၍၊

http://www.dhammadownload.com



မမေ့မှန်စွာ၊ ဆောင်သင့်ပါသည့်၊ ဓမ္မကထိကအိတ်ဆောင်၊ တရားရောင် ထွန်းပြ၊ အမည်လှစွာ၊ ဤကျမ်းဂန်စာကို။ ကရောမိ– ဟောလို ပြောလို၊ ကြည့်ရှုလိုသူ၊ များရှင်လူအတွက်၊ အခက်အခဲ၊ တစ်အုပ်တည်းဖြင့်၊ ဖျက်ခွဲနိုင်စေ၊ ရည်ချွေစိတ်ထား၊ တရားအလှူ၊ ဖြစ်စေဟူ၍၊ စိတ်ဖြူ သုံးသပ်၊ အပြီးတတ်ဖော်၊ ဆုံးဖြတ်ပျော်ကာ၊ ရေးသားဖြန့်ဝေ၊ ပြုစုလိုက် ပါပေတော့အံ့။ ကရောမိ– တစ်လကျော်မျှ၊ အချိန်ရခိုက်၊ လုံးလစိုက်၍၊ နှစ်မြိုက်ကောင်းစွာ၊ ရေးသားလိုက်ပါပေတော့အံ့။ ကရောမိ– သာသနာ့ တာဝန်၊ ကျေစေချင်၍၊ အလွန်ပင်ပန်း၊ အလွန်နွမ်းမှု၊ ဂရုမထား၊ သဒ္ဓါအားဖြင့်၊ ကြိုးစားသေချာ၊ ရေးသားပြုစုလိုက်ပါပေအံ့။ ကရောမိ– သာသနာ့အတွက်၊ ငါ့လက်ငါ့ခြေ၊ ဖြစ်ပါစေဟု၊ စစ်ဖွေသုံးသပ်၊ အပြီး တတ်ဖော်၊ ဆုံးဖြတ်ပျော်ကာ၊ ရေးသားဖြန့်ဝေ ပြုစုလိုက်ပါပေအံ့ သတည်း။

http://www.dhammadownload.com

## ခုဒ္ဒကနိကာယ် ဓမ္မပဒပါဠိတော် အာနန္ဒတ္ထေရ ပဥှဝတ္ထုကို တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# ရခဲလှသည့် အာဇာနည် တရားတော်

ဒုလ္လဘောတိ ဣမံ ဓမ္မဒေသနံ သတ္ထာ ဇေတဝနေ ဝိဟရန္တော အာနန္ဒ ထေ္ထရဿ ပဥှံ အာရဗ္ဘ ကထေသိ။

(ဓမ္မပဒ ဌ– ၂၊ ၁၆၁)

ဒုလ္လဘောတိ ဣမံ ဓမ္မဒေသနံ– ဒုလ္လဘော အစရှိသော ဤတရားတော် ဒေသနာတော်ကို၊ သတ္ထာ– မြတ်စွာဘုရားသည်၊ ဇေတဝနေ– ဇေတဝန်ကျောင်းတော်၌၊ ဝိဟရန္တော– နေတော်မူစဉ်၊ အာနန္ဒတ္ထေရဿ– အရှင်...အာနန္ဒာမထေရ်၏၊ ပဥှံ– ပြဿနာမေးလျှောက်ခြင်းကို၊ အာရဗ္ဘ– အကြောင်းပြု၍၊ ကထေသိ– ကရုဏာရှေ့သော် မေတ္တာတော်ဖြင့် ဖွင့်ဖော်ကောင်းစွာ ဟောကြားတော်မူပါပေသတည်း။

ဒုလ္လဘောအစရှိတဲ့ ဒီတရားဒေသနာတော်ကို ဘုရားရှင်ကိုယ်တော်မြတ် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူစဉ် အရှင်အာနန္ဒာရဲ့ ပြဿနာမေးလျှောက်ခြင်းကို အကြောင်းပြုပြီးတော့ ဟောတော်မူခဲ့တာပါပဲ။

တစ်နေ့တော့ ရှင်အာနန္ဒာကိုယ်တော်မြတ် နေ့သန့်ရာအရပ်မှာနေလျက်

၁။ ဆင်အာဇာနည်သည် ဆဒ္ဒန်ဆင်မျိုး၌လည်းကောင်း၊ ဥပေါသထဆင်မျိုး၌လည်းကောင်း ဖြစ်၏။

၂။ မြင်းအာဇာနည်သည် သိန္ဓောမြင်းမျိုး၌လည်းကောင်း၊ ဝလာဟကမြင်းမျိုး၌လည်းကောင်း ဖြစ်၏။

၃။ နွားလားဥသဘ အာဇာနည်သည် ဒက္ခိဏာပထ (ဂင်္ဂါမြစ်တောင်ပိုင်း) အရပ်၌ဖြစ်၏။

ဤသို့ အစရှိသည်တို့ကို ဟောကြားတော်မူသော မြတ်စွာဘုရားသည် ဆင်အာဇာနည်အစရှိသည်တို့၏ ဖြစ်ရာအရပ်စသည်တို့ကို ဟောကြားတော်မူအပ်၏။

ယောကျ်ားအာဇာနည်သည်ကား အဘယ်အရပ်မှာ ဖြစ်လေသနည်းဟု ကြံစည်မိပါတယ်။

http://www.dhammadownload.com



အဲဒီ မိမိရဲ့ ကြံစည်မိတဲ့အကြောင်းကို မြတ်စွာဘုရားထံ ချဉ်းကပ်ပြီးတော့ လျှောက်ထားတဲ့အခါမှာ ဘုရားရှင်ကိုယ်တော်မြတ်က "ချစ်သား အာနန္ဒာ ယောကျ်ားအာဇာနည်မည်သည်ကား အလုံးစုံသောအရပ်၌ မဖြစ်

၁။ အဖြော့င့်အားဖြင့်ကား အလျားယူဇနာ (၃၀၀)

၂။ အနံယူဇနာ (၂၅၀)

၃။ အဝန်းယူဇနာ (၉၀၀) ရှိသော မဇ္ဈိမအရပ်ဒေသအရပ်တွင် များသော ဥစ္စာနှစ်ရှိသော မင်းမျိုး၊ ပုဏ္ဏားမျိုးတစ်မျိုးမျိုး၌သာဖြစ်၏"

ဟု မိန့်တော်မူ၍ ဤဂါထာတော်ကို ဟောကြားတော်မူပါတယ်။

ဒုလ္လဘော ပုရိသာဇညော၊ န သော သဗ္ဗတ္ထ ဇာယတိ။
ယတ္ထသော ဇာယတိ ဓီရော၊ တံကုလံ သုခမေဓတိ။

ပုရိသာဇညော– ယောကျ်ားအာဇာနည်ကို၊ ဒုလ္လဘော– ခဲယဉ်းသဖြင့် ရအပ်၏။ (ဝါ) ရခဲ၏။ သော– ထိုယောကျ်ားအာဇာနည်သည်၊ သဗ္ဗတ္ထ– အလုံးစုံသောအရပ်၊ အလုံးစုံသောအမျိုးတို့၌။ နဇာယတိ– ကေန်စင်စစ် အမှန် ပင် မဖြစ်နိုင်ပေ။ ဓီရော– မြတ်သော ပညာရှိသော။ သော– ထိုယောကျ်ား အာဇာနည်သည်။ ယတ္ထ– အကြင်အမျိုး၌။ ဇာယတိ– ဖြစ်၏။ တံကုလံ– ထိုအမျိုးသည်။ သုခံ– ချမ်းသာခြင်းသို့၊ ဧဓတိ– ကောင်းစွာမသွေ ရောက်ရပါပေ သတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

ယောကျ်ား အာဇာနည်ကို ရခဲတယ်တဲ့၊ ဘာကို ရခဲသတဲ့လဲ။

(ယောကျ်ားအာဇာနည်ကိုပါဘုရား)

ဒီနေ့ဟောတဲ့တရားက ဘာတရားတဲ့လဲ။

(ရခဲလှသည် အာဇာနည် တရားတော်ပါဘုရား)

ဒီအာနန္ဒတ္ထေရ ပဥ္စဝတ္ထုမှာ အာဇာနည်လေးမျိုး ဖွင့်ပြထားတယ်။ ဘယ် နှမျိုး ဖွင့်ပြထားသတဲ့လဲ။

(လေးမျိုးပါဘုရား)

အဲဒီလေးမျိုးက

၁။ ဆင် အာဇာနည်၊

၂။ မြင်းအာဇာနည်၊

၃။ နွားလားဥသဘ အာဇာနည်၊

http://www.dhammadownload.com



၄။ ယောကျ်ား အာဇာနည်တို့ပါပဲ။

အဲဒီလေးမျိုးထဲမှာ ယောကျ်ားအာဇာနည်ရဖို့ မလွယ်ကူဘူးတဲ့။

ဒီနေ့ လောကုတ္တရာ အတန်းစာမေးပွဲအသီးသီးကို အောင်မြင်တဲ့အတွက် အပူဇော်ခံနေတဲ့ သံဃာတော်အရှင်သူမြတ်တွေဟာ အာဇာနည်တွေပါပဲ။ ဘာကြောင့်လဲဆိုတော့ အောင်တဲ့သံဃာတွေနဲ့ မအောင်တဲ့သံဃာတွေ ဘယ်သံဃာက များသလဲ။

(မအောင်တဲ့သံဃာက များပါတယ်ဘုရား)

စာတွေ တကယ်ကြိုးစားလို့ တကယ်အောင်လာတဲ့ ဒီအပူဇော်အကြည်ညို ခံနေတဲ့ သံဃာတော်တွေဟာ ယောကျ်ားအာဇာနည်တွေပါပဲ။

စာအောင်သံဃာ ယောကျ်ားအာဇာနည်တွေ မရခဲ့ဘူးလား။

(ရခဲ့ပါတယ်ဘုရား)

ဒါဆိုရင် ဒီနေ့ဟောနေတဲ့တရားက ဘာတရားတဲ့လဲ။

(ရခဲလှသည် အာဇာနည် တရားတော်ပါဘုရား)

ဒီနေ့ ဟောတဲ့တရားတော်ရဲ့အမည်ကို "သံဃာဇာနည် ရခဲသည်"၊ "ယောကျ်ားဇာနည် ရခဲသည်" လို့ အမည်ပေးရင်လည်း ရတယ်နော်။

(မှန်လှပါဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

* ဆင် မြင်း နွား လား၊ မြတ်ယောကျ်ားမည်၊ အာဇာနည် လေးလီရှိပါတယ်။
* ရခဲလှသည်၊ အာဇာနည်၊ အတည်ယောကျ်ားကွယ်။
* ယောကျ်ားဇာနည်၊ ရခဲသည်၊ အတည်မှတ်ရမယ်။
* သံဃာဇာနည်၊ ရခဲသည်၊ အတည်မှတ်ရမယ်။
* ဆင် မြင်း နွားလား၊ မြတ်ယောကျ်ား၊ လေးပါးအာဇာနည်။
* ရခဲတာကား၊ မြတ်ယောကျ်ား၊ ထူးခြားအာဇာနည်။

ပညာတော်တဲ့ ပညာကျော်တဲ့ စာတွေအောင်တဲ့ သံဃာတော်၊ သံဃာကျော်၊ ယောကျ်ားတော်၊ ယောကျ်ားကျော်တွေရဖို့ တွေ့ရ မြင်ရ ဖူးမြော်ရဖို့ တို့ဒကာ ဒကာမတွေ တကယ်မလွယ်ဘူးနော်။

(မှန်လှပါဘုရား)

http://www.dhammadownload.com



ဒီနေ့ ပညာတော်တဲ့ ပညာကျော်တဲ့ သံဃာတော်အရှင်သူမြတ်တွေကို ပူဇော်လိုက်ရတော့ ဒကာ ဒကာမတွေမှာ ပညာတော်တဲ့ ပညာကျော်တဲ့ ကောင်းကျိုးတရားတွေကို မဂ် ဖိုလ် နိဗ္ဗာန်ရသည်အထိ ရရှိသွားမယ်။ အောင်မြင်တဲ့ သံဃာတော်တွေကို ပူဇော်လိုက်ကြတော့ လောက သာသနာ အရာရာမှာ အောင်မြင်တဲ့ ကောင်းကျိုးတွေ မလွဲမသွေ ရရှိမယ်ပေါ့။

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

* တော်သူကိုပင်၊ ပူဇော်လျှင်၊ လူရှင်တိုင်းမှာကွယ်။
* တော်တဲ့အကျိုး၊ တော်တန်ခိုး၊ အမျိုးမျိုးရရှိမယ်။
* ကျော်သူကိုပင်၊ ပူဇော်လျှင်၊ လူရှင်တိုင်းမှာကွယ်။
* ကျော်တဲ့အကျိုး၊ ကျော်တန်ခိုး၊ အမျိုးမျိုးရရှိမယ်။
* အောင်သူကိုပင်၊ ပူဇော်လျှင်၊ လူရှင်တိုင်းမှာကွယ်။
* အောင်တဲ့အကျိုး၊ အောင်တန်ခိုး၊ အမျိုးမျိုးရရှိမယ်။

ဒကာ ဒကာမတွေ၊ တော်တဲ့ ကျော်တဲ့ အောင်တဲ့ကောင်းကျိုးတရားတွေ မလိုလားကြဘူးလား။

(လိုလားကြပါတယ်ဘုရား)

လိုလားကြရင် ဘာလုပ်ရမတဲ့လဲ။

(တော်တဲ့ ကျော်တဲ့ အောင်တဲ့သံဃာတွေကို ပူဇော်ချီးမြှောက်ရမှာပါ ဘုရား)

လောကီစာမေးပွဲတွေမှာ ဂုဏ်ထူးအသီးသီးတွေနဲ့ အောင်မြင်တဲ့ ပညာတော်သူတွေကို ချီးမြှောက်ရင်လည်းပဲ တော်တဲ့ ကျော်တဲ့ အောင်မြင်တဲ့ကောင်းကျိုးတရားတွေ အတူပဲ ရတာပဲနော်။

(မှန်လှပါဘုရား)

ယနေ့ စာအောင်သံဃာတော် ဂုဏ်ပြုပူဇော်ပွဲဆိုတော့ သံဃာတွေကို အဓိကထားပြီးတော့ ဟောပေးနေတာပါ။ သံဃာတွေလှူဖို့ချည်း ဆွဲဟောနေတယ်လို့ မထင်မှတ်ပါနဲ့။

ဒီနေ့ ဟောတဲ့တရားတော်မှာ လာတာက အာဓာနည်လေးမျိုး၊ အင်္ဂုတ္တရ ပါဠိတော် ပထမအုပ်၊ ပုဂ္ဂလဝဂ် (နှာ ၇၆- ၇၇) မှာလာတဲ့ ရဟန္တာအာဓာနည် ခြင်္သေ့အာဓာနည်ဆိုတဲ့ အာဓာနည် (၂) မျိုးထည့်လိုက်တော့ အာဓာနည် (၆) မျိုး ရှိတယ်လို့ ဗဟုသုတအနေဖြင့် မှတ်ထားကြပါဦး။

http://www.dhammadownload.com



ယောကျ်ားအာဇာနည်ဆိုတာ တကယ်ရခဲပါတယ်။ ဆင်စတဲ့ အာဇာနည်တွေကတော့ ရလွယ်ပါတယ်။ အဲဒီရခဲတဲ့ ယောကျ်ားအာဇာနည်ဟာ ပစ္စန္တရာဇ်အရပ်နဲ့ ယုတ်ညံ့တဲ့အမျိုးမှာ ဘယ်တော့မှမဖြစ်ပါဘူး။ မဇ္ဈိမအရပ်ဒေသမှာ လူအများ ရှိခိုးပူဇော်ခြင်းငှာထိုက်တဲ့ မင်းမျိုး၊ ပုဏ္ဏားမျိုး ဒီ (၂) မျိုးတို့တွင် တစ်မျိုးမျိုးမှာပဲ ဖြစ်ပါတယ်။

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

*ယောကျ်ားမြတ်မည်၊ အာဇာနည်၊ အတည်ရခဲတာ။
*ဆင် မြင်း စသည်၊ အာဇာနည်၊ အတည်ရလွယ်ပါ။
*ပစ္စန္တရာဇ်၊ ယုတ်ညံ့လစ်၊ မဖြစ်အမျိုးမှာ။
*မင်း ပုဏ္ဏားမျိုး၊ ဒွိနှစ်မျိုး ဖြစ်ရိုးတစ်မျိုးမှာ။

ဒကာ ဒကာမတွေ၊ သေသေချာချာ မှတ်ထားကြနော်။ တော်တဲ့ ကျော်တဲ့ အောင်တဲ့ ယောကျ်ားအာဇာနည် သံဃာအာဇာနည်ဆိုတာ ပစ္စန္တရာဇ်အရပ်မှာ ဘယ်တော့မှမဖြစ်ဘူး။ ယုတ်ညံ့တဲ့ အောက်ကျတဲ့အမျိုးမှာ ဘယ်တော့မှ မဖြစ်ပါဘူး။ မင်းမျိုး၊ ပုဏ္ဏားမျိုး တစ်မျိုးမျိုးမှာပဲ ဖြစ်တယ်နော်။

(မှန်လှပါဘုရား)

အဲဒီယောကျ်ား အာဇာနည်ဖြစ်တဲ့ အရပ်ဒေသနဲ့အမျိုးဟာ ကြီးပွားပြီ၊ တိုးတက်ပြီ၊ ချမ်းသာပြီတဲ့။ (ကြီးပွားတိုးတက် ချမ်းသာခြင်းသို့ရောက်ပြီတဲ့။)

ဒီတော့ ဒကာ ဒကာမတွေ ကြီးပွားတိုးတက်ပြီး ချမ်းသာချင်ရင် ကိုယ့်အရပ်ဒေသ၊ ကိုယ့်အမျိုးထဲက ယောကျ်ားအာဇာနည်ပေါ်ဖို့ မလိုဘူးလား။

(လိုပါတယ်ဘုရား)

ယနေ့ လောကကိုပဲကြည့်ကြည့်၊ သံဃာဘက်ကိုပဲကြည့်ကြည့်၊ ကိုယ့်အရပ်ဒေသက ကိုယ့်အမျိုးထဲက တော်တဲ့သူတွေပေါ်လာတဲ့အခါမှာ အဲဒီအရပ်ဒေသနဲ့ အဲဒီအမျိုး ကြီးပွားတိုးတက် ချမ်းသာနေကြတာ ဒကာ ဒကာမတွေ ပြောစရာ ယောစရာ မလိုလောက်အောင် သိပြီးသား ဖြစ်နေပါပြီ။

ဒီတော့ ကိုယ့်တိုင်း၊ ကိုယ်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်မြို့၊ ကိုယ့်နယ်၊ ကိုယ့်ရပ်ရွာ၊ ကိုယ့်ဒေသ၊ ကိုယ့်အမျိုး ကြီးပွားတိုးတက် ချမ်းသာအောင် တိုးတက်အောင် ယောကျ်ားအာဇာနည်ပေါ်ဖို့ လိုတယ်နော်။

(မှန်လှပါဘုရား)

ဒါကြောင့် ကိုယ့်အရပ်ဒေသက တော်တဲ့သံဃာတွေ၊ လူတွေပေါ်ပေါက်

http://www.dhammadownload.com



လာရင် ချီးမြှောက်အားပေးရမယ်၊ ဘယ်တော့မှမနှိမ်သင့်ဘူး။ ဒါဘာကြောင့် ပြောရ ဟောရသလဲဆိုရင်တော့ တချို့ဒေသက လူတွေဟာ ကိုယ့်အရပ်ဒေသက တော်တဲ့ သံဃာတွေ၊ လူတွေအတွက် ဂုဏ်မယူတတ်တဲ့အတွက် ဂုဏ်ယူတတ် အောင် ပြောရ ဟောရတာပါပဲ။

ဒကာ ဒကာမတွေ၊ ကိုယ့်အရပ်ဒေသနဲ့ ကိုယ့်အမျိုးမကြီးပွား မတိုးတက် မချမ်းသာစေချင်ဘူးလား။

(ကြီးပွားတိုးတက် ချမ်းသာစေချင်ပါတယ်ဘုရား)

အေး၊ တကယ်ကြီးပွားတိုးတက် ချမ်းသာစေချင်ရင် သံဃာတော်တွေ ဘက်မှာ သံဃာ့အာဇာနည်၊ သာသနာ့အာဇာနည်၊ လူတွေဘက်မှာ အမျိုးသား အာဇာနည်တွေ ထွက်ဖို့လိုတယ်နော်။

(မှန်လှပါဘုရား)

ဒီတော့ အာဇာနည်တွေပေါ်အောင် ဆုတောင်းရမယ်နော်။

(မှန်လှပါဘုရား)

ဘာတဲ့လဲ။

(အာဇာနည်တွေပေါ်လာအောင် ဆုတောင်းရမှာပါဘုရား)

ဆုတောင်းကြရဲ့လား။

(ဆုတောင်းကြပါတယ်ဘုရား)

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

* ကိုယ့်ဒေသကို၊ ကြီးပွားလိုက၊ သံဃာ့ဇာနည်၊ လူဇာနည်တို့၊ အတည်မနေး၊ ပေါ်ပေါက်ရေးကို၊ အပြေးဆုတောင်းပါ။
* ကိုယ့်အမျိုးကို၊ ကြီးပွားလိုက၊ သံဃာ့ဇာနည်၊ လူဇာနည်တို့၊ အတည်မနေး၊ ပေါ်ပေါက်ရေး အပြေးဆုတောင်းပါ။
* ကိုယ့်နိုင်ငံကို၊ ကြီးပွားလိုက၊ သံဃာ့ဇာနည် လူဇာနည်တို့၊ အတည်မနေး၊ ပေါ်ပေါက်ရေး၊ အပြေးဆုတောင်းပါ။

မှတ်ချက်။ ။ တိုးတက်လိုက၊ ချမ်းသာလိုက၊ ဒီ (၂) ပိုဒ် အထက်ပါ (ကြီး ပွားလိုက) နေရာမှာ ပြောင်းလဲပြီး တိုင်ချပေးပါ။

ဒီတော့ ဒကာ ဒကာမတွေ မနေးအမြန် အပြေးအလွှားဆုတောင်းလို့ ဆုတောင်းပြည့်ပြီး အာဇာနည်ပေါ်ပေါက်လာရင် အားပေးရမယ်နော်၊ ချီးမြှောက် ရမယ်နော်။

(မှန်လှပါဘုရား)

http://www.dhammadownload.com



ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

*အာစာနည်ပေါ်၊ ချီးမြှောက်သော်၊ လူတော်လူကောင်းပါ။

*အာစာနည်ပေါ်၊ အားပေးသော်၊ လူတော်လူကောင်းပါ။

ယနေ့ တရားနာနေကြတဲ့ ဒကာ ဒကာမတွေက မိမိတို့မြို့၊ မိမိတို့ ရပ်ကွက်၊ မိမိတို့စာသင်ကျောင်းတိုက်ကြီးကနေ ပေါ်ပေါက်လာတဲ့ စာတော်တဲ့ စာအောင်တဲ့ သံဃာတော်တွေကို ချီးမြှောက်ပူဇော် အားပေးနေကြတာဆိုတော့ လူတော်လူကောင်းတွေလို့ ဂုဏ်ပြုခဲ့ပါရစေ တရားနာ။

ဒီနေ့ စာအောင်သံဃာ သာသနာ့အာစာနည်တွေကို ပူဇော်နေကြတဲ့ ဒကာ ဒကာမတွေဟာ ဘယ်လိုလူတွေပါလိမ့်။

(လူတော် လူကောင်းတွေပါဘုရား)

ဒါဆိုရင် ဒီနေ့ ဒကာ ဒကာမတွေကို ဟောနေတဲ့ တရားတော်ရဲ့အမည် ကို "လူတော် လူကောင်း" တရားတော်လို့ အမည်ပေးလိုက်ရင်ကော မရနိုင် ဘူးလား။

(ရနိုင်ပါတယ်ဘုရား)

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

*အာစာနည်ပေါ်၊ မြဲပူဇော်၊ လူတော်လူကောင်းပါ။

*အာစာနည်ပေါ်၊ မနိမ်သော်၊ လူတော်လူကောင်းပါ။

*အာစာနည်ပေါ်၊ မမေ့သော်၊ လူတော်လူကောင်းပါ။

ကိုယ့်အရပ်ဒေသ၊ ကိုယ့်အမျိုးထဲက အာစာနည်ပေါ်လာရင် မနိမ်နဲ့၊ မမေ့နဲ့။ အဲဒါ လူတော်လူကောင်းလက္ခဏာပဲ။ နိမ်ရင်၊ မေ့ရင် အားပေးမှု ချီးမြှောက်မှုတွေ မပြုရင် လူတော်လူကောင်း စာရင်းထဲ ပါနိုင်ပါ့မလား။

(မပါနိုင်ပါဘူးဘုရား)

ဒီနေရာမှာ ပုရိသာဇညေ (ယောကျ်ားအာစာနည်အရ) သမ္မာသမ္ဗုဒ္ဓဘုရား ကို ယူရမယ်တဲ့၊ ဘာကိုယူရမတဲ့လဲ။

(သမ္မာသမ္ဗုဒ္ဓဘုရားကိုပါ ဘုရား)

အဲဒီ သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်တည်းဟူသော မြတ်သော ပညာရှင် ယောကျ်ား အာစာနည်ကြီး ဖြစ်ထွန်းပေါ်ပေါက်တော်မူလာတဲ့အတွက်ကြောင့် ဘုရားပွင့်တဲ့အရပ်ဒေသနဲ့ ဘုရားရဲ့အမျိုးတွေ ကြီးပွားချမ်းသာသွားကြတယ်နော်။

(မှန်လှပါဘုရား)

http://www.dhammadownload.com



လောကီမှာလည်း ကြီးပွားတိုးတက် ထင်ရှားကျော်ကြားပြီး ချမ်းသာသွားကြတယ်။ လောကုတ္တရာမှာလည်း မဂ်ဖိုလ်နိဗ္ဗာန် ချမ်းသာစစ်၊ ချမ်းသာမှန်ကြီးကို ရရောက်သည်အထိ ချမ်းသာသွားကြတယ်။ ဒါ့ကြောင့် လောကီမျက်လုံးနဲ့ပဲကြည့်ကြည့်၊ လောကုတ္တရာမျက်လုံးနဲ့ပဲကြည့်ကြည့် ဘုရားစတဲ့ သူတော်ကောင်း ပညာရှိ အာဇာနည်ကြီးတွေ ပေါ်ပေါက်လာတဲ့အရပ်ဒေသနဲ့ အမျိုးဟာ ကြီးပွားတိုးတက် တန်ခိုးထွက်ပြီး ချမ်းသာသွားကြတယ်။

ဒါ့ကြောင့် အာဇာနည်ပေါ်အောင် ဆုတောင်း၊ အာဇာနည်ပေါ်ပေါက်လာရင် ပူဇော်ချီးမြှောက်အားပေးပါလို့ သတိပေး ဟောပြောပေးနေတာနော်။

(မှန်လှပါဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

*အာဇာနည်တွေ၊ ပေါ်ပါစေ၊ ဆုမွေတောင်းကြပါ။

*အာဇာနည်ပေါ်၊ အမြဲနော်၊ ပူဇော်ချီးမြှောက်ပါ။

*အာဇာနည်ပေါ်၊ အမြဲနော်၊ ပူဇော်အားပေးပါ။

ဒီတော့ ဒကာ ဒကာမတွေ အာဇာနည်ပေါ်လာရင် ပူဇော်ရမှာလား၊ နှိမ်ရမှာလား။

(ပူဇော်ရမှာပါဘုရား)

ဒါ့ကြောင့် "သူ့ဂုဏ်ကိုမြှင့်၊ ကိုယ့်ဂုဏ်မြင့်၏"၊ "သူ့ဂုဏ်ကိုနှိမ့်၊ ကိုယ့်ဂုဏ်နိမ့်၏" လို့ ဆိုမထားဘူးလား။

(ဆိုထားပါတယ်ဘုရား)

လောကီမှာပဲဖြစ်ဖြစ် လောကုတ္တရာမှာပဲဖြစ်ဖြစ် တော်တဲ့ ကျော်တဲ့ အောင်တဲ့ပုဂ္ဂိုလ်တွေရဲ့ ဂုဏ်တွေကို မြှင့်ပေးလိုက်ရင် ပူဇော်နေကြတဲ့ ဒကာ ဒကာမတွေရဲ့ ဂုဏ်တွေဟာလည်း မြင့်သွားတာပါပဲ။

ဒီနေ့ ပူဇော်နေကြတဲ့ ဒကာ ဒကာမတွေဟာ "ဂုဏ်မြှင့်သူတွေ၊ ဂုဏ်မြင့်သူတွေ" ပါ။ ဘာလဲတဲ့ တရားနာ။

(ဂုဏ်မြှင့်သူတွေ၊ ဂုဏ်မြင့်သူတွေပါဘုရား)

တော်တဲ့ ကျော်တဲ့၊ အောင်မြင်နေတဲ့သူတွေရဲ့ဂုဏ်ကို နှိမ်နေရင် ဒကာ ဒကာမတွေမှာ ဂုဏ်မြင့်နိုင်ပါ့မလား။

(မမြင့်နိုင်ပါဘူး ဘုရား)

http://www.dhammadownload.com



တော်သူ ကျော်သူ၊ အောင်မြင်သူတွေရဲ့ဂုဏ်ကိုနှိမ်ရင် သူ့ဂုဏ်ကို နှိမ်ရင်တော့ ဘာတဲ့လဲ။

(ကိုယ့်ဂုဏ်နှိမ့်ပါ ဘုရား)

ဒီတော့ ကိုယ့်ဂုဏ်မြင့်ချင်ရင် ဘာလုပ်ရမယ်တဲ့လဲ။

(သူ့ဂုဏ်ကို မြှင့်ပေးရမှာပါဘုရား)

ယနေ့ တရားနာနေကြတဲ့ ဒကာ ဒကာမတွေနဲ့တကွ အခြားသော ဒီတရားတော် နာကြားရတဲ့ ဒကာ ဒကာမတွေ "ဂုဏ်မြင့်သူတွေ ဂုဏ်မြင့်သူတွေ" ဖြစ်ကြပါစေ။ "ဂုဏ်နှိမ့်သူတွေ၊ ဂုဏ်နှိမ့်သူတွေ" မဖြစ်ကြပါစေနဲ့ဆိုတဲ့ အနေဖြင့် "ရခဲလှသည် အာဇာနည်" ဆိုတဲ့ တရားတော်ရေအေး အမြိုက်ဆေးကို တိုက်ကျွေး ဟောပြောခဲ့ပါတယ် တရားနာ။

ဒီနေ့ တရားနာနေကြတဲ့ ပူဇော်နေကြတဲ့ ဒကာ ဒကာမတွေဟာ ဂုဏ်သိတဲ့ ဒကာ ဒကာမတွေပါ။ ဘာသိတဲ့ ဒကာ ဒကာမတွေတဲ့လဲ။

(ဂုဏ်သိတဲ့ ဒကာ ဒကာမတွေပါဘုရား)

ဟုတ်တယ်၊ တော်ဂုဏ်၊ ကျော်ဂုဏ်၊ အောင်ဂုဏ်ရှိတဲ့ သံဃာတော်တွေရဲ့ တော်ဂုဏ် ကျော်ဂုဏ် အောင်ဂုဏ်တွေကို တကယ်သိလို့ ပူဇော်နေကြတာနော်။

(မှန်လှပါဘုရား)

ဒီနေ့ အပူဇော်ခံနေကြတဲ့ သာသနာ့အာဇာနည် သံဃာတော်မျိုးတွေ ပေါ်ပေါက်ဖို့ လွယ်ကူရဲ့လား။

(မလွယ်ကူပါဘူး ဘုရား)

တွေ့မြင်ရဖို့၊ ဖူးမြော်ရဖို့ကော

(မလွယ်ကူပါဘူး ဘုရား)

ဒါကြောင့် "တွေ့ခဲလှသည် အာဇာနည်"၊ "ရခဲလှသည် အာဇာနည်"၊ "ကြုံခဲလှသည့် အာဇာနည်"၊ "ယောကျ်ားဇာနည် ရခဲသည်"၊ "သံဃာဇာနည် ရခဲသည်" လို့ တရားအမည်ပေးပြီး ဟောခဲ့တာနော်။

(မှန်လှပါဘုရား)

ကဲ ကဲ၊ ဂါထာလေးတစ်ပုဒ်ကို တန်ဆာဆင်ပြီးတော့ ဟောပြောလိုက်တာ တော်တော်ရှည်သွားပြီ။ ဒီတော့ ဒီနေ့ဟောလိုက်တဲ့တရားက ဘာတရားတဲ့လဲ။

(ရခဲလှသည် အာဇာနည် တရားတော်ပါဘုရား)

http://www.dhammadownload.com



ကဲ– ဒကာ ဒကာမများရဲ့နားပသာဒမှာ တရားကဗျာလင်္ကာအလှတွေ ကျန်သွားရအောင် ကဗျာလင်္ကာလေးတွေဆိုပြီးတော့ 'ရခဲလှသည် အာဇာနည်' တရားတော်ကို နိဂုံးချုပ်ကာ တရားသိမ်းကြပါစို့။ ကဗျာလင်္ကာလေးတွေ ညီညီ ညာညာ လိုက်ဆိုကြ

* ယောကျာ်းဇာနည်၊ ပေါ်ဖို့ရေးကို
တကယ်တွေးတော့ မလွယ်ပါ။
* ယောကျာ်းဇာနည် အရပ်တိုင်းဝယ်
မပြတ်ပိုင်းပြ မဖြစ်ပါ။
(မပြတ်ပိုင်းပြ မပေါ်ပါ။)
* သာသနာ့အာဇာနည် အရပ်တိုင်းဝယ်
မပြတ်ပိုင်းပြ မပေါ်ပါ။
* ယောကျာ်းဇာနည် အမျိုးတိုင်းဝယ်
တစ်မျိုးပိုင်းပြ မပေါ်ပါ။
* ယောကျာ်းဇာနည် ပေါ်အရပ်ဝယ်
အတော်မြတ်လို့ လွန်ချမ်းသာ။
(အတော်မြတ်လို့ ကြီးပွားမှာ။)
* ယောကျာ်းဇာနည် ပေါ်အမျိုးဝယ်
အတော်တိုးလို့ လွန်ချမ်းသာ။
* ယောကျာ်းဇာနည် ပေါ်လာရေးကို
မျှော်ကာတွေးလို့ ဆုတောင်းပါ။
* ယောကျာ်းဇာနည် ပေါ်ဖို့ရေးကို
မျှော်လို့ တွေးလို့ ဆုတောင်းပါ။
* သာသနာ့ဇာနည် ပေါ်ဖို့ရေးကို
မျှော်လို့ တွေးလို့ ဆုတောင်းပါ။
* ယောကျာ်းဇာနည် ပေါ်လာငြားက
ပျော်ကာတအား ပူဇော်ပါ။
* ယောကျာ်းဇာနည် ပေါ်လာငြားက
ပျော်ကာမနား အားပေးပါ။
* ယောကျာ်းဇာနည် ပေါ်လာငြားက

http://www.dhammadownload.com



ပျော်ကာတအား ချီးမြှောက်ပါ။

(ချီးမြှောက်ပါ၊ ချီးမြှောက်ပါ)

ဒေသနာဝသာနေ ဗဟူ သောတာပတ္တိဖလာဒီနိ ပါပုဏိံ သူတိ။

(ဓမ္မပဒအဋ္ဌကထာ၊ ၁၆၁)

ဒီတရားဒေသနာတော်အဆုံး နိဂုံးမှာတော့ များစွာသောတရားနာပရိသတ် အပေါင်းတွေဟာ သောတာပတ္တိဖိုလ် အစရှိသည်တို့သို့ ရောက်သွားကြပါတယ်။

ဒီနေ့ တရားနာနေကြတဲ့ ပူဇော်ပွဲလာ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့သည်လည်း အပါယ်တံခါးကြီးပိတ်ကြောင်း သောတာပတ္တိမဂ် သောတာပတ္တိဖိုလ်စတဲ့ တရားကောင်းတွေ လျင်လျင်မြန်မြန် ရရရောက်ရပါလို သောရယ်လို့ ညီညီညာညာ စုပေါင်း၍ ဆုတောင်းလိုက်ကြကုန်ရာသတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

မှတ်ချက်။ ။ စာအောင်သံဃာ ဂုဏ်ပြုပူဇော်ပွဲတိုင်း၊ ဘွဲ့တံဆိပ်တော်ရ သံဃာတော် ဂုဏ်ပြုပူဇော်ချီးကျူးပွဲတိုင်း ဟောပြောနိုင်ပါသည်။ ဩဝါဒ အနေလည်း ပေးနိုင်ပါသည်။ ဩဝါဒအနေပေးသောအခါ တရားဟော သလို အရှည်ကြီး ဟောပြောနေစရာမလိုပါ။ ပါဠိဂါထာရွတ်ပြီး အဓိပ္ပာယ် ပြောကာ တိုရှင်းလိုရင်းလောက်သာ ဩဝါဒပေးပါ။

၂၊ ၅၊ ၉၁

ရခဲလှသည် အာဓာနည်တရားတော် ပြီးပြီ။

http://www.dhammadownload.com

ခုဒ္ဒကနိကာယ်၊ ဓမ္မပဒပါဠိတော် ဗုဒ္ဓဝဂ်၊ သမ္ဗဟုလဘိက္ခုဝတ္ထုကို
တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# ချမ်းသာလေးပါး တရားတော်

သု ခေါ ဗုဒ္ဓါနန္တိ ဣမံ ဓမ္မဒေသနံ သတ္ထာ ဇေတဝနေ ဝိဟရန္တော သမ္ဗဟုလာနံ ဘိက္ခူနံ ကထံ အာရဗ္ဘ ကထေသိ။

(ဓမ္မပဒ အဋ္ဌကထာ ၂၊ ၁၆၂)

သုခေါ ဗုဒ္ဓါနန္တိ ဣမံ ဓမ္မဒေသနံ– သုခေါ ဗုဒ္ဓါနံအစရှိသော ဤတရားဒေသနာတော်ကို၊ သတ္ထာ– မြတ်စွာဘုရားသည်။ ဇေတဝနေ– ဇေတဝန်ကျောင်းတော်၌၊ ဝိဟရန္တော– နေတော်မူစဉ်၊ သမ္ဗာဟုလာနံ– များစွာကုန်သော၊ ဘိက္ခူနံ– ရဟန်းတို့၏၊ ကထံ– စကားကို။ အာရဗ္ဘ– အကြောင်းပြု၍၊ ကထေသိ– ကရုဏာရှေ့ဆော် မေတ္တာတော်ဖြင့် ဖွင့်ဖော်ကောင်းစွာ ဟောကြားတော်မူပါပေသတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

သုခေါ ဗုဒ္ဓါနံ အစရှိသော ချမ်းသာလေးပါး ဤတရားဒေသနာတော်ကို ဘုရားရှင်ကိုယ်တော်မြတ်သည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် ရဟန်းများစွာတို့ရဲ့စကားကို အကြောင်းပြုပြီးတော့ ဟောကြားတော်မူခဲ့ပါတယ်။

တစ်နေ့တော့ ငါးရာသော ရဟန်းတော်တွေဟာ စည်းဝေးရာဖြစ်တဲ့ ဇရပ်မှာနေကြကုန်လျက် "ငါ့ရှင်တို့၊ ဒီလောကမှာ ချမ်းသာခြင်းဆိုတာ အဘယ်နည်း" ဆိုတဲ့စကားကို ဖြစ်စေကြတယ်။ အဲဒီလိုပြောကြားကြတဲ့အခါမှာ

၁။ အချို့ရဟန်းတွေက မင်းတို့ရဲ့ချမ်းသာနဲ့တူတဲ့ ချမ်းသာမရှိဘူးလို့ ပြောဆိုကြတယ်။

၂။ အချို့ရဟန်းတွေကတော့ ကာမဂုဏ်ငါးပါး၌ မွေ့လျော်ရတဲ့ချမ်းသာနဲ့ တူတဲ့ ချမ်းသာမရှိဘူးလို့ ပြောဆိုကြတယ်။

၃။ အချို့ရဟန်းတော်တွေကတော့ သလေးဆန်ကောင်းကို သားပြွမ်းချက်၍ စားရခြင်းစသည်တို့၌ သာယာခြင်းသုခနဲ့တူသော ချမ်းသာမရှိဘူးလို့ ပြောဆိုကြပါတယ်။

http://www.dhammadownload.com



ရဟန်းတော်တွေ ကိုယ်ထင်ရာ ပြောနေကြတာပဲနော်။

(မှန်လှပါဘုရား)

ကိုယ်ထင်ရင် ဘာတဲ့လဲ။

(ခုတင်ရွှေနန်းပါဘုရား)

ကဲ ကိုယ်ထင်ရာ ပြောနေကြတဲ့ ရဟန်းတွေရဲ့စကားအတိုင်း စီထားတဲ့ လင်္ကာလေးတွေ လိုက်ဆိုကြ။

၁။ မင်းချမ်းသာတူ၊ ချမ်းသာမူ၊ မှတ်ယူမရှိပါ။

၂။ ကာမဂုဏ်တူ၊ ချမ်းသာမူ၊ မှတ်ယူမရှိပါ။

၃။ သလေးဆန်တူ၊ ချမ်းသာမူ၊ မှတ်ယူမရှိပါ။

ရဟန်းတော်တွေ၊ မှန်းမျှော်ချေ၊ ပြောနေကိုယ်ထင်ရာ။

အဲဒီလို ကိုယ်ထင်ရာပြောနေကြတဲ့ ရဟန်းတော်တွေရဲ့နေရာကို မြတ်စွာဘုရား ကြွသွားပြီးတော့ "ချစ်သား ရဟန်းတို့၊ ယခု ငါလာဆဲအခါမှာ ဘယ်လို စကားဖြင့် တညီတညွတ်တည်း စည်းဝေးနေကြတာလဲ" လို့ မေးတော်မူတဲ့ အခါ "ဤမည်သောစကားဖြင့် စည်းဝေးနေကြပါသည် ဘုရား" ဟု ရွှေနား တော်ပေါက်ကြားအောင် လျှောက်ထားလေသော် "ချစ်သား ရဟန်းတို့၊ အဘယ် သို့ ပြောဆိုကြကုန်ဘိသနည်း။ အဲဒီ သင်ချစ်သားတို့ ပြောဆိုနေကြတဲ့ အလုံးစုံ သော ချမ်းသာသည်လည်း ဝဋ်ဆင်းရဲ၌ အကျုံးဝင်နေသည်သာတည်း"

ဤလောက၌

၁။ ဘုရားပွင့်တော်မူခြင်း၊

၂။ သူတော်ကောင်းတရားကို နာကြားရခြင်း၊

၃။ သံဃာ၏ညီညွတ်ခြင်း၊

၄။ စိတ်ညီညွတ်ကြသူတို့၏ အကျင့်၊

ဒီလေးမျိုးဟာ ချမ်းသာမည်တယ်လို့ ဟောကြားတော်မူကာ အောက်ပါ ဂါထာတော်ကို ဆက်လက်မိန့်ကြားတော်မူပါတယ်။

သုခေါ ဗုဒ္ဓါနမုပ္ပါဒေါ၊ သုခါ သဒ္ဓမ္မဒေသနာ။

သုခါ သံဃဿ သာမဂ္ဂီ၊ သမဂ္ဂါနံ တပေါ သုခေါ။

၁။ ဗုဒ္ဓါနံ– မြတ်စွာဘုရားတို့၏၊ ဥပ္ပါဒေါ– ပွင့်တော်မူခြင်းသည်၊ သုခေါ– အများသူငါ ဘေးရန်ကွာ၍ မှန်စွာမသွေ ချမ်းသာလှပါပေ၏။

ဘုရားပွင့်တော်မူလာတော့ သူသူငါငါ များစွာသောင်းသောင်း သတ္တဝါ

http://www.dhammadownload.com



အပေါင်းတို့ကို ရာဂဆိုတဲ့ ခရီးခဲစသည်တို့မှ ထုတ်ဆောင်ကယ်တင်တော်မူ တဲ့အတွက်ကြောင့် ချမ်းသာတယ်လို့ ဟောကြားတော်မူပါတယ်။

ရာဂဆိုတာ လိုချင်နှစ်သက် တပ်မက်တာပါပဲ။ အဲဒီရာဂဟာ ဘေးရန် ပါပဲ။ ရာဂရှိရင် ဘေးရန်တွေရှိနေတာနဲ့ အတူတူပါပဲ။ ဘုရားပွင့်လာတော့ ဘုရားဖူးရ၊ တရားနာရတဲ့အခါမှာ ရာဂဆိုတဲ့ ဘေးရန်တွေ ကွာကျကာ ချမ်းသာ သွားကြတယ်။

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

* ဗုဒ္ဓမြတ်စွာ၊ ပွင့်လာတာ၊ သူငါ ချမ်းသာသည်။
* ရာဂဘေးရန်၊ ထုတ်ဆောင်ပြန်၊ အမှန်ချမ်းသာသည်။
* ရာဂဘေးရန်၊ ကင်းဝေးပြန်၊ အမှန်ချမ်းသာသည်။

၂။ သဒ္ဓမ္မဒေသနာ- သူတော်ကောင်းတရားကို မမှားမယွင်း ဟောကြား ခြင်းသည်၊ သုခါ- ဇာတိစသည်အလီလီတို့မှ အတည်ပိုင်ပိုင် လွတ်ကင်း နိုင်ကာ ချမ်းသာလှပါပေ၏။

သူတော်ကောင်းတရားကို ဟောကြားခြင်းဟာ ဇာတိစသည် မကင်းတဲ့ သတ္တဝါတွေ ဇာတိစသည်တို့မှ လွတ်မြောက်လွတ်ကင်းကုန်ကြတဲ့အတွက် ကြောင့် ချမ်းသာတယ်လို့ ဟောကြားတော်မူပါတယ်။

ကဲ- လင်္ကာလေး လိုက်ဆိုကြ

* တရားကောင်းများ၊ ဟောဖော်ကြား၊ အများချမ်းသာသည်။
* ဇာတိစစွာ၊ လွတ်မြောက်ကာ၊ ချမ်းသာလှပေသည်။

ကဲ- ချမ်းသာ ဘယ်နှစ်မျိုး ပြီးသွားပြီလဲ။

(နှစ်မျိုး ပြီးသွားပါပြီ ဘုရား)

နောက် တတိယချမ်းသာ

၃။ သံဃဿ- သံဃာ၏၊ သာမဂ္ဂီ- စိတ်ညီညွတ်ခြင်းသည်၊ သုခါ- မှန်စွာမသွေ ချမ်းသာလှပါပေ၏။

သံဃာတော်တွေအချင်းချင်း စိတ်ဓာတ်ညီညွတ်နေရင် ချမ်းသာတယ်တဲ့။

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

* သံဃာတော်တွေ၊ ညီညွတ်နေ၊ မသွေချမ်းသာသည်။
* စိတ်ညီညွတ်အောင်၊ သတိဆောင်၊ ခု နောင် ကျင့်ရမည်။

http://www.dhammadownload.com



ကဲ- စတုတ္ထချမ်းသာ ဆက်နာကြရအောင်

၄။ သမဂ္ဂါနံ- စိတ်ညီညွတ်သူ များရှင်လူတို့၏၊ တပေါ- အကျင့်သည်၊ သုခေါ- မုန်စွာမသွေ ချမ်းသာလှပါပေ၏။

စိတ်ညီညွတ်သူတွေ စုပေါင်းပြီးတော့ ဘုရားစကားတော်ကို သင်ယူခြင်း၊ ဓုတင်ဆောင်ခြင်း၊ ရဟန်းတရားကို အားထုတ်ခြင်းဆိုတဲ့ အကျင့်တွေဟာ ချမ်းသာခြင်းပါပဲ။

စိတ်ညီညွတ်တော့ သူတော်ကောင်းလုပ်ငန်းတွေ အတူတူလုပ်လို့ ရသွားတယ်။ ဒါကြောင့် ညီညွတ်သူတွေရဲ့အကျင့်ဟာ ချမ်းသာပဲလို့ ဘုရားရှင် ဟောတော်မူတာပါပဲ။

နေရာတိုင်းမှာ လူရောရှင်ပါ ကောင်းတဲ့လုပ်ငန်းတွေ လုပ်တဲ့အခါ စိတ်ညီညွတ်ဖို့ အထူးပဲ လိုအပ်ပါတယ်။

စိတ်မညီညွတ်ရင် သူတော်ကောင်းလုပ်ငန်းတွေအားလုံး ပျက်စီးနိုင်ပါတယ်။ ဒါကြောင့် အသင်းအဖွဲ့တိုင်း၊ စာသင်တိုက်တိုင်း၊ ကမ္မဋ္ဌာန်းတိုက်တိုင်း အချင်းချင်း စိတ်ညီညွတ်အောင် အမြဲတစေ ကြိုးစားနေရမယ်။

စိတ်ဓာတ်ညီညွတ်နေရင် ကြီးပွားတိုးတက်မယ်။ စိတ်ဓာတ်မညီညွတ်ရင်တော့ ဆုတ်ယုတ်မယ်၊ ပျက်စီးမယ်။

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

* ညီညွတ်ကြသူ၊ အကျင့်မူ၊ မှတ်ယူ ချမ်းသာသည်။
* ညီညွတ်အတူ၊ ကျင့်ကြမူ၊ မှတ်ယူချမ်းသာသည်။
* စိတ်ညီညွတ်အောင်၊ သတိဆောင်၊ ခုနောင် ကျင့်ရမည်။
* စိတ်ညီညွတ်က၊ ကြီးပွားရ၊ ဗုဒ္ဓဟောခဲ့သည်။
* မညီညွတ်က၊ ပျက်စီးရ၊ ဗုဒ္ဓဟောခဲ့သည်။

ဒါကြောင့်ဘုရားရှင်ကိုယ်တော်မြတ်က ရဟန်းတော်တွေ ကြီးပွားတိုးတက်စေချင်လွန်းလို့

၁။ ချစ်သား ရဟန်းတို့ အညီအညွတ်စည်းဝေးကြပါ။
၂။ အညီအညွတ် ထကြွလုံ့လ ဝီရိယ ရှိကြပါ။
၃။ အညီအညွတ် သံဃာ့ကိစ္စအဝဝတွေ ပြုကြပါ

လို့ ကြီးပွားတိုးတက်ရေးလမ်းညွှန် တရားတော်ကို ဟောပြတော်မူခဲ့ပါတယ်။ အဲဒီဘုရားဟောတဲ့ ကြီးပွားတိုးတက်ရေး လမ်းညွှန်တရားတော်ကို အမြဲတစေ

http://www.dhammadownload.com



လိုက်နာကျင့်သုံးနေရင် "ချစ်သား ရဟန်းတို့အား ကြီးပွားခြင်းကိုသာ အလိုရှိအပ်ပါတယ်။ ဆုတ်ယုတ်ခြင်းကို အလိုမရှိအပ်ပါဘူး။ (ဘယ်တော့မှ မဆုတ်ယုတ်ပါဘူး)" လို့ အထူးအားဖြင့် ဟောကြားတော်မူပါတယ်။

ကြီးပွားတိုးတက်ချင်တဲ့ ရဟန်းတော်တွေဟာ အဲဒီ (၃) ချက် အထူးလိုက်နာ ကျင့်သုံးဆောင်ရွက်ဖို့ပါပဲ။

ကြီးပွားတိုးတက်ချင်တဲ့ စာသင်တိုက်တွေ၊ ကမ္မဋ္ဌာန်းတိုက်တွေ၊ အသင်းအဖွဲ့အစည်းတွေအားလုံး အဲဒီ (၃) ချက်ကို လိုက်နာရင် တကယ်ကြီးပွားတိုးတက်မှာ သေချာပါတယ်။

လောက သာသနာ အရာရာအတွက် ကြီးပွားတိုးတက်အောင် ဆောင်ရွက်နေကြသူတွေ တစ်နှစ်ထက်တစ်နှစ် ကြီးပွားတိုးတက်အောင် အဲဒီအချက် (၃) ချက်ကို မပျက်မကွက် လိုက်နာကျင့်သုံးနိုင်ကြပါစေလို့ ဆုတောင်းမေတ္တာအခါခါ ပို့မိပါတယ်။

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

*ညီညွတ်ခါခါ၊ စည်းဝေးတာ၊ များစွာကြီးပွားကြောင်း။

*ညီညွတ်ထကြွ၊ ဝီရိယ၊ ရှိက ကြီးပွားကြောင်း။

*ညီညွတ်သံဃာ၊ ကိစ္စမှာ၊ ပြုတာ ကြီးပွားကြောင်း။

ချစ်သားတို့အား၊ ဒီသုံးပါး၊ ကျင့်ကြား ကြီးပွားကြောင်း။

ကြီးပွားစေချင်၊ ဘုရားရှင်၊ ဟောညွှန်တရားကောင်း။

ယနေ့ ဒကာ ဒကာမတွေကို ဟောပြလိုက်တဲ့ တရားတော်က ဘာတရားတဲ့လဲ။

(ချမ်းသာလေးပါးတရားတော်ပါ ဘုရား)

အေး ဟုတ်ပြီ၊ အဲဒီချမ်းသာလေးပါး တရားတော်ရဲ့အဆုံးမှာ ငါးရာသောရဟန်းတော်တွေဟာ အရဟတ္တဖိုလ် တည်သွားကြပါတယ်။ များစွာသောလူအပေါင်းတွေမှာလည်း အကျိုးရှိတဲ့ တရားဒေသနာတော် ဖြစ်သွားပါတယ်။

ကဲ- တရားသိမ်းကြရအောင် လက်အုပ်ညီညီချီလိုက်ကြ

ဒေသနာဝသာနေ တေ ဘိက္ခူ အရဟတ္တေ ပတိဋ္ဌဟိံသု၊ မဟာဇနဿာပိ သာတ္ထိကာ ဓမ္မဒေသနာ အဟောသိ။

(ဓမ္မပဒ ဋ္ဌ၊ ၂၊ ၁၆၂)

ဒေသနာဝသာနေ- ချမ်းသာလေးပါး တရားဒေသနာတော်၏ အဆုံး၌၊

http://www.dhammadownload.com



တောဘိက္ခု– ထိုငါးရာသော ရဟန်းတို့သည်၊ အရဟတ္တေ– အရဟတ္တဖိုလ်၌၊ ပတိဋ္ဌဟိံသု– တည်ကြလေကုန်၏၊ မဟာဇနေဿာပိ– များစွာသောင်းသောင်း လူအပေါင်းတို့အားလည်း၊ သာတ္ထိကာဓမ္မဒေသနာ– အကျိုးရှိသော ဒေသနာ တော်သည်၊ အဟောသိ– ကောင်းစွာမသွေ ဖြစ်တော်မူပါပေသတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

မှတ်ချက်။ ။ အသင်းအဖွဲ့တိုင်း၊ စာသင်တိုက်တိုင်း၊ ကမ္မဋ္ဌာန်းတိုက်တိုင်း ညီညွတ်ရေးအနေအားဖြင့် ဩဝါဒကထာတရား ဟောကြားရန် သင့်ပါ သည်။

*တရားအမည်ပေးရာ၌ ကြီးပွားရေးတရားတော်၊ တိုးတက် ရေး တရားတော်၊ ညီညွတ်ရေးတရားတော်၊ ကြီးပွားရေးလမ်းညွှန်တရား တော် စသည်ဖြင့် မိမိနှစ်သက်သလို အမည်ပေးပြီး ဟောကြားပါ။

၃၀၊ ၅၊ ၉၆

ချမ်းသာလေးပါး တရားတော် ပြီးပြီ။

http://www.dhammadownload.com

## ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊ ပိလိန္ဒဝစ္ဆဝဂ်၊ သေလတ္ထေရ အပဒါန်လာ ဂါထာတစ်ပုဒ်ကို တန်ဆာဆင်ထုတ်၍ ဟောကြား ပြောကြားအပ်သော

# အတူပြုက+ အတူရ တရားတော်

ယနေ့ ဒကာ ဒကာမတွေ အတူတကွ စုပေါင်းပြီးတော့ ဆွမ်းကပ်ကြ၊ သင်္ကန်းတွေကပ်လှူကြတဲ့ အလှူပွဲမှာ ဝမ်းမြောက်ဖွယ်ရာ အနုမောဒနာအနေနဲ့ ဟောကြားမည့်တရားတော်က "အတူပြုက အတူရ" တရားတော်တဲ့။

ဘာတရားတဲ့လဲ။

(အတူပြုက အတူရတရားပါ ဘုရား)

> ကဲ- စပြီးတော့ ဟောကြ နာကြရအောင်
>
> ဧကတော ကမ္မံကတွာန၊ ပုညက္ခေတ္တေ အနုတ္တရေ။
>
> ဧကတော သံသရိတွာန၊ ဧကတောဝိနိဝတ္တယုံ။

(ထေရာပဒါနပါဠိ ၁၊ ၃၇၆)

အနုတ္တရေ- အမြတ်ဆုံးစစ်၊ အမှန်ဖြစ်သော၊ ပုညက္ခေတ္တေ- ကောင်းမှုတည်းဟူ၊ မျိုးစေ့ဖြူကို၊ သဒ္ဓါဗိုလ်ဖြင့်၊ ကြည်ညိုခါခါ၊ စိုက်ပျိုးကြဲချရာ လယ်ယာမြေကောင်းအတူ ဖြစ်တော်မသည့် ရှင်လူထွဋ်ထား မြတ်ဘုရားနှင့်၊ ချစ်သားမှန်စွာ၊ မြတ်သံဃာ၌၊ ဧကတော- စေတနာဖြူဆွ၊ အတူတကွပင်၊ ကမ္မံ- ဒါန သီလာ၊ ဘာဝနာမှန်၊ ကောင်းမှုကံကို၊ ကတွာန- သူငါမပျင်း ပြုခဲ့ခြင်းကြောင့်၊ ဧကတော- သူငါနှေ့ညှ အတူတကွပင်၊ သံသရိတွာန- ဖြစ်ရာဘဝ၊ ကျင်လည်ရ၍၊ ဧကတော- သူငါနှေ့ညှ အတူတကွပင်၊ ဝိနိဝတ္တယုံ- သံသရာဝဋ်ခပင်းမှ၊ မြန်စွာပင် လွတ်ကင်းတော်မူကြရပါပေကုန်သတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

ဒီဂါထာပါဠိ ဘာဆိုလိုသလဲဆိုတော့ အမြတ်ဆုံးဖြစ်တဲ့ ဘုရားဆိုတဲ့ လယ်ယာမြေကောင်းကြီး၊ သံဃာဆိုတဲ့ လယ်ယာမြေကောင်းကြီးတွေ ရှိကြတယ်။ ဘုရားနဲ့ သံဃာတော်ဟာ လယ်ယာမြေကောင်းနဲ့တူတယ်တဲ့။

http://www.dhammadownload.com



ဘာနဲ့တူသလဲ။

(လယ်ယာမြေကောင်းနဲ့ တူပါတယ်ဘုရား)

အဲဒီ လယ်ယာမြေကောင်းနဲ့တူတဲ့ ဘုရားဆိုတဲ့ လယ်ယာမြေကွက်၊ သံဃာတော်ဆိုတဲ့ လယ်ယာမြေကွက်ထဲမှာ ကောင်းမှုကံဆိုတဲ့ မျိုးစေ့တွေ စိုက်ပျိုးကြဲချတဲ့အခါမှာ

၁။ ဒကာ ဒကာမတွေ အသင်းအဖွဲ့တွေ မိသားစုတွေ အတူတကွ စိုက်ပျိုးကြဲချရမယ်။

၂။ အဲဒီလို အတူတကွ စိုက်ပျိုးကြဲချကြတော့ ဘဝသံသရာ ကျင်လည်ရတဲ့အခါမှာ အတူတကွ မခွဲမခွါ အတူမကွာဘဲ ကျင်လည်ရတယ်။ မိဘနဲ့ သားသမီး၊ ဆရာနဲ့တပည့်၊ အမျိုးသားနဲ့အမျိုးသမီး ဇနီးမောင်နှံတွေ အတူတကွ ဖြစ်ရတယ်။

၃။ သံသရာဝဋ်ဆင်းရဲအပေါင်းမှ အတူတကွ ကျွတ်လွတ်ပြီးတော့ မဂ်ဖိုလ် နိဗ္ဗာန် ချမ်းသာမှန်ကိုလည်း အတူပဲ ရရှိကြရတယ်။

ဒီနေ့ ဒကာ ဒကာမတွေဟာ ဆွမ်းကပ်တဲ့ သင်္ကန်းကပ်တဲ့ ကုသိုလ်ကောင်းမှုကံတွေ အတူတကွ ပြုလုပ်ကြတော့ ကောင်းမှုကံရဲ့ ကောင်းကျိုးတွေ ခံစား၊ စံစားရတဲ့အခါမှာ အတူပဲ ခံစားရမှာဖြစ်ပါတယ်။

ဒါကြောင့် ဒီနေ့ ဟောတဲ့တရားတော်ကို "အတူပြုက အတူရ" တရားတော်လို့ အမည်ပေးပြီး ဟောကြားခြင်းပါပဲ။

ဘဝသံသရာ ကျင်လည်တဲ့အခါမှာ မိဘနဲ့ သားသမီး၊ ဆရာနဲ့တပည့်၊ အမျိုးသားနဲ့ အမျိုးသမီး ဇနီးမောင်နှံတွေ အတူတကွ ဖြစ်ချင်ကြရင် ဒါန၊ သီလ၊ ဘာဝနာဆိုတဲ့ ကုသိုလ်ကောင်းမှုကံတွေ အတူပြုဖို့ လိုတယ်နော်။

(မှန်လှပါဘုရား)

အတူတော့ ဖြစ်ချင်တယ်၊ ကောင်းမှုကုသိုလ်ကံတွေကျတော့ အတူမပြုဘူးဆိုရင် ဖြစ်နိုင်ပါ့မလား။

(မဖြစ်နိုင်ပါ ဘုရား)

ဘုရားရှိခိုးပြီးတိုင်း ဆုတွေတောင်းလို့ကော ရနိုင်ပါ့မလေး။

(မရနိုင်ပါဘူး ဘုရား)

ဒီတော့ ကုသိုလ်ကောင်းမှုကံလည်း အတူပြု အတူတကွ ဖြစ်ရပါလို၏လို့ ဆုလည်းတောင်းရင်တော့ အတူဖြစ်ဖို့ သေချာပြီလို့ မှတ်ရမယ်နော်။

(မှန်လှပါဘုရား)

http://www.dhammadownload.com



အတူတကွ ဖြစ်ချင်ရင် ဘာလုပ်ရမတဲ့လဲ။

(ကုသိုလ်ကောင်းမှုကံ အတူပြုရမှာပါဘုရား)

သံသရာဝဋ်မှ အတူတူလွတ်ချင် ကျွတ်ချင်ရင်းလည်း ကုသိုလ်ကောင်းမှုတွေ အတူတူပြုပါ။ ဒီတော့ တရားနာပရိသတ် ဖြစ်ချင်လည်း အတူတူပြု၊ ကျွတ်ချင်လည်း အတူတူပြု၊ မဂ်ဖိုလ်နိဗ္ဗာန် အတူတူရချင်ရင်လည်း ကောင်းမှုကံတွေ အတူတူပြုရမယ်လို့ သဘောကျပါ။

အဲဒီလို အတူတူပြုတဲ့အခါမှာလည်း လယ်ယာမြေကောင်းနဲ့တူတဲ့ အမြတ်ဆုံးဖြစ်တဲ့ ဘုရားနဲ့ သံဃာတော်ဖြစ်ဖို့ လိုတယ်နော်။

(မှန်လှပါဘုရား)

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

* ကောင်းသော လယ်ယာ၊ မြေပမာ၊ တူတာ ဘုရားရှင်။
* ကောင်းသော လယ်ယာ၊ မြေပမာ၊ တူတာ သံဃာပင်။
* ဘုရား သံဃာ၊ လယ်မြေမှာ၊ ကောင်းစွာစိုက်ပျိုးလျှင်။
* ကောင်းမှုတည်းဟူ၊ မျိုးစေ့ပြု၊ အတူစိုက်ပျိုးလျှင်။
* အတူတကွ၊ ကျင်လည်ရ၊ ဘဝဖြစ်ရာတွင်။
* အတူတကွ၊ ကျွတ်လွတ်ရ၊ အေးမြမဂ်ဖိုလ်ဝင်။
* အတူတကွ၊ မဂ်ဖိုလ်ရ၊ အေးမြနိဗ္ဗာန်ဝင်။
* အတူပြုက၊ အတူရ၊ ဟောပြတရားပင်။
* ကုသိုလ်ကောင်းမှု၊ အတူပြု၊ တောင်းဆုအတူတူ။
* အတူတကွ ဖြစ်ကြရ၊ ကျွတ်ရ အတူတူ။
* မဂ်ဖိုလ်နိဗ္ဗာန်၊ ရရှိပြန်၊ အမှန်အတူတူ။
* ဖြစ်ချင် ကျွတ်ချင်၊ အတူပင်၊ လူ ရှင် ပြုတော်မူ။
* အတူပြုက၊ အတူရ၊ ဟောပြသိတော်မူ။

ဒီနေ့ ဘုရားအမှူးရှိတဲ့ သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းတွေ၊ သင်္ကန်းတွေ ဆက်ကပ်လှူဒါန်းကြတဲ့ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေ ယနေ့ကစ မဂ်ဖိုလ်နိဗ္ဗာန်ရမည့် ဘဝတိုင်အောင် ယနေ့လိုပဲ ကုသိုလ်ကောင်းမှုတွေ အတူတကွ ပြုလုပ်နိုင်ကြပြီးတော့ ဘဝတိုင်း အတူတူဖြစ်နိုင်ကြပါစေ။ အတူတကွ သံသရာဝဋ်ဆင်းရဲမှ ကျွတ်လွတ်နိုင်ကြပါစေ။ အတူတကွ မဂ်ဖိုလ်နိဗ္ဗာန် ချမ်းသာမှန်တရားတွေ ရရှိနိုင်ကြပါစေဆိုတဲ့ အနေအားဖြင့်

http://www.dhammadownload.com



"အတူပြုက အတူရ" ဆိုတဲ့တရားတော်ကို တိုတိုကျဉ်းကျဉ်း အပိုမသွင်းဘဲ လိုရင်းလောက်သာ ဟောခဲ့ပါတယ်။

ကဲ- ဆုတောင်းလင်္ကာလေးတွေနဲ့ တရားသိမ်းကြရအောင်၊ ညီညီညာညာ လိုက်ဆိုကြ

*ဘုရား သံဃာ၊ လယ်မြေမှာ၊ ကောင်းစွာ စိုက်နိုင်စေ။

*ဘုရား သံဃာ၊ လယ်မြေမှာ၊ တူစွာပြုနိုင်စေ။

*မခွဲမခွာ၊ မကွဲကွာ၊ တူစွာဖြစ်နိုင်စေ။

*ဘဝတိုင်းလည်း၊ အတူပဲ၊ အမြဲဖြစ်နိုင်စေ။

*အတူတကွ၊ ဝဋ်ဒုက္ခ၊ လွတ်ကြကျွတ်ကြစေ။

*မဂ်ဖိုလ်နိဗ္ဗာန်၊ ရရှိပြန်၊ အမှန်တူရစေ။

ကဲ- "အတူပြုက အတူရ" ဆိုတဲ့ ရေစက်ချ အတိုလေး လိုက်ဆိုကြ။

၁။ အရှင်ဘုရား၊ တပည့်တော်တို့သည် "အတူပြုက အတူရ" သည့် ကုသိုလ်ကောင်းမှုကံ၏ ကောင်းကျိုးပေးဟန် အတန်တန်ကို ယုံကြည်ပါကုန်၍ ဘုရားအမျိုးရှိသော သံဃာတော် အရှင်မြတ်တို့အား မွန်မြတ်လှသော ဆွမ်း၊ သင်္ကန်းတို့ကို ဆက်ကပ်လှူဒါန်းပူဇော်ကြပါကုန်၏။

၂။ ယနေ့ ယခု အတူတကွ အယူမျှကာ ပြုလုပ်ရသော ဒါန၊ သီလာ၊ ဘာဝနာပေါင်းစု မြတ်ကောင်းမှုကြောင့် မဂ်ဖိုလ်နိဗ္ဗာန် ချမ်းသာမှန်ကို အတူတကွ ရရှိရလို့ တောင်းဆုဆိုကြပါကုန်၏။

၃။ ယနေ့ယခု အတူတကွ ပြုလုပ်ရသော ဒါန၊ သီလာ၊ ဘာဝနာပေါင်းစု မြတ်ကောင်းမှု၏ ဘာဂဟုဆို အဖို့ကိုလည်း ဉာတကာများ အစထား၍ များပြားလှစွာ သတ္တဝါတို့အား အကျွန်ုပ်တို့နှင့် အတူတကွ အတူရစေ ပေးဝေ၏၊ အကျွန်ုပ်တို့နှင့်အတူတကွ အတူရကာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြသည် ချမ်းသာကြသည်ဖြစ်ကြပါစေသော်။

အားလုံး အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့။

(သာဓု၊ သာဓု၊ သာဓု)

မှတ်ချက်။ ။ မိသားစု ဆွမ်းကပ် သင်္ကန်းကပ်ပွဲတိုင်း၊ အသင်းအဖွဲ့ စုပေါင်း၍ ဆွမ်းကပ်၊ သင်္ကန်းကပ်ပွဲတိုင်း၊ မင်္ဂလာဦး၊ မွေးနေ့၊ စုပေါင်း ရဟန်းခံ ရှင်ပြု၊ စုပေါင်း စာအောင်သံဃာ၊ ဘွဲ့တံဆိပ်ရသံဃာဂုဏ်ပြု

http://www.dhammadownload.com



ပူဇော်ပွဲတိုင်း၊ စပေါင်း ပန်း ရေချမ်း ဆီမီးစသည် ကပ်လှူပူဇော်ပွဲတိုင်း ပွဲမျိုးစုံ ဟောနိုင်ပါသည်။

တရားမည်ပေးရာတွင်

* "အတ္တုပြုလျှင် အတ္တုကျွတ်တမ်းဝင်" တရားတော်။

"အတ္တုဖြစ်ကြောင်း နည်းလမ်းကောင်း" တရားတော်။

"အတ္တုကျွတ်ကြောင်း နည်းလမ်းကောင်း" တရားတော်။

"အတ္တုရကြောင်း နည်းလမ်းကောင်း" တရားတော်။

"အတ္တုဖြစ်စေ တောင်းဆုချွေ" တရားတော်။

"အတ္တုကျွတ်စေ တောင်းဆုချွေ" တရားတော်။

"ဖြစ်ရာလည်းတူ ကျွတ်ရာလည်းတူ" တရားတော်စသည်ဖြင့် မိမိ နှစ်သက်သလို အမည်ပေးကာ ဟောပြောပါ။

၇၊ ၆၊ ၉၆ (သောကြာနေ့)

အတ္တုပြုက အတ္တုရ တရားတော် ပြီးပြီ။

http://www.dhammadownload.com

## ခုဒ္ဒကနိကာယ်၊ ဇာတကပါဠိတော်၊ အဋ္ဌကနိပါတ်၊ ဗ္ဗုန္ဒြိယဇာတ်တော်လာ ဂါထာတစ်ပုဒ်ကို တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# အကောင်းလေးဖြာ+ မှတ်စရာ တရားတော်

ဒက္ခံ ဂဟပတီ သာဓု၊ သံဝိဘာဇ္ဇ ဘောဇနံ။
အဟာသော အတ္တလာဘေသု၊ အတ္ထဗျာပတ္တိ အဗျထော။
(ဇာပါ ၁၊ ၁၈၂)

၁။ ဂဟပတိ ဂဟပတီနံ– အိမ်ရှင်တို့၏၊ ဒက္ခံ– မပျင်းမရိ လိမ္မာသည်၏ အဖြစ်သည်၊ သာဓု– မှန်စွာမသွေ ကောင်းလှပေ၏။

မိမိတို့ရဲ့ အိမ်ဂေဟာမှာ နေထိုင်ကြတဲ့ ဒကာ ဒကာမတွေဟာ မိမိတို့ရဲ့ လောကကြီးပွားရေး၊ စီးပွားရေးတွေ အောင်မြင်တိုးတက်ချင်ရင် မပျင်းမရိ ကြိုးစားရမယ်။ ဘယ်လိုလုပ်ငန်းတွေလုပ်ရင် ပိုပြီးတော့ ကြီးပွားတိုးတက်နိုင်မယ် ဆိုတဲ့ အသိဉာဏ်ပညာတွေ ရှိရမယ်။ ကိုယ်လုပ်မည့်လုပ်ငန်းတွေမှာ ကျွမ်းကျင် လိမ္မာရမယ်။ အဲဒီလို မိမိတို့ ကြီးပွားတိုးတက် အောင်မြင်ရေးအတွက် မပျင်းမရိ ခြင်း၊ မိမိတို့ရဲ့လုပ်ငန်းအသီးသီးတွေမှာ ကျွမ်းကျင်လိမ္မာခြင်းဟာ အကောင်း တစ်မျိုးလို့မှတ်ပါ။

မိမိ သူတစ်ပါး နှစ်ဦးသားလုံးအတွက် ကောင်းကျိုးထွက်အောင် ဆောင် ရွက်ရာမှာ မပျင်းမရိခြင်း၊ လိမ္မာခြင်း၊ လောကအတွက် သာသနာတော်အတွက် ကောင်းကျိုးထွက်အောင် ဆောင်ရွက်တဲ့နေရာမှာ မပျင်းမရိဘဲ လိမ္မာခြင်း၊ ဒါနပြုရာ၊ သီလစောင့်ထိမ်းရာ၊ ဘာဝနာ ကြိုးစားပွားများ အားထုတ်ရာတွေမှာ မပျင်းမရိဘဲ လိမ္မာခြင်းတွေကိုလည်း "ဒက္ခံ ဂဟပတီ သာဓု" ဆိုတဲ့ စာပိုဒ်ထဲမှာ ပဲ ထည့်သွင်းပြီးတော့ ယူသင့်ပါတယ်။

အတိုချုပ် ဟောပြောရမယ်ဆိုရင်တော့

၁။ လောကအတွက်ကောင်းကျိုးထွက်အောင် ဆောင်ရွက်တဲ့နေရာမှာ မပျင်း မရိဘဲ လိမ္မာခြင်း။

၂။ လောကုတ္တရာ (သာသနာ) အတွက် ကောင်းကျိုးထွက်အောင် ဆောင်

http://www.dhammadownload.com



ရှက်တဲ့နေရာမှာ မပျင်းမရိဘဲ လိမ္မာခြင်းတွေဟာ အကောင်းတစ်ပါး၊ အကောင်းတစ်မျိုးလို့ ဟောပြောရမှာပါပဲ။

ဒါကြောင့် ယနေ့ တရားနာနေကြတဲ့ ဒကာ ဒကာမတွေ လောကအတွက် လောကုတ္တရာအတွက် ကောင်းကျိုးထွက်အောင် ဆောင်ရွက်တော့မယ်ဆိုရင် ပျင်းနေလို့ ဖြစ်ပါ့မလား။

(မဖြစ်ပါဘူး ဘုရား)

မလိမ္မာရင်ကော ဖြစ်ပါ့မလား။

(မဖြစ်ပါဘူး ဘုရား)

လောကီ လောကုတ္တရာအတွက် မိမိဆောင်ရွက်တဲ့ လုပ်ငန်းတွေ အောင်မြင်ကြီးပွား တိုးတက်ချင်ရင် မပျင်းမရိဘဲ လိမ္မာပါးနပ်စွာ ဆောင်ရွက်ရမယ်နော်။

(မှန်လှပါဘုရား)

အဲဒီလို မပျင်းမရိဘဲ လိမ္မာပါးနပ်ကျွမ်းကျင်စွာ ဆောင်ရွက်ခြင်းဟာ အိမ်နေသူ လူအပေါင်းတွေရဲ့ ကြီးပွားတိုးတက်ရာ တိုးတက်ကြောင်း အောင်မြင်ရာ အောင်မြင်ကြောင်း အကြောင်းတစ်ခု၊ အကောင်းတစ်မျိုး၊ အကောင်းတစ်ပါးလို့ မှတ်သားလိုက်စမ်းပါ။

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

*အိမ်နေကြသူ၊ မပျင်းမှု၊ မှတ်ယူ အကောင်းခေါ်။

*အိမ်နေကြသူ၊ လိမ္မာမှု၊ မှတ်ယူ အကောင်းခေါ်။

*မိမိ သူတစ်ပါး၊ အကျိုးများရန်၊ မပျင်းပြန်
အမှန် အကောင်းခေါ်။

*လောက သာသနာ၊ ထိုနှစ်ဖြာတွက်၊ ကောင်းကျိုးထွက်ရန်၊
မပျင်းပြန်၊ အမှန်အကောင်းခေါ်။

*ဒါနပြုရာ၊ မပျင်းတာ၊ မှတ်ပါ အကောင်းခေါ်။

*သီလစောင့်ရာ၊ မပျင်းတာ၊ မှတ်ပါအကောင်းခေါ်။

*ဘာဝနာပွားများ၊ မပျင်းငြား၊ မှတ်သား အကောင်းခေါ်။

*အကောင်းတရား အကောင်းနား၊ ဆောင်ထားကျင့်မှတော်။

၂။ သံဝိဘဇ္ဇ– တရားစောင့်ငြား ရဟန်းပုဏ္ဏားတို့နှင့်တကွ ဝေဖန်၍။ ဘောဇနေဥ– ရှင်ပြုံးပျော်ပျော်၊ သုံးဆောင်တော်မူခြင်းသည်လည်း၊ သာဓု– အမြဲတစေ ကောင်းလှပေ၏။

http://www.dhammadownload.com



တရားနဲ့နေကြတဲ့ ရဟန်းတွေ၊ ပုဏ္ဏားတွေနဲ့ အတူတကွ ဝေဖန်ပြီးတော့ ရွှင်ရွှင်ပြုံးပြုံး သုံးဆောင်ခြင်းဟာလည်း အကောင်းတစ်မျိုးပါပဲတဲ့။

ယနေ့ ရဟန်းခံရှင်ပြု ကုသိုလ်ပွဲတွေ၊ မွေးနေ့မင်္ဂလာပွဲတွေ ပြုလုပ်ပြီးတော့ ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးတို့ဖြင့် လိုလေသေးမရှိရအောင် လှူဒါန်းကော်ရော် ပူဇော်ကြတဲ့ ဒကာ ဒကာမတွေဟာ မိမိတို့မှာရှိထားတဲ့ စီးပွားဥစ္စာတွေကို ဘုရားနဲ့အတူ၊ သံဃာတော်တွေနဲ့အတူ ပျော်ပျော်ရွှင်ရွှင် သုံးဆောင်နေတယ်လို့ မှတ်ရမယ်နော်၊

(မှန်လှပါဘုရား)

ဒီနေ့ ဒကာ ဒကာမတွေ လုပ်နေတဲ့လုပ်ငန်းဟာ ကောင်းမြတ်သော လုပ်ငန်းကြီးပါ။ ဘာလုပ်ငန်းတဲ့လဲ။

(ကောင်းမြတ်တဲ့ လုပ်ငန်းကြီးပါဘုရား)

လုပ်ငန်းလေးမဟုတ်ဘူးနော်၊ လုပ်ငန်းကြီး။

(မှန်လှပါဘုရား)

ဘာ့ကြောင့် လုပ်ငန်းကြီးလို့ ပြောရသလဲဆိုတော့ ဘုရားကို ပူဇော်ရင်၊ သံဃာကို ပူဇော်ရင် ကောင်းကျိုးတရားတွေ အများကြီးရနိုင်လို့ပါပဲ။

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

*တရားစောင့်သူ၊ ခွဲခြမ်းလှူ၊ သုံးမှု အကောင်းခေါ်။

*ပျော်ပျော်ရွှင်ရွှင်၊ ခွဲသုံးလျှင်၊ အစဉ်အကောင်းခေါ်။

ကိုယ့်မှာရှိတဲ့ စီးပွားဥစ္စာတွေကို တရားစောင့်သူတွေနဲ့ ခွဲခြမ်းတော့ သုံးဆောင်ခြင်းဟာ ကောင်းမြတ်တဲ့ လုပ်ငန်းတစ်မျိုးပါ။

ယနေ့ စာသင် စာချတာဝန်လှတွေကို ဆောင်ရွက်နေကြတဲ့ ပရိယတ္တိ သံဃာတော်၊ တရားကျင့်နေကြတဲ့ ပဋိပတ္တိသံဃာတော်တွေကို ထောက်ပံ့လှူဒါန်း အားပေးနေကြတာဆိုတော့ ခွဲသုံးတဲ့လုပ်ငန်းကြီး လုပ်နေကြတာနော်။

(မှန်လှပါဘုရား)

ဒီတော့ တရားနာပရိသတ်၊ ခွဲသုံးတဲ့လုပ်ငန်းဟာ ကောင်းတဲ့လုပ်ငန်း လား၊ မကောင်းတဲ့လုပ်ငန်းလား။

(ကောင်းတဲ့လုပ်ငန်းပါ ဘုရား)

ဒီတော့ ကောင်းတဲ့သူဆိုရင် ဘာလုပ်ရမလဲ။

(ခွဲသုံးဆောင်ရမှာပါဘုရား)

http://www.dhammadownload.com



ယနေ့ ဒကာ ဒကာမတွေက ခွဲပြီးသုံးဆောင်နေကြတာဆိုတော့ ဘယ်လို လူတွေပါလိမ့်။

(ကောင်းတဲ့သူတွေပါ ဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

* တရားစောင့်သူ၊ ခွဲသုံးမှု၊ ထိုသူအကောင်းခေါ်။
* ကောင်းသူဆိုရင်၊ ခွဲလို့ပင်၊ အစဉ်သုံးဆောင်ပျော်။
* ခွဲသုံးလုပ်ငန်း၊ သီကြစမ်း၊ မှာတမ်းအကောင်းခေါ်။

တရားစောင့်တဲ့ သူတော်ကောင်းတွေနဲ့ ခွဲပြီးတော့ သုံးဆောင်တဲ့သဘော ဟာ အမြဲတစေ ကောင်းမြတ်နေတဲ့သဘောပါ။

ခွဲပြီးတော့ သုံးဆောင်တယ်ဆိုတာ လောဘနည်းအောင်၊ လောဘပါး အောင်၊ လောဘကို သတ်နေတာပါပဲ။ လောဘနည်းပါးပြီးသွားတော့ အလောဘ ဖြစ်သွားတာပေါ့။ လောဘသေသွားတော့ အလောဘတရားကောင်းကြီး ဖြစ်သွား တယ်။

လောဘဆိုတာ တရားဆိုးကြီး၊ အလောဘဆိုတာ တရားကောင်းကြီး လို့ ဒီလိုခွဲခြားပြီး ကွဲပြားအောင် မှတ်ရမယ်နော်။

(မှန်လှပါဘုရား)

လောဘဆိုတဲ့ တရားဆိုးကြီးကို ရှောင်ပြီးတော့ အလောဘဆိုတဲ့ တရား ကောင်းကြီးကို ဆောင်ရမယ်။

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

* အမြဲကောင်းအောင်၊ သတိဆောင်၊ ခုနှောင် ခွဲသုံးပါ။
* အလောဘဆောင်၊ လောဘရှောင်၊ ခုနှောင် ခွဲသုံးပါ။

၃။ အတ္တလာဘောသု– စည်းစိမ်ဥစ္စာ အဖြာဖြာတို့ကို သူငါ နှေ့ညှ ရသော ကာလတို့၌၊ အပဟာသော– မမေ့မလျော့ မပေါ့မဆသည်၏အစွမ်းအား ဖြင့် မမှားမပျော် မယေါ်မလွင် မရှုင်မလန်းဖြစ်၏ အဖြစ်သည်၊ သာဓု– အမြဲတစေ ကောင်းလှပေ၏။

တတိယ အကောင်းတစ်မျိုးက ရာထူးတွေ၊ စည်းစိမ်ဥစ္စာရတနာ ရွှေ ငွေ အထွေထွေ ရလာတဲ့အခါမှာ မမေ့မလျော့နဲ့။ မပေါ့မဆနဲ့၊ မမှားနဲ့ မပျော်နဲ့တဲ့။ များသောအားဖြင့် လူတွေဟာ ရာထူးတွေ၊ စည်းစိမ်ဥစ္စာတွေ ရလာတဲ့အခါမှာ ကုသိုလ်ကောင်းမှုလုပ်ငန်းတွေ မေ့တတ်ကြတယ်။ ပေါ့ပေါ့

http://www.dhammadownload.com



ဆဆ စားသောက် နေထိုင်တတ်ကြတယ်။ ကာမဂုဏ်အာရုံတွေမှာ မှားတတ်ကြ၊ ပျော်နေတတ်ကြတယ်။ အမှန်ကတော့ မမေ့မလျော့ မပေါ့မဆဘဲ မပေါ်မလွင် မရှင်မလန်း မှန်တန်းပဲ နေသင့်တယ်ပေါ့။ ရာထူးတွေ၊ စီးပွားဥစ္စာတွေ မရခင်ကတစ်မျိုး၊ ရလာတော့ တစ်မျိုးမဖြစ်အောင် သတိပေးတဲ့ တရားစကားတွေ ပါပဲ။ အင်မတန် ကောင်းမြတ်တဲ့တရားစကားပါ။

ရာထူးတွေ၊ စီးပွားဥစ္စာတွေ ရလာတဲ့အခါမှာ များသောအားဖြင့် ပေါ်ပေါ် လွင်လွင် နေတတ် ထိုင်တတ် ကြွားဝါတတ်ကြတယ်။ ရှင်ရှင်လန်းလန်းကြီး နေတတ်ထိုင်တတ်ကြတယ်။ ဒါကြောင့် ရာထူးတွေ စီးပွားဥစ္စာတွေ ရလာတဲ့အခါ မှာ မမေ့မလျော့ခြင်း၊ မပေါ့မဆနေထိုင်ခြင်း၊ ကာမဂုဏ်တရားတွေမှာ မမှား ခြင်း၊ မပျော်ခြင်း၊ မပေါ်မလွင် မထင်မရှားနေထိုင်ခြင်း၊ ရှင်ရှင်လန်းလန်းကြီး မနေထိုင်ခြင်းတွေဟာ တတိယအကောင်းတစ်မျိုးလို့ မှတ်ပါ။

ခုခေတ်လူတွေက များသောအားဖြင့် မပေါ်မလွင် ဖြစ်နေတာကိုပင် ပေါ်လွင်အောင် ပြောတတ်ပြုတတ်ကြတယ်။ ဒါဟာ တရားတော်နဲ့ စစ်ကြည့် လိုက်တော့ အကောင်းထဲမှာ မပါဝင်ဘဲ မကောင်းတဲ့အထဲမှာ ပါပြီးတော့သွားပါ တယ်။

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

* စီးပွားတက်လာ၊ မလော်မာ၊ မှတ်ပါ အကောင်းခေါ်။
* စီးပွားရလာ၊ မမေ့တာ၊ မှတ်ပါ အကောင်းခေါ်။
* စီးပွားတိုးလျှင်၊ ပုံမှန်ပင်၊ နေလျှင် အကောင်းခေါ်။
* ရာထူးတိုးလျှင်၊ ပုံမှန်ပင်၊ နေလျှင် အကောင်းခေါ်။
* စီးပွားတက်က၊ ဒါန + သီလာ၊ ဘာဝနာတွေ၊ မမေ့ချေ။

မှတ်လေ အကောင်းခေါ်။

* ဒါနတရား၊ မမေ့ငြား၊ မှတ်သား အကောင်းခေါ်။
* သီလတရား၊ မမေ့ငြား၊ မှတ်သား အကောင်းခေါ်။
* ဘာဝနာတရား၊ မမေ့ငြား၊ မှတ်သား အကောင်းခေါ်။
* ရာထူးတိုးလာ၊ မပျော်တာ၊ မှတ်ပါ အကောင်းခေါ်။
* ရာထူးတက်လာ၊ မမေ့တာ၊ မှတ်ပါ အကောင်းခေါ်။
* စီးပွားရငြား၊ မမော်ကြွား၊ မှတ်သား အကောင်းခေါ်။
* စီးပွားတိုးလျှင်၊ မပေါ်လွင်၊ နေလျှင် အကောင်းခေါ်။
* ရာထူးတိုးလျှင်၊ မပေါ်လွင်၊ နေလျှင် အကောင်းခေါ်။

http://www.dhammadownload.com



၄။ ယဒါ– အကြင်အခါ၌၊ အတ္တဗျာပတ္တိ– အကျိုးစီးပွား အစားစား၏ များပြားလွန်မင်း ပျက်စီးခြင်းသည်၊ ဟောတိ– ဖြစ်၏။ တဒါ– ထိုအခါ၌၊ အဗျထော– အမြဲရှင်းရှင်း မပင်မပန်းခြင်းသည်၊ သာဓု– အမြဲတစေ ကောင်းမြတ်လှပါပေ၏။

စတုတ္ထ အကောင်းတစ်မျိုးက မိမိတို့ရဲ့ အကျိုးစီးပွားတွေ နည်းနည်းပဲ ဖြစ်ဖြစ်၊ များများစားစားကြီးပဲဖြစ်ဖြစ် ပျက်စီးသွားတဲ့အခါမှာ စိတ်မပူမပန်ခြင်း၊ မပင်မပန်းခြင်း၊ စိတ်အနှောင့်အယှက်မဖြစ်ခြင်းဟာ အမြဲနေ့ည ကောင်းမြတ်လှ တယ်တဲ့။

အကျိုးစီးပွားတွေ ပျက်ပြားသွားရင် ဖြေနိုင်ဖို့ လွယ်ကူရဲ့လား။

(မလွယ်ကူပါဘုရား)

အေး ဒါကြောင့် မလွယ်ကူတာကို ဖြေနိုင်မှ အကောင်းဆုံးဖြစ်မယ်လို့ စတုတ္ထအကောင်းကို ဆိုထားတာပေါ့။

ဒီတော့ တရားနာပရိသတ်၊ ဘယ်လိုပဲဖြစ်ဖြစ် ပျက်စီးသွားတဲ့အကျိုးစီးပွား တွေ ပြန်ပြီးတော့ မရနိုင်တော့ဘူးဆိုတာ သိပြီး ဖြေနိုင်အောင် တရားနဲ့ဖြေရ မယ်နော်။

(မှန်လှပါဘုရား)

တရားဆိုတာ ဖြေဆေးပဲ။ ဘာတဲ့လဲ။

(တရားဆိုတာ ဖြေဆေးပါဘုရား)

တရားဆိုတဲ့ဖြေဆေးကြီးနဲ့ ဖြေလိုက်တဲ့အခါကျတော့ ပြေသင့်သလောက် ပြေမသွားဘူးလား။

(ပြေသွားပါတယ် ဘုရား)

ဖြေလို့မလွယ်ကူတဲ့အရာတွေကို တရားက လွယ်ကူအောင် ဆောင်ရွက် ပေးနိုင်တယ်နော်။

(မှန်လှပါဘုရား)

အကျိုးစီးပွားတွေ ပျက်စီးသွားတဲ့အခါမှာ ဖြေနိုင်ရင် အကောင်းထဲ ပါသွားပြီး မဖြေနိုင်ရင် အဆိုးထဲ ပါသွားတယ်။

ဒီတော့ တရားနာပရိသတ်၊ အကျိုးစီးပွားတွေ ပျက်စီးသွားလို့ ဆိုးတာက တစ်မျိုး၊ မဖြေနိုင်လို့ ဆိုးတာက တစ်မျိုးဆိုတော့ အဆိုးပေါ်မှာ အဆိုးတွေ မထပ်စေနဲ့နော်။

(မှန်လှပါဘုရား)

http://www.dhammadownload.com



ဒီတော့ ပျက်စီးသွားရင် ဖြေနိုင်အောင်ဖြေ၊ ပြေအောင် ဖြေရင် အဆိုးပေါ်မှာ အကောင်းထပ်လိုက်တာပဲ။ အဆိုးပေါ်မှာ အကောင်းထပ်လိုက်ရင် အမြတ်ထွက်သွားတာပဲ။ အမြတ်ထွက်ပြီဆိုရင် အကောင်းတစ်မျိုးတည်း ပါသွားပြီပေါ့။

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

* အကျိုးစီးပွား၊ ပျက်စီးသွားပြန်၊ မပူပန်၊ အမှန်အကောင်းခေါ်။
* စီးပွားပျက်ပြား၊ မပူငြား၊ မှတ်သား အကောင်းခေါ်၊
* ရာထူးကျသွား၊ မပူငြား၊ မှတ်သား အကောင်းခေါ်။
* စီပွားပျက်ပြန်၊ မပူပန်၊ အမှန် အကောင်းခေါ်။
* လောကဓံကြုံ၊ စိတ်မဖြုန်၊ မတုန် အကောင်းခေါ်။
* တရားဆိုတာ၊ ဖြေဆေးပါ၊ သေချာ မှတ်သားနော်။
* အဆိုးပေါ်မှာ၊ အဆိုးသာ၊ ထပ်တာ မကောင်းနော်။
* အဆိုးပေါ်မှာ၊ အကောင်းသာ၊ သေချာထပ်စေနော်။
* အဆိုးပေါ်မှတ်၊ အကောင်းထပ်၊ အမြတ်အကျိုးပေါ်။

ဒီဂါထာကို အကျဉ်းချုပ်ပြီး ကြည့်လိုက်တဲ့အခါမှာ

၁။ မပျင်းမရိခြင်း၊ လိမ္မာရေးခြားရှိခြင်း၊

၂။ တရားစောင့်သူတွေနဲ့ တူတကွ ဝေဖန်သုံးဆောင်ခြင်း၊

၃။ စီးပွားတက်လာ၊ ရာထူးတက်လာတဲ့အခါမှာ မမော်မကြွားခြင်း၊

၄။ စီးပွားကျ၊ ရာထူးကျတဲ့အခါမှာ စိတ်မပင်ပန်းခြင်း၊ စိတ်မကောင်းမဖြစ်ခြင်း၊ တွေဟာ ကောင်းမြတ်တယ်ဆိုတဲ့ အကောင်းလေးဖြာကိုတွေ့ရပါတယ်။ ဒီအကောင်းလေးဖြာဟာ လူတွေအတွက် တကယ်မှတ်သားစရာကောင်းလှပါတယ်။

ဒါကြောင့်ဒီနေ့ ဟောတဲ့တရားတော်ကို "အကောင်းလေးဖြာ မှတ်စရာ" လို့ အမည်ပေးပြီး ဟောကြားလိုက်ခြင်းပါပဲ။

ဒီနေ့ ဒကာ ဒကာမတွေရဲ့ ရဟန်းခံ ရှင်ပြုမင်္ဂလာကုသိုလ်ပွဲမှာ ဟောကြားချီးမြှင့်လိုက်တဲ့ တရားတော်က ဘာတရားတဲ့လဲ။

(အကောင်းလေးဖြာ မှတ်စရာ တရားတော်ပါဘုရား)

အေး ဟုတ်ပြီ၊ "အကောင်းလေးဖြာ မှတ်စရာ" ဆိုတဲ့ တရားတော်မှာ လာရှိတဲ့တိုင်း ယနေ့ လိုက်နာကျင့်သုံးပြီးကြပါပြီ။ နောက်နေ့ နောက်ရက်တွေက စပြီးတော့ မဂ်ဖိုလ် နိဗ္ဗာန်ရရောက်သည်အထိ လိုက်နာကျင့်သုံးနိုင်ကြပါစေလို့ ဆုပေး ဆုတောင်းလိုက်ပါတယ်။

http://www.dhammadownload.com



ကဲ– "အကောင်းလေးဖြာ မှတ်စရာ" လင်္ကာအချုပ် လိုက်ဆိုပြီးတော့ တရားသိမ်းကြရအောင်

*လိမ္မာ ဝေဖန်၊ ရပြန်မပျော်၊ ပျက်သော်မပန်း၊
ဤလေးခန်း၊ မှတ်စမ်းအကောင်းခေါ်။
*အကောင်းလေးဖြာ၊ မှတ်စရာ၊ ရွှေစာတရားတော်။
*ဒီနေရာမှာ နိဂုံးသာ၊ ဟောကာပြီးပြီနော်။

မှတ်ချက်။ ။ ရဟန်းရှင်ပြု ကုသိုလ်ပွဲတိုင်း၊ မွေးနေ့ပွဲတိုင်း၊ မင်္ဂလာပွဲတိုင်း၊ ပူဇော်ပွဲတိုင်း၊ ဒါနပွဲတိုင်း၊ (သံဝိဘဇ္ဇ သောဗနံ) ကို အဓိက ဟောပါ။

*တရားဟောရာ၌ ကာလ၊ ဒေသ၊ ပုဂ္ဂလ၊ ဌာနတို့ကို အဓိက ကြည့်တတ်၊ သိတတ်၊ မြင်တတ်၊ သုံးသပ်တတ်ဖို့လိုသည်။

*ကြီးပွားတိုးတက် အောင်မြင်ရေးလမ်းညွှန်အနေအားဖြင့် (ဒက္ခိဂဟပတိ သာခု) ကို အဓိကဟောပါ။

*စီးပွားတိုးတက်လာသူ၊ ရာထူးတိုးတက်လာသူ၊ ခေါင်းဆောင် ဖြစ်လာသူတို့အတွက် (အဟာသော အတ္တလာဘော) ကို အဓိက ဟောပါ။

*စီးပွားပျက်သူ၊ ရာထူးကျသူတို့အတွက် (အတ္တာ ဗျာပတ္တိ အဗျထော) ကို အဓိကဟောကြားပါ။

*တရားအမည်ပေးရာ၌ "အကောင်းလေးပါး" တရားတော်၊ "သာခုလေးပါး" တရားတော်စသည်ဖြင့် မိမိကြိုက်ရာ ရွေးချယ်ပြီး အမည်ပေးကာ ဟောကြားပါ။

အကောင်းလေးဖြာ မှတ်စရာ တရားတော် ပြီးပြီ။

http://www.dhammadownload.com

ခုဒ္ဒကနိကာယ်၊ ဇာတကပါဠိတော်၊ မဟာသုတသောမဇာတ်
အဋ္ဌကထာလာ အကြောင်းအရာတို့ကို တန်ဆာဆင်၍
ဟောကြား ပြောကြားအပ်သော

# တန်ခိုးကြီးကြောင်း+ နည်းလမ်းကောင်း တရားတော်

လူသားစား ပေါရိသာဒ ဆိုတဲ့ပုဂ္ဂိုလ်ဟာ နတ်ပူဇော်ဖို့ရန်အတွက် ဘုရားလောင်း မဟာသုတသောမမင်းကို ဖမ်းမယ်လို့ ကြံစည်ပြီးတော့ မိဂါဇိန် ဥယျာဉ်ထဲသွားကာ မင်္ဂလာရေကန်ထဲမှာ ဆင်းနေပါတယ်။ အဲဒီလို မင်္ဂလာ ရေကန်ထဲမှာ ဆင်းနေပြီးတော့ ပဒုမ္မာကြာရွက်နဲ့ ဦးခေါင်းကို မမြင်ရအောင် ဖုံးထားပါတယ်။

အဲဒီ လူသားစား ပေါရိသာဒရဲ့တန်ခိုးကြောင့် မင်္ဂလာရေကန်ထဲမှာ ရှိနေကြတဲ့ ငါး လိပ်စတဲ့ သတ္တဝါတွေဟာ ရွေ့လျောကုန်ပြီးတော့ ရေရဲ့အဆုံးမှာ အစုစုဖြစ်၍ သွားနေကြပါတယ်။

ပေါရိသာဒ ဘယ်လောက်တန်ခိုးကြီးတယ်ဆိုတာ ဒကာ ဒကာမတွေ စဉ်းစားပြီးသာ ကြည့်ကြပေတော့။ ငါး လိပ်စတဲ့သတ္တဝါတွေဟာ ရေရဲ့အဆုံး အထိ ထွက်ပြေးသွားကြရတယ်နော်။

(မှန်လှပါဘုရား)

လူတွေလည်း ဒီအတိုင်းပဲ။ ပေါရိသာဒဆိုတဲ့အသံကို ကြားရင် ထွက်ပြေး သွားကြတာပဲ။ ပေါရိသာဒက လူသားစားတဲ့ဘုရင်ဆိုတော့ လူတွေ တော်တော် ကြောက်ကြပါတယ်။ ဒါကြောင့် ထွက်ပြေးကြတာပါပဲ။

အဲဒီလို တန်ခိုးကြီးခြင်းကို ပေါရိသာဒဟာ ဘာ့ကြောင့် ရရှသလဲဆိုတော့ ရှေးကောင်းမှုရဲ့အစွမ်းကြောင့် ရတာပါတဲ့။

ဘာ့ကြောင့် တန်ခိုးကြီးရတာလဲတဲ့။

(ရှေးကောင်းမှုရဲ့အစွမ်းကြောင့်ပါဘုရား)

ပေါရိသာဒ တန်ခိုးကြီးတာ အကြောင်းမဲ့ အကြောင်းမရှိဘဲ ကြီးတာ ဟုတ်ရဲ့လား။

(မဟုတ်ပါဘူးဘုရား)

http://www.dhammadownload.com



ခုခေတ်မှာ လူတွေကော ဘုန်းကြီးတွေကော တန်ခိုးတော်တော်ကြီးချင်ကြတယ်၊ တန်ခိုးကြီးအောင် လောကီနည်းအမျိုးမျိုးနဲ့ ဆွဲဆောင်နေကြတယ်။ အတိတ်က ကောင်းမှုမပါရင် ဆွဲဆောင်တိုင်း၊ မက်လုံးပေးတိုင်း ကြီးနိုင်ပါ့မလား။

(မကြီးနိုင်ပါဘူး ဘုရား)

ဒီနေ့ ဒကာ ဒကာမတွေ တန်ခိုးမကြီးချင်ကြဘူးလား။

(ကြီးချင်ပါတယ် ဘုရား)

တန်ခိုးကြီးချင်ရင် ကောင်းမှုရှိဖို့ လိုတယ်နော်။

(မှန်လှပါဘုရား)

တန်ခိုးကြီးချင်ရင် ကောင်းမှုတွေ ကြီးကြီးမားမား ပြုဖို့လိုတယ်နော်။

(မှန်လှပါဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

* တန်ခိုးကြီးချင်၊ ကောင်းမှုပင်၊ လူရှင် ရှိဖို့လို။
* တန်ခိုးကြီးချင်၊ ကောင်းမှုပင်၊ လူရှင် ကြီးဖို့လို။
* ကောင်းမှုရှိလျှင်၊ တန်ခိုးပင်၊ လူရှင် ရှိမယ်ဆို။
* ကောင်းမှုရှိက၊ တန်ခိုးလှ၊ နေ့ည ရှိမယ်ဆို။
* တန်ခိုးကြီးအောင်၊ သတိဆောင်၊ ခုနောင် ကောင်းမှုလို။

တန်ခိုးကြီးဖို့အတွက် ဘာလိုသတဲ့လဲ။

(ကောင်းမှု လိုပါတယ်ဘုရား)

အေး ဟုတ်ပြီ။ တန်ခိုးကြီးဖို့အတွက် ကောင်းမှုဆောင်ရမယ်နော်။

(မှန်လှပါဘုရား)

လောကီဆရာတွေ စီမံပေးတဲ့ ဂါထာ၊ မန္တရား၊ အင်းအိုင်၊ လက်ဖွဲ့တွေကို ဆောင်ရမှာလား၊ ကောင်းမှုကို ဆောင်ရမှာလား။

(ကောင်းမှုကို ဆောင်ရမှာပါဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

* တန်ခိုးကြီးအောင် အမြဲဆောင်၊ ခုနောင် ကောင်းမှုကို။
* ဂါထာ မန္တရား၊ အင်းအိုင်များ၊ ဆောင်ထားဖို့မလို။
* ဂါထာ မန္တရား၊ လက်ဖွဲ့များ၊ ဆောင်ထားဖို့မလို။

ကဲ– ကဲ ရှေ့ဆက်ပြီး ဟောကြ၊ နာကြရအောင်။ ပေါရိသာဒဟာ ရှေးကောင်းမှုရဲ့အစွမ်းကြောင့် တန်ခိုးသိပ်ပြီးတော့ကြီးပါတယ်။

http://www.dhammadownload.com



ပေါရိသာဒဟာ တန်ခိုးကြီးကြောင်း ဘယ်လိုကောင်းမှုတွေကို ပြုလုပ်ခဲ့သလဲဆိုတော့ ကဿပမြတ်စွာဘုရား ပွင့်တော်မူတဲ့အချိန်မှာ နို့ဃနာဖြင့်ပြီးတဲ့ စာရေးတံဆွမ်း လှူခဲ့ဖူးတဲ့အတွက်ကြောင့် ခွန်အားကြီးတယ်တဲ့။

ယနေ့ တရားနာနေကြတဲ့ ဒကာ ဒကာမတွေကော ခွန်အားမကြီးချင်ကြဘူးလား။

(ကြီးချင်ပါတယ်ဘုရား)

ခွန်အားကြီးချင်ရင် အားရှိစေတဲ့

၁။ နွားနို့ လှူရမယ်။

၂။ နွားနို့နဲ့ရောစပ်ချက်ထားတဲ့ စာရေးတံဆွမ်းတွေ လှူရမယ်နော်။

(မှန်လှပါဘုရား)

အားဆေးတွေ၊ အားရှိစေတဲ့ အခြားအခြားသော အစားအစာတွေ ပန်းသီးစတဲ့ သစ်သီးတွေ လှူဒါန်းခြင်းဟာလည်း ခွန်အားကြီးကြောင်းလို့ မှတ်ရမယ်နော်။

(မှန်လှပါဘုရား)

ခုဟောနေတာက "တန်ခိုးကြီးကြောင်း နည်းလမ်းကောင်း" မဟုတ်သေးပါဘူး၊ အဋ္ဌကထာဆရာက "တန်ခိုးကြီးကြောင်း" မပြသေးခင်မှာ ပြထားတဲ့ "ခွန်အားကြီးကြောင်း နည်းလမ်းကောင်း" ပါ။

နွားနို့တွေ၊ နွားနို့နဲ့ ရောစပ်ချက်ထားတဲ့ ဆွမ်းတွေ၊ အားဆေးတွေ လှူတဲ့သူတွေအတွက်ဆိုရင် "ခွန်အားကြီးကြောင်း နည်းလမ်းကောင်း" လို့ တရားတော်ကို အမည်ပေးပြီးတော့ ဟောရမှာပါပဲ။

ယနေ့ ဆွမ်းကပ်နေကြတဲ့ ဒကာ ဒကာမတွေဟာ ဘဝတိုင်း ဘဝတိုင်း 'ခွန်အားကြီးကြောင်း' ကုသိုလ်ကောင်းတွေကို လုပ်နေကြတယ်လို့ သေချာစွာ မှတ်သားကြပါ။

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

* ခွန်အားကြီးအောင်၊ သတိဆောင်၊ ခုနှောင် နွားနို့လှူ။
* ခွန်အားကြီးအောင်၊ သတိဆောင်၊ ခုနှောင် ဆွမ်းကောင်းလှူ။
* ခွန်အားကြီးရန်၊ စာရေးတံ၊ အမှန် ဆွမ်းကပ်လှူ။
* ခွန်အားကြီးအောင်၊ သတိဆောင်၊ ခုနှောင် အားဆေးလှူ။
* ခွန်အားကြီးအောင်၊ သတိဆောင်၊ ခုနှောင် စားသောက်လှူ။

http://www.dhammadownload.com



ကဲ ကဲ ရှေ့ဆက်ပြီးတော့ ယနေ့ ကျောင်းဒါယကာ ကျောင်းဒါယိကာမတွေရဲ့ ကျောင်းရေစက်ချပွဲနဲ့ သက်ဆိုင်တဲ့ "တန်ခိုးကြီးကြောင်း နည်းလမ်းကောင်း" တရားတော်ကို ဆက်ပြီးတော့ ဟောကြ နာကြရအောင်

ပေါရိသာဒဟာ

၁။ မီးတင်းကုပ်ကျောင်း ဆောက်လုပ်ပြီးတော့

၂။ ရဟန်းသံဃာအား အချမ်းပျောက်အောင် အချမ်းအအေးတွေ သက်သာအောင် မီး၊

၃။ ထင်း၊

၄။ ထင်းဖြတ်ရန် ပဲခွပ်၊

၅။ ပုဆိန်တွေ လှူခဲ့ဖူးတဲ့အတွက်ကြောင့် တန်ခိုးကြီးတာပဲ။

ယနေ့ ကျောင်းလှူဒါန်းကြတဲ့ ကျောင်းဒါယကာ ကျောင်းဒါယိကာမတွေဟာ "တန်ခိုးကြီးကြောင်း နည်းလမ်းကောင်း" တွေ လုပ်နေကြတာပါပဲ။

တန်ခိုးကြီးချင်ရင် ပေါရိသာဒလို အလှူ (၅) မျိုး လှူဒါန်းကြရမယ်နော်၊

(မှန်လှပါ ဘုရား)

တန်ခိုးကြီးချင်ရင် ဘာတွေလှူရမတဲ့လဲ။

(မီးတင်းကုပ်ကျောင်း၊ မီး၊ ထင်း၊ ပဲခွပ်၊ ပုဆိန်တွေ လှူရမှာပါဘုရား)

တန်ခိုးကြီးချင်တဲ့သူတွေဟာ ပေါရိသာဒလို ကုသိုလ်ကောင်းမှုတွေ စုံစုံလင်လင် ပြုဖို့မလိုဘူးလား။

(လိုပါတယ်ဘုရား)

အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားကြီးခြင်း၊ ဉာဏ်ပညာကြီးခြင်း၊ အခြွေအရံများခြင်း၊ ထင်ရှားပေါ်လွင်ကျော်ကြားခြင်း၊ အသံကောင်းခြင်း၊ ကံကောင်းခြင်း၊ တန်ခိုးကြီးခြင်းအစရှိတဲ့ ကောင်းကျိုးတရားတွေ စုံစုံလင်လင် ပြည့်ပြည့်ဝဝ ရရှိချင်ရင် ကုသိုလ်ကောင်းမှုတွေ ပြုတဲ့အခါမှာ စုံစုံလင်လင်ပြုဖို့ လိုတယ်နော်။

(မှန်လှပါဘုရား)

ယနေ့ ကျောင်းရေစက်ချပွဲကြီးမှာ ဘုရားအမှူးရှိတဲ့ သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းတွေဆက်ကပ်လှူဒါန်းကြတဲ့အတွက် ခွန်အားတွေကြီးမယ်၊ ကျောင်းဆောက်လုပ်ပြီးတော့ လှူဒါန်းကြတဲ့အတွက် ဒကာ ဒကာမတွေမှာ တန်ခိုးတွေကြီးမယ်ပေါ့။

ယနေ့ နိုင်ငံတော်မှာ ထင်ရှားကျော်ကြားပြီးတော့ တန်ခိုးကြီးနေကြတဲ့

http://www.dhammadownload.com



ဆရာတော် သံဃာတော်အရှင်သူမြတ်တွေ၊ နိုင်ငံတော် အကြီးအကဲတွေဟာ ရှေးကောင်းမှုတွေရဲ့အစွမ်းကြောင့် တန်ခိုးကြီးနေကြတာနော်၊

(မှန်လှပါဘုရား)

ရှေးကောင်းမှုကံရှိတဲ့သူတွေကို ယှဉ်လို့၊ တုလို့၊ ပြိုင်လို့ ရနိုင်ပါ့မလား။

(မရနိုင်ပါဘူးဘုရား)

ဒါကြောင့် အသံ၊ ကံ၊ ဉာဏ်၊ ဆံ ဆိုတဲ့အရာလေးမျိုးကို ယှဉ်ပြိုင်လို့ တုလို့မရနိုင်ဘူးလို့ အဆိုရှိပါတယ်။

အသံကောင်းတဲ့သူ သွားမပြိုင်နဲ့ မရဘူး။ ကံကောင်းတဲ့သူ၊ ဉာဏ်ကောင်းတဲ့သူ၊ ဆံကောင်းတဲ့သူတွေကိုလည်း သွားမပြိုင်နဲ့တဲ့၊ မောရုံပဲ၊ ရှုံးတာပဲ အဖတ်တင်မယ်တဲ့။

ဒါကြောင့် နေရာတကာမှာ ဘာမဆို ပြိုင်ချင်တဲ့သူတွေကို ပြိုင်သင့်မှ ပြိုင်၊ နိုင်လောက်မှ ပြိုင်ပါလို့ မှာချင်ပါတယ်။

ယနေ့ ဆွမ်းတွေကပ်လှူကြ၊ ကျောင်းတွေ လှူဒါန်းကြတဲ့ ကျောင်း ဒါယကာ ဒါယိကာမတွေဟာ ခွန်အားကြီးခြင်း၊ တန်ခိုးကြီးခြင်း၊ ဖြစ်လေရာ ဘဝတိုင်း ဘဝတိုင်းမှာ အိုးသစ်၊ အိမ်သစ်၊ တိုက်သစ်၊ နေရာသစ်၊ ရာထူးသစ်၊ အဆောက်အအုံသစ်တွေ ရရှိခြင်းအစရှိတဲ့ ကောင်းကျိုးတွေ ရရှိမှာမလွဲပါဘူး။

ဒါကြောင့် ဒီနေ့ ကျောင်းဒါယကာ ဒါယိကာမတွေရဲ့ ကျောင်းရေစက်ချ ပွဲမှာ "တန်ခိုးကြီးကြောင်း နည်းလမ်းကောင်း"ဆိုတဲ့ တရားတော်ကို ဟော ကြားခဲ့ပါတယ်။

ဒီနေ့ ဟောကြားလိုက်တဲ့တရားတော်က ဘာတရားတဲ့လဲ။

(တန်ခိုးကြီးကြောင်း နည်းလမ်းကေင်း တရားတော်ပါဘုရား)

ကဲ- "တန်ခိုးကြီးကြောင်း နည်းလမ်းကောင်း" လင်္ကာလေးတွေ လိုက် ဆိုကြပြီး တရားသိမ်းကြရအောင်

*တန်ခိုးကြီးအောင်၊ သတိဆောင်၊ ခုနောင် ကျောင်းကောင်းလှူ။

*တန်ခိုးကြီးအောင်၊ သတိဆောင်၊ ခုနောင် မီးကောင်းလှူ။

*တန်ခိုးကြီးအောင်၊ သတိဆောင်၊ ခုနောင် ထင်းကောင်းလှူ။

*တန်ခိုးကြီးအောင်၊ သတိဆောင်၊ ခုနောင် ပဲခွပ်လှူ။

*တန်ခိုးကြီးအောင်၊ သတိဆောင်၊ ခုနောင် ပုဆိန်လှူ။

ကဲ တရားဟောလို့တော့ ပြီးသွားပါပြီ။ ခွန်အားကြီးကြောင်း၊ တန်ခိုး

http://www.dhammadownload.com



ကြီးကြောင်း နည်းလမ်းကောင်း ရေစက်ချအတိုလေး ညီညီညာညာ လိုက်ဆိုကြ။

၁။ အရှင်ဘုရား၊ တပည့်တော်တို့သည် ကျောင်းလှူရခြင်း၏ ကောင်းကျိုးအမျိုးမျိုးကို သိရှိယုံကြည်ကြပါ၍ သရဏဂုံ (၃) ပါး (၅) ပါးသီလတို့ကို ခံယူဆောက်တည်ကြတာ အဖိုး( ) ထိုက်တန်သော ဤ ( )ကျောင်းတော်ကြီးကို ရောက်လာဆဲ၊ ရောက်လာလတ္တံ့ဖြစ်သော စတုဒိသာသံဃာတော်အား (သံဃိက)၊ အရှင် ( ) အား (ပုဂ္ဂလိက) ကိုယ်စသည်တို့ဖြင့် ထိ၍ သုံးဆောင်စိတ်သောငါ ကပ္ပိယကုဋီကို ပြုစိမ့်သော ငှာ လှူဒါန်းပါကုန်၏။

၂။ ယနေ့ ယခု ကျောင်းလှူရသော ဤကောင်းမှုကြောင့် မဂ်ဖိုလ်နိဗ္ဗာန် ချမ်းသာမှန်ကို ကေန်ပိုင်ပိုင် ရနိုင်ရလို တောင်းဆုဆိုကြပါကုန်၏။

မဂ်ဖိုလ်နိဗ္ဗာန် ချမ်းသာမှန်ကို ကေန်ပိုင်ပိုင် မရနိုင်သေးသမျှ ကာလပတ်လုံး တပည့်တော်တို့သည် ခွန်အားကြီးကြောင်း နည်းလမ်းကောင်းဖြစ်သော ဆွမ်းအလှူ၊ တန်ခိုးကြီးကြောင်း နည်းလမ်းကောင်းဖြစ်သော ကျောင်းအလှူ၊ မီးအလှူ၊ ထင်းအလှူ၊ ပဲခွပ်အလှူ၊ ပုဆိန်အလှူတို့ကို ဘဝတိုင်း ဘဝတိုင်း လှူဒါန်းနိုင်သော သာသနာပြု အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ ဖြစ်ရပါလို တောင်းဆုဆိုပါကုန်၏။

၃။ ယနေ့ ယခု လှူဒါန်းရသော ကျောင်းအလှူကုသိုလ်၏ အဖို့ဘာဂမှန်သမျှကို မိဘ ဆရာ ဉာတကာများ အစထား၍ (၃၁) ဘုံ ရှိကြကုန်သော သတ္တဝါအပေါင်းတို့အား အမျှရေ ပေးဝေပါကုန်၏။ အမျှရကာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြသည်၊ ချမ်းသာကြသည်ဖြစ်ကြပါစေသော်။

အားလုံး အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့။
(သာဓု၊ သာဓု၊ သာဓုပါဘုရား)

မှတ်ချက်။ ။ စာရေးတံ ဆွမ်းလှူပွဲတိုင်း၊ နွားနို့လှူပွဲတိုင်း၊ ဆွမ်းကပ်မုန့်ကပ်ပွဲတိုင်း၊ မီး မီးတင်းကုပ်ကျောင်းနှင့် အခြားကျောင်းလှူဒါန်းပွဲတိုင်း၊ မီး မီးစက်လှူဒါန်းပွဲတိုင်း၊ ထင်းလှူဒါန်းပွဲတိုင်း၊ ထင်းဖြတ်ထင်းခုတ်ရန် ပဲခွပ်၊ ပုဆိန်၊ ဓား လှူဒါန်းပွဲတိုင်း ဟောကြားနိုင်ပါသည်။

http://www.dhammadownload.com



*တရားအမည်ပေးရာ၌ ဆွမ်းကပ်၊ မုန့်ကပ်ပွဲများအတွက် "ခွန်အားကြီးကြောင်း နည်းလမ်းကောင်း"၊ တရားတော်ဟု အမည်ပေးပြီး ကျောင်း၊ မီး၊ မီးစက်နှင့်ပတ်သက်သော အလှူ၊ ထင်း၊ ပဲခွပ်၊ ပုဆိန်၊ ဓား အလှူများ၌ "တန်ခိုးကြီးကြောင်း နည်းလမ်းကောင်း" တရားတော်ဟု အမည်ပေးကာ ဟောကြားပါ။

၁၀၊ ၆၊ ၉၆၊ တနင်္လာနေ့။

တန်ခိုးကြီးကြောင်း နည်းလမ်းကောင်း တရားတော် ပြီးပြီ။

http://www.dhammadownload.com

ခုဒ္ဒကနိကာယ်၊ ဇာတကပါဠိတော်၊ ပဏ္ဏာသနိပါတ်၊
ဥမ္မာဒန္တီဇာတ်တော်လာ ဂါထာတစ်ပုဒ်ကို တန်ဆာဆင်၍
ဟောကြား ပြောကြားအပ်သော

# ချစ်တာလျှမ်း+ ချစ်တာရ တရားတော်

ယနေ့ဟောမည့်တရားတော်ဟာ တရားအမည်ကြားလိုက်တာနဲ့ ခေတ်ဆန်တယ်လို့ ထင်စရာကောင်းပေမယ့် တရားနာပြီးရင် သဘောကျ သဘောပေါက်ပြီးတော့ တကယ်လိုက်နာ ကျင့်သုံးဖွယ်ကောင်းတဲ့ သူတော်ကောင်းတွေရဲ့ နှလုံးသားအလှတွေကို သိရှိမှတ်သားရမှာ ဖြစ်ပါတယ်။

တရားနာကြတဲ့ ဒကာ ဒကာမတွေရဲ့စိတ်ထဲမှာ တစ်မျိုးဖြစ်သွားမှာစိုးတဲ့အတွက် ဒီစကားလေးတွေကို ပလ္လင်ခံပြီးတော့ ပြောနေတာပါ။ အကြောင်းမဲ့ ပြောနေတာ မဟုတ်ပါဘူး။

ယနေ့ ဥမ္မာဒန္တီဇာတ်တော်မှာ လာတဲ့ ဂါထာတစ်ပုဒ်ကို တန်ဆာဆင်ပြီးတော့ ဟောမှာပါ။ ဥမ္မာဒန္တီဇာတ်ဆိုတာနဲ့ ဒကာ ဒကာမတွေ သိပြီးဖြစ်နေပါပြီ။ ဒါ့ကြောင့် အကျယ်ချဲ့မပြောတော့ပါဘူး။ ဂါထာတစ်ပုဒ်တည်းကိုပဲ ဟောပြောမှာဖြစ်ပါတယ်။ သိဝိမင်းကြီးဟာ ဥမ္မာဒန္တီကို မြင်တွေ့ရတဲ့နေ့ကစပြီးတော့ မစားနိုင်၊ မသောက်နိုင်၊ မအိပ်နိုင် တမှိုင်မှိုင်နဲ့ သေမလိုဖြစ်နေတာကို ဥမ္မာဒန္တီရဲ့ လင်ယောကျ်ား စစ်သူကြီးအဘိပါဒက သိရတဲ့အခါမှာ ဂါထာတစ်ပုဒ်နဲ့ လျှောက်ထားပါတယ်။ ဘယ်လိုလျှောက်ထားလိုက်သလဲဆိုတော့

ဇနိန္ဒ ဇာနာသိ ပိယာ မမေသာ၊
န သာ မမံ အပ္ပိယာ ဘူမိပါလ။
ပိယေန တေ ဒမ္မိ ပိယံ ဇနိန္ဒ၊
ပိယဒါယိနော ဒေဝ ပိယံ လဘန္တိ။

(ဇာတကပါ ၂၊ ၄၃)

ဇနိန္ဒ၊ လူတို့ကို အစိုးရတော်မူသော မင်းမြတ်၊ တွံ– အရှင်မင်းမြတ်သည်၊ ဇာနာသိ– သိတော်မူရာ၏၊ ဧသာ– ဤဥမ္မာဒန္တီသည်၊ မမံ– အဘိပါဒက နာမသမုတ် အကျွန်ုပ်စစ်သူကြီး၏၊ ပိယာ– အချစ်သက်ထား၊ မယားစင်စစ် အမှန်ပင်ဖြစ်ပါ၏။

http://www.dhammadownload.com



(လူတွေကို အစိုးရတော်မူတဲ့ အရှင်မင်းကြီး၊ အရှင်မင်းကြီးသည် သိတော်မူပါ။ ဥမ္မာဒန္တီဟာ အကျွန်ုပ် အဘိပါဒက စစ်သူကြီးရဲ့ အသည်းဘဝင်မှာ အမြဲပင် ချစ်ခင်နှစ်သက် မြတ်နိုးနေတဲ့ ချစ်မယားပါလို့ ပထမအပိုဒ်နဲ့ လျှောက်ထားပါတယ်။)

နောက် ဒုတိယအပိုဒ်နဲ့ ဆက်ပြီးတော့

ဘူမိပါလ– ရေမြေရှင်၊ သာ– ထိုဥမ္မာဒန္တီသည်၊ မမံ– အဘိပါဒက နာမသမုတ် အကျွန်ုပ်စစ်သူကြီး၏၊ အပ္ပိယာ– မချစ်အပ်သော မယားသည် ကား၊ န– မဟုတ်ပါ။ (ရေမြေကို အစိုးရတော်မူသော အရှင်မင်းကြီး၊ ဥမ္မာဒန္တီဟာ အကျွန်ုပ် အဘိပါဒကရဲ့ မချစ်အပ်သော မယားမဟုတ်သည်ကား မဟုတ်ပါလို့ လျှောက်ထားပါတယ်။)

ဘယ်နှစ်ပိုဒ် ပြီးသွားပြီလဲ။

(နှစ်ပိုဒ်ပြီးသွားပါပြီ ဘုရား)

ပထမအပိုဒ်က အကျွန်ုပ်ရဲ့ ချစ်မယားပါ။ ဒုတိယအပိုဒ်က မချစ်တဲ့ မယား မဟုတ်ပါဘူးလို့ သေသေချာချာ လျှောက်နေတာနော်။

(မှန်လှပါဘုရား)

ကဲ တတိယအပိုဒ် ဆက်ဟော နာကြရအောင်။

ဇနိန္ဒ– အရှင်မင်းမြတ်၊ အဟံ– အကျွန်ုပ်သည်၊ ပိယေန– ချစ်မြတ်နိုးဖွယ်၊ အသွယ်သွယ် ကောင်းကျိုး၊ အမျိုးမျိုးကို၊ ရိုးရိုးသားသား၊ အမှန်ပင် လိုလားသောကြောင့်၊ ပိယံ– ချစ်မြတ်နိုးသော၊ မယားချောမည်၊ ဥမ္မာဒန္တီကို၊ တေ– အရှင်မင်းမြတ်အား၊ ဒမ္မိ– ချစ်မြတ်နိုးဖွယ် အသွယ်သွယ် ကောင်းကျိုး၊ အမျိုးမျိုး အဖြာဖြာ၊ တောင့်တဆက်သပါ၏ ဘုရား။

(အရှင်မင်းမြတ်၊ အကျွန်ုပ် အဘိပါဒကသည် ချစ်ခင်နှစ်သက် မြတ်နိုးစရာကောင်းတဲ့ ကောင်းကျိုးတွေ အမှန်ပင် လိုလားတဲ့အတွက်ကြောင့် အကျွန်ုပ် အင်မတန် ချစ်ခင်မြတ်နိုးတဲ့ ချစ်မယား ဥမ္မာဒန္တီကို အရှင်မင်းမြတ်အား ဆက်သပါတယ်ဘုရားလို့ တတိယအပိုဒ်နဲ့ လျှောက်ထားပါတယ်။

ဒီတော့ တရားနာပရိသတ်၊ သေသေချာချာ စဉ်းစားကြည့်၊ အဘိပါဒက စစ်သူကြီးဟာ သူ့မယားချောဖြစ်တဲ့ ဥမ္မာဒန္တီကို သိပ်ပြီးတော့ ချစ်မြတ်နိုးတယ်လို့ မလျှောက်ဘူးလား။

(လျှောက်ထားပါတယ်ဘုရား)

http://www.dhammadownload.com



သိပ်ပြီးတော့ ချစ်တဲ့သူကို လှူရင် သိပ်ပြီးတော့ ချစ်စရာကောင်းတဲ့ ကောင်းကျိုးတွေကို ရမယ်ဆိုတာ ယုံကြည်ပါတယ်တဲ့။ အဲဒီ ချစ်ခင်နှစ်သက်စရာကောင်းတဲ့ ကောင်းကျိုးတွေကို မျှော်မှန်းတမ်းတပြီးတော့ ဥမ္မာဒန္တီကို အရှင်မြတ်အား ဆက်ကပ်လှူဒါန်းပါတယ်တဲ့။

ကိုယ်အင်မတန် ချစ်ခင်နှစ်သက် မြတ်နိုးစရာကောင်းတဲ့ သက်ရှိမယားချောကို အဘိပါဒက စစ်သူကြီးလိုလှူဖို့ လွယ်ပါ့မလား။

(မလွယ်ပါဘူးဘုရား)

ဟုတ်တယ်၊ တရားနာပရိသတ်၊ သက်ရှိတော့ မပြောနဲ့၊ ကိုယ်နှစ်သက်မြတ်နိုးတဲ့ သက်မဲ့ပစ္စည်းတောင် သူများက သဘောကျရင် လှူပါတယ်လို့ ပြောရင် မကျေနပ်နိုင်ဘူးနော်။

(မှန်လှပါဘုရား)

အဘိပါဒကစစ်သူကြီး လှူနိုင်တာလည်း မပြောနဲ့၊ အရှင်သာရိပုတ္တရာ အလောင်း သူတော်ကောင်းကြီး ဖြစ်နေတာကို တွေ့ရပါတယ်။ ဒီတော့ တရားနာပရိသတ်၊ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးဖြစ်မှ ကြည်ညိုစရာကောင်းတာ မဟုတ်ပါဘူး။ အလောင်းတော်ဘဝကတည်းက ကြည်ညိုစရာကောင်းတယ်ဆိုတာတွေကို တွေ့ရတယ်နော်။

(မှန်လှပါဘုရား)

နောက်ပြီးတော့ မိမိရဲ့အရှင်သခင်ဖြစ်တော်မူတဲ့ ဘုရားအလောင်း သိဝိဘုရင်ကြီး မစားနိုင် မသောက်နိုင် မအိပ်နိုင် တမှိုင်မှိုင်ဖြစ်နေတာကိုလည်း မကြည့်ရက်ပါဘူး။ ပါရမီဖြည့်ဖက် သူတော်ကောင်းကြီးဆိုတော့ ဘုရားလောင်း သိဝိဘုရင်ကြီးရဲ့အပေါ်မှာ မေတ္တာတွေ၊ ကရုဏာတွေအပြည့်အဝ ထားရှိတာကို မတွေ့ရဘူးလား။

(တွေ့ရပါတယ်ဘုရား)

ပါရမီဖြည့်ဖက် သူတော်ကောင်းတွေဆိုတာ ကိုယ်က သာစေဆိုတာ မရှိဘူး။ ကိုယ့်ဘက်က ဘယ်တော့မှ အသာမယူဘူး။ ကိုယ်က နာစေဆိုတာပဲ ရှိတယ်ဆိုတာကိုလည်း သူတော်ကောင်းတွေရဲ့ နှလုံးသားအလှတွေကို တွေ့ရတယ်နော်။

(မှန်လှပါဘုရား)

အရှင်သာရိပုတ္တရာအလောင်း အဘိပါဒကစစ်သူကြီးရဲ့ စနစ်ဟာ အသာခံ စနစ်မဟုတ်ပါဘူး။ အနာခံ စနစ်ပါတဲ့၊ ဘာစနစ်တဲ့လဲ။

(အနာခံစနစ်ပါဘုရား)

http://www.dhammadownload.com



အနာခံစနစ်ဟာ သူတော်ကောင်းတွေရဲ့လမ်းစဉ်၊ အသာစံစနစ်ဟာ သူတော်ကောင်းတွေရဲ့ လမ်းစဉ်မဟုတ်ဘူးဆိုတာ ပေါ်လွင်မသွားဘူးလား။

(ပေါ်လွင်သွားပါတယ်ဘုရား)

ဒီတော့ တရားနာပရိသတ်၊ သူတော်ကောင်းဟုတ်မဟုတ်၊ စစ်မစစ်ကို အနာခံစနစ်၊ အနာခံပေတံကြီးနဲ့ တိုင်းတာပြီးတော့ ကြည့်ရမယ်နော်။

(မှန်လှပါဘုရား)

များများ အနစ်နာခံနိုင်ရင် များများကြီး သူတော်ကောင်းဖြစ်နေပြီ။ နည်းနည်းပဲ အနစ်နာခံနိုင်သေးရင် နည်းနည်းပဲ သူတော်ကောင်းဖြစ်နေသေးတယ်လို့ မှတ်ရမယ်နော်။

(မှန်လှပါဘုရား)

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

* ချစ်တာလှူမှ၊ ချစ်တာရ၊ မုချ ယုံကြည်ကာ။
* ဥမ္မာဒန္တီ၊ ချစ်ဒေဝီ၊ အတည်ဆက်သပါ။ (တာ)
* အဘိပါဒက၊ မေတ္တာလှ၊ တွေ့ရကရဏာ။
* ကိုယ်ကံသာစေ၊ မရှိပေ၊ နာစေ စိတ်ထားရှာ။
* အသာမစံ၊ အနာခံ၊ အမှန်စနစ်ပါ။
* အဘိပါဒက၊ စနစ်လှ၊ သိကြ ကျင့်စရာ။
* သူတော်ကောင်းလား၊ မကောင်းလား၊ ခွဲခြားသိဖွယ်ရာ။
* ချစ်ဖွယ်ကောင်းကျိုး၊ အမျိုးမျိုး မျှော်ကိုးဆက်သရှာ။

အဘိပါဒက စစ်သူကြီးဟာ သိပ်ချစ်တဲ့ ဥမ္မာဒန္တီကို လှူရင် သိပ်ချစ်တဲ့ နှစ်သက်မြတ်နိုးစရာကောင်းတဲ့ အကျိုးတွေ ရလိမ့်မယ်လို့ မျှော်ကိုးတောင့်တပြီးတော့ လှူဒါန်းဆက်သနေတာနော်။

(မှန်လှပါဘုရား)

အဘိပါဒက စစ်သူကြီးရဲ့ ယုံကြည်ချက်သဒ္ဓါနဲ့ အသိဉာဏ်ပညာဟာ ချီးကျူးစရာ မကောင်းဘူးလား။

(ကောင်းပါတယ်ဘုရား)

ချစ်တာလှူရင် ဘာတဲ့လဲ။

(ချစ်တာ ရပါတယ်ဘုရား)

http://www.dhammadownload.com



အေး ဟုတ်ပြီ၊ ဒီနေ့ဟောတဲ့တရားက ဘာတရားတဲ့လဲ။

(ချစ်တာလှူမှ ချစ်တာရ တရားတော်ပါဘုရား)

ချစ်ခင်နှစ်သက် မြတ်နိုးစရာကောင်းတဲ့ ကောင်းကျိုးတွေ လိုချင်ရင် ဘာလှူရမတဲ့လဲ။

(ချစ်တာတွေကို လှူရမှာပါဘုရား)

သက်ရှိ သက်မဲ့ ချစ်တာတွေအားလုံးကို လှူနိုင်အောင် ကြိုးစားရမှာနော်။

(မှန်လှပါဘုရား)

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

* သက်ရှိ သက်မဲ့၊ ချစ်တဲ့အရာ လှူမှသာ၊ ချစ်တာရရှိမယ်။
* အဘိပါဒက၊ ချစ်သူလှ၊ လှူပြ အံ့ဩဖွယ်။
* ချစ်တာလှူမှ၊ ချစ်တာရ၊ သူက ယုံကြည်တယ်။
* ချစ်တာလှူမှ၊ ချစ်တာရ၊ သူက သိနေတယ်။
* သူ့ရဲ့သဒ္ဓါ၊ သူ့ပညာ၊ သူ ငါ ချီးကျူးဖွယ်။

နောက်ဆုံး စတုတ္ထအပိုဒ်နဲ့ ဘယ်လိုလျှောက်ထားလိုက်သလဲဆိုတော့

ဒေဝ- အရှင်မင်းမြတ်၊ ပိယဒါယီနော- ချစ်မြတ်နိုးအပ်၊ ဝတ္ထုမြတ်ကို မပြတ်သဒ္ဓါ မြတ်ပညာဖြင့် ကောင်းစွာကြည်ဖြူ ပေးလှူလေ့ရှိကုန်သော သူတို့သည်။ (သံသာရေ- ခန္ဓာ+ အာယတန+ ဓာတ်၊ မပြတ်ဖြစ်ရာ၊ သံသရာ၌ သံသရန္တော- အမြဲမပျ ကျင်လည်ရသည်ရှိသော်၊) ပိယံ- ချစ်မြတ်နိုးဖွယ်၊ အသွယ်သွယ် အဝဝ၊ ဝတ္ထုကောင်း ဝတ္ထုလှကို၊ လဘန္တိ- ဧကန်စုံစုံ ရရှိကုန်၏။

(အရှင်မင်းမြတ်၊ ချစ်မြတ်နိုးအပ်တဲ့ ဝတ္ထုကို လှူတဲ့သူတွေဟာ ခန္ဓာ အာယတန ဓာတ်တွေရဲ့ မပြတ်ဖြစ်နေရာ သံသရာမှာ ကျင်လည်ရတဲ့အခါ ချစ်မြတ်နိုးဖွယ် ဝတ္ထုအသွယ်သွယ်ကို တကယ်ပိုင်ပိုင် စုံစုံလင်လင် ပြည့်ပြည့်ဝဝ ရရှိကြပါရပါတယ်လို့ သေသေချာချာ ဝေဝေဆာဆာ စေတနာနဲ့ လျှောက်ထား လိုက်ပါတယ်။)

အလှူခံပုဂ္ဂိုလ် ချစ်မြတ်နိုးတဲ့ အလှူဝတ္ထု လှူရင် သံသရာ ကျင်လည်ရ တဲ့ အခါမှာ ချစ်မြတ်နိုးဖွယ်ရာ ဝတ္ထုကို ရနိုင်တယ်ဆိုတော့ ချစ်မြတ်နိုးဖွယ် ဝတ္ထုတွေကို လှူဖို့ကောင်းတယ်နော်။

(မှန်လှပါဘုရား)

http://www.dhammadownload.com



ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

* ချစ်ခင်ဖွယ်ပင်၊ လျှုဒါန်းလျှင်၊ လူရှင် ဖြစ်ရာဝယ်။
* ချစ်ခင်ဖွယ်ရာ၊ အဖြာဖြာ၊ မကြာရရှိမယ်။
* မြတ်နိုးဖွယ်ပင်၊ လှူဒါန်းလျှင်၊ လူရှင်ဖြစ်ရာဝယ်။
* မြတ်နိုးဖွယ်ရာ၊ အဖြာဖြာ၊ မကြာရရှိမယ်။

ယနေ့ဒကာ ဒကာမတွေဟာ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးစတဲ့ ချစ်ခင်နှစ်သက်ဖွယ်ရာ တကယ်ကောင်းတဲ့ သက်မဲ့ပစ္စည်းငွေ လှူဒါန်းကြတဲ့ အတွက်ကြောင့် ချစ်ခင်နှစ်သက်မြတ်နိုးဖွယ်ရာကောင်းတဲ့ သက်ရှိ သက်မဲ့ ဝတ္ထုပစ္စည်းအမျိုးမျိုးတွေ ယနေ့ကစ မဂ်ဖိုလ်နိဗ္ဗာန်ရမည့် ဘဝတိုင်အောင် စုံစုံလင်လင် ပြည့်ပြည့်ဝဝ ပေါပေါများများ ပေးလို့မကုန် လှူလို့မခန်းနိုင်အောင် ရရှိလိမ့်မယ်လို့ ယုံကြည်ချက်သဒ္ဓါ အသိဉာဏ်ပညာတွေ ထားရှိရမယ်နော်။

(မှန်လှပါဘုရား)

မဂ်ဖိုလ် နိဗ္ဗာန် ရရောက်သည်အထိ ဘဝဆက်တိုင်း ကောင်းအောင် ချစ်ချင်နှစ်သက် မြတ်နိုးဖွယ်ရာကောင်းတဲ့ သက်ရှိ သက်မဲ့ အရာတွေအားလုံး တွေကို တစ်စတစ်စ စွန့်နိုင်အောင် ကြိုးစား အားထုတ်နိုင်ကြပါစေဆိုတဲ့ အနေအားဖြင့် "ချစ်တာလှူမှ ချစ်တာရ" ဆိုတဲ့တရားတော်ကို ဟောကြား ခဲ့ပါတယ်။

ကဲ- တရားကဗျာ လင်္ကာလေး ရွတ်ဆိုပြီး တရားသိမ်းကြရအောင်၊ ညီညီညာညာ လက်အုပ်ချီလိုက်ကြ။

"ချစ်တာလှူမှ၊ ချစ်တာရဟာန်၊ သဘောမှန်ကို၊ ကေန်လူထို၊ သိရှိပိုလျှက်၊ မဂ်ဖိုလ်နိဗ္ဗာန်၊ ရရောက်ပြန်သည့်၊ ဘဝထိအောင်၊ အပြည့်မစောင်း၊ ဆက်တိုင်း ကောင်းဖို့၊ အကောင်းချစ်ဖွယ်၊ အသွယ်သွယ်ကို၊ တကယ်နေ့ညာ၊ မမေ့ကြဘဲ၊ သဒ္ဓါ ပညာ၊ ဒီနှစ်ဖြာဖြင့်၊ ကြည်သာညီညာ၊ ဒီကမ္ဘာ၌၊ မိုကာနေငြား၊ လူ အများတို့၊ တရားသ်ကာ၊ စေတနာသုံး၊ ဝေဆာပြုံး၍၊ မမုန်းခါခါ၊ အဘိပါဒက၊ နာမမည်ဟီး၊ စစ်သူကြီးသို့၊ အပြီးကြည်ညို၊ လှူဖို့လိုသည်၊ ထိုထိုငါသူ အမြဲတည်း"။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

ကဲ ကဲ့ "ချစ်တာလှူမှ ချစ်တာရ" ရေစက်ချအတိုလေး လိုက်ဆိုကြ

၁။ အရှင်ဘုရား တပည့်တော်တို့သည် "ချစ်တာလှူမှ ချစ်တာရ" ဟာန် သဘောမှန်ကို ကေန်နေ့ည သိရှိကြ၍ ဘုရားအမှူးရှိသော သံဃာတော်

http://www.dhammadownload.com



အရှင်မြတ်တို့အား (ဗုဒ္ဓပမုခ သံဃိက) အရှင်ဘုရားအား (ပုဂ္ဂလိက) ချစ်မြတ်နိုးဖွယ် တကယ်မှန်စွာ ကောင်းလှပါသော မွန်မြတ်လှသော ဤဆွမ်း၊ ဤသင်္ကန်း၊ ဤဆေး၊ ဤကျောင်းတို့ကို ဆက်ကပ်လှူဒါန်းကြပါကုန်၏။

၂။ ဤကောင်းမှုကြောင့် တပည့်တော်တို့သည် မဂ်ဖိုလ် နိဗ္ဗာန် ချမ်းသာမှန်ကို လျင်မြန်စွာ ရရောက်ပါလို တောင်းဆိုဆိုကြပါကုန်၏။ မဂ်ဖိုလ် နိဗ္ဗာန် ချမ်းသာမှန်ကို ကေန်ပိုင်ပိုင် မရမရောက်သေးသမျှကာလပတ်လုံး ဘဝသံသရာ ကျင်လည်ရာ၌ ချစ်မြတ်နိုးဖွယ် တကယ်မှန်စွာ ကောင်းလှပါသော ဘုရားစစ် ဘုရားမှန်၊ တရားစစ် တရားမှန်၊ သံဃာစစ် သံဃာမှန်၊ မိဘစစ် မိဘမှန်၊ ဆရာစစ် ဆရာမှန်၊ မိဆွေစစ် မိတ်ဆွေမှန်၊ တပည့်စစ် တပည့်မှန် ကေန်ပိုင်ပိုင် တွေ့ဆုံပေါင်းသင်းမှီဝဲနိုင်ကာ ချစ်ခင်နှစ်သက် မြတ်နိုးဖွယ်ရာကောင်းလှစွာသော သက်ရှိ သက်မဲ့ ကောင်းတဲ့ ဝတ္ထု အစုစု အဝဝ ပြည့်စုံရလို တောင်းဆုဆိုကြပါကုန်၏။

၃။ ယနေ့ ယခု ချစ်ခင်ဖွယ်ရာ အဖြာဖြာ အစုစု လှူဒါန်းရသော ဤကောင်းမှု၏ အဖို့ဘာဂ မှန်သမျှကို ချစ်ခင်ဖွယ်ရာ ကောင်းလှပါသည့် မိဘ ဆရာ ဉာတကာများ အစထား၍ ကိုယ်စောင့်နတ် အိမ်စောင့်နတ် ကျောင်းစောင့်နတ်အစရှိကုန်သော နတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့နှင့် လုံးစုံများစွာ သတ္တဝါတို့အား အမျှရစေ ပေးငှဝေသည့် ကောင်းမှု သာဓုခေါ်သော်။

အားလုံး အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော။

(သာဓု၊ သာဓု၊ သာဓု)

မှတ်ချက်။ ။ သက်ရှိ ချစ်ခင်နှစ်သက် မြတ်နိုးဖွယ်ရာ လှူဒါန်းပွဲတိုင်း အဓိကဟောပါ။ သက်မဲ့ဒါနပွဲတိုင်း၊ ပွဲမျိုးစုံ ဟောနိုင်ပါသည်။

*တရား အမည်ပေးရာ၌ "ကြိုက်တာလှူမှ ကြိုက်တာရ" တရားတော်၊ "ခင်တာလှူမှ ခင်တာရ" တရားတော်၊ "မြတ်နိုးဖွယ်လှူမှ မြတ်နိုးတာရ" တရားတော်စသည်ဖြင့် မိမိနှစ်သက်ရာအမည်ကို ပေးပြီး ဟောပြောပါ။

၁၁၊ ၆၊ ၉၆၊ အင်္ဂါနေ့။

ချစ်တာလှူမှ ချစ်တာရ တရားတော် ပြီးပြီ။

http://www.dhammadownload.com

စာရေးဆရာအကျော် မင်းဘူးဆရာတော် ဦးသြဘာသ၏
ဝေဿန္တရာဇာတ်တော်ကြီး နိဂုံးလာ ရတုကဗျာ အနုစာတို့ကို
တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# မိုးလည်းကောင်းစေ+ မြေကောင်းစေ တရားတော်

ယနေ့ မောင် (. . .)၊ မ (. . .) တို့ရဲ့ မင်္ဂလာပွဲမှာ ဟောကြားမည့် တရားတော်က "မိုးလည်းကောင်းစေ မြေကောင်းစေ" တရားတော်တဲ့။

ဘာတရားတဲ့လဲ။

(မိုးလည်းကောင်းစေ မြေကောင်းစေ တရားတော်ပါဘုရား)

ယနေ့ မင်္ဂလာဦး ဆွမ်းအထူးကပ်ပွဲမှာ အရေးကြီးတဲ့ တရားစကားလေးတွေ သေသေချာချာ နာယူမှတ်သားကြပါ။

တစ်သက်လုံး အတူနေ လက်တွဲကြရမှာဆိုတော့ အရေးကြီးပါတယ်။ ဒါကြောင့် မင်္ဂလာမောင်မယ်တွေ သေသေချာချာ နာယူကြပါလို့ ပြောနေတာပါ။

ကဲ– ဝေဿန္တရာဇာတ်တော်ကြီးရဲ့ နိဂုံးမှာ စာရေးဆရာအကျော် မင်းဘူးဆရာတော် ဦးသြဘာသ ရေးစပ်သီကုံးထားတဲ့ ရတုကဗျာ အနုစာလေးနဲ့ ဟောကြ နာကြရအောင်

"လင်နှင့် မယား၊ ဤနှစ်ပါးတွင်၊ လင်ကား မေဃ၊ ဒါရလယ်မြေ၊ ပုံနှုန်းချေ၏" တဲ့။

လင်နှင့်မယားတို့တွင် လင်ယောကျ်ားက မိုးနဲ့တူတယ်တဲ့။ ယနေ့ မင်္ဂလာမောင်ဖြစ်တဲ့ မောင်(. . .) က ဘာနဲ့တူသလဲ။

(မိုးနဲ့တူပါတယ်ဘုရား)

အေး ဟုတ်ပြီ။ မင်္ဂလာမောင်(. . .) သေသေချာချာ မှတ်ထားနော်။

(မှန်လှပါဘုရား)

မင်္ဂလာမယ်ဖြစ်တဲ့ မ(. . .)က လယ်မြေနဲ့ တူတယ်တဲ့။ မင်္ဂလာမယ် မ(. . .) က ဘာနဲ့တူသတဲ့လဲ။

(လယ်ယာမြေနဲ့တူပါတယ်ဘုရား)

http://www.dhammadownload.com



ကဲ– ပိုပြီးမှတ်မိအောင် ရေးစပ်ထားတဲ့ လင်္ကာလေး လိုက်ဆိုပါဦး။

*မင်္ဂလာမောင်ဟာ၊ မိုးနဲ့သာ၊ ပမာတူလှသည်။

*မင်္ဂလာမယ်ဟာ၊ လယ်မြေယာ၊ ပမာတူလှသည်။

မင်းဘူးဆရာတော် ဦးသြဘာသက ဆက်ပြီး

"မိုး မြေ နှစ်ပါး ကောင်းတုံကြားမှ၊ စပါးနှံသီး၊ သြဇာဖြိုးသို့" တဲ့။

တောင်သူလယ်သမားတွေ ယာလုပ်ငန်း၊ ဥယျာဉ်လုပ်ငန်း၊ ခြံလုပ်ငန်းတွေ လုပ်တဲ့အခါမှာ မိုးကလည်းကောင်းမှ လယ်မြေ၊ ဥယျာဉ်မြေ၊ ခြံမြေတွေကလည်း ကောင်းမှ စိုက်ပျိုးလိုက်တဲ့စပါးစတဲ့ သီးနှံတွေဟာ အဆီသြဇာ ပြည့်ပြည့်ဝဝနဲ့ အထွက်တိုးနိုင်တယ်၊ အောင်မြင်နိုင်တယ်၊ ကောင်းကျိုးတွေပိုပြီးတော့ ရနိုင်တယ် တဲ့။

တောင်သူလယ်သမားတွေ အဆင်ပြေဖို့အတွက် မိုးကောင်းဖို့လိုတယ်၊ လယ်ယာမြေကြီး ကောင်းဖို့လိုတယ်နော်။

(မှန်လှပါဘုရား)

မိုးကလည်းကောင်း၊ လယ်ယာမြေကြီးကလည်းကောင်းရင် စပါးစတဲ့ သီးနှံတွေ အဆီသြဇာတွေ ပြည့်ပြည့်ဝဝနဲ့ အထွက်မတိုးနိုင်ဘူးလား။

(တိုးနိုင်ပါတယ်ဘုရား)

ကဲ– လင်္ကာလေးတွေလိုက်ဆိုကြ

*မိုးမြေနှစ်ပါး၊ ကောင်းတုံကြား၊ စပါးသီးနှံတိုး။

ဒီတော့ တရားနာပရိသတ် စပါးစတဲ့ သီးနှံတွေ အထွက်တိုးအောင် မိုးကောင်းနေရုံနဲ့ ပြီးပါ့မလား။

(မပြီးပါဘူးဘုရား)

လယ်ယာမြေကောင်းနေရုံနဲ့ကော။

(မပြီးနိုင်ပါဘူးဘုရား)

မိုးကတော့ကောင်းတယ်၊ လယ်မြေက မကောင်းဘူး။ လယ်ယာမြေက တော့ ကောင်းတယ်၊ မိုးကမကောင်းဘူးဆိုရင် အထွက်မတိုးနိုင်ဘူးနော်။

(မှန်လှပါတယ်ဘုရား)

မိုးကော မြေကော နှစ်ခုလုံးကောင်းဖို့ မလိုဘူးလား။

(လိုပါတယ်ဘုရား)

http://www.dhammadownload.com



ဒီတော့ တောင်သူလယ်သမားတွေဟာ မိုးလည်းကောင်းပါစေ၊ မြေလည်း ကောင်းပါစေလို့ အမြဲဆုတောင်းမနေသင့်ဘူးလား။

(ဆုတောင်းနေသင့်ပါတယ် ဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်က ဘာတရားတဲ့လဲ။

(မိုးလည်းကောင်းစေ မြေကောင်းစေ တရားတော်ပါဘုရား)

ဦးပဥ္စင်းတို့နဲ့ တရားနာနေကြတဲ့ ဒကာ ဒကာမတွေကလည်း တောင်သူလယ်သမားတွေ အဆင်ပြေအောင်၊ ဆန်ဈေးတွေ မကြီးအောင် ဝိုင်းပြီးတော့ ဆုတောင်းပေးရမယ်နော်။

(မှန်လှပါဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

*မိုးလည်းကောင်းစေ၊ မြေကောင်းစေ၊ ဆုချွေဆုတောင်းပါ။

*လယ်သမားတွေ၊ ပြေလည်စေ၊ ဆုချွေဆုတောင်းပါ။

*မိုးလည်းကောင်းစေ၊ မြေကောင်းစေ၊ ဟောဝေ တရားပါ။

*မိုးလည်းကောင်းအောင်၊ မြေကောင်းအောင်၊ ခုနှောင် ဆုတောင်းပါ။

*မိုးလည်းကောင်းငြား၊ မြေကောင်းငြား၊ စပါးပိုထွက်မှာ။

ကဲ– ရှေ့ဆက်ကြဦးစို့

"ထုံးနည်းပုံမှီ၊ နှစ်ဦးညီလျက်၊ ထိုဤလယ်ယာ၊ ဥစ္စာပစ္စည်း၊ ဆည်းပူးတိုင်းပင်၊ သတင်းရှင်၍၊ ချစ်ခင်ပေါင်းကြပါစေသော်" တဲ့။

စာရေးဆရာအကျော် မင်းဘူးဆရာတော် ဦးသြဘာသရဲ့ ရတုကဗျာ အနုစာတွေဟာ တော်တော်ကောင်းတယ်နော်။

(မှန်လှပါဘုရား)

တောင်သူလယ်သမားတွေ အဆင်ပြေဖို့အတွက် မိုးလည်းကောင်း၊ မြေလည်းကောင်းဖို့ လိုသလို မင်္ဂလာဦးဆွမ်းအထူးတွေ ကပ်နေကြတဲ့ ဇနီးမောင်နှံ လင်မယားနှစ်ယောက် အဆင်ပြေအောင် မိုးနဲ့တူတဲ့ လင်ယောကျ်ားကလည်း ကောင်းဖို့လိုတယ်။ လယ်ယာမြေနဲ့တူတဲ့ ဇနီးမယားလည်း ကောင်းဖို့မလိုဘူးလား။

(လိုပါတယ်ဘုရား)

မိုးနဲ့တူတဲ့လင်၊ လယ်ယာမြေနဲ့တူတဲ့ ဇနီးမယား နှစ်ဦးလုံး အကောင်းတွေ

http://www.dhammadownload.com



ညီညွတ်နေပြီဆိုရင် စီးပွားဥစ္စာ ရတနာရွှေငွေ အထွေထွေဟာ တစ်နေ့တခြား တိုးတက်များပြားပြီးတော့ လာမှာမလွဲဘူးနော်။

(မှန်လှပါဘုရား)

မိုးနဲ့မြေကောင်းရင် စပါးသီးနှံတွေ အထွက်တိုးမယ်၊ လင်နဲ့မယား လောကရေးမှာပဲဖြစ်ဖြစ်၊ ဓမ္မရေးမှာပဲဖြစ်ဖြစ် ကောင်းတဲ့အရာတွေမှာ ညီညွတ်ရင် စီးပွားဥစ္စာတွေ တိုးတက်မယ်။

အကောင်းတွေ ညီညွတ်နေမယ်ဆိုတဲ့နေရာမှာ လောကရေးအနေနဲ့ မင်္ဂလာမောင်က စီးပွားဥစ္စာ အရှာအဖွေကောင်းရမယ်။ မင်္ဂလာမယ်က လင်ယောကျ်ား ရှာဖွေပေးထားတဲ့ စီးပွားဥစ္စာတွေကို လုံခြုံအောင်၊ မပျောက်မပျက်အောင်၊ မဖိတ်မစင်အောင် မသုံးသင့်တာ မသုံးဘဲ မဖြုန်းသင့်တာ မဖြုန်းဘဲ အထိန်းအသိမ်း အစောင့်အရှောက်ကောင်းရမယ်လို့ ဆိုတာပါပဲ။

ဓမ္မရေးအနေနဲ့

၁။ သမသဒ္ဓါ (ယုံကြည်ချက် တူရမယ်၊ ယုံကြည်ချက်အကောင်း ညီညွတ်ရမယ်။ ရတနာသုံးပါးနဲ့ ကံ ကံရဲ့အကျိုးတရားတွေအပေါ်မှာ နှစ်ဦးလုံး ယုံကြည်ချက် တူရမယ်လို့ ဆိုလိုတာပါပဲ။)

အမျိုးသားက ယုံကြည်တယ်၊ အမျိုးသမီးက မယုံကြည်ဘူး။ အမျိုးသမီးကတော့ ယုံကြည်တယ်၊ အမျိုးသားက မယုံကြည်ဘူးဆိုရင် ဓမ္မရေးရာ အကောင်းတွေ မညီညွတ်ဘူးလို့ ပြောရမှာပါပဲ။

လောကရေးမှာပဲဖြစ်ဖြစ် ဓမ္မရေးမှာပဲဖြစ်ဖြစ် ကောင်းတဲ့အတရာတွေမှာ တူညီခြင်း၊ ညီညွတ်ခြင်းဟာ ကြီးပွားကြောင်း တိုးတက်ကြောင်းလို့ မှတ်ပါ။

၂။ သမသီလာ (ကိုယ်ကျင့်သီလ တူညီရမယ်၊ အိမ်ထောင်ရေးလောကမှာ သီလတရားဟာ အင်မန် အရေးကြီးပါတယ်။ ဧနီးမောင်နှံနှစ်ဦးလုံး ငါးပါးသီလ လုံခြုံအောင်စောင့်ထိန်းပြီးတော့ အခါကြီး ရက်ကြီးတွေမှာ ဥပုသ်နေ့တွေမှာ နှစ်ဦးလုံး ရှစ်ပါးသီလတွေ အတူစောင့်သုံးသင့်ပါတယ်။)

၃။ သမစာဂါ (စွန့်ကြဲပေးကမ်း လှူဒါန်းမှုမှာ နှစ်ဦးလုံးလည်း တူညီရမယ်။ မယားလှူတာကို လင်ကသဘောကျရမယ်။ သဘောတူရမယ်။ မယားလှူတာကို လင်က သဘောမကျရင်၊ သဘောမတူရင် လင်ယောကျ်ား ရှာပေးထားတဲ့ပစ္စည်းတွေနဲ့ လှူပေမယ့် လင်ယောကျ်ားမှာ မယားလှူတဲ့ ဒါနနဲ့ အကျိုးတွေ မရတော့ဘူးတဲ့။ ကိုယ်ရှာဖွေထားတာတွေနဲ့ လှူတာ

http://www.dhammadownload.com



ကိုယ်မရတော့ဘူးဆိုတော့ ဘယ်လောက်ရင်နာစရာ ကောင်းသလဲဆိုတာ စဉ်းစားသာ ကြည့်ကြပေတော့။ အဲဒါထက် ရင်နာစရာကောင်းတာ လောကမှာ မရှိတော့ဘူးလို့ ပြောရမှာပဲ။ နောက်ပြီးတော့ လင်လျှာတာကို လည်း မယားကသဘောမကျရင် သဘောမတူရင် မယား မရဘူးတဲ့။ ဒါကြောင့် လင်လှူဒါန်းတာကိုလည်း မယားက သဘောကျရမယ်၊ သဘောတူရမယ်။ ဒါနတူရမယ်လို့ မှတ်ကြပါ။ စာဂတူရမယ်လို့ မှတ်ကြပါ။ စာဂနဲ့ ဒါန အတူတူပါပဲ။ အမည်လေးပဲ ကွဲပါတယ်။ စာဂ တူအောင် ဒါနတူအောင် ကြိုးစားပါ။)

အထက်က ပြောခဲ့တဲ့အကြောင်းအရာတွေကို မာန်လည်ဆရာတော်က မဃဒေဝလင်္ကာသစ်ကြီးမှာ

"အကုသိုလ်နှင့်၊ ကုသိုလ် နှစ်ပါး၊ ကံတရားကား၊ မယားပြုရာ၊ စိတ် မပါလျှင်၊ လင်မှာမရ၊ လင်ပြုကလည်း၊ မိန်းမ အိမ်သူ၊ စိတ်မတူသော်၊ မှတ်ယူမှန်စွာ၊ မရရာဘူး" လို့ စပ်ဆိုထားတော်မူပါတယ်။

အကုသိုလ်လုပ်ငန်းတွေမှာတော့ မတူကြနဲ့၊ ကုသိုလ်လုပ်ငန်းတွေမှာတော့ လင်နဲ့မယား တူညီအောင် ကြိုးစားရမယ်နော်။

(မှန်လှပါဘုရား)

၄။ သမပညာ (လောကီမှာပဲဖြစ်ဖြစ်၊ လောကုတ္တရာမှာပဲဖြစ်ဖြစ်၊ အသိဉာဏ် ပညာတူညီအောင် ကြိုးစားပါ) လောကဓမ္မ နှစ်ဌာနလုံးမှာ အကောင်းတွေ ကောင်းတဲ့အရာတွေမှာ ညီညွတ်ရင် လင်နဲ့မယား စီးပွား တိုးမယ်တဲ့။

လင်နဲ့မယား ညီညွတ်နေရင် မိမိတို့လုပ်ကိုင် ဆောင်ရွက်နေတဲ့ စီးပွားရေး လုပ်ငန်းတွေ လုပ်တိုင်း အဆင်ပြေတယ်။ ကြံသမျှတွေ အောင်မြင်ကာ ဆောင် သမျှတွေ ပြီးမြောက်သွားတယ်။ ဒါကြောင့် မိုးနဲ့တူတဲ့ မင်္ဂလာမောင်လည်း ကောင်းပါစေ။ လယ်ယာမြေနဲ့တူတဲ့ မင်္ဂလာမယ်လည်း ကောင်းပါစေလို့ ဆုပေး ဆုတောင်းပြီးတော့ "မိုးလည်းကောင်းစေ၊ မြေကောင်းစေ" ဆိုတဲ့တရားတော်ကို ဟောကြားခဲ့ပါတယ်။

ဒီတော့ မိုးနဲ့မြေကောင်းရင် ဘာတိုးမယ်တဲ့လဲ။

(စပါးသီးနှံတွေ အထွက်တိုးမှာပါဘုရား)

လင်နဲ့မယားကောင်းရင်

(စီးပွားဥစ္စာ တိုးတက်မှာပါဘုရား)

http://www.dhammadownload.com



ကဲ– လက်ာလေးတွေလိုက်ဆိုကြ

*မိုးမြေနှစ်ပါး၊ ကောင်းတဲ့ပြား၊ စပါးသီးနှံတိုး။

*လင်နဲ့မယား၊ ကောင်းတဲ့ပြား၊ စီးပွားဥစ္စာတိုး။

*အရှာလည်းကောင်း၊ အထိန်းကောင်း၊ အကောင်းတူမှတိုး။

ဒီနေ့ မင်္ဂလာတရားနာယူနေကြတဲ့ မင်္ဂလာမောင်မယ်တွေ စီးပွားဥစ္စာတွေ မတိုးချင်ဘူလား။

(တိုးချင်ပါတယ်ဘုရား)

တိုးချင်ရင် မင်္ဂလာမောင်လည်း ကောင်းရမယ်၊ မင်္ဂလာမယ်လည်း ကောင်းရမယ်နော်။

(မှန်လှပါဘုရား)

မင်္ဂလာမောင်လည်း ကောင်းပါစေ၊ မင်္ဂလာမယ်လည်း ကောင်းပါစေလို့ တရားတော်ရဲ့အမည်ကို မှတ်လိုက မှတ်နိုင်ပါတယ်။

ဦးပဉ္ဇင်းတို့အနေနဲ့ မင်္ဂလာဦးဆွမ်း အထူးကပ်ပွဲမှာ "မင်္ဂလာမောင်လည်း အရှာအဖွေကောင်းပါစေ၊ မိုးတွေများများ ရှာနိုင်ပါစေ၊ မင်္ဂလာမယ်လည်း အထိန်းအသိမ်း အစောင့်အရှောက်ကောင်းပါစေ၊ လယ်ယာမြေကြီး ကောင်းပါစေ" လို့ ရာသက်ပန် အဆင်ပြေအောင် ဆုတောင်းပေးခဲ့ပါတယ်။

ယနေ့ဟောခဲ့တဲ့ အကောင်းတူညီရေး တရားတော်တွေကိုလည်း လိုက်နာကျင့်သုံးကြပြီး ရွှင်ရွှင်ပြုံးပြုံး မြဲမြဲတဲ့ သာယာငြိမ်းချမ်းအေးမြတဲ့ ဇနီးမောင်နှံတွေ ဖြစ်ကြပါစေလို့ ထပ်ဆင့်ဆုတောင်းပေးပါတယ်။

ကဲ– လက်လာလေးတွေ လိုက်ဆိုကြ

*မောင်လည်းကောင်းစေ၊ မယ်ကောင်းစေ၊ ဆုချွေ ဆုတောင်းလွှာ။

*မောင်မယ်နှစ်ထွေ၊ ပြေလည်စေ၊ ဆုချွေဆုတောင်းလွှာ။

*မောင်လည်းကောင်းအောင်၊ မယ်ကောင်းအောင်၊

ခုနှောင် ဆုတောင်းလွှာ။

*မောင်လည်းကောင်းပြား၊ မယ်ကောင်းပြား၊ စီးပွားတိုးတက်မှာ။

*မောင်လည်းကောင်းစေ၊ မယ်ကောင်းစေ၊ ဟောဝေတရားပါ။

စီးပွားရေးတွေ အဆင်ပြေနေပြီဆိုရင် လင်နဲ့မယားနှစ်ဦးလုံး တစ်ဦးမျက်နှာကို တစ်ဦးက ကြည့်လိုက်တိုင်း ကြည့်လိုက်တိုင်း အပြုံးအရွှင်တွေကိုသာ တွေ့မြင်ရမှာ ဖြစ်ပါတယ်။ လင်ရယ် မယားရယ်လို့ ဖြစ်လာတဲ့အခါမှာ ပြုံးပြုံး

http://www.dhammadownload.com



ရှင်ရှင်၊ ချစ်ချစ်ခင်ခင်၊ ကြင်ကြင်နာနာ ပေါင်းသင်းနေထိုင်နိုင်ကြပါစေလို့ မင်းဘူးဆရာတော်က "သတင်းရှင်၍၊ ချစ်ခင်ပေါင်းကြပါစေသော်" ဆိုတဲ့ ရတုကဗျာ အနုစာပိုဒ်နဲ့ ဆုတောင်းပေးထားပါတယ်။

လင်ယောကျ်ား အရှာအဖွေမကောင်းရင် ဇနီးမယားက "ရှင် မိုးမကောင်းဘူး" လို့ ပြောရမယ်။ ဇနီးမယား အထိန်းအသိမ်းမကောင်းရင် လင်ယောကျ်ားက "ရှင်မ မင်းလယ်ယာမြေ မကောင်းဘူး" လို့ အပြန်အလှန် တစ်ဦးနဲ့တစ်ဦး သတိပေးရမယ်နော်။

(မှန်လှပါဘုရား)

ကဲ- ဒီနေ့ ဟောလိုက်တဲ့တရားတော်က ဘာတရားတဲ့လဲ။

(မိုးလည်းကောင်းစေ၊ မြေကောင်းစေ တရားတော်ပါဘုရား)

ကဲ- တရားဟောလိုက်တာ တော်တော်လေး ရှည်သွားပြီ။ "သောကဝေးစေ" ဆိုတဲ့ အနုကဗျာ အနုစာနဲ့ တရားသိမ်းကြရအောင်၊ အားလုံး ညီညီညာညာ လက်အုပ်ချီကြ။

"တစ်ဦးတစ်ဦး၊ မေတ္တာကူး၍၊ ကြည်နူးတွေ့ဆုံ၊ ဤလူ့ဘုံ၌၊ ကြုံကြိုက်ချစ်ညား၊ မောင်နှမများတို့၊ သိစေဖို့ရာ၊ ပို့ကဗျာဖြင့်၊ တို့လာပင့်ကာ၊ တို့ဟောမှာခဲ့၊ တို့ရဲ့တရား၊ တို့စကားကို၊ ချိုပျားအသွင်၊ ပိုနားဝင်၍၊ အစဉ်နေ့ညာ၊ ကျင့်သုံးကြသော်၊ ဘဝခုကောင်း၊ နောင်လည်းကောင်းလိမ့်၊ အကောင်းအချစ်၊ အကောင်းမေတ္တာ၊ ကောင်းသစ္စာနဲ့၊ သဒ္ဓါအကောင်း၊ သီလကောင်းလျက်၊ အကောင်းစာဂ၊ ကောင်းလှပညာ၊ တူကောင်းပါစေ၊ တောင်းဆုချွေ၍၊ တို့လေမစောင်း၊ မိုးလည်းကောင်းစေ၊ မြေကောင်းစေခေါ်၊ တရားတော်ရေအေး၊ ဟောပြပေးတယ်၊ သောကဝေးစေ အမြဲတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

ကဲ- "မိုးလည်းကောင်းစေ၊ မြေကောင်းစေ" ဆိုတဲ့ ရေစက်ချအတိုလေး လိုက်ဆိုကြ။

၁။ အရှင်ဘုရား၊ တပည့်တော်တို့သည် မင်္ဂလာအမျိုးမျိုး ကောင်းကျိုးအဖြာဖြာ တိုးတက်ပါစေခြင်းအကျိုးငှာ မင်္ဂလာဦး အချိန်ထူး၌ ဘုရားအမှူးရှိကြကုန်သော သံဃာတော်အရှင်မြတ်တို့အား ဤမင်္ဂလာမုန့်ဆွမ်း (ဤမင်္ဂလာဆွမ်း) ကို ဆက်ကပ်ကြပါကုန်၏။

http://www.dhammadownload.com



၂။ မင်္ဂလာဦးဆွမ်း အထူးလှူရ ဤပုညကြောင့် အေးမြပေသည် နိဗ္ဗာန်ပြည်သို့ တူညီရောက်လို တောင်းဆုဆိုကြပါကုန်၏။

နိဗ္ဗာန်မရ ဘဝသံသရာ ကျင်လည်ရာ၌ ပမာမိုးမြေ တူလှပေသား လင်မယားတို့ ဖြစ်ကြားဆုံလာ သဒ္ဓါ+ သီလ၊ စာဂ+ ပညာ၊ လေးဖြာတရား၊ တူညီထားလျက်၊ မမှားမစောင်း၊ မိုးလည်းကောင်းအောင်၊ မြေကောင်းအောင်ပင် မေတ္တာဝင်၍ တူယှဉ်ကျင့်ကာ အဖြာဖြာ စီးပွားတိုးတက်များလို၊ တောင်းဆုဆိုကြပါကုန်၏။

၃။ မင်္ဂလာဦး၊ ဆွမ်းအထူးလှူရ၊ ဤပုည၏ ဘာဂဟုဆို အဖို့ကိုလည်း ထိုထိုများစွာ၊ ဆရာမိဘ၊ မိတ္တဆွေညာ အစဖြာသား သတ္တဝါအများတို့အား အမျှရစေ (အတူရစေ) ပေးဝေသည်၊ကောင်းပေ သာဓုခေါ်စေသော်။

အားလုံး အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့။

(သာဓု၊ သာဓု၊ သာဓု)

မှတ်ချက်။ ။ မင်္ဂလာဆွမ်းကပ်ပွဲတိုင်း၊ ငွေရတု၊ ရွှေရတု၊ စေသော မင်္ဂလာအထိမ်းအမှတ် ကုသိုလ်ပြုပွဲတိုင်း ဟောကြားနိုင်ပါသည်။

* တရားအမည်ပေးရာ၌ "မောင်လည်းကောင်းစေ၊ မယ်ကောင်းစေ" တရားတော်၊ "အမျိုးသားလည်း ကောင်းစေ၊ အမျိုးသမီးလည်းကောင်းစေ" တရားတော်စသည်ဖြင့် အမည်ပေးကာ ဟောပြောပါ။

၁၂၊ ၆၊ ၉၆၊ ည ၁၀ နာရီ။

မိုးလည်းကောင်းစေ မြေကောင်းစေ တရားတော် ပြီးပြီ။

http://www.dhammadownload.com

ခုဒ္ဒကနိကာယ်၊ ထေရဂါထာပါဠိတော်၊ ဒွါဒသကနိပါတ်၊
သီလဝတ္ထေရဂါထာ၌ လာရှိသည့် ဂါထာတစ်ပုဒ်ကို တန်ဆာဆင်၍
ဟောကြား ပြောကြားအပ်သော

# သီလစောင့်မှ+ ချမ်းသာရ တရားတော်

ယနေ့ ဥပုသ် သီလစောင့်သုံးနေကြတဲ့ ဒကာ ဒကာမတွေကို ဟောကြားမည့်တရားတော်က "သီလစောင့်မှ ချမ်းသာရ" တရားတော်တဲ့။ ဘာတရားတဲ့လဲ။

(သီလစောင့်မှ ချမ်းသာရတရားတော်ပါ ဘုရား)

ဒကာ ဒကာမတွေ မချမ်းသာချင်ကြဘူးလား။

(ချမ်းသာချင်ကြပါတယ်ဘုရား)

အေး ဟုတ်ပြီ၊ ချမ်းသာချင်ရင် သီလစောင့်ရမယ်နော်။

(မှန်လှပါဘုရား)

ကဲ- စပြီးတော့ ဟောကြ နာကြရအောင်။

သီလံ ရက္ခေယျ မေဓာဝီ၊ ပတ္ထယာနော တယော သုခေ။
ပသံသံ ဝိတ္တိလာဘဉ္စ၊ ပေစ္စ သဂ္ဂေ ပမောဒနံ။

(ထေရဂါထာပါဠိတော် ၁၊ ၃၀၉)

(ဣဓလောကေ- အတည်ပြောပြ ဤလောက၌) ပသံသဉ္စ- ပညာရှိအပေါင်း သူတော်ကောင်းတို့ နှစ်ထောင်းအားရ သဘောကျ၍ နေ့ညမယွင်း ချီးမွမ်းခြင်းကိုလည်းကောင်း၊ ဝိတ္တိလာဘဉ္စ- သီလရှိသူ မမေ့မူကြောင့်၊ မှတ်ယူများပြား စီးပွားဥစ္စာ ရတနာ ရွှေငွေ အထွေထွေ အဝဝ တိုးပွားရရှိခြင်းကိုလည်းကောင်း၊ ပေစ္စ- တမလွန်ဟု ခေါ်တွင်ပြုရ နောက်ဘဝ၌၊ သဂ္ဂေ- နတ်ပြည်လောက ဘုံဌာန၌၊ ပမောဒနဉ္စ- အလိုရှိအပ် များမြတ်စုံစုံ ကာမဂုဏ်တို့အကုန်ပြည့်ဝ ဝမ်းမြောက်ဝမ်းသာ ရခြင်းကိုလည်းကောင်း၊ ဣတိ- ဤသို့၊ တယောသုခေ- မှန်းကာရှုရှိုး ချမ်းသာမှုသုံးမျိုးတို့ကို၊ ပတ္ထယာနော- နေ့နေ့ညည လိုလားတောင့်တသော၊ မေဓာဝီ- သီလဂုဏ်အင် စုံအလင်သိ ပညာရှိ

http://www.dhammadownload.com



သည်၊ သီလံ– ငါးပါး ရှစ်ပါး အစထားသည့် များပြားရှိတောင်း သီလကောင်းကို၊ ရက္ခေယျ– ယနေ့ကစ နိဗ္ဗာန်ရအောင် နေ့ညခါခါ စောင့်ထိန်း စောင့်ရှောက်ရာသတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

ချမ်းသာသုံးမျိုးကို ရရှိချင်ရင် ချမ်းသာသုံးမျိုးကို အလိုရှိရင် သီလစောင့်ပါတဲ့။

ဘာသီလတွေလဲဆိုတော့ လူဆိုရင် လူနဲ့ဆိုင်ရာ သီလငါးပါး၊ ရှစ်ပါးသီလ၊ ကိုရင်တွေ ရဟန်းတွေဆိုရင် ရဟန်းတွေရဲ့ဆိုင်ရာ ကျင့်ဝတ်သီလတွေပါပဲ။

အဲဒီ ချမ်းသာသုံးမျိုးက ဘာတွေလဲဆိုတော့

၁။ လောကမှာ ပညာရှိတွေ ချီးမွမ်းခံရခြင်း။

၂။ သီလရှိတဲ့သူဟာ မမေ့ မလျော့ မပေါ့မဆတဲ့အတွက်ကြောင့် ရထူးဂုဏ်သိန် စည်းစိမ်ဥစ္စာ ရတနာရွှေငွေ အထွေထွေ တိုးပွားရရှိခြင်း။

၃။ နောင်ဘဝ နောက်ကာလမှာ နတ်ပြည်လောက ဘုံဌာနဋ္ဌ အလိုရှိအပ်နှစ်သက်မြတ်နိုးအပ်တဲ့ ကာမဂုဏ်အာရုံရွှေ လိုတိုင်းတ၊ တတိုင်းလည်းရရှိပြီးတော့ ဝမ်းမြောက်ဝမ်းသာရခြင်းတို့ပါပဲ။

သီလစောင့်ရှောက်တဲ့အတွက် ယခုဘဝမှာ ချမ်းသာနှစ်မျိုးရရှိပြီးတော့ နောက်ဘဝမှာတော့ နတ်ပြည်ရောက်ကာ ဝမ်းမြောက်ရခြင်းဆိုတဲ့ ချမ်းသာတစ်မျိုးကို ရရှိပါတယ်။

ဒီတော့ တရားနာပရိသတ်၊ ပညာရှိတွေရဲ့ ချီးမွမ်းတာ ခံချင်ရင် စီးပွားဥစ္စာတွေ တိုးတက်ချက်ရင်၊ နတ်ပြည်ရောက်ပြီးတော့ ဝမ်းမြောက်ဝမ်းသာမှုရချင်ရင် ဘာလုပ်ရမတဲ့လဲ။

(သီလစောင့်ရမှာပါဘုရား)

သီလစောင့်ရင် ချမ်းသာဘယ်နှစ်မျိုး ရရှိသတဲ့လဲ။

(သုံးမျိုး ရရှိပါတယ်ဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်က ဘာတရားတဲ့လဲ။

(သီလစောင့်မှ ချမ်းသာရ တရားတော်ပါဘုရား)

ဒီနေ့ ဥပုသ်သီလစောင့်သုံးနေကြတဲ့ ဒကာ ဒကာမတွေဟာ ဘာလုပ်နေကြတာလဲလို့ သူများတွေကမေးရင် ချမ်းသာရအောင် လုပ်နေကြတာ၊ ချမ်းသာရအောင် ဥပုသ်စောင့်နေကြတာလို့ အဖြေပေးရမယ်နော်။

(မှန်လှပါဘုရား)

http://www.dhammadownload.com



သီလမစောင့်ရင်၊ သီလမလုံခြုံရင်၊ သီလမရှိရင် ပညာရှိသူတော်ကောင်းတွေက ချီးမွမ်းပါ့မလား။

(မချီးမွမ်းပါဘူးဘုရား)

သီလရှိတဲ့သူဟာ၊ သီလစောင့်တဲ့သူဟာ လောကရေး၊ ဓမ္မရေးဆိုတဲ့ အရေးနှစ်ပါးလုံးမှာ မမေ့မလျော့ မပေါ့မဆတဲ့အတွက်ကြောင့် စီးပွားဥစ္စာတွေ တိုးတက်တယ်၊ ရရှိတယ်။

ရာထူးတက်ချင်ရင် စီးပွားဥစ္စာတွေ တိုးတက်ချင်ရင် သီလမမေ့နဲ့၊ သီလ ထိန်းသိမ်းစောင့်ရှောက်ပါ။ သီလလုံခြုံအောင် လုပ်ပါ။ သီလမစောင့်ရင် ရာထူးတွေ၊ စီးပွားဥစ္စာတွေ တိုးတက်နိုင်ပါ့မလား။

(မတိုးတက်နိုင်ပါဘူးဘုရား)

နတ်ပြည်ရောက်ချင်ရင် နတ်ပြည်ရောက်ပြီးတော့ ကာမဂုဏ်အာရုံတွေ ပြည့်ပြည့်စုံစုံ ရရှိပြီးတော့ ဝမ်းသာချင်ရင်လည်း သီလကိုပဲ အမြဲလုံခြုံအောင် စောင့်ရမှာပဲနော်။

(မှန်လှပါဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

* ချီးမွမ်းခံချင်၊ သီလပင်၊ အစဉ်စောင့်ရှောက်ပါ။
* ရာထူးတက်ချင်၊ သီလပင်၊ အစဉ်စောင့်ရှောက်ပါ။
* စီးပွားတက်ချင်၊ သီလပင်၊ အစဉ်စောင့်ရှောက်ပါ။
* စီးပွားရချင်၊ သီလပင်၊ အစဉ် စောင့်ထိန်းပါ။
* နတ်ပြည်ရောက်ချင်၊ သီလပင်၊ အစဉ်စောင့်ကြပါ။
* ဝမ်းမြောက်ချင်ရင်၊ သီလပင်၊ အစဉ်စောင့်ကြပါ။
* ချမ်းသာရချင်၊ သီလပင်၊ အစဉ်စောင့်ကြပါ။
* သီလစောင့်မှ၊ ချမ်းသာရ၊ ဟောပြ ဒေသနာ။

ယနေ့ ဥပုသ်သီလ စောင့်သုံးနေကြတဲ့ ဒကာ ဒကာမတွေဟာ ချမ်းသာသုံးပါး လိုလားတဲ့သူတွေပါပဲ။ ယနေ့လိုပဲ နောက်လာမည့် ဥပုသ်နေ့တွေမှာလည်း ချမ်းသာသုံးပါး လိုလားပြီးတော့ ဥပုသ်သီတင်း မပျင်းမပျော့ပျော့ စောင့်သုံးတော်မူနိုင်ကြပါစေဆိုတဲ့ အနေအားဖြင့် ဦးပဥ္ဇင်းသည် "သီလစောင့်မှ ချမ်းသာရ" ဆိုတဲ့တရားတော်ကို ဟောပြခဲ့ပါတယ်။

ကဲ– "ချမ်းစေ အေးစေ" ဆိုတဲ့ အနုကဗျာ အနုစာနဲ့ တရားသိမ်းကြရအောင်၊ ညီညီညာညာ လက်အုပ်ချီကြ

http://www.dhammadownload.com



သီလစောင့်မှ၊ ချမ်းသာရဟန်၊ သဘောမှန်ကို၊ ကေန်နေ့ည၊ သိရှိကြလျက်၊ သီလတရား၊ မမေ့ကြားဘဲ၊ လည်မှာဆွဲ၍၊ အမြဲတစေ၊ စောင့်ရှောက်နေကာ၊ ယခုခါနှင့်၊ နောင်ခါ နောက်နောင်း၊ ချမ်းသာကောင်းတွေ၊ ရပါစေကြောင်း၊ ဆုမွန်တောင်းလို့၊ အကောင်းဖြော့်ဖြော့်၊ သီလစောင့်မှ၊ ချမ်းသာရခေါ်၊ တရားတော်ရေချမ်း၊ တရားပန်းတွေ၊ ဖျန်းပေးဝေတယ်၊ ချမ်းစေ အေးစေအမြဲတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

'ကဲ– သီလစောင့်မှ ချမ်းသာရ' ဆိုတဲ့ ရေစက်ချအတိုလေး လိုက်ဆိုကြ။

၁။ အရှင်ဘုရား၊ တပည့်တော်တို့သည် သီလစောင့်မှ ချမ်းသာရဟန် သဘောမှန်ကို ကေန်နေ့ည သိရှိကြ၍ ဥပုသ်နေ့၌ ရှစ်ပါးသီလ ခံယူကျင့်သုံးကြကာ သံဃာတော်အရှင်မြတ်တို့အား ဆွမ်းအစရှိသော လှူဖွယ်ဝတ္ထု အစုစုတို့ကို ဆက်ကပ်လှူဒါန်းကြပါကုန်၏။

၂။ ယနေ့ယခု ပြုလုပ်ရသော ဒါန၊ သီလ၊ ဘာဝနာပေါင်းစု မြတ်ကောင်းမှုကြောင့် အတုမဲ့ အေးချမ်း၊ သောဘချမ်းတွေ ဝေခန်းပေသည့် ရွှေပြည်နိဗ္ဗာန် အမြန်ရလို တောင်းဆိုကြပါကုန်၏။

နိဗ္ဗာန်မရ ဘဝသံသရာ၊ ကျင်လည်ရာ၌ သီလတရား အစားစားကို မမှားပိုင်ပိုင် စောင့်ရှောက်နိုင်ကာ ပညာရှိတို့၏ ချီးမွမ်းခံရခြင်း၊ ရာထူးတက်ခြင်း၊ စီးပွားတက်ခြင်း၊ ထင်ပေါ်ကျော်ကြားခြင်း၊ အခြံအရံများခြင်း၊ နတ်ပြည်ရောက်၍ ဝမ်းမြောက်ရခြင်းအစရှိသော ချမ်းသာသုခဟူသမျှတွေ ရရပါလို တောင်းဆုဆိုကြပါကုန်၏။

၃။ ယနေ့ယခု ပြုလုပ်ပါရ ဒါန၊ သီလ၊ ဘာဝနာပေါင်းစု မြတ်ကောင်းမှု၏အဖို့ဘာဂ မှန်သမျှကို မိဘဆရာ ဉာတကာများ အစထား၍ များပြားလှစွာ သတ္တဝါတို့အား အကျွန်ုပ်တို့နှင့်အတူတကွ အမျှရစေ ပေးငှဝေသည် ကောင်းပေ သာဓုခေါ်စေသော်။

အားလုံး အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့။

(သာဓု၊ သာဓု၊ သာဓု။)

မှတ်ချက်။ ။ သီလပွဲတိုင်း၊ ဥပုသ်နေ့တိုင်း ဟောပါ။

သီလစောင့်မှ ချမ်းသာရ တရားတော် ပြီးပြီ။

http://www.dhammadownload.com

ခုဒ္ဒကနိကာယ်၊ မိလိန္ဒပဉှာပါဠိတော်၊ အနုမာနပဉှ၊ ဩသဓာပဏကို
တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# တရားဆေးသောက်+ ရောဂါပျောက်

# တရားဆေးသောက် နိဗ္ဗာန်ရောက် တရားတော်

ယနေ့ ရောဂါဝေဒနာတွေရဲ့ နှိပ်စက်မှုဒဏ်ကိုခံစားနေရတဲ့ ဒကာကြီး ဦး (. . .)၊ ဒကာမကြီး ဒေါ် (. . .) ရဲ့ ရောဂါဝေဒနာတွေ သက်သာပျောက်ကင်းအောင်ဆိုတဲ့ အဓိကရည်ရွယ်ချက်နဲ့ သံဃာတော်အရှင်သူမြတ်တွေကို ပင့်ဖိတ်ပြီးတော့ ပရိတ်တရားတော်တွေ သေသေချာချာ နာယူတဲ့ ပရိတ်နာပွဲမှာ ဟောကြားမည့် တရားတော်က "တရားဆေးသောက်+ ရောဂါပျောက်"၊ "တရားဆေး သောက် နိဗ္ဗာန်ရောက်" တရားတော်လို့ မှတ်ကြပါ။

မိလိန္ဒမင်းကြီးက အရှင်နာဂသိန်ကိုယ်တော်မြတ်ကို

ဘန္တေ နာဂ သေန ကတမံ ဗုဒ္ဓဿ ဘဂဝတော ဩသဓာပဏ္ဏံ။

(အရှင်ဘုရား နာဂသိန်၊ သစ္စာလေးအင် အမှန်သိမြင်တဲ့ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ဆေးအမျိုးမျိုးတွေ စုံလင်လှတဲ့ ဆေးဈေးတော်ရုံကြီးဆိုတာ အဘယ်ပါလဲဘုရား) လို့ မေးလိုက်ပါတယ်။

ကဲ– ခေတ်ဆန်းကဗျာလေး လိုက်ဆိုကြ

*မြတ်ဘုရားရဲ့ ဆေးဈေးရုံ

ဘယ်ဟာလဲလို့ မေးလိုက်ပုံ။

အဲဒီလို မိလိန္ဒမင်းကြီးက မေးလိုက်တဲ့အခါ အရှင်နာဂသိန်ကိုယ်တော်မြတ်က

ဩသဓာနိ ခေါ မဟာရာဇ ဘဂဝတော အက္ခာတာနိ။

(မင်းကြီး မြတ်စွာဘုရားသည် ဆေးအမျိုးမျိုးတို့ကို ကရုဏာ၊ မေတ္တာ ပြည့်ဝစွာနဲ့ ဟောကြားအပ်ပါကုန်၏။)

ယေဟိ ဩသဓေဟိ သောဘဂဝါ ဒေဝမနုဿေတိကိစ္ဆတိ။

(ထိုမြတ်စွာဘုရားသည် အကြင်ဆေးတို့ဖြင့် ရောဂါသည်ဖြစ်ကြတဲ့ နတ်လူတို့ကို ကုသတော်မူပါတယ်။)

http://www.dhammadownload.com



အဲဒီဆေးတွေက ဘယ်လိုဆေးတွေလဲဆိုတော့

သေယျထိဒံ

၁။ စတ္တာရောသတိပဋ္ဌာနာ (သတိပဋ္ဌာန်လေးပါး)

၂။ စတ္တာရောသမ္မပ္ပဓာနာ (သမ္မပ္ပဓာန်လေးပါး)

၃။ စတ္တာရောဣဒ္ဓိပါဒါ (ဣဒ္ဓိပါဒ်လေးပါး)

၄။ ပဉ္စိန္ဒြိယာနိ (ဣန္ဒြေငါးပါး)

၅။ ပဉ္စဗလာနိ (ဗိုလ်ငါးပါး)

၆။ သတ္တဗောဇ္ဈင်္ဂါ (ဗောဇ္ဈင်ခုနစ်ပါး)

၇။ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ (မဂ္ဂင်ရှစ်ပါး)တို့ပါပဲ။

အားလုံးပေါင်းလိုက်တော့ ဗောဓိပက္ခိယ (၃၇) ပါးလို့ ခေါ်ပါတယ်။ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး ကုသတဲ့ဆေး (၃၇) ပါး ရှိတယ်နော်။

(မှန်လှပါဘုရား)

ဘယ်နှစ်ပါးရှိသတဲ့လဲ။

(၃၇ ပါး ရှိပါတယ်ဘုရား)

ခုခေတ် မြန်မာပြည်မှာ လောက သမားတော်တွေက (၉) ပါးဆေး (၁၀) ပါးဆေး၊ (၂၇) ပါးဆေးတွေ ဖော်စပ်ပြီးတော့ ဆေးကုကြတယ်။ ဆေးရောင်းကြတယ်။ လောကုတ္တရာ သမားတော်ကြီးဖြစ်တော်မူတဲ့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးကတော့ (၃၇) ပါးဆေး ဖော်စပ်ပြီးတော့ ကုသတော်မူတယ်။ (၃၇) ပါးဆေး ရောင်းတော်မူပါတယ်။

ကဲ- (၃၇) ပါးဆေးလင်္ကာလေး လိုက်ဆိုကြ

*ပဋ္ဌာန်၊ သမ္မပ်၊ ဣဒ္ဓိပါဒ်၊ တစ်ရပ် ဣန္ဒြေ ဗိုလ်။

*ဗောဇ္ဈင် မဂ္ဂင်၊ ပေါင်းလိုက်လျှင်၊ မြတ်ရှင် ဆေးဟုဆို။

*၃၇ ပါး၊ ဆေးအများ၊ ဘုရား ဟောပြဆို။

ဘုရားဟောထားတဲ့ ဗောဓိပက္ခိယတရား (၃၇) ပါးကို ဂုဏ်ပြုသောအားဖြင့် ၃၇ ပါးဆေးလို့ အမည်ပေးပြီး ဆေးရောင်းဖို့ ကောင်းတယ်နော်။

(မှန်လှပါဘုရား)

ကဲ- ရှေ့ဆက်ပြီးတော့ နာကြပါစို့။

တေဟိ သြသဓေဟိ ဘဂဝါ မိစ္ဆာဒိဋ္ဌိ ဝိရေစေတိ၊ မိစ္ဆာသင်္ကပ္ပံ ဝိရေစေတိ၊ မိစ္ဆာဝါစံ ဝိရေစေတိ၊ မိစ္ဆာကမ္မန္တံ ဝိရေစေတိ၊ မိစ္ဆာအာဇီဝံ ဝိရေစေတိ၊ မိစ္ဆာဝါယာမံ ဝိရေစေတိ၊ မိစ္ဆာသတိံ ဝိရေစေတိ၊ မိစ္ဆာသမာဓိံ

http://www.dhammadownload.com



ဝိရေစေတီ၊ လောဘဝမန် ကာရေတီ၊ ဒေါသဝမန် ကာရေတီ၊ မောဟဝမန် ကာရေတီ၊ မာနဝမန် ကာရေတီ၊ ဒိဋ္ဌိဝမန် ကာရေတီ၊ ဝိစိကိစ္ဆာဝမန် ကာရေတီ၊ ဥဒ္ဓစ္စဝမန် ကာရေတီ၊ ထိနမိဒ္ဓဝမန် ကာရေတီ၊ အဟိရိကာနောတ္တပ္ပဝမန် ကာရေတီ၊ သဗ္ဗကိလေသဝမန် ကာရေတီ၊ ဣဒံ ဝုစ္စတိ မဟာရာဇ "ဘဂဝတော ဩသဓ ပဏ" န္တိ။

အဲဒီ ဗောဓိပက္ခိယ (၃၇) ပါးဆိုတဲ့ ဆေးတွေနဲ့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်

၁။ မိစ္ဆာဒိဋ္ဌိကို
၂။ မိစ္ဆာသင်္ကပ္ပကို
၃။ မိစ္ဆာဝါစာကို
၄။ မိစ္ဆာကမ္မန္တကို
၅။ မိစ္ဆာအာဇီဝကို
၆။ မိစ္ဆာဝါယာမကို
၇။ မိစ္ဆာသတိကို
၈။ မိစ္ဆာသမာဓိကို လျှောကျစေပြီးတော့
၉။ လောဘအစာ ပို့အန်ခြင်းကို
၁၀။ ဒေါသအစာ ပို့အန်ခြင်းကို
၁၁။ မောဟအစာ ပို့အန်ခြင်းကို
၁၂။ မာနအစာ ပို့အန်ခြင်းကို
၁၃။ ဒိဋ္ဌိအစာ ပို့အန်ခြင်းကို
၁၄။ ဝိစိကိစ္ဆာအစာ ပို့အန်ခြင်းကို
၁၅။ ဥဒ္ဓစ္စအစာ ပို့အန်ခြင်းကို
၁၆။ ထိနမိဒ္ဓအစာ ပို့အန်ခြင်းကို
၁၇။ အဟိရိက အနောတ္တပ္ပအစာ ပို့အန်ခြင်းကို
၁၈။ အလုံးစုံသော ကိလေသာအစာ ပို့အန်ခြင်းကို ပြုစေတော်မူပါတယ်။

မင်းကြီး ဤတရားအစုကို မြတ်စွာဘုရားရဲ့ ဆေးအမျိုးမျိုးတွေ စုံလင်လှတဲ့ ဆေးဈေးတော်ရုံကြီးရယ်လို့ ဆိုအပ်ပါတယ်လို့ ဖြေတော်မူပါတယ်။

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

* မိစ္ဆာဒိဋ္ဌိ၊ အစရှိ၊ လျှောဘိ ကျစေသည်။

http://www.dhammadownload.com



*လောဘ+ ဒေါသာ၊ အစဖြာ၊ အစာအန်စေသည်။

*၃၇ ပါး၊ ဆေးအများ၊ ဘုရား ကုသသည်။

*နာဂသေန၊ မထေရ်က၊ ဖြေပြလိုက်ပါသည်။

ဒီလောကကြီးမှာ လောကသမားတော်ကြီးတွေ ဖော်စပ်ထားတဲ့ ဆေးတွေ အတူးထူးအပြားအပြား အများကြီးရှိကြတယ်။ အဲဒီဆေးတွေဟာ ခန္ဓာကိုယ်ပေါ်မှာ ဖြစ်နေကြတဲ့ ရောဂါဝေဒနာတွေကို အထိုက်အလျောက်တော့ သက်သာပျောက်ကင်းစေနိုင်ပါတယ်။ လောဘ ဒေါသစတဲ့ ကိလေသာရောဂါတွေကိုတော့ ပျောက်ကင်းအောင် မကုနိုင်ဘူးနော်။

(မှန်လှပါဘုရား)

အဲဒီလောက် သမားတော်တွေ ဖော်စပ်ထားတဲ့ ဆေးပေါင်းများစွာထက် ဘုရားရှင်ကိုယ်တော်မြတ် ဖော်စပ်တော်မူထားတဲ့ ၃၇ ပါးသော ဆေးတွေက ပိုပြီးတော့ အစွမ်းထက်တယ်။ ၃၇ ပါးသော ဆေးတွေက ခန္ဓာကိုယ်ပေါ်မှာ ကျရောက်ဖြစ်ပေါ်နေတဲ့ ရောဂါဝေဒနာတွေကိုလည်း ပျောက်ကင်းစေပြီး လောဘ ဒေါသစတဲ့ ကိလေသာ အနာရောဂါတွေကိုပါ ပျောက်ကင်းစေတယ်။ ဒါ့ကြောင့် ၃၇ ပါးသော တရားဆေးတွေနဲ့ ကုတဲ့ဆေးဟာ ဒီလောက်ကကြီးမှာ မရှိသေးဘူး။ မပေါ်သေးဘူး။ ၃၇ ပါးသော ဆေးတွေလောက် အစွမ်းထက်တဲ့ ဆေးဟာ မပေါ်သေးဘူး၊ မရှိသေးဘူးတဲ့။ ဒါကြောင့် အဲဒီ ၃၇ ပါးသော ဆေးတော်ကြီးကို သင်ချစ်သား ချစ်သမီးတို့သည် ခန္ဓာကိုယ်ပေါ်မှာ ဖြစ်ပေါ်ကျရောက်နေတဲ့ ရောဂါတွေနဲ့ လောဘ ဒေါသ အစရှိတဲ့ ကိလေသာ အနာရောဂါတွေပါ ပျောက်ကင်းအောင် အားရပါးရကြီး အပြီးပျော်ပျော် သုံးကြသောက်ကြစမ်းပါလို့ တိုက်တွန်းထားတော်မူပါတယ်။

အဲဒီ ၃၇ ပါးသော ဆေးတော်ကြီးကို သောက်သုံးရင် ခန္ဓာကိုယ်ပေါ်မှာ ကျရောက်ဖြစ်ပေါ်နေတဲ့ အနာရောဂါတွေနဲ့ လောဘ ဒေါသအစရှိတဲ့ ရောဂါဝေဒနာတွေပါ ပျောက်ကင်းနိုင်တယ်နော်။

(မှန်လှပါဘုရား)

ဒီနေ့ မကျန်းမမာ မချမ်းမသာဖြစ်နေတဲ့ ဒကာကြီး ဦး (. . .) ဒကာမကြီး ဒေါ် (. . .) ၃၇ ပါးသော ဆေးမှာ အပါအဝင်ဖြစ်တဲ့ ဗောဇ္ဈင် ၇ ပါး တရားဆေးတွေ ယနေ့သောက်သုံးလိုက်ရတော့ ဒကာကြီး ဦး(. . .) ဒကာမကြီး ဒေါ်(. . .)ရဲ့ ရောဂါဝေဒနာတွေ သက်သာပျောက်ကင်းသွားမှာ သေချာပါတယ်။ လောဘ ဒေါသစတဲ့ ကိလေသာ မစင်ကြယ်သေးတဲ့ လောကသမား

http://www.dhammadownload.com



တော်တွေရဲ့ ဆေးတောင် သက်သာပျောက်ကင်းနိုင်သေးရင် ကိလေသာအားလုံး တွေ စင်ကြယ်တော်မူတဲ့ ဘုရားဖော်တဲ့ တရားဆေးဟာ ပိုပြီးတော့ သက်သာ ပျောက်ကင်းရမယ်လို့ ယုံကြည်ချက် အပြည့်အဝ ထားရမယ်နော်။

(မှန်လှပါဘုရား)

၃၇ ပါးသော ဆေးတွေထဲမှာ ကိုယ်သောက်ချင်တဲ့ ဆေးသာ ရွေး သောက်၊ ရောဂါဝေဒနာတွေ အကုန်လုံး ပျောက်ကင်းသွားပါလိမ့်မယ်။

တရားဆေးသောက်ရင် ဘာတွေပျောက်ကင်းမှာတဲ့လဲ။

(ရောဂါ ဝေဒနာတွေ ပျောက်ကင်းမှာပါဘုရား)

ဒါဆိုရင် ဒီနေ့ ဟောတဲ့တရားတော်က ဘာတရားတဲ့လဲ။

(တရားဆေးသောက် ရောဂါပျောက် တရားတော်ပါဘုရား)

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

*လောကလူသား၊ အစားစား၊ ဖော်ထား ဆေးတွေရှိ။

*အဲဒီဆေးဟာ၊ ကိုယ်ခန္ဓာ၊ ရောဂါပျောက်လေ၏။

*လောဘ၊ ဒေါသ၊ ကိလေသာ၊ အနာ မပျောက်သီ။

*ရှင်တော်ဘုရား၊ ဖော်စပ်ထား၊ တရားဆေးတွေရှိ။

*ကိုယ်ဥ္စရောဂါ၊ ကိလေသာ၊ ရောဂါပျောက်စေ၏။

*ဘုရားဆေးတူ၊ ဆေးကောင်းမူ၊ မှတ်ယူဘယ်မရှိ။

*တရားဆေးတူ၊ ဆေးကောင်းမူ၊ မှတ်ယူဘယ်မရှိ။

*တရာဆေးတွေ၊ သောက်ကြလေ၊ ခွန်းချွေတိုက်တွန်း၏။

*တရားဆေးသောက်၊ ရောဂါပျောက်၊ အံ့လောက်ကောင်းကျိုးရှိ။

*၃၇ ပါး၊ ဆေးအများ၊ ဘုရားဟောခဲ့၏။

အဲဒီ ယခုဟောပြီးခဲ့တဲ့အကြောင်းအရာတွေကို အကျဉ်းချုပ် ဖော်ပြတဲ့ အောက်ဖော်ပြပါ ဂါထာနှင့်အနက်ကို ဆက်လက်နာယူကြည်ညိုကြည့်ရအောင်

ယေကေစိ ဩသဓာ လောကေ၊ ဝိဇ္ဇန္တိ ဝိဝိဓာ ဗဟူ၊

ဓမ္မောသဓသမံ နတ္ထိ၊ ဧတံ ပိဝထ ဘိက္ခဝေါ။

(မိလိန္ဒပဥှာပါဠိ ၃၁၉)

လောကေ- ကိုယ့်ဆယ့်ခြောက်ဖြာ သားရောဂါတွေ ပေါ်များပေသည့် လူ့ပြည်လောက ဘုံဘဝ၌၊ ဝိဝိဓာဗဟူ- အထူးထူးစုံ များပြားကုန်သော၊ ယေကေစိဩသဓာ- သမားတော်ကြီး ဆေးနည်းအရာ များလှစွာတို့ ရောဂါ

http://www.dhammadownload.com



ခပ်သိမ်း ပြီးပျောက်ငြိမ်းရန် စိတ်အကြံဖြင့် စီမံဖန်တီး အသီးသီးဖော် ဆေးနည်းကျော်ကြား အကြင်ဆေးအများတို့သည်၊ ဝိဇ္ဇန္တိ- မနည်းစုပြုံ ရှိကြကုန်၏။

ဓမ္မောသဓသမံ- ဘုရားရှင်မြတ် ဖော်ကာစပ်သည့် သတိပဋ္ဌာန် တစ်ဖန်သမ္မပ် ပ္ပဓန်ပါဒ်သည် လေးပါးစီချိန် ဣန္ဒြေ မိုလ် ငါးစီဆိုပြ သတ္တဗောဇ္ဈင်ရှစ်အင်မဂ္ဂ အချက်ကျသည့် ဗောဓိပက္ခိယ နာမမည်လစ် သုံးဆယ့်ခုနစ်ပါး တရားတော်ဆေးစွမ်းအားနှင့် တူပြားအဆန်း ဆေးအစွမ်းသည်၊ နတ္ထိ- ရှိမည်ထင်လျက် စကြာဝဠာ ကမ္ဘာမိုးမြေ ဆုံးဆောင်ဖွေရှာ မရှိပါချေ။ ဘိက္ခဝေါ- ခန္ဓာရှိက ရောဂါရနေ ရောဂါတွေမှ ကျွတ်စေလွတ်စေ ဤအနေဖြင့် ရည်ချွေဆုတောင်း အိုချစ်သား ချစ်သမီးအပေါင်းတို့၊ တုမှေ- သင်ချစ်သား၊ ချစ်သမီးအပေါင်း သူတော်ကောင်းတို့သည်၊ ဧတံ- ဗောဓိပက္ခိယ နာမမည်ဟီး ဤ (၃၇) ပါးသော ဆေးတော်ကြီးကို၊ ပိဝထ- ယုံကြည်နှေ့ည မမေ့ကြဘဲ နှေ့ညစွဲကာ သောက်သုံးကြပါကုန်လော့။ (ဝါ) သောက်သုံးတော်မူနိုင်ကြပါစေကုန်သတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

"တရားဆေးသောက် ရောဂါပျောက်" ဆိုတဲ့ တရားပြီးသွားတော့ "တရားဆေးသောက် နိဗ္ဗာန်ရောက်" ဆိုတဲ့ တရားတော်ကို ဆက်ပြီးတော့ နာယူကြပါ။

ဓမ္မောသဓံ ပိဝိတွာန၊ အဇရာ မရဏာ. သိယုံ။
ဘာဝယိတွာစ ပဿိတွာ၊ နိဗ္ဗုတာ ဥပဓိက္ခယေ။

(မိလိန္ဒပဉှာပါဠိ ၃၁၉)

ဓမ္မောသဓံ- တရားဆေးကို၊ ပိဝိတွာန- သောက်သုံးကြရကုန်၍၊ အဇရာမရဏာ- မအိုမသေကြရကုန်သည်၊သိယုံ- ဖြစ်ကုန်လော့၊ဘာဝယိတွာစ- မဂ်ကိုပွားစ၍လည်းကောင်း၊ ပဿိတွာစ- နိဗ္ဗာန်ကို မျက်မှောက်မြင်ရ၍လည်းကောင်း၊ ဥပဓိက္ခယေ- ဥပဓိကုန်ပြတ် နိဗ္ဗာန်မြတ်၌၊ နိဗ္ဗုတာ- ဘေးဘယာဟူသမျှ ဝေးကွာပ၍ အေးမြငြိမ်းချမ်းကြကုန်သည်၊ သိယုံ- ဖြစ်ကြကုန်လော့၊ (ဝါ) ဖြစ်ကြပါကုန်စေသတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

ဗောဓိပက္ခိယ (၃၇) ပါးဆိုတဲ့ တရားဆေးတွေ သောက်သုံးကြရတော့ အိုတာ၊ သေတာတွေ ကင်းပျောက်ကြပါစေ၊ မအို မသေကြရာ နိဗ္ဗာန်ကို မင်

http://www.dhammadownload.com



တရားကို ပွားများကာ မျက်မှောက်ပြုပြီး အေးမြငြိမ်းချမ်းကြပါစေလို့ တိုက်တွန်းနှိုးဆော် ဆုတောင်းမှုပြုထားတဲ့ ဂါထာပါပဲ။ ဗောဓိပက္ခိယ (၃၇) ပါးဆိုတဲ့ ဆေးတွေကိုသောက်သုံးရရင် အိုတာ၊ နာတာ၊ သေတာတွေအားလုံး ကင်းပျောက်ပြီးတော့ အေးမြငြိမ်းချမ်းတဲ့ နိဗ္ဗာန်ကိုရောက်ကြရတယ်။

ဘုရားအစရှိတဲ့ သူတော်ကောင်းကြီးတွေ အဲဒီဗောဓိပက္ခိယ (၃၇) ပါးဆိုတဲ့ တရားဆေးတွေ သောက်သုံးပြီးတော့ နိဗ္ဗာန်ကို မျက်မှောက်ပြုကြရ ရောက်ကြရတာနော်။

(မှန်လှပါဘုရား)

ဗောဓိပက္ခိယ (၃၇) ပါးဆိုတဲ့ တရားဆေးတွေ သောက်သုံးရရင် ဘယ်အထိ ရောက်နိုင်သတဲ့လဲ။

(နိဗ္ဗာန်အထိ ရောက်နိုင်ပါတယ်ဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်က ဘာတရားတဲ့လဲ။

(တရားဆေးသောက် နိဗ္ဗာန်ရောက် တရားတော်ပါဘုရား)

ဒီတော့ ဘုရားဖော်စပ်ပေးတဲ့ တရားဆေးတွေ သောက်သုံးရရင် သောက်သုံးကြရင် သောက်သုံးသူတွေအားလုံး ရောဂါတွေလည်း ပျောက်နိုင်တယ်။ နိဗ္ဗာန်ကိုလည်း ရောက်နိုင်တယ်နော်။

(မှန်လှပါဘုရား)

ဒါကြောင့် ဒီနေ့ဟောတဲ့တရားတော်ကို "တရားဆေးသောက် ရောဂါပျောက်"၊ "တရားဆေးသောက် နိဗ္ဗာန်ရောက်" လို့ အမည်ပေးလိုက်တာပါပဲ။

ဒီတော့ တရားနာပရိသတ်၊ လောကုတ္တရာသမားတော်ကြီး လောကုတ္တရာ ဒေါက်တာကြီးဖြစ်တော်မူတဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဖော်စပ်တော်မူထားတဲ့ ဗောဓိပက္ခိယ (၃၇) ပါးဆိုတဲ့ တရားဆေးတွေ သောက်သုံးရင် ခန္ဓာကိုယ်ပေါ်မှာ ကျရောက်ဖြစ်ပေါ်နေတဲ့ ရောဂါဝေဒနာတွေ၊ ကိလေသာဆိုတဲ့ အနာရောဂါတွေ ပျောက်ကင်းစေပြီးတော့ နိဗ္ဗာန်အထိ ရောက်နိုင်တယ်လို့ သဘောကျနေရမယ်နော်။

(မှန်လှပါဘုရား)

လောကသမားတော်တွေရဲ့ဆေးနဲ့ လောကုတ္တရာ သမားတော်ကြီးဖြစ်တော်မူတဲ့ မြတ်စွာဘုရားရဲ့ဆေးဟာ တုလို့ နှိုင်းလို့ ယှဉ်လို့မရအောင် အစွမ်းထက်မှုတွေ မကွာခြားဘူးလား။

(ကွာခြားပါတယ် ဘုရား)

http://www.dhammadownload.com



ဒါကြောင့် "ဓမ္မောသဓ သမံ နတ္ထိ" တရားနဲ့တူတဲ့ဆေး၊ တရားလောက် စွမ်းတဲ့ဆေးဆိုတာ မရှိသေးဘူး။ မပေါ်သေးဘူးလို့ ဟောထားတာနော်။

(မှန်လှပါဘုရား)

တကယ်ယုံယုံကြည်ကြည်သောက်ရင် တကယ်ပျောက်ပါတယ်။ ဦးပဥ္စင်း တို့ကတော့ ရောဂါဝေဒနာတွေကို ကြောက်လွန်းလို့ (ရောဂါဝေဒနာတွေ ဖြစ်လာ တဲ့အခါမှာ ဆေးထိုးခံရမှာ ကြောက်လွန်းလို့) နံနက်ကိုးခေါက်၊ ညကိုးခေါက် ဗောဇ္ဈင်ပရိတ်ရွတ်ဆို ကြည်ညိုပြီး တစ်နေ့ (၁၈) ခေါက် ဗောဇ္ဈင်ဆေးတွေ သောက်နေပါတယ်။ အဲဒီလို ဗောဇ္ဈင်ဆေးတွေ သောက်သုံးနေတဲ့အတွက် ကျန်းမာရေးတွေ ကောင်းနေတာ လက်တွေ့ပါပဲ။

ဒါကြောင့် ဒီနေ့ ဒကာကြီး ဦး (. . .) ဒကာမကြီး ဒေါ်(. . .)တို့နှင့် တကွ တရားနာနေကြတဲ့ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေလည်း အနာရောဂါ ကင်းရှင်းကွာပြီးတော့ နိဗ္ဗာန်အထိ ရောက်အောင် ပို့ဆောင်နိုင်တဲ့ ဗောဇ္ဈင်အစရှိတဲ့ တရားဆေးတွေ သောက်သုံးနိုင်ကြပါစေဆိုတဲ့အနေဖြင့် "တရား ဆေးသောက် ရောဂါပျောက်"၊ "တရားဆေးသောက် နိဗ္ဗာန်ရောက်" ဆိုတဲ့ တရားတော် ရေအေး အမြိုက်ဆေးကို အားရပါးရ တိုက်ကျွေးဟောပြခဲ့ပါတယ်။

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

*၃၇ ပါး၊ ဆေးအများ၊ ဘုရားဖော်ခဲ့၏။

*၃၇ ပါး၊ ဆေးအများ၊ သောက်စား သုံးရာဘိ။

*မအို မနာ၊ မသေရာ၊ ရောက်မှာ နိဗ္ဗာန်ထိ။

*တရားဆေးသောက်၊ အို နာပျောက်၊ ရောက်ရနိဗ္ဗာန်ထိ။

*တရားဆေးသောက်၊ သေတာပျောက်၊ ရရောက်နိဗ္ဗာန်ထိ။

*မွေးတာ အိုတာ၊ နာ သေတာ၊ မှန်စွာ ကင်းလိုဘိ။

*တရားဆေးတွေ၊ သောက်ကြလေ၊ ခွန်းချွေတိုက်တွန်း၏။

ယနေ့ ဒကာကြီး ဦး(. . .) ဒကာမကြီး ဒေါ်(. . .) တို့နှင့်အတူတကွ တရားနာနေကြတဲ့ ဒကာ ဒကာမတွေ ထာဝရ သောက်သုံးရမည့်ဆေးက အကုန်အကျသက်သာတဲ့ ဘုရားပေးတဲ့ တရားဆေးနော်။

(မှန်လှပါဘုရား)

လောက သမားတော်တွေ၊ ဒေါက်တာတွေ ပေးတဲ့ဆေးလည်း သောက်၊ လောကုတ္တရာသမားတော်ကြီး၊ လောကုတ္တရာ ဒေါက်တာကြီးဖြစ်တဲ့ ဘုရားပေး တဲ့ တရားဆေးတွေကိုလည်း မမှားမနေ့သောက်ကြပါ။

http://www.dhammadownload.com



လောကဆေးတွေထက် အစွမ်းထက်တဲ့ဆေးက ဘာဆေးတဲ့လဲ။

(ဘုရားပေးတဲ့ တရားဆေးပါဘုရား)

လောကဆေးတွေက အကုန်အကျများတယ်၊ လောကုတ္တရာဆေးတွေက တော့ အကုန်အကျနည်းတယ်နော်။

(မှန်လှပါဘုရား)

ဒါကြောင့် ဒကာ ဒကာမတွေ ဗောဓိသုတ် ပရိတ်ရအောင် ကျက်မှတ်ပြီးတော့ ဘုရားပေးတဲ့ တရားဆေးနဲ့ကုပါ။

ဒကာ ဒကာမတွေ အမြဲနေ့ည မမေ့ကြဘဲ သောက်သုံးရမည့် ဆေးတွေက တရားဆေးတွေပါပဲ။ ဘာဆေးတဲ့လဲ။

(တရားဆေးတွေပါဘုရား)

တရားဆေးသည် ရောဂါဝေဒနာတွေ၊ ကိလေသာ အနာရောဂါတွေ အပျောက်ကင်းဆုံး ဆေးတော်ကြီးလို့ မှတ်ရမယ်နော်။

(မှန်လှပါဘုရား)

ကဲ– "တရားဆေးလှ သောက်သုံးကြ" ဆိုတဲ့ အနုကဗျာ အနုစာနဲ့ တရားသိမ်းကြရအောင် ညီညီညာညာ လက်အုပ်ချီလိုက်ကြပါ။

* အို နာ သေရေး၊ မလွတ်သေးသော၊ လူ့ဘုံလောက၊ လူ့ဘဝ၌၊ သုခဆိုတာ၊ ဘယ်ဟာမရှိ၊ များဘိစုပြုံ၊ ရောဂါစုံ၏၊ ထိုသည့်ရောဂါ ပျောက်ဖို့ရာလည်း၊ မနည်းစုပြုံ၊ ဆေးရှိကုန်၏။

* လောကရှိကုန်၊ ဆေးမျိုးစုံထက်၊ အဟုန်ထန်ပြင်း၊ တရားမင်း၏၊ ရှင်းလင်းပြတ်သား၊ ဖော်စပ်ထားသည့်၊ သတိပဋ္ဌာန်၊ တစ်ဖန်သမ္မပ်၊ ဣဒ္ဓိပါတ်သည်၊ လေးပါးစီချိန်၊ ဣန္ဒြေ ဗိုလ်၊ ငါးစီဆိုပြ၊ သတ္တဗောဇ္ဈင်၊ ရှစ်အင်မဂ္ဂ၊ အချက်ကျလျက်၊ ဗောဓိပက္ခိယ၊ နာမမည်လစ်၊ သုံးဆယ့်ခုနစ်ပါး၊ ဆေးစွမ်းအားနှင့်၊ တူငြားသည့်ဆေး၊ မရှိသေးပါ၊ ဤကမ္ဘာမြေ၊ ဆုံးအောင်ဖွေရှာ၊ မရှိပါချေ၊ မတွေ့ချေတည့်။

* မှတ်လေအတည်၊ ဤငါချစ်သား၊ သမီးများတို့၊ ကြီးမားမေတ္တာ၊ စေတနာဓာတ်၊ ဝေဆာမြတ်သုံး၊ ပြုံးပြုံးပျော်ပျော်၊ ငါစပ်ဖော်သည့်၊ ဗောဓိပက္ခိယ၊ နာမခေါ်လစ်၊ သုံးဆယ့်ခုနစ်ပါး၊ မြတ်တရားဆန်း၊ ဤဆေးစွမ်းကို၊ ယုံကြည်ပိုပြီး၊ ပျော်ပျော်ကြီးသာ၊ မကြာနေ့ည၊ သောက်သုံးကြလော့။

http://www.dhammadownload.com



* တရားဆေးလှ၊ သောက်သုံးကြ၍၊ အေးမြကြည်လင်၊ ရောဂါစင်ပြီး၊ လူရှင်နေ့ညာ၊ ဒါနသီလာ၊ ဘာဝနာကို၊ ခါခါနိစ္စ၊ အားထုတ်ကြလျက်၊ မဂ္ဂ ဖလံ၊ မြတ်နိဗ္ဗာန်ကို၊ အမြန်ရစေ၊ ရောက်ပါစေကြောင်း၊ ဆုရွေ တောင်းသည် ကုသိုလ်ကောင်းပြု နေ့တိုင်းတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

မှတ်ချက်။ ။ ကျန်းမာရေးကောင်းရန်အတွက် ရည်ရွယ်ပြီး ဆွမ်းကပ်၊ သင်္ကန်းကပ်စသော ပရိတ်ရွတ်ပွဲတိုင်း၊ နှစ်ဆန်းတစ်ရက်နေ့ အန္တရာယ်ကင်း ပရိတ်ရွတ်ပွဲတိုင်း အဓိကထားဟောပါ။ အခြားပွဲတွေမှာလည်း ပရိတ်ရွတ်ခါနီး တရားဆေးအစွမ်းထက်ပုံ သတိပေးပြောကြားသင့်ပါသည်။

* တရားအမည်ပေးရာ၌ "တရားဆေး လှ+ သောက်သုံးကြ"၊ "အကောင်းဆုံးဆေး သောက်သုံးပေး"၊ "အမြတ်ဆုံးဆေး သောက်သုံးပေး"၊ "တရားဆေးတော် သောက်သုံးပျော်"၊ "ဗောဇ္ဈင်ဆေးသောက် ရောဂါပျောက်"၊ "ပရိတ်ဆေးသောက် ရောဂါပျောက်"၊ "ရောဂါကင်းကြောင်း နည်းလမ်းကောင်း" စသည်ဖြင့် အမည်ပေးကာ ဟောပြောနိုင်ပါသည်။

ကဲ– တရားဆေးသောက် ရောဂါပျောက်၊ တရားဆေးသောက် နိဗ္ဗာန်ရောက်ဆိုတဲ့ ရေစက်ချ အတိုလေး လိုက်ဆိုကြ။

၁။ အရှင်ဘုရား တပည့်တော်တို့သည် တရားဆေးသောက် ရောဂါပျောက်ဟန်၊ တရားဆေးသောက် နိဗ္ဗာန်ရောက်ဟန် သဘောမှန်ကို စေ့ငြနေ့ညသိရှိယုံကြည်ကြပါကုန်၍ အရှင်ဘုရားတို့သည် ချီးမြှင့်တိုက်ကျွေးအပ်သော ဘုရားပေးခဲ့သည့် ဗောဇ္ဈင်သုတ် ပရိတ်တည်းဟူသော တရားဆေးတို့ကို သောက်သုံး နာယူကြပါကုန်၏။ သောက်သုံးနာယူပြီးရာ ယခုအခါ၌ အရှင်ဘုရားတို့အား မွန်မြတ်လှသော ဆွမ်း ဆေးအစရှိသည်တို့ကို ကြည်ကြည်ညိုညို ရိုရိုသေသေ ဆက်ကပ်လှူဒါန်းကြပါကုန်၏။

၂။ ယနေ့ ယခု တရားဆေးလှ သောက်သုံးရသော၊ နာကြားရသော၊ ပြုလုပ်ရသော ကိုသိုလ်ကောင်းမှု အစုစုကြောင့် တပည့်တော်တို့၏ ကိုယ်ခန္ဓာပေါ်၌ ကျရောက်နေသော ရောဂါဝေဒနာတွေ လျင်မြန်စွာ ပျောက်ကင်းရကာ မဂ်ဖိုလ် နိဗ္ဗာန် ချမ်းသာမှန်ကို အမြန်ရလို့ အမြန်ပျောက်လို တောင်းဆုဆိုကြပါကုန်၏။

နိဗ္ဗာန်မရ ဘဝသံသရာ ကျင်လည်ရာ၌ မြတ်စွာဘုရား ဖော်စပ်ထားသည့် တရားဆေးတွေ သောက်သုံးနေကာ ရောဂါဟူသမျှ ပျောက်ကင်းရ၍ လောက သာသနာ အရာရာတွက် ကောင်းကျိုးထွက်အောင် ဆောင်ရွက်နိုင်သော သာသနာပြု အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ ဖြစ်ရပါလို -တောင်းဆုဆိုကြပါကုန်၏။

၃။ ယနေ့ယခု တရားဆေးလှ သောက်သုံးရသော၊ နာကြားရသော ကုသိုလ်ကောင်းမှု အစုစု၏ အဖို့ဘာဂ မှန်သမျှကို ၃၁ ဘုံ ရှိကြကုန်သော ဝေနေယျ သုခိတ၊ ဒုက္ခိတ သတ္တဝါမှန်သမျှတို့အား အကျွန်ုပ်တို့နှင့်အတူ တကွ အမျှရစေ ပေးဝေသည် ကောင်းပေ သာဓုခေါ်စေသော်။

အားလုံး အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

၁၄၊ ၆၊ ၉၆

ည ၁၀ နာရီ ၂၅ မိနစ်။

တရားဆေးသောက် ရောဂါပျောက် တရားတော် ပြီးပြီ။

http://www.dhammadownload.com

ခုဒ္ဒကနိကာယ်၊ ဓမ္မပဒပါဠိတော်၊ သဟဿဝဂ်၊ သံကိစ္စသာမဏေရ
ဝတ္ထုကို တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# သီလရှိမှ+ ပိုမြတ်လှ တရားတော်

ယနေ့ ဥပုသ်သီတင်း မပျင်းမျှော်မျှော် စောင့်သုံးတော်မူနေကြတဲ့ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေကို "သီလရှိမှ ပိုမြတ်လှ" ဆိုတဲ့ တရားတော်ကို ဟောကြားမှာဖြစ်ပါတယ်။

ဒီနေ့ ဟောကြားမည့်တရားတော်က ဘာတရားတဲ့လဲ။

(သီလရှိမှ ပိုမြတ်လှ တရားတော်ပါဘုရား)

ကဲ- စပြီးတော့ ဟောကြ နာကြရအောင်

ယော စ ဝဿသတံ ဇီဝေတိ ဒုဿီလော အသမာဟိတော။ ဧကာဟံ ဇီဝိတံ သေယျော သီလဝန္တဿ ဈာယိနော။

ဝိဟရန္တော သံကိစ္စသာမဏေရံ အာရဗ္ဘ ကထေသိ။

(ဓမ္မပဒ ဋ္ဌ- ၁၊ ၄၂၅)

ယော စ ဝဿသတံ ဇီဝေ အစရှိတဲ့ ဂါထာတော်နဲ့ တန်ဆာဆင်ထားတဲ့ ဟောဒီ "သီလရှိမှ ပိုမြတ်လှ" ခေါ် တရားဒေသနာတော်ကို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် ဇေတဝန်ကျောင်းတော်မှာ နေတော်မူစဉ် သံကိစ္စသာမဏေ ကို အကြောင်းပြုပြီးတော့ ဟောကြားတော်မူပါတယ်။

ဘယ်သူ့ကို အကြောင်းပြုပြီးတော့ ဟောကြားခဲ့တာတဲ့လဲ။

(သံကိစ္စ သာမဏေကိုအကြောင်းပြုပြီးတော့ ဟောကြားခဲ့ပါတယ်ဘုရား)

သံကိစ္စဆိုတာ သတို့သားလေးရဲ့ မျက်စိအစွန်းကို တံစူးဝါးနဲ့ထိုးမိတဲ့ အတွက် မှည့်ထားတဲ့အမည်ပါပဲ။ နောက်တော့ အဲဒီသံကိစ္စဆိုတဲ့အမည်နဲ့ပဲ သာသနာတော်မှာ ထင်ရှားသွားတယ်နော်။

(မှန်လှပါဘုရား)

ခိုးသူတွေရဲ့ အကြီးအမှူးဖြစ်တဲ့ ခိုးသူကြီးနဲ့တကွ ခိုးသားငါးရာဟာ သံကိစ္စသာမဏေကို ကြည်ညိုတဲ့အတွက် သူခိုးလုပ်ငန်းကိုစွန့်ကာ သံကိစ္စ သာမဏေရဲ့အထံမှာ ရဟန်းပြုကြပါတယ်။

http://www.dhammadownload.com



အဲဒီ ရဟန်းငါးရာ ခြံရံပြီးတော့ မထေရ်ကြီးတွေကို ဖူးမြင်ပြီး ဆရာ ဥပဇ္ဈာယ်ဖြစ်တော်မူတဲ့ အရှင်သာရိပုတ္တရာထံ ခေါ်သွားပါတယ်။

အရှင်သာရိပုတ္တရာထံရောက်တော့ အရှင်သာရိပုတ္တရာက "သံကိစ္စ သာမဏေ၊ သင် တပည့်တွေ ရခဲ့သလား" လို့ မေးတော်မူတဲ့အခါ သံကိစ္စ သာမဏေက ရခဲ့တဲ့အကြောင်း လျှောက်ထားပါတယ်။

အရှင်သာရိပုတ္တရာမထေရ်က ဆက်ပြီးတော့ "သံကိစ္စသာမဏေ၊ မြတ်စွာ ဘုရားကို သွားပြီးတော့ ဖူးမြင်ပါ" လို့ ပြောတဲ့အခါ "ကောင်းပါပြီဘုရား" လို့ ဝန်ခံကာ အရှင်သာရိပုတ္တရာကို ရှိခိုးပြီးတော့ ရဟန်းငါးရာကို ခေါ်ဆောင် လျက် ဘုရားထံကြွသွားပါတယ်။

ဘုရားထံရောက်တော့လည်း ဘုရားရှင်က "သံကိစ္စသာမဏေ၊ သင် တပည့်တွေ ရခဲ့သလား" လို့ မေးတော်မူတဲ့အခါ ဘုန်းတော်ကိုအမှီပြုကာ ရခဲ့တာ မှန်ပါကြောင်း လျှောက်ထားတော်မူပါတယ်။

မြတ်စွာဘုရားက "ရဟန်းတို့၊ ယခုလျှောက်ထားချက်တွေ ဟုတ်မှန်ပါ ရဲ့လား" လို့ မေးတော်မူတဲ့အခါမှာ ဟုတ်မှန်ကြောင်း လျှောက်ထားကြပါတယ်။

အဲဒီလိုလျှောက်ထားတော့ "ရဟန်းတို့၊ သင်တို့အား ခိုးမှုကိုပြုပြီးတော့ သီလမရှိဘဲ အနှစ်တစ်ရာ အသက်ရှည်ရခြင်းထက် ယခုအခါ သီလ၌တည်၍ တစ်ရက်လောက်သာ အသက်ရှည်ရခြင်းက ပိုပြီးမြတ်တယ်" လို့ မိန့်တော်မူကာ အနုသန္ဓေ ဆက်စပ်တရား ဟောတော်မူလိုတဲ့ ဘုရားမြတ်သည် အောက်ပါ ဂါထာကို မိန့်ကြားတော်မူပါတယ်။

ယော စ ဝဿသတံ ဇီဝေ၊ ဒုဿီလော အသမာဟိတော။
ဧကာဟံ ဇီဝိတံ သေယျော၊ သီလဝန္တဿ ဈာယိနော။
(ဓမ္မပဒ ၄- ၁၊ ၄၂)

ယောစ- လောကလူ့ရွာ ပြောပြပါမူ အကြင်သူသည်ကား၊ ဒုဿီလော- သီလတရား မရှိငြားဘဲ၊ အသမာဟိတော- သမာဓိတရား မရှိငြားဘဲ၊ ဝဿသတံ- အနှစ်တစ်ရာ ကာလကြာအောင်၊ ဇီဝေ- မှန်စွာမသွေ အသက်ရှည်ငြားအံ့၊ နသေယျော- မမြတ်၊ တတောဇီဝနတော- မှန်စွာမယွင်း ထိုအသက်တစ်ရာ ရှည်ကြာရခြင်းထက်၊ သီလဝန္တဿ- သီလတရား ရှိကာထားသော၊ (ဝါ) သီလတရား ရှိကာထားလျက်၊ ဈာယိနော- အာရမ္မဏူ လက္ခဏူပဟု တွက်ယူ မမှား ဈာန်နှစ်ပါးတို့ဖြင့် ရှုပွားလေ့ရှိသောသူ၏၊ ဧကာဟံဇီဝိတံ- တစ်ရက်

http://www.dhammadownload.com



လောက်မျှ အသက်ရှည်ရခြင်းသည်၊ သေဃျာ– နေ့ညမစဲ အမြဲတစေ အထူးပဲ မြင့်မြတ်လှပါပေသတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

လောကလူ့ရွာကြီးမှာ ရှိနေကြတဲ့ လူတွေကို နှစ်မျိုးနှစ်စား ခွဲခြားပြီးတော့ ကြည့်ရမယ်။ ဘယ်လိုနှစ်မျိုးနှစ်စား ခွဲခြားပြီးတော့ ကြည့်ရမလဲဆိုတော့

၁။ သီလတရား၊ သမာဓိတရားတွေမရှိဘဲ အသက်တစ်ရာ ကာလကြာအောင် အသက်ရှည်နေတဲ့လူက တစ်မျိုး။

၂။ သီလတရား၊ သမာဓိတရားတွေ ရှိပြီးတော့ အာရမ္မဏူပနိဇ္ဈာန် လက္ခဏူပနိဇ္ဈာန်ဆိုတဲ့ ဈာန်တရားနှစ်ပါးတို့နဲ့ ရှုမှတ်ပွားများနေကာ တစ်ရက်လောက် အသက်ရှည်ရတဲ့လူက တစ်မျိုး၊ ဒီလိုလူနှစ်မျိုးကို ကွဲပြားအောင် ခွဲခြားပြီးတော့ ကြည့်ရမယ်။

အဲဒီလူနှစ်မျိုးမှာ နံပါတ် (၁) လူမျိုး မမြင့်မြတ်ဘူးတဲ့။ အသက်တစ်ရာ ရှည်စေကာမူ သီလ၊ သမာဓိမရှိရင် မမြတ်ဘူးနော်။

(မှန်လှပါဘုရား)

နံပါတ် (၂) လူမျိုးကတော့ တစ်ရက်လောက်ပင် အသက်ရှည်ရစေကာမူ သီလ၊ သမာဓိရှိပြီး ဈာန်နှစ်မျိုးနဲ့ ရှုမှတ်ပွားများနေလေ့ရှိတဲ့အတွက် မြတ်တယ်။

ဒီတော့ တရားနာပရိသတ်၊ လောကလူတွေ မြတ် မမြတ်ကို သီလ၊ သမာဓိနဲ့ တိုင်းတာပြီးတော့ ကြည့်ရမယ်။ အသက်ကြီးတာ၊ အသက်ရှည်တာနဲ့ ကြည့်ရမှာမဟုတ်ဘူးနော်။

(မှန်လှပါဘုရား)

သီလ သမာဓိကြီးရင် လူကြီး လူကောင်း၊ လူတော်လူမြတ်လို့ မှတ်ရမယ်။ အသက်ကြီးတိုင်း အသက်ရှည်တိုင်း လူကြီးမခေါ်ဘူးနော်။

(မှန်လှပါဘုရား)

လူကြီး လူကောင်း၊ လူတော် လူမြတ်ဖြစ်အောင် သီလ သမာဓိကြီးဖို့ မလိုဘူးလား။

(လိုပါတယ်ဘုရား)

ခိုးသူမှူးကြီးနဲ့တကွ ခိုးသားငါးရာတွေ သူခိုးဘဝတုန်းက သီလ၊ သမာဓိ လုံးဝမရှိတော့ မြတ်ရဲ့လား။

(မမြတ်ပါဘူးဘုရား)

http://www.dhammadownload.com



သံကိစ္စသာမဏေဆိုတဲ့ သူတော်ကောင်း ကိုရင်လေးနဲ့တွေ့တော့ ကိုရင်လေးရဲ့ ဂုဏ်တွေကို ကြည်ညိုပြီး ကိုရင်သံကိစ္စလေးရဲ့ထံမှာ ရှင် ရဟန်းအဖြစ်တောင်းပန်ကာ ရဟန်းပြုလိုက်ကြတော့ သူတို့ရဲ့သန္တာန်မှာ ရှင်ရဟန်းဆိုင်ရာသီလတွေ တည်မသွားကြဘူးလား။

(တည်သွားကြပါတယ်ဘုရား)

တည်သွားကြတော့ မြင့်မြတ်မသွားဘူးလား။

(မြင့်မြတ်သွားပါတယ်ဘုရား)

ဘယ်လောက်ထိအောင် မြင့်မြတ်သွားသလဲဆိုတော့ ဒီတရားဂါထာဒေသနာတော်ရဲ့အဆုံးမှာ ရဟန်းငါးရာလုံး ပဋိသမ္ဘိဒါတို့နဲ့တကွ အရဟတ္တဖိုလ်ပေါက် ရဟန္တာအဖြစ်သို့ ရောက်အောင် မြင့်မြတ်သွားတော်မူကြပါတယ်။

ဒီလို မြင့်မြတ်ပြီး ကောင်းကျိုးတွေ ရှိသွားတာ ကိုရင် သံကိစ္စလေးရဲ့ကျေးဇူးပဲနော်။

(မှန်လှပါဘုရား)

ဘယ်သူ့ရဲ့ကျေးဇူးတဲ့လဲ။

(ကိုရင်သံကိစ္စရဲ့ ကျေးဇူးပါဘုရား)

ကိုရင်သံကိစ္စဟာ အရှင်သာရိပုတ္တရာရဲ့တပည့်၊ အသက်က ခုနစ်နှစ်ပဲရှိသေးတယ်။ အရှင်သာရိပုတ္တရာက တစပဉ္စက ကမ္မဋ္ဌာန်းပေးပြီးတော့ ရှင်ရဟန်းပြုပေးလိုက်တာ ဆံရိတ်တဲ့အဆုံးမှာ ပဋိသမ္ဘိဒါတို့နဲ့တကွ ရဟန္တာအဖြစ်ရောက်တော်မူတဲ့ ကိုရင်လေးပါပဲ။

ဘုရားသာသနာမှာ ဒီလို ကိုရင်တော်လေးတွေ ပေါ်ပေါက်လာတာတကယ်ကျေးဇူးများတယ်နော်။

(မှန်လှပါဘုရား)

ဒါကြောင့် ကိုရင်လေးတွေကို အထင်မသေးနဲ့၊ ကိုရင်ငယ်လေးတွေကိုအားပေးကြပါလို့ သတိပေးပြောကြားလိုပါတယ်။

သီလရှိတဲ့သူနဲ့ သီလမရှိတဲ့သူ ဘယ်သူက ပိုပြီးတော့ မြတ်သတဲ့လဲ။

(သီလရှိတဲ့သူက ပိုပြီးမြတ်ပါတယ်ဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားက ဘာတရားတဲ့လဲ။

(သီလရှိမှ ပိုမြတ်လှ တရားတော်ပါဘုရား)

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

*သီလတရား၊ မရှိငြား၊ မှတ်သား မမြတ်ပါ။

http://www.dhammadownload.com



*သီလရှိမှ၊ ပိုမြတ်လှ၊ ဟောပြ တို့မြတ်စွာ။
*သီလရှိအောင်၊ သတိဆောင်၊ ခုနောင် ကြိုးစားပါ။

သမာဓိရှိတဲ့သူနဲ့ သမာဓိမရှိတဲ့သူ ဘယ်သူက ပိုပြီးတော့ မြတ်သလဲ။
(သမာဓိရှိတဲ့သူက ပိုပြီးတော့ မြတ်ပါတယ်ဘုရား)

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ
*သမာဓိတရား၊ မရှိငြား၊ မှတ်သား မမြတ်ပါ။
*သမာဓိရှိမှ၊ ပိုမြတ်လှ၊ ဟောပြ တို့မြတ်စွာ။
*သမာဓိရှိအောင်၊ သတိဆောင်၊ ခုနောင် ကြိုးစားပါ။

သီလ သမာဓိမရှိရင် အသက်တစ်ရာ ရှည်နေရပေမယ့် မြတ်ရဲ့လား။
(မမြတ်ပါဘူးဘုရား)

သီလ သမာဓိရှိရင် တစ်ရက်လောက် အသက်ရှည်ရပေမယ့် မြတ်ဘူးလား။

(မြတ်ပါတယ်ဘုရား)

ဒါကြောင့် ဒီနေ့ဟောတဲ့တရားတော်ကို "သီလရှိမှ ပိုမြတ်လှ" တရားတော်၊ "သမာဓိရှိမှ ပိုမြတ်လှ" တရားတော်လို့ မှတ်ရမယ်နော်။
(မှန်လှပါဘုရား)

ဒီနေ့ ဥပုသ်သီတင်း မပျင်းမပျက် စောင့်သုံးနေကြတဲ့ ဒကာ ဒကာမတွေရဲ့သန္တာန်မှာ သီလ သမာဓိတွေ မရှိကြဘူးလား။
(ရှိကြပါတယ်ဘုရား)

ဒီနေ့ဥပုသ်သီတင်းစောင့်သုံးပြီး သီလ သမာဓိရှိနေကြတဲ့ ဒကာ ဒကာမတွေက ဥပုသ်သီတင်း မစောင့်ကြသူတွေထက် ပိုပြီးတော့ မမြတ်ဘူးလား။
(မြတ်ပါတယ်ဘုရား)

ဒါဆိုရင် ဒီနေ့ ဟောတဲ့တရားတော်က ဘာတရားတဲ့လဲ။
(သီလရှိမှ ပိုမြတ်လှ၊ သမာဓိရှိမှ ပိုမြတ်လှ တရားတော်ပါဘုရား)

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ
*သီလတရား၊ မရှိငြား၊ သက်ကား တစ်ရာရှည်။
*မမြတ်ဘူးဟု၊ ဟောကြားပြု၊ သုံးလူ့ဘုရားသည်။
*သီလတရား၊ ရှိနေငြား၊ သက်ကား တစ်ရက်ရှည်။
*ပိုမြတ်လှဟု၊ ဟောကြားပြု၊ သုံးလူ့ဘုရားသည်။

http://www.dhammadownload.com



*သမာဓိတရား၊ မရှိငြား၊ သက်ကား တစ်ရာရှည်။
*မမြတ်ဘူးဟု၊ ဟောကြားပြု၊ သုံးလူ့ဘုရားသည်။
*သမာဓိတရား၊ ရှိနေငြား၊ သက်ကား တစ်ရက်ရှည်။
*ပိုမြတ်လှဟု၊ ဟောကြားပြု၊ သုံးလူ့ ဘုရားသည်။

ယနေ့လိုပဲ နောက်ဥပုသ်တွေမှာလည်း သီလ၊ သမာဓိတွေရှိကာ ပိုမြတ်သူတွေ ဖြစ်အောင် ကြိုးစားပြီးတော့ ဥပုသ်သီတင်း မပျင်းပျော်ပျော် စောင့်သုံးတော်မူနိုင်ကြပါစေဆိုတဲ့အနေဖြင့် ဦးပဥ္ဇင်းသည် "သီလရှိမှ ပိုမြတ်လှ" တရားတော်၊ "သမာဓိရှိမှ ပိုမြတ်လှ" ဆိုတဲ့တရားတော်ကို ဟောကြားခဲ့ပါတယ်။

ကဲ "သီလရှိမှ ပိုမြတ်လှ"၊ "သမာဓိရှိမှ ပိုမြတ်လှ" ဆိုတဲ့ အနုကဗျာအနုစာတွေနဲ့ တရားသိမ်းကြရအောင်။ အားလုံး လက်အုပ်ချီလိုက်ကြပါ။

သီလတရား၊ မရှိငြားဘဲ၊ သက်ကားတစ်ရာ၊ နေရတာထက်၊ သူငါ
သီလ၊ ရှိနေကြလျက်၊ တစ်ရက်တလေ၊ အသက်နေရ၊ ပိုမြတ်လှသည်၊
ဗုဒ္ဓရှင်တော် မိန့်ခွန်းတည်း။
(သာဓု၊ သာဓု၊ သာဓုပါဘုရား)

သမာဓိတရား၊ မရှိငြားဘဲ၊ သက်ကားတစ်ရာ၊ နေရတာထက်၊ သမာဓိ
တရား၊ ရှိကာထားလျက်၊ တစ်ရက်တလေ၊ အသက်နေရ၊ ပိုမြတ်လှသည်၊
ဗုဒ္ဓရှင်တော် မိန့်ခွန်းတည်း။
(သာဓု၊ သာဓု၊ သာဓုပါဘုရား)

မှတ်ချက်။ ။ သီလပွဲတိုင်း၊ ဥပုသ်နေ့တိုင်းဟောပါ။

၁၅၊ ၆၊ ၉၆ (ညနေ ၅ နာရီ ၄၅)

သီလရှိမှ ပိုမြတ်လှ တရားတော် ပြီးပြီ။

http://www.dhammadownload.com

ခုဒ္ဒကနိကာယ်၊ ဓမ္မပဒပါဠိတော်၊ သဟဿဝဂ် ခါဏုကောဏ္ဍညတ္ထေရ
ဝတ္ထုကို တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# ပညာရှိမှ+ ပိုမြတ်လှ တရားတော်

ဟောဒီ "ပညာရှိမှ ပိုမြတ်လှ" ခေါ် တရားဒေသနာတော်ကို ဘုရားရှင်ကိုယ်တော်မြတ် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူစဉ် ခါဏုကောဏ္ဍညထေရ်ကို အကြောင်းပြုပြီးတော့ ဟောကြားတော်မူခဲ့ပါတယ်။

အဲဒီ ခါဏုကောဏ္ဍညမထေရ်ဟာ ဘုရားထံကနေ ကမ္မဋ္ဌာန်းယူပြီး တောထဲမှာ နေတဲ့အခါ ရဟန္တာဖြစ်တော်မူပါတယ်။

ရဟန္တာဖြစ်ပြီး မြတ်စွာဘုရားလျှောက်ထားဖို့ရာ ပြန်လာတဲ့အခါမှာ လမ်းခရီးတွင် ပင်ပန်းတဲ့အတွက် လမ်းခရီးက ဖဲကြဉ်ပြီး တစ်ခုသော ကျောက်ဖျာကြီးအပေါ်မှာ ထိုင်နေကာ ဈာန်ဝင်စားနေပါတယ်။

တစ်နေ့တော့ ခိုးသားငါးရာဟာ ရွာတစ်ရွာကို ,လုယက်ဖျက်ဆီးပြီး မိမိအားနဲ့လျော်စွာ အထုပ်ဖွဲ့ ယူဆောင်လာပါတယ်။

ခိုးသားငါးရာဟာ ကျောက်ဖျာပေါ် ဈာန်ဝင်စားနေတဲ့ မထေရ်ကြီးကို မြင်ပါလျက် သစ်ငုတ်ကြီးထင်ပြီး ခိုးသူတစ်ယောက်က မထေရ်ရဲ့ဦးခေါင်းပေါ်မှာ ဥစ္စာထုပ်ကိုထားတယ်။ ခိုးသားငါးရာလုံး ငါးရာသော ဥစ္စာထုပ်နဲ့ မထေရ်ကိုခြံရံပြီး ဖိအိပ်နေကြပါတယ်။ အရုဏ်တက်မှာ နိုးလာပြီး ကိုယ့်ဥစ္စာထုပ်ကို ယူတဲ့အခါ မထေရ်ကိုမြင်တော့ ဘီလူးဆိုပြီး (ဘီလူးထင်ပြီး) ထွက်ပြေးဖို့ ပြင်ဆင်ကြတဲ့အခါမှာ မထေရ်က

"ဒါယကာတို့ မကြောက်ကြပါနဲ့၊ ငါ ရဟန်းပါ။ ဘီလူးမဟုတ်ပါဘူး" လို့ ပြောပါတယ်။

အဲဒီသူခိုးတွေဟာ မထေရ်ရဲ့ခြေရင်းမှာ ဝပ်ပြီးတော့ "အရှင်ဘုရား သည်းခံတော်မူပါ။ တပည့်တော်တို့က သစ်ငုတ်ထင်ပြီး မသင့်မလျော်တာတွေ လုပ်မိတာပါဘုရား" လို့ အသနားခံကာ ရှိခိုးကန်တော့ လျှောက်ထားကြပါတယ်။

http://www.dhammadownload.com



အဲဒီလို ရှိခိုးကန်တော့ လျှောက်ထားကြပြီးတော့ အရှင်ကောဏ္ဍညရဲ့ ထံမှာ ရဟန်းအဖြစ် တောင်းပန်ကာ ရဟန်းပြုကြပါတယ်။

အရှင်ကောဏ္ဍညဟာ အဲဒီ ရဟန်းငါးရာနဲ့အတူ ဘုရားထံ ရောက်သွားတော့ ဘုရားရှင်က "ချစ်သား ကောဏ္ဍည၊ တပည့်တွေကို သင်ရခဲ့သလား" လို့ မေးတဲ့အခါ ရခဲ့ကြောင်း လျှောက်ထားပါတယ်။

ဘုရားက "ရဟန်းတို့ ဒီရဟန်းလျှောက်တာ ဟုတ်ရဲ့လား" လို့ မေးတဲ့ အခါ "ဟုတ်မှန်ကြောင်း၊ တပည့်တော်တို့သည် ဤသို့သဘောရှိတဲ့ တစ်ပါးသော သူရဲ့ အာနုဘော်ကို မမြင်ဖူးပါကြောင်း၊ ဒါကြောင့် ရဟန်းပြုလာပါကြောင်း" လျှောက်ထားပါတယ်။

အဲဒီလိုလျှောက်ထားတော့ ဘုရားရှင်က အောက်ပါတရားဂါထာ ဒေသနာ တော်ကို ဟောကြားတော်မူပတယ်။

ယော စ ဝဿသတံ ဇီဝေ၊ ဒုပ္ပညော အသမာဟိတော။

ကောဟံ ဇီဝိတံ သေယျော၊ ပညဝန္တဿ ဈာယိနော။

(ဓမ္မပဒ ၄၊ ၁၊ ၇၃၄)

ယော စ– အကြင်သူသည်ကား၊ ဒုပ္ပညော– ပညာတရား မရှိဘြားဘဲ၊ အသမာဟိတော– သမာဓိတရား မရှိဘြားဘဲ၊ ဝဿသတံ– အနှစ်တစ်ရာ၊ ကာလကြာအောင်၊ ဇီဝေ– မှန်စွာမသွေ အသက်ရှည်ငြားအံ့၊ န သေယျော– ကေန်သိမှတ် မှန်မမြတ်ပေ၊ တတောဇိဝနတော– မှန်စွာမယွင်း ထိုအသက် တစ်ရာ ရှည်ကြာရခြင်းထက်၊ ပညဝန္တဿ– ပညာတရား ရှိထားသော၊ (ဝါ) ပညာတရားရှိကာထားလျက်၊ ဈာယိနော– ဈာန်ဝင်စားသူ များရှင်လူ၏၊ ကောဟံ ဇီဝိတံ– တစ်ရက်လောက်မျှ အသက်ရှည်ရခြင်းသည်၊ သေယျော– အမှန်မသွေ မြင့်မြတ်ပါပေသတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

ပညာတရား၊ သမာဓိတရားမရှိဘဲ အသက်တစ်ရာရှည်အောင် နေရပေ မယ့် မမြတ်ပုံ၊ ပညာတရား၊ သမာဓိတရားတွေ ရှိပြီးတော့ ဈာန်နှစ်ပါးတို့နဲ့ ဝင်စားကာ ရှုမှတ်ပွားများနေရင် တစ်ရက်လောက်သာ အသက်ရှည်ရပေမယ့် မြင့်မြတ်ပုံ၊ တန်ဖိုးရှိပုံကို မြတ်စွာဘုရားက ထင်ရှားအောင် ညွှန်ကြားဟောပြ လိုက်တာနော်။

(မှန်လှပါဘုရား)

http://www.dhammadownload.com



ပညာတရား၊ သမာဓိတရားတွေ မရှိဘဲ အသက်တစ်ရာ ရှည်ကြာအောင် နေရသူဟာ မြတ်ပါ့မလား။

(မမြတ်ပါဘူးဘုရား)

ပညာတရား၊ သမာဓိတရားတွေ ရှိရင် တစ်ရက်လောက်သာ အသက် ရှည်ကြာနေရပေမယ့် မမြင့်မြတ်ဘူးလား။

(မြတ်ပါတယ်ဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်က ဘာတရားတဲ့လဲ။

(ပညာရှိမှ ပိုမြတ်လှ တရားတော်ပါဘုရား)

လူတွေ မြတ်တာ မမြတ်တာကို၊ တန်ဖိုးရှိတာ မရှိတာကို ပညာနဲ့ တိုင်းတာရမယ်နော်။

(မှန်လှပါဘုရား)

ဘာနဲ့ တိုင်းတာရမတဲ့လဲ။

(ပညာနဲ့ တိုင်းတာရမှာပါဘုရား)

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

*လူတွေမြတ်တာ၊ မမြတ်တာ၊ တိုင်းတာ ပညာနဲ့။

*တန်ဖိုးရှိတာ၊ မရှိတာ၊ တိုင်းတာ ပညာနဲ့။

ပညာရှိမှ မြတ်မှာ၊ တန်ဖိုးရှိမှာဆိုတော့ ပညာရှိဖြစ်အောင် လောကီ လောကုတ္တရာပညာတွေ အစုံတတ်မြောက်အောင် ကြိုးစားရမယ်နော်။

(မှန်လှပါဘုရား)

ခိုးသားဘဝကလာတဲ့ အရှင်ကောဏ္ဍညရဲ့တပည့် ရဟန်းငါးရာကို ဘုရား ရှင်က အထက်ပါဂါထာတစ်ပုဒ်နဲ့ ဟောကြားပြီး ပြလိုက်တဲ့ တရားဒေသနာ တော်ရဲ့အဆုံးမှာ ရဟန်းငါးရာလုံး ပဋိသမ္ဘိဒါတို့နဲ့တကွ အရဟတ္တဖိုလ်ပေါက် ရဟန္တာအဖြစ်သို့ ရောက်အောင် မြင့်မြတ်သွားတော်မူကြပါတယ်။

တရားနာ လာရောက်ကြတဲ့ လူတွေမှာလည်း အကျိုးရှိတဲ့တရားဒေသနာ တော် ဖြစ်သွားပါတယ်။

ပညာရှိတဲ့သူနဲ့ ပညာမရှိတဲ့သူ ဘယ်သူက ပိုမြတ်သတဲ့လဲ။

(ပညာရှိတဲ့သူက ပိုမြတ်ပါတယ်ဘုရား)

ဒီနေ့ ဟောလိုက်တဲ့တရားတော်က ဘာတရားတဲ့လဲ။

(ပညာရှိမှ ပိုမြတ်လှ တရားတော်ပါဘုရား)

http://www.dhammadownload.com



ကဲ– လင်္ကာလေးတွေလိုက်ဆိုကြ။

*ပညာတရား၊ မရှိငြား၊ သက်ကား တစ်ရာရှည်။

*မမြတ်ဘူးဟု၊ ဟောကြားပြု၊ သုံးလူ့ဘုရားသည်။

*ပညာတရား၊ ရှိနေငြား၊ သက်ကား တစ်ရက်ရှည်။

*ပိုမြတ်လှဟု၊ ဟောကြားပြု၊ သုံးလူ့ဘုရားသည်။

ယနေ့ကစ မင်္ဂလိုင်နိဗ္ဗာန်ရမည့် ဘဝတိုင်အောင် ပညာရှိအောင်\တရားနာနိုင်ကြပါစေ၊ တရားနာယူကြပြီး ကျင့်ကြံကြိုးစား ပွားများအားထုတ်နိုင်ကြပါစေ။ ကျင့်ကြံကြိုးစား ပွားများအားထုတ်နိုင်ကြကာ အရဟတ္တဖိုလ်ပေါက် ရဟန္တာအဖြစ်သို့ ရောက်နိုင်ကြပါစေဆိုတဲ့ အနေဖြင့် ဦးပဥ္ဇင်းသည် "ပညာရှိမှ ပိုမြတ်လှ" ဆိုတဲ့တရားဒေသနာတော်ကို ဟောခဲ့ပါတယ်။

ကဲ– "ပညာရှိမှ ပိုမြတ်လှ" ဆိုတဲ့ အနုကဗျာ အနုစာနဲ့ တရားသိမ်းကြရအောင်၊ လက်အုပ်ချီကြပါ။

"ပညာတရား၊ မရှိငြားဘဲ၊ သက်ကားတစ်ရာ၊ ရှည်ရတာထက်၊ (နေရတာထက်) ပညာတရား၊ ရှိကာထားလျက် တစ်ရက်တလေ၊ အသက်နေရ၊ ပိုမြတ်လှသည်၊ ဗုဒ္ဓရှင်တော် မိန့်ခွန်းတည်း"

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

မှတ်ချက်။ ။ ပညာရေးဆိုင်ရာပွဲတိုင်း၊ ပညာဂုဏ်ပြုပူဇော်ပွဲတိုင်း၊ ဝိပဿနာပွဲတိုင်း ဟောပါ။

၁၆၊ ၆၊ ၉၆ (တနင်္ဂနွေနေ့)
နံနက် ၁၀ နာရီ။

ပညာရှိမှ ပိုမြတ်လှ တရားတော် ပြီးပြီ။

http://www.dhammadownload.com

ခုဒ္ဒကနိကာယ်၊ ဓမ္မပဒပါဠိတော်၊ သဟဿဝဂ်၊ သပ္ပဒါသတ္ထေရ
ဝတ္ထုကို တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# ဝိရိယရှိမှ+ ပိုမြတ်လှ တရားတော်

ဟောဒီ "ဝိရိယရှိမှ ပိုမြတ်လှ" တရားဒေသနာတော်ကို ဘုရားရှင်ကိုယ်တော်မြတ် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူစဉ် သပ္ပဒါသမထေရ်ကို အကြောင်းပြုပြီးတော့ ဟောကြားခဲ့ပါတယ်။

သပ္ပဒါသဆိုတာ မြွေဖြစ်သောကျွန်ရှိသော ရဟန်းလို့ဆိုလိုပါတယ်။

ဒီကိုယ်တော်ဟာ သာသနာတော်မှာနေရတာ မပျော်မွေ့တဲ့အတွက် ရဟန်းတွေ ခက်ခက်ခဲခဲ ဖမ်းယူလာတဲ့မြွေကို တောင်းယူပြီးတော့ သူ့ကိုယ်ကို ကိုက်စေပါတယ်။ မြွေက မကိုက်ရဲဘူးတဲ့။ ဘာကြောင့်မကိုက်ရဲသလဲဆိုတော့ ဒီကိုယ်တော်ရဲ့ သုံးခုမြောက်ဘဝမှာ ဒီမြွေဟာ ကျွန်ဖြစ်ခဲ့ဖူးတဲ့အတွက်ကြောင့် မိမိသခင်ကို မကိုက်ရဲတာပါပဲ။

နောက် ဒီကိုယ်တော် သာသနာတော်မှာ ဘာကြောင့်မပျော်မွေ့တာလဲဆိုတော့ ကဿပဘုရားလက်ထက်တော်တုန်းက ရဟန်းတစ်ပါးကို လူထွက်အောင် တိုက်တွန်းခဲ့ဖူးတဲ့အတွက်ကြောင့်ပါပဲတဲ့။ ဘာကြောင့် တိုက်တွန်းတာလဲဆိုတော့ အဲဒီကိုယ်တော် လူထွက်သွားရင် အဲဒီကိုယ်တော်ရဲ့ သင်္ကန်းစတဲ့ ပရိက္ခရာတွေ ရမှာပဲဆိုတဲ့ အနေနဲ့ တိုက်တွန်းခြင်းဖြစ်ပါတယ်။ အဆင့်မြင့်ရာကနေ အဆင့်နိမ့်သွားအောင် တိုက်တွန်းရင် ဝဋ်လိုက်တတ်တယ်ဆိုတာကို သတိပြုရမယ်နော်။

နောက် ဒီသပ္ပဒါသ ကိုယ်တော်မြတ်ဟာ သာသနာမှာ ဆက်လက်ပျော်မွေ့နေထိုင်ကာ ရဟန္တာဖြစ်သွားပါတယ်။ ဘာကြောင့် ရဟန္တာဖြစ်သလဲဆိုတော့ ကဿပဘုရားလက်ထက်တော်တုန်းက အနှစ်နှစ်သောင်း ရဟန်းတရားတွေကို ကြိုးစားဖြည့်ကျင့်ခဲ့ဖူးတဲ့အတွက်ကြောင့်ပါပဲ။

ဒီသပ္ပဒါသ မထေရ်ဝတ္ထုကို လေ့လာကြည့်တဲ့အခါမှာ ထူးခြားချက်သုံးခုကို တွေ့ရပါတယ်။ အဲဒီထူးခြားချက်သုံးခုက

၁။ မြွေမကိုက်ရဲတာ၊

http://www.dhammadownload.com



၂။ သာသနာမှာ မပျော်မွေ့တာ၊
၃။ ရဟန္တာဖြစ်သွားတာတို့ပါပဲ။

ကဲ- လင်္ကာလေးတွေလိုက်ဆိုကြ
* မြွေမကိုက်တာ ဟောပြပါ၊ ဘယ်အရာကြောင့်လဲ။
* ကျွန်ဖြစ်ဖူးကာ၊ မကိုက်ပါ၊ သေချာအကြောင်းပဲ
* သာသနာမှာ၊ မပျော်တာ၊ ဘယ်အရာကြောင့်လဲ။
* လူထွက်ဖို့ရာ၊ တိုက်တွန်းတာ၊ မှတ်ပါအကြောင်းပဲ။
* မြတ်ရဟန္တာ၊ ဖြစ်ရရှာ၊ ဘယ်အရာကြောင့်လဲ။
* နှစ်သောင်းအနှစ်၊ ရဟန်းဖြစ်၊ ကျင့်ဝတ်ကြောင့်ပါပဲ။

သပ္ပဒါသမထေရ်ရဲ့ ရဟန္တာဖြစ်ပုံကိုလည်း ဆက်ပြီးတော့ နာကြပါဦး။ ဒီကိုယ်တော်ဟာ သာသနာတော်မှာ နေရတာ မပျော်မွေ့တဲ့အတွက် သေချင်စိတ်ပေါက်ပြီး သေအောင် မြွေကိုက်ခိုင်းတော့လည်း မြွေကမကိုက်တော့ မသေရဘူး။ ဒါနဲ့ တစ်နေ့တော့ သစ်ပင်တစ်ပင်မှာ လည်ပင်းကို မှီထားပြီး သင်တုန်းဓားကို လည်ပင်း၌ တင်ထားကာ မတ်တတ်ရပ်နေပါတယ်။ မတ်တတ်ရပ်ပြီးတော့ ရဟန်းဖြစ်တဲ့နေ့မှစ၍ မိမိရဲ့သီလကို ဆင်ခြင်လိုက်တဲ့အခါမှာ အညစ်အကြေးကင်းတဲ့ လပြည့်ဝန်းကြီးလို့ ကောင်းစွာသွေးအပ်တဲ့ ပတ္တမြားလုံးပမာ အညစ်အကြေးမရှိတဲ့ သီလကို မြင်ရပါတယ်။ အင်မတန်စင်ကြယ်လှတဲ့ အဲဒီ မိမိရဲ့ သီလကို ကြည့်ရှုဆင်ခြင်လိုက်တော့ အဲဒီရဟန်းရဲ့ အလုံးစုံသောကိုယ်ကို ပျံ့နှံ့တဲ့ဖရဏာပီတိ ဖြစ်ပေါ်လာတယ်။

ဘာပီတိတဲ့လဲ။

(ဖရဏာပီတိပါဘုရား)

အဲဒီ သပ္ပဒါသမထေရ်ဟာ နှစ်သိမ့်တဲ့ပီတိကို ပယ်ခွာလိုက်တယ်တဲ့။ ဒီတော့ တရားနာပရိသတ်၊ နှစ်သိမ့်တဲ့ပီတိကို ပယ်ခွာပစ်ရမှာနော်။

(မှန်လှပါဘုရား)

အဲဒီနှစ်သိမ့်တဲ့ပီတိကို ပယ်ခွာ ဝိပဿနာပွားလိုက်တယ်တဲ့။ ဘာလုပ်လိုက်သတဲ့လဲ။

(ပီတိကို ပယ်ခွာ၊ ဝိပဿနာပွားလိုက်ပါတယ် ဘုရား)

ဝိပဿနာပွားလိုက်တော့ ပဋိသမ္ဘိဒါလေးပါးတို့နဲ့တကွ ရဟန္တာအဖြစ်ရောက်သွားပါတယ်။

http://www.dhammadownload.com



ဒီတော့ တရားနာပရိသတ်၊ သီလစင်ကြယ်ရင် ပီတိဖြစ်ရတယ်၊ ပီတိကို ပယ်ခွာ ဝိပဿနာပွားရင် ရဟန္တာဖြစ်ရတယ်နော်။

(မှန်လှပါဘုရား)

ရဟန္တာဖြစ်ဖို့ရန်အတွက် သီလပဓာန မကျဘူလား။

(ကျပါတယ်ဘုရား)

ရဟန္တာဖြစ်ဖို့ အလွယ်လေးပါ။ သီလမလိုပါဘူးလို့ ပြောဟောနေသူတွေ၊ နာယူနေသူတွေရဲ့ ပြောဟောနေမှု၊ နာယူနေမှုတွေဟာ လမ်းမှန်ဟုတ်ရဲ့လား။

(မဟုတ်ပါဘူးဘုရား)

သီလမစင်ကြယ်ရင် ရဟန္တာဖြစ်ဖို့တော့ မပြောနဲ့၊ ပီတိတောင် မဖြစ်နိုင်ဘူးနော်။

(မှန်လှပါဘုရား)

ဒါကြောင့် တရားနာပရိသတ်၊ ရဟန္တာဖြစ်ချင်ရင် သီလစင်ကြယ်အောင်ကြိုးစားရမယ်နော်။

(မှန်လှပါဘုရား)

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

*သီလစင်ကြယ်၊ ပီတိကွယ်၊ တကယ်ဖြစ်ရမည်။

*ပီတိပယ်ခွာ၊ ဝိ ပွားကာ၊ ရဟန္တာဖြစ်ရသည်။

*ရဟန္တာဖြစ်ကြောင်း၊ နည်းလမ်းကောင်း၊ မစောင်းမှတ်ရမည်၊

ဒီတော့ တရားနာပရိသတ်၊ ရဟန္တာမဖြစ်ချင်ကြဘူးလား။

(ဖြစ်ချင်ကြပါတယ် ဘုရား)

အေး- ရဟန္တာဖြစ်ချင်ရင်

၁။ သီလစင်ကြယ်ရမယ်၊

၂။ ပီတိကို ပယ်ခွာရမယ်၊

၃။ ဝိပဿနာ ပွားများရမယ်နော်၊

(မှန်လှပါဘုရား)

ဒီတော့ တရားနာပရိသတ်၊ ရဟန္တာဖြစ်ကြောင်း နည်းလမ်းကောင်း ဘယ်နှစ်ပါး တွေ့ရသတဲ့လဲ။

(သုံးပါး တွေ့ရပါတယ်ဘုရား)

http://www.dhammadownload.com



ရဟန္တာဖြစ်ချင်တယ်၊ သီလက မစင်ကြယ်ဘူး၊ ပီတိကို မပယ်မခွာဘူး။ ဝိပဿနာ မပွားဘူးဆိုရင် ရဟန္တာဖြစ်နိုင်ပါ့မလား။

(မဖြစ်နိုင်ပါဘူး ဘုရား)

အဲဒီ သပ္ပဒါသမထေရ်သည် သင်တုန်းဓား လည်ပင်းမှာတင်ထားပြီး ရပ်လျက် တစ်ခဏအတွင်း ရဟန္တာဖြစ်တာကို အခြားရဟန်းတွေက မယုံကြည်တဲ့အတွက် ဘုရားရှင်ကို လျှောက်ထားတော့ ဘုရားရှင်က "ချစ်သားတို့ ဖြစ်နိုင်တယ်၊ ရောက်နိုင်တယ်၊ အားထုတ်မှု လုံ့လဝီရိယရှိတဲ့ ရဟန်းရဲ့ခြေကို ကြွပြီးတော့ မြေမှာထားစဉ် ခြေဟာ မြေသို့မရောက်မီပင်လျှင် အရဟတ္တမဂ် ဖြစ်တယ်" တဲ့။

ဒီတော့ တရားနာပရိသတ်၊ ဘယ်လောက်အားရစရာကောင်းသလဲဆိုတာ စဉ်းစားကြည့်ပါ။ အားထုတ်မှု လုံ့လဝီရိယရှိရင် ခြေကိုကြွ၊ မြေကိုချလိုက်တဲ့ အချိန်လေးမှာ ခြေထောက် မြေမရောက်ခင်မှာပဲ ရဟန္တာဖြစ်တယ်ဆိုတော့ အားထုတ်မှုရှိနေတဲ့သူတွေအတွက် တကယ်အားရစရာ မကောင်းဘူးလား။

(ကောင်းပါတယ်ဘုရား)

ဒီတော့ ရဟန္တာဖြစ်ချင်ရင် အားထုတ်မှုရှိနေဖို့ အဓိကလိုအပ်တယ်နော်။

(မှန်လှပါဘုရား)

ကဲ– အားရစရာ လင်္ကာလေး လိုက်ဆိုကြ

* အားထုတ်မှုသာ၊ ရှိသောခါ၊ သေချာ မှတ်စေချင်။

* မိမိခြေကြွ၊ မြေကိုချ၊ မြေလှ မရောက်ခင်။

* အချိန်လေးမှာ၊ ရဟန္တာ၊သေချာဖြစ်သည်ပင်။

* အားရစရာ၊ ကောင်းလှတာ၊ သေချာ မှတ်စေချင်။

ဆက်ပြီးတော့ ဘုရားရှင်ကိုယ်တော်မြတ်က ပျင်းရိတဲ့ပုဂ္ဂိုလ်ရဲ့ အနှစ်တစ်ရာ ကာလကြာအောင် အသက်ရှည်ရခြင်းထက် အားထုတ်မှု လုံ့လဝီရိယ ရှိသူရဲ့ တစ်ရက်လောက် (တစ်ခဏလောက်) အသက်ရှည်ရတာက ပိုပြီးတော့ မြတ်တယ်လို့ မိန့်တော်မူကာ အောက်ပါတရားဂါထာတော်ကို ဟောကြားတော်မူပါတယ်။

ယော စ ဝဿသတံ ဇီဝေ၊ ကုသီတော ဟီနဝီရိယော။

ဧကာဟံ ဇီဝိတံ သေယျော၊ ဝီရိယမာရဘတော ဒဠှံ။

(ဓမ္မပဒ ၄ ၁၊ ၄၃၇)

http://www.dhammadownload.com



ယောစ– အကြင်သူသည်ကား၊ ကုသီတော– ပျင်းရိခြင်းရှိသည်၊ ဟီန ဝီရိယော– လျော့သောလုံ့လဝီရိယရှိသည်၊ ဟုတွာ– ဖြစ်၍၊ ဝဿသတံ– အနှစ်တစ်ရာ ကာလကြာအောင်၊ ဇီဝေ– မှန်စွာမသွေ အသက်ရှည်ငြားအံ့၊ နသေယျော– မမြတ်၊ တတောဇီဝနတော– မှန်စွာမယွင်း ထိုအသက်တစ်ရာ ရှည်ကြာရခြင်းထက်၊ ဝီရိယံ– လုံ့လကို၊ ဒဠှံ– မြဲမြံစွာ၊ အာရဘတော– အားထုတ်နေသူ များရှင်လူ၏၊ ဧကာဟံဇီဝိတံ– တစ်ရက်လောက်မျှ အသက်ရှည်ရခြင်းသည်၊ သေယျော– အမြတ်တစေ မြင့်မြတ်လှပါပေသတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

ပျင်းရိပြီးတော့ အားထုတ်မှု လုံ့လဝီရိယ မရှိတဲ့သူရဲ့ အသက်တစ်ရာ ကာလကြာအောင် နေရတာထက် အားထုတ်ကြိုးစားမှု လုံ့လဝီရိယရှိသူရဲ့ တစ်ရက်လောက် (တစ်ခဏလောက်) အသက်ရှည်ရတာက ပိုပြီးတော့ မြတ် တယ်တဲ့။

ဒီနေရာမှာ ကုသီတအရ ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသဝိတက် ဆိုတဲ့ ဝိတက်သုံးမျိုးနဲ့ အချိန်ကို ကုန်လွန်စေတဲ့သူကို ယူရပါတယ်။

ဝီရိယအရ ဈာန်နှစ်ပါးကို ဖြစ်စေနိုင်တဲ့ မြဲမြံတဲ့ ဝီရိယကို ယူရတယ်။

ဒီတော့ တရားနာပရိသတ်၊ ဝီရိယမရှိဘဲ အသက်တစ်ရာ နေရတဲ့သူရဲ့ ဘဝဟာ မြတ်ပါ့မလား။

(မမြတ်ပါဘူး ဘုရား)

ဝီရိယရှိပြီး တစ်ရက်လောက်သာ နေရတဲ့သူရဲ့ဘဝဟာ မမြတ်ဘူးလား။

(မြတ်ပါတယ်ဘုရား)

ဒီတော့ တရားနာပရိသတ်၊ ဝီရိယမရှိရင် မမြတ်ဘူး၊ ဝီရိယရှိရင် ပိုပြီး တော့ မြတ်တယ်လို့ မှတ်ရမယ်နော်။

(မှန်လှပါဘုရား)

လောကရေးမှာပဲဖြစ်ဖြစ်၊ ဓမ္မရေးမှာပဲဖြစ်ဖြစ်၊ ဝီရိယမရှိရင် မြင့်မြတ်တဲ့ ကောင်းကျိုးတွေ ရနိုင်ပါ့မလား။

(မရနိုင်ပါဘူး ဘုရား)

လူပျင်းတွေကတော့ ကာမဂုဏ်တွေနဲ့ အကုသိုလ်လုပ်ငန်းတွေနဲ့ အချိန်ကို ကုန်လွယ်စေတယ်။ လူတော် လူကောင်း လူမြတ်တွေကတော့ ကုသိုလ်လုပ်ငန်း တွေနဲ့ အချိန်ကို ကုန်လွန်စေတယ်။ အချိန်ကို ကုန်လွန်စေပုံတူရဲ့လား။

(မတူပါဘူးဘုရား)

http://www.dhammadownload.com



ယနေ့ တရားနာနေကြတဲ့ ဒကာ ဒကာမတွေက ကြိုးစားပြီး တရားနာနေကြတာဆိုတော့ ဝီရိယရှိသူတွေလို့ ဆိုရမယ်နော်။

(မှန်လှပါဘုရား)

ဝီရိယမရှိသူတွေ တရားနာနိုင်ကြရဲ့လား။

(မနာနိုင်ကြပါဘူး ဘုရား)

ဝီရိယမရှိသူနဲ့ ဝီရိယရှိသူ ဒီနှစ်လူမှာ ဘယ်သူက ပိုပြီးတော့ မြတ်သလဲ။

(ဝီရိယရှိသူက ပိုပြီးတော့ မြတ်ပါတယ်ဘုရား)

ဒါဆိုရင် ဒီနေ့ ဟောတဲ့တရားက ဘာတရားတဲ့လဲ။

(ဝီရိယရှိမှ ပိုမြတ်လှ တရားတော်ပါဘုရား)

ဒီတော့ တရားနာပရိသတ်၊ လူတော် လူကောင်း လူမြတ်ဖြစ်ချင်ရင် ရဟန္တာဖြစ်ချင်ရင် ဝီရိယရှိဖို့ မလိုဘူးလား။

(လိုပါတယ်ဘုရား)

လူတွေ မြတ်တာ မမြတ်တာ၊ တော်တာ မတော်တာ၊ ကောင်းတာ မကောင်းတာ၊ တန်ဖိုးရှိတာ မရှိတာကို ဝီရိယနဲ့ တိုင်းတာရမယ်။ ဘာနဲ့တိုင်းတာရမတဲ့လဲ။

(ဝီရိယနဲ့ တိုင်းတာရမှာပါဘုရား)

ကဲ- တိုင်းတာရေး လင်္ကာလေးတွေ လိုက်ဆိုကြ

*လူတွေ မြတ်တာ၊ မမြတ်တာ၊ တိုင်းတာ ဝီရိနဲ့။

*လူတွေ တော်တာ၊ မတော်တာ၊ တိုင်းတာ ဝီရိနဲ့။

*လူတွေ ကောင်းတာ၊ မကောင်းတာ၊ တိုင်းတာ ဝီရိနဲ့။

*တန်ဖိုးရှိတာ မရှိတာ၊ တိုင်းတာ ဝီရိနဲ့။

ဝီရိယမရှိရင် မမြတ်ဘူး။ ဝီရိယရှိမှ မြတ်မှာဆိုတော့ ဝီရိယရှိအောင် နေ့မအား ညမနား ကိုသိုလ်လုပ်ငန်းတွေ ကြိုးစားရမယ်နော်။

(မှန်လှပါဘုရား)

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

*ဝီရိယတရား၊ မရှိငြား၊ မှတ်သား မမြတ်ပါ။

*ဝီရိယရှိမှ၊ ပိုမြတ်လှ၊ ဟောပြတို့မြတ်စွာ။

*ဝီရိယရှိအောင်၊ သတိဆောင်၊ ခနောင် ကြိုးစားပါ။

http://www.dhammadownload.com



ဒေဒနာဝသာနေ ဗဟူ သောတာပတ္တိဖလာဒီနိပါပုဏိသု။

(မွေပဒ ဋ္ဌ ၁၊ ၄၃၇)

ဒီတရားဂါထာ ဒေသနာတော်ရဲ့အဆုံးမှာ များစွာသော တရားနာကြား ရသူတွေဟာ သောတာပတ္တိဖိုလ် စသည်တို့ကို ရောက်သွားကြပါတယ်။

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

* ဝီရိယတရား၊ မရှိငြား၊ သက်ကား တစ်ရာရှည်။
* မမြတ်ဘူးဟု၊ ဟောကြားပြု၊ သုံးလူ့ဘုရားသည်။
* ဝီရိယတရား၊ ရှိနေငြား၊ သက်ကား တစ်ရက်ရှည်။
* ဝီရိယတရား၊ ရှိနေငြား၊ သက်ကား ခဏရှည်။
* ပိုမြတ်လှဟု၊ ဟောကြားပြု၊ သုံးလူ့ဘုရားသည်။

ယနေ့ကစ မဂ်ဖိုလ်နိဗ္ဗာန် ရမည့်ဘဝတိုင်အောင် လောက၊ ဓမ္မ နှစ်ဌာန လုံး အောင်မြင်ပြီးမြောက် ခရီးရောက်အောင် ဝီရိယတရားအပြည့်အဝ ထားကာ ကြိုးစားအားထုတ်နိုင်ကြပါစေဆိုတဲ့အနေဖြင့် ဦးပဉ္ဇင်းသည် "ဝီရိယရှိမှ ပိုမြတ် လှ" ခေါ် တရားတော်ကို ဟောပြခဲ့ပါတယ်။

ကဲ- "ဝီရိယရှိမှ ပိုမြတ်လှ" ဆိုတဲ့ အနုကမ္ဗာ အနုစာနဲ့ တရားသိမ်း ကြရအောင်၊ လက်အုပ်ချီလိုက်ကြပါ။

"ဝီရိယတရား မရှိငြားဘဲ) သက်ကားတစ်ရာ၊ နေရတာထက်၊ (ရှည်ရ တာထက်) သူငါနေ့ည၊ ဝီရိယတရား၊ ရှိကားထားလျက်၊ တစ်ရက်တလေ၊ အသက်နေရ (အသက်ရှည်ရ) ပိုမြတ်လှသည် ဗုဒ္ဓရှင်တော မိန့်ခွန်း တည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

မှတ်ချက်။ ။ သီလပွဲတိုင်း၊ ဝိပဿနာပွဲတိုင်း၊ ဝီရိယရှိကာ အောင်မြင်မှု ရသူတို့အား ဂုဏ်ပြုပူဇော်ပွဲတိုင်း ဟောပါ။

စာသင်တိုက်၊ ကမ္မဋ္ဌာန်းတိုက်၊ အသင်းအဖွဲ့တို့၌ ဝီရိယ ရှိရေး ဩဝါဒကထာအနေနှင့်လည်း ပေးသင့်ပါသည်။

၁၆၊ ၆၊ ၉၆ (တနင်္ဂနွေ)

ညနေ ၅ နာရီ ၄၅ မိနစ်။

ဝီရိယရှိမှ ပိုမြတ်လှ တရားတော် ပြီးပြီ။

ခုဒ္ဒကနိကာယ်၊ ဓမ္မပဒပါဠိတော်၊ သဟဿဝဂ်၊ ပဋာစာရာဝတ္ထုကို
တန်ဆာဆင်၍ ဟောကြာ ပြောကြားအပ်သော

# ဖြစ်ပျက်မြင်မှ+ ပိုမြတ်လှ တရားတော်

ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။

ယော စ ဝဿသတံ ဇီဝေတိ ဣမံ ဓမ္မဒေသနံ သတ္ထာ ဇေတဝနေ
ဝိဟရန္တော ပဋာစာရံ ထေရိံ အာရဗ္ဘ ကထေသိ။

(ဓမ္မပဒ ႒ ၁၊ ၄၃၇)

ယော စ ဝဿသတံ ဇီဝေ အစရှိတဲ့ ဟောဒီ "ဖြစ်ပျက်မြင်မှ ပိုမြတ်လှ" ခေါ် တရားဒေသနာတော်ကို ဘုရားရှင်ကိုယ်တော်မြတ် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူစဉ် ပဋာစာရီမည်တဲ့ ထေရီမကို အကြောင်းပြုပြီးတော့ ဟောကြားတော်မူခဲ့ပါတယ်။

ဘယ်သူ့ကို အကြောင်းပြုပြီးတော့ ဟောကြားခဲ့သတဲ့လဲ။

(ပဋာစာရီကိုအကြောင်းပြုပြီးတော့ ဟောကြားခဲ့တာပါဘုရား)

ပဋာစာရီဆိုတာနဲ့ အရှုးမကြီးအကြောင်းဆိုတာ သိနေကြပြီနော်။

(မှန်လှပါဘုရား)

အေး ပဋာစာရီအကြောင်း တော်တော်လေး သိနေကြပြီးသားဆိုတော့ အကျယ်ကြီး မဟောတော့ပါဘူး။ အကျဉ်းလောက်ပဲ ဟောမယ် စိတ်ကူးထားပါတယ်။

ပဋာစာရီ ဘာကြောင့်ရူးရသလဲဆိုတော့

၁။ လင်ကို မြွေကိုက်လို့ သေခြင်း၊

၂။ သားငယ်ကို စွန်ချီခြင်း၊

၃။ သားကြီးသည် ရေမျောခြင်း၊

၄။ မိခင်

၅။ ဖခင်

၆။ မောင်ဆိုတဲ့ သုံးယောက်စလုံး အိမ်ပြိုလို့ သေဆုံးခြင်းကြောင့် ရူးသွားတာပါပဲ။

http://www.dhammadownload.com



ပဋာစာရီလောက် ကံဆိုးသူ ဒီလောကကြီးမှာ ရှိတော့ရှိတယ်။ ဒါပေမဲ့ ရှားမယ်နော်။

(မှန်လှပါဘုရား)

မိမိရဲ့ ခန္ဓာကိုယ်ပေါ်မှာ အဝတ်မရှိတာကိုပင် မသိဘဲ ရူးတဲ့အဖြစ် ရောက်သွားကာ ငိုကြွေးမည်တမ်းလိုက်ပုံက

"ဥဘော ပုတ္တာ ကာလကတာ၊ ပန္ထေ မယှံ ပတီမတော။

မာတာပိတာစ ဘာတာစ၊ ဧကစိတမှိ ဍယှရေ"။

"မယှံ– ငါ၏၊ ဥဘောပုတ္တာ– သားနှစ်ယောက်တို့သည်၊ ကာလကတာ– သေခဲ့လေကုန်ပြီ၊ မယှံ– ငါ၏၊ ပတိ– ချစ်လင်သည်၊ ပန္ထေ– သွားရာလမ်းခရီး၌၊ မတော– သေခဲ့လေပြီ၊ မယှံ– ငါ၏၊ မာတာစ– မိခင်ကိုလည်းကောင်း၊ ပိတာစ– ဖခင်ကိုလည်းကောင်း၊ ဘာတာစ– မောင်ကိုလည်းကောင်း၊ ဧကစိတမှိ– ထင်းပုံတစ်ခုတည်း၌၊ ဍယှရေ– မီးသဂြိုဟ်အပ်ကုန်ပြီ" လို့ ငိုကြွေးမြည်တမ်းပါတယ်။[၁]

ကဲ– တိုတိုပဲ ပြောကြပါစို့၊ အရူးမကြီး ဘုရားထံရောက်တဲ့အခါမှာ သူ့ရဲ့အကြောင်းတွေ စုံလင်စွာ လျှောက်ထားလိုက်တော့ ဘုရားရှင်ကိုယ်တော်မြတ်က သူဌေးသမီး ပဋာစာရီရဲ့ စကားကို ကြားတော်မူကာ "ချစ်သမီး ပဋာစာရီ၊ မစိုးရိမ်ပါနဲ့။ သင့်ရဲ့စောင့်ရှောက်ကိုးကွယ် မှီခိုအားထားရာဖြစ်ခြင်းငှာ စွမ်းနိုင်သော ငါဘုရားထံပါးသို့ ရှေးဦးစွာရောက်လာခဲ့ပေပြီ" လို့ မိန့်တော်မူပါတယ်။

"ယခုအခါမှာ သင့်ရဲ့သားတစ်ယောက်က စွန်ချီသလို၊ သားတစ်ယောက် ရေမျောသလို၊ လင်ယောကျ်ား ခရီး၌ သေသလို၊ မိခင် ဖခင် မောင် အိမ်ပိ အိမ်ပြိုပြီးသေသလို ဤတူသာလျှင် ဤသံသရာမှာ သားစတဲ့သူတွေရဲ့ သေဆုံးသောအခါ သင့်ရဲ့ယိုကျတဲ့မျက်ရည်တွေဟာ မဟာသမုဒ္ဒရာလေးစင်းထဲက ရှိနေကြတဲ့ ရေတွေထက်ပိုပြီးတော့ များပြားလှတယ်" လို့ မိန့်တော်မူကာ အောက်ပါဂါထာကို ဟောကြားတော်မူပါတယ်။

စတူသု သမုဒ္ဒေသု ဇလံ ပရိတ္တကံ၊

တတော ဗဟုံ အဿုဇလံ အနပ္ပကံ။

ဒုက္ခေန ဖုဋ္ဌဿ နရဿ သောစနာ၊

ကိံကာရဏာ အမ္မ ပမဇ္ဇသိ။

(ဓမ္မပဒ ဌ ၁၊ ၄၄၁)

http://www.dhammadownload.com



ပဋ္ဌာစာရေ– ချစ်သမီး ပဋ္ဌာစာရီ၊ စတူသု သမုဒ္ဒေသု– သမုဒ္ဒရာလေးစင်းတို့၌၊ ဇလံ– ရေသည်၊ ပရိတ္တကံ– အမှန်တွက်ရေ နည်းလှချေ၏။ ဒုက္ခေန– ဆင်းရဲခြင်းဖြင့်၊ ဖုဋ္ဌဿ– တွေ့သော၊ နရဿ– သတ္တဝါ၏၊ သောစနာ– အမြဲနေ့ည စိုးရိမ်ရခြင်းကြောင့်၊ အဿုဇလံ–ဖြစ်သောမျက်ရည် အလီလီသည်၊ တဘော– ထိုသမုဒ္ဒရာ လေးစင်းမှာရှိထား ရေအများထက်၊ ဗဟုံ– အမှန်ဟောပြသသောကျပါ များလှစွာ၏။ အနပ္ပကံ– နည်းပါးသည်ကား မဟုတ်ငြားချေ၊ အမ္မ– သောကမီးတွေ လောင်ပြီးနေရှာ ချစ်သမီး ပဋ္ဌာစာရီ၊ တဝံ– အားကိုးရာမှန် ငါဘုရားထံသို့ အမြန်ရောက်လာ သင်ချစ်သမီးပဋ္ဌာစာရီသည်၊ ကိံကာရဏာ– အဘယ်အကြောင်းကြောင့်၊ ပမဇ္ဇသိ– အမြဲခုထိ မေ့လျော့ဘိသနည်း။

"ချစ်သမီး ပဋ္ဌာစာရီ၊ သမုဒ္ဒရာ လေးစင်းထဲမှာရှိနေတဲ့ ရေတွေက တွက်ကြည့်ရင် နည်းသေးတယ်။ ဆင်းရဲတွေကာ သတ္တဝါတွေရဲ့ စိုးရိမ်မှုကြောင့်ဖြစ်တဲ့ မျက်ရည်တွေက သမုဒ္ဒရာလေးစင်းလုံးမှာရှိနေတဲ့ ရေတွေထက်ပိုများတယ်။ ချစ်သမီး ပဋ္ဌာစာရီ၊ သင်ဘာကြောင့် မေ့နေတာလဲ" လို့ ဟောတော်မူ မိန့်တော်မူလိုက်ပါတယ်။

ကဲ– လင်္ကာလေးတွေလိုက်ဆိုကြ

*သမုဒ္ဒရာ၊ လေးစင်းမှာ၊ ရေဟာ နည်းသေးတယ်။
*ဆင်းရဲတွေကာ၊ သတ္တဝါ၊ စိုးရိမ်ဘာကြောင့်ကွယ်။
*မျက်ရည်တွေကား၊ ရေထက်များ၊ သိထားသမီးရယ်။
*ချစ်သမီးသင်၊ ဘာ့ကြောင့်ပင်၊ အစဉ်မေ့နေတယ်။

ဘုရားရှင်ကိုယ်တော်မြတ်သည် အနမတဂ္ဂသုတ္တန် (မသိအပ်သောအစရှိသော သံသရာနှင့်စပ်သော) တရားတော်ကို ဟောကြားတော်မူလိုက်တော့ ပဋ္ဌာစာရီရဲ့ကိုယ်မှာ စိုးရိမ်ခြင်းတွေ ခေါင်းပါးသွားတယ်။

ဘုရားရဲ့တရားတော်ကို နာကြားရတော့ ပဋ္ဌာစာရီမှာ လောင်မြိုက်နေတဲ့ သောကဆိုတဲ့အပူမီးတွေ သက်သာပြီးသွားတယ်နော်။

(မှန်လှပါဘုရား)

သောကဆိုတဲ့အပူကို တရားဆိုတဲ့ရေအေးနဲ့ ဖျန်းပက်ပေးလိုက်တော့ အပူတွေငြိမ်းမသွားဘူးလား။

(ငြိမ်းသွားပါတယ်ဘုရား)

http://www.dhammadownload.com



ဒီတော့ တရားနာပရိသတ်၊ အမှုမီးတွေ လောင်မြိုက်နေရင် အပူသက်သာအောင် အပူတွေ ခေါင်းပါးအောင် နည်းအောင် တရားနာရမယ်နော်။

(မှန်လှပါဘုရား)

သောကအပူမီးတွေ ခံစားနေရတဲ့ ပဋာစာရီက "သူ့ရဲ့သောကမီးလေး ငြိမ်းပေးပါဘုရား" လို့ လျှောက်ထားတော့ ဘုရားရှင်က အနမတဂ္ဂသုတ္တန် တရားတော်နဲ့ ငြိမ်းပေးလိုက်တာနော်။

(မှန်လှပါဘုရား)

ပဋာစာရီက ဘယ်လိုလျှောက်လိုက်သတဲ့လဲ။

('သောကမီးလေး ငြိမ်းပေးပါဘုရား' လို့ လျှောက်လိုက်ပါတယ်ဘုရား)

ဒီတော့ တရားနာပရိသတ်၊ ဒီနေရာကိုကြည့်ပြီးတော့ ဒီနေ့ ဟောနေတဲ့ တရားတော်ကို "သောကမီးလေး ငြိမ်းပေးပါ" လို့ တရားအမည်ပေးလိုက်ရင် ရတယ်နော်။

(မှန်လှပါဘုရား)

များသောအားဖြင့် လူတွေဟာ ဆင်းရဲတွေ့မှ ဘုရားတ၊ တရားတပြီး တရားနာချင်ကြတယ်နော်။

(မှန်လှပါဘုရား)

ပဋာစာရီရဲ့သန္တာန်မှာ သောကဆိုတဲ့ စိုးရိမ်ခြင်းအပူမီးတွေ ခေါင်းပါး နည်းပါးသွားတာကို ဘုရားရှင်ကိုယ်တော်မြတ်ကြီး သိတော်မူကာ အောက်ပါ ဂါထာကို မိန့်ကြားဟောပြတော်မူပါတယ်။

နသန္တိ ပုတ္တာ တာဏာယ၊ နပိတာ နာပိ ဗန္ဓဝါ။

အန္တကေနာဓိပန္နဿ၊ နတ္ထိ ဉာတီသု တာဏတာ။

(ဓမ္မပဒ ၂၈ ၁၊ ၄၄၂)

အန္တကေန– မှန်စွာမယွင်း ရှင်သေမင်းသည်၊ အဓိပန္နဿ– နှိပ်စက်အပ်သူ အများလူအား၊ တာဏာယ– မှန်စွာမယွင်း စောင့်ရှောက်ခြင်းငှာ၊ ပုတ္တာ– သား သမီးတို့သည်၊ နသန္တိ– မရှိကုန်၊ ပိတာပိ– အမိအဘတို့သည်လည်း၊ နသန္တိ– မရှိကုန်၊ ဗန္ဓဝါပိ– အဆွေခင်ပွန်း၊ ချစ်ကျွမ်းဝင်သူ အများလူတို့သည် လည်း၊ နသန္တိ– မရှိကုန်၊ ဉာတီသု– ဆွေမျိုးသားချင်း အပေါင်းအဖော်တို့၌၊ တာဏတာ– မှန်စွာမယွင်း စောင့်ရှောက်ခြင်းသည်၊ နတ္ထိ– သူငါတွေးကြည့် မှန်မရှိပေ။

"ချစ်သမီး ပဋာစာရီ၊ သတ္တဝါမှန်သမျှ အနန္တတွေကို သေမင်းက

http://www.dhammadownload.com



အမှန်ပင် နှိပ်စက်နေတယ်။ တမလွန်လောက နောက်ဘဝကို သွားတဲ့သူအတွက် ကယ်တင်စောင့်ရှောက်နိုင်တဲ့ သားတွေ သမီးတွေ၊ အမိ အဘတွေ၊ အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သူတွေဆိုတာ တစ်ယောက်မှ မရှိကြပါဘူး။ ဆွေမျိုးသားချင်း အပေါင်းအဖော်တွေမှာ စောင့်ရှောက်နိုင်တဲ့သူ တစ်ဦးတစ်ယောက်မျှ မရှိပါဘူးလို့ သဘောကျအောင် ဟောပြတော်မူပါတယ်။

ဒီတော့တရားနာပရိတ်သတ်၊ သားသမီးစတဲ့သူတွေဟာ မျက်မြင်လောကအနေ ထင်ရှားရှိပေမယ့် တမလွန်လောက နောက်ဘဝအတွက် ကိုးကွယ်အားထားရာ မဟုတ်တော့ ရှိရာမရောက်ဘူးလို့ မှတ်ရမယ်နော်။

(မှန်လှပါဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ။

* သေမင်းနှိပ်စက်၊ သူ့အားတွက်၊ သက်သက်စောင့်ရှောက်ရှာ။
* တမလွန်သွား၊ ထိုသူ့အား၊ မှတ်သားစောင့်ရှောက်ရှာ။
* သားနဲ့သမီး၊ မိဘလည်း၊ အပြီးမရှိပါ။
* ချစ်ကျွမ်းဝင်သူ၊ ဆွေမျိုးမူ၊ ရှင်လူမရှိပါ။
* ဆွေမျိုးပေါင်းဖော်၊ စောင့်ရှောက်ခေါ်၊ မှတ်နော်၊ မရှိပါ။
* ထင်ရှားရှိလည်း၊ မရှိဘဲ၊ မှတ်စွဲသိစရာ။

ကဲ– နောက်ဂါထာတစ်ပုဒ် ဆက်ပြီးတော့ ဟောကြ နာကြရအောင်

ဧတမတ္ထ ဝသံ ဉတွာ၊ ပဏ္ဍိတော သီလသံဝုတော။
နိဗ္ဗာနဂမနံ မဂ္ဂံ၊ ခိပ္ပမေဝ ဝိသောဓယေ။

(ဓမ္မပဒ ဋ္ဌ ၁၊ ၄၄၂)

ဧတမတ္ထဝသံ– ဤအကြောင်းထူးကို၊ ဉတွာ– သိ၍၊ ပဏ္ဍိတော– မှန်ရာမြင်သိ ပညာရှိသောသူသည်၊ သီလသံဝုတော– သီလကို ရှိသေစွာစောင့်ရှောက်ထိန်းသိမ်းလျက်၊ နိဗ္ဗာနဂမနံမဂ္ဂံ– နိဗ္ဗာန်သို့သွားရာ လမ်းခရီးကို၊ (ဝါ) နိဗ္ဗာန်သွားကြောင်း လမ်းခရီးကောင်းကို၊ ခိပ္ပမေဝ– အမြန်မကြာ လျင်စွာသာလျှင်၊ ဝိသောဓယေ– သုတ်သင်ရာပေသတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

"ချစ်သမီး ပဋာစာရီ၊ ရှေ့ဂါထာမှာဟောခဲ့တဲ့အကြောင်းထူးတွေကို သိတဲ့ပညာရှိသူဟာ သီလကို လုံခြုံအောင် ရိုရိုသေသေ စောင့်ရှောက်ထိန်းသိမ်းရမယ်၊

http://www.dhammadownload.com



နိဗ္ဗာန်သွားရာလမ်းကို လျင်မြန်စွာ ရွေးချယ်သုတ်သင်ရမယ်" လို့ ဟောပြတော်မူတဲ့တရားဂါထာဒေသနာတော်ရဲ့အဆုံးမှာ ပဋာစာရီဟာ မြေကြီး၌ မြေမှုန့်အတိုင်းအရှည် ရှိကြကုန်တဲ့ ကိလေသာတွေကို လောင်ကျွမ်းစေပြီးတော့ သောတာပတ္တိဖိုလ်တည်သွားတယ်။ အခြားသော များပြားလှတဲ့ တရားနာပရိသတ်အပေါင်းသူတော်ကောင်းတွေလည်း သောတာပတ္တိဖိုလ်အစရှိသည် ရကြရောက်ကြရတယ်။

ဒီတော့ တရားနာပရိသတ်၊ ပဋာစာရီရဲ့ သောကမီးအပူကို ဘုရားရှင်က တရားတော်ရေအေးနဲ့ ပက်ဖျန်းပေးလိုက်တော့ သောတာပတ္တိဖိုလ် ရမသွားဘူးလား။

(ရသွားပါတယ်ဘုရား)

မဂ်ဖိုလ်နိဗ္ဗာန် ရဖို့ရန်အတွက် သီလဟာ အရေးကြီးတယ်နော်။

(မှန်လှပါဘုရား)

ဒါကြောင့် ဘုရားရှင်က ပညာရှိသူဟာ သီလကို လုံခြုံအောင် ရိုသေစွာ ထိန်းသိမ်းရမယ်လို့ မဟောခဲ့ဘူးလား။

(ဟောခဲ့ပါတယ်ဘုရား)

အပူသည်မလေး မပဋာ၊ ဘုရားနဲ့တွေ့၊ ဘုရားရဲ့အေးမြတဲ့တရားတော်နာကြားခွင့်ရတော့ အအေးသည်မလေး မပဋာဖြစ်သွားပြီးနော်။

(မှန်လှပါဘုရား)

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

* အကြောင်းထူးသိ၊ ပညာရှိ၊ စောင့်ဘိ မြတ်သီလာ။
* နိဗ္ဗာန်သွားရန်၊ လမ်းအမှန်၊ အမြန်သုတ်သင်ပါ။
* အပူသည်မ၊ တရားရ၊ ဗုဒ္ဓကျေးဇူးပါ။
* အပူသည်မ၊ သူ့ဘဝ၊ ခုမှအေးမြရှာ။

သောတာပတ္တိဖိုလ်ရပြီးနောက် ပဋာစာရီဟာ မြတ်စွာဘုရားထံမှာ ရဟန်းအဖြစ် တောင်းပန်လျှောက်ထားပါတယ်။ ဘုရားရှင်က ပဋာစာရီကို ရဟန်းမိန်းမတွေရဲ့အထံ စေလွှတ်ပြီးတော့ ရဟန်းပြုစေပါတယ်။ ပဋာစာရီဟာ ရဟန်းအဖြစ်ကို ရပြီးတော့ ထင်ရှားတဲ့ အကျင့်ရှိတဲ့အတွက်ကြောင့် ပဋာစာရီလို့ပဲ အမည်တွင်ပြီး ထင်ရှားသွားတယ်နော်။

(မှန်လှပါဘုရား)

http://www.dhammadownload.com



အရှုးမကြီး ပဋာစာရီဟာ သောတာပတ္တိဖိုလ်ရသွားတော့ အထူးထင်ရှားတဲ့ အကျင့်ရှိလို့ အထူးမကြီး ဖြစ်မသွားဘူးလား။

(ဖြစ်သွားပါတယ်ဘုရား)

ဒါ့ကြောင့် အရူးမတွေကို အထင်မသေးနဲ့၊ အရူးမတွေဟာ တစ်နေ့ ပဋာစာရီလို သောတာပတ္တိဖိုလ်ရပြီး အထူးမကြီး မဖြစ်နိုင်ဘူးလား။

(ဖြစ်နိုင်ပါတယ်ဘုရား)

ကဲ– ထားပါတော့၊ တစ်နေ့တော့ ပဋာစာရီဟာ ရေအိုးနဲ့ ရေကိုယူပြီး ခြေဆေးပါတယ်၊ အဲဒီလို ခြေဆေးတဲ့အခါမှာ

၁။ ပထမအကြိမ် သွန်းလောင်းလိုက်တဲ့ရေဟာ အနည်းငယ်သောအရပ်သို့ သွားပြီး ပြတ်သွားပါတယ်။

၂။ ဒုတိယအကြိမ် သွန်းလောင်းလိုက်တဲ့ ရေက ပထမအကြိမ် သွန်းလောင်းလိုက်တဲ့ ရေထက် အလွန်ဝေးတဲ့အရပ်ကို ရောက်သွားတယ်။

၃။ တတိယအကြိမ် သွန်းလောင်းလိုက်တဲ့ရေက ဒုတိယအကြိမ် သွန်းလောင်းလိုက်တဲ့ ရေထက် အလွန်ပိုဝေးတဲ့အရပ်ကို ရောက်သွားပါတယ်။

အဲဒီအခြင်းအရာကို ပဋာစာရီဘိက္ခုနီမဟာ ကောင်းစွာသိမြင်ပြီးတော့ ရေအာရုံကို ယူလိုက်ပါတယ်၊ ဘာကို ယူလိုက်သတဲ့လဲ့။

(ရေအာရုံကို ယူလိုက်ပါတယ်ဘုရား)

ရေအာရုံကိုယူပြီးတော့ အရွယ်သုံးပါးကို ပိုင်းခြားဝေဖန်လိုက်တယ်၊ ဘာတဲ့လဲ။

(အရွယ်သုံးပါးကို ပိုင်းခြားဝေဖန်လိုက်ပါတယ်ဘုရား)

ဘယ်လို အရွယ်သုံးပါးကို ပိုင်းခြားဝေဖန်လိုက်သလဲဆိုတော့

၁။ ငါသည် ပထမ ရှေးဦးစွာ သွန်းလောင်းလိုက်တဲ့ရေလို သတ္တဝါမှန်သမျှ အနန္တတွေဟာ ပထမအရွယ်မှာလည်း သေဆုံးကြရမယ်၊ (သေဆုံးနိုင်တယ်)။

၂။ ပထမသွန်းလောင်းတဲ့ရေထက် ဝေးတဲ့အရပ်ကို စီးသွားတဲ့ ဒုတိယအကြိမ်မြောက် သွန်းလောင်းလိုက်တဲ့ရေလို မဇ္ဈိမအရွယ်မှာလည်း သေဆုံးကြရမယ်၊ (သေဆုံးနိုင်တယ်)။

၃။ ဒုတိယအကြိမ် သွန်းလောင်းလိုက်တဲ့ရေထက် ဝေးတဲ့အရပ်ကို စီးသွားတဲ့ သုံးကြိမ်မြောက် သွန်းလောင်းတဲ့ ရေလို မစ္ဆိမအရွယ်မှာလည်း

http://www.dhammadownload.com



သေဆုံးကြရမယ်၊ (သေဆုံးနိုင်တယ်) လို့ ပိုင်းခြားဝေဖန် ဆင်ခြင်စဉ်းစား တွေးတောလိုက်ပါတယ်။

ဒီတော့ တရားနာပရိသတ်၊ ပဋ္ဌာစာရီရဲ့ ဆင်ခြင်စဉ်းစားတွေးတောပုံ တကယ်မှတ်သားဖွယ်၊ အတုယူဖွယ်၊ လိုက်နာကျင့်သုံးဖွယ် ကောင်းလှတယ်နော်။

(မှန်လှပါဘုရား)

ရေသုံးမျိုးနဲ့ အရွယ်သုံးပါးကို ယှဉ်ပြီးတော့ ဝေဖန်ပိုင်းခြား စဉ်းစား ဆင်ခြင်ပြီး တရားမှတ် တရားရှုနေတာနော်။

(မှန်လှပါဘုရား)

သိတတ်၊ မြင်တတ်၊ ကြည့်တတ်၊ ရှုတတ်မယ်ဆိုရင် အရာအားလုံးဟာ တရားရှုမှတ်လို့ မရနိုင်ဘူးလား။

(ရနိုင်ပါတယ်ဘုရား)

ဒီမှာကြည့်လိုက်စမ်း၊ ခြေဆေးနေရင်း၊ တရားအသိဉာဏ်တွေ ဖြစ်မနေဘူးလား။

(ဖြစ်နေပါတယ်ဘုရား)

ခြေဆေးနေရင်းက တရားတွေကျ၊ တရားတွေ ရနေတာနော်။

(မှန်လှပါဘုရား)

ခြေဆေးနေရင်းက တရားကျ၊ တရားရနေသူဟာ ဘယ်သူပါလိမ့်။

(ပဋ္ဌာစာရီပါ ဘုရား)

"ခြေဆေးရင်းက တရားကျ" "ခြေဆေးရင်းက တရားရ" တရားတော်လို့ တရားအမည်ပေးရင်လည်း ရတယ်နော်။

(မှန်လှပါဘုရား)

ပထမအရွယ်၊ မဇ္ဈိမအရွယ်၊ ပစ္ဆိမအရွယ်လို့ အရွယ်သုံးပါး ရှိတယ်။ ဘယ်နှစ်ပါးရှိသတဲ့လဲ။

(သုံးပါး ရှိပါတယ်ဘုရား)

အဲဒီအရွယ်သုံးပါးမှာ ပထမအရွယ်မှာလည်း သတ္တဝါတွေ သေနိုင်တယ်၊ သို့မဟုတ် မဇ္ဈိမအရွယ်မှာလည်း သေနိုင်တယ်၊ သို့မဟုတ် ပစ္ဆိမအရွယ်မှာလည်း သေနိုင်တယ်နော်။

(မှန်လှပါဘုရား)

http://www.dhammadownload.com



ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

*ပ ရေ၊ ဒု ရေ၊ တတိ ရေ၊ မှတ်လေ ရေသုံးဖြာ။

*ပ ရှယ်၊ ဒု ရှယ်၊ တတိရှယ်၊ အရှယ်သုံးပါးလာ။

*ပ ရေလိုက်ကွယ်၊ ပ အရှယ်၊ သေမယ် သတ္တဝါ။

*ဒု ရေလိုက်ကွယ်၊ ဒု အရှယ်၊ သေမယ် သတ္တဝါ။

*တ ရေလိုက်ကွယ်၊ တ အရှယ်၊ သေမယ် သတ္တဝါ။

*ခြေဆေးရင်းက၊ တရားကျ၊ တရားရနေရှာ။

အဲဒီလို ပဋာစာရီရဲ့ ဆင်ခြင်စဉ်းစား တွေးတောနေတာကို ဘုရားရှင်ကိုယ်တော်မြတ်သည် ဂန္ဓကုဋီတိုက်ထဲမှာ နေတော်မူလျက် သိမြင်တော်မူကာ ပဋာစာရီရဲ့ထံ ပျံ့နှံ့သွားအောင် ရောင်ခြည်တော် လွှတ်လိုက်တယ်တဲ့။ ဘာလွှတ်လိုက်သတဲ့လဲ။

(ရောင်ခြည်တော် လွှတ်လိုက်ပါတယ်ဘုရား)

အဲဒီလို ရောင်ခြည်တော် လွှတ်လိုက်ပြီးတော့ ပဋာစာရီ ဘိက္ခုနီမရဲ့ မျက်မှောက်မှာ တည်နေကာ တရားဟောတော်မူသလို "ချစ်သမီး ပဋာစာရီ၊ သင်ကြံစည်ဆင်ခြင်တဲ့ ကြံစည်ဆင်ခြင်မှုဟာ သင်ကြံစည်ဆင်ခြင်တဲ့အတိုင်း မှန်ကန်ပါတယ်။ ခန္ဓာငါးပါး ့ရဲ့ အဖြစ် အပျက်ကို မမြင်တဲ့ပုဂ္ဂိုလ်ရဲ့ အနှစ်တစ်ရာ ကာလကြာအောင် အသက်ရှည်ရခြင်းထက် ခန္ဓာငါးပါးတို့ရဲ့ အဖြစ်အပျက်ကို သိမြင်တဲ့ ပုဂ္ဂိုလ်ရဲ့ တစ်ရက်လောက်၊ တစ်ခဏလောက် အသက်ရှည်ရတာက ပိုပြီးတော့ မြတ်တယ်" လို့ ဟောကြားတော်မူလိုကာ အောက်ပါဂါထာတော်ကို မိန့်တော်မူပါတယ်။

ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။

ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။

(ဓမ္မပဒ အဋ္ဌကထာ ၁၊ ၄၄၂)

ယောစ– အကြ သူသည်ကား၊ ဥဒယဗ္ဗယံ– ရုပ်နာမ်နှစ်ဖြာ ဖြစ်ပျက်တာကို၊ အပဿံ– အမှန်ထင်ထင် မသိမမြင်ဘဲ၊ ဝဿသတံ– အနှစ်တစ်ရာ ကာလကြာအောင်၊ ဇီဝေ– အမှန်မသေ့ အသက်ရှင်နေငြားအံ့၊ (တဿ– ရုပ်နာမ်နှစ်ဖြာ ဖြစ်ပျက်တာကို သေချာမမြင် ထိုလူရှင်၏၊ တတောဇီဝနတော– အနှစ် တစ်ရာ ကာလကြာအောင် မှန်စွာမသေ့ ထိုအသက်ရှင်နေရခြင်းထက်။ ဥဒယဗ္ဗ ယံ– ရုပ်နာမ်နှစ်ဖြာ ဖြစ်ပျက်တာကို၊ ပဿတော– အမှန်ထင်ထင်

http://www.dhammadownload.com



သိမြင်သော သူ၏။ (ဝါ) အမှန်ထင်ထင် သိမြင်သောသူ များလူရှင်၏၊ ကောယဟံစီဝိတံ– တစ်နေ့တစ်ရက်၊ တစ်နံနက်လောက်မျှ အသက်ရှည်ရခြင်းသည်၊ သေယျော– အမှန်မသွေ တကယ်ပဲ မြင့်မြတ်လှပါပေသတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

ရုပ်တရား နာမ်တရားတွေရဲ့ ဖြစ်တာ ပျက်တာကို မသိမမြင်ဘဲ အနှစ်တစ်ရာ ကာလကြာအောင် အသက်ရှင်နေရတဲ့ပုဂ္ဂိုလ်ထက် ရုပ်တရား နာမ်တရားတွေရဲ့ ဖြစ်တာ ပျက်တာကို သေသေချာချာ သိမြင်နေတဲ့ ပုဂ္ဂိုလ်ရဲ့ တစ်နေ့တစ်ရက် တစ်နံနက်လောက် အသက်ရှင်နေရတာက ပိုပြီးတော့ မြတ်တယ်တဲ့။

ဖြစ်ပျက်မြင်တဲ့ပုဂ္ဂိုလ်နဲ့ ဖြစ်ပျက်မမြင်တဲ့ပုဂ္ဂိုလ် ဘယ်သူက ပိုပြီးတော့ မြတ်သတဲ့လဲ။

(ဖြစ်ပျက်မြင်တဲ့သူက ပိုပြီးတော့ မြတ်ပါတယ်ဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်က ဘာတရားတဲ့လဲ။

(ဖြစ်ပျက်မြင်မှ ပိုမြတ်လှတရားတော်ပါဘုရား)

ဒေသနာဝသာနေ– ပဋာစာရာ သဟ ပဋိသမ္ဘိဒါဟိ အရဟတ္တံ ပါပုဏိ။

(ဓမ္မပဒ ဋ္ဌ ၁၊ ၄၄၂)

ဟောဒီ "ဖြစ်ပျက်မြင်မှ ပိုမြတ်လှ" ခေါ် တရားဒေသနာတော်ရဲ့အဆုံးမှာ ပဋာစာရီဘိက္ခုနီမသည် ပဋိသမ္ဘိဒါလေးပါးတို့နှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်သွားပါတယ်။

အရှုံးမကြီး ပဋာစာရီဟာ ပဋိသမ္ဘိဒါပတ္တ ရဟန္တာမ ဖြစ်သွားတော့ အထူးမကြီး ဖြစ်သွားပြီနော်။

(မှန်လှပါဘုရား)

ဒီတော့ တရားနာပရိသတ်၊ လူတွေမြတ်တာ မမြတ်တာ၊ တန်ဖိုးရှိတာ မရှိတာကို ရုပ်နာမ်တွေရဲ့ ဖြစ်ပျက်မှုကို သိတာ၊ မသိတာနဲ့ တိုင်းတာရမယ်၊ ရုပ်နာမ်တွေရဲ့ ဖြစ်ပျက်တာကို သိမြင်ရင် မြတ်သူ၊ တန်ဖိုးရှိသူ၊ ရုပ်နာမ်တွေရဲ့ ဖြစ်ပျက်တာကို မသိမမြင်ရင် မြတ်သူ တန်ဖိုးရှိသူလို့ ဆိုနိုင်ပါ့မလား။

(မဆိုနိုင်ပါဘူးဘုရား)

ဒီနေ့တရားနာနေကြတဲ့ ဒကာ ဒကာမတွေက ရုပ်နာမ်တွေရဲ့အကြောင်း ရုပ်နာမ်တွေရဲ့ အဖြစ်အပျက်အကြောင်းတရားတွေကို နာကြားရပြီးတော့ ရုပ်နာမ်

http://www.dhammadownload.com



တွေရဲ့ အဖြစ်အပျက်ကို ရှုမှတ်ဆင်ခြင် သိမြင်နေကြသူတွေဆိုတော့ ဘယ်လို လူတွေပါလိမ့်။

(မြတ်သူ တန်ဖိုးရှိသူတွေပါဘုရား)

အေး ဟုတ်ပြီ၊ အရှုးမကြီး ပဋာစာရီဟာ ဖြစ်ပျက်သိမြင်ကာ ရဟန္တာမကြီးဖြစ်သွားတော့ တကယ်မြင့်မြတ်သူ၊ ဘဝတန်ဖိုးရှိသူ ဖြစ်သွားပြီနော်။

(မှန်လှပါဘုရား)

ဒီတော့ တရားနာပရိသတ်၊ တကယ်မြင့်မြတ်အောင် ဘဝတန်ဖိုးရှိအောင် ရုပ်နာမ်တွေရဲ့ ဖြစ်တာ ပျက်တာကို သိမြင်ဖို့ လိုတယ်နော်။

(မှန်လှပါဘုရား)

ဖြစ်ပျက်မမြင်တုန်းက ပဋာစာရီ အရှုးမကြီး ဖြစ်မနေဘူးလား။

(ဖြစ်နေပါတယ်ဘုရား)

သားတွေ လင်တွေ မိဘတွေ မောင်ပါ ပျက်စီးသေဆုံးနေတဲ့ အချိန်တုန်းက ဖြစ်ပျက်တာမြင်နေရင် ရူးပါ့မလား။

(မရူးပါဘူးဘုရား)

ရူးတယ်ဆိုတာ ဖြစ်ပျက်မမြင်လို့ ရူးတာနော်။

(မှန်လှပါဘုရား)

ဖြစ်ပျက်တာ တကယ်သိမြင်နေရင် ဘယ်လို လောကဓံနဲ့တွေ့တွေ့ ခံနိုင်ရည်ရှိတယ်၊ ဖြစ်ပျက် မသိမြင်ရင် လောကဓံနဲ့ တွေ့တာနဲ့တစ်ပြိုင်နက် တုန်လှုပ်ကြတယ်။

ဒီတော့ တရားနာပရိသတ်၊ ပဋာစာရီ ဟိုတုန်းကရူးတာ ဘာကြောင့်တဲ့လဲ။

(ဖြစ်ပျက် မမြင်လို့ပါဘုရား)

ဖြစ်ပျက်မြင်တော့ ရူးသေးသလား။

(မရူးတော့ပါဘူးဘုရား)

ဖြစ်ပျက် တကယ်သိမြင်တော့ ကောင်းသွားပြီ၊ အရူးပျောက်သွားပြီ၊ အရူးပျောက်ပြီးတော့ ရဟန္တာမကြီးဖြစ်သည့်တိုင်အောင် ထူးသွားပြီနော်။

(မှန်လှပါဘုရား)

ဒီတော့ တရားနာပရိသတ်၊ ဖြစ်ပျက် သိမြင်ခြင်းသည် အရူးပျောက်ကြောင်း နည်းလမ်းကောင်းလို့ မှတ်ရမယ်နော်။

(မှန်လှပါဘုရား)

http://www.dhammadownload.com



ရှုးနေသူတွေကို တွေ့မြင်ရရင် ဖြစ်ပျက်မသိမမြင်လို့ ရှုးနေတာပဲလို့ သေသေချာချာ မှတ်ရမယ်၊ အရှုးပျောက်ဆေးဟာ ဖြစ်ပျက်သိမြင်မှုပဲနော်။

(မှန်လှပါဘုရား)

အရှုးမကြီး ဘဝကနေ အထူးမကြီးဘဝရောက်အောင် ဘုရားက ဖြစ်ပျက်တရားတော်ကို ဟောကြားပြီးတော့ ချီးမြှောက်တော်မူပါတယ်။ ဘာနဲ့ ချီးမြှောက်သတဲ့လဲ။

(ဖြစ်ပျက်တရားနဲ့ ချီးမြှောက်ပါတယ်ဘုရား)

ပဋာစာရီကို ဘုရားက ဖြစ်ပျက်တရားနဲ့ ချီးမြှောက်တော်မူသလို ဒီနေ့ တရားနာနေတဲ့ ဒကာ ဒကာမတွေကိုလည်း ဦးပဍ္ဍင်းက ဖြစ်ပျက်တရားနဲ့ ဘုရားရဲ့ကိုယ်စား ချီးမြှောက်နေတာနော်။

(မှန်လှပါဘုရား)

ဖြစ်ပျက်မမြင်ဘဲ အသက်တစ်ရာ နေရသူဟာ မြတ်ရဲ့လား။

(မမြတ်ပါဘူးဘုရား)

ဖြစ်ပျက်မြင်ပြီးတော့ တစ်နေ့ တစ်ရက်၊ တစ်နံနက်လောက် နေရသူဟာ မမြတ်ဘူးလား။

(မြတ်ပါတယ်ဘုရား)

ဖြစ်ပျက်မမြင်ဘဲ အသက်တစ်ရာ နေရသူထက် ဖြစ်ပျက်မြင်ပြီးတော့ တစ်နေ့ တစ်ရက် တစ်နံနက်လောက် နေရသူက ပိုပြီးတော့ မြတ်တယ်နော်။

(မှန်လှပါဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

*ဖြစ်ပျက်တရား၊ မမြင်ငြား၊ သက်ကားတစ်ရာရှည်။
*မမြတ်ဘူးဟု၊ ဟောကြားပြု၊ သုံးလူ့ဘုရားသည်။
*ဖြစ်ပျက်တရား၊ သိမြင်ငြား၊ သက်ကားတစ်ရက်ရှည်။
*ပိုမြတ်လှဟု၊ ဟောကြားပြု၊ သုံးလူ့ဘုရားသည်။
*ဖြစ်ပျက်မမြင်၊ ရှေးယခင်၊ အစဉ်ရှုးနေသည်။
*ဖြစ်ပျက်မြင်မှ၊ အရှုးမ၊ ဦးချထူးရပြီ။

ယနေ့ ဦးပဍ္ဍင်းရဲ့ တရားနာပိသက်အပေါင်း သူတော်ကောင်းတွေ ဖြစ်ပျက်မြင်ကာ ရဟန္တာဖြစ်သည့်တိုင်အောင် ပိုမြတ်ကြပါစေဆိုတဲ့အနေဖြင့် "ဖြစ်ပျက် မြင်မှ ပိုမြတ်လှ" ဆိုတဲ့တရားတော်ကို ဟောကြားခဲ့ပါတယ်။

http://www.dhammadownload.com



ကဲ 'ဖြစ်ပျက်မြင်မှ ပိုမြတ်လှ' ဆိုတဲ့ အနုကဗျာ အနုစာနဲ့ တရားသိမ်းကြရအောင်၊ လက်အုပ်ချီလိုက်ကြပါ။

"ဖြစ်ပျက်တရား၊ မမြင်ငြားဘဲ၊ သက်ကားတစ်ရာ၊ နေရတာထက်၊ သူ ငါ ဖြစ်ပျက်၊ သိမြင်လျက်ပင်၊ တစ်ရက်တလေ၊ အသက်နေရ၊ ပိုမြတ်လှသည်၊ ဗုဒ္ဓရှင်တော် မိန့်ခွန်းတည်း"

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

မှတ်ချက်။ ။ သီလပွဲတိုင်း၊ ဝိပဿနာပွဲတိုင်း၊ နာရေးပွဲတိုင်း၊ ဖြေဆည်ရာ အနေ ဟောကြားသင့်ပေသည်။

တရားအမည်ပေးရာ၌ 'မျက်ရည်တွေက ပိုများလှ' တရားတော်၊ 'သောကမီးလေး ငြိမ်းပေးပါ' တရားတော်၊ 'အပူသည်မ သုခဘာဝ' တရားတော်၊ 'အရှယ်သုံးဖြာ ရေပမာ တရားတော်'၊ 'ခြေဆေးရင်းက တရားရ' တရားတော်၊ 'တစ်ရွယ်မှာတော့ သေမှာပေါ့' တရားတော်၊ 'တစ်ရွယ်ရွယ်မှာ သေမည်သာ' တရားတော်၊ 'ဖြစ်ပျက်သိမြင် တန်ဖိုးရှိ' တရားတော်၊ 'ဖြစ်ပျက်မမြင် ရှူးမည်ပင်' တရားတော်၊ 'ဖြစ်ပျက်သိမြင် အရှူးစင်' တရားတော်၊ 'ဖြစ်ပျက်မမြင် တော့ ရှူးမှာပေါ့' တရားတော်၊ 'အရှူးပျောက်ကြောင်း နည်းလမ်းကောင်း' တရားတော်၊ 'အရှူးပျောက်ဆေး ဗုဒ္ဓပေး' တရားတော်စသည်ဖြင့် အမည်ပေးကာ ဟောကြားနိုင်ပါသည်။

၁၈၊ ၆၊ ၉၆
၁၃၅၈၊ ပ ဝါဆိုလဆန်း ၃ ရက်၊
ည ၉ နာရီ ၁၅ မိနစ်။

ဖြစ်ပျက်မြင်မှ ပိုမြတ်လှ တရားတော် ပြီးပြီ။

http://www.dhammadownload.com

# ခုဒ္ဒကနိကာယ်၊ ဓမ္မပဒပါဠိတော်၊ သဟဿဝဂ်၊ ကိသာဂေါတမီ ဝတ္ထုကို တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော နိဗ္ဗာန်မြင်မှ+ ပိုမြတ်လှ တရားတော်

ယော စ ဝဿသတံ ဇီဝေ၊ အပဿံ အမတံ ပဒံ၊
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော အမတံ ပဒံ။

(ဓမ္မပဒ ၄ ၁၊ ၄၄၃)

ယော စ ဝ ဿသတံဇီဝေ အစရှိတဲ့ ဂါထာတော်နဲ့ တန်ဆာဆင်ထားတဲ့ ဟောဒီ "နိဗ္ဗာန်မြင်မှ ပိုမြတ်လှ" ခေါ် တရားဒေသနာတော်ကို ဘုရားရှင်ကိုယ်တော်မြတ် ဇေတဝန်ကျောင်းတော်မှာနေတော်မူစဉ် ကိသာဂေါတမီကိုအကြောင်းပြုကာ ဟောကြားတော်မူပါတယ်။

ကြုံလှီသောကိုယ်ရှိတဲ့အတွက်ကြောင့် ကိသာဂေါတမီလို့ ခေါ်တာပါပဲ။

အဲဒီ ကိသာဂေါတမီဟာ သားလေးတစ်ယောက် ဖွားမြင်ပြီးတော့ သွားနိုင်တဲ့အချိန်မှာ သူ့ရဲ့သားလေး သေဆုံးသွားပါတယ်။ သေတာကို ရှေးတုန်းက မမြင်ဖူးတဲ့အတွက်ကြောင့် သေနေတဲ့သူ့ရဲ့သားကို မီးသင်္ဂြိုဟ်ဖို့ ခွင့်မပြုဘဲ သားသေကိုကုသရန် ဆေးလိုက်ရှာနေပါတယ်။ လူတွေကတော့ ကိသာဂေါတမီ ရူးနေပြီလို့ ပြောဆိုကြပါတယ်။

ကိသာဂေါတမီကတော့ သူ့သားအတွက် ဆေးသိတဲ့ဆေးသမားကို လိုက်ရှာနေပါတယ်။ ဘာလိုက်ရှာနေသတဲ့လဲ။

(ဆေးသမားကို လိုက်ရှာနေပါတယ်ဘုရား)

အဲဒီလို ဆေးသိတဲ့ ဆေးသမားကို လိုက်ရှာနေတဲ့ ကိသာဂေါတမီကို ပညာရှိယောကျ်ားတစ်ယောက်က ဘုရားထံ စေလွှတ်လိုက်ပါတယ်။

ကိသာဂေါတမီ ဘုရားထံရောက်ပြီး ရှိသေစွာရှိခိုးကာ သင့်တင့်လျောက်ပတ်တဲ့အရပ်မှာနေပြီးတော့ "ရှင်တော်မြတ်ဘုရား၊ ရှင်တော်မြတ်ဘုရားတို့သည် တပည့်တော်မ၏သားအတွက် ဆေးကို သိနားလည်တော်မူတယ်ဆိုတာ မှန်ကန်ပါသလား ဘုရား" လို့ မေးလျှောက်ထားပါတယ်။

http://www.dhammadownload.com



အဲဒီလို လျှောက်ထားမေးမြန်းတော့ သိတာမှန်တဲ့အကြောင်း မိန့်တော်မူပါတယ်။

အဲဒီလို မိန့်တော်မူတော့ ဘယ်လိုဝတ္ထုကို ရခြင်းငှာ သင့်လျော်ပါသလဲ ဘုရားလို့ မေးမြန်းလျှောက်ထားပြန်ပါတယ်။

လက်တစ်တို့မျှလောက်ကုန်သော မုန်ညင်းစေ့တွေကို ရရင်ကောင်းမယ်၊ သင့်မယ်လို့ မိန့်တော်မူတော့ ဘယ်သူ့ရဲ့အိမ်က ရရင် သင့်လျော်ပါသလဲ၊ ကောင်းပါသလဲဘုရားလို့ ထပ်လျှောက်တဲ့အခါ သား သမီး တစ်စုံတစ်ယောက်မျှ မသေဘူးတဲ့အိမ်က ရရင် သင့်တော်တယ်၊ ကောင်းတယ်လို့ မိန့်တော်မူလိုက်ပါတယ်။

ဒီတော့ တရားနာပရိသတ်၊ သား သမီးတစ်စုံတစ်ယောက်မျှ မသေဘူးတဲ့ အိမ် ရှိနိုင်ပါ့မလား။

(မရှိနိုင်ပါဘူးဘုရား)

မြတ်စွာဘုရားကို ရှိခိုးပြီးတော့ သားရင်ခွင်ပိုက် လိုက်ရှာ၊ တစ်အိမ်မှ မတွေ့ဘူး၊ အသက်ရှင်တဲ့ သားသမီးဆိုတာ နှစ်ယောက် သုံးယောက်သာ ရှိကြတယ်၊ သေတဲ့သားသမီးတွေသာ များကုန်တယ်လို့ပြောတော့ အဲဒီအိမ်တွေက ပေးတဲ့ မုန်ညင်းစေ့ဟာ သူ့သားအတွက် ဆေးမဟုတ်ဘူးလို့ပြောကာ ပြန်ပေးလိုက်ပါတယ်။

သေတာမမြင်ဖူးတော့ သူ့သားသာ သေတယ်လို့ ထင်နေတာနော်။

(မှန်လှပါဘုရား)

နောက်တော့ အလုံးစုံသောရွာမှ အသက်ရှင်သူတွေထက် သေသူတွေသာ အလွန်များတယ်လို့ ကြံစည်မိတယ်၊ ဒီတော့ တရားနာပရိသတ် သေတဲ့သူတွေနဲ့ ရှင်တဲ့သူတွေ ဘယ်သူက ပိုများသတဲ့လဲ။

(သေတဲ့သူက ပိုများပါတယ်ဘုရား)

အဲဒီလို ကြံစည်မိတော့ သားအပေါ်မှာ ချစ်ခင်တဲ့ စိတ်နှလုံးဟာ ခက်ထန်တင်းမာလာတယ်။ အချစ်တွေ ကုန်ခန်းလာတယ်။ အချစ်တွေ ကုန်ခန်းကာ တောထဲမှာပဲ သားသေကိုစွန့်ပစ်ခဲ့ပြီးတော့ ဘုရားထံသွား၊ ဘုရားရှိခိုးပြီး သင့်တဲ့ နေရာမှာ နေပါတယ်။

ဘုရားရှင်က ဂေါတမီကို "သင် လက်တစ်တို့မျှလောက်ကုန်သော မုန်ညင်းစေ့တွေ ရခဲ့ရဲ့လား" လို့ မေးတော်မူပါတယ်။

http://www.dhammadownload.com



ကိသာဂေါတမီက မရခဲ့တဲ့ကြောင်း အသက်ရှင်သူတွေထက် သေသူတွေကသာ များကြောင်း လျှောက်ထားပါတယ်။

ကဲ လင်္ကာလေးတွေ လိုက်ဆိုကြ

* ရှင်သူ သေသူ၊ လောကလူ၊ သေသူများလှသည်။

* ဂေါတမီက၊ လျှောက်ထားပြ၊ မှတ်ကြစေချင်သည်။

အဲဒီလို လျှောက်ထားတော့ ဘုရားရှင်ကိုယ်တော်မြတ်က ဂေါတမီကို "ငါရဲ့သားသာ သေတယ်လို့ သင်အောက်မေ့မှတ်ထင်နေတာ၊ အမှန်ကတော့ သေခြင်းဆိုတာ သတ္တဝါတွေမှာ မြဲသောသဘောဖြစ်တယ်"။

ဒီတော့ တရားနာပရိသတ်၊ သေခြင်းဆိုတာ မြဲတဲ့သဘော၊ ရှင်ခြင်းဆိုတာက မမြဲတဲ့သဘောလို့ မှတ်ရမယ်နော်။

(မှန်လှပါဘုရား)

ဒါကြောင့် ဓုဝဓမ္မော ဧသသတ္တာနံ လို့ ဟောတော်မူပါတယ်။

ဧသ– ဤသေခြင်းဆိုတာ၊ သတ္တာနံ– သတ္တဝါတို့၏ (ဝါ) သတ္တဝါတွေအတွက်၊ ဓုဝဓမ္မော– မြဲတဲ့သဘောပါတဲ့။ ဘာသဘောတဲ့လဲ။

(မြဲတဲ့သဘောပါဘုရား)

သေမှာ စိတ်ချ၊ မပူကြနဲ့။ တချို့က စိတ်ညစ်စရာတွေများလာ၊ ကြုံလာရင် မြန်မြန်သေချင်လိုက်တာလို့ မပြောကြဘူးလား။

(ပြောကြပါတယ်ဘုရား)

လူတွေရဲ့ သက်တမ်းက အတိုးလေးဆိုတော့ မြန်မြန်သေမှာပဲနော်။

(မှန်လှပါဘုရား)

ဒါကြောင့် မြန်မြန်သေမှာပဲ၊ စိတ်သာချ၊ စိတ်မပူကြနဲ့လို့ ရှေ့နားက ပြောလိုက်တာပါပဲ။

သေဖို့ကတော့ ဆုတောင်းပဲပြည့်မှာ၊ ရှင်ဖို့သာ ဆုတောင်းနေတာနော်။

(မှန်လှပါဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

* သေခြင်းဆိုတာ၊ သတ္တဝါ၊ မှန်စွာ မြဲလှသည်။

* ရှင်ခြင်းဆိုတာ၊ သတ္တဝါ၊ မှန်စွာ မမြဲပြီ။

* သေခြင်းကမြဲ၊ ရှင်မမြဲ၊ မှတ်စွဲသိရမည်။

ချစ်သမီးဂေါတမီ၊ သေမင်းဟာ အလုံးစုံသော သတ္တဝါတွေရဲ့အလိုဆန္ဒ

http://www.dhammadownload.com



မှန်သမျှတွေ မပြည့်စုံမီမှာပဲ ပြင်းစွာလာတဲ့ရေလျှဉ်ပမာ ဆွဲငင်ပြီးတော့ အပါယ် ဆိုတဲ့ သမုဒ္ဒရာထဲမှာ ထည့်သွင်းပစ်ချမှာ'' လို့ မိန့်တော်မူပါတယ်။

ဒီတော့ တရားနာပရိသတ်၊ သေသေချာချာ စဉ်းစားကြည့်ပါ။ သတ္တဝါ တွေရဲ့ အလိုဆန္ဒမှန်သမျှတွေ မပြည့်စုံခင်မှာပဲ သေမင်းက ခေါ်မှာ၊ လူတွေရဲ့ အလိုဆန္ဒဟာ ပြည့်တယ်လို့ ရှိရဲ့လား။

(မရှိပါဘူးဘုရား)

သေမင်းဟာ ဘာနဲ့တူသလဲဆိုတော့ ပြင်းစွာလာတဲ့ ရေအလျှဉ်ကြီးနဲ့ တူတယ်တဲ့။

ဆွဲငင်ပြီးတော့ အပါယ်သမုဒ္ဒရာကြီးထဲမှာ ပစ်ချမှာဆိုတော့ ကြောက်စရာ မကောင်းဘူးလား။

(ကောင်းပါတယ်ဘုရား)

အဲဒီ အထက်ပါတရားစကားတွေကို မိန့်တော်မူကာ အောက်ပါတရား ဂါထာတော်ကို အကျဉ်းချုပ်အနေအားဖြင့် ဆက်လက်ဟောကြားတော်မူပါတယ်။

တံ ပုတ္တပသုသမ္မတ္တံ၊ ဗျာသတ္တမနသံ နရံ။
သုတ္တံ ဂါမံ မဟောဃောဝ၊ မစ္စု အာဒါယ ဂစ္ဆတိ။

(ဓမ္မပဒ ၌ ၁၊ ၄၄၅)

(ဂေါတမီ– ချစ်သမီး ကိသာဂေါတမီ) မဟောဃော– ပြင်းပြစွာလာပြီး တသွင်သွင် အမြန်စီးနေတဲ့ ရေအလျှဉ်ကြီးသည်၊ သုတ္တံဂါမံ– အိပ်ပျော်နေပြား ရွာသား ရွာသူ အများလူကို၊ အာဒါယ– အမှန်အစဉ် အမြန်ပင်တိုက်ယူ၍၊ ဂစ္ဆတိဣဝ– မမှားမသွေ သွားရှာလေသကဲ့သို့၊ တထာ– ပမာထားယူ ထို့အတူ ပင်၊ မစ္စု– သေမင်းသည်၊ ပုတ္တပသုသမ္မတ္တံ– သား သမီး နွား ကျွဲ ဆင် မြင်းစသော သတ္တဝါ၌ ချစ်မြတ်နိုးခြင်းရှိသော၊ ဗျာသတ္တမနသံ– အထူးထူးသော အာရုံ၌ ကပ်ငြိသောစိတ်ရှိသော၊ တံနရံ– ထိုသတ္တဝါကို၊ အာဒါယ– ဆွဲငင်၍၊ ဂစ္ဆတိ– သွား၏။

ချစ်သမီး ကိသာဂေါတမီ၊ ပြင်းစွာလာပြီး တသွင်သွင် အမြန်စီးဆင်းနေ တဲ့ ရေအလျှဉ်ကြီးဟာ အိပ်ပျော်နေတဲ့ ရွာသူရွာသားတွေကို တိုက်ယူပြီးတော့ သွားသလို ထို့အတူပင် သေမင်းကလည်း သားသမီးတွေ နွား ကျွဲ ဆင် မြင်းစတဲ့ သတ္တဝါတွေမှာ ချစ်ခင်နှစ်သက်မြတ်နိုးနေတဲ့ အထူးထူးသော အာရုံမှာ ကပ်ငြိတဲ့ စိတ်ရှိတဲ့ သတ္တဝါအပေါင်းကို ဆွဲငင်ပြီးတော့သွားတယ်လို့ ဟော ကြားတော်မူပါတယ်။

http://www.dhammadownload.com



ဒီတော့ တရားနာပရိသတ်၊ အိပ်ပျော်နေရင် ရေထဲပါသွားမယ်။ သား သမီးတွေ၊ ဆင် မြင်း ကျွဲ နွားစတဲ့ သတ္တဝါတွေမှာ ချစ်ခင်နှစ်သက် မြတ်နိုး တွယ်တာနေရင် သေမင်းက ဆွဲခေါ်သွားမယ်လို့ မှတ်ရမယ်နော်။

(မှန်လှပါဘုရား)

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

* အိပ်ပျော်နေငြား၊ ရွာသူများ၊ ရွာသားများစွာကို။
* ရေအလျဉ်ကြီး၊ အမြန်စီး၊ လာပြီးတိုက်သလို။
* သေမင်းသည်ကား၊ သမီးသား၊ ချစ်ငြားလူတွေကို။
* သေမင်းသည်ကား၊ ကျွဲ မြင်း နွား၊ ချစ်ငြားလူတွေကို။
* ဆွဲငင်ယူကာ၊ သွားသည်သာ၊ သေချာမှတ်ဖို့လို့။

ဂါထာ ပရိယောသာနေ ကိသာဂေါတမီ သောတာပတ္တိဖလေ ပတိဋ္ဌတိ။

(ဓမ္မပဒ ဋ ၁၊ ၄၄၅)

ဒီတရားဂါထာ ဒေသနာတော်ရဲ့အဆုံးမှာ ကိသာဂေါတမီဟာ သောတာ ပတ္တိဖိုလ် တည်သွားပါတယ်။ သားသေမှုကို အကြောင်းပြုပြီးတော့ ရူးနေရှာတဲ့ ကိသာဂေါတမီ အရူးပျောက်ပြီး သောတာပတ္တိဖိုလ် ရောက်မသွားဘူးလား။

(ရောက်သွားပါတယ်ဘုရား)

မြတ်စွာဘုရားက ရူးနေတဲ့သူတွေကို အရူးပျောက်အောင် ကုသပေးတော် မူတယ်နော်။

(မှန်လှပါဘုရား)

ဘာနဲ့ကုသပေးတော်မူတာလဲဆိုတော့ တရားတော်နဲ့ ကုသပေးတော်မူ တာ၊ တရားဆိုတဲ့ ဆေးနဲ့ ကုသပေးတော်မူလိုက်တော့ ပဋာစာရီတို့၊ ကိသာ ဂေါတမီတို့ အရူးပျောက်မသွားဘူးလား။

(ပျောက်သွားပါတယ် ဘုရား)

အရူးပျောက်ဆေးဟာ တရားဆေးပဲလို့ သေသေချာချာ မှတ်ရမယ်နော်။

(မှန်လှပါဘုရား)

သားသေလို့ ရူး၊ သမီးသေလို့ ရူး၊ လင်သေလို့ ရူး၊ မယားသေလို့ ရူး၊ မိဘသေလို့ ရူးနေတဲ့သူတွေအတွက် အကောင်းဆုံးဆေးဟာ ဘာဆေးတဲ့လဲ။

(တရားဆေးပါဘုရား)

http://www.dhammadownload.com



ဒီတော့ တရားနာပရိသတ်၊ အရှုံးပျောက်ချင်ရင် တရားများများနာရမယ်၊ တရားစာများများ ကြည့်ရမယ်၊ တရားများများ ထိုင်ရမယ်နော်။

(မှန်လှပါဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

* ဂေါတမီဟာ၊ တရားနာ၊ ဂါထာအဆုံးတွင်။
* သောတာပတ္တိ၊ ဖိုလ်တည်၏၊ မှတ်သိကြစေချင်။
* အရှုံးပျောက်လို၊ တရားကို၊ ကြည်ညိုနာအစဉ်။
* အရှုံးပျောက်လို၊ တရားကို၊ ပိုမိုပွားအစဉ်။
* အရှုံးပျောက်ဆေး၊ ဘုရားပေး၊ အများအေးဖို့ပင်။

အညေပိ ဗဟူ သောတာပတ္တိဖလာဒီနိ ပါပုဏိံသု– ကိသာဂေါတမီ တစ်ပါး အခြားများစွာသော သူတွေဟာလည်း သောတာပတ္တိဖိုလ်အစရှိသည်တို့ သို့ ရောက်သွားကြတယ်။

ကိသာဂေါတမီဟာ ဘုရားရှင်ထံ ရဟန်းအဖြစ်ကို တောင်းပန်လျှောက်ထားပါတယ်။ ဘုရားရှင်က ရဟန်းမိန်းမတွေရဲ့အထံ စေလွှတ်ပြီးတော့ ရဟန်း ပြုစေတော်မူပါတယ်။

ကိသာဂေါတမီ ရဟန်းဖြစ်ပြီးတော့လည်း ကိသာဂေါတမီလို့ပဲ အမည် ထင်ရှားပါတယ်။ တစ်နေ့တော့ အဲဒီကိသာဂေါတမီဟာ ဥပုသ်အိမ်မှာ ဝတ္တရား ပြုစုဖို့ အလှည့်ရောက်တဲ့အခါ ဆီမီး ညှိထွန်းနေစဉ် ဆီမီးလျှံတွေရဲ့ ဖြစ်ပုံ ပျက်ပုံတွေကို မြင်ကာ "ဤဆီမီးလျှံ အတူသာလျှင် သတ္တဝါတွေဟာ ဖြစ်လည်း ဖြစ်နေကြကာ ချုပ်ပျောက်လည်း ချုပ်ပျောက်နေကြတယ်၊ နိဗ္ဗာန်ရောက်မှ အဖြစ်အပျက်တွေ မထင်တော့မှာ" လို့ ဒီလို ဆီမီးလျှံဆိုတဲ့ အာရုံကို ယူနေပါ တယ်။

ဒီတော့ တရားနာပရိသတ်၊ ကိသာဂေါတမီကို ဆီမီးလျှံတွေက တရား ပြနေတာနော်။

(မှန်လှပါဘုရား)

ဒါဆိုရင် "ဆီမီးလျှံတွေက တရားပြ" လို့ တရားအမည်ပေးလို့ ရတယ် နော်။

(မှန်လှပါဘုရား)

ပဋာစာရီက ခြေဆေးရင်းနဲ့ တရားကျတယ်၊ တရားရတယ်။ ကိသာ ဂေါတမီက ဆီမီး ညှိထွန်းရင်းနဲ့ တရားကျတယ်၊ တရားရတယ်ဆိုတော့ ရေ

http://www.dhammadownload.com



တွေ၊ မီးတွေ လောကမှာရှိနေတဲ့ အရာအားလုံးတွေဟာ သိတတ်၊ မြင်တတ်၊ ရှုတတ်မယ်ဆိုရင် တရားကျစရာတွေချည်း၊ တရားရစရာတွေချည်း၊ တရားပြဆရာတွေချည်းပဲနော်။

(မှန်လှပါဘုရား)

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

* ဆီမီးလျှံ၊ ဖြစ်ပျက်ဟန်၊ အမှန် မြင်တွေ့ကာ။
* သင်္ခါရမှု၊ ဆီမီးတူ၊ မှတ်ယူ ဖြစ်ချုပ်ရှာ။
* နိဗ္ဗာန်ရောက်လျှင်၊ ဖြစ်ပျက်စဉ်၊ မထင်အေးမြမှာ။
* ဆီမီးလျှံ၊ အာရုံမှန်၊ ကေန်ယူရှုရှာ။
* ဆီမီးလျှံကာ၊ တရားပြ၊ တရားကျနေရှာ။
* ဆီမီးလျှံကာ၊ တရားပြ၊ တရားရရနေရှာ။
* ရေမီးတွေကာ၊ တရားပြ၊ တရားကျစရာ။
* ရေမီးတွေကာ၊ တရားပြ၊ တရားရစရာ။

အဲဒီလို ကိသာဂေါတမီရဲ့ အာရုံယူပုံကို ဘုရား သိမြင်တော်မူကာ ဂန္ဓကုဋီတိုက်ကနေ ကိသာဂေါတမီထံ ရောင်ခြည်တော်လွှတ်ပြီးတော့ ကိသာဂေါတမီ ဘိက္ခုနီမရဲ့ မျက်မှောက်မှာ တရားဟောတော်မူသလို "ချစ်သမီး ကိသာဂေါတမီ၊ သင်ချစ်သမီး နှလုံးသွင်းဆင်ခြင်တဲ့အတိုင်းသာလျှင် သင်္ခါရတွေဟာ ဖြစ်လည်းဖြစ်ကာ ချုပ်လည်းချုပ်နေကြတယ်။ နိဗ္ဗာန်ရောက်တဲ့သူတွေသာလျှင် အဖြစ်အပျက်တွေစင်ကာ မထင်ကြတော့မှာ။ နိဗ္ဗာန်ကို မမြင်သူတွေရဲ့ အသက်တစ်ရာနေရတာထက် နိဗ္ဗာန်ကို မြင်သူရဲ့ တစ်ခဏလောက်မျှ အသက်ရှည်ရတာ အသက်နေရတာက ပိုပြီးတော့ မြတ်တယ်" လို့ ဟောကြားတော်မူကာ အောက်ပါအကျဉ်းချုပ် ဂါထာကို မိန့်တော်မူပါတယ်။

ယောစ ဝဿသတံ ဇီဝေ၊ အပဿံ အမတံ ပဒံ။
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော အမတံ ပဒံ။

(ဓမ္မပဒ အဋ္ဌကထာ၊ ၁၊ ၄၄၅)

ယောစ- အကြင်သူသည်ကား၊ အမတံပဒံ- သေခြင်းကင်းပြန် မြတ်နိဗ္ဗာန်ကို၊ အပဿံ- အမှန်ထင်ထင် မတွေ့မမြင်ဘဲ၊ ဝဿသတံဇီဝေ- အနှစ်တစ်ရာ ကာလကြာအောင် မှန်စွာမသွေ အသက်ရှင်နေငြားအံ့။ (တဿ- နိဗ္ဗာန်မမြင် ထိုလူ့ရှင်၏၊ တတော ဇီဝနတော- အနှစ်တစ်ရာ ကာလကြာအောင်

http://www.dhammadownload.com



မှန်စွာမသွေ ထိုအသက်ရှင်နေရခြင်းထက်။) အမတံပဒံ– သေခြင်းကင်းပြန် မြတ်နိဗ္ဗာန်ကို၊ ပဿတော– အမှန်ထင်ထင် သိမြင်သောသူ များ့ရှင်လူ၏၊ ဧကာဟံဇီဝိတံ– တစ်နေ့တစ်ရက် တစ်နံနက်လောက်မျှ အသက်ရှင်ရခြင်းသည်၊ သေယျော– အပူဇာတ်သိမ်း ချုပ်ငြိမ်းသဖြင့် အေးကိန်းဆိုက်ကာ မြင့်မြတ်လှပါပေသတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

နိဗ္ဗာန်ကို မမြင်ဘဲ အသက်တစ်ရာ နေရတာထက် နိဗ္ဗာန်ကိုမြင်ပြီးတော့ တစ်နေ့တစ်ရက်လောက် အသက်ရှင်နေရတာက ပိုပြီးတော့ မြတ်တယ်တဲ့။

ဒီတော့ တရားနာပရိသတ်၊ နိဗ္ဗာန်ကို မမြင်ဘဲ အသက်တစ်ရာ နေရသူနဲ့ နိဗ္ဗာန်ကိုမြင်ပြီးတော့ တစ်နေ့တစ်ရက် တစ်နံနက်လောက် တစ်ခဏလောက် နေရသူ ဒီနှစ်လူမှာ ဘယ်သူက ပိုပြီးတော့ မြတ်သတဲ့လဲ။

(နိဗ္ဗာန်ကို မြင်သူက ပိုပြီးတော့ မြတ်ပါတယ်ဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားက ဘာတရားတဲ့လဲ။

(နိဗ္ဗာန်မြင်မှ ပိုမြတ်လှ တရားတော်ပါဘုရား)

နိဗ္ဗာန်မမြင်မီက ကိသာဂေါတမီဟာ သားဇောနဲ့ ရူးမနေဘူးလား။

(ရူးနေပါတယ်ဘုရား)

နိဗ္ဗာန် မမြင်တုန်းက အရူးမကြီး၊ နိဗ္ဗာန်မြင်တော့ တရားထူးတွေရသွားတာ အထူးမကြီး ဖြစ်မသွားဘူးလား။

(ဖြစ်သွားပါတယ်ဘုရား)

ပုထုဇဉ်ဆိုရင် အရူးချည်းပဲ၊ အရိယာဖြစ်မှ အရူးလွတ်မှာနော်။

(မှန်လှပါဘုရား)

ဘာတဲ့လဲ၊ ဟိုသီချင်းက လူတိုင်းဟာ အရူးချည်းပဲလို့ ဆိုမထားဘူးလား။

(ဆိုထားပါတယ်ဘုရား)

ပုထုဇဉ်ဟာ အရူးနဲ့တူတယ်တဲ့၊ ဘာနဲ့တူသတဲ့လဲ။

(အရူးနဲ့တူပါတယ်ဘုရား)

ဒါကြောင့် "ဥမ္မတ္တကောဝိယ ဟိ ပုထုဇ္ဇနော လို့ အဋ္ဌကထာဆရာက ဆိုထားပါတယ်။

(မူလပဏ္ဏာသ အဋ္ဌကထာ ၁၊ ၂၇)

http://www.dhammadownload.com



ပုထုဇဉ်ကလည်း

၁။ အန္ဓပုထုဇဉ်– ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာစသည်တွေကို မသိတဲ့ အကန်းနဲ့တူတဲ့ ပုထုဇဉ်။

၂။ ကလျာဏပုထုဇဉ်– ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာစသည်တွေကို သိတဲ့ ဉာဏ်မျက်စိကောင်းတဲ့ အကောင်းပုထုဇဉ်ရယ်လို့ နှစ်မျိုးရှိတယ်။ ပုထုဇဉ်ဖြစ်နေရင်လည်း ခန္ဓာ၊ အာယတန၊ ဓာတ် သစ္စာသိတဲ့ အကောင်း ပုထုဇဉ်မျိုးဖြစ်နေဖို့ လိုတယ်နော်။

(မှန်လှပါဘုရား)

မူလပဏ္ဏာသ အဋ္ဌကထာ ၁၊ ၇၁ မှာပဲ "ဥမ္မတ္တကောဝိယ ဟိဗာလ ပုထုဇ္ဇနော လို့ ဆိုထားပြန်တော့ အရူးနဲ့တူတဲ့ ပုထုဇဉ်ဆိုတာ ခန္ဓာအာယတန ဓာတ် သစ္စာတွေမသိတဲ့ ဗာလပုထုဇဉ်လို့ မှတ်ရမယ်နော်။

(မှန်လှပါဘုရား)

ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာစသည်တွေကိုသိတဲ့ ကလျာဏပုထုဇဉ် ကိုတော့ သေက္ခအတွင်းမှာပဲ သွင်းယူရမယ်တဲ့။

ယနေ့ တရားနာနေကြတဲ့ ဒကာ ဒကာမတွေက ခန္ဓာ အာယတန ဓာတ် သစ္စာတွေ မသိကြဘူးလား။

(သိကြပါတယ်ဘုရား)

ဒါဆိုရင် ဘာပုထုဇဉ်တွေပါလိမ့်။

(ကလျာဏပုထုဇဉ်တွေပါ ဘုရား)

ခန္ဓာဘယ်နှစ်ပါးရှိသတဲ့လဲ။

(ငါးပါးပါ ဘုရား)

အာယတနကကော။

(၁၂ ပါးပါ ဘုရား)

ဓာတ်။

(၁၈ ပါးပါ ဘုရား)

သစ္စာ။

(၄ ပါးပါ ဘုရား)

ကလျာဏပုထုဇဉ် ဟုတ်မဟုတ် စစ်ဆေးကြည့်နေတာနော်။

(မှန်လှပါဘုရား)

ဒီတော့ တရားနာပရိသတ်၊ ခန္ဓာ အာယတန ဓာတ် သစ္စာတရားတွေ

http://www.dhammadownload.com



မသိဘဲ အသက်တစ်ရာနေရတာထက်လည်း ခန္ဓာ အာယတန ဓာတ် သစ္စာတွေ သိပြီးတော့ တစ်နေ့တစ်ရက် တစ်နံနက်လောက် အသက်နေရတာက ပိုပြီးတော့ မြတ်တယ်လို့လည်း မှတ်ရမယ်နော်။

(မှန်လှပါဘုရား)

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

* ခန္ဓာငါးပါး၊ မသိငြား၊ သက်ကား တစ်ရာရှည်။
* မမြတ်ဘူးဟု၊ ဟောကြားပြု၊ သုံးလူ့ဘုရားသည်။
* ခန္ဓာငါးပါး၊ သိမြင်ငြား၊ သက်ကားတစ်ရက်ရှည်။
* ပိုမြတ်လှဟု၊ ဟောကြားပြု၊ သုံးလူ့ဘုရားသည်။
* အာယတန ၁၂ ပါး မသိငြား၊ သက်ကားတစ်ရာရှည်။
* မမြတ်ဘူးဟု၊ ဟောကြားပြု၊ သုံးလူ့ဘုရားသည်။
* အာယတန ၁၂ ပါး၊ သိမြင်ငြား၊ သက်ကားတစ်ရက်ရှည်။
* ပိုမြတ်လှဟု၊ ဟောကြားပြု၊ သုံးလူ့ဘုရားသည်။
* ဓာတ် ၁၈ ပါး၊ မသိငြား၊ သက်ကားတစ်ရာရှည်။
* မမြတ်ဘူးဟု၊ ဟောကြားပြု၊ သုံးလူ့ဘုရားသည်။
* ဓာတ် ၁၈ ပါး၊ သိမြင်ငြား သက်ကားတစ်ရက်ရှည်။
* ပိုမြတ်လှဟု၊ ဟောကြားပြု၊ သုံးလူ့ဘုရားသည်။
* သစ္စာလေးပါး၊ မသိငြား၊ သက်ကားတစ်ရာရှည်။
* မမြတ်ဘူးဟု၊ ဟောကြားပြု၊ သုံးလူ့ဘုရားသည်။
* သစ္စာလေးပါး၊ သိမြင်ငြား၊ သက်ကားတစ်ရက်ရှည်။
* ပိုမြတ်လှဟု၊ ဟောကြားပြု၊ သုံးလူ့ဘုရားသည်။

ယော စ ဝဿသတံဇီဝေ၊ အပဿံ အမတံ ပဒံ စတဲ့တရားဂါထာ ဒေသနာတော်ရဲ့အဆုံးမှာ ကိသာဂေါတမီထေရီ မဟာပဋိသမ္ဘိဒါ လေးပါးတို့နဲ့ တကွ ရဟန္တာမကြီး ဖြစ်သွားပါတယ်။

ဒေသနာဝသာနေ ကိသာဂေါတမီ ယထာ နိသိန္နာဝသဟ ပဋိသမ္ဘိဒါဟိ အရဟတ္တေ ပတိဋ္ဌဟိ။

(ဓမ္မပဒ ဋ္ဌ ၁၊ ၄၄၆)

ဒေသနာဝသာနေ- တရားဂါထာ ဒေသနာတော်အဆုံး၌၊ ကိသာ ဂေါတမီသည်၊ ယထာနိသိန္နာဝ- နေမြဲတိုင်းသာလျှင် (ဝါ) ထိုင်မြဲတိုင်းသာလျှင်၊

http://www.dhammadownload.com



ပဋိသမ္ဘိဒါပတ်– ပဋိသမ္ဘိဒါတို့နှင့်၊ သဟ– တကွ၊ အရဟတ္တေ– အရဟတ္တဖိုလ်၌၊ ပတိဋ္ဌဟိ– ကောင်းစွာမသွေ တည်သွားရပါပေတော့သတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

ကဲ– နိဗ္ဗာန်ရသူနဲ့ မရသူ၊ နိဗ္ဗာန်မြင်သူနဲ့ မမြင်သူ ဒီနှစ်လူမှာ ဘယ်သူက ပိုမြတ်သတဲ့လဲ။

(နိဗ္ဗာန်မြင်သူက ပိုမြတ်ပါတယ်ဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်က ဘာတရားတဲ့လဲ။

(နိဗ္ဗာန်မြင်မှ ပိုမြတ်လှ တရားတော်ပါဘုရား)

ကိသာဂေါတမီဟာ နိဗ္ဗာန်မြင်ကာ ပိုပြီးတော့ မြတ်မသွားဘူးလား။

(မြတ်သွားပါတယ်ဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

* နိဗ္ဗာန်မြင်သူ၊ မမြင်သူ၊ နှစ်လူရှိပါသည်။
* နိဗ္ဗာန်မြင်မှ၊ ပိုမြတ်လှ၊ ဗုဒ္ဓဟောခဲ့သည်။
* နိဗ္ဗာန်တရား၊ မမြင်ငြား၊ သက်ကားတစ်ရာရှည်။
* မမြတ်ဘူးဟု၊ ဟောကြားပြု၊ သုံးလူ့ဘုရားသည်။
* နိဗ္ဗာန်တရား၊ သိမြင်ငြား၊ သက်ကားတစ်ရက်ရှည်။
* ပိုမြတ်လှဟု၊ ဟောကြားပြု၊ သုံးလူ့ဘုရားသည်။
* နိဗ္ဗာန်မြင်မှ၊ ပိုမြတ်လှ၊ ဟောပြခဲ့ပါသည်။

ယနေ့ တရားနာနေကြတဲ့ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေ အမြတ်ဆုံးဖြစ်တဲ့ နိဗ္ဗာန်ကို ရကြပါစေ၊ မြင်ကြပါစေဆိုတဲ့အနေဖြင့် ဦးပဥ္ဇင်းသည် "နိဗ္ဗာန်မြင်မှ ပိုမြတ်လှ" ခေါ် တရားဒေသနာတော်ကို ဟောကြားခဲ့ပါတယ်။

ကဲ– နိဗ္ဗာန်မြင်မှ ပိုမြတ်လှ ဆိုတဲ့ အနုကဗျာ အနုစာနဲ့ တရားသိမ်းကြရအောင်၊ လက်အုပ်ချီကြပါ။

နိဗ္ဗာန်တရား၊ မမြင်ငြားဘဲ၊ သက်ကားတစ်ရာ၊ နေရတာထက် သူငါအမှန်၊ နိဗ္ဗာန်တရား၊ သိမြင်ငြားလျက်၊ တစ်ရက်ဝံလေ အသက်နေရ ပိုမြတ်လှသည်၊ ဗုဒ္ဓရှင်တော်မိန့်ခွန်းတည်း။

(သာဓု၊ သာဓု သဓုပါဘုရား)

http://www.dhammadownload.com



မှတ်ချက်။ ။ (၁) ခန္ဓာငါးပါး၊ မသိကြားဘဲ၊ သက်ကား တစ်ရာ၊ နေရတာထက်၊ ခန္ဓာငါးပါး၊ သိနေကြားလျက်၊ တစ်ရက်တလေ၊ အသက်နေရ၊ ပိုမြတ်လှသည်၊ ဗုဒ္ဓရှင်တော မိန့်ခွန်းတည်း။

(၂) အာယာတန ၁၂ ပါး၊ မသိကြားဘဲ၊ သက်ကားတစ်ရာ၊ နေရတာထက်၊ အာယတန ၁၂ ပါး သိနေကြားလျက်၊ တစ်ရက်တလေ၊ အသက်နေရ၊ ပိုမြတ်လှသည်၊ ဗုဒ္ဓရှင်တော် မိန့်ခွန်းတည်း။

(၃) ဓာတ် ၁၈ ပါး၊ မသိကြားဘဲ၊ သက်ကားတစ်ရာ၊ နေရတာထက်၊ သူငါ စင်စစ်၊ ဓာတ် ၁၈ပါး၊ သိနေကြားလျက်၊ တစ်ရက်တလေ၊ အသက်နေရ၊ ပိုမြတ်လှသည်၊ ဗုဒ္ဓရှင်တော် မိန့်ခွန်းတည်း။

(၄) သစ္စာလေးပါး၊ မသိကြားဘဲ၊ သက်ကားတစ်ရာ နေရတာထက်၊ သစ္စာလေးပါး၊ သိနေကြားလျက်၊ တစ်ရက်တလေ၊ အသက်နေရ၊ ပိုမြတ်လှသည်၊ ဗုဒ္ဓရှင်တော မိန့်ခွန်းတည်း။

(ဤလေးပုဒ်ကိုလည်း လိုအပ်နေရာမှ အသုံးပြုလိုက ပြုနိုင်ရန် ရေးထည့်လိုက်ပါ၏။)

မှတ်ချက်။ ။ ဝိပဿနာပွဲတိုင်း၊ အသုဘနာရေးပွဲတိုင်း ဖြေဆည်ရာ၊ သက်သာရာရအောင် ဟောကြားသင့်ပါသည်။

* တရားအမည်ပေးရာတွင်

၁။ သက်ရှင်မမြဲ အသေမြဲ တရားတော်၊

၂။ ဆီမီးလျှံက တရားပြ တရားတော်၊

၃။ အရှူးပျောက်ဆေး ဘုရားပေး တရားတော် စသည်ဖြင့် အမည်ပေးကာ ဟောကြားပါ။

၂၊ ၆၊ ၉၆

၁၃၅၈ ခု၊ ပ ဝါဆိုလဆန်း (၅) ရက်

နိဗ္ဗာန်မြင်မှ ပိုမြတ်လှ တရားတော် ပြီးပြီ။

http://www.dhammadownload.com

## ခုဒ္ဒကနိကာယ် ဓမ္မပဒပါဠိတော် သဟဿဝဂ်၊ ဗဟုပုတ္တိက ထေရီဝတ္ထုကို တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# တရားမြင်မှ+ ပိုမြတ်လှ တရားတော်

ယော စ ဝဿသတံ ဇီဝေတိ၊ ဣမံ ဓမ္မဒေသနံသတ္ထာ ဇေတဝနေ ဝိဟရန္တော ဗဟုပုတ္တိကံ ထေရိံ အာရဗ္ဘ ကထေသိ။

(ဓမ္မပဒ ဋ္ဌ- ၄၄၆)

ယော စ ဝဿသတံဇီဝေတိ ဣမံဓမ္မ ဒေသနံအစရှိသော ဝဿသတံ ဇီဝေ စသော ဤတရားဟောခြင်းကို၊ သတ္ထာ- မြတ်စွာဘုရားသည်၊ ဇေတဝနေ- ဇေတဝန်ကျောင်းတော်၌၊ ဝိဟရန္တော- နေတော်မူစဉ်၊ ဗဟုပုတ္တိကံထေရိံ- ဗဟုပုတ္တိကာထေရီကို၊ အာရဗ္ဘ- အကြောင်းပြု၍၊ ကထေသိ- ကရုဏာရှေ့ဆော် မေတ္တာတော်ဖြင့် ဖွင့်ဖော်ကောင်းစွာ ဟောကြားတော်မူလိုက်ပါပေသတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

ဟောဒီ ယော စ ဝဿတံ ဇီဝေ အစရှိတဲ့ ဂါထာတော်နဲ့ တန်ဆာဆင်ထားတဲ့ "တရားမြင်မှ ပိုမြတ်လှ" ခေါ်တဲ့ တရားဒေသနာတော်ကို ဘုရားရှင်ကိုယ်တော်မြတ် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူစဉ် ဗဟုပုတ္တိကာ ထေရီမကို အကြောင်းပြုပြီးတော့ ဟောကြားတော်မူပါသည်။

သာဝတ္ထိယံ ကိရေကသ္မိံ ကုလေ သတ္တပုတ္တာစ သတ္တစ ဓိတရော အဟေသုံ။

(ဓမ္မပဒ ဋ္ဌ ၁- ၄၄၆)

ကိရ- ကြားဖူးသည်ကား၊ သာဝတ္ထိယံ- သာဝတ္ထိပြည်၌၊ ဧကသ္မိံကုလေ- တစ်ခုသော အမျိုးအိမ်၌၊ သတ္တပုတ္တာစ- သားခုနစ်ယောက်တို့သည်လည်းကောင်း၊ သတ္တဓိတရောစ- သမီးခုနစ်ယောက်တို့သည်လည်းကောင်း၊ အဟေသုံ- ဖြစ်ကုန်၏။

သာဝတ္ထိပြည်မှာ တစ်ခုသော အမျိုးအိမ်ဝယ် သားခုနစ်ယောက်၊ သမီးခုနစ်ယောက်ရှိကြတယ်။ သားက ခုနစ်ယောက်၊ သမီးက ခုနစ်ယောက်ဆိုတော့ သားသမီးတွေ အများကြီးရှိမနေဘူးလား။

(ရှိနေပါတယ်ဘုရား)

http://www.dhammadownload.com



အေး ဟုတ်ပြီ၊ အဲဒီလို သားသမီးတွေ အများကြီးရှိနေလို့ ဗဟုပုတ္တိကလို့ ခေါ်တာနော်။

(မှန်လှပါဘုရား)

တေ သဗ္ဗေပိ ဝယပ္ပတ္တာ ဂေဟေ ပတိဋ္ဌဟိတွာ အတ္တနော ဓမ္မတာယ သုခပ္ပတ္တာ အဟေသုံ။

တေ သဗ္ဗေပိ– ထိုအလုံးစုံကုန်သော သားသမီးတို့သည်လည်း၊ ဝယပ္ပတ္တာ– အရွယ်သို့ရောက်ကြကုန်သည်ရှိသော်၊ ဂေဟေ–အိမ်၌၊ ပတိဋ္ဌဟိတွာ– တည်စေ၍၊ အတ္တနော– မိမိ၏၊ ဓမ္မတာယ– သဘောအားဖြင့်၊ သုခပ္ပတ္တာ– မှန်စွာမယွင်း ချမ်းသာခြင်းသို့ ရောက်ကြကုန်သည်၊ အဟေသုံ– ဖြစ်ကုန်၏။

အဲဒီ သားသမီးတွေအားလုံး အရွယ်ရောက်လာကြတဲ့အခါ ကိုယ့်အိုး ကိုယ့်အိမ် ထူထောင်နေထိုင်ကြကာ ချမ်းသာကြီးပွားနေကြပါတယ်။

တေသံ အပရေန သမယေန ပိတာ ကာလမကာသိ။

တေသံ– ထိုသားသမီးတို့၏၊ ပိတာ– အဘသည်၊ အပရေနသမယေန– တစ်ပါးသောအခါ၌၊ ကာလံ– စုတေခြင်းကို၊ အကာသိ– ပြု၏။

အဲဒီ သားသမီးတွေရဲ့ အဘဟာ အခါတစ်ပါးမှာ သေဆုံးသွားပါတယ်။

မဟာဥပါသိကာ သာမိကေ နဋ္ဌေပိ နတာဝ ကုဋ္ဌမ္ဘံ ဝိဘာဇေတိ။

မဟာဥပါသိကာ– ဒါယိကာမကြီးသည်၊ သာမိကေ– လင်သည်၊ နဋ္ဌေပိ– သေသော်လည်း၊ ကုဋ္ဌမ္ဘံ– အမွေဥစ္စာကို၊ နတာဝဝိဘာဇေတိ– မခွဲမဝေ။

ဒါယိကာမကြီးဟာ သူ့လင် ဒါယကာကြီးသေသွားပေမယ့် အမွေဥစ္စာတွေ ခွဲဝေပြီးတော့ သားတွေ သမီးတွေကို မပေးဘူးတဲ့။

အထ နံ ပုတ္တာ အာဟံသု "အမ္မ အမှာကံ ပိတရိ နဋ္ဌေ တုယှံ ကော အတ္ထော ကုဋ္ဌမ္ဘေန၊ ကိံမယံ တံ ဥပဋ္ဌာတုံ နသက္ကောမာ" တိ။

အထ– ထိုအခါ၌၊ နံ– ထိုအမိကို၊ ပုတ္တာ– သား သမီးတို့သည်၊ အာဟံသု– ပြောဆိုကြကုန်၏၊ ကိံအာဟံသု– ဘယ်လိုပြောဆိုကြကုန်သလဲဆိုတော့၊ "အမ္မ– အမိ၊ အမှာကံ– ငါတို့၏၊ ပိတရိ– အဘသည်၊ နဋ္ဌေ– သေလတ်သော်၊ တုယှံ– သင်အမိအား၊ ကုဋ္ဌမ္ဘေန– ဥစ္စာဖြင့်၊ ကောအတ္ထော– အဘယ်အကျိုးရှိအံ့နည်း၊ မယံ– ငါတို့သည်၊ တံ– ထိုဥစ္စာကို၊ ဥပဋ္ဌာတုံ– တည်စေခြင်းငှာ၊ ကိံနသက္ကောမ– အဘယ့်ကြောင့် မတတ်နိုင်ဘဲ ရှိကုန်အံ့နည်း" ဣတိ– ဤသို့၊ အာဟံသု– ပြောဆိုကြကုန်၏။

http://www.dhammadownload.com



အမွေခွဲမပေးတဲ့ မိခင်ကြီးကို သားသမီးတွေက ဝိုင်းပြီးတော့ ပြောကြတယ်၊ ဘယ်လိုပြောကြသလဲဆိုတော့

"အမေ၊ အဖေသေသွားတော့ အမေ့မှာ ဥစ္စာတွေဖြင့် ဘာအကျိုးရှိမှာလဲ၊ သားတို့ သမီးတို့ဟာ အဲဒီဥစ္စာတွေ တိုးပွားပြီး တည်အောင်မလုပ်နိုင်ကြကုန်၊ မစွမ်းနိုင်ကြကုန်သလော (သားတို့ သမီးတို့ဟာ အမေ့ကို ပြုစုလုပ်ကျွေးရန် မတတ်နိုင်ကုန်သလော)" လို့ ဒီလို ဝိုင်းပြီးတော့ ပြောဆိုကြပါတယ်။

အဖေသေတာက မကြာသေးဘူး၊ အမွေခွဲပေးဖို့ပဲ ဝိုင်းပြောကြတော့ တရားနာပရိသတ်၊ သားသမီးတွေဟာ ကြောက်စရာမကောင်းဘူးလား။

(ကြောက်စရာကောင်းပါတယ် ဘုရား)

ဒကာ ဒကာမတွေကလေ အဲဒီကြောက်စရာကောင်းတာတွေကို တအား ချစ်နေကြတာနော်။

(မှန်လှပါဘုရား)

အမွေဆိုတာ တကယ်တော့ အမွှေပဲတဲ့၊ ဘာတဲ့လဲ။

(အမွှေပါဘုရား)

သာ တေသံ ကထံ သုတွာ တုဏှီ ဟုတွာ ပုနပ္ပုနံ တေဟိ ဝုစ္စမာနာ "ပုတ္တာ မံ ပဋိဇဂ္ဂိဿန္တိ၊ ကိံ မေ ဝိသုံ ကုဋ္ဌမ္ဗေနာ" တိ သဗ္ဗံ သာပတေယျံ မဇ္ဈေ ဘိန္ဒိတွာ အဒါသိ။

သာ– ထိုအမိသည်၊ တေသံ– ထိုသားသမီးတို့၏၊ ကထံ– စကားကို၊ သုတွာ– ကြား၍၊ တုဏှီဟုတွာ– ဆိတ်ဆိတ်ဖြစ်၍၊ ပုနပ္ပုနံ– အဖန်တလဲလဲ၊ တေဟိ– ထိုသား သမီးတို့သည်၊ ဝုစ္စမာနာ– ပြောဆိုအပ်ကုန်သော်၊ ပုတ္တာ– ငါ့သားသမီးတို့သည်၊ မံ– ငါ့ကို၊ ပဋိဇဂ္ဂိဿန္တိ– လုပ်ကျွေးကြကုန်လတ္တံ့၊ တ္တတိ– ဤသို့ကြံ၍၊ မေ– ငါ့အား၊ ဝိသုံ– အသီးအခြား၊ ကုဋ္ဌမ္ဗေန– ဥစ္စာဖြင့်၊ ကိံ– ဘယ်အကျိုးရှိအံ့နည်း၊ တ္တတိ– ဤသို့၊ သဗ္ဗံသာပတေယျံ– အလုံးစုံသော ဥစ္စာနှစ်ကို၊ မဇ္ဈေ– အလယ်၌၊ ဘိန္ဒိတွာ– ထက်ဝက်ခွဲ၍၊ အဒါသိ– ပေး၏။

အဲဒီလို ပြောတဲ့ သားသမီးတွေရဲ့စကားကို ကြားရတော့ မိခင်ကြီးက ဘာမှမပြောဘဲ ဆိတ်ဆိတ်နေပါတယ်။

သားသမီးတွေက ထပ်ခါထပ်ခါ အမြဲတစေပြောနေကြတော့ "ငါ့သား သမီးတွေဟာ ငါ့ကို ပြုစုလုပ်ကျွေးမှာပဲလို့ ကြံပြီးတော့ ငါ့အတွက် သီးခြား ဥစ္စာတွေ မထားတော့ပါဘူးလေ။ သီးခြားဥစ္စာတွေ ထားနေလို့ ငါ့မှာ ဘာမှ

http://www.dhammadownload.com



အကျိုးရှိမှာမဟုတ်ပါဘူး" ဆိုပြီးတော့ အလုံးစုံသောဥစ္စာနှစ်ကို အလယ်ကနေ ခွဲဝေပြီး ပေးလိုက်ပါတယ်။

အထ နံ ကတိပါဟစ္စယေန ဇေဋ္ဌပုတ္တဿ ဂေဟံ အဂမာသိ၊
ဇေဋ္ဌပုတ္တဿ ဘရိယာ "အဟော အမှာကံ အယျာ ဇေဋ္ဌပုတ္တောမေ"တိ
ဒွေ ကောဋ္ဌာသေ ဒတွာဝိယ ဣမမေဝ ဂေဟံ အာဂစ္ဆတိ" တိ အာဟ။

အထ– ထိုအခါ၌၊ နံ– ထိုအမိကို၊ (အာဟ– မှာစပ်။) ကတိပါဟစ္စယေန– နှစ်ရက် သုံးရက်လွန်ရာ အခါ၌၊ ဇေဋ္ဌပုတ္တဿ– သားအကြီး၏၊ ဂေဟံ– အိမ်သို့၊ အဂမာသိ– သွား၏၊ ဇေဋ္ဌပုတ္တဿ– သားအကြီး၏၊ ဘရိယာ– မယားသည်၊ "အမှာကံ– ငါတို့၏၊ အယျ– အရှင်ဖြစ်သော ယောက္ခမသည်၊ အဟော– အံ့ဖွယ်ရှိပေစွ၊" မေ– ငါ၏၊ ဇေဋ္ဌပုတ္တောတိ– သားအကြီးတည်းဟု၊ ဒွေကောဋ္ဌာသေ– နှစ်ခုသောအမွေဥစ္စာတို့ကို၊ ဒတွာဝိယ– ပေးလေသကဲ့သို့၊ ဣမမေဝဂေဟံ– ဤငါတို့၏အိမ်သာလျှင်၊ အာဂစ္ဆတိ– လာရှာ၏၊ ဣတိ အာဟ– ဤသို့ မလိုတမာ ပြောဆိုပါ၏။

အမွေခွဲဝေပြီးတော့ နှစ်ရက် သုံးရက်လောက်အကြာမှာ သားအကြီးရဲ့ အိမ်ကိုသွားတဲ့ မိခင်ကြီးကို သားကြီးရဲ့မယားက

"တို့ရဲ့ယောက္ခမကြီးဟာ တော်တော်အံ့သြစရာကောင်းတယ်၊ ငါ့ရဲ့ သားကြီးဆိုပြီးတော့ အမွေဥစ္စာတွေ ပိုပြီးတော့ပေးသလို အမွေဥစ္စာတွေ နှစ်စု ပေးသလို တို့အိမ်ပဲ လာရှာတယ်" ဟု မလိုတမာ ပြောဆိုပါတယ်။

ဒီတော့ တရားနာပရိသတ်၊ ချွေးမဆိုတာ ကြောက်စရာမကောင်းဘူးလား။

(ကြောက်စရာကောင်းပါတယ်ဘုရား)

ကြောက်စရာကောင်းတဲ့ ချွေးမတွေကို အသင့်တော်ဆုံးဆိုပြီးတော့ ရွေးချယ်ပေးထားခဲ့တာမဟုတ်လား။

(မှန်လှပါဘုရား)

သေသပုတ္တာနံ ဘရိယာပိ ဧဝ မေဝ ဝဒိံသု။

သေသပုတ္တာနံ– ကြွင်းသောသားခြောက်ယောက်တို့၏၊ ဘရိယာပိ– မယားတို့သည်လည်း၊ ဧဝ မေဝ– ဤအတူသာလျှင်၊ ဝဒိံသု– ပြောဆိုကြကုန်၏။

ကျန်သားခြောက်ယောက်တို့ရဲ့ မယားတွေကလည်း သားကြီးရဲ့မယား လိုပဲ ပြောဆိုကြတယ်နော်။

(မှန်လှပါဘုရား)

http://www.dhammadownload.com



ဓေဌမိတရံ အာဒိကတွာ တာသံဂေဟံ ဂတကာလေပိ နံ ဧဝ မေဝ ဝဒိံသု။

ဓေဌမိတရံ– သမီးအကြီးကို၊ အာဒိကတွာ– အစပြု၍၊ တာသံ– ထိုသမီး၏၊ ဂေဟံ– အိမ်သို့၊ ဂတကာလေပိ– သွားသောအခါ၌လည်း၊ နံ– ထိုအမယ်အိုကြီးကို၊ ဧဝ မေဝ– ဤအတူသာလျှင်၊ ဝဒိံသု– ပြောဆိုကြကုန်၏။

သမီးကြီးအိမ်ကနေစပြီးတော့ သမီးအားလုံးတို့ရဲ့အိမ်တွေကို သွားတော့လည်း အဲဒီမိခင်အိုကြီးကို သားကြီးရဲ့အိမ်သွားတုန်းကလိုပဲ ပြောလွှတ်ကြပါတယ်။

ဒီတော့ တရားနာပရိသတ်၊ အမွေခွဲမပေးခင်က အခြေအနေနဲ့ အမွေခွဲပေးပြီး အခြေအနေ တူသေးရဲ့လား။

(မတူတော့ပါဘူး ဘုရား)

ဒကာကြီး သေဆုံးပြီးတော့ ဒကာမကြီး အမွေခွဲမပေးတာ သဘာဝကျတယ်နော်။

(မှန်လှပါဘုရား)

သား သမီးတွေ ဝိုင်းပြောလို့ အမွေခွဲဝေပေးလိုက်တဲ့ မိခင်အိုကြီး ခုတော့ ဒုက္ခရောက်မနေဘူးလား။

(ဒုက္ခရောက်နေပါတယ်ဘုရား)

သာ အဝမာနပ္ပတ္တာ ဟုတွာ "ကိံ တ္ထမေသံ သန္တိကေ ဝုဋ္ဌေန၊ ဘိက္ခုနီ ဟုတွာ ဇီဝိဿာမိ" တိ ဘိက္ခုနီ ဥပဿယံ ဂန္တွာ ပဗ္ဗဇ္ဇံ ယာစိ။

သာ– ထိုအမယ်အိုကြီးသည်၊ အဝမာနပ္ပတ္တာ– မထိမဲ့မြင်အပြုခံရခြင်းသို့ရောက်သည်၊ ဟုတွာ– ဖြစ်၍၊ "တ္ထမေသံ– ဤသား သမီးတို့၏၊ သန္တိကေ–၊ အထံ၌၊ ဝုဋ္ဌေန– နေခြင်းဖြင့်၊ ကိံ– အဘယ်အကျိုးရှိအံ့နည်း။ ဘိက္ခုနီ– ရဟန်းမိန်းမသည်၊ ဟုတွာ– ဖြစ်၍၊ ဇီဝိဿာမိတိ– အသက်မွေးအံ့" ဟူ၍၊ ဘိက္ခုနီဥပဿယံ– ရဟန်းမိန်းမတို့၏ကျောင်းသို့၊ ဂန္တွာ– သွား၍၊ ပဗ္ဗဇ္ဇံ– ရဟန်းအဖြစ်ကို၊ ယာစိ– တောင်းပန်၏။

သား သမီး ချွေးမတွေ သမက်တွေက မထိမဲ့မြင် အပြုခံရတော့ ဒီသား သမီး ချွေးမ သမက်တွေရဲ့ထံမှာနေလို့ ဘာမှအကျိုးထူးမှာမဟုတ်ဘူး။ ရဟန်းမိန်းမအဖြစ်နဲ့ အသက်မွေးမယ်ဆိုပြီးတော့ ရဟန်းမိန်းမတွေရဲ့ကျောင်းကို သွားကာ ရဟန်းအဖြစ် တောင်းပန်ပါတယ်။

http://www.dhammadownload.com



တာ နံ ပဗ္ဗာဇေသုံ၊ သာ လဒ္ဓူပသမ္ပဒါ ဟုတွာ ဗဟုပုတ္တိကတ္ထေရီတိ ပညာယိ။

တာ– ထိုရဟန်းမိန်းမတို့သည်၊ နံ– ထိုအမယ်အိုကြီးကို၊ ပဗ္ဗာဇေသုံ– ရဟန်းပြုပေးကြကုန်၏။ သာ– ထိုအမယ်အိုကြီးသည်၊ လဒ္ဓူပသမ္ပဒါ ဟုတွာ– ရဟန်းဖြစ်ပြီး၍၊ ဗဟုပုတ္တိကတ္ထေရီတိ– ဗဟုပုတ္တိကာထေရီဟူ၍၊ ပညာယိ– ထင်ရှား၏။

ရဟန်းမိန်းမတွေက အမယ်အိုကြီးကို ရဟန်းပြုပေးလိုက်ကြပါတယ်။ အဲဒီအမယ်အိုကြီးဟာ ရဟန်းဖြစ်ပြီးတော့ ဗဟုပုတ္တိကာထေရီလို့ပဲ အမည်တွင်ကာ ထင်ရှားပါတယ်။

သာ "အဟံ မဟလ္လကကာလေ ပဗ္ဗဇိတာ၊ အပ္ပမတ္တာယ မေ ဘဝိတဗ္ဗံ" န္တိ ဘိက္ခုနီနံ ဝတ္တပဋိဝတ္တံ ကရောန္တီ "သဗ္ဗရတ္တိံသမဏဓမ္မံ ကရိဿာမိ" တိ ဟေဋ္ဌာ ပါသာဒေ ဧကံထမ္ဘံ ဟတ္ထေန ဂဟေတွာ တံ အာဝိဉ္ဆမာနာဝ သမဏ ဓမ္မံ ကရောတိ၊ စင်္ကမမာနာပိ "အန္ဓကာရဋ္ဌာနေ မေ ရုက္ခေဝါ ကတ္ထစိဝါသီသံ ပဋိဟညေယျာ" တိ တံ ရုက္ခံ ဟတ္ထေန ဂဟေတွာ တံ အာဝိဉ္ဆမာနာဝ သမဏဓမ္မံ ကရောတိ "သတ္ထာရာ ဒေသိတမေဝ မေဝ ကရိဿာမိ" တိ ဓမ္မံ အာဝဇ္ဇေတွာ ဓမ္မံ အနုဿရမာနာဝ သမဏဓမ္မံ ကရောတိ။

သာ– ထိုထေရီမကြီးသည်၊ "အဟံ– ငါသည်၊ မဟလ္လကကာလေ– အိုမင်းသောကာလ၌၊ ပဗ္ဗဇိတာ– ရဟန်းပြုရ၏၊ မေ– ငါ့အား၊ အပ္ပမတ္တာယ– မမေ့မလျော့ခြင်းဖြင့်၊ ဘဝိတဗ္ဗံန္တိ– ဖြစ်အပ်၏" ဟူ၍၊ ဘိက္ခုနီနံ– ရဟန်းမိန်းမတို့၏၊ ဝတ္တပဋိဝတ္တံ– ဝတ်ကြီးဝတ်ငယ်ကို၊ ကရောန္တီ– ပြုလျက်၊ "သဗ္ဗရတ္တိံ– တစ်ညဉ့်ပတ်လုံး၊ သမဏဓမ္မံ– ရဟန်းတရားကို၊ ကရိဿာမီတိ– ပြုအံ့" ဟူ၍၊ ဟေဋ္ဌာပါသာဒေ– ပြာသာဒ်အောက်၌၊ ဧကံထမ္ဘံ– တိုင်တစ်ခုကို၊ ဟတ္ထေန– လက်ဖြင့်၊ ဂဟေတွာ– ဆွဲကိုင်၍၊ တံ– ထိုတိုင်ကို၊ အာဝိဉ္ဆမာနာဝ– လည်လျက်လျှင်၊ သမဏဓမ္မံ– ရဟန်းတရားကို၊ ကရောတိ– ပြု၏။ စင်္ကမမာနာပိ– စင်္ကြံသွားသော်လည်း၊ အန္ဓကာရဋ္ဌာနေ– မှောင်မိုက်ရာအရပ်၌၊ ရုက္ခေဝါ– သစ်ပင်၌လည်းကောင်း၊ ကတ္ထစိဝါ– တစ်စုံတစ်ခုသောအရပ်၌လည်းကောင်း၊ မေသီသံ– ငါ၏ဦးခေါင်းကို၊ ပဋိဟညေယျာ– ထိခိုက်ခဲ့ရာ၏။ တ္တတိ– ဤသို့၊ တံ ရုက္ခံ– ထိုသစ်ပင်ကို၊ ဟတ္ထေန– လက်ဖြင့်၊ ဂဟေတွာ– ကိုင်၍၊ တံ– ထိုသစ်ပင်ကို၊ အာဝိဉ္ဆမာနာဝ– လည်လျက်လျှင်၊ သမဏဓမ္မံ–

http://www.dhammadownload.com



ရဟန်းတရားကို၊ ကရောတိ– ပြု၏။ "သတ္ထာရာ– မြတ်စွာဘုရားသည်၊ ဒေသိတမ္ဗမေဝ– ဟောကြားအပ်သော တရားကိုသာလျှင်၊ ကရိဿာမိတိ– လိုက်နာအံ့ဟူ၍၊ ဓမ္မံ– တရားကို၊ အာဝဇ္ဇေတွာ– ဆင်ခြင်၍၊ ဓမ္မံ– တရားကို၊ အနုဿရမာနာဝ– အဖန်တလဲလဲ အောက်မေ့လျက်သာလျှင်၊ သမဏဓမ္မံ– ရဟန်းတရားကို၊ ကရောတိ– ကောင်းစွာမသေွ လိုက်နာပြုကျင့်နေပါပေသတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

အဲဒီ ဗဟုပုတ္တိကာ ဘိက္ခုနီမကြီးဟာ "ငါ ကြီးမှ ရဟန်းဖြစ်တာ ငါ မေ့လျော့ပေါ့ဆနေလို့ မဖြစ်ဘူး။ မမေ့မလျော့ မပေါ့မဆ ကြိုးစားအားထုတ်မှ ဖြစ်မယ်" ဆိုပြီးတော့ ဘိက္ခုနီမတွေရဲ့ ဝတ်ကြီးဝတ်ငယ်ကိုပြုကာ "တစ်ညဥ့်ပတ်လုံး ရဟန်းတရားကို အားထုတ်မယ်" လို့ ကြံပြီး ပြာသာဒ်အောက်က တိုင်တစ်တိုင်ကို လက်နဲ့ကိုင်ပြီး အဲဒီတိုင်ကို ဆွဲငင်ကာ အားထုတ်တယ်။

ဒီတော့ တရားနာပရိသတ်၊ ကြီးမှ ရဟန်းဖြစ်လာသူတွေဟာ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆနေလို့ ဖြစ်ပါ့မလား။

(မဖြစ်ပါဘူးဘုရား)

ဗဟုပုတ္တိကာထေရီမကြီးဟာ တစ်ညဥ့်ပတ်လုံး ရဟန်းတရားအားထုတ်မယ်လို့ကြံပြီး ပြာသာဒ်အောက်က တိုင်တစ်တိုင်ကို လက်နဲ့ကိုင်ပြီး အဲဒီတိုင်ကိုပဲ ဆွဲကိုင်ကာ တရားအားထုတ်တယ်ဆိုတော့ ချီးကျူးစရာ၊ အတုယူစရာ၊ အားကျစရာ မကောင်းဘူးလား။

(ကောင်းပါတယ်ဘုရား)

အေး အားကျစရာကောင်းတယ်ဆိုတော့ တစ်နေ့ ဘယ်နှစ်နာရီလောက် တရားထိုင်ဖြစ်ကြသလဲ။

(မဖြေ၊ ရယ်မောကြ)

စကြံသွားတဲ့အခါမှာလည်း မှောင်မိုက်တဲ့အရပ်မှာ သစ်ပင်မှာ တစ်စုံတစ်ခုသော အရပ်မှာ မိမိရဲ့ဦးခေါင်းကို ထိခိုက်မှာစိုးတဲ့အတွက် သစ်ပင်ကို လက်နဲ့ကိုင်ကာ အဲဒီသစ်ပင်ကိုဆွဲကိုင်ပြီးတော့ ရဟန်းတရားကို ကြိုးစားအားထုတ်ပါတယ်။

အဲဒီလို အားထုတ်တဲ့အခါမှာ မြတ်စွာဘုရား ဟောကြားအပ်တဲ့ တရားတော်ကိုသာလျှင် လိုက်နာမယ်ဆိုပြီးတော့ တရားကိုဆင်ခြင်ကာ တရားကို အဖန်တလဲလဲ အောက်မေ့ကာ ရဟန်းတရားကို အားထုတ်ပါတယ်။

http://www.dhammadownload.com



ဒီတော့ တရားနာပရိသတ်၊ ဗဟုပုတ္တိကာထေရီမကြီးရဲ့ တရားအားထုတ်ပုံကို လေ့လာကြည့်တဲ့အခါမှာ

၁။ တစ်ညဥ့်ပတ်လုံး တိုင်တစ်တိုင်ကို ကိုင်ပြီးတော့ အားထုတ်တယ်။

၂။ စင်္ကြံသွားတဲ့အခါမှာ သစ်ပင်ကို ဆွဲကိုင်ပြီးတော့ အားထုတ်တယ်။

၃။ တရားကို ဆင်ခြင်ကာ တရားကို အဖန်အောက်မေ့နှလုံးသွင်းပြီးတော့ အားထုတ်တာတွေကို တွေ့ရတယ်နော်။

(မှန်လှပါဘုရား)

အထ သတ္ထာ ဂန္ဓကုဋိယံ နိသိန္နောဝ ဩဘာသံ ဖရိတွာ သမ္မုခေ နိသိန္နောဝိယ တာယသဒ္ဓိံ ကထေန္တော "ဗဟုပုတ္တိကေမယာ ဒေသိတံဓမ္မံ အနာဝဇ္ဇေန္တဿ အပဿန္တဿ ဝဿသတံ ဇီဝနတော မယာ ဒေသိတံ ဓမ္မံ ပဿန္တဿ မုဟုတ္တမ္ပိ ဇီဝိတံသေယျော" တိ ဝတွာ အနုသန္ဓိံ ဃဋေတွာ ဓမ္မံ ဒေသေန္တော ဣမံ ဂါထမာဟ။

အထ– ထိုအခါ၌၊ သတ္ထာ– ဘုရားသည်၊ ဂန္ဓကုဋိယံ– ဂန္ဓကုဋီ၌၊ နိသိန္နောဝ– နေလျက်လျှင်၊ ဩဘာသံ– ရောင်ခြည်ကို၊ ဖရိတွာ– နှံ့စေ၍၊ သမ္မုခေ– မျက်မှောက်၌၊ နိသိန္နောဝိယ– နေတော်မူသကဲ့သို့၊ တာယ– ထိုထေရီမနှင့်၊ သဒ္ဓိံ– တကွ၊ ကထေန္တော– ဟောပြောလျက်၊ "ဗဟုပုတ္တိကေ– ဗဟုပုတ္တိကာ၊ မယာ– ငါဘုရားသည်၊ ဒေသိတံဓမ္မံ– ဟောအပ်သောတရားကို၊ အနာဝဇ္ဇေန္တဿ–မဆင်ခြင်သောသူ၏၊ အပဿန္တဿ–မမြင်သောသူ၏၊ ဝဿသတံ– အနှစ်တစ်ရာကာလပတ်လုံး၊ ဇီဝနတော– အသက်ရှင်ခြင်းထက်၊ မယာ ဒေသိတံ– ဓမ္မံ– ငါဘုရားသည် ဟောအပ်သောတရားကို၊ ပဿန္တဿ– မြင်သောသူ၏၊ မုဟုတ္တမ္ပိဇီဝိတံ– တစ်ခဏမျှ အသက်ရှင်ရခြင်းသည်လည်း၊ သေယျော– အမှန်မသွေ မြတ်လှပေ၏။ ဣတိ– ဤသို့၊ ဝတွာ– မိန့်တော်မူ၍၊ အနုသန္ဓိံ ဃဋေတွာ– အနုသန္ဓေကိုစပ်၍၊ ဓမ္မံဒေသေန္တော– တရားဟောတော်မူလိုရကား၊ ဣမံ ဂါထံ– ဤဂါထာကို၊ အာဟ– ကောင်းစွာပျော်ပျော် မိန့်ကြားတော်မူလိုက်ပါပေသတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

အဲဒီလို ရဟန်းတရားကို အားထုတ်နေတဲ့ ဗဟုပုတ္တိကာထေရီမထံ ဘုရားရှင်ကိုယ်တော်မြတ်က ဂန္ဓကုဋီကနေပြီးတော့ ရောင်ခြည်တော်လွှတ်လိုက်ပါတယ်။ ရောင်ခြည်တော်ကို ပျံ့နှံ့စေကာ မျက်မှောက်မှာ ထိုင်နေသလို

http://www.dhammadownload.com



ထေရီမနဲ့အတူ ဟောပြောလျက် 'ဗဟုပုတ္တိကာ ထေရီမ၊ ငါဘုရား ဟောကြားအပ်တဲ့ တရားတော်ကို မဆင်မခြင်တဲ့သူ၊ မမြင်တဲ့သူရဲ့ အနှစ်တစ်ရာ ကာလကြာအောင် အသက်ရှည်ရခြင်းထက် ငါဘုရား ဟောကြားအပ်တဲ့တရားတော်ကို ဆင်ခြင်တဲ့သူ မြင်တဲ့သူရဲ့ တစ်ခဏမျှလောက် အသက်ရှင်ရခြင်း (အသက်ရှည်ရခြင်း) က ပိုပြီးတော့ မြတ်တယ်" လို့ ဟောကြားတော်မူလိုကာ အောက်ပါ ဂါထာတော်ကို မိန့်တော်မူပါတယ်။

ယောစ ဝဿသတံ ဇီဝေ၊ အပဿံ ဓမ္မမုတ္တမံ။

ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဓမ္မမုတ္တမံ။

(ဓမ္မပဒ ၄ ၁၊ ၄၄၇)

ယောစ– အကြင်သူသည်ကား၊ ဥတ္တမံ– လောကီတရား အစားစားထက် ထူးခြားသပ်ယပ် လွန်မြင့်မြတ်သော၊ ဓမ္မံ– မဂ် ဖိုလ် နိဗ္ဗာန် ကိုးတန်သတ်မှတ် တရားမြတ်ကို၊ အပဿံ– မျက်မှောက်ထင်ထင် မတွေ့မမြင်ဘဲ၊ ဝဿသတံ– အနှစ်တစ်ရာ ကာလကြာအောင်၊ ဇီဝေ– မှန်စွာမသွေ အသက်ရှင်နေငြားအံ့၊ (တဿ– တရားမမြင်၊ ထိုလူရှင်၏၊ တတော– ဇီဝနတော– အနှစ်တစ်ရာ ကာလကြာအောင် မှန်စွာမသွေ၊ ထိုအသက်ရှင်နေရခြင်းထက်) ဥတ္တမံ– လောကီထက်မှတ် လွန်မြင့်မြတ်သော၊ ဓမ္မံ– မဂ် ဖိုလ် နိဗ္ဗာန် ကိုးတန်သတ်မှတ် တရားမြတ်ကို၊ ပဿတော– မျက်မှောက်ထင်ထင် တွေ့မြင်သောသူ များရှင်လူ၏၊ ဧကာဟံဇီဝိတံ– တစ်နေ့တစ်ရက် တစ်နံနက်လောက်မျှ အသက်ရှင်ရခြင်းသည်၊ သေယျော– အမှန်မသွေ မြင့်မြတ်လှပါပေသတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

လောကုတ္တရာတရား ကိုးပါးကို မမြင်ဘဲ၊ မရဘဲ အသက်တစ်ရာရှည်ရသူ နေရသူထက် မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန်ဆိုတဲ့ လောကုတ္တရာတရား ကိုးပါးကို သိမြင်သူ ရရောက်သူရဲ့ တစ်နေ့တစ်ရက် တစ်နံနက်လောက် တစ်ခဏမျှလောက် အသက်ရှည်ရသူ အသက်နေရသူက ပိုပြီးတော့ မြတ်တယ်တဲ့။

ဒီတော့ တရားနာပရိသတ်၊ မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်ဆိုတဲ့ လောကုတ္တရာ တရားကိုးပါးကို မမြင်သေးဘူး၊ မရ မရောက်သေးဘူးဆိုရင် အသက်တစ်ရာနေရပေမယ့် မြတ်ရဲ့လား။

(မမြတ်ပါဘူးဘုရား)

မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်ဆိုတဲ့ လောကုတ္တရာတရားကိုးပါး

http://www.dhammadownload.com



မြင်ပြီးပြီ၊ ရရောက်ပြီးပြီဆိုရင် တစ်နေ့တစ်ရက် တစ်နံနက်လောက် အသက်နေရပေမယ့် မမြတ်ဘူးလား။

(မြတ်ပါတယ်ဘုရား)

လောကုတ္တရာတရားကိုးပါးကို မမြင်တဲ့သူနဲ့ မြင်တဲ့သူ ဒီနှစ်လူမှာ ဘယ်သူက ပိုပြီးတော့ မြတ်သတဲ့လဲ။

(လောကုတ္တရာတရားကိုးပါးကို မြင်တဲ့သူက ပိုပြီးတော့မြတ်ပါတယ်ဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်က ဘာတရားတဲ့လဲ။

(တရားမြင်မှ ပိုမြတ်လှ တရားတော်ပါဘုရား)

ဂါထာ ပရိယောသာနေ ဗဟုပုတ္တိကတ္ထေရီ သဟပဋိ သမ္ဘိဒါဟိ အရဟတ္တေ ပတိဋ္ဌဟိ။

ဂါထာ ပရိယောသာနေ- ဟောဒီတရား ဂါထာ၏အဆုံး၌၊ ဗဟုပုတ္တိကတ္ထေရီ- ဗဟုပုတ္တိကာထေရီသည်၊ သဟပဋိ သမ္ဘိဒါဟိ- ပါဋိသမ္ဘိဒါတို့နှင့်တကွ၊ အရဟတ္တေ- အရဟတ္တဖိုလ်၌၊ ပတိဋ္ဌဟိ- ကောင်းစွာမသွေ တည်သွားပါပေတော့သတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

ဟောဒီ ယောစဝဿသတံ စတဲ့ ဂါထာရဲ့အဆုံးမှာ ဗဟုပုတ္တိကာထေရီဟာ ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ် တည်သွားပါတယ်။

ဘာတည်သွားသတဲ့လဲ။

(အရဟတ္တဖိုလ် တည်သွားပါတယ်ဘုရား)

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

*တရားမြင်သူ၊ မမြင်သူ၊ နှစ်လူရှိပေသည်။

*တရားမြင်မှ၊ ပိုမြတ်လှ၊ ဗုဒ္ဓဟောပြသည်။

*လောကုတ်တရား၊ မမြင်ငြား၊ သက်ကားတစ်ရာရှည်။

*မမြတ်ဘူးဟု၊ ဟောကြားပြု၊ သုံးလူ့ဘုရားသည်။

*လောကုတ်တရား၊ သိမြင်ငြား၊ သက်ကားတစ်ရက်ရှည်။

*ပိုမြတ်လှဟု၊ ဟောကြားပြု၊ သုံးလူ့ဘုရားသည်။

*တရားမြင်မှ၊ ပိုမြတ်လှ၊ ဟောပြခဲ့ပါသည်။

ယနေ့ တရားနာနေကြတဲ့ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေ

http://www.dhammadownload.com



မင်္ဂလာပါ ဖိလ်လေးပါး နိဗ္ဗာန်ဆိုတဲ့လောကုတ္တရာ တရားကိုးပါးကို မျက်မှောက်ထင်ထင် သိမြင်ကြပါစေဆိုတဲ့အနေဖြင့် ဦးပဥ္စင်းသည် "တရားမြင်မှ ပိုမြတ်လှ" ခေါ် တရားဒေသနာတော်ကို ဟောကြားခဲ့ပါသည်။

ကဲ- "တရားမြင်မှ ပိုမြတ်လှ" ဆိုတဲ့ အနုကဗျာ အနုစာနဲ့ တရားသိမ်းကြရအောင်၊ အားလုံးလက်အုပ်ချီလိုက်ကြပါ။

"လောကုတ္တရာတရား၊ မမြင်ငြားဘဲ၊ သက်ကားတစ်ရာ၊ နေရတာ
ထက်၊ သူငါအဟုတ်၊ လောကုတ္တရာတရား၊ သိမြင်ငြားလျက်၊ တစ်ရက်
တလေ၊ အသက်နေရ၊ ပိုမြတ်လှသည်၊ ဗုဒ္ဓရှင်တော် မိန့်ခွန်းတည်း။"

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

မှတ်ချက်။ ။ မိဘကျေးဇူးဆပ်ပွဲတိုင်း၊ ဝိပဿနာပွဲတိုင်း၊ ညတရားပွဲတိုင်း ဟောကြားနိုင်ပါသည်။

* တရားအမည်ပေးရာ၌ "လောကုတ်မြင်မှ ပိုမြတ်လှ" တရားတော်၊ "ကျေးဇူးသိမှ ပိုမြတ်လှ" တရားတော် စသည်ဖြင့် အမည်ပေးကာ ဟောကြားပါ။

၁၃၅၀၊ ပ ဝါဆိုလဆန်း (၉) ရက်
၂၄၊ ၆၊ ၈၆ (၂)
ည ၈ နာရီ ၄၅။

တရားမြင်မှ ပိုမြတ်လှ တရားတော် ပြီးပြီ။

http://www.dhammadownload.com



မဇ္ဈိမနိကာယ်၊ ဥပရိပဏ္ဏာသပါဠိတော်၊ ဝိဘင်္ဂဝဂ်၊ ဒက္ခိဏာဝိဘင်္ဂ
သုတ်ကို တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# တစ်ဦးကစေတနာ+ တစ်ဦးကမေတ္တာ တရားတော်

ဒီနေ့ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းကြတဲ့ ဒကာ ဒကာမတွေကို ဟောကြားမည့်တရားတော်က "တစ်ဦးက စေတနာ တစ်ဦးကမေတ္တာ" တရားတော်တဲ့။ ဘာတရားတဲ့လဲ။

(တစ်ဦးက စေတနာ တစ်ဦးက မေတ္တာ တရားတော်ပါဘုရား)

ကဲ- စပြီးတော့ ဟောကြ နာကြရအောင်

ဧကံ သမယံ ဘဂဝါ သက္ကေသု ဝိဟရတိ ကပိလဝတ္ထုသ္မိံ နိဂြောဓာရာမေ။

(ဥပရိပဏ္ဏာသပါဠိတော် ၂၉၅)

ဧကံ-တစ်ပါးသော၊ သမယံ- အခါ၌၊ ဘဂဝါ- မြတ်စွာဘုရားသည်၊ သက္ကေသု- သက္ကတိုင်းတို့၌၊ ကပိလဝတ္ထုသ္မိံ- ကပိလဝတ်မြို့၌၊ နိဂြောဓာရာမေ- နိဂြောဓာရုံကျောင်း၌၊ ဝိဟရတိ- သီတင်းသုံးရှင်ပျော် နေထိုင်တော်မူပါပေသတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

အခါတစ်ပါးမှာ ဘုရားရှင်ကိုယ်တော်မြတ် သက္ကတိုင်း၊ ကပိလဝတ်မြို့က နိဂြောဓာရုံကျောင်းတော်မှာ သီတင်းသုံးနေထိုင်တော်မူပါတယ်။

အထခေါ မဟာပဇာပတိဂေါတမီ နဝံ ဒုဿယုဂံ အာဒါယ ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ နိသီဒိ။

အထခေါ- ထိုအခါ၌၊ မဟာပဇာပတိဂေါတမီ- မဟာပဇာပတိမည်သော ဂေါတမီသည်၊ နဝံ- အသစ်ဖြစ်သော၊ ဒုဿယုဂံ- သင်္ကန်းအစုံကို၊ အာဒါယ- ယူ၍၊ ယေန- အကြင်အရပ်၌၊ ဘဂဝါ- မြတ်စွာဘုရားသည်၊ အတ္ထိ- ရှိ၏။ တေန- ထိုဘုရားရှိရာအရပ်သို့၊ ဥပသင်္ကမိ- ချဉ်းကပ်၏။ ဥပသင်္ကမိတွာ-

http://www.dhammadownload.com



ချဉ်းကပ်ပြီး၍၊ ဘဂဝန္တံ– မြတ်စွာဘုရားကို၊ အဘိဝါဒေတွာ– ရှိသေစွာ ရှိခိုးပြီး၍၊ ဧကမန္တံ– သင့်တင့်လျောက်ပတ်သော နေရာတစ်ခု၌၊ နိသီဒိ– ထိုင်နေပြီ။

အဲဒီလို ဘုရားရှင်ကိုယ်တော်မြတ် နိဂြောဓာရုံ ကျောင်းတော်မှာ သီတင်းသုံးနေတော်မူတဲ့အခါ မဟာပဇာပတိဂေါတမီဟာ အသစ်ဖြစ်တဲ့ သင်္ကန်းအစုံကို ယူပြီးတော့ ဘုရားရှိရာ ရောက်လာပါတယ်။ ဘုရားရှိရာ ရောက်လာပြီးတော့ ဘုရားရှင်ကို ရိုရိုသေသေ ရှိခိုးကာ သင့်တင့်လျောက်ပတ်တဲ့ နေရာတစ်ခုမှာ ထိုင်နေပါတယ်။

ဧကမန္တံ နိသိန္နာ ခေါ မဟာပဇာပတိ ဂေါတမီ ဘဂဝန္တံ ဧတဒဝေါစ

"ဣဒံ မေ ဘန္တေ နဝံ ဒုဿယုဂံ ဘဂဝန္တံ ဥဒ္ဒိဿ သာမံ ကန္တံ သာမံ ဝါယိတံ၊ တံ မေ ဘန္တေ ဘဂဝါပဋိဂ္ဂဏှာတု အနုကမ္ပံ ဥပါဒါယာ"တိ။

ဧကမန္တံ– သင့်တင့်လျောက်ပတ်သော နေရာတစ်ခု၌၊ နိသိန္နာခေါ– ထိုင်နေပြီးသော၊ မဟာပဇာပတိဂေါတမီ– မဟာပဇာပတိဂေါတမီသည်၊ ဘဂဝန္တံ– မြတ်စွာဘုရားကို၊ "ဘန္တေ– အရှင်ဘုရား၊ မေ– တပည့်တော်သည်၊ နဝံ– အသစ်ဖြစ်သော၊ ဣဒံဒုဿယုဂံ– ဤသင်္ကန်းဒွိစုံကို၊ ဘဂဝန္တံ– မြတ်စွာဘုရားကို၊ ဥဒ္ဒိဿ– ရည်စူး၍၊ သာမံ– ကိုယ်တိုင်၊ ကန္တံ– ငင်အပ်ပြီ၊ သာမံ– ကိုယ်တိုင်၊ ဝါယိတံ– ရက်အပ်ပြီ၊ ဘန္တေ– အရှင်ဘုရား၊ ဘဂဝါ– မြတ်စွာဘုရားသည်၊ အနုကမ္ပံ– အစဉ်သနားစောင့်ရှောက်သည်ကို၊ ဥပါဒါယ– အကြောင်းပြု၍၊ မေ– တပည့်တော်၏၊ တံ– ထိုသင်္ကန်းအစုံကို၊ ပဋိဂ္ဂဏှာတု– လက်ခံတော်မူပါ"၊ ဣတိ– ဤသို့၊ ဧတံ– ဤစကားကို၊ အဝေါစ– သားတော်မျက်နှာ ဖူးမြော်ကာဖြင့် ကောင်းစွာမသွေ့ လျှောက်ထားလိုက်ပါပေသတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

သင့်တင့်လျောက်ပတ်တဲ့ နေရာတစ်ခုမှာ ထိုင်နေပြီးတဲ့ မဟာပဇာပတိဂေါတမီဟာ မြတ်စွာဘုရားကို "အရှင်ဘုရား တပည့်တော်သည် အသစ်ဖြစ်တဲ့ ဤသင်္ကန်းဒွိစုံကို မြတ်စွာဘုရားအတွက် ရည်စူးပြီးတော့ ကိုယ်တိုင်ငင်ကာ ကိုယ်တိုင်ပင် ရက်ထားပါတယ်ဘုရား။ အရှင်ဘုရား မြတ်စွာဘုရားသည် တပည့်တော်ကို အစဉ်သနား စောင့်ရှောက်သောအားဖြင့် တပည့်တော်ရဲ့ ထိုသင်္ကန်းဒွိစုံကို ကြည်ကြည်ဖြူဖြူ လက်ခံတော်မူပါဘုရား" လို့ လျှောက်ထားပါတယ်။

ဧဝံ ဝုတ္တေ ဘဂဝါ မဟာပဇာပတိံ ဂေါတမိံ ဧတဒဝေါစ

http://www.dhammadownload.com



"သံဃေဂေါတမိ ဒေဟိ၊ သံဃေ တေ ဒိန္နေ အဟဉ္စေဝ ပူဇိတော ဘဝိဿာမိ သံဃောစာ" တိ။

ဇဝံ- ဤသို့၊ ဝုတ္တေ- လျှောက်ထားအပ်သော်၊ ဘဂဝါ- မြတ်စွာဘုရားသည်၊ မဟာပဇာပတိံ- မဟာပဇာပတိမည်သော၊ ဂေါတမိံ- ဂေါတမီကို၊ "ဂေါတမိ- ဂေါတမီ၊ သံဃေ- သံဃာအား၊ ဒေဟိ- လှူလော့၊ တေ- သင်သည်၊ သံဃေ- သံဃာအား၊ ဒိန္နေ- စေတနာဖွေးဖြူ အရေးယူမှတ် ပေးလှူအပ်သည်ရှိသော်၊ အဟဉ္စေဝ- ငါဘုရားကိုလည်းကောင်း၊ သံဃောစ- သံဃာကိုလည်းကောင်း၊ ပူဇိတော- ပူဇော်အပ်သည်၊ ဘဝိဿာမိတိ- ဖြစ်လတ္တံ့ ဟူသော၊ ဝတံ- ဤစကားကို၊ အဝေါစ- ကောင်းစွာမသွေ မိန့်ကြားတော်မူပါပေသတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

အဲဒီလို မဟာပဇာပတိဂေါတမီက လျှောက်ထားတော့ မြတ်စွာဘုရားက မဟာပဇာပတိ ဂေါတမီကို "ဂေါတမီ သံဃာအားလှူပါ။ သင်သည် သံဃာအား လှူရင် ငါဘုရားကိုလည်း လှူရာ၊ ပူဇော်ရာရောက်သွားတယ်။ သံဃာကိုလည်း လှူရာ၊ ပူဇော်ရာရောက်သွားတယ်' ဆိုတဲ့ တရားစကားကို မိန့်ကြားတော်မူပါတယ်။

မိထွေးတွေထဲမှာ အတော်ဆုံးဖြစ်တဲ့ မိထွေးတော် မဟာပဇာပတိဂေါတမီက သူကိုယ်တိုင် ငင်ထား ရက်ထားတဲ့ သင်္ကန်းကို သားတော်ဘုရားကို ဆက်ကပ်လှူဒါန်းတော့ သားတော်ဘုရားက အလှူခံရဲ့လား။

(အလှူမခံပါဘူးဘုရား)

သားတော်ဘုရားက ဘယ်ကိုအလှူခိုင်းလိုက်သတဲ့လဲ။

(သံဃာကို အလှူခိုင်းလိုက်ပါတယ်ဘုရား)

နောက်ပြီးတော့ သံဃာအားလှူရင် ငါဘုရားကို လှူတာနဲ့အတူတူပဲ။ သံဃာအားပူဇော်ရင် ငါဘုရားကို ပူဇော်တာနဲ့အတူတူပါပဲလို့ မဟောလိုက်ဘူး လား။

(ဟောလိုက်ပါတယ် ဘုရား)

ငါ့ရဲ့သားတော်ဘုရားဆိုတဲ့ အစွဲလေးနဲ့ လှူဒါန်းလိုက်တဲ့ ဂေါတမီရဲ့ အစွဲလေးကိုလည်း မစွဲအောင် (အစွဲပြုတ်သွားအောင်) သားတော်ဘုရားက အစွဲဖြုတ်ပေးလိုက်တာနော်။

(မှန်လှပါဘုရား)

http://www.dhammadownload.com



ဒီတော့ တရားနာပရိသတ်၊ ဂေါတမီ သံဃာအား လှူဒါန်းပါဆိုတဲ့ တရားဟာ ဘတရားတဲ့လဲ။

(အစွဲဖြုတ်တရားပါ ဘုရား)

ဒါ အဋ္ဌကထာ၊ ဋီကာ မဖွင့်ပါဘူး။ ဦးပဥ္စင်းတို့ လောကလူသားတွေရဲ့ ဖြစ်တတ်တဲ့ သဘာဝကို တွေးပြီးတော့ ဟောကြားလိုက်တာပါပဲ။ နောက်ပြီး တော့ အဲဒီသင်္ကန်းလှူတဲ့ အချိန်တုန်းက မိထွေးတော်ဂေါတမီဟာ လူ့ဘဝမှာပဲ ရှိပါသေးတယ်။ ဒါ့ကြောင့် အစွဲလေးနဲ့လှူတာလို့ ဟောလိုက် ပြောလိုက်ခြင်းပါပဲ။

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

* ဂေါတမီသင်၊ သံဃာပင်၊ အစဉ်လှူဒါန်းပါ။
* သံဃာအားပင်၊ လှူဒါန်းလျှင်၊ တူအင် ငါ့လှူတာ။
* သံဃာအားပင်၊ ပူဇော်လျှင်၊ တူအင် ပူဇော်တာ။
* သံဃာအားပင်၊ ပူဇော်လျှင်၊ ငါ့ပင် ပူဇော်တာ။
* သံဃာလှူရေး၊ သတိပေး၊ အေးအေး ဟောပြရှာ။
* အစွဲပြုတ်ရေး၊ သတိပေး၊ အေးအေး ဟောပြရှာ။

* ဂေါတမီသင် သံဃာများကို + မှန်စွာမမှား လှူဒါန်းပါ။
* သံဃာလှူရှင် ငါဘုရားကို + မှန်စွာ လှူငြား တူသည်သာ။
* သံဃာတော်ကို ပူဇော်ငြားက + ငါဘုရားကို ပူဇော်တာ။
* သံဃာတော်ကို ချစ်ခင်ငြားက + ငါဘုရားကို ချစ်ခင်တာ။
* သံဃာတော်ကို ကြည်ညိုငြားက + ငါဘုရားကို ကြည်ညိုတာ။
* ငါဘုရားကို ချစ်ခင်ငြားက + သံဃာများကို ချစ်ခင်ပါ။
* ငါဘုရားကို ကြည်ညိုငြားက + သံဃာများကို ကြည်ညိုပါ။
* အစွဲပြုတ်အောင် မြတ်ဘုရားက + ပြတ်ပြတ်သားသား ဟောပြရှာ။

ဒုတိယမ္ပိ ခေါ မဟာပဇာပတိ ဂေါတမီ ဘဂဝန္တံ ဧတဒဝေါစ "ဣဒံ မေ ဘန္တေ နဝံ ဒုဿယုဂံ ဘဂဝန္တံ ဥဒ္ဒိဿ သာမံ ကန္တံ သာမံ ဝါယိတံ၊ တံ မေ ဘန္တေ ဘဂဝါ ပဋိဂ္ဂဏှာတု အနုကမ္ပံ ဥပါဒါယာ" တိ။

ပထမအကြိမ်တုန်းကလိုပဲ ဒုတိယတစ်ကြိမ် ထပ်လျှောက်ထားတယ်နော်။ (မှန်လှပါဘုရား)

http://www.dhammadownload.com



အနက်ပေးကလည်း မထူးတော့ပါဘူး။ ဒုတိယမ္ပိ ခေါ် နှစ်ကြိမ်မြောက်လည်း ဒါပဲ ထူးပါတော့တယ်။

အဲဒီလို နှစ်ကြိမ်မြောက် မိထွေးတော်ဂေါတမီက လျှောက်ထားပြန်တော့ ဘုရားရှင်ကိုယ်တော်မြတ်က

ဒုတိယမ္ပိ ခေါ် ဘဂဝါ မဟာပဇာပတိံ ဂေါတမိံ ဧတဒဝေါစ "သံဃေ ဂေါတမီ ဒေဟိ သံဃေ တေ ဒိန္နေ အဟဉ္စေဝ ပူဇိတော ဘဝိဿာမိ သံဃောစာ"တိ။

လို့ နှစ်ကြိမ်မြောက်လည်း ဂေါတမီ သံဃာအား လှူပါဆိုတဲ့တရားကိုပဲ ဟောကြားတယ်နော်။

(မှန်လှပါဘုရား)

ပထမအကြိမ်တုန်းကလိုပဲ "သံဃာအား လှူရင် ငါဘုရားကိုလည်း လှူရာ ပူဇော်ရာ၊ သံဃာကိုလည်း လှူရာ၊ ပူဇော်ရာ ရောက်တယ်" မဟော ကြားလိုက်ဘူးလား။

(ဟောကြားလိုက်ပါတယ် ဘုရား)

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

* နှစ်ကြိမ်မြောက်လည်း သံဃာပဲ၊ အမြဲလှူဒါန်းပါ။
* သံဃာလှူကြား၊ ငါဘုရား၊ လှူကြားတူသည်သာ။
* သံဃာလှူကြား၊ ငါဘုရား၊ တူသွား လှူဒါန်းရာ။
* သံဃာကိုလည်း လှူရာပဲ၊ အမြဲရောက်သွားရှာ။
* သံဃာလှူရေး၊ သတိပေး၊ အေးအေးဟောပြရှာ။

တတိယမ္ပိ ခေါ် မဟာပဇာပတိ ဂေါတမီ ဘဂဝန္တံ ဧတဒဝေါစ "ဣဒံ မေ ဘန္တေ နဝံ ဒုဿယုဂံ ဘဂဝန္တံ ဥဒ္ဒိဿ သာမံကန္တံ သာမံ ဝါယိတံ၊ တံ မေ ဘန္တေ ဘဂဝါ ပဋိဂ္ဂဏှာတု အနုကမ္ပံ ဥပါဒါယာ"တိ။

သုံးကြိမ်မြောက်လည်း မိထွေးတော် ဂေါတမီက အားမလျှော့ဘဲ အလှူခံဖို့ ထပ်လျှောက်ပါတယ်။

ဘုရားရှင်ကိုယ်တော်မြတ်က

တတိယမ္ပိ ခေါ် ဘဂဝါ မဟာပဇာပတိံ ဂေါတမိံ ဧတဒဝေါစ "သံဃေ ဂေါတမီ ဒေဟိ၊ သံဃေ တေ ဒိန္နေ အဟဉ္စေဝ ပူဇိတော ဘဝိဿာမိ သံဃောစာ"တိ။

http://www.dhammadownload.com



လို့ သုံးကြိမ်မြောက်မှာလည်း သံဃာကိုပဲ အလှူခိုင်းတော်မူပါတယ်။ ဘုရားရှင်ကိုယ်တော်မြတ် အလှူခံရဲ့လား။

(အလှူမခံပါဘူးဘုရား)

ဘုရားရှင်မို့ကြောင့်သာ လက်ခံတော်မမူတာပါ။ ဦးပဥ္စင်းတို့ဆိုရင် ဒီလောက်ကြီး ခဏခဏ လျှောက်နေတာ အားနာပြီး လက်ခံလိုက်မှာ သေချာတယ်နော်။

(မှန်လှပါဘုရား)

ကြည့်စမ်း တရားထောက်ဒကာကြီးက ဦးပဥ္စင်းတို့ကို အားနာပြီး အလှူမခံလောက်ပါဘူးဘုရားလို့ လျှောက်မလားမှတ်တယ်၊ ခုတော့ မှန်လှပါဘုရားတဲ့။

(တရားနာပရိသတ် ရယ်မောကြ)

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

*သုံးကြိမ်မြောက်လည်း၊ သံဃာပဲ၊ အမြဲလှူခိုင်းတာ။

*ဂေါတမီအား၊ မြတ်ဘုရား၊ ဟောကြားဒေသနာ။

မိထွေးတော် ဂေါတမီက သုံးကြိမ်လျှောက်ထားတယ်။ ဘုရားက သုံးကြိမ်ပယ်တယ်။

ဘယ်နှစ်ကြိမ်လျှောက်၊ ဘယ်နှစ်ကြိမ် ပယ်သတဲ့လဲ။

(သုံးကြိမ်လျှောက်၊ သုံးကြိမ်ပယ်ပါတယ်ဘုရား)

ဒီတော့ တရားနာပရိသတ်၊ မိထွေးတော်ဂေါတမီက သူကိုယ်တိုင်ငင်ကာ သူကိုယ်တိုင် ရက်ထားတဲ့ သင်္ကန်းဒွိစုံကို သူ့ရဲ့သားတော် မြတ်စွာဘုရား အလှူခံပြီးတော့ ဝတ်ရုံသုံးစွဲတော်မူစေချင်တာ စေတနာပဲနော်။

(မှန်လှပါဘုရား)

အဲဒီလို စေတနာကြီးမားစွာနဲ့ ကိုယ်တိုင်ငင်ကာ ရက်လုပ်ထားတဲ့သင်္ကန်းကို ဘုရားရှင်ဝတ်ရုံသုံးစွဲတော်မူစေချင်လို့ သုံးကြိမ်မြောက် လျှောက်တာကိုပင် သားတော်ဘုရားက အလှူမခံဘဲ ပယ်ချလိုက်တယ်ဆိုတော့ မိထွေးတော်ဂေါတမီကြီးဘက်ကနေပြီးတော့ စဉ်းစားတွေးတောကြည့်စမ်း၊ ခံစားကြည့်စမ်းပါ တရားနာ၊ ဝမ်းနည်းစရာမကောင်းဘူးလား။

(ဝမ်းနည်းစရာကောင်းပါတယ် ဘုရား)

http://www.dhammadownload.com



လောကမှာပဲကြည့်လေ၊ ကိုယ်က ကောင်းစေချင်တဲ့ စေတနာနဲ့ ပြောတာ၊ ကျွေးတာ၊ ပေးတာကို လက်မခံရင် တရားနာပရိသတ် ဘယ်လိုနေမလဲ။

(တော်တော်ခံစားရပါတယ်ဘုရား)

မိထွေးတော်ဂေါတမီဟာ လောကမှာရှိနေတဲ့ မိထွေးတွေထဲမှာ အတော်ဆုံး မိထွေးပါပဲ။

ဘာတဲ့လဲ။

(အတော်ဆုံး မိထွေးပါဘုရား)

တိုက်ဆိုင်တာလေး ပြောပြချင်

လောကမှာ ဖြစ်တတ်တာ၊ တိုက်ဆိုင်တာလေးတွေ အများကြီးရှိပါတယ်။ အဲဒီအထဲက မိထွေးတော်ဂေါတမီနဲ့ပတ်သက်လို့ တိုက်ဆိုင်တဲ့အကြောင်း ပြောပြချင်ပါတယ်။ နားထောင်ဦးမယ် မဟုတ်လား။

(နားထောင်ပါ့မယ် ဘုရား)

ဟိုတုန်းက ဘုန်းကြီးကျောင်းတစ်ကျောင်းကို ရှင်ပြုအလှူ လာလုပ်တော့ တရားဟောတဲ့အခါမှာ တရားဟောတဲ့ ကျောင်းထိုင်ဆရာတော်က မိထွေးတော်ဂေါတမီအကြောင်းနဲ့ပတ်သက်ပြီး မိထွေးတော်ဂေါတမီ တော်တဲ့အကြောင်း၊ ဘုရားအပေါ်မှာ အင်မတန် ကျေးဇူးများတဲ့အကြောင်း၊ မိထွေးတော်ဂေါတမီဟာ လောကမှာရှိနေတဲ့ မိထွေးတွေထဲမှာ အတော်ဆုံးဖြစ်ကြောင်း၊ အကောင်းဆုံးဖြစ်ကြောင်း ဟောပါတယ်။ နောက်ထပ်ပြီး ဘယ်လိုဟောလိုက်သလဲဆိုတော့ မိထွေးတော်ဂေါတမီကလွဲရင် မိထွေးဆို ဘယ်မိထွေးမှ မကောင်းဘူးတဲ့။

တရားဟော ရေစက်ချပြီးတော့ ကိုရင်လေးတွေက တရားဟောတဲ့ ကျောင်းထိုင်ဆရာတော်ကို "ဆရာတော်ဘုရား ယခု တပည့်တော်တို့ကို ရှင်ပြုကိုရင်ဝတ်ပေးတာ တပည့်တော်တို့ရဲ့ အမေမဟုတ်ဘူးဘုရား၊ မိထွေးပါဘုရားလို့ လျှောက်တော့ ဟေ ဟုတ်လားကွ၊ အဲဒါမှ ဒုက္ခပဲတဲ့။

(တရားနာပရိသတ် ရယ်မောကြ)

တရားနာပရိသတ်တွေ အငိုက်ပြေအောင် တိုက်ဆိုင်တာလေးကို ပြောပြတာပါ။ ဒီတရားနာပရိသတ်တွေထဲမှာ မိထွေးတွေများ တကယ်လို့ပါခဲ့ရင် ဒီတရားနာပရိသတ်ထဲက မိထွေးတွေက မိထွေးတော်ဂေါတမီလို မိထွေးတွေလို့ ဟောခဲ့ ပြောခဲ့ပါတယ် တရားနာ။

http://www.dhammadownload.com



ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

*မိထွေးထဲမှာ၊ တော်ဆုံးဟာ၊ မှတ်ပါ ဂေါတမီ။

*မိထွေးထဲမှာ၊ ကောင်းဆုံးဟာ၊ မှတ်ပါ ဂေါတမီ။

*မိထွေးတော်ကား၊ မြတ်ဘုရား၊ ကျေးဇူးများလှသည်။

*ဂေါတမီကား၊ မြတ်ဘုရား၊ ကျေးဇူးများလှသည်။

မိထွေးတော်ဂေါတမီက လှူဒါန်းတဲ့သင်္ကန်းဒွိစုံကို ဘုရားက ဘာကြောင့် အလှူမခံဘဲ ပယ်ရတာလဲဆိုတော့ အဋ္ဌကထာဆရာက

ကသ္မာ ပန ဘဂဝါ အတ္တနော ဒိယျမာနံ ဘိက္ခု သံဃဿ ဒါပေတီတိ မာတရိ အနုကမ္ပာယ လို့ ဖွင့်ဆိုတော်မူပါတယ်။

(ဥပရိ ဋ္ဌ ၂၂၀)

ပန– စောဒနာ သောဓနာပုဒ်ကိုထုတ်ပြီးတော့ ဆိုလိုက်ပါဦးအံ့။ ကသ္မာ– အဘယ်ကြောင့်၊ ဘဂဝါ– မြတ်စွာဘုရားသည်၊ အတ္တနော– မိမိအား၊ ဒိယျမာနံ– လှူအပ်ပြီးသော သင်္ကန်းကို၊ ဘိက္ခုသံဃဿ– ရဟန်းအပေါင်းအား၊ ဒါပေတိ– လှူစေသနည်း။ ဣတိအယံ– ဤသည်ကား ပုစ္ဆာ အမေးတည်း။ မာတရိ– မိထွေးတော်ဖြစ်သော မဟာပဇာပတိဂေါတမီ၌၊ အနုကမ္ပာယ– အစဉ်သနား မေတ္တာထားသောအားဖြင့်၊ ဒါပေတိ– လှူစေ၏ တဲ့။

ဘုရားက အလှူမခံဘဲ သံဃာကို လှူစေတာဟာ မိထွေးတော်ဂေါတမီ ရဲ့အပေါ်မှာ သနားလို့ မေတ္တာရှိလို့ပါတဲ့။

ဘာတဲ့လဲ တရားနာပရိသတ်။

(သနားလို့၊ မေတ္တာရှိလို့ပါဘုရား)

ဘယ်လောက်ထိအောင် သနားပြီး ဘယ်လောက်ထိအောင် မေတ္တာထား ရှိသလဲဆိုတော့ အစဉ်အမြဲ သနားတယ်၊ အစဉ်အမြဲ မေတ္တာထားရှိပါတယ်တဲ့။

အဲဒီ အစဉ်အမြဲသနားပုံ၊ အစဉ်အမြဲ မေတ္တာထားပုံကို ဆက်ပြီးတော့ ဟောကြ နာကြရအောင်။

ဧဝံ ကိရဿ အဟောသိ "ဣမိဿာ မံ အာရဗ္ဘ ပုဗ္ဗစေတနာ မုဥ္စစေတနာ ပရစေတနာတိ တိဿော စေတနာ ဥပ္ပန္နာ၊ ဘိက္ခုသံဃမ္ပိ ဿာ အာရဗ္ဘ ဥပ္ပဇ္ဇန္တု၊ ဧဝမဿာ ဆ စေတနာ ဧကတော ဟုတွာ ဒီဃရတ္တံ ဟိတာယ သုခါယ ပဝတ္တိဿန္တီတိ" တိ။

(ဥပရိ ဋ္ဌ ၂၂၀)

http://www.dhammadownload.com



အဿာဘဂဝတော– ထိုမြတ်စွာဘုရားအား၊ ဧဝံ– ဤသို့သော စိတ်အကြံသည်၊ အဟောသိကိရ– ဖြစ်တော်မူသတတ်၊ ကိံ အဟောသိ– အဘယ်သို့ ဖြစ်တော်မူသနည်းဟူမူကား၊ "ဣမိဿာ– ဤမဟာပဇာပတိ ဂေါတမီအား၊ မံ– ငါဘုရားကို၊ အာရဗ္ဘ– အာရုံပြု၍၊ ပုဗ္ဗစေတနာ– မလျှုမီ ရှေးအဖို့မှာဖြစ်တဲ့ ပုဗ္ဗစေတနာလည်းကောင်း၊ မုဉ္စစေတနာ– လျှုဒါန်းစဉ် လျှုဒါန်းဆဲမှာဖြစ်တဲ့ မုဉ္စစေတနာလည်းကောင်း၊ ပရစေတနာ– လျှုပြီးတဲ့ နောက်အခါဝမ်းမြောက်ဝမ်းသာဖြစ်နေတဲ့ ပရစေတနာလည်းကောင်း၊ ဣတိ– ဤသို့၊ တိဿော–သုံးပါးကုန်သော၊ စေတနာ– စေတနာတို့သည်၊ ဥပ္ပန္နာ– ဖြစ်ကုန်၏၊ အဿ– ထိုမဟာပဇာပတိဂေါတမီအား၊ ဘိက္ခုသံဃမ္ပိ– ရဟန်းအပေါင်းကိုလည်း၊ အာရဗ္ဘ– အာရုံပြု၍၊ တိဿော– သုံးပါးကုန်သော၊ စေတနာ– စေတနာတို့သည်၊ ဥပ္ပဇ္ဇန္တု– ဖြစ်ကုန်စေသတည်း။ ဣတိ– ဤသို့၊ စိန္တေသိ– ကြံတော်မူ၏၊ ဧဝံ– ဤသို့ဖြစ်သည်ရှိသော်၊ အဿာ– ထိုမဟာပဇာပတိ ဂေါတမီအား၊ သ စေတနာ– ခြောက်ပါးအပြားရှိသော စေတနာတို့သည်၊ ကေတော– တစ်ပေါင်းတည်း၊ ဟုတွာ– ဖြစ်၍၊ ဒီဃရတ္တံ– ရှည်စွာသော နေ့ညဥ့်ပတ်လုံး၊ ဟိတာယ– အကျိုးစီးပွားဖြစ်ခြင်းငှာ၊ သုခါယ– ချမ်းသာခြင်းငှာ၊ ပဝတ္တိဿန္တိ– ဖြစ်ကုန်လတ္တံ့၊ ဣတိ– ဤသို့သောစိတ်အကြံသည်၊ အဟောသိ– ဖြစ်တော်မူ၏။

မြတ်စွာဘုရား စိတ်အကြံမှာ ဘယ်လိုဖြစ်ပေါ်သလဲဆိုတော့ မိထွေးတော်ဂေါတမီဟာ ငါဘုရားကို အာရုံပြုပြီးတော့

၁။ မလျှုမီ ရှေးအဖို့မှာ ဝမ်းမြောက်ဝမ်းသာဖြစ်နေတဲ့ ပုဗ္ဗစေတနာ။

၂။ လျှုဒါန်းစဉ် လျှုဒါန်းဆဲအခါမှာ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး ကြည်လင်နေတဲ့ မုဉ္စစေတနာ။

၃။ လျှုဒါန်းပြီးနောက် ဝမ်းမြောက်ဝမ်းသာဖြစ်နေတဲ့ ပရစေတနာဆိုတဲ့ စေတနာသုံးမျိုး ဖြစ်ပေါ်နေတယ်။

ဒီတော့ တရားနာပရိသတ်၊ ဘုရားကို အာရုံပြုပြီးတော့ ဘုရားရဲ့အပေါ်မှာ မိထွေးတော်ဂေါတမီ စေတနာ ဘယ်နှစ်မျိုး ဖြစ်နေသတဲ့လဲ။

(စေတနာသုံးမျိုး ဖြစ်နေပါတယ် ဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

*မလျှုခင်က၊ ဝမ်းမြောက်လှ၊ ပုဗ္ဗစေတနာ။

http://www.dhammadownload.com



*လှူဆဲခဏ၊ စိတ်ကြည်လှ၊ မုဥ္စစေတနာ။
*လှူပြီးသည့်နောက်၊ မြိဝမ်းမြောက်၊ မှတ်လောက်ပရပါ။
လှူပြီးအမှန်၊ ဝမ်းမြောက်ပြန်၊ ခေါ်ဟန်ပရပါ။
*စေတနာသုံးပါး၊ မြတ်ဘုရား၊ ဖြစ်သွားအပေါ်မှာ။

ဘုရားကို အာရုံပြုပြီးတော့ ဘုရားရဲ့အပေါ်မှာ စေတနာသုံးမျိုး ဖြစ်နေသလို သံဃာကို အာရုံပြုပြီးတော့ သံဃာတော်အပေါင်းရဲ့အပေါ်မှာလည်း ပုဗ္ဗစေတနာ၊ မုဥ္စစေတနာ၊ ပရစေတနာဆိုတဲ့ စေတနာသုံးမျိုး ဖြစ်ပါစေလို့ ဘုရားရှင်ကိုယ်တော်မြတ်က ကြဲတော်မူတယ်နော်။

(မှန်လှပါဘုရား)

ဘုရားရဲ့အပေါ်မှာ စေတနာသုံးမျိုး၊ သံဃာတော်အပေါင်းရဲ့အပေါ်မှာ စေတနာသုံးမျိုး ပေါင်းလိုက်တော့ စေတနာခြောက်မျိုး၊ ဘယ်နှစ်မျိုးတဲ့လဲ။

(ခြောက်မျိုးပါဘုရား)

မိထွေးတော်ဂေါတမီကြီးမှာ အဲဒီစေတနာခြောက်မျိုး တစ်ပေါင်းတည်း ရပြီးတော့ ရှည်စွာသော ညဥ့် နေ့ပတ်လုံး အကျိုးစီးပွားတွေ ချမ်းသာခြင်းတွေ ဖြစ်ပါစေဆိုတဲ့ အစဉ်အမြဲ သနားပြီး အစဉ်အမြဲ ထားတဲ့မေတ္တာကြောင့် သံဃာကို လှူခိုင်းတာနော်။

(မှန်လှပါဘုရား)

ဒါဆိုရင် တစ်ဦးက ဘာတဲ့လဲ။

(မေတ္တာပါဘုရား)

စေတနာတွေသုံးမျိုးကနေပြီး ခြောက်မျိုးအထိ တိုးပွားအောင် သံဃာကို လှူစေတာဟာ မိထွေးတော် ဂေါတမီရဲ့အပေါ်မှာ မေတ္တာရှိလို့လား၊ မေတ္တာမဲ့လို့လား တရားနာ။

(မေတ္တာရှိလို့ပါ ဘုရား)

မေတ္တာများလို့လား၊ မေတ္တာနည်းလို့လား တရားနာ။

(မေတ္တာများလို့ပါ ဘုရား)

ဒါဆိုရင် "တစ်ဦးက မေတ္တာ" ဆိုတာ ပေါ်သွားပြီလား တရားနာ။

(ပေါ်သွားပါပြီဘုရား)

ဒီတော့ တရားနာပရိသတ်၊ သူကိုယ်တိုင် ပင်ပင်ပန်းပန်း ရက်လုပ်ထားတဲ့ သင်္ကန်းဒွိစုံကို သူ့သားတော်ဘုရား ဝတ်ရုံစေချင်တဲ့ မိထွေးတော်ကြီးက စေတနာ၊ သားတော်ဘုရားက မိထွေးတော်ကြီး စေတနာတိုးပွားအောင် အကျိုး

http://www.dhammadownload.com



များအောင် သံဃာလှူစေတာက မေတ္တာ၊ နှစ်ရပ်ပေါင်းစပ်လိုက်တော့ ကောင်းမြတ်တဲ့ "တစ်ဦးက စေတနာ၊ တစ်ဦးကမေတ္တာ" ဖြစ်သွားတယ်နော်။

(မှန်လှပါဘုရား)

ဒါကို ပိုပြီးတော့ ရှင်းလင်းသွားအောင်၊ သဘောပေါက်အောင်၊ လွယ်ကူသွားအောင်၊ မှတ်မိသွားအောင် ပြောလိုက်ရရင် "မိထွေးတော်ဂေါတမီက စေတနာ၊ သားတော်ဘုရားက မေတ္တာ" လို့ ပြောရမယ်နော်။

(မှန်လှပါဘုရား)

ဒါဆိုရင် ဒီနေ့ ဝါဆိုသင်္ကန်းကပ်ကြတဲ့ ဒကာ ဒကာမတွေကို ဆင်ဖြူတောင် ဟောလိုက်တဲ့တရားက ဘာတရားတဲ့လဲ။

(တစ်ဦးက စေတနာ တစ်ဦးက မေတ္တာပါ ဘုရား)

မိထွေးတော်ဂေါတမီဟာ မိထွေးဆိုပေမယ့် ဘုရားအပေါ်မှာ မိခင်အရင်းလို ကျေးဇူးများတဲ့ ဒုတိယအမေ၊ နို့ချိုတွေတိုက်ကျွေးတဲ့ ကျွေးအမေပါပဲ။

ဘယ်လို အမေတဲ့လဲ။

(ဒုတိယအမေ၊ ကျွေးအမေပါဘုရား)

ဘုရားရဲ့ ပထမအမေက ဘယ်သူတဲ့လဲ။

(မယ်တော်မဟာမာယာပါ ဘုရား)

အေး ဟုတ်ပြီ၊ မြတ်စွာဘုရားရဲ့ ပထမအမေရဲ့အမည် မသိမှာစိုးလို့ မေးလိုက်တာပါ။

ဒီနေ့ ဦးပဥ္စင်းရဲ့ ဆင်ဖြူတောင်စာသင်တိုက်အတွင်းမှာ ဝါဆို ဝါကပ်တော်မူကြတဲ့ သံဃာတော်အပါး (၅၀) တို့အား ဝါဆိုသင်္ကန်းတွေ ဆက်ကပ်လှူဒါန်းလိုက်ကြတဲ့ ဒကာ ဒကာမတွေက စေတနာ၊ ဒကာ ဒကာမတွေရဲ့အပေါ်မှာ တရားရေအေး အမြိုက်ဆေးတွေကို သေသေချာချာ တိုက်ကျွေးဟောပြောပြလိုက်တဲ့ ဦးပဥ္စင်းက မေတ္တာ။ နှစ်ရပ်ပေါင်းလိုက်တော့

(တစ်ဦးက စေတနာ၊ တစ်ဦးက မေတ္တာပါဘုရား)

နောက်တစ်နည်းပြောရရင်

ဒကာ ဒကာမတွေက စေတနာ၊ ဆင်ဖြူတောင်က မေတ္တာ၊ ဘာတဲ့လဲ။

(ဒကာ ဒကာမတွေက စေတနာ၊ ဆင်ဖြူတောင်က မေတ္တာပါဘုရား)

ဒကာ ဒကာမတွေက မိထွေးတော်ဂေါတမီနေရာက နေပြီးတော့ သင်္ကန်းလှူကြတယ်။ ဦးပဥ္စင်းက ဘုရားနေရာက နေပြီးတော့ ဟောပြတယ်နော်။

(မှန်လှပါဘုရား)

http://www.dhammadownload.com



စေတနာတွေ တိုးပွားပြီး အကျိုးများချင်ရင် သံဃာကို လှူရမယ်။ ဘယ်ကို လှူရမတဲ့လဲ။

(သံဃာကို လှူရမှာပါဘုရား)

သံဃေ ဒိန္နံ မဟပ္ဖလံ။

(ဝိမာနပါဠိ ၅၀)

သံဃေ– သံဃာတော်အား၊ ဒိန္နံ– ပေးလှူခြင်းသည်၊ မဟပ္ဖလံ– များသော အကျိုးရှိ၏ တဲ့။

သံဃာတော်အား ပေးလှူတာဟာ များသောအကျိုးရှိတယ်။ အကျိုးကြီးတယ်လို့ ဘုရားရှင် ဟောကြားတော်မူတယ်။ ဒါကြောင့် ဒကာ ဒကာမတွေ အကျိုးများအောင်၊ အကျိုးကြီးအောင် သံဃာ့ဂုဏ်တွေကို အာရုံပြုပြီး သံဃာတော်တွေကို လှူရမယ်နော်။

(မှန်လှပါဘုရား)

ဒီနေ့ သံဃာဂုဏ်တော်တွေကို အာရုံပြုပြီးတော့ သံဃာတော်တွေကို ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြတဲ့ ဒကာ ဒကာမတွေမှာ ကောင်းကျိုးတွေ အများကြီး ရရှိမှာလား၊ နည်းနည်းလေး ရမှာလား။

(အများကြီး ရမှာပါ ဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

*သံဃာပေါ်မှာ၊ စေတနာ၊ သုံးဖြာဖြစ်စေချင်။

*စေတနာခြောက်ပါး၊ အကျိုးများ၊ တိုးပွားရစေချင်။

*မိထွေးတော်၏၊ အပေါ်သိ၊ ထားရှိမေတ္တာပင်။

*မိထွေးတော်ဟာ၊ စေတနာ၊ မေတ္တာဘုရားရှင်။

*တစ်ဦးကစေတနာ တစ်ဦးဟာ၊ မေတ္တာထားအစဉ်။

ဘုရားက သံဃာကို လှူစေတာဟာ ဘုရားထက် သံဃာက မြတ်နေလို့ အလှူခိုင်းတာ မဟုတ်ပါဘူး။ မိထွေးတော်ဂေါတမီမှာ စေတနာခြောက်မျိုး တိုးပွားပြီးတော့ အကျိုးများကာ ချမ်းသာအောင် အလှူခိုင်းတာပါပဲ။ ဒီပစ္စုပ္ပန် လောကမှာပဲကြည့်ကြည့် နောက်တမလွန်လောကမှာပဲ ကြည့်ကြည့် ဘုရားထက် မြတ်တဲ့ အလှူခံပုဂ္ဂိုလ်၊ ဘုရားနဲ့တူတဲ့ အလှူခံပုဂ္ဂိုလ်ဆိုတာ မရှိပါဘူး။ အလှူခံပုဂ္ဂိုလ်တွေထဲမှာ အမြတ်ဆုံးပုဂ္ဂိုလ်ဟာ မြတ်စွာဘုရားရှင်ပါပဲ။

ကဲ– ဟောထားတဲ့ ဂါထာပါဠိကို အနက်ပေးပြီး ကြည်ညိုကြည့်ကြ ရအောင်။

http://www.dhammadownload.com



နယိမသ္မိံ လောကေ ပရသ္မိံ ဝါ ပန၊
ဗုဒ္ဓေန သေဋ္ဌော သဒိသော ဝါ ဝိဇ္ဇတိ။
ယမာဟုနေယျာနမဂ္ဂတံ ဂတော၊
ပုညတ္ထိကာနံ ဝိပုလဖလေသိနံ။

ယံ– ယေနကာရဏေန– အကြင်အကြောင်းကြောင့်၊ ဝိပုလဖလေသိနံ– ပြန့်ပြောသော အကျိုးကို ရှာမှီးကုန်သော၊ ပုညတ္ထိကာနံ– ကောင်းမှုတရားအစားစားကို အားပါးတရ လိုလားကြသူ များရှင်လူတို့၏၊ အာဟုနေယျာနံ– မြတ်သော အလှူခံပုဂ္ဂိုလ် များထိုထိုတို့ထက်၊ အဂ္ဂတံ– အမှန်စင်စစ် မြတ်သည်၏အဖြစ်သို့၊ ဂတော– ရောက်တော်မူ၏၊ တေနကာရဏေန– ထိုအကြောင်းကြောင့်၊ ဣမသ္မိံလောကေ– ဤပစ္စုပ္ပန်လောက၌လည်းကောင်း၊ ဝါပန– ထိုမှတစ်ပါး၊ ပရသ္မိံ– တမလွန်သောကနောက်ဘဝ၌လည်းကောင်း၊ ဗုဒ္ဓေန– မြတ်စွာဘုရားထက်၊ သေဋ္ဌောဝါ– မြတ်သောအလှူခံပုဂ္ဂိုလ်သည်လည်းကောင်း၊ ဗုဒ္ဓေန– မြတ်စွာဘုရားနှင့်၊ သဒိသောဝါ– တူသော အလှူခံပုဂ္ဂိုလ်သည်လည်းကောင်း၊ နဝိဇ္ဇတိ– မရှိနိုင်ပါပေတော့သတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ
* ယခုဘဝ၊ နောက်ဘဝ၊ ကြည့်ကြစမ်းပါလေ။
* ဘုရားထက်သာ၊ လှူခံတာ၊ မှတ်ပါမရှိပေ။
* ဘုရားနဲ့တူ၊ လှူခံသူ၊ မှတ်ယူမရှိပေ။
* ကောင်းမှုတရား၊ အစားစား၊ လိုလားကြသူတွေ။
* မြတ်အလှူခံ၊ ဘုရားမှန်၊ ဧကန်သိပါလေ။

ဘုရားက သံဃာကို လှူစေတဲ့အကြောင်းတွေ ဆက်ပြီးတော့ ဟောကြ နာကြပါစို့။

ပဏ္ဍိမာယ ဇနေတာယ သံဃေ စိတ္တီကာရဇနနတ္ထံစာပိ ဝေမာဟ။

(ဥပရိဋ္ဌ ၂၂၁)

ပဏ္ဍိမာယ ဇနေတာယ– နောင်လာသောသူ လူအပေါင်း၏၊ သံဃေ– သံဃာတော်၌၊ စိတ္တီကာရဇနနတ္ထံစာပိ– အရိုအသေပြုခြင်းကို ဖြစ်စေခြင်းငှာလည်း၊ ဧဝံ– ဤသို့ သံဃေဂေါတမီဒေဟိ အစရှိသော စကားကို၊ အာဟ– ဆိုတော်မူ၏။

http://www.dhammadownload.com



သံဃေ ဂါတမိ ဒေဟိ ဆိုတဲ့စကားကို နောင်လာနောက်သား လူအများတွေဟာ သံဃာတော်တွေရဲ့အပေါ်မှာ ရိုသေလေးစား အရေးထားဖို့အတွက် ဘုရားရှင် ဆိုတော်မူထားတာပါပဲ။ အလကားဆိုထားတာ မဟုတ်ပါဘူး။

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

*နောင်လာ နောက်သား၊ လူအများတို့၊ ချစ်သား သံဃာ၊ အပေါ်မှာပင်၊ ရိုသေချင်သော၊ စိတ်သဘောတွေ၊ ဖြစ်နိုင်စေဖို့၊ သံဃေဂါတမိ၊ အစချီ၊ ဟောသည် စောမြတ်စွာ။

> ဧဝံ ကိရဿ အဟောသိ အဟံ န စိရဋ္ဌိတိကော၊ မယှံ ပန သာသနံ ဘိက္ခုသံဃေ ပတိဋ္ဌဟိဿတိ၊ ပစ္ဆိမာ ဇနတာ သံဃေ စိတ္တီကာရံ ဇနေတူ" တိ ယာဝ တတိယံ ပဋိဗာဟိတွာ သံဃဿ ဒါပေသိ။

အဿဘဂဝတော- ထိုမြတ်စွာဘုရားအား၊ ဧဝံ- ဤသို့သော စိတ်အကြံသည်၊ အဟောသိကိရ- ဖြစ်တော်မူသတတ်၊ ကိံအဟောသိ- အဘယ်သို့ဖြစ်တော်မူသနည်းဟူမူကား၊ အဟံ- ငါဘုရားသည်။ စိရဋ္ဌိတိကော- ကြာမြင့်စွာ တည်ရှိခြင်းရှိသည်၊ န- မဟုတ်၊ မယှံ- ငါဘုရား၏၊ သာသနံပန- သာသနာသည်ကား၊ ဘိက္ခုသံဃေ- ရဟန်းအပေါင်း၌၊ ပတိဋ္ဌဟိဿတိ- တည်လတ္တံ့၊ ပစ္ဆိမာဇနတာ- နောင်လာသောသူ လူအပေါင်းသည်၊ သံဃေ- သံဃာတော်၌၊ စိတ္တီကာရံ- အရိုအသေပြုခြင်းကို၊ ဇနေတု- ဖြစ်စေသတည်း။ ဣတိ- ဤသို့သော စိတ်အကြံသည်၊ အဟောသိ- ဖြစ်တော်မူ၏၊ ဣတိ မနသိကတွာ- ဤသို့နှလုံးပိုက်တော်မူ၍ ယာဝတတိယံ- သုံးကြိမ်တိုင်တိုင်၊ ပဋိဗာဟိတွာ- တားမြစ်၍၊ သံဃဿ- သံဃာတော်အပေါင်းအား၊ ဒါပေသိ- လှူစေတော်မူပြီ။

ဘုရားရှင်ကိုယ်တော်မြတ် ဘယ်လိုအကြံ ဖြစ်တော်မူသလဲဆိုတော့ ငါဘုရားသည် ကြာမြင့်စွာ တည်မှာမဟုတ်ဘူးတဲ့။ ဒီတော့ တရားနာပရိသတ် ဘုရား အကြာကြီးတည်မှာ ဟုတ်ရဲ့လား။

(မဟုတ်ပါဘူးဘုရား)

ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် သက်တော်ရှစ်ဆယ်၊ ဝါတော် လေးဆယ့်ငါးဝါမှာ ပရိနိဗ္ဗာန်ပြုသွားရတယ် မဟုတ်လား။

(မှန်လှပါဘုရား)

http://www.dhammadownload.com



ငါဘုရားရဲ့ သာသနာတော်ဟာ ရဟန်းသံဃာတော်အပေါင်းရဲ့အပေါ်မှာ တည်လိမ့်မယ်။ ငါဘုရားရဲ့တာဝန်တွေကို ရဟန်းသံဃာတော်တွေက ဆောင်ရွက်လိမ့်မယ်။ ငါဘုရား မရှိတဲ့နောက်ပိုင်းမှာ ငါဘုရားရဲ့ကိုယ်စား သာသနာပြုသွားမှာက ရဟန်းသံဃာတော်တွေ ဖြစ်တယ်။ ဒီတော့ တရားနာပရိသတ် ဒီနေ့ သာသနာတော်ကြီးဟာ ဘယ်သူ့အပေါ်မှာ တည်နေသတဲ့လဲ။

(သံဃာတော်တွေရဲ့အပေါ်မှာပါ ဘုရား)

ဘုရား သာသနာတော်ကြီး တိုးတက်အောင်၊ ကြီးပွားအောင် သာသနာပြုသူတွေက ဘယ်သူတွေပါလိမ့်။

(သံဃာတော်တွေပါ ဘုရား)

စာသင် စာချနေတဲ့ ပရိယတ္တိစာသင်တိုက်က သံဃာတော်တွေ၊ တရားဟော၊ တရားပြ၊ တရားကျင့်၊ တရားရေး၊ တရားပေးနေတဲ့ ဝိပဿနာတိုက် သံဃာတော်တွေမရှိရင် သာသနာ ကြာကြာတည်နိုင်ပါ့မလား။

(မတည်နိုင်ပါဘူး ဘုရား)

အဲဒီလို ပရိယတ်၊ ပဋိပတ် သံဃာတော်တွေ ရှိနေလို့ ဘုရားကြောင်း၊ တရားတော်ရဲ့အကြောင်း၊ သံဃာတော်တွေရဲ့အကြောင်း သိနေရတာ၊ သာသနာတော်ကြီး နေလို လလို ထွန်းလင်းပြီးတော့ ကြာကြာတည်နေတာနော်။

(မှန်လှပါဘုရား)

ပရိယတ်၊ ပဋိပတ် အကျင့်ကောင်း၊ အကျင့်မြတ်ဖြစ်တဲ့ ဓုရနှစ်ရပ် (လုပ်ငန်းနှစ်ရပ်) ကို ကြိုးစားလုပ်ကိုင်နေတဲ့ သံဃာကောင်း၊ သံဃာမြတ်တွေ ရှိနေသမျှ ကာလပတ်လုံး သာသနာတော် မကွယ်နိုင်ပါဘူး။ သာသနာတော်ကြီး မကွယ်သမျှ သာသနာတော်ကြီး တည်တံ့ခိုင်မြဲနေသမျှ ခုဘဝ နောက်ဘဝ မဂ် ဖိုလ် နိဗ္ဗာန်ရသည်အထိ ကောင်းကျိုးတရားတွေ ရရှိနေမယ်လို့ မှတ်ကြရမယ်နော်။

(မှန်လှပါဘုရား)

ဒါ့ကြောင့် ဦးပဉ္စင်းတို့က "သာသနာတည်ရင် အနှစ်၊ သာသနာကွယ် အပြစ်" လို့ ဆောင်ပုဒ်လေးရေးပြီးတော့ ခဏခဏပြောမိပါတယ်။

သာသနာတည်တော့ သီလ၊ သမာဓိ၊ ပညာဆိုတဲ့ အနှစ်၊ လူ နတ် နိဗ္ဗာန်ချမ်းသာမှန်ဆိုတဲ့ အနှစ်တွေ ကောင်းကျိုးတွေ မရနိုင်ဘူးလား။

(ရနိုင်ပါတယ်ဘုရား)

သာသနာကွယ်ရင် အဲဒီအနှစ်တရားတွေ ရနိုင်ပါ့မလား။

(မရနိုင်ပါဘူးဘုရား)

http://www.dhammadownload.com



ဒါကြောင့် 'သာသနာတည်ရင် ဘာတဲ့လဲ။

(အနှစ်ပါဘုရား)

သာသနာကွယ်ရင် ဘာတဲ့လဲ။

(အပြစ်ပါဘုရား)

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

*သာသနာတည်ရင်၊ အနှစ်ပင်၊ လူ ရှင်မှတ်ထားပါ။

*သာသနာကွယ်ရင်၊ အပြစ်ပင်၊ လူရှင် မှတ်စရာ။

နောက်ပြီးတော့ နောင်လာနောက်သား လူအများတွေဟာ သံဃာတော်တွေရဲ့အပေါ်မှာ အရိုအသေပြုနိုင်ပါစေဆိုတဲ့ စိတ်အကြံနဲ့ မိထွေးတော်ဂေါတမီ လှူတဲ့ ဒွိစုံသင်္ကန်းကို သုံးကြိမ်တိုင်တိုင် ပယ်မြစ်ပြီးတော့ သံဃာအား လှူစေတာပါပဲ။

အဲဒီအကြောင်းကို ရှေးနားတုန်းကလည်း လင်္ကာလေးနဲ့ အသိပေးခဲ့ပြီးပြီ နော်။

(မှန်လှပါဘုရား)

ဒီတော့ တရားနာပရိသတ်၊ အထက်ကပြောခဲ့တဲ့ အဋ္ဌကထာစကားကို အကျဉ်းချုပ်ကြည့်လိုက်ရင်

၁။ ငါဘုရား အကြာကြီး တည်မှာမဟုတ်ဘူး။

၂။ ငါဘုရားရဲ့ သာသနာတော်ကြီးဟာ သံဃာတော်တွေရဲ့အပေါ်မှာ တည်ရစ်လိမ့်မယ်။

၃။ နောင်လာနောက်သား လူအများတွေဟာ သံဃာတော်အပေါ်မှာ ရိုသေမြတ်နိုးနိုင်ပါစေဆိုတဲ့ ရည်ရွယ်ချက်သုံးမျိုးနဲ့ သံဃာတော်အား လှူစေတာ ဖြစ်တယ်ဆိုတာကို တွေ့ရတယ်နော်။

(မှန်လှပါဘုရား)

နောက်ထပ် မြတ်စွာဘုရားရဲ့ စိတ်အကြံဖြစ်ပုံကို ဆက်ပြီးတော့ ဟောကြ နာကြရအောင်။

ဇဝံ ဟိ သတိ "သတ္ထာ အတ္တနော ဒိယျမာနမ္ပိ သံဃဿ ဒါပေသိ သံဃောနာမ ဒက္ခိဏေယျော" တိ ပစ္ဆိမာဇနတာ သံဃေစိတ္တီကာရံ ဥပ္ပာဒေတွာ စတ္တာရော ပစ္စယေ ဒါတဗ္ဗေ မညိဿတိ။

(ဥပရိ ၄ ၂၂၁)

ဟိ- အကျိုးကို ဆိုဦးအံ့။ ဇဝံ သတိ- ဤသို့ လှူစေသည်ရှိသော်၊

http://www.dhammadownload.com



"သတ္တာ– မြတ်စွာဘုရားသည်၊ အတ္တနော– ကိုယ်တော်အား၊ ဒိယျမာနမ္ပိ– လှူအပ်သောသင်္ကန်းကိုလည်း၊ သံဃဿ– သံဃာအား၊ ဒါပေသိ– လှူစေတော်မူပြီ၊ သံဃောနာမ– သံဃာမည်သည်ကား၊ ဒက္ခိဏေယျော– မြတ်သောအလှူကို ခံထိုက်၏"၊ တ္တတိမနသိကတွာ– ဤသို့နှလုံးသွင်း၍၊ ပစ္ဆိမာဇနတာ– နောင်လာသောသူ လူအပေါင်းသည်၊ သံဃေ– သံဃာ၌၊ စိတ္တီကာရံ– အရိုအသေပြုခြင်းကို၊ ဥပ္ပာဒေတွာ– ဖြစ်စေ၍၊ စတ္တာရော– လေးပါးကုန်သော၊ ပစ္စယေ– ပစ္စည်းတို့ကို၊ ဒါတဗ္ဗေ– လှူအပ်သည်တို့ကို၊ မညိဿတိ– မှတ်ထင်အောက်မေ့လတ္တံ့။

အဲဒီလို ဘုရားက သံဃာတော်အား လှူစေတော့ "မြတ်စွာဘုရားကိုယ်တော်တိုင်ပင် ကိုယ်တော်အား လှူတဲ့သင်္ကန်းကို သံဃာတော်အား လှူစေတယ်။ သံဃာဆိုတာ မြတ်သောအလှူကို ခံထိုက်တယ်" လို့ နှလုံးသွင်းပြီးတော့ နောင်လာနောက်သား လူအများတွေဟာ သံဃာမှာ ရိုသေပြီး ပစ္စည်းလေးပါး လှူဒါန်းထိုက်တယ်ဆိုတဲ့ အသိဉာဏ်တွေ အောက်မေ့ မှတ်ထင်မှုတွေ ဖြစ်စေနိုင်တယ်နော်။

(မှန်လှပါဘုရား)

အဲဒီလို အောက်မေ့မှတ်ထင်မှုတွေ ဖြစ်ပေါ်စေချင်တဲ့အတွက် သံဃာအား လှူစေတယ်ဆိုတာ သဘောကျပြီလား။

(သဘောကျပါပြီဘုရား)

ကဲ– ရှေ့ဆက်နာကြရအောင်

သံဃော စတူဟိ ပစ္စယေဟိ အကိလမန္တော ဗုဒ္ဓဝစနံ ဥဂ္ဂဟေတွာ သမဏဓမ္မံ ကရိဿတိ။

သံဃော– သံဃာသည်၊ စတူဟိ– လေးပါးကုန်သော၊ ပစ္စယေဟိ– ပစ္စည်းတို့ဖြင့်၊ အကိလမန္တော– မပင်မပန်းသည်၊ ဟုတွာ– ဖြစ်၍၊ ဗုဒ္ဓဝစနံ– ငါဘုရား၏စကားတော်ကို၊ ဥဂ္ဂဟေတွာ– သင်ယူ၍၊ သမဏဓမ္မံ– ရဟန်းတရားကို၊ ကရိဿတိ–ပြုလတ္တံ့။

အဲဒီလို အောက်မေ့မှတ်ထင်မှုတွေ ဖြစ်ပေါ်ပြီးတော့ ဒကာ ဒကာမတွေက သံဃာတော်အပေါင်းအား ပစ္စည်းလေးပါးနဲ့ ထောက်ပံ့အားပေးတော့ သံဃာတော်တွေမှာ ဆွမ်း သင်္ကန်း ကျောင်း ဆေးဆိုတဲ့ ပစ္စည်းလေးပါး ချို့တဲ့မှု ပင်ပန်းမှု နွမ်းနယ်မှုတွေ ဖြစ်နိုင်ပါဦးမလား။

(မဖြစ်နိုင်တော့ပါဘူး ဘုရား)

http://www.dhammadownload.com



အေး အဲဒီလို ပစ္စည်းလေးပါး မပင်မပန်းတော့ ဘုရားစကားတော်တွေ သင်ယူပြီး ရဟန်းတရားတွေ ကြိုးစားပြုလုပ်လိမ့်မယ်တဲ့။ ဒါကြောင့် ဒကာ ဒကာမတွေက ပစ္စည်းလေးပါးနဲ့ အားပေးရမယ်နော်။

(မှန်လှပါဘုရား)

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

*ဘုရားသံဃာ၊ လှူစေတာ၊ ဘယ်အရာကြောင့်လဲ။

*သံဃာဖြတ်တာ၊ သိဖို့ရာ၊ စေတနာကြောင့်ပဲ။

*နောင်လာနောက်သား၊ လူအများ၊ လေးစားကြဖို့ပဲ။

*နောင်လာနောက်သား၊ လူအများ၊ လှူသွားနိုင်ဖို့ပဲ။

*သံဃာမြတ်မှာ လှူဖို့ရာ၊ စေတနာကြောင့်ပဲ။

*နောင်လာနောက်သား၊ ပစ္စည်းများ၊ လှူကြွားနိုင်ဖို့ပဲ။

*ပစ္စည်းလေးဖြာ မပန်းကာ၊ ချမ်းသာကျင့်ဖို့ပဲ။

*ချမ်းသာကျင့်ပြန်၊ မြတ်နိဗ္ဗာန်၊ အမှန်ရဖို့ပဲ။

ဧဝံ မမ သာသနံ ပဥ္စဝဿသဟဿာနိ ဌဿတီတိ။

(ဥပရိ ၄ ၂၂၁)

ဧဝံ- ဤသို့မနား ရဟန်းတရားကို ကြိုးစားအဟုတ် ပြုလုပ်အားထုတ်သည်ရှိသော်၊ မမ- ငါဘုရား၏၊ သာသနံ- သာသနာတော်သည်၊ ပဥ္စဝဿသဟဿာနိ- အနှစ်များမြောင် ငါးထောင်တို့ပတ်လုံး၊ ဌဿတိ- တည်လတ္တံ့။ ဣတိ- ဤသို့သောစိတ်အကြံသည်၊ အဟောသိ- ဖြစ်ပြီ။

ပစ္စည်းလေးပါး ချမ်းသာမှု ရလာတဲ့အခါမှာ ရဟန်းသံဃာတော်တွေဟာ ဂန္ထဓုရ ဝိပဿနာဓုရဆိုတဲ့ အလုပ်နှစ်မျိုး အမြဲတမ်းလုပ်နေရမယ်။ ကြိုးစားအားထုတ်ရမယ်။ အဲဒီရဟန်းတွေရဲ့ အလုပ်နှစ်မျိုး ကြိုးစားအားထုတ်နေရင် ငါဘုရားရဲ့ သာသနာတော်ကြီး အနှစ်ငါးထောင်တည်လိမ့်မယ်တဲ့။

ဒီတော့ တရားနာပရိသတ်၊ သာသနာတော်ကြီး တည်တံ့အောင်၊ နိုင်မြဲအောင်ဆိုတဲ့ ရည်ရွယ်ချက်ထားပြီးတော့ သံဃာအား လှူစေတာနော်။

(မှန်လှပါဘုရား)

ရှင်းရှင်းပြောရရင်တော့ အလုပ်လုပ်တဲ့၊ သာသနာပြုတဲ့ သံဃာတော်တွေကိုလှူစေတာပါပဲ။ အလုပ်နှစ်မျိုး မကြိုးစားတဲ့ မလုပ်တဲ့သံဃာတွေကို လှူစေတာ ဟုတ်ရဲ့လား။

(မဖြေတတ်ပါဘုရား)

http://www.dhammadownload.com



အေး ဟုတ်တယ်၊ တရားထောက် ဒကာကြီးဖြေတဲ့ အဲဒီအဖြေ ကောင်းတယ်။ ဘာ့ကြောင့်လဲဆိုတော့ အလုပ်မလုပ်တဲ့ ကိုယ်တော်တွေက အဲဒီအဖြေမျိုး ကြိုက်မှာကြောင့်ပါပဲ။

အလုပ်နှစ်မျိုး ကြိုးစားအားထုတ်နေတဲ့ သံဃာတော်တွေများမှ သာသနာအကြာကြီး တည်မယ်နော်၊

(မှန်လှပါဘုရား)

ဒီတော့ တရားနာပရိသတ်၊ သာသနာတော်ကြီး အရှည်ကြာကြာတည်တံ့ ခိုင်မြဲအောင် ဒကာ ဒကာမတွေဘက်က ပစ္စည်းလေးပါးနဲ့ အားပေးရမယ်။ သံဃာတော်တွေဘက်က ရဟန်းတွေရဲ့ အလုပ်နှစ်မျိုး လုပ်ရမယ်နော်။

(မှန်လှပါဘုရား)

အခမ်းအနားတိုင်း ရွတ်ဆိုဆုတောင်းနေတဲ့ "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" ရွတ်ဆိုဆုတောင်းနေရုံနဲ့ သာသနာတည်တံ့ ခိုင်မြဲနိုင်ပါ့မလား။

(မခိုင်မြဲပါဘူး ဘုရား)

ကဲ- သာသနာတည်ရေး လင်္ကာတွေ လိုက်ဆိုကြ

* သာသနာတည်အောင်၊ သတိဆောင်၊ ခုနောင် အားပေးပါ။
* သာသနာတည်အောင်၊ သတိဆောင်၊ ခုနောင် ကြိုးစားပါ။
* သာသနာတည်အောင်၊ သတိဆောင်၊ ခုနောင် ပို့ချပါ။
* သာသနာတည်အောင်၊ သတိဆောင်၊ ခုနောင် သင်ကြားပါ။
* သာသနာတည်အောင်၊ သတိဆောင်၊ ခုနောင် ဟောပြပါ။
* သာသနာတည်အောင်၊ သတိဆောင်၊ ခုနောင် ရေးပြပါ။
* သာသနာတည်အောင်၊ သတိဆောင်၊ ခုနောင် ကျင့်ကြပါ။

ဘုရားက သံဃာအားလှူစေတဲ့ အချက်အလက်တွေကို အကျဉ်းချုပ်ကြည့်လိုက်တဲ့အခါမှာ

၁။ ငါဘုရား အကြာကြီး နေရမှာမဟုတ်ဘူး။
၂။ ငါဘုရား သာသနာကို သံဃာတော်က ထမ်းဆောင်မှာဆိုတဲ့ သံဃာအအပေါ်မှာ ယုံကြည်တဲ့အချက်။
၃။ နောင်လာနောက်သားတွေ သံဃာရဲ့အပေါ်မှာ ရိုသေစေချင်တဲ့ အချက်။
၄။ သံဃာအား ပစ္စည်းလေးပါး လှူဒါန်းစေချင်တဲ့အချက်။
၅။ သံဃာအား ပစ္စည်းလေးပါး မပင်မပန်းဘဲ ရှင်လန်းချမ်းသာစေချင်တဲ့အချက်။

http://www.dhammadownload.com



၆။ ဘုရားစကားတွေ သင်ယူပို့ချစေချင်တဲ့အချက်။
၇။ ပို့ချသင်ယူပြီး ရဟန်းတရားတွေ ကြိုးစားအားထုတ်စေချင်တဲ့အချက်။
၈။ သာသနာတော် အနှစ်ငါးထောင်တည်စေချင်တဲ့ အချက်တွေကို တွေ့ရပါတယ်။

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

* သံဃာတော်မှာ၊ လှူစေတာ၊ ဘယ်အရာကြောင့်လဲ။
* သံဃာအားပင်၊ လှူစေချင်၊ မြတ်ရှင်ဘာကြောင့်လဲ။
* ငါဘုရားသည်၊ မကြာပြီ၊ အတည်သိလို့ပဲ။
* ငါ့သာသနာ၊ ငါ့သံဃာ၊ ထမ်းမှာသိလို့ပဲ။
* ငါဘုရားဟာ၊ ငါ့သံဃာ၊ မှန်စွာယုံလို့ပဲ။
* သံဃာတော်အား၊ မြတ်ဘုရား၊ မှတ်သားယုံလို့ပဲ။
* နောင်လာလူတွေ၊ မြတ်သံဃေ၊ ရိုသေကြဖို့ပဲ။
* နောင်လာလူတွေ၊ မြတ်သံဃေ၊ လှူစေချင်လို့ပဲ။
* ပစ္စည်းလေးဖြာ၊ သားသံဃာ၊ ချမ်းသာစေဖို့ပဲ။
* ဘုရားစကား၊ အစားစား၊ သင်ကြားနိုင်ဖို့ပဲ။
* ရဟန်းတရား၊ မေ့မထား၊ ကျင့်ပွားနိုင်ဖို့ပဲ။
* မြတ်သာသနာ၊ နှစ်များစွာ၊ ကြာကြာတည်ဖို့ပဲ။

ကဲ– ဒီနေ့ ဝါဆိုဆွမ်း၊ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြတဲ့ ဒကာဒကာမတွေကို ဦးပဉ္ဇင်း ဟောလိုက်တဲ့တရားက ဘာတရားတဲ့လဲ။

(တစ်ဦးကစေတနာ၊ တစ်ဦးက မေတ္တာပါ ဘုရား)
နောက်
(မိထွေးတော်ဂေါတမီက စေတနာ၊ ဘုရားက မေတ္တာပါဘုရား)
နောက်
(အမေက စေတနာ၊ သားက မေတ္တာပါဘုရား)
နောက်
(ဒကာ ဒကာမတွေက စေတနာ၊ ဆင်ဖြူတောင်က မေတ္တာပါဘုရား)

အေး ဟုတ်ပြီ၊ မမှတ်မိလောက်ဖူးထင်ပြီး မေးလိုက်တာ၊ အကုန်လုံး မှတ်မိသားပဲ။ တရားနာတယ်ဆိုရင် အဲဒီလို မှတ်မိအောင် နာရတယ်။

ကဲ– တရားသိမ်းဂါထာနဲ့ တရားသိမ်းကြရအောင်၊ လက်အုပ်ချီလိုက်ကြပါ။

http://www.dhammadownload.com



သံဃေ ဒါနံ သုစိတ္တေန၊ ဒဒန္တု သံဃမာမကာ။
သံဃောပိ သာသနတ္ထာယ၊ သမ္မာ စရတု သဗ္ဗဒါ။

၁။ သံဃမာမကာ– သံဃာချစ်ခင် သံဃာမင်သူ အများလူတို့သည်၊ သုစိတ္တေန– သံဃာ့ဂုဏ်ရည် အလီလီ၌ ယုံကြည်ချစ်တတ် စိတ်ထား ကောင်း စိတ်ထားမြတ်ဖြင့်၊ သံဃေ– ဘုရားမြတ်စွာ သာသနာ၌ ဝန်တာနှစ်ရပ် ထမ်းဆောင်တတ်သည့် အမြတ်အကောင်း သံဃာတော် အပေါင်းအား၊ ဒါနံ– နည်းများမဟူ အလှူဝတ္ထု အစုစုကို၊ ဒဒန္တု– စေတနာဖွေးဖြူ အရေးယူကာ ပေးလှူနိုင်ကြပါစေကုန်သတည်း။

၂။ သံဃောပိ– သာသနာစိတ်ဓာတ် အသည်းဓာတ်၌ စွဲကပ်ပိုက်ထား သံဃာတော်များသည်လည်း၊ (ဝါ) သာသနာတည်ရေး တို့အရေးဟု အလေးတမူ အတွေးဖြူ၍ ကျင့်မှုအကောင်း သံဃာတော်အပေါင်းသည် လည်း၊ သာသနတ္ထာယ– သာသနာသုံးဝ ဆုံးအမတို့ ပြုးလှ့ရှည်ကြာ၊ တည်တံ့ ခိုင်ခံ့နိုင်ပါစေခြင်းအကျိုးငှာ၊ (ဝါ) သာသနာ၏ ရှည်ကြာ ကောင်းကျိုး အမျိုးမျိုးတို့ ဖွံ့ဖြိုးတိုးတက်နိုင်ပါစေခြင်းအကျိုးငှာ၊ သဗ္ဗဒါ– နေ့ရော ညဥ့်ပါ ဘယ်ခါမပြတ် သဒ္ဓါဓာတ်ကိန်း အခါခပ်သိမ်းပင်၊ သမ္မာစရတု– ဘုရားလက်ထက် အဆက်ဆက်က ကောင်းထက်သံဃာ ကျင့်ကြပါသို့ ကောင်းစွာမသွေ ကျင့်ကြံကြိုးစား ပွားများအားထုတ်တော်မူ နိုင်ပါစေသတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

မှတ်ချက်။ ။ သံဃိကဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးလှူဒါန်းပွဲတိုင်း ဟောနိုင်ပါသည်။

* တရားအမည်ပေးရာ၌ မိထွေးတော်က စေတနာ ဘုရားက မေတ္တာ၊ အမေက စေတနာ သားက မေတ္တာ၊ ဒကာ ဒကာမတွေက စေတနာ ဦးပဥ္စင်းက မေတ္တာစသည် ဖြင့် အမည်ပေးကာ ဟောကြားပါ။

၁၇၊ ၆၊ ၉၆ (စနေနေ့)
ညနေ ၃ နာရီ ၄၅ မိနစ်၊
၁၃၅၈ ခု၊ ဝါခေါင်လဆန်း ၃ ရက်။

တစ်ဦးက စေတနာ တစ်ဦးကမေတ္တာ တရားတော် ပြီးပြီ။

http://www.dhammadownload.com

## ခုဒ္ဒကနိကာယ်၊ ဓမ္မပဒအဋ္ဌကထာ၊ ပဏ္ဍိတဝဂ်၊
## ပဏ္ဍိတသာမဏေရဝတ္ထုလာ ပုဂ္ဂိုလ် (၄) မျိုးကို တန်ဆာဆင်၍
## ဟောကြား ပြောကြားအပ်သော
# ငါဘယ်လိုလူ+ သတိမူ တရားတော်

အတီတေ ကိရ ကဿပ သမ္မာသမ္ဗုဒ္ဓေါ ဝီသတိ ခီဏာသဝသဟဿ ပရိဝါရော ဗာရာဏသိံ အဂမာသိ။

(ဓမ္မပဒ အဋ္ဌကထာ ၁၊ ၃၅၉)

ကိရ– ကြားဖူးသည်ကား၊ အတီတေ– လွန်လေပြီးသောအခါ၌၊ ကဿပ သမ္မာသမ္ဗုဒ္ဓေါ– ကဿပဘုရားရှင်သည်၊ ဝီသတိခီဏာသဝသဟဿ ပရိဝါ ရော– ရဟန္တာပေါင်း နှစ်သောင်းခြံရံလျက်၊ ဗာရာဏသိံ– ဗာရာဏသီပြည်သို့၊ အဂမာသိ– ကြွချီတော်မူလာပါ၏။

ရှေးလွန်လေပြီးတဲ့ အတိတ်ကာလအခါသမယတုန်းက ကဿပဘုရား ရှင် ကိုယ်တော်မြတ်ကြီးသည် ရဟန္တာအပေါင်း အရှင်ကောင်း အရှင်မြတ် နှစ်သောင်းခြံရံပြီးတော့ ဗာရာဏသီပြည်ကို ကြွချီတော်မူလာပါတယ်။

မနုဿာ အတ္တနော ဗလံ သလ္လက္ခေတွာ အဋ္ဌပိ ဒသပိ ဧကတော ဟုတွာ အာဂန္တုကဒါနာဒီနိ အဒံသု။

မနုဿာ– လူတို့သည်၊ အတ္တနော– မိမိ၏၊ ဗလံ– ခွန်အားကို၊ သလ္လက္ခေတွာ– မှတ်၍၊ အဋ္ဌပိ– ရှစ်ယောက်မျှကုန်သော သူတို့သည်လည်း ကောင်း၊ ဒသပိ– ဆယ်ယောက်မျှကုန်သော သူတို့သည်လည်းကောင်း၊ ဧက တောဟုတွာ– တပေါင်းတည်းပြု၍၊ အာဂန္တုကဒါနာဒီနိ– အာဂန္တုကအလှူ စသည်တို့ကို၊ အဒံသု– ဗုဒ္ဓ သံဃာ ဂဏမဟာကို ယုံကာမှန်းမျှော် လှူဒါန်းတော် မူကြပါပေကုန်သတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

အဲဒီလို ကဿပဘုရားရှင် ကိုယ်တော်မြတ် သံဃာနှစ်သောင်း ခြံရံပြီး တော့ ဗာရာဏသီပြည်ကို ကြွချီလာတဲ့အခါမှာ လူတွေဟာ ကိုယ်တတ်နိုင်တဲ့ ကိုယ့်ရဲ့အား အစွမ်းကို ကြည့်ရှုမှတ်သားပြီးတော့ ရှစ်ယောက်စီ၊ ဆယ်ယောက်စီ

http://www.dhammadownload.com



စုပေါင်း စုဆောင်းပြီးတော့ အာဂန္တုကအလှူစတဲ့ အလှူတွေကို ပေးလှူကြတယ်။

အထေကဒိဝသံ သတ္ထာ ဘတ္တကိစ္စပရိယောသာနေ ဇဝံ အနုမောဒနမကာသိ။

အထ– ထိုအခါ၌၊ ဧကဒိဝသံ– တစ်နေ့၌၊ သတ္ထာ– ကဿပဘုရားရှင်သည်၊ ဘတ္တကိစ္စပရိယောသာနေ– ဆွမ်းဘုဉ်းပေးပြီးသောအဆုံး၌၊ ဇဝံ– ဤသို့၊ အနုမောဒနံ– အဖန်ဖန် အထပ်ထပ် မပြတ်ခါခါ ဝမ်းမြောက်ဖွယ် အနုမောဒနာတရားကို၊ အကာသိ–´ကရုဏာရှေ့ဆော် မေတ္တာတော်ဖြင့် ဖွင့်ဖော်ကောင်းစွာ ဟောကြားတော်မူလိုက်ပါပေသတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

တစ်နေ့တော့ ကဿပဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် ဆွမ်းဘုဉ်းပေးပြီးတဲ့အဆုံးမှာ အခါခါ အထပ်ထပ် ဝမ်းမြောက်ဖွယ်ရာကောင်းတဲ့ တရားတော်ကို ဟောကြားတော်မူပါတယ်။

ဘာတရားကို ဟောသတဲ့လဲ။

(ဝမ်းမြောက်ဖွယ်ရာကောင်းတဲ့တရားတော်ကို ဟောကြားပါတယ်ဘုရား)

အနုမောဒနာဆိုတဲ့ပုဒ်ကို နှစ်ပုဒ်ခွဲလိုက်၊ အနုကတစ်ပုဒ်၊ မောဒနာက တစ်ပုဒ်၊ အနုက အဖန်ဖန် အထပ်ထပ် အခါခါ၊ မောဒနာက ဝမ်းသာစရာ ဝမ်းမြောက်ဖွယ်ရာကောင်းတဲ့တရား၊ အဲဒီလို ကွဲပြားအောင် ခွဲခြားပြီးတော့ မှတ်ရမယ်နော်။

(မှန်လှပါဘုရား)

ဒီနေ့ ဦးပဥ္ဇင်းရဲ့ ဆွမ်းဒကာ ဆွမ်းဒကာမတွေကို ကဿပဘုရား ဟောတော်မူထားတဲ့ အနုမောဒနာတရားကို တစ်ဆင့်ဝေငှဟောပြောမှာပါ။ ကဿပဘုရားရှင်ကိုယ်တော်မြတ်က ပုဂ္ဂိုလ်လေးမျိုး (လူလေးမျိုး) ဟောခဲ့ပါတယ်။ အဲဒီပုဂ္ဂိုလ်လေးမျိုး (လူလေးမျိုး) ကို တန်ဆာဆင်ပြီးတော့ ဒကာ ဒကာမတွေ မှတ်သားလို့လွယ်ကူအောင် ဦးပဥ္ဇင်း တရားအမည်ပေးထားတာက "ငါဘယ်လိုလူ သတိမူ" တရားတော်တဲ့။

ကဲ– စပြီးတော့ ဟောကြ နာကြရအောင်။

၁။ "ဥပါသကာ တုမှေ ဧကစ္စော" အတ္တနော သန္တကမေဝဒါတုံ ဝဋ္ဋတိ၊ ကိံ ပရေန သမာဒပိတေနာ တိ အတ္တနာဝ ဒါနံ ဒေတိ၊ ပရံ နသမာဒ

http://www.dhammadownload.com



ပေတိ၊ သော နိဗ္ဗတ္တနိဗ္ဗတ္တဋ္ဌာနေ ဘောဂသမ္ပဒံ လဘတိ၊ နော ပရိဝါရသမ္ပဒံ။

ဥပါသကာ– ဒါယကာတို့၊ ဣဓ– ဤလောက၌၊ ဧကစ္စော– အချို့သောသူသည်၊ အတ္တနော– မိမိ၏၊ သန္တကမေဝ– ဥစ္စာကိုသာလျှင်၊ ဒါတုံ– ပေးခြင်းငှာ၊ ဝဋ္ဋတိ– သင့်၏။ ပရေန– တစ်ပါးသောသူကို၊ သမာဒပိတေန– တိုက်တွန်းဆောက်တည်စေသဖြင့်၊ ကိံ– အဘယ်အကျိုးရှိအံ့နည်း၊ ဣတိ– ဤသို့နှလုံးသွင်း၍၊ အတ္တနာဝ– မိမိသည်သာလျှင်၊ ဒါနံ– အလှူကို၊ ဒေတိ– ပေးလှူ၏။ ပရံ– သူတစ်ပါးကို၊ နသမာဒပေတိ– မတိုက်တွန်း မဆောက်တည်စေ၊ သော– ထိုသူသည်၊ နိဗ္ဗတ္တနိဗ္ဗတ္တဋ္ဌာနေ– ဖြစ်တိုင်းဖြစ်တိုင်းသောဘဝ၌၊ ဘောဂသမ္ပဒံ– စီးပွားဥစ္စာ အဖြာဖြာ၏ ပြည့်စုံခြင်းကို၊ လဘတိ– ရ၏၊ ပရိဝါရသမ္ပဒံ– အခြံအရံ၏ ပြည့်စုံခြင်းကို၊ နောလဘတိ– မရ။

ဒီနံပါတ် ၁ ပုဂ္ဂိုလ်ဟာ ကိုယ်တိုင်ကတော့ လှူတယ်၊ သူတစ်ပါးကိုတော့ လှူဒါန်းအောင် မတိုက်တွန်း မနှိုးဆော်ဘူး။ ဒီပုဂ္ဂိုလ်မျိုးဟာ ဖြစ်လေရာဘဝတိုင်းမှာ စီးပွားဥစ္စာ ရတနာ ရွှေငွေ အထွေထွေ ပြည့်စုံပေါများတယ်။ သူတစ်ပါးကို လှူဒါန်းအောင် မနှိုးဆော် မတိုက်တွန်းတဲ့အတွက်ကြောင့် သားမြေး ကျေးကျွန် တပည့်အစရှိတဲ့ အခြွေအရံပရိသတ်ရဲ့ ပြည့်စုံခြင်းကိုတော့ မရဘူးတဲ့။

၂။ ဧကစ္စော ပရံ သမာဒပေတိ၊ အတ္တနာ နဒေတိ။ သော နိဗ္ဗတ္တနိဗ္ဗတ္တဋ္ဌာနေ ပရိဝါရသမ္ပဒံ လဘတိ၊ နော ဘောဂသမ္ပဒံ။

ဧကစ္စော– အချို့သောသူသည်၊ ပရံ– သူတစ်ပါးကို၊ သမာဒပေတိ– နှိုးဆော်တိုက်တွန်း၏၊ အတ္တနာ– မိမိသည်၊ န ဒေတိ– မပေးမလှူ၊ သော– ထိုသူသည်၊ နိဗ္ဗတ္တနိဗ္ဗတ္တဋ္ဌာနေ– ဖြစ်တိုင်းဖြစ်တိုင်းသောဘဝ၌၊ ပရိဝါရသမ္ပဒံ– အခြံအရံ၏ ပြည့်စုံခြင်းကို၊ လဘတိ– ရ၏။ ဘောဂသမ္ပဒံ– စီးပွားဥစ္စာအဖြာဖြာ၏ ပြည့်စုံခြင်းကို၊ နောလဘတိ– မရ။

ဒီနံပါတ် ၂ ပုဂ္ဂိုလ်ကတော့ သူတစ်ပါးကို လှူအောင်တိုက်တွန်းနှိုးဆော်ပေးတယ်။ ကိုယ်တိုင်ကတော့ မလှူဘူး။ အဲဒီပုဂ္ဂိုလ်မျိုးဟာ ဖြစ်လေရာဘဝတိုင်းမှာ သား သမီး ကျေးကျွန် တပည့်စအရှိတဲ့ အခြံအရံ ပရိသတ်ပေါများပြည့်စုံခြင်းကို ရရှိတယ်။ စီးပွားဥစ္စာတွေရဲ့ ပြည့်စုံခြင်းကို မရရှိဘူးတဲ့။

၃။ ဧကစ္စော အတ္တနာပိ န ဒေတိ၊ ပရမ္ပိ န သမာဒပေတိ။ သော နိဗ္ဗတ္တနိဗ္ဗတ္တဋ္ဌာနေ နေဝ ဘောဂသမ္ပဒံ လဘတိ၊ န ပရိဝါရသမ္ပဒံ၊ ဝိဃာသာဒေါဝ ဟုတွာ ဇီဝတိ။

http://www.dhammadownload.com



ကေစွော– အချို့သောသူသည်၊ အတ္တနာပိ– မိမိသည်လည်း၊ နဒေတိ– မလှူ၊ ပရမ္ပိ– သူတစ်ပါးကိုလည်း၊ န သမာဒပေတိ– သူတစ်ပါးကိုလည်း မတိုက်တွန်း မနှိုးဆော်၊ သော– ထိုပုဂ္ဂိုလ်သည်၊ နိဗ္ဗတ္တနိဗ္ဗတ္တဋ္ဌာနေ– ဖြစ်တိုင်းဖြစ်တိုင်းသောဘဝ၌၊ ဘောဂသမ္ပဒံ– စီးပွားဥစ္စာ၊ အဖြာဖြာ၏ ပြည့်စုံခြင်းကို၊ န လဘတိ– မရ၊ ပရိဝါရသမ္ပဒံ– အခြံအရံ၏ပြည့်စုံခြင်းကို၊ နလဘတိ– မရ။ ဝိဃာသာဒေါ– စားကြွင်းစားသည်၊ ဟုတွာ– ဖြစ်၍၊ ဗိဝတိ– အသက်မွေးရ၏။

ဒီနံပါတ် ၃ ပုဂ္ဂိုလ်ကတော့ ကိုယ်တိုင်လည်းမလှူဘူး၊ သူတစ်ပါးလည်း လှူအောင် မတိုက်တွန်း မနှိုးဆော်ဘူး။ အဲဒီပုဂ္ဂိုလ်မျိုးဟာ ဖြစ်လေရာဘဝတိုင်းမှာ စီးပွားဥစ္စာ ပြည့်စုံခြင်းကိုလည်း မရဘူး။ အခြံအရံရဲ့ ပြည့်စုံခြင်းကိုလည်း မရဘူးတဲ့။ စားကြွင်းစားဘဝ (တောင်းရမ်းစားသောက်ရတဲ့ဘဝ) နဲ့ပဲ အသက်မွေးရတယ်။ ဘဝကို အခြေဆိုး အနေဆိုးနဲ့ နိဂုံးချုပ်ရတဲ့ အဆိုးဆုံးပုဂ္ဂိုလ်ပါပဲ။

ဘဝတစ်ခု ဖြစ်လာတဲ့အခါမှာ စီးပွားလည်းမရှိ၊ အခြံအရံလည်းမရှိဘူးဆိုရင် တကယ်အောက်တန်းနောက်တန်းကျပြီးတော့ မျက်နှာငယ်ရတယ်နော်။

(မှန်လှပါဘုရား)

ဒီတော့ တရားနာပရိသတ်၊ ဒီနံပါတ် ၃ ပုဂ္ဂိုလ်မျိုးမဖြစ်အောင် သတိမထားသင့်ဘူးလား။

(သတိထားသင့်ပါတယ်ဘုရား)

၄။ ကေစွော အတ္တနာ စ ဒေတိ၊ ပရဉ္စ သမာဒပေတိ။ သော နိဗ္ဗတ္တနိဗ္ဗတ္တဋ္ဌာနေ ဘောဂသမ္ပဒမ္ပိ လဘတိ ပရိဝါရသမ္ပဒမ္ပိ" တိ။

ကေစွော– အချို့သောသူသည်၊ အတ္တနာ စ– မိမိသည်လည်း၊ ဒေတိ– ပေးလှူ၏၊ ပရဉ္စ– သူတစ်ပါးကိုလည်း၊ သမာဒပေတိ– တိုက်တွန်းနှိုးဆော်၏၊ သော– ထိုသူသည်၊ နိဗ္ဗတ္တနိဗ္ဗတ္တဋ္ဌာနေ– ဖြစ်တိုင်းဖြစ်တိုင်းသော ဘဝ၌၊ ဘောဂသမ္ပဒမ္ပိ– စီးပွားဥစ္စာ အဖြာဖြာ၏ ပြည့်စုံခြင်းကိုလည်း၊ လဘတိ–ရ၏။ ပရိဝါရသမ္ပဒမ္ပိ– အခြံအရံ၏ ပြည့်စုံခြင်းကိုလည်း၊ လဘတိ–ရ၏။ ဣတိ– ဤသို့၊ အနုမောဒနံ– ဝမ်းမြောက်ဖွယ်ရာ အနုမောဒနာတရားတော်ကို၊ အကာသိ– ကောင်းစွာမသွေ ဟောကြားတော်မူလိုက်ပါပေသတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

http://www.dhammadownload.com



နံပါတ် ၄ ပုဂ္ဂိုလ်ကတော့ ကိုယ်တိုင်လည်းလှူတယ်၊ သူတစ်ပါးကိုလည်း လှူအောင် တိုက်တွန်းနိုးဆော်ပေးတယ်။ အဲဒီ ပုဂ္ဂိုလ်မျိုးဟာ ဖြစ်လေရာဘဝတိုင်းမှာ စီးပွားဥစ္စာလည်း ပြည့်စုံတယ်။ အခြံအရံပရိသတ်လည်း ပြည့်စုံတယ်။ ထိုပုဂ္ဂိုလ်လေးမျိုး (လူလေးမျိုး) တရားတော်ကို ကဿပဘုရားရှင် ကိုယ်တော်မြတ်က ဟောကြားတော်မူပါတယ်။ ဒီနောက်ဆုံးနံပါတ်လေး ပုဂ္ဂိုလ်ကတော့ အကောင်းဆုံး ပုဂ္ဂိုလ် (အကောင်းဆုံးလူ) ပဲနော်။

(မှန်လှပါဘုရား)

ဒီနေ့ ဆွမ်းဒကာ ဆွမ်းဒကာမတွေကို ကဿပဘုရားရှင် ဟောခဲ့တဲ့ တရားတော်ကို တစ်ဆင့်ဟောပြလို့ ပြီးပါပြီ။

ဒီတော့ ဦးပဥ္စင်းပေးထားတဲ့ တရားအမည်ဖော်ဖို့ ကျန်သေးတယ် မဟုတ်လား။

(မှန်လှပါဘုရား)

အဲဒီပုဂ္ဂိုလ်လေးမျိုး (လူလေးမျိုး) ထဲမှာ အဆိုးဆုံးပုဂ္ဂိုလ် (အဆိုးဆုံးလူ) က ဘယ်နံပါတ်ပုဂ္ဂိုလ်လဲ။

(နံပတ် ၃ ပုဂ္ဂိုလ်ပါဘုရား)

အကောင်းဆုံးက

(နံပါတ် ၄ ပါဘုရား)

မဆိုး တဆိုးက

(နံပတ် ၁ နဲ့ နံပါတ် ၂ ပါဘုရား)

ဒီတော့ ဒကာ ဒကာမတွေ ပုဂ္ဂိုလ်လေးမျိုး (လူလေးမျိုး) သေသေချာချာ သိကြပြီနော်။

(မှန်လှပါဘုရား)

အေး ဟုတ်ပြီ၊ လူလေးမျိုး သေသေချာချာ သိပြီဆိုရင် အဲဒီလူလေးမျိုး ထဲမှာ ငါဘယ်လိုလူဖြစ်တယ်ဆိုတာကို သတိမူလိုက်စမ်းပါ တရားနာ။

ငါ ဘယ်လိုလူဖြစ်တယ်ဆိုတာကို သတိမူပြီးတော့ နံပါတ်သုံးလူဖြစ်နေရင် နံပါတစ်၊ နံပါတ်နှစ်လူဖြစ်အောင် ကြိုးစားရမယ်။ တစ်နံပါတ်၊ နှစ်နံပါတ် လူဖြစ်နေရင် အကောင်းဆုံး လေးနံပါတ်လူဖြစ်အောင် တစ်ဆင့်ထက်တစ်ဆင့် မြင့်သထက်မြင့်အောင် ကောင်းသထက် ကောင်းအောင် ကြိုးစားရမယ်နော်။

(မှန်လှပါဘုရား)

http://www.dhammadownload.com



သူများကို သွားပြီးတော့ သင်ဘယ်လိုလူလဲလို့ မမေးမီ မိမိကိုယ်ကို မိမိ ငါဘယ်လိုလူလဲလို့ အရင်မေးဖို့ မလိုဘူးလား။

(လိုပါတယ်ဘုရား)

ဒီတော့ တရားနာပရိသတ်၊ မိမိကိုယ်မိမိ ငါ ဒီလူလေးမျိုးထဲမှာ ဘယ်လိုလူ ဖြစ်တယ်ဆိုတာကို သတိမမူသင့်ဘူးလား။

(သတိမူသင့်ပါတယ်ဘုရား)

ဒါဆိုရင် ဒီနေ့ ဦးပဥ္ဇင်းဟောလိုက်တဲ့တရားက ဘာတရားတဲ့လဲ။

(ငါဘယ်လိုလူ သတိမူ တရားတော်ပါဘုရား)

ကဲ- တရားအမည်ပေါ်သွားပြီလား။

(ပေါ်သွားပါပြီဘုရား)

တရားအမည် ပေါ်ပြီဆိုတော့ တော်ပြီပေါ့ဗျာ။

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

၁။ ကိုယ်တိုင်တော့လှူ၊ သူများမှူ၊ လှူအောင် မနှိုးဆော်။
ဥစ္စာပေါပြန်၊ အခြံရံ၊ ကင်းပြန် ဖြစ်ရာနော်။

၂။ သူများလှူရန်၊ နှိုးဆော်ပြန်၊ အမှန်ကိုယ်မလှူ။
ခြံရံပေါ့များ၊ ဥစ္စာကား၊ ရှားပါးဖြစ်ရာမူ။

၃။ ကိုယ်လည်းမလှူ၊ သူများမှူ၊ လှူအောင် မနှိုးဆော်။
ဥစ္စာ ခြံရံ၊ မရပြန်၊ အမှန်ဖြစ်ရာနော်။

၄။ ကိုယ်တိုင်လည်းလှူ၊ သူများမှူ၊ လှူအောင် မြဲနှိုးဆော်။
ဥစ္စာ ခြံရံ၊ ပေါများပြန်၊ အမှန်ဖြစ်ရာနော်။

*ငါဘယ်လိုလူ၊ သတိမူ၊ မှတ်ယူတရားတော်။
*ရှင်တော်ဗုဒ္ဓ၊ ကဿပ၊ ဟောပြခဲ့တယ်နော်။
*ဒီနေရာမှာ၊ နိဂုံးသာ၊ ဟောကာပြီးပြီနော်။

မှတ်ချက်။ ။ ဆွမ်းကပ်ပွဲတိုင်း အဓိကဟောပါ။ မင်္ဂလာပွဲတိုင်း၊ မွေးနေ့ပွဲတိုင်း၊ အလှူပွဲတိုင်း၊ ပွဲမျိုးစုံ ဟောနိုင်ပါသည်။

* တရားအမည်ပေးရာ၌ သင်ဘယ်လိုလူ သတိမူ၊ နံပါတ်လေး ပုဂ္ဂိုလ် + ဖြစ်ဖို့လို၊ နံပါလေးလူ + နည်းကိုယူ၊ အကောင်း

http://www.dhammadownload.com



ဆုံးလူ + နည်းကိုယူ၊ ကိုယ့်ကိုယ်ကိုမေး + သူများမမေးနဲ့၊ မိမိကိုယ်ကို + မေးဖို့လို တရားတော် စသည်ဖြင့် မိမိကြိုက်ရာ အမည်ပေးကာ ဟောကြားပါ။

၁၇၊ ၈၊ ၉၆ (သောကြာနေ့)
ည ၁၀နာရီ ၃၆ မိနစ်
၁၃၅၈ ခုနှစ်၊ ဝါခေါင်လဆန်း (၃) ရက်

ငါဘယ်လိုလူ သတိမူ တံရားတော် ပြီးပြီ။

http://www.dhammadownload.com

### အင်္ဂုတ္တရနိကာယ်၊ ပဉ္စကနိပါတ်ပါဠိတော်၊ ပဌမပဏ္ဏာသက၊ သုမနဝဂ်၊ သီဟသေနာပတိသုတ်ကို တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# ဒါနမျက်မှောက် + ကောင်းကျိုးရောက် တရားတော်

ဒီနေ့ ဦးပဥ္စင်းရဲ့ ဆင်ဖြူဆောင်စာသင်တိုက်အတွင်းမှာ လာရောက်ပြီးတော့ ဆွမ်း၊ သင်္ကန်း၊ ကျောင်း ဆေးပစ္စည်းလေးပါးနဲ့ ချီးမြှောက်အားပေး ထောက်ပံ့ကြတဲ့ ဒကာ ဒကာမတွေကို ဟောကြားမည့်တရားတော်က "ဒါန မျက်မှောက် ကောင်းကျိုးရောက်" တရားတော်တဲ့။

ဘာတရားတဲ့လဲ။

(ဒါနမျက်မှောက် ကောင်းကျိုးရောက် တရားတော်ပါဘုရား)

အေး အဲဒီ "ဒါနမျက်မှောက် ကောင်းကျိုးရောက်" တရားတော် မဟော ကြားမီ ဒီတရားဒေသနာကို စေတနာဗလဝနဲ့ အသေအချာပြပြီး ဟောကြား တော်မူခဲ့တဲ့ တရားသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးနဲ့ တရားသံဃာ မြတ် ဆရာအပေါင်းကို တရားဟော တရားနာ အောင်ရန်ကွာအောင် ဆယ်ဖယောင်း လက် သွယ်ပြောင်းယှက်ပြီးတော့ ခေါင်းထက်တင်ကာ ရှိခိုးကြည်ညိုကြရအောင် တရားနာ

ဗုဒ္ဓံ ဓမ္မဥ္စ သံဃဥ္စ၊ သတ္ထာစေရဉ္စ သုစေတသာ။
ဝန္ဒာမိ ဝန္ဒနာမာန၊ ပူဇာသက္ကာရဘာဇနံ။
တေနသစ္စဝဇ္ဇေန၊ သုခိတာ ဟောန္တု သာဓဝေါ။

၁။ ဝန္ဒနာမာန ပူဇာသက္ကာရဘာဇနံ– ရှိခိုးခြင်း၊ မြတ်နိုးခြင်း၊ ပူဇော်ခြင်း၊ ကောင်းစွာပြုခြင်းတို့၏ တည်ရာအစစ် အဖြစ်ကြီးဖြစ်တော်မူသော၊ ဗုဒ္ဓဥ္စ– သစ္စာလေးပါး မြတ်တရားကို ပြတ်သားသိမြင် ဘုရားရှင်ကို လည်းကောင်း၊

၂။ ဓမ္မဥ္စ– ရှင်တော်ဘုရား၊ ဟောဖော်ကြားသည့်၊ ဤသီဟသေနာပတိ သုတ္တန်တရားတော်ကိုလည်းကောင်း၊

http://www.dhammadownload.com



၃။ သံဃဋ္ဌ– သမ္မုတိ အရိယာ နှစ်ဖြာအကောင်း သံဃာတော်အပေါင်းကိုလည်းကောင်း၊

၄။ သွာစေရဋ္ဌ– သွားနည်း လာနည်း၊ စားသောက်နည်းနှင့် နေနည်းထိုင်နည်း၊ ဟောပြောနည်းကို အပြီးကျန သင်ပေးကြသည့် များလှအကောင်း ကျေးဇူးရှင်ဆရာအပေါင်းကိုလည်းကောင်း၊ သုစေတသာ– အမြဲနေ့ည စိတ်ထားလှဖြင့်၊ အဟံ– ဂုဏ်ပိုင်စိုးရ ဂုဏ်နှဟု မြတ်လှဆရာ ထေရ်မဟာတို့ သေချာမှည့်ခေါ် တပည့်တော်သည်၊ ဝန္ဒာမိ– ရတနာသုံးပါး ဆရာများဂုဏ် အလုံးစုံကို ကြည်ယုံမြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့လိုက်ပါ၏ဘုရား။ တေနသစ္စဝဇ္ဇေန– ဤသို့နှုတ်သံဖော်ထုတ်ပြန်၍ ဟုတ်မှန်စွာ ပြောဆိုလိုက်ရသော သစ္စာစကားကြောင့်၊ သာဓေါ– မုဒ္ဒမြတ်စွာ သာသနာချစ်ခင် သာသနာမင်းသူ ရှင်လူအပေါင်း သူတော်ကောင်းတို့သည်၊ သုခိတာ– ကိုယ်စိတ်နှစ်ဖြာ လိုဏ္ဍစွာပြည့်ဝ ကျန်းမာ ချမ်းသာကြကုန်သည်၊ ဟောန္တု– ယနေ့ကစ နိဗ္ဗာန်ရအောင် မုချပိုင်ပိုင် ဖြစ်တော်မူနိုင်ကြပါစေကုန်သတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

အဲဒီလို တရားဟော တရားနာ အေးရန်ကွာအောင် ရတနာသုံးပါးနဲ့ ဆရာသမားတွေရဲ့ဂုဏ်ကို အာရုံပြု၍ ရှိခိုးပြီးတော့ "ဒါနမျက်မှောက် ကောင်းကျိုးရောက်" ဆိုတဲ့တရားတော်ကို စပြီးတော့ ဟောကြ နာကြရအောင် တရားနာ။

ဧကံ သမယံ ဘဂဝါ ဝေသာလိယံ ဝိဟရတိ မဟာဝနေ ကူဋာဂါရသာလာယံ။

(အံ- ပါ- ၂၊ ၃၂)

ဧကံ– တစ်ပါးသော၊ သမယံ– အခါ၌၊ ဘဂဝါ– မြတ်စွာဘုရားသည်၊ ဝေသာလိယံ– ဝေသာလီမြို့၏အနီး၌၊ မဟာဝနေ– မဟာဝုန်တော၌၊ (ဝါ) ကြီးစွာသောတော၌၊ ကူဋာဂါရသာလာယံ– အထွတ်တပ်ဆင်ထားအပ်သော ပြာသာဒ်ကျောင်းတော်၌၊ ဝိဟရတိ– သီတင်းသုံးရှင်ပျော် နေထိုင်တော်မူပါပေသတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

အခါတစ်ပါးမှာ ဘုရားရှင်ကိုယ်တော်မြတ် ဝေသာလီမြို့ရဲ့အနီးအနားက မဟာဝုန်တောကြီးထဲဝယ် အထွတ်တပ်ဆင်ထားအပ်တဲ့ ပြာသာဒ်ကျောင်းတော်မှာ သီတင်းသုံးနေထိုင်တော်မူပါတယ်။

http://www.dhammadownload.com



အထ ခေါ သီဟော သေနာပတိ ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ နိသီဒိ၊ ဧကမန္တံ နိသိန္နော ခေါ သီဟောသေနာပတိ ဘဂဝန္တံ ဧတဒဝေါစ သက္ကာနုခေါ ဘန္တေ ဘဂဝါ သန္ဒိဋ္ဌိကံ ဒါနဖလံ ပညာပေတုန္တိ။

အထခေါ- ထိုအခါ၌၊ သီဟောသေနာပတိ- သီဟမည်သော စစ်သူကြီးသည်၊ ယေန- အကြင်အရပ်သို့၊ ဘဂဝါ- မြတ်စွာဘုရားသည်၊ အတ္ထိ- ရှိ၏။ တေန- ထိုအရပ်သို့၊ ဥပသင်္ကမိ- ရောက်လာ၏၊ ဥပသင်္ကမိတွာ- ရောက်လာပြီး၍၊ ဘဂဝန္တံ- မြတ်စွာဘုရားကို၊ အဘိဝါဒေတွာ- ရိုသေစွာ ရှိခိုးပြီး၍၊ ဧကမန္တံ- သင့်လျော်သည့် တစ်ခုသောနေရာ၌၊ နိသီဒိ- ထိုင်နေပြီ၊ ဧကမန္တံ- သင့်လျော်သော တစ်ခုသော နေရာ၌၊ နိသိန္နောခေါ- ထိုင်နေပြီးသော၊ သီဟောသေနာပတိ- သီဟမည်သော စစ်သူကြီးသည်၊ ဘဂဝန္တံ- မြတ်စွာဘုရားကို၊ ဧတံ- ဤစကားကို၊ အဝေါစ- လျှောက်ထားပြီ၊ (ကိန္တိ- အဘယ်သို့၊ အဝေါစ- လျှောက်ထားသနည်းဟူမူ) ဘန္တေ- အရှင်ဘုရား၊ ဘဂဝါ- မြတ်စွာဘုရားသည်၊ သန္ဒိဋ္ဌိကံ- ယခုဘဝ၌ပင် ကိုယ်တိုင်တွေ့မြင်ခံစားနိုင်သော၊ ဒါနဖလံ- အလှူဒါန၏အကျိုးကို၊ ပညာပေတုံ- ဟောကြားသိစေခြင်းငှာ၊ သက္ကာနုခေါ- တတ်နိုင်ပါသလော။ ဣတိ- ဤသို့၊ (အဝေါစ- လျှောက်ထားတော်မူလိုက်ပါပေသတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

ကူဋာဂါရသာလာ ကျောင်းတိုက်မှာ သီတင်းသုံးနေတော်မူတဲ့ ဘုရားရှိရာအရပ်ကို သီဟစစ်သူကြီး ရောက်လာကာ မြတ်စွာဘုရားကို ရိုသေစွာရှိခိုးပြီးတော့ သင့်တော်တဲ့နေရာတစ်ခုမှာ ထိုင်နေပါတယ်။ သင့်တော်တဲ့နေရာတစ်ခုမှာ ထိုင်နေပြီးတော့ သီဟစစ်သူကြီးဟာ မြတ်စွာဘုရားကို ဒီလိုလျှောက်ထားလိုက်တယ်။ ဘယ်လိုလျှောက်ထားသလဲဆိုတော့

အရှင်ဘုရား မြတ်စွာဘုရားသည် ယခုဘဝမှာပင် ကိုယ်တိုင်တွေ့မြင်ခံစားနိုင်တဲ့ အလှူဒါနရဲ့အကျိုးကိုသိအောင် ဟောကြားနိုင်ပါ့မလားဘုရားလို့ ဒီလိုစကားမျိုး လျှောက်ထားလိုက်ပါတယ်။

ဒါနပြုရတဲ့အတွက်ကြောင့် လက်တွေ့ကျကျ ယခုဘဝမှာပဲ မျက်မှောက်ကောင်းကျိုးရောက်ပုံကို သိချင်လို့ လျှောက်ထားတာနော်။

(မှန်လှပါဘုရား)

အဲဒီလို သီဟစစ်သူကြီးက မေးလျှောက်တော့ ဘုရားရှင်ကိုယ်တော်မြတ်က

"သက္ကာ သီဟာ" တိ ဘဂဝါအဝေါစ၊ "သီဟ– သီဟ၊ (သန္ဒိဋ္ဌိကံ– ယခုဘဝ၌ပင် ကိုယ်တိုင်တွေ့မြင်ခံစားနိုင်သော၊ ဒါနဖလံ– အလှူဒါန၏အကျိုး ကို၊ ပညာပေတုံ– ဟောကြားသိစေခြင်းငှာ၊) သက္ကာ– တတ်နိုင်ပါ၏။ "ဣတိ– ဤသို့၊ ဘဂဝါ– မြတ်စွာဘုရားသည်၊ အဝေါစ– မိန့်တော်မူပြီ။

သီဟ၊ ယခုဘဝမှာပဲ ကိုယ်တိုင်တွေ့မြင်ခံစားနိုင်တဲ့ ဒါနအကျိုးကို ဟောကြားရန် တတ်နိုင်ပါတယ်လို့ မြတ်စွာဘုရားက မိန့်ကြားတော်တော်မူပါ တယ်။

၁။ ဒါယကော သီဟ ဒါနပတိ ဗဟုနောဇနဿ ပိယောဟောတိ မနာပေါ၊ ယမ္ပိသီဟ ဒါယကော ဒါနပတိ ဗဟုနောဇနဿ ပိယော ဟောတိ မနာပေါ ဣဒမ္ပိ သန္ဒိဋ္ဌိကံ ဒါနဖလံ။

သီဟ– သီဟ၊ ဒါယကော– ပေးလှူတတ်သော၊ ဒါနပတိ– အလှူရှင် သည်၊ ဗဟုနော– များစွာသော၊ ဇနဿ– လူအပေါင်း၏၊ ဝါ– လူ အပေါင်းသည်၊ ပိယော– ချစ်ခင်အပ်သူသည်၊ မနာပေါ– စိတ်နှလုံးကို တိုးပွားစေတတ်သူသည်၊ ဝါ– မြတ်နိုးအပ်သူသည်၊ ဟောတိ– ဖြစ်၏။

သီဟ– သီဟ၊ ဒါယကော– ပေးလှူတတ်သော၊ ဒါနပတိ– အလှူရှင် သည်၊ ဗဟုနော– များစွာသော၊ ဇနဿ– လူအပေါင်း၏၊ (ဝါ) လူအပေါင်း သည်၊ ပိယော– ချစ်ခင်အပ်သူသည်၊ မနာပေါ– မြတ်နိုးအပ်သူသည်၊ ယမ္ပိ ဟောတိ– အကြင်ဖြစ်၏။ ဣဒမ္ပိ– ဤသို့များစွာသော လူအပေါင်း၏ ချစ်ခင် မြတ်နိုးမှုဖြစ်ခြင်းသည်လည်း၊ သန္ဒိဋ္ဌိကံ– ယခုဘဝ၌ပင် ကိုယ်တိုင်တွေ့မြင် ခံစားနိုင်သော၊ ဒါနဖလံ– အလှူဒါန၏အကျိုးပါပေတည်း။

သီဟ၊ ပေးလှူတဲ့ အလှူရှင်သည် များစွာသော လူအပေါင်းရဲ့ ချစ်ခင် မြတ်နိုးမှုကို ခံရတာဟာ လက်တွေ့ တွေ့မြင်ခံစားရတဲ့ မျက်မှောက်အကျိုးပါပဲလို့ ဟောကြားတော်မူပါတယ်။

ဒီတော့ တရားနာပရိသတ်၊ ကိုယ့်ကို ပေးတဲ့ လှူတဲ့ ကျွေးမွေးပြုစုတဲ့ သူကို မုန်းတယ်လို့ ပြောတာ ကြားဖူးကြသလား။

(မကြားဖူးပါဘူး ဘုရား)

သူတစ်ပါးက ကိုယ့်ကိုချစ်ခင်နှစ်သက်မြတ်နိုးစေချင်ရင် ဘာလုပ်ရမလဲ ဆိုရင် ပေးရ ကျွေးရ လှူဒါန်းရမယ်နော်။

(မှန်လှပါဘုရား)

http://www.dhammadownload.com



ပေးတဲ့၊ ကျွေးတဲ့၊ လှူဒါန်းတဲ့သူကို လူအများက မချစ်ခင်ကြဘူးလား။

(ချစ်ခင်ကြပါတယ်ဘုရား)

အေး အဲဒီချစ်ခင်နှစ်သက်မြတ်နိုးမှုကို ခံရတာဟာ ဒါနရဲ့မျက်မှောက် ကောင်းကျိုးပဲနော်။

(မှန်လှပါဘုရား)

ဒီတော့ ဒါနပြုတဲ့သူဟာ ခုဘဝမှာပဲ မျက်မှောက်ကောင်းကျိုး ရောက်မှာလား၊ နောက်ဘဝကျမှ ကောင်းကျိုးရောက်မှာလား။

(ခုဘဝမှာပဲ မျက်မှောက်ကောင်းကျိုးရောက်မှာပါဘုရား)

ဒါဆိုရင် ဒီနေ့အမည်ပေးပြီး ဟောကြားနေတဲ့တရားတော်အမည်က ဘာတဲ့လဲ။

(ဒါနမျက်မှောက် ကောင်းကျိုးရောက် တရားတော်ပါဘုရား)

ဒါနဟာ ခုပြု ခုချက်ချင်း လက်ငင်း ချစ်ခင်မြတ်နိုးမှုကို ခံရတဲ့ တရား ဆိုတာ သဘောပေါက်ကြပြီလား။

(သဘောပေါက်ပါပြီဘုရား)

သဘောပေါက်ကြပြီဆိုရင် ဒါနပြုရမှာလား၊ ဒါနပယ်ရမှာလား။

(ဒါနပြုရမှာပါဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

* ဒါနပြုလျှင်၊ များလူရှင်၊ ချစ်ခင်မြတ်နိုးမှာ။
* ဒါနမျက်မှောက်၊ ကောင်းကျိုးရောက်၊ မှတ်လောက်လက်တွေ့ပါ။
* ဒါနပြုက၊ ကောင်းကျိုးရ၊ မှတ်ကြလက်တွေ့ပါ။
* ချစ်ခင်စေလို၊ ဒါနကို၊ ပိုပိုပြုအစဉ်။
* ဒါနမျက်မှောက်၊ ကောင်းကျိုးရောက်၊ အံ့လောက်များချစ်ခင်။
* ရှင်တော်ဘုရား၊ သီဟအား၊ ဟောကြားပြသည်ပင်။

ပေးသူ ကျွေးသူ ဒါနပြုသူကို တိရစ္ဆာန်များပင် ချစ်ခင်ကြနော်။

(မှန်လှပါဘုရား)

ဒါကြောင့်

ဒါနံ သီနေဟ ဘေသဇ္ဇံ၊ မစ္ဆေရံ ဒေါသနောသဓံ။

ဒါနံ ယသဿီ ဘေသဇ္ဇံ၊ မစ္ဆေရံ ကပဏောသဓံ။

ဒါနံ– ပေးကမ်းခြင်းသည်၊ သိနေဟဘေသဇ္ဇံ– အပြစ်မပါ၊ အနှစ်ရှာဆေး အချစ်ဆေးပါပေတည်းတဲ့။

http://www.dhammadownload.com



ဒါနဆိုတာ အပြစ်မပါတဲ့ အနှစ်သာရ အချစ်ဆေးတော်ကြီးပါပဲတဲ့။ ဒါနဆိုတာ ဘာတဲ့လဲ။

(အချစ်ဆေးပါဘုရား)

ပေးတဲ့ ကျွေးတဲ့ ပြုစုတဲ့သူကို အပြစ်တင်ပါ့မလား။

(မတင်ပါဘူး ဘုရား)

ဒါကြောင့် အပြစ်မပါ အပြစ်မတင်တဲ့ အနှစ်သာရလို့ပြောတာနော်။

(မှန်လှပါဘုရား)

နောက်ပြီး စီးပွားဥစ္စာတွေထဲက အနှစ်သာရ ထုတ်ယူလိုက်ရင် ဒါနပဲ ရတယ်။ ဒါနပဲဖြစ်တယ်။ ဒါကြောင့်လည်း ဒါနကို အနှစ်လို့ဆိုတယ်။

ဒီတော့ တရားနာပရိသတ်၊ ပေးကမ်းလှူဒါန်းခြင်း ဒါနဆိုတာ အနှစ်အလုပ်လား၊ အပြစ်အလုပ်လား။

(အနှစ်အလုပ်ပါဘုရား)

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

* ဒါနဆိုတာ၊ ချစ်ဆေးပါ၊ သေချာသိရမည်။
* ဒါနဆိုတာ၊ ချစ်ဆေးပါ၊ သိကာပြုရမည်။
* ဒါနဆိုတာ၊ အနှစ်ပါ၊ သိကာပြုရမည်။
* ဒါနပြုလျှင်၊ ပြစ်မတင်၊ ချစ်ခင်ပိုကြသည်။

မစ္ဆေရ- မပေးမလှူလို နှမြောဝန်တိုခြင်းသည်၊ ဒေါသနောသစံ- အပြုံးမပါ နှလုံးနာတဲ့ အမုန်းမဟာဆေးတော်ကြီးပါပေတည်း။

မပေး မလှူခြင်း၊ နှမြောဝန်တိုခြင်းကတော့ အမုန်းဆေးပဲတဲ့။ ဘာတဲ့လဲ။

(အမုန်းဆေးပါဘုရား)

မပေး မလှူတဲ့၊ နှမြောတဲ့သူကို ချစ်လို့ရနိုင်ပါ့မလား။

(မရနိုင်ပါဘူးဘုရား)

မပေးတဲ့ မကျွေးတဲ့သူများ တွေ့ရမြင်ရပြီဆိုရင် ပြုံးပြဖို့ မလွယ်ပါဘူး။ အကယ်၍ လူမှုရေးအရ ပြုံးပြရစေဦးတော့၊ စိတ်ထဲက မပါနိုင်ပါဘူး။ ဒါကြောင့် အပြုံးမပါလို့ အနက်ပေးလိုက်တာပါပဲ။

ဒီတော့ တရားနာပရိသတ်၊ ဒါနဆိုတာ အချစ်ဆေး၊ အပြုံးဆေး၊ မစ္ဆေရဆိုတာ အမုန်းဆေးနော်။

(မှန်လှပါဘုရား)

http://www.dhammadownload.com



ဒါနဆိုတဲ့အပြုံးဆေးကို ဆောင်ရမယ်၊ မစ္ဆေရဆိုတဲ့ အမုန်းဆေးကို ရှောင်ရမယ်။

ကဲ– ခေတ်ဆန်းကဗျာလေး လိုက်ဆိုကြ

* ဒါနဆိုတာ အချစ်ဆေး
သိကာပြုကြ မြန်မနေး။
* ဒါနဆိုတာ အပြုံးဆေး
သိကာပြုကြ မြန်မနေး။
* မစ္ဆေရဆိုတာ အမုန်းဆေး
သိကာရှောင်ကြ မြန်မနေး။

ဒါနံ– စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းသည်၊ ယသသိဘောသဗ္ဗ– အခြံအရံ ဧကန်များကြောင်း ဆေးစွမ်းကောင်းကြီးပါပေတည်း။

စွန့်ကြဲပေးကမ်းခြင်းဟာ အခြံအရံများကြောင်း အခြံအရံပေါကြောင်း ဆေးစွမ်းကောင်းကြီးပါတဲ့။ ဒါကြောင့် ဒကာ ဒကာမတွေ အခြံအရံများချင်ရင် ပေါများချင်ရင် ပေးကမ်းစွန့်ကြဲရမယ်နော်။

(မှန်လှပါဘုရား)

ကဲ– လင်္ကာလေးတွေလိုက်ဆိုကြ

* အခြံအရံ၊ ပေါလိုပြန်၊ အမှန်ပေးကမ်းပါ။
* အခြံအရံ၊ ပေါဆေးမှန်၊ ဧကန်ပေးကမ်းတာ။

မစ္ဆေရံ– မပေးလို၊ မလှူလို နှမြောဝန်တိုခြင်းသည်၊ ကပဏောသဓံ– အကျည်းတန်၊ အထီးကျန်မွဲ၊ ဆင်းရဲတဲ့ ဆေးကြီးပါပေတည်း။

နှမြောခြင်းကတော့ အထီးကျန်မွဲ ဆင်းရဲတဲ့ဆေးပါပဲ။ လူ့ဘဝမှာ အသိုင်းအဝိုင်း အခြံအရံပရိသတ် မရှိကြတာဟာ တရားခံရှာလိုက်တော့ မစ္ဆေရကြောင့်နော်။

(မှန်လှပါဘုရား)

ဒါနကြောင့် အခြံအရံပေါတယ်၊ မစ္ဆေရကြောင့် အခြံအရံနည်းတယ်၊ အထီးကျန်မွဲ ဆင်းရဲတယ်၊ ဒီလိုမဟုတ်လား။

(မှန်လှပါဘုရား)

ဒါနနဲ့ မစ္ဆေရဟာ ဆန့်ကျင်ဘက်၊ ဒါနက ပေးချင်လှူချင် ကျွေးချင်တယ်၊ မစ္ဆေရက မပေးချင်၊ မလှူချင် မကျွေးချင်ဘူး။ ပေးချင် လှူချင်

http://www.dhammadownload.com



ကျွေးချင်တော့ ပေါ်တာပေါ့။ မပေးချင် မလှူချင် မကျွေးချင်တော့ မွဲတာပေါ့။ ဒီတော့ ဒကာ ဒကာမတွေက ပေါချင်သလား၊ မွဲချင်သလား။

(ပေါချင်ပါတယ်ဘုရား)

ပေါချင်ရင် ဘာလုပ်ရမလဲ။

(ပေးရမှာပါဘုရား)

ပေးချင်ရင်

(ပေါမှာပါဘုရား)

ကဲ- ဦးပဥ္စင်းရဲ့ အမြဲတမ်းဟောနေကျ လက်သုံးဆောင်ပုဒ်လေး ညီညီညာညာ လိုက်ဆိုကြ

*ပေးချင်ရင်ပေါ၊ ပေါချင်ရင်ပေး၊
ဒါနဆိုတာ ပီယဆေး။

*ကျွေးချင်ရင်ပေါ၊ ပေါချင်ရင်ကျွေး၊
ဒါနဆိုတာ ပေါ်တဲ့ဆေး။

*လှူချင်ရင်ပေါ၊ ပေါချင်ရင်လှူ၊
ဒါနဆိုတာ ပေါဆေးဟူ။

*ပေါချင်ရင်ပေးပါ၊
ပေးချင်ရင် ပေါပါလိမ့်မယ်။

*ပေါချင်ရင် ကျွေးပါ၊
ကျွေးချင်ရင် ပေါပါလိမ့်မယ်။

*ပေါချင်ရင် လှူပါ၊
လှူချင်ရင် ပေါပါလိမ့်မယ်။

*မပေးချင်ရင် မပေါ၊ မပေါချင်ရင် မပေးနဲ့။
မဆွေရဟာ မှန်းဆေးတဲ့။

*မကျွေးချင်ရင် မပေါ၊ အပေါချင်ရင် မကျွေးနဲ့၊
မဆွေရဟာ မွဲဆေးတဲ့။

*မလှူချင်ရင် မပေါ၊ မပေါချင်ရင် မလှူနဲ့၊
မဆွေရဟာ မွဲဆေးတဲ့။

ဒါနရဲ့ မျက်မှောက် ကောင်းကျိုးနဲ့ပတ်သက်ပြီး တော်တော်လေး ရှည်သွားပြီ။ ဒီဂါထာလေးက တော်တော်ကောင်းလွန်းလို့ ပြည့်ပြည့်စုံစုံ ဟောပြနေတာပါ။

http://www.dhammadownload.com



ကဲ- အထီးကျန်လင်္ကာလေး လိုက်ဆိုကြ

*မပေးလိုပြန်၊ အထီးကျန်၊ ကျည်းတန်မွဲဆေးပါ။

*မမွဲလိုက၊ မဆွေရ၊ ရှောင်ကြမျှားသူငါ။

ကဲ- ဒါနရဲ့ မျက်မှောက်ကောင်းကျိုးရပုံ အမှတ် (၂) တရားကို ဆက်ပြီးတော့ ဟောကြ နာကြပါစို့။

၂။ ပုန စ ပရံ သီဟ ဒါယကံ ဒါနပတိံ သန္တော သပ္ပုရိသာ ဘဇန္တိ၊ ယမ္ပိ သီဟ ဒါယကံ ဒါနပတိံ သန္တော သပ္ပုရိသာ ဘဇန္တိ၊ ဣဒမ္ပိ သန္ဒိဋ္ဌိကံ ဒါနဖလံ။

သီဟ- သီဟ၊ ပုနစ- နောက်ထပ်တစ်ဖန်လည်း၊ အပရံ- အခြားသော မျက်မှောက်ဒါန၏အကျိုးကို၊ (အဟံ- ငါဘုရားသည်၊ ဘာသိဿာမိ- ဟော တော်မူဦးအံ့။ ဒါယကံ- ပေးလှူတတ်သော၊ ဒါနပတိံ- အလှူရှင်ကို၊ သန္တော- ကိလေသာ ခပ်သိမ်းတို့ကို ငြိမ်းစေတော်မူကြကုန်သော၊ (ဝါ) မလှုပ်ဣန္ဒြေ ငြိမ်သက်တော်မူကြပါပေကုန်သော၊ သပ္ပုရိသာ- ဘုရားစတောင်း သူတော် ကောင်းတို့သည်၊ ဘဇန္တိ- ချဉ်းကပ်တော်မူကြကုန်၏။ သီဟ- သီဟ၊ ဒါယကံ- ပေးလှူတတ်သော၊ ဒါနပတိံ- အလှူရှင်ကို၊ သန္တော- ကိလေသာခပ်သိမ်းတို့ ကို ငြိမ်းစေတော်မူကြကုန်သော၊ သပ္ပုရိသာ- ဘုရားစတောင်း သူတော်ကောင်း တို့သည်၊ ယမ္ပိဘဇန္တိ- အကြင်ချဉ်းကပ်တော်မူကြကုန်၏။ ဣဒမ္ပိ- ဤသို့ သူတော်ကောင်းတို့ ချဉ်းကပ်တော်မူကြကုန်ခြင်းသည်လည်း၊ သန္ဒိဋ္ဌိကံ- ယခု ဘဝ၌ပင် ကိုယ်တိုင်တွေ့မြင်ခံစားနိုင်သော၊ ဒါနဖလံ- အလှူဒါန၏အကျိုးပါပေ တည်း။

ဘုရားစတဲ့ သူတော်ကောင်းတွေ အလှူရှင်ရဲ့ထံကို ချဉ်းကပ်ရောက်လာ ခြင်းဟာ ဒါနရဲ့မျက်မှောက်ကောင်းကျိုးပါပဲ။

ကဲ- လင်္ကာလေးလိုက်ဆိုကြ

*သူတော်ကောင်းမြတ်၊ မြဲချဉ်းကပ်၊ မပြတ်ရောက်လို့လာ။

*ဒါနမျက်မှောက် ကောင်းကျိုးရောက်၊ အံ့လောက်လက်တွေ့ပါ။

၃။ ပုန စ ပရံ သီဟ ဒါယကဿ ဒါနပတိနော ကလျာဏော ကိတ္တိသဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆတိ၊ ယမ္ပိ သီဟ ဒါယကဿ ဒါနပတိနော ကလျာဏော ကိတ္တိသဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆတိ၊ ဣဒမ္ပိ သန္ဒိဋ္ဌိကံ ဒါနဖလံ။

http://www.dhammadownload.com



သီဟ– သီဟ၊ ပုနစ– နောက်ထပ်တစ်ဖန်လည်း၊ အပရံ– အခြားသော မျက်မှောက် ဒါန၏အကျိုးကို၊ (အဟံ– ငါဘုရားသည်၊ဘာသိဿာမိ– ဟောတော်မူဦးအံ့။) ဒါယကဿ– ပေးလှူတတ်သော၊ ဒါနပတိနော– အလှူရှင်၏၊ ကလျာဏော– ကောင်းသော၊ ကိတ္တိသဒ္ဒေါ– ချီးမွမ်းအံ့ဩ ပြောဆိုအပ်သော ဂုဏ်သတင်းသည်၊ (ဝါ) ချီးမွမ်းအံ့ဩ ကျော်စောသံသည်၊ အဗ္ဘုဂ္ဂစ္ဆတိ– ကျော်လွှားပျံ့နှံ့၍ တက်သွား၏။ သီဟ– သီဟ၊ ဒါယကဿ– ပေးလှူတတ်သော၊ ဒါနပတိနော– အလှူရှင်၏၊ ကလျာဏော– ကောင်းသော၊ ကိတ္တိသဒ္ဒေါ– ချီးမွမ်းအံ့ဩ ကျော်စောသံသည်၊ ယမ္ပိအဗ္ဘုဂ္ဂစ္ဆတိ– အကြင်ကျော်လွှားပျံ့နှံ့၍ တက်သွား၏။ ဣဒမ္ပိ– ဤသို့ချီးမွမ်းဂုဏ်သတင်း ပျံ့နှံ့ခြင်းသည်လည်း၊ သန္ဒိဋ္ဌိကံ– ယခုဘဝ၌ပင် ကိုယ်တိုင်တွေ့မြင် ခံစားနိုင်သော၊ ဒါနဖလံ– အလှူဒါန၏ အကျိုးပါပေတည်း။

သီဟ၊ နောက်ထပ်တစ်မျိုး ဒါနရဲ့ မျက်မှောက်အကျိုးကတော့ ပေးလှူတဲ့ အလှူရှင်ရဲ့ ကောင်းတဲ့ဂုဏ်သတင်းတွေဟာ ပျံ့နှံ့သွားတယ်။ အလှူရှင်ပဲလို့ ကောင်းကောင်းကြီး ချီးမွမ်းခံရ ဂုဏ်ပြုခံရတယ်။ ကောင်းဂုဏ်သတင်းတွေ ကျော်စောသွားခြင်းပါပဲလို့ ဟောကြားတော်မူပါတယ်။

သူများကောင်းစားအောင် ဒါနပြုပြီးတော့ အကျိုးဆောင်ပေးတဲ့သူမှာ မိမိကိုယ်တိုင် ဂုဏ်လုပ်နေစရာ ပကာသနပြုနေစရာ မလိုပါဘူး။ ဒီပုဂ္ဂိုလ်ဟာ အလှူရှင် ဒါနရှင်ပဲလို့ အများက အလိုလိုဂုဏ်ပြုချီးမွမ်း ဖော်ထုတ်ပေးမှု ခံရတယ်နော်။

(မှန်လှပါဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

*ကောင်းဂုဏ်သတင်း၊ ကျော်စောခြင်း၊ လက်ငင်းကောင်းကျိုးပါ။

*ဒါနမျက်မှောက်၊ ကောင်းကျိုးရောက်၊ အံ့လောက် လက်တွေ့ပါ။

ဒါနရဲ့မျက်မှောက်ကောင်းကျိုးတွေ ဘယ်နှစ်မျိုးပြီးသွားပြီလဲ။

(သုံးမျိုးပြီးသွားပါပြီ ဘုရား)

ကဲ– ဒါနရဲ့မျက်မှောက်ကောင်းကျိုး အမှတ် ၄ ကို ဟောကြ နာကြပါစို့

၄။ ပုန စ ပရံ သီဟ ဒါယကော ဒါနပတိ ယံ ယဒေဝ ပရိသံ ဥပသင်္ကမတိ ယဒိ ခတ္တိယပရိသံ ယဒိ ဗြာဟ္မဏပရိသံ ယဒိဂဟပတိ

http://www.dhammadownload.com



ပရိသံ ယဒိ သမဏပရိသံ၊ ဝိသာရဒေါ ဥပသင်္ကမတိ အမင်္ကုဘူတော။ ယမ္ပိ သီဟ ဒါယကော ဒါနပတိ ယံယဒေဝ ပရိသံ ဥပသင်္ကမတိ ယဒိခတ္တိယပရိသံ ယဒိဗြာဟ္မဏပရိသံ ယဒိ ဂဟပတိပရိသံ ယဒိ သမဏပရိသံ၊ ဝိသာရဒေါ ဥပသင်္ကမတိ အမင်္ကုဘူတော၊ ဣဒမ္ပိ သန္ဒိဋ္ဌိကံ ဒါနဖလံ။

သီဟ– သီဟ၊ ပုနစ– နောက်ထပ်တစ်ဖန်လည်း၊ အပရံ– အခြားသော မျက်မှောက်ဒါန၏အကျိုးကို၊ (အဟံ– ငါဘုရားသည်၊ ဘာသိဿာမိ– ဟော တော်မူဦးအံ့။) ဒါယကော– ပေးလှူတတ်သော၊ ဒါနပတိ– အလှူရှင်သည်၊ ယံယဒေဝပရိသံ–အကြင် အကြင်ပရိသတ်သို့၊ ဥပသင်္ကမတိ– ဝင်ရောက်အံ့၊ ယဒိခတ္တိယပရိသံ– မင်းပရိသတ်သို့သော်လည်းကောင်း၊ ယဒိဗြာဟ္မဏပရိသံ– ပုဏ္ဏားပရိသတ်သို့သော်လည်းကောင်း၊ ယဒိဂဟပတိ ပရိသံ– အိမ်ရှင်လူတန်းစား ပရိသတ်သို့သော်လည်းကောင်း၊ ယဒိသမဏပရိသံ– ရဟန်းပရိသတ်သို့ သော်လည်းကောင်း၊ (ဥပသင်္ကမတိ– ဝင်ရောက်အံ့၊ တံ တံ ပရိသံ– ထိုထို ပရိသတ်သို့) ဝိသာရဒေါ– ကင်းသောကြောက်ရွံ့ခြင်းရှိလျက်၊ အမင်္ကုဘူတော– အရှိန်အဝါ မရှိသည်အဖြစ်သို့ ရောက်သူမဟုတ်ဘဲ၊ (ဝါ) အရှိန်အဝါရှိသူအဖြစ် ရောက်လျက်၊ (ဝါ) မျက်နှာကြည်လင် ရွှင်ပျသူအဖြစ်သို့ရောက်လျက်၊ ဥပသင်္ကမတိ– ဝင်ရောက်နိုင်၏၊ သီဟ– သီဟ၊ ဒါယကော– ပေးလှူတတ်သော၊ ဒါနပတိ– အလှူရှင်သည်၊ ယံယဒေဝပရိသံ– အကြင် အကြင်ပရိသတ်သို့၊ ဥပသင်္ကမတိ– ဝင်ရောက်အံ့၊ ယဒိ– ခတ္တိယပရိသံ– မင်းပရိသတ်သို့သော် လည်းကောင်း၊ ယဒိဗြာဟ္မဏပရိသံ– ပုဏ္ဏားပရိသတ်သို့သော်လည်းကောင်း၊ ယဒိဂဟပတိပရိသံ– အိမ်ရှင်လူတန်းစား ပရိသတ်သို့သော်လည်းကောင်း၊ ယဒိ သမဏပရိသံ– ရဟန်းပရိသတ်သို့သော်လည်းကောင်း၊ (ဥပသင်္ကမတိ– ဝင်အံ့၊ တံ တံ ပရိသံ– ထိုထိုပရိသတ်သို့။) ဝိသာရဒေါ– မကြောက်မရွံ့ ရဲဝံ့ကြည် လင် ဉာဏ်ဖြင့်ရွှင်ပျ သောမနဿရှိလျက်၊ အမင်္ကုဘူတော– မျက်နှာကြည်လင် ရွှင်ပျသူအဖြစ်သို့ရောက်လျက်၊ ယမ္ပိဥပသင်္ကမတိ– အကြင်ဝင်ရောက်နိုင်၏၊ ဣဒမ္ပိ– ဤသို့ပရိသတ်လေးပါးအတွင်းသို့ ရဲဝံ့စွာအရှိန်အဝါဖြင့် ဝင်ရောက်နိုင် ခြင်းသည်လည်း၊ သန္ဒိဋ္ဌိကံ– ယခုဘဝ၌ပင် ကိုယ်တိုင်မြင်တွေ့ ခံစားနိုင်သော၊ ဒါနဖလံ– အလှူဒါန၏အကျိုးပါပေတည်း။

သီဟ၊ ပေးလှူတတ်တဲ့အလှူရှင်ဟာ မင်းပရိသတ်၊ ပုဏ္ဏားပရိသတ်၊ အိမ်ရှင်လူတန်းစား ပရိသတ်၊ ရဟန်းပရိသတ်ဆိုတဲ့ ပရိသတ်လေးမျိုးထဲမှာ

http://www.dhammadownload.com



ဘယ်ပရိသတ်ထဲသို့မဆို ရဲရဲဝံ့ဝံ့ ရွှင်ရွှင်ပျပျ ကြည်ကြည်လင်လင် ဂုဏ်ရှိရှိ အရှိန်အဝါရှိရှိ ဝင်ရောက်သွားလာနိုင်ခြင်းဟာ ဒါနရဲ့ မျက်မှောက်ကောင်းကျိုး ရောက်ခြင်းပါပဲလို့ ဟောကြားတော်မူပါတယ်။

မလှူတဲ့သူဟာ မဝင်ရဲ မသွားရဲ မလာရဲတာ၊ လှူတဲ့သူကတော့ ဘယ်လို ပရိသတ်ထဲပဲဖြစ်ဖြစ် ရဲရဲဝံ့ဝံ့ ကြည်ကြည်လင်လင် ဝင်ရဲ သွားရဲ လာရဲတယ်နော်။

(မှန်လှပါဘုရား)

*ပရိသတ်လေးပါး၊ ဝင်ရောက်သွား၊ စိတ်ကား ရဲဝံ့တာ။

*ဘယ်ပရိသတ်၊ မဆိုမှတ်၊ ဝင်လတ်ရဲဝံ့တာ။

*ဒါနမျက်မှောက်၊ ကောင်းကျိုးရောက် အံ့လောက်လက်တွေ့ပါ။

ကဲ– ဒါနရဲ့မျက်မှောက် ကောင်းကျိုးလေးမျိုးကို ပြန်ပြီးတော့ အကျဉ်းချုပ် ကြည့်ကြရအောင်

၁။ လူအများ ချစ်မြတ်နိုးခံရခြင်း၊

၂။ သူတော်ကောင်းများ အလှူရှင်ထံ ချဉ်းကပ်ရောက်လာခြင်း၊

၃။ ကောင်းဂုဏ်သတင်း ကျော်စောခြင်း၊

၄။ ပရိသတ်လေးပါးထဲမှာ ဘယ်လိုပရိသတ်ထဲသို့မဆို ရဲရဲဝံ့ဝံ့ ဝင်ရောက် နိုင်ခြင်းတို့ပါပဲ။

ဒီတော့ တရားနာပရိသတ်၊ ဒါနရဲ့ မျက်မှောက်ကောင်းကျိုးတွေဟာ ဘယ်နှစ်မျိုးတဲ့လဲ။

(လေးမျိုးပါဘုရား)

ဒါနပြုရင် လက်တွေ့အကျိုးပေးတာလား၊ နောက်မှ အကျိုးပေးတာလား။

(လက်တွေ့အကျိုးပေးတာပါဘုရား)

ဒါနပြုတော့ လက်တွေ့ဒါနရဲ့ မျက်မှောက်ကောင်းကျိုးတွေ ဒါနပြုသူ အလှူရှင်ရဲ့အထံကို ရောက်မလာဘူးလား။

(ရောက်လာပါတယ်ဘုရား)

ဒါဆိုရင် ဒီနေ့ ဦးပဉ္ဇင်းဟောတဲ့တရားက ဘာတရားတဲ့လဲ။

(ဒါနမျက်မှောက် ကောင်းကျိုးရောက် တရားတော်ပါဘုရား)

ကဲ– အကျဉ်းချုပ်လင်္ကာလေး လိုက်ဆိုကြ

*ဒါနပြုလျှင်၊ ဒါနရှင်အား၊ အများချစ်ခင်၊

သူမြတ်ဝင်၍၊ ကောင်းအင်သတင်း၊ ကျော်စောခြင်းနှင့်၊ ရဲတင်းပွဲလယ်၊

http://www.dhammadownload.com



ဝင်ရဲတယ်၊ လေးသွယ်မျက်မှောက်ကျိုး။

ဒီနေ့ တရားနာနေကြတဲ့ ဒကာ ဒကာမတွေက မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့အတိုင်း အရှင်ဘုရား ဟောကြားလို့ ဒါနရဲ့မျက်မှောက် ကောင်းကျိုး ရောက်ပုံကိုတော့ သိရပါပြီ။ တမလွန်လောက နောက်ဘဝမှာတော့ ဒါနဟာ ကောင်းကျိုးမရနိုင်ဘူးလား ဘုရားလို့ မေးစရာ မလိုဘူးလား။

(မေးစရာ လိုပါတယ်ဘုရား)

ကဲ- ဒါနရဲ့ တမလွန်လောက နောက်ဘဝမှာလည်း ကောင်းကျိုးရောက်ပုံကို ဆက်ပြီးတော့ ဟောကြ နာကြပါစို့။

၅။ ပုန စ ပရံ သီဟ ဒါယကော ဒါနပတိ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇတိ၊ ယမ္ပိ သီဟ ဒါယကော ဒါနပတိ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇတိ။ ဣဒံ သမ္ပရာယိကံ ဒါနဖလန္တိ။

သီဟ- သီဟ၊ ပုနစ- နောက်ထပ်တစ်ဖန်လည်း၊ အပရံ- အခြားသော နောက်ဘဝ ဒါန၏အကျိုးကို (အဟံ- ငါဘုရားသည်၊ ဘာသိဿာမိ- ဟောတော်မူဦးအံ့။) ဒါယကော- ပေးလှူတတ်သော၊ ဒါနပတိ- အလှူရှင်သည်၊ ကာယဿ- ဥပါဒိန္န- ကိုယ်ခန္ဓာ၏၊ ဘေဒါ- ပျက်စီးခြင်းတည်းဟူသော၊ မရဏာ- သေသည်မှ၊ ပရံ- နောက်၌၊ သုဂတိံ- ချမ်းသာသုခအဝဝ၏ မုချ စင်စစ်ဖြစ်ရာဖြစ်သော၊ (ဝါ) ကောင်းသော လားရာ မှန်စွာစင်စစ် ကေန်ဖြစ်သော၊ သဂ္ဂံ- ရူပါရုံအစရှိသော အာရုံတို့ဖြင့် လွန်စွာမြင့်မြတ်သော၊ လောကံ- နတ်ပြည်သို့၊ ဥပပဇ္ဇတိ- လားရောက်ရ၏၊ သီဟ၊ သီဟ၊ ဒါယကော- ပေးလှူတတ်သော၊ ဒါနပတိ- အလှူရှင်သည်၊ ကာယဿ- ဥပါဒိန္န ကိုယ်ခန္ဓာ ၏၊ ဘေဒါ- ပျက်စီးခြင်းတည်းဟူသော၊ မရဏာ- သေသည်မှ၊ ပရံ- နောက်၌၊ သုဂတိံ- ချမ်းသာသုခ အဝဝ၏ မုချစင်စစ် ဖြစ်ရာဖြစ်သော၊ သဂ္ဂံ- ရူပါရုံ အစရှိသော အာရုံတို့ဖြင့် လွန်စွာမြင့်မြတ်သော၊ လောကံ- နတ်ပြည်သို့၊ ယမ္ပိဥပပဇ္ဇတိ- အကြင်လားရောက်ရ၏။ ဣဒံ- ဤသို့ နတ်ပြည်လားရောက်ရခြင်းသည်၊ သမ္ပရာယိကံ- တမလွန်လောက နောက်ဘဝ၌ ဖြစ်သော၊ ဒါနဖလံ- အလှူဒါန၏ အကျိုးပါပေတည်း။ ဣတိ- ဤသို့၊ အဝေါစ- ကရုဏာရှေ့ထား မေတ္တာအားဖြင့် မိန့်ကြားတော်မူလိုက်ပါပေသတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

http://www.dhammadownload.com



သီဟ၊ နောက်ထပ် ဒါနရဲ့အကျိုးကတော့ ပေးလှူတတ်တဲ့ အလှူရှင်ဟာ ခန္ဓာကိုယ်ကြီး ပျက်စီးသေဆုံးသွားတဲ့ နောက်အခါမှာ ချမ်းသာသုခပြည့်စုံလှတဲ့ ကောင်းသောလားရာဖြစ်တဲ့ ရူပါရုံအစရှိတဲ့ အာရုံတွေဖြင့် အလွန်မြင့်မြတ်တဲ့ နတ်ပြည်လောက ဘုံဘဝကို လားရောက်ရခြင်းပါပဲလို့ ဘုရားရှင်ကိုယ်တော်မြတ် ဟောကြားတော်မူပါတယ်။

ဒီတော့ တရားနာပရိသတ်၊ ဒါနပြုတဲ့ အလှူရှင်ဟာ မသေရခင် နေရစဉ်မှာ မျက်မှောက်ကောင်းကျိုးလေးမျိုး ရပြီးတော့ သေဆုံးတဲ့နောက်မှာလည်း နတ်ပြည်လောက ဘုံဘဝကို ရောက်ရတဲ့အကျိုးတစ်ပါးရတယ်နော်။

(မှန်လှပါဘုရား)

ဒါနပြုတဲ့ အလှူရှင်မျာ ယခုဘဝ၊ နောက်ဘဝ၊ ဘဝနှစ်မျိုးလုံးမှာ ကောင်းကျိုးတွေ ရရှိတယ်ဆိုတော့ ဒါနမပြုသင့်ဘူးလား တရားနာ။

(ပြုသင့်ပါတယ် ဘုရား)

ခု နောင်ဘဝ ကောင်းတဲ့လုပ်ငန်း ကောင်းကျိုးလုပ်ငန်းမြတ်ဟာ ဘာတရားပါလိမ့်။

(ဒါန တရားပါဘုရား)

ဒီနေ့ ဟောတဲ့ တရားတော်ကို ဒါနမျက်မှောက် ကောင်းကျိုးရောက်တရားတော်၊ သေပြီးတဲ့နောက် ကောင်းကျိုးရောက် တရားတော်၊ သေပြီးတဲ့နောက် နတ်ပြည်ရောက် တရားတော်၊ ခုနောင်ဘဝ ကောင်းကျိုးရတရားတော်မသည်ဖြင့် တရားအမည် အမျိုးမျိုးပေးပြီး ဟောကြားလို့ ရတယ်နော်။

(မှန်လှပါဘုရား)

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

* သေပြီးတဲ့နောက်၊ နတ်ပြည်ရောက်၊ အံ့လောက်ကောင်းကျိုးပါ။
* နတ်ပြည်ရောက်ချင်၊ ဒါနပင်၊ လှူ ရှင် ပြုရမှာ။

ကဲ ဘုရားရှင်ရဲ့ ဟောကြားတော်မူချက်တွေ နာယူပြီးတော့ သီဟသေနာပတိရဲ့လျှောက်ထားချက်ကို ဆက်ပြီးတော့ ဟောကြ နာကြပါစို့ တရားနာ။

ဧဝံ ဝုတ္တေ သီဟော သေနာပတိ ဘဂဝန္တံ ဧတဒဝေါစ "ယာနိမာနိ ဘန္တေ ဘဂဝတာ ဧတ္တာရိ သန္ဒိဋ္ဌိကာနိ ဒါနဖလာနိ အက္ခာတာနိ၊ နာဟံ့ဧတ္ထ ဘဂဝတော သဒ္ဓါယ ဂစ္ဆာမိ၊ အဟံ ပေတာနိ ဇာနာမိ။

http://www.dhammadownload.com



ဓဝံ– ဤသို့၊ ဝုတ္တေ– မြတ်စွာဘုရားက မိန့်ကြားဟောပြအပ်သည်ရှိသော်၊ သီဟော– သီဟမည်သော၊ သေနာပတိ– စစ်သူကြီးသည်၊ ဘဂဝန္တံ– မြတ်စွာဘုရားကို၊ ဧတံ– ဤစကားကို၊ အဝေါစ– လျှောက်ပြီ၊ (ကိန္တိ– အဘယ်သို့၊ အဝေါစ– လျှောက်သနည်းဟူမူ) "ဘန္တေ– မြတ်စွာဘုရား၊ ဘဂဝတာ– မြတ်စွာဘုရားသည်၊ စတ္တာရိ– လေးမျိုးကုန်သော၊ သန္ဒိဋ္ဌိကာနိ– ယခုဘဝ၌ပင် ကိုယ်တိုင်တွေ့မြင် ခံစားနိုင်ကုန်သော၊ ယာနိဣမာနိ ဒါနဖလာနိ– အကြင်အလှူဒါန၏အကျိုးတို့ကို၊ အက္ခာတာနိ– ဟောကြားတော်မူအပ်ပါကုန်ပြီ။ အဟံ– သီဟမည်ခေါ် တပည့်တော်သည်၊ ဧတ္ထ– ဤသန္ဒိဋ္ဌိကဒါနဖလလေးမျိုးတို့၌၊ ဘဂဝတော– မြတ်စွာဘုရား၌၊ သဒ္ဓါယ– ယုံကြည်စိတ်ချမှုဖြင့်သာ၊ နဂစ္ဆာမိ– လိုက်ပါသည် လာရောက်သည်မဟုတ်ပါ။ (ဝါ) သိနားလည်ရသည်မဟုတ်ပါ။ (တစ်နည်း– ဘဂဝတော– မြတ်စွာဘုရား၏၊ ဝစနံ– စကားတော်ကို၊ သဒ္ဓါယ– ယုံကြည်စိတ်ချရမှုဖြင့်သာ၊ နဂစ္ဆာမိ– သိနားလည်ရသည်မဟုတ်ပါ။) အဟမ္ပိ– တပည့်တော်သည်လည်း၊ တာနိ– ဤသန္ဒိဋ္ဌိကဒါနဖလတို့ကို၊ ဇာနာမိ– သိပါ၏။

မြတ်စွာဘုရားက ဒါနရဲ့ မျက်မှောက်အကျိုးလေးပါး တမလွန်အကျိုးက တစ်ပါး ဟောကြားပြီးတဲ့အခါမှာ သီဟစစ်သူကြီးက "မြတ်စွာဘုရား၊ မြတ်စွာဘုရားသည် ဒါနရဲ့မျက်မှောက်အကျိုးလေးမျိုးတို့ကို ဟောကြားတော်မူအပ်ပါပေကုန်ပြီ။ အဲဒီလေးမျိုးတို့၌ တပည့်တော် မြတ်စွာဘုရား၌ ယုံကြည်စိတ်ချမှုနဲ့သာ သိနားလည်ရတာ မဟုတ်ပါ။ တပည့်တော်လည်း ဒါနရဲ့မျက်မှောက် ကောင်းကျိုးရောက်ပုံ လေးမျိုးတို့ကို သိပါတယ်ဘုရား" လို့ လျှောက်ထားပါတယ်။

ဆက်ပြီးတော့ လျှောက်ထားပုံက

အဟံ ဘန္တေ ဒါယကော ဒါနပတိ ဗဟုနော ဇနဿ ပိယောမနာပေါ၊ အဟံဘန္တေ ဒါယကော ဒါနပတိ မံသန္တော သပ္ပုရိသာ ဘဇန္တိ၊ အဟံဘန္တေ ဒါယကော ဒါနပတိ မယှံ ကလျာဏော ကိတ္တိသဒ္ဒေါ အဗ္ဘုဂ္ဂတော "သီဟော သေနာပတိ ဒါယကော ကာရကော သံဃုပဋ္ဌာကော" တိ၊ အဟံ ဘန္တေ ဒါယကော ဒါနပတိ ယံယဒေဝ ပရိသံ ဥပသင်္ကမာမိ ယဒိခတ္တိယ ပရိသံ ယဒိဗြာဟ္မဏပရိသံ ယဒိ ဂဟပတိ ပရိသံ ယဒိသမဏ ပရိသံ၊ ဝိသာရဒေါ ဥပသင်္ကမာမိ အမင်္ကုဘူတော။

http://www.dhammadownload.com



၁။ ဘန္တေ– အရှင်ဘုရား၊ အဟံ– တပည့်တော်သည်၊ ဒါယကော– ပေးလှူတတ်သော၊ ဒါနပတိ– အလှူရှင်သည်၊ (အမှိ– ဖြစ်ပါ၏။ တသ္မာ– ထို့ကြောင့်၊ အဟံ– တပည့်တော်သည်) ဗဟုနော– များစွာသော၊ ဇနဿ– လူအပေါင်းတို့၏၊ ပိယော– ချစ်ခင်အပ်သူသည်၊ မနာပေါ– မြတ်နိုးအပ်သူသည် (အမှိ– ဖြစ်ပါ၏။)

အရှင်ဘုရား တပည့်တော်သည် ပေးလှူတတ်တဲ့ အလှူရှင်ဖြစ်တဲ့အတွက် တပည့်တော်ဟာ လူများစွာရဲ့ ချစ်ခင်မြတ်နိုးမှု ခံရပါတယ်ဘုရား။

၂။ ဘန္တေ– အရှင်ဘုရား၊ အဟံ– တပည့်တော်သည်၊ ဒါယကော– ပေးလှူတတ်သော၊ ဒါနပတိ– အလှူရှင်သည်၊ (အမှိ– ဖြစ်ပါ၏၊ တသ္မာ– ထို့ကြောင့်။) မံ– တပည့်တော်ကို၊ သန္တော– ကိလေသာငြိမ်းသိမ်းတို့ကို၊ ငြိမ်းစေတော်မူကြကုန်သော၊ သပ္ပုရိသာ– ဘုရားစတောင်းသူတော်ကောင်းတို့သည်၊ ဘဇန္တိ– ချဉ်းကပ်တော်မူကြပါကုန်၏။

အရှင်ဘုရား အလှူရှင်ဖြစ်တဲ့ တပည့်တော်ရဲ့အထံသို့ သူတော်ကောင်းတွေ ချဉ်းကပ်ကြပါတယ် ဘုရား။

၃။ ဘန္တေ– အရှင်ဘုရား၊ အဟံ– တပည့်တော်သည်၊ ဒါယကော– ပေးလှူတတ်သော၊ ဒါနပတိ– အလှူရှင်သည်၊ (အမှိ– ဖြစ်ပါ၏။ တသ္မာ– ထို့ကြောင့်) မယှံ– တပည့်တော်၏၊ ကလျာဏော– ကောင်းသော၊ ကိတ္တိသဒ္ဒေါ– ကောင်းဂုဏ်သတင်း ကျော်စောခြင်းသည်၊ အဗ္ဘုဂ္ဂတော– ကျော်လွှမ်း ပျံ့နှံ့၍တက်သွားပါပြီ။ (ကိန္တိ– အဘယ်သို့၊ အဗ္ဘုဂ္ဂတော– ကျော်လွှမ်းပျံ့နှံ့၍ တက်သွားပါသနည်းဟူမူ) "သီဟော သေနာပတိ– သီဟစစ်သူကြီးသည်၊ ဒါယကော– ပေးလှူတတ်သူပေတည်း၊ ကာရကော– ကုသိုလ်ကောင်းမှုကို ပြုတတ်သူပေတည်း၊ သံဃုပဋ္ဌာကော– သံဃာတော်၏ အလုပ်အကျွေးပေတည်း၊ ဣတိ– ဤသို့၊ အဗ္ဘုဂ္ဂတော– ကျော်လွှမ်းပျံ့နှံ့၍ တက်သွားပါပြီ။

အရှင်ဘုရား တပည့်တော်သည် ပေးလှူတတ်တဲ့ အလှူရှင်ဖြစ်တဲ့အတွက် တပည့်တော်ရဲ့ ကောင်းဂုဏ်သတင်း ကျော်စောခြင်းဟာ ကျော်လွှမ်းပျံ့နှံ့၍ တက်သွားပါပြီဘုရား။ ဘယ်လိုကျော်လွှမ်းပျံ့နှံ့၍ တက်သွားသလဲဆိုတော့ "သီဟစစ်သူကြီးဟာ ပေးလှူတတ်သူ ကုသိုလ်ကောင်းမှုပြုတတ်သူဖြစ်တယ်၊ သံဃာရဲ့အလုပ်အကျွေးဖြစ်တယ်" ဆိုတဲ့ ကောင်းဂုဏ်သတင်းတွေ ကျော်လွှမ်းပျံ့နှံ့၍ တက်သွားပါတယ်ဘုရား။

http://www.dhammadownload.com



၄။ ဘန္တေ– အရှင်ဘုရား၊ အဟံ– တပည့်တော်သည်၊ ဒါယကော– ပေးလှူတတ်သော၊ ဒါနပတိ– အလှူရှင်သည်၊ (အမှိ– ဖြစ်ပါ၏။ တသ္မာ– ထို့ကြောင့်၊ အဟံ– တပည့်တော်သည်) ယံယံ ဒေဝပရိသံ– အကြင် အကြင်ပရိသတ်သို့၊ ဥပသင်္ကမာမိ– ဝင်ရောက်အံ့၊ ယဒိခတ္တိယပရိသံ– မင်းပရိသတ်သို့သော်လည်းကောင်း၊ ယဒိဗြာဟ္မဏပရိသံ– ပုဏ္ဏားပရိသတ်သို့သော်လည်းကောင်း၊ ယဒိဂဟပတိပရိသံ– အိမ်ရှင် လူတန်းစား ပရိသတ်သို့သော်လည်းကောင်း၊ ယဒိသမဏပရိသံ– ရဟန်းပရိသတ်သို့သော်လည်းကောင်း၊ ဥပသင်္ကမာမိ– ဝင်ရောက်အံ့၊ (တံ တံ ပရိသံ– ထိုထို ပရိသတ်သို့၊) ဝိသာရဒေါ– ကင်းသော ကြောက်ရွံ့ခြင်း ရှိလျက်၊ အမင်္ကုဘူတော– အရှိန်အဝါရှိသူအဖြစ် ရောက် လျက်၊ ဥပသင်္ကမာမိ– ဝင်ရောက်နိုင်ပါ၏။

အရှင်ဘုရား တပည့်တော်သည် ပေးလှူတတ်သူ အရှင်ဖြစ်သည့်အတွက် မင်း၊ ပုဏ္ဏား၊ အိမ်ရှင်လူတန်းစား၊ ရဟန်းဆိုတဲ့ ပရိသတ်လေးမျိုးထဲမှာ ဘယ် ပရိသတ်ထဲမဆို ရဲရဲဝံ့ဝံ့ အရှိန်အဝါရှိရှိ ဂုဏ်ရှိရှိ ဝင်ရောက်နိုင်ပါတယ်ဘုရား။

ယာနိ မာနိ ဘန္တေ ဘဂဝတာ စတ္တာရိ သန္ဒိဋ္ဌိကာနိ ဒါနဖလာနိ အက္ခာတာနိ၊ နာဟံ ဧတ္ထ ဘဂဝတော သဒ္ဓါယ ဂစ္ဆာမိ အဟံပေတာနိ ဇာနာမိ။

"မြတ်စွာဘုရား မြတ်စွာဘုရားသည် ဒါနရဲ့ မျက်မှောက်အကျိုးလေးမျိုး တို့ကို ဟောကြားတော်မူအပ်ပါပေကုန်ပြီ။ အဲဒီ လေးမျိုးတို့၌ တပည့်တော် သည် မြတ်စွာဘုရား၌ ယုံကြည်စိတ်ချမှုနဲ့သာ သိနားလည်ရတာမဟုတ်ပါ။ တပည့်တော်လည်း အဲဒီဒါနရဲ့ မျက်မှောက်အကျိုး လေးမျိုးတို့ကို သိပါတယ် ဘုရားလို့ လျှောက်ထားပါတယ်။

ဆက်ပြီးလျှောက်ထားပုံက

ယဉ္စ ခေါ မံ ဘန္တေ ဘဂဝါ ဧဝမာဟ "ဒါယကော သီဟဒါနပတိ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံဥပပဇ္ဇတီတိ"

ဘန္တေ– အရှင်ဘုရား၊ စ– တပည့်တော်သည် မသိသောအကျိုးတရား ကား၊ ဘဂဝါ– မြတ်စွာဘုရားသည်၊ ယံ– အကြင်အကျိုးတရားကို၊ မံ– တပည့်တော်ကို၊ ဧဝံ– ဤသို့၊ အာဟ– မိန့်တော်မူ၏။ (ကိန္တိ– အဘယ်သို့၊ အာဟ– မိန့်တော်မူသနည်းဟူမူ) သီဟ– သီဟ၊ ဒါယကော– ပေးလှူတတ်

http://www.dhammadownload.com



သော၊ ဒါနပတိ– အလှူရှင်သည်၊ ကာယဿဥပါဒိန္နခန္ဓာ– ကိုယ်၏၊ ဘေဒါ– ပျက်စီးခြင်းတည်းဟူသော၊ မရဏာ– သေသည်မှ၊ ပရံ– နောက်၌၊ သုဂတိံ– ချမ်းသာသုခအဝဝ၏ မုချစင်စစ် ဖြစ်ရာဖြစ်သော၊ သဂ္ဂံ– ရူပါရုံအစရှိသော အာရုံတို့ဖြင့် လွန်စွာမြင့်မြတ်သော၊ လောကံ– နတ်ပြည်သို့၊ ဥပပဇ္ဇတိ– လားရောက်ရ၏။ ဣတိ– ဤသို့၊ (အာဟ– မိန့်တော်မူ၏။)

တောဟံ နဇာနာမိ ဧတ္ထစ ပနာဟံ ဘဂဝတော သဒ္ဓါယ ဂစ္ဆာမိတိ။

တံ– သေပြီးသည့်နောက် နတ်ပြည်သို့ လားရောက်ရခြင်းဟူသော ဤအကျိုးတရားကို၊ အဟံ– တပည့်တော်သည်၊ နဇာနာမိ– မသိပါ၊ ဧတ္ထစပန– ဤအကျိုးတရား၌ကား၊ အဟံ– တပည့်တော်သည်၊ ဘဂဝတော– မြတ်စွာဘုရား၌၊ သဒ္ဓါယ– ယုံကြည်စိတ်ချရမှုဖြင့်သာ၊ ဂစ္ဆာမိ– သိနားလည်ရပါ၏။ ဣတိ– ဤသို့၊ (အဝေါစ– လျှောက်ပြီ။)

အရှင်ဘုရား အလှူရှင်သေပြီးနောက် နတ်ပြည်ရောက်ရတယ်ဆိုတဲ့ အကျိုးတရားကိုတော့ တပည့်တော် မသိပါ။ မြတ်စွာဘုရား ဟောကြားမှ သိနားလည်ရပါတယ်ဘုရားလို့ လျှောက်ထားပါတယ်။

ဧဝမေတံ သီဟ ဧဝမေတံ သီဟ၊ ဒါယကော ဒါနပတိ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇတီတိ။

သီဟ– သီဟ၊ ဧတံ– သေပြီးသည့်နောက် နတ်ပြည်လားရောက်ရခြင်း ဟူသော အကျိုးတရားသည်၊ ဧဝံ– ဤငါမိန့်သည့်အတိုင်း အမှန်ပေတည်း။ (နောက်တစ်ပုဒ်အနက်တူ)

ဒါယကော– ပေးလှူတတ်သော၊ ဒါနပတိ– အလှူရှင်သည်၊ ကာယဿ– ဥပါဒိန္နကိုယ်ခန္ဓာ၏၊ ဘေဒါ– ပျက်စီးခြင်းဟူသော၊ မရဏာ– သေသည်မှ၊ ပရံ– နောက်၌၊ သုဂတိံ– ချမ်းသာသုခ အဝဝ၏ မုချစင်စစ် ဖြစ်ရာဖြစ်သော၊ သဂ္ဂံ– ရူပါရုံအစရှိသော အာရုံတို့ဖြင့် လွန်စွာမြင့်မြတ်သော၊ လောကံ– နတ်ပြည်သို့၊ ဥပပဇ္ဇတိ– လားရောက်ရ၏။ ဣတိ– ဤသို့ (အဝေါစ– ကရုဏာရှေ့ထား မေတ္တာအားဖြင့် မိန့်ကြားတော်မူလိုက်ပါပေသတည်း။)

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

ဘုရားရှင်က သီဟ သေပြီးတဲ့နောက် နတ်ပြည်ရောက်ရတယ်ဆိုတာ ငါမိန့်တဲ့အတိုင်း အမှန်ပဲလို့ ဟောကြား မိန့်ကြားလိုက်တယ်နော်။

(မှန်လှပါဘုရား)

http://www.dhammadownload.com



ဒီခန္ဓာကိုယ်ကြီး သေပြီးရင် နတ်ပြည်မရောက်ချင်ဘူးလား။

(ရောက်ချင်ပါတယ်ဘုရား)

နတ်ပြည်ရောက်ချင်ရင် ဒါနပြုဖို့ မမေ့နဲ့၊ ဒါနမပယ်နဲ့နော်။

(မှန်လှပါဘုရား)

ကဲ- ဒီတရားဟောလိုက်တာ ပြည့်ပြည့်စုံစုံ ပြီးသွားပါပြီ။ အကျဉ်းချုပ် ဂါထာတွေပဲ ကျန်တော့တယ်။ အဲဒီဂါထာတွေရဲ့ အဓိပ္ပာယ်ကိုတော့ မပြောတော့ဘူး။ ပြောစရာလည်း မလိုတော့ပါဘူး။ ဘာကြောင့်လဲဆိုတော့ ရှေ့ပါဠိတော်တွေနဲ့ အကုန်ပြောပြီးခဲ့လို့ပါပဲ။

၁။ ဒဒံ ပိယော ဟောတိ ဘဇန္တိ နံ ဗဟူ။

ကိတ္တိဉ္စ ပပ္ပေါတိ ယသောစ ဝဍ္ဎတိ။

အမင်္ကုဘူတော ပရိသံ ဝိဂါဟတိ။

ဝိသာရဒေါ ဟောတိ နရော အမစ္ဆရီ။

ဒဒံ- ဒဒန္တော- ပေးလှူသောသူသည်၊ ပိယော- လူအများ၏ ချစ်ခင်အပ်သူသည်၊ ဟောတိ-ဖြစ်၏။ ဗဟူ- ရှင်လူအပေါင်း သူတော်ကောင်းအများတို့သည်၊ နံ- စေတနာဖြူဖွေး အလှူပေးတဲ့ထိုသူကို၊ ဘဇန္တိ- အမြဲနေ့ည ချဉ်းကပ်ကြကုန်၏။ (သော- စေတနာဖြူဖွေး အလှူပေးတဲ့ ထိုအလှူ့သူဌေးသည် ကိတ္တိံစ- မှန်စွာမယွင်း ကျော်စောခြင်းသို့လည်း၊ ပပ္ပောတိ- ရောက်၏။

(တဿ- ထိုစေတနာဖြူဖွေး အလှူပေးသောသူမှာ၊) ယသောစ- အမှန်များမြတ် အခြံအရံပရိသတ်သည်လည်း၊ ဝဍ္ဎတိ- တစ်နေ့တခြား ဒီအရေအလားသို့ မမှားမသွေ တိုးပွားနေ၏။ အမစ္ဆရီ- နှမြောတွန့်တိုမှုမရှိသော၊ နရော- စေတနာဖြူဖွေး အလှူပေးသောသူသည်၊ အမင်္ကုဘူတော- အရှိန်အဝါစစ်စစ် ရှိသူအဖြစ်ရောက်လျက်၊ ပရိသံ- ပရိသတ်လေးပါးသို့၊ ဝိဂါဟတိ- ဝင်ရောက်နိုင်၏၊ ဝိသာရဒေါ- ကြောက်ရွံ့ခြင်းကင်း ရဲဝံ့ခြင်းရှိသည်၊ ဟောတိ- ဖြစ်၏။

၂။ တသ္မာ ဟိ ဒါနာနိ ဒဒန္တိ ပဏ္ဍိတာ၊

ဝိနေယျ မစ္ဆေရမလံ သုခေသိနော။

တေ ဒီဃရတ္တံ တိဒိဝေ ပတိဋ္ဌိတာ။

ဒေဝါနံ သဟဗျဂတာ ရမန္တိ တေ။

တသ္မာဟိ- ထို့ကြောင့်ပင်၊ သုခေသိနော- ချမ်းသာသုခ အဝဝကို နေ့ည အစုံ ရှာမှီးကြကုန်သော၊ ပဏ္ဍိတာ- မှန်ရာမြင်သိ ပညာရှိတို့သည်၊ မစ္ဆေရမလံ- နှမြောတွန့်တို မပေးလိုသေး မစ္ဆေရဆိုတဲ့ အညစ်အကြေးကို၊

http://www.dhammadownload.com



ဝိနေယျ– မှန်စွာနေ့ညသ ပယ်ဖျောက်ကြကုန်၍၊ ဒါနာနိ– လှူဖွယ်ဝတ္ထု အစုစု တို့ကို၊ ဒတွာ– စေတနာဖြူဖွေး အလှူပေးကြကုန်၏။ တေ– ထိုပေးလှူသည့် ပညာရှိတို့သည်၊ ဒီဃရတ္တံ– ရှည်မြင့်စွာမှတ် နေ့ညဥ့်ပတ်လုံး၊ တိဒိဝေ– ရှုပါရုံအစ ကောင်းမွန်လှသည် ထက်နတ်ပြည်၌၊ ပတိဋ္ဌိတာ– တည်နေကြရ ကုန်၏။ တေ– ထိုပေးလှူသည့် ပညာရှိတို့သည်၊ ဒေဝါနံ– နတ်တို့၏၊ သဟဗျဂတာ– အတူတကွ အယှဉ်မျှသည့် ဖြစ်ဖက် အဖော်သဟဲ၏အဖြစ်သို့ ရောက်တော်မူကြကုန်လျက်၊ ရမန္တိ– ပျော်တပြုံးပြုံး မော်မဆုံးဘဲ နှလုံးခုန်ခုန် ပျော်မွေ့ကြ ကုန်၏။

၃။ ကတာဝကာသာ ကတကုသလာ တ္တတော စုတာ၊
သယံ ပဘာ အနုဝိစရန္တိ နန္ဒနံ။
တေ တတ္ထ နန္ဒန္တိ ရမန္တိ မောဒရေ၊
သမပ္ပိတာ ကာမဂုဏေဟိ ပဉ္စဟိ။
ကတွာန ဝါကျံ အသိတဿ တာဒိနော၊
ရမန္တိ သဂ္ဂေ သုဂတဿ သာဝကာတိ။

ကတာဝကာသာ– ပြုအပ်ပြီးသော နတ်ပြည်ဖြစ်ခွင့် ရကြောင်း ကောင်းမှု ကံ ရှိကြကုန်သော၊ ကတကုသလာ– ပြုအပ်ပြီးသော ကုသိုလ်ရှိကြကုန်သော၊ (တေ– ထိုဒါနရှင်ခေါ် ပုဂ္ဂိုလ်ကျော်တို့သည်၊) တ္တတော– ဤလူ့ဘဝမှ၊ စုတာ– ရွေ့လျောစုတေ သေလွန်ကြကုန်သည်၊ (သမာနာ– ဖြစ်ကုန်လတ်သော်။) သယံပဘာ– ကိုယ်ပိုင်မိမိ အရောင်အဝါရှိကြကုန်လျက်၊ နန္ဒနံ– နှစ်သက်စရာ ကောင်းလှပါသည့် မှန်စွာအစဉ် နန္ဒဝန်ခေါ် ဥယျာဉ်တော်ကို၊ အနုဝိစရန္တိ– ပျော်တပြုံးပြုံး မော်မဆုံးကာ လှည့်လည်သွားလာကြကုန်၏၊ တေ– ထိုဒါနရှင် ခေါ် ပုဂ္ဂိုလ်ကျော်တို့သည်၊ ပဉ္စဟိကာမဂုဏေဟိ– ငါးမျိုးအစုံ ကာမဂုဏ်တို့ သည်၊ သမပ္ပိတာ– ကောင်းစွာမပြတ် ဆိုက်ရောက်အပ်ကုန်လျက်၊ တတ္ထ– ပိုမပြောပြီ ထိုနတ်ပြည်၌၊ နန္ဒန္တိ– နှစ်သက်ကြည်နူး ဘဝင်မြူးခုန် နေကြရကုန် ၏။ ရမန္တိ– ပျော်မွေ့နေကြရကုန်၏။ မောဒရေ– မောဒန္တိ– ရွှင်လန်းဝမ်းမြောက် နေကြရကုန်၏။ သုဂတဿ– မြတ်စွာဘုရား၏၊ သာဝကာ– တပည့်အပေါင်း သူတော်ကောင်းတို့သည်၊ အသိတဿ– တဏှာအနှောင်အဖွဲ့ ရှိတော်မမူသော၊ တာဒိနော– ကောင်းဆိုးနှစ်တန် လောကဓံကြောင့် ဖောက်ပြန်မရှိ မြတ်တာဒိဂုဏ် ပြည့်စုံတော်မူသော၊ (ဘဂဝတော– မြတ်စွာဘုရား၏) ဝါကျံ– ဟောမိန့်စကား

http://www.dhammadownload.com



မြတ်တရားကို၊ ကတ္တာန– နေ့နေ့ညည လိုက်နာကျင့်သုံး ကြခြင်းကြောင့်၊ သဂ္ဂေ– ရှုပါရုံအစ မွန်မြတ်လှသည့် ထက်နတ်ပြည်၌၊ ရမန္တိ– ပျော်မွေ့ကြရ ကုန်၏။ တ္တတိ– ဤသို့ (အဝေါ်စ– ကောင်းစွာမသွေ ဟောကြားတော်မူလိုက် ပါပေသတည်း။)

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

မှတ်ချက်။ ။ ဆွမ်း၊ သင်္ကန်း၊ ကျောင်း ဆေး အလှူပွဲတိုင်း မွေးနေ့ပွဲ မင်္ဂလာပွဲ၊ အိမ်သစ်တက်ပွဲ၊ စာအောင်သံဃာ ဂုဏ်ပြုပူဇော်ပွဲ၊ ဘုရား အနေကဇာတင်ပွဲ၊ ရဟန်းခံရှင်ပြုပွဲ၊ သိက္ခာထပ်ပွဲ၊ ဘွဲ့တံဆိပ်ရ ပူဇော် ပွဲ၊ ဝါဆိုပွဲ၊ ကထိန်ပွဲ စသော အလှူဒါနပြုပွဲတိုင်း ပွဲမျိုးစုံ ဟောနိုင် ပါသည်။

တရားအမည်ပေးရာ၌ ,

*မျက်မှောက်ဘဝ ကောင်းကျိုးရ၊ ယခုဘဝ ကောင်းကျိုးရ၊ ခုနောင်ဘဝ ကောင်းကျိုးရ၊ သေပြီးတဲ့နောက် ကောင်းကျိုး ရောက်၊ သေပြီးတဲ့နောက် နတ်ပြည်ရောက်၊ အပြုးဆေးနဲ့ အမုန်းဆေး၊ အပြုးဆေးကိုဆောင် အမုန်းဆေးကိုရှောင်၊ အပြုးဆေးက ဒါန အမုန်းဆေးက မစ္ဆေရ၊ ဒါနကပေါ်ဆေး မစ္ဆေရက မွဲဆေး၊ ပေါ်ဆေးမွဲဆေး ကိုယ်တိုင်ရွေးပါ၊ကြိုက် ရာရွေးချယ် လမ်းနှစ်သွယ် (အပြုးလမ်း အမုန်းလမ်း)၊ အပြုးလမ်းကိုလျှောက် အမုန်းလမ်းကိုခေါက်၊ အပြုးကို ဆောင်၍ အမုန်းကိုရှောင်ပါ၊ အပြုးကိုတွဲ၍ အမုန်းကိုခွဲပါ၊ အပြုးကို ချစ်၍ အမုန်းကိုပစ်ပါ၊ အပြုးကိုတွယ်၍ အမုန်းကို ဖယ်ပါ၊ အပြုးကိုခင်၍ အမုန်းကိုနှင်ပါ၊ အပြုးတံတား ကိုခင်း၍ အမုန်းတံတားကို ရှင်းပါ၊ အပြုးကိုခင်း၍ အမုန်းကို ရှင်းပါ၊ အပြုးတရားကိုဆောင်၍ အမုန်းတရားကို ရှောင်ပါစသည်ဖြင့် မိမိနှစ်သက်သလို အမည်ပေးကာ ဟော ကြားပါ။

ဒါနမျက်မှောက် ကောင်းကျိုးရောက်တရားတော် ပြီးပြီ။

http://www.dhammadownload.com

အင်္ဂုတ္တရနိကာယ်၊ ပဉ္စကနိပါတ်ပါဠိတော်၊ ပဌမပဏ္ဏာသက၊
သုမနဝဂ်၊ ကာလဒါနသုတ်ကို တန်ဆာဆင်၍
ဟောကြား ပြောကြားအပ်သော

# ခရီးသွားချင်း+ မေတ္တာသွင်းပါ တရားတော်

ကဲ- ခရီးသွားချင်း မေတ္တာသွင်းပါဆိုတဲ့ တရားတော်ကို စပြီးတော့ ဟောကြ နာကြရအောင်။

ပဉ္စိမာနိ ဘိက္ခဝေ ကာလဒါနာနိ။

ဘိက္ခဝေ- ရဟန်းတို့၊ ကာလဒါနာနိ- ပေးလှူသင့်သော အချိန်အခါ၌ ပေးလှူခြင်းတို့သည်၊ ဣမာနိပဉ္စ- ဤငါးမျိုးတို့ပါပေတည်း။

ချစ်သား ရဟန်းတို့၊ ပေးလှူသင့်တဲ့အချိန်အခါမှာ ပေးလှူခြင်းတွေဟာ ငါးမျိုးရှိတယ်။

ကတမာနိပဉ္စ- အာဂန္တုကဿ ဒါနံ ဒေတိ၊ ဂမိကဿ ဒါနံ ဒေတိ၊ ဂိလာနဿ ဒါနံ ဒေတိ၊ ဒုဗ္ဘိက္ခေ ဒါနံ ဒေတိ၊ ယာနိတာနိ နဝသဿာနိ နဝဖလာနိ၊ တာနိ ပဌမံ သီလဝန္တေသု ပတိဋ္ဌာပေတိ။ ဣမာနိ ခေါ ဘိက္ခဝေ ပဉ္စကာလဒါနာနီတိ။

(အံ၊ ပါ၊ ၂၊ ၃၅)

ပဉ္စ- ငါးမျိုးတို့ဟူသည်၊ ကတမာနိ- အဘယ်တို့နည်းဟူမူ၊ အာဂန္တုကဿ- ဧည့်သည်အား၊ ဒါနံ- အလှူကို၊ (လှူဖွယ်ဝတ္ထုကို) ဒေတိ- ပေးလှူ၏။

ငါးမျိုးဆိုတာ ဘာတွေလဲဆိုတော့

၁။ အာဂန္တုဧည့်သည် မိမိ အိမ် ကျောင်း ရောက်လာတဲ့အခါမှာ အဲဒီဧည့်သည်အား ကျွေးမွေးပြုစုစောင့်ရှောက် လှူဒါန်းပေးကမ်းရမယ်တဲ့။

အဲဒီလို အာဂန္တုဧည့်သည်ရောက်လာတဲ့အခါမှာ လှူတန်းတာကို အာဂန္တုကဒါနလို့ ခေါ်ပါတယ်၊ ဘာဒါနတဲ့လဲ။

(အာဂန္တုကဒါနပါ ဘုရား)

တချို့က အာဂန္တုဧည့်သည်ရောက်လာရင် ကျွေးရ ပေးရတော့မှာပဲ၊

http://www.dhammadownload.com



ကုန်တော့မှာပဲလို့တွေးပြီး မျက်နှာ မသာမယာ ဖြစ်တတ်ကြတယ်။ အမှန်ကတော့ အဲဒီလို မဖြစ်သင့်ပါဘူး။ အာဂန္တုဒေယျသည်ဆိုတာ အမြဲလာပြီးနေတာမဟုတ်ပါဘူး။ တစ်ခါတလေ ကြုံလို့ ဝင်လာတာ၊ တစ်ခါတလေ ကိစ္စရှိလို့ လာတာ ဖြစ်လိမ့်မယ်။ ဪ အာဂန္တုဒေယျသည်ဆိုတာ ကျွေးမွေးပြုစု လှူဒါန်းရဖို့ ခဲယဉ်းတယ်ဆိုတဲ့ စိတ်ကောင်းထားကာ ဝမ်းသာအားရစွာ ကျွေးမွေးပြုစု လှူဒါန်း ပေးကမ်းသင့်တယ်နော်။

(မှန်လှပါဘုရား)

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

*ဧည့်သည်ရောက်လာ၊ ပေးလှူတာ၊ ကာလဒါနခေါ်။

၂။ ဂမိကဿ- ခရီးသွားပုဂ္ဂိုလ်အား၊ ဒါနံ- အလှူကို၊ ဒေတိ- ပေးလှူ၏။

ခရီးသွားပုဂ္ဂိုလ်အား လှူဒါန်းတာကို ဂမိကဒါနလို့ ခေါ်ပါတယ်။ ဒီဒါနလည်း တကယ်လုပ်သင့်တဲ့ ဒါနပါပဲ။

ဒီနေ့ တရားဟောနေတဲ့ ဦးပဥ္စင်းတို့၊ တရားနာနေတဲ့ ဒကာ ဒကာမတို့ဟာ သံသရာခရီးသွား ပုဂ္ဂိုလ်တွေနော်။

(မှန်လှပါဘုရား)

သံသရာ ခရီးသွားသူတွေ အချင်းချင်း ခဏလေးတွေ့ကြုံရခိုက်မှာ ကိုယ်တတ်နိုင်တဲ့နေရာက အားပေးရမယ်၊ ကူညီရမယ်၊ ရိုင်းပင်းရမယ်နော်။

(မှန်လှပါဘုရား)

အားပေးကူညီတဲ့နေရာမှာလည်း ကိုယ်က ကိုယ်အားနဲ့ တတ်နိုင်ရင် ကိုယ်အား၊ ဉာဏ်အားနဲ့တတ်နိုင်ရင် ဉာဏ်အားနဲ့၊ နှုတ်အားနဲ့ တတ်နိုင်ရင် နှုတ်အားနဲ့ ကူညီရမယ်၊ အားပေးရမယ်၊ စောင့်ရှောက်ရမယ်ပေါ့။ ဒါကိုပင် မြန်မာတွေရဲ့နှုတ်ဖျားမှာ "ကိုယ်၏စောင်မခြင်း၊ နှုတ်၏စောင်မခြင်း"လို့ ရေပန်းစားကာ ပြောဆိုနေကြတာ မဟုတ်လား။

(မှန်လှပါဘုရား)

ကိုယ်နဲ့ကူညီတာ ကာယကံမေတ္တာ၊ နှုတ်နဲ့ကူညီတာက ဝစီကံမေတ္တာ၊ စိတ်နဲ့ကူညီတာက မနောကံမေတ္တာလို့ ခေါ်တယ်။

ဒီတော့ တရားနာပရိသတ်၊ ကိုယ်က ကိုယ်အား၊ နှုတ်အားနဲ့ မကူညီနိုင်ဘူးဆိုရင် စိတ်အားနဲ့ ကူညီလိုက်ပါ။ စိတ်အားနဲ့ ဘယ်လိုကူညီရမလဲဆိုတော့

http://www.dhammadownload.com



သံသရာခရီး သွားလာနေကြသူတွေအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ၊ ဘေးအတန်တန် ရန်အသွယ်သွယ် အန္တရာယ်ခပင်း ကင်းရှင်းကြပါစေ၊ ဘေးခပ်သိမ်း၊ ရန်ခပ်သိမ်း၊ စိုးရိပ်ခပ်သိမ်း၊ ပူပန်ခပ်သိမ်း၊ ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ ကိုယ်စိတ်နှလုံး ရွှင်ပြုံးနိုင်ကြပါစေလို့ ကြံစည်ကာ အမြဲတစေ မေတ္တာတရား ပို့လွှတ်ပေးနေတာဟာ စိတ်အားနဲ့ ကူညီခြင်းပါပဲ။ အဲဒီလို စိတ်အားနဲ့ (မနောကံ မေတ္တာနဲ့) ကူညီရမယ်နော်။

(မှန်လှပါဘုရား)

ဒီတော့ တရားနာပရိသတ်၊ သံသရာခရီးသွားသူ အချင်းချင်း ခဏတာမျှ တွေ့ကြုံကြတဲ့အခါမှာ အဲဒီမေတ္တာသုံးပါး နှလုံးသားထဲမှာ အမြဲသွင်းထည့်ထားပြီးတော့ ကူညီစောင့်ရှောက် ပေးကမ်းလှူဒါန်း စွန့်ကြဲရမယ်နော်။

(မှန်လှပါဘုရား)

ဒီတော့ ခရီးသွားချင်း မေတ္တာသွင်းရမှာလား၊ မေတ္တာကင်းရမှာလား။

(မေတ္တာသွင်းရမှာပါ ဘုရား)

ဒါဆိုရင် ဒီနေ့ဟောလိုက်တဲ့တရားက ဘာတရားတဲ့လဲ။

(ခရီးသွားချင်း မေတ္တာသွင်းပါ တရားတော်ပါဘုရား)

ခရီးသွားပုဂ္ဂိုလ်အချင်းချင်း ပေးကမ်းလှူဒါန်းစွန့်ကြဲတဲ့ ဒါနသဘောဟာ မေတ္တာရှိလို့ပါပဲ။ မေတ္တာမရှိရင် မေတ္တာမပါရင် ဒါနလုပ်ငန်း အောင်မြင်ပါ့မလား။

(မအောင်မြင်ပါဘူး ဘုရား)

ကာယကံမေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံမေတ္တာဆိုတဲ့ မေတ္တာသုံးပါး နှလုံးသားထဲမှာ အမြဲထည့်ထားပြီးတော့ ခရီးသွားချင်း ညီရင်းအစ်ကို မောင်လို နှမ ချစ်ခင်မြတ်နိုးကြကာ "ခရီးသွားချင်း မေတ္တာမကင်းကြပါနဲ့" လို့ မှာတမ်းပြုခဲ့ပါတယ် တရားနာ။

ဒီနေ့ရာအတိုင်း တရားအမည်ပေးမယ်ဆိုရင် "မေတ္တာသုံးပါး နှလုံးထားပါ၊ မေတ္တာသုံးပါး အမြဲထားပါ၊ မေတ္တာတံခါး ဖွင့်၍ထားပါ၊ မေတ္တာတံခါး ပိတ်မထားနဲ့၊ ခရီးသွားချင်း မေတ္တာမကင်းပါနဲ့" လို့ တရားအမည်ကို နှစ်သက်သလို ပေးလို့ရတယ်နော်။

(မှန်လှပါဘုရား)

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

* ခရီးသွားမှာ၊ ပေးလှူတာ၊ ကာလဒါနခေါ်။

http://www.dhammadownload.com



* ခရီးသွားချင်း၊ မေတ္တာသွင်း၊ ရှိင်းပင်းကူညီနော်။
* ခရီးသွားချင်း၊ မေတ္တာသွင်း၊ မကောင်းမေတ္တာနော်။
* ကိုယ်စိတ်နှလုံး၊ မေတ္တာသုံး၊ ရွှင်ပြုံးကူညီနော်။
* မေတ္တာသုံးပါး၊ နှလုံးသား၊ ထည့်ထားအမြဲနော်။
* မေတ္တာတံခါး၊ ပိတ်မထား၊ ဖွင့်ထားကြပါနော်။
* ခရီးသွားချင်း၊ မေတ္တာသွင်း၊ မကောင်းကူညီနော်။
* မေတ္တာရှိမှ၊ ပေးလို့ရ၊ ကာလဒါနနော်။
* ဘဝတစ်ကွေ့၊ ခဏတွေ့၊ မမေ့ကူညီနော်။
* ခရီးသွားချင်း၊ ညီကိုရင်း၊ စိတ်သွင်းထားကြနော်။
* ခရီးသွားချင်း၊ မောင်နှမရင်း၊ စိတ်သွင်းထားကြနော်။
* ခရီးသွားချင်း၊ မေတ္တာသွင်း၊ ကောင်းခြင်းတရားတော်။
* နှာ သိ ကျင့်ပြန်၊ ကောင်းကျိုးမှန်၊ အမြန်ရမယ်နော်။

မေတ္တာဆိုတာ သူတစ်ပါးတွေအတွက် ကောင်းကျိုးထွက်အောင် ကူညီဆောင်ရွက်တဲ့တရားပဲ။ ရှင်းရှင်းပြောရရင် ကူညီတဲ့တရား၊ ဘာတရားတဲ့လဲ။

(ကူညီတဲ့တရားပါ ဘုရား)

အဲဒီ "ကူညီ" ဆိုတဲ့ မြန်မာစကားလုံးလေး နှစ်လုံးကို သေသေချာချာ စဉ်းစားတွေးတောပြီးတော့ ကြည့်လိုက်စမ်းပါ။

ကူရင် ညီတယ်၊ ညီရင် ကူတယ် ဒီလိုမဟုတ်လား။

(မှန်လှပါ ဘုရား)

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

* ကူညီတာကို၊ မေတ္တာဆို၊ တိုတိုမှတ်သားပါ။
* ကူရင် ညီတယ်၊ ညီရင်ကွယ်၊ တကယ်ကူမှာပါ။
* မေတ္တာတရား၊ သဘောသွား၊ မှတ်သားစွဲမြဲစွာ။
* မေတ္တာတရား၊ မရှိငြား၊ မှတ်သားမညီပါ။
* မေတ္တာတရား၊ မရှိငြား၊ မှတ်သား မကူပါ။
* ကူညီချင်အောင်၊ ခုရော နောင်၊ မေတ္တာဆောင်ထားပါ။

ကဲ- နံပါတ်သုံး ဒါန ဆက်ဟောကြ နာကြပါစို့

၃။ ဂိလာနဿ- မကျန်းမာသော ပုဂ္ဂိုလ်အား၊ ဒါနံ- အလှူကို၊ ဒေတိ- ပေးလှူ၏။

http://www.dhammadownload.com



ရောဂါဝေဒနာတွေ စွဲကပ်နေတဲ့ မကျန်းမမာ မချမ်းမသာဖြစ်နေတဲ့ ပုဂ္ဂိုလ်အား ကျန်းမာချမ်းသာပါစေဆိုတဲ့ မေတ္တာတရား အမြဲထားပြီးတော့ ကျန်းမာရေးကောင်းစေတဲ့ ဆေးဝါးတွေ၊ ဓာတ်စာတွေ ပေးလှူရမယ်။

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

* ဂိလာနမှာ၊ ပေးလှူတာ၊ ကာလဒါနခေါ်။
* ဂိလာနအား၊ မေတ္တာထား၊ ဆေးဝါးပေးလှူနော်။
* ဂိလာနအား၊ မေတ္တာထား၊ အစားပေးလှူနော်။
* ကျန်းမာရေးတွေ၊ ကောင်းပါစေ၊ ဆုတွေတောင်းပေးနော်။

ကဲ- ဒါန ဘယ်နှစ်မျိုးပြီးသွားပြီလဲ။

(သုံးမျိုးပါဘုရား)

နံပါတ်လေး ဒါန ဆက်ကြပါစို့။

၄။ ဒုဗ္ဘိက္ခေ- တော်မွတ်ခေါင်းပါး အစာရှားရာ ချိန်အခါ၌၊ ဒါနံ- အလှူကို၊ ဒေတိ- ပေးလှူ၏။

ရခဲတဲ့ ထမင်းရှိရာအခါ၊ တော်မွတ်ခေါင်းပါး အစာရှားတဲ့အခါမှာ ပေးလှူရမယ်။ ဒီတော့ တရားနာပရိသတ်၊ ပေးလှူတဲ့အခါမှာ ပေါများတဲ့အချိန်မှာ လှူရမှာလား၊ ရှားပါးတဲ့အချိန်မှာ ပေးလှူရမှာလား။

(ရှားပါးတဲ့အချိန်မှာ ပေးလှူရမှာပါဘုရား)

အေး ဟုတ်ပြီ၊ အဝတ်အစား ရှားပါးတဲ့သူတွေရဲ့အပေါ်မှာ မေတ္တာတရား အပြည့်အဝထားပြီးတော့ အဝတ်အစားတွေ ပေးလှူရမယ်နော်။

(မှန်လှပါဘုရား)

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

* အစာရှားရာ၊ ပေးလှူတာ၊ ကာလဒါနခေါ်။
* အစာရှားပါး၊ မေတ္တာထား၊ များများပေးလှူနော်။

ကဲ- ပဉ္စမကာလဒါန ဆက်ကြပါစို့။

၅။ ယာနိတာနိနဝသဿာနိ- အကြင်ဦးဦးဖျားဖျား ဖြစ်ပေါ်လာသော ကောက်စပါးတို့သည်လည်းကောင်း (ဝါ) အကြင်ကောက်ဦးတို့သည် လည်းကောင်း၊ ယာနိတာနိ နဝဖလာနိ- အကြင်သစ်သီးခြံမှ ဦးဦးဖျား ဖျား ဖြစ်ပေါ်လာသော-သစ်သီးတို့သည်လည်းကောင်း၊ (ဝါ) အကြင်

http://www.dhammadownload.com



သစ်သီးဦးတို့သည်လည်းကောင်း၊ (သန္တိ– ရှိကုန်၏၊) တာနိ– ထိုကောက်ဦး သစ်သီးဦးတို့ကို၊ ပဌမံ– မိမိမစားမီ ရှေးဦးစွာ၊ သီလဝန္တေသု– သီလရှိသော ပုဂ္ဂိုလ်တို့၌၊ ပတိဋ္ဌာပေတိ– တည်စေ၏။ (ဝါ) လှူဒါန်း၏။

ကောက်ဦးတွေပေါ်လာတဲ့အခါ သစ်သီးဦးတွေ ပေါ်လာတဲ့အခါမှာ မိမိမစားမီ ရှေးဦးစွာ သီလရှိတဲ့ပုဂ္ဂိုလ်တို့အား ပေးလှူရမယ်။ သီလရှိတဲ့ပုဂ္ဂိုလ်တို့အား ရှေးဦးစွာ လှူပြီးမှ စားရမယ်လို့ အဋ္ဌကထာမှာ ဖွင့်ပြပါတယ်။ ဒီတော့ တရားနာပရိသတ်၊ လှူပြီးမှ စားရမှာလား၊ စားပြီးမှ လှူရမှာလား။

(လှူပြီးမှ စားရမှာပါဘုရား)

အေး ဟုတ်ပြီ၊ ဒီ ပဌမကာလဒါနက လှူနည်းနဲ့ စားနည်းကို လှူတတ်အောင်၊ စားတတ်အောင် ဖွင့်ပြထားတယ်နော်။

(မှန်လှပါဘုရား)

ပဌမံ သီလဝန္တာနံ ဒတွာ ပစ္ဆာ အတ္တနာ ပရိဘုဉ္ဇတိ။

(အံ ၄ ၃၊ ၂၁)

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

* ကောက်စပါးဦး၊ သစ်သီးဦး၊ ပေါ်ဦးပေါ်ဖျားနော်။
* သီလဝန္တ၊ လှူဒါန်းကြ၊ ကာလဒါနခေါ်။
* ဦးဦးဖျားဖျား၊ ထူးထူးခြား၊ မစားမီလှူနော်။
* သီလဝန္တ၊ လှူပြီးမှ၊ စားရမှာတဲ့နော်။

လှူတဲ့အခါမှာ သီလရှိတဲ့ ခရီးသွား၊ သီလမရှိတဲ့ ခရီးသွားရယ်လို့ ခရီးသွားနှစ်မျိုးကို ကွဲပြားအောင် ခွဲခြားပြီးတော့ သီလရှိတဲ့ ခရီးသွားပုဂ္ဂိုလ်ကို ရွေးချယ်ပြီး မေတ္တာတရား အမြဲထားကာ ပေးလှူရမယ်နော်။

(မှန်လှပါဘုရား)

သီလရှိတဲ့ ခရီးသွားပုဂ္ဂိုလ်ကို လှူမှ လှူသူမှာ အကျိုးကြီးမှာ မဟုတ်လား။

(မှန်လှပါဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ။

* သီလရှိသူ၊ မရှိသူ၊ နှစ်လူခရီးသွား
* သီလရှိသူ၊ ရွေးချယ်လှူ၊ လှူသူအကျိုးများ။
* အကျိုးများအောင်၊ သတိဆောင်၊ ခု နောင် ရွေးချယ်ထား။

http://www.dhammadownload.com



*ပေးလှူသင့်ရာ၊ ချိန်အခါ၊ ငါးဖြာကာလများ။

*ကာလဒါန၊ သုတ္တန်လှ၊ ဟောပြမြတ်ဘုရား။

ကဲ- ကာလဒါန ဘယ်နှစ်မျိုးတဲ့လဲ။

(ငါးမျိုးပါဘုရား)

ကဲ- အကျဉ်းချုပ်ကြည့်ရအောင်။

၁။ ဧည့်သည်အား လှူခြင်း၊

၂။ ခရီးသွားအား လှူခြင်း၊

၃။ ဂိလာနအား လှူခြင်း၊

၄။ အစာရှားရာလှူခြင်း (အစာရှားသူအား လှူခြင်း။)

၅။ ကောက်ဦး၊ သစ်ဦးလှူခြင်းတို့ပါပဲ။

အဲဒီလို လှူတဲ့အခါမှာ "ခရီးသွားချင်း မေတ္တာသွင်း" ပြီးတော့ လှူတတ်ကြပါစေ၊ အချိန်အခါကိုကြည့်ပြီး လှူတတ်ကြပါစေ၊ ရွေးချယ်ပြီး လှူတတ်ကြပါစေဆိုတဲ့အနေဖြင့် ဦးပဥ္စင်းသည် "ခရီးသွားချင်း မေတ္တာသွင်းပါ"၊ "ခရီးသွားချင်း မေတ္တာမကင်းပါနဲ့"ဆိုတဲ့တရားတော်ကိုဟောပြောခဲ့ပါတယ် တရားနာ။

ကဲ- အကျဉ်းချုပ် လင်္ကာလေး လိုက်ဆိုကြ

*ဧည့်သည်တစ်ပါး၊ ခရီးသွားနှင့်၊ နာဖျားသောသူ။

ရှားရာလှူ၊ ထပ်လှူအဦးပေါ်။

ကာလဒန၊ ဤငါး၀၊ ဗုဒ္ဓဟောမြွက်ဖော်။

ဘိက္ခဝေ- ရဟန်းတို့၊ ကာလဒါနာနိ- ပေးလှူသင့်ရာ၊ ချိန်အခါ၌ မှန်စွာမယွင်း ပေးလှူခြင်းတို့သည်၊ ဣမာနိခေါပဉ္စ- ဤငါးမျိုးတို့ ပါပေတည်း။ ဣတိ- ဤသို့၊ (အဝေါစ- ကောင်းစွာမသွေ ဟောကြားတော်မူလိုက်ပါပေသတည်း။)

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

ကဲ- နောက်ဆုံး အကျဉ်းချုပ်ဂါထာတွေ ကျန်နေသေးတယ်။ ပါဠိအနက် ရွတ်ဆိုကြည်ညိုပြီးတော့ တရားသိမ်းကြပါစို့။

၁။ ကာလေန ဒဒန္တိ သပ္ပညာ၊ ဝဒညူ၊ ဝီတမစ္ဆရာ။

ကာလေ ဒိန္နံ အရိယေသု၊ ဥဇုဘူတေသု တာဒိသု။

ဝိပ္ပသန္နမနာ တဿ၊ ဝိပုလာ ဟောတိ ဒက္ခိဏာ။

http://www.dhammadownload.com



ဝဒညူ အလှူခံပုဂ္ဂိုလ်တို့၏ စကားကို သိနားလည်ကုန်သော၊ ဝီတမစ္ဆရာ- ကင်းသော ဝန်တိုမှုရှိကုန်သော၊ သပ္ပညာ- ပညာရှိပုဂ္ဂိုလ်တို့သည်၊ ကာလေ-ပေးလှူခြင်းငှာ သင့်လျော်သောအခါ၌၊ ဒဒန္တိ- ပေးလှူကြကုန်၏။ (ယေန- အကြင်ပုဂ္ဂိုလ်သည်၊) အရိယေသု- ကိလေသာတို့မှ ဝေးကွာတော်မူကြကုန်သော၊ ဥဇုဘူတေသု- စိတ်ဓာတ်သန့်ရှင်း ဖြောင့်စင်းစွာ ဖြစ်တော်မူကြကုန်သော၊ တာဒိသု- ကောင်းဆိုးနှစ်ခု တန်းတူရှုတော်မူကြကုန်သော ရဟန္တာပုဂ္ဂိုလ်တို့၌၊ (ဝါ) ကောင်းဆိုးနှစ်တန် လောကဓံကြောင့် ဖောက်ပြန်မရှိ တာဒိမြတ်ဂုဏ် ပြည့်စုံတော်မူကြသော ရဟန္တာပုဂ္ဂိုလ်တို့၌၊ (ဝါ) ရဟန္တာပုဂ္ဂိုလ်တို့အား၊ ဝိပ္ပသန္နမနာ- ဝိပ္ပသန္နမနေန- အထူးကြည်လင်သောစိတ်ဖြင့်၊ ကာလေန- ပေးလှူခြင်းငှာ သင့်လျော်သောအခါ၌၊ ဒါနံ- အလှူကို၊ ဒိန္နံ- ပေးလှူအပ်ပြီ၊ တဿ- ထိုပေးလှူသောပုဂ္ဂိုလ်၏၊ ဒက္ခိဏာ- ဒါနကုသိုလ်စေတနာသည်၊ ဝိပုလာ- အကျိုးတရားအားဖြင့် စည်ပင်ပြန့်ပွားများပြားသည်၊ ဟောတိ- ဖြစ်၏။

၂။ ယေ တတ္ထ အနုမောဒန္တိ၊ ဝေယျာဝစ္စံ ကရောန္တိ ဝါ။
န တေန ဒက္ခိဏာ ဩနာ၊ တေပိ ပုညဿ ဘာဂိနော။

ယေ- အကြင်ပုဂ္ဂိုလ်တို့သည်၊ တတ္ထ- ထိုအလှူဒါနကိစ္စ၌၊ အနုမောဒန္တိ ဝါ- ဝမ်းမြောက်မှုလည်း ဝမ်းမြောက်ကြကုန်၏။ ဝေယျာဝစ္စံ- ကိုယ်ကာယဖြင့် ကူညီဆောင်ရွက်ခြင်းကို၊ ကရောန္တိဝါ- ပြုလုပ်မှုလည်း ပြုကြကုန်၏၊ တေန- ထိုသို့ဝမ်းမြောက်ခြင်း ဝေယျာဝစ္စပြုခြင်းကြောင့်၊ ဒက္ခိဏာ- ဒါနကုသိုလ်သည်၊ ဩနာ- ယုတ်လျော့သွားသည်၊ န- မဟုတ်၊ တေပိ- ထိုဝမ်းမြောက်သူ ဝေယျာဝစ္စပြုသူတို့သည်လည်း၊ ပုညဿ- ကောင်းမှုကုသိုလ်၏၊ ဘာဂိနော- အဖို့ဝေစုရရှိသူတို့ပေတည်း။

(ဒီဂါထာက အလှူဒါနကိစ္စ၌ ဝမ်းမြောက်ခြင်း၊ ဝေယျာဝစ္စပြုလုပ်ခြင်းကြောင့် ဒါနကုသိုလ် မယုတ်လျော့ပုံနှင့် ဝမ်းမြောက်သူ၊ ဝေယျာဝစ္စပြုသူတို့မှာလည်း ကောင်းမှုကုသိုလ်အဖို့ ဝေစုရပုံကိုပြတယ်။)

၃။ တသ္မာ ဒဒေ အပ္ပဋိဝါနစိတ္တော၊ ယတ္ထ ဒိန္နံ မဟပ္ဖလံ။
ပုညာနိ ပရလောကသ္မိံ၊ ပတိဋ္ဌာ ဟောန္တိ ပါဏိနန္တိ။

တသ္မာ- ထိုသို့ဒါနကုသိုလ်၏ ဝိပုလဖြစ်ခြင်း အဖို့ဝေစုရခြင်းကြောင့်၊ ယတ္ထ- အကြင်အလှူခံပုဂ္ဂိုလ်၌၊ ဝါ- အကြင်အလှူခံပုဂ္ဂိုလ်အား၊ ဒိန္နံ-

http://www.dhammadownload.com



ပေးလှူကြောင်း စေတနာသည်၊ မဟပ္ဖလံ– များသောအကျိုးရှိ၏။ (တဿ– ထိုအလှူခံပုဂ္ဂိုလ်၌၊ ဝါ– ထိုအလှူခံပုဂ္ဂိုလ်အား) အပ္ပဋိဝါနစိတ္တော– တွန့်ဆုတ်သောစိတ်မရှိဘဲ၊ ဒဒေ– စေတနာဖွေးဖြူ အရေးယူကာ ပေးလှူရာ၏၊ ပုညာနိ– ကုသိုလ်ကောင်းမှုတို့သည်၊ ပရလောကသ္မိံ– တမလွန်လောက နောက်ဘဝ၌၊ ပါဏိနံ– သတ္တဝါတို့၏၊ ပတိဋ္ဌာ– ထောက်တည်မှီခိုရာတို့သည်၊ ဟောန္တိ– ဖြစ်ကုန်၏။ ဣတိ– ဤသို့၊ အဝေါစ– ကောင်းစွာမသွေ ဟောကြားတော်မူလိုက်ပါပေသတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

ဒီဂါထာက အကျိုးကြီးမည့် အကျိုးများမည့် အလှူခံပုဂ္ဂိုလ်အား ရွေးချယ်ပြီး တွန့်ဆုတ်သောစိတ်မရှိဘဲ လှူရမယ်။ ကုသိုလ်ကောင်းမှုတွေဟာ နောက်ဘဝမှာ သတ္တဝါတွေအတွက် ထောက်တည်မှီခိုရာ ဖြစ်ကြတယ်လို့ ဖော်ပြပါတယ်။

ဒါကြောင့် ဒီနေ့ ကုသိုလ်ပြုကြတဲ့ ဒကာ ဒကာမတွေ၊ ယနေ့ကစ မဂ် ဖိုလ် နိဗ္ဗာန်ရမည့်ဘဝတိုင်အောင် ကိုယ်ကျန်းမာ စိတ်ချမ်းသာစွာနဲ့ မှီခိုအားထားရတဲ့ ကုသိုလ်တရားတွေကို ကြိုးစားအားထုတ်နိုင်ကြပါစေသောရယ်လို့ ညီညီညာညာ စုပေါင်း၍ ညီညီညာညာ ကြည်ကြည်သာသာ ဆုတောင်းလိုက်ကြကုန်ရာသတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

မှတ်ချက်။ ။ ဧည့်သည်နှင့် ခရီးသွားတို့အား ဆွမ်း၊ သင်္ကန်း၊ ဆေး၊ စားဖွယ် သောက်ဖွယ်၊ ဂိလာနအား ဆွမ်း ဆေး အဖျော်ယမကာ၊ ဝတ်မွတ်ခေါင်းပါးသူတို့အား အဝတ်အစား၊ သီလရှိသူတို့အား ကောက်စပါးဦး၊ သစ်သီးဦး လှူဒါန်းပွဲတိုင်း၊ ဝါဆို၊ ကထိန်၊ မွေးနေ့၊ မင်္ဂလာဆောင်၊ အိမ်သစ် တိုက်သစ်ဖွင့်ပွဲစသော ကာလဒါနပွဲတိုင်း ပွဲမျိုးစုံဟောပါ။

* တရားအမည်ပေးရာ၌ 'အချိန်ငါးဖြာ ပေးလှူပါ'၊ 'ကာလဒါန လှူဒါန်းကြ'၊ 'ပေးလှူသင့်ရာ အချိန်ငါးဖြာ'၊ 'မေတ္တာတံခါးသော့ခတ်မထားပါနဲ့' စသည်ဖြင့် အမည်ပေးကာ ဟောကြားနိုင်ပါသည်။

၂၀၊ ၈၊ ၉၆

ည (၆) နာရီ ၁၀ မိနစ်။

ခရီးသွားချင်း မေတ္တာသွင်းပါ တရားတော် ပြီးပြီ။

http://www.dhammadownload.com

ခုဒ္ဒကနိကာယ်၊ ဓမ္မပဒပါဠိတော်၊ မလဝဂ်၊ သုဘဒ္ဒပရိဗ္ဗာဇကဝတ္ထုကို
တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# နောက်ဆုံးရဟန်း+ နောက်ဆုံးပန်း တရားတော်

ဒီတရားဒေသနာတော်ကို မဟောကြားမီ တရားဟော တရားနာ သားရန် ကွာအောင် ဘုရား တရား သံဃာ ရတနာသုံးပါးနဲ့ ဆရာသမားတွေရဲ့ဂုဏ်ကို အာရုံပြုပြီးတော့ ကဗျာလင်္ကာလေးနဲ့ ရှိခိုးကြရအောင် တရားနာ၊ အားလုံး ညီညီညာညာ ကဗျာလင်္ကာလေးတွေလိုက်ဆိုကြ

*မြတ်စွာဘုရား၊ ဂုဏ်ကိုးပါး၊ လေးစားရှိခိုးပါ၏။
*တရားတော်များ၊ ဂုဏ်ခြောက်ပါး၊ လေးစားရှိခိုးပါ၏။
*သံဃာတော်များ၊ ဂုဏ်ကိုးပါး၊ လေးစားရှိခိုးပါ၏။
*ဆရာသမား၊ ဂုဏ်အများ၊ လေးစားရှိခိုးပါ၏။
*မိဘနှစ်ပါး၊ ကျေးဇူးများ၊ ကြီးမားသတိရပါ၏။
*ဗုဒ္ဓဘုရား၊ စွမ်းပကားကြောင့်၊ ဆန်းပြားထွေလာ၊
ပြော ပြုတာ၊ ကြံတာ အောင်ပါစေ။
*ဓမ္မတရား၊ စွမ်းပကားကြောင့်၊ ဆန်းပြားထွေလာ၊
ပြော ပြုတာ၊ ကြံတာအောင်ပါစေ။
*သံဃာတော်များ၊ စွမ်းပကားကြောင့်၊ ဆန်းပြားထွေလာ၊
ပြော ပြုတာ၊ ကြံတာအောင်ပါစေ။
*ဆရာသမား၊ စွမ်းပကားကြောင့်၊ ဆန်းပြားထွေလာ၊
ပြော ပြုတာ၊ ကြံတာအောင်ပါစေ။
*မိဘနှစ်ပါး၊ စွမ်းပကားကြောင့်၊ ဆန်းပြားထွေလာ၊
ပြော ပြုတာ၊ ကြံတာအောင်ပါစေ။

ကဲ– ရတနာသုံးပါးနဲ့ ဆရာသမားများရဲ့ ဂုဏ်ကို အာရုံပြု ရှိခိုးပြီး မိဘတွေကိုပါ ကျေးဇူးများပုံ သတိရပုံတွေ ထည့်သွင်းပြောကြားကာ အနန္တ

http://www.dhammadownload.com



ငါးပါး စွမ်းပကားကြောင့် ဆန်းပြားကောင်းမွန်တဲ့ လောက၊ သာသနာ အရာရာ အတွက် ပြောတာ ပြုတာ ကြံစည်ဆောင်ရွက်တာတွေအားလုံး အောင်မြင်ပြီး မြောက် ခရီးရောက်ကြပါစေလို့ သစ္စာပြု ဆုတောင်းပြီးသကာလ ဒီနေ့ဟောမည့် 'နောက်ဆုံး ရဟန်း နောက်ဆုံးပန်း' တရားတော်ကို စပြီးတော့ ဟောကြ နာကြရအောင် တရားနာ။

အာကာသေတိ ဣမံဓမ္မဒေသနံ သတ္ထာ ကုသိနာရာယံ ဥပဝတ္တနေ မလ္လာနံ သာလဝနေ၊ ပရိနိဗ္ဗာန မဉ္စကေ နိပန္နော သုဘဒ္ဒံ ပရိဗ္ဗာဇကံ အာရဗ္ဘ ကထေသိ။

(ဓမ္မပဒဋ္ဌ ၂၊ ၂၃၉)

အာကာသေတိ ဣမံဓမ္မဒေသနံ– အာကာသေဟူသော ဤတရားဒေသနာတော်ကို၊ (ဝါ) အာကာသေအစရှိသော ဂါထာတော်ကို တန်ဆာဆင်ထားတဲ့ ဤ 'နောက်ဆုံးရဟန်း နောက်ဆုံးပန်း' ခေါ် တရားဒေသနာတော်ကို၊ သတ္ထာ– မြတ်စွာဘုရားသည်၊ ကုသိနာရာယံ– ကုသိနာရုံပြည်၌၊ ဥပဝတ္တနေ– အကွေ့၌၊ မလ္လာနံ– မလ္လာမင်းတို့၏၊ သာလဝနေ– အင်ကြင်းပင်ပေါ အင်ကြင်းတော၌၊ ပရိနိဗ္ဗာနမဉ္စကေ– ပရိနိဗ္ဗာန်ပြုအပ် ညောင်စောင်းမြတ်၌၊ နိပန္နော– လျောင်းစက် တော်မူစဉ်၊ သုဘဒ္ဒံပရိဗ္ဗာဇကံ– သုဘဒ္ဒပရိဗိုဇ်ကို၊ အာရဗ္ဘ– အကြောင်းပြု၍၊ ကထေသိ– ကရုဏာရှေ့ထား မေတ္တာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

အာကာသေအစရှိတဲ့ ဂါထာတော်နဲ့ တန်ဆာဆင်ထားတဲ့ ဒီတရားဒေသနာတော်ကို ဘုရားရှင်ကိုယ်တော်မြတ် ကုသိနာရုံပြည်အကွေ့၊ မလ္လာမင်းတွေရဲ့ အင်ကြင်းပင်တွေ တကယ်ပေါလှတဲ့ အင်ကြင်းတောထဲက ပရိနိဗ္ဗာန်ပြုမည့် ညောင်စောင်းပေါ်မှာ လျောင်းစက်နေတော်မူစဉ် သုဘဒ္ဒပရိဗိုဇ်ကို အကြောင်းပြုပြီးတော့ ဟောကြားတော်မူခဲ့ပါတယ်။

သော ကိရ အတီတေ ကနိဋ္ဌဘာတရိ ကေသွိံသဿေ နဝကမ္မတ္တုံ အဂ္ဂဒါနံ ဒေန္တေ ဒါနံ ဒါတုံ အနိစ္ဆန္တော ဩသက္ကိတွာ အဝသာနေ အဒါသိ။

ကိရ– ကြားရသည်ကား (ကြားဖူးသည်ကား) သော– ထိုသုဘဒ္ဒပရိဗိုဇ်သည်၊ အတီတေ– လွန်လေပြီးသောအခါ၌၊ ကနိဋ္ဌဘာတရိ– ညီအစ်ကို နှစ်ယောက်သည်၊ ကေသွိံသဿေ– တစ်ကြိမ်စိုက်ပျိုးသော စပါး၌၊ (တစ်

http://www.dhammadownload.com



ကြိမ် စပါးလုပ်ရာ၌) နဝကမ္မတ္တံ– ကိုးကြိမ်၊ အဂ္ဂဒါနံ– အဦးအဖျားဟူသော အလှူကို၊ ဒဒ္ဒေ– လှူသည်ရှိသော်၊ ဒါနံ ဒါတုံ– အလှူပေးလှူခြင်းငှာ၊ အနိစ္ဆန္တော– အလိုမရှိခြင်းကြောင့်၊ ဩသက္ကိတွာ– စေတနာဆုတ်ယုတ်သော အားဖြင့် အောက်သို့သက်၍၊ (ဝါ) ဆုတ်နစ်ကာ ချန်နေခဲ့၍၊ အဝသာနေ– အဆုံး၌၊ အဒါသိ– ပေးလှူလေ၏။

သုဘဒ္ဒပရိဗိုဇ်ဟာ လွန်လေပြီးတဲ့ အတိတ်ဘဝတစ်ခုတုန်းက အရှင်ကောဏ္ဍညအလောင်း သူတော်ကောင်းကြီးနဲ့ ညီအစ်ကို တော်စပ်ကြတယ်။ အရှင်ကောဏ္ဍညအလောင်း သူတော်ကောင်းကြီးက အစ်ကို၊ သုဘဒ္ဒပရိဗိုဇ် အလောင်းက ညီငယ်ဖြစ်တယ်။ အဲဒီညီအစ်ကိုနှစ်ယောက် လယ်ယာလုပ်ငန်းတွေ အတူတူလုပ်ကြတယ်။ အဲဒီလို အတူတူလုပ်ကြတဲ့အခါမှာ အစ်ကိုကြီးက 'ညီငယ်ရေ၊ တို့စပါးတစ်ကြိမ်စိုက်ပျိုး လုပ်ကိုင်ရင် ကောက်ဦးကိုးကြိမ်ပေးလှူရအောင်' လို့ ညီငယ်နဲ့တိုင်ပင်တဲ့အခါ ညီငယ်က လုံးဝသဘောမတူတဲ့အတွက်ကြောင့် လယ်ယာတွေကို ခွဲပြီးတော့ လုပ်ကိုင်ကြပါတယ်။

အစ်ကိုကြီးဖြစ်တဲ့ အရှင်ကောဏ္ဍညအလောင်း သူတော်ကောင်းကြီးကတော့ စပါးတစ်ကြိမ်စိုက်ပျိုးလုပ်ကိုင်ရင် ကောက်ဦးကိုးကြိမ် လှူတယ်တဲ့။

(သုတ်မဟာဝါ ဋ္ဌ ၁၇၉– ၁၈၀ တို့၌ ကြည့်ကြပါ။)

ဘယ်နှစ်ကြိမ် လှူသတဲ့လဲ။
(ကိုးကြိမ်ပါဘုရား)

ကဲ– အဲဒီကိုးကြိမ်ကို ရေတွက်ကြည့်ကြရအောင်

၁။ စပါးမျိုးကျဲတဲ့အခါ စပါးမျိုးကျဲဦး၊
၂။ နို့ရည်တည်တဲ့အခါ နို့ရည်တည်ဦး၊
၃။ မုန့်ဆန်းပြုလုပ်လောက်တဲ့အခါ မုန့်ဆန်းဦး၊
၄။ ကောက်စပါးတွေရိတ်တဲ့အခါ ကောက်ရိတ်ဦး၊
၅။ ကောက်လှိုင်းတွေထုံးတဲ့အခါ ကောက်လှိုင်းထုံးဦး၊
၆။ ကောက်လှိုင်းတွေ စုပုံပြီးတော့ တစ်ယောက်ထမ်းနိုင်လောက်တဲ့ ဝန်စည်းဖွဲ့ပြီးတဲ့အခါ တစ်ယောက်ထမ်း ဝန်စည်းဖွဲ့ဦး၊
၇။ ကောက်နယ်တလင်းရောက်တဲ့အခါ ကောက်နယ်တလင်းဦး၊
၈။ နယ်ပြီးတဲ့စပါးတွေကို လှေ့ပြီးတော့ ကောက်နယ်တလင်းအပြင်မှာ စပါးပုံကြီး ပြုလုပ်တဲ့အခါ စပါးပုံဦး၊

http://www.dhammadownload.com



၉။ အဲဒီစပါးပုံကြီးကို ကျီအတွင်းသို့ထည့်သွင်းကြတဲ့အခါ ကျီသွင်းဦးရယ်လို့ ကောက်ဦးကိုးကြိမ် လှူတယ်နော်။

(မှန်လှပါဘုရား)

ကဲ- ကိုးကြိမ်ကောက်ဦး ဒါနထူးဆိုတဲ့ လင်္ကာလေးကို မှတ်မိအောင် လိုက်ဆိုကြ

*စပါးမျိုးဦး၊ နို့ရည်ဦး၊ မုန့်ဦး၊ ရိတ်ဦးပါ။

*ထုံးဦး ဖွဲ့ဦး၊ ကောက်နယ်ဦး၊ ကျီဦးမှတ်သေချာ။

*ကိုးကြိမ်ကောက်ဦး၊ ဒါနထူး၊ ပြုဖူးကောဏ္ဍညာ။

ဗီဇဂ္ဂ ခီရံ ပုထုကံ၊ လာယနံ ဝေဏိ ကလာပကံ။

ခဠ ဘဏ္ဍ ကောဋ္ဌဂ္ဂန္တိ၊ နဝအဂ္ဂါနိ သော အဒါ။

ဗီဇဂ္ဂ- စပါးမျိုးကျဲဦးလည်းကောင်း၊ ခီရံ- နို့ရည်တည်ဦးလည်းကောင်း၊ ပုထုကံ- မုန့်ဆန်းဦးလည်းကောင်း၊ လာယနံ- ကောက်ရိတ်ဦးလည်းကောင်း၊ ဝေဏိ- ကောက်လှိုင်းထုံးဦးလည်းကောင်း၊ ကလာပကံ- တစ်ယောက်ထမ်းဝန်စည်းဖွဲ့ဦးလည်းကောင်း၊ ခဠ- ကောက်နယ်တလင်းဦးလည်းကောင်း၊ ဘဏ္ဍ- စပါးပုံဦးလည်းကောင်း၊ ကောဋ္ဌဂ္ဂံ- ကျီသွင်းဦးလည်းကောင်း၊ ဣတိ- ဤသို့၊ နဝအဂ္ဂါနိ- ကိုးကြိမ်ကောက်ဦး အလှူထူးတို့ကို၊ သော- ထိုသဒ္ဒါစေတနာ အဖြာဖြာကောင်းလှတဲ့ အရှင်ကောဏ္ဍညအလောင်း အစ်ကိုကြီးသည်၊ အဒါ- စေတနာဖွေးဖြူ အရေးယူကာ ပေးလှူခဲ့ပါပေသတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

အဲဒီလို အရှင်ကောဏ္ဍညအလောင်း သူတော်ကောင်းဖြစ်တဲ့ အစ်ကိုကြီးက ကောက်ဦးကိုးကြိမ် လှူဒါန်းပေမယ့် သုဘဒ္ဒအလောင်း ညီငယ်ကတော့ နောက်ဆုံးတစ်ကြိမ်ပဲ လှူတယ်တဲ့၊ ဘယ်နှစ်ကြိမ်လှူသတဲ့လဲ။

(နောက်ဆုံးတစ်ကြိမ်ပါဘုရား)

အစ်ကိုကြီးက ကိုးကြိမ်၊ ညီငယ်က နောက်ဆုံးတစ်ကြိမ်ပဲ လှူတယ်ဆိုတော့ ကုသိုလ်အပြုတွေ ကွာခြားမနေဘူးလား။

(ကွာခြားနေပါတယ်ဘုရား)

ကုသိုလ်အပြုတွေ ကွာခြားနေရင် ကောင်းကျိုးရတာတွေကော မကွာခြားနိုင်ဘူးလား။

(ကွာခြားနိုင်ပါတယ်ဘုရား)

အေး ဟုတ်ပြီ၊ ဒီနေ့ဟောတဲ့တရားက ညီအစ်ကိုနှစ်ယောက်ရဲ့ ကွာခြားပုံ ဟောမည့်တရားနော်။

(မှန်လှပါဘုရား)

http://www.dhammadownload.com



တသ္မာ ပဌမဗောဓိယမ္ပိ မဇ္ဈိမဗောဓိယမ္ပိ သတ္ထာရံ ဒဋ္ဌုံနာလတ္ထ။

တသ္မာ– ထို့ကြောင့်၊ မဌမဗောဓိယမ္ပိ– ပထမဗောဓိ၌လည်းကောင်း၊ မဇ္ဈိမဗောဓိယမ္ပိ– မဇ္ဈိမဗောဓိ၌လည်းကောင်း၊ သတ္ထာရံ– မြတ်စွာဘုရားကို၊ ဒဋ္ဌုံ– ဖူးမြင်ခြင်းငှာ၊ နာလတ္ထ– မရခဲ့ပါ။

အဲဒီလို ကုသိုလ်အပြု နောက်ကျခဲ့တဲ့အတွက်ကြောင့် ပဌမဗောဓိ တစ်ဆယ့်ငါးဝါ၊ မဇ္ဈိမဗောဓိ တစ်ဆယ့်ငါးဝါ ကာလပတ်လုံး မြတ်စွာဘုရားကို ဖူးမြင်ခွင့် မရခဲ့ပါဘူး။ အဲဒါ ဘာကြောင့်လဲဆိုတော့ ကုသိုလ်အပြုနောက်ကျခဲ့ လို့နော်။

(မှန်လှပါဘုရား)

မြတ်စွာဘုရားရဲ့ဝါတော် လေးဆယ့်ငါးဝါကို သုံးပုံပုံလိုက်၊ ပဌမဗောဓိ တစ်ဆယ့်ငါးဝါ၊ မဇ္ဈိမဗောဓိတစ်ဆယ့်ငါးဝါ၊ ပစ္ဆိမဗောဓိ တစ်ဆယ့်ငါးဝါ၊ ဒီလိုမဟုတ်လား။

(မှန်လှပါဘုရား)

ပစ္ဆိမဗောဓိယံ ပန သတ္ထု ပရိနိဗ္ဗာနကာလေ "အဟံ တီသု ပေဥသု အတ္တနော ကင်္ခံ မဟလ္လကေ ပရိဗ္ဗာဇကေ ပုစ္ဆိတွာ သမဏံ ဂေါတမံ ဒဟရောတိ သညာယ န ပုစ္ဆိံ၊

ပစ္ဆိမဗောဓိယံပန–ပစ္ဆိမဗောဓိ၌ကား၊ သတ္ထု မြတ်စွာဘုရား၏၊ ပရိနိဗ္ဗာနကာလေ– ပရိနိဗ္ဗာန်ပြုခါနီး၌ 'အဟံ– ငါသည်၊ တီသုပဥ္စသု– သုံးပါးသော ပြဿနာတို့၌၊ အတ္တနောကင်္ခံ– မိမိ၏ ယုံမှားခြင်းကို၊ မဟလ္လကေပရိဗ္ဗာဇကေ– အသက်အရွယ်ကြီးရင့်ကုန်သော ပရိဗိုဇ်ရဟန်းတို့ကို၊ ပုစ္ဆိတွာ– မေး၍၊ သမဏံ ဂေါတမံ– ရဟန်းဂေါတမကို၊ ဒဟရောတိသညာယ– ငယ်၏ဟူသော အမှတ် သညာဖြင့်၊ နပုစ္ဆိံ– မမေးမိ။

ပစ္ဆိမဗောဓိ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုခါနီးမှာတော့ သုဘဒ္ဒပရိဗိုဇ်ဟာ 'ငါ ယုံမှားသံသယရှိတဲ့ ပြဿနာသုံးခုရှိတယ်။ အဲဒီပြဿနာသုံးခုကို အသက် အရွယ်ကြီးရင့်တဲ့ ပရိဗိုဇ်ရဟန်းကြီးတွေကို မေးပါတယ်။ ဒါပေမဲ့ သူသိလိုတဲ့ အဖြေကောင်း အဖြေမှန်ကို မရခဲ့ပါဘူး။ အသက်အရွယ်ကြီးတော့ သိမှာပဲဆိုပြီး အထင်ကြီးကာ သူမေးတဲ့ပြဿနာကို ပရိဗိုဇ်ကြီးတွေ ဖြေကြားနိုင်ရဲ့လား။

(မဖြေနိုင်ပါဘုရား)

ဦးပဥ္စင်းတို့ ဘုရားရှင်ကိုယ်တော်မြတ်ကျတော့ အငယ်လေးဆိုပြီး အထင်

http://www.dhammadownload.com



သေးလို့ မမေးဘူးတဲ့။ ငယ်ရင် အထင်သေးတတ်တာဟာ လူတွေရဲ့သဘာဝပဲ နော်။

(မှန်လှပါဘုရား)

တဿစ ဒါနိ ပရိနိဗ္ဗာနကာလော။

တဿစ– ထိုရဟန်းဂေါတမ၏လည်း၊ ဒါနိ– ယခုအခါ၌၊ ပရိနိဗ္ဗာန ကာလော– ပရိနိဗ္ဗာန်ပြုတော်မူခါနီးပြီ။

ထိုရဟန်းဂေါတမဟာ ယခုအခါမှာ ပရိနိဗ္ဗာန်ပြုတော်မူခါနီးနေပြီ။

ပစ္ဆာ မေ သမဏဿ၊ ဂေါတမဿ အပုစ္ဆိတကာရဏာ ဝိပ္ပဋိသာရော ဥပ္ပဇ္ဇေယျာ" တိ သတ္ထာရံ ဥပသင်္ကမိတွာ အာနန္ဒတ္ထေရေန၊ နိဝါရိယမာနောပိ သတ္ထာရာ ဩကာသံ ကတွာ "အာနန္ဒ မာ သုဘဒ္ဒံ နိဝါရယိ၊ ပုစ္ဆတု မံ ပဉှံ" န္တိ ဝုတ္တေ အန္တောသာဏိံ ပဝိသိတွာ ဟေဋ္ဌာ မဉ္စကေ နိသိန္နော" ဘောသမဏ ကိံ နု ခေါ၊ အာကာသေ ပဒံနာမ အတ္ထိ၊ ဣတော ဗဟိဒ္ဓါ သမဏော နာမ အတ္ထိ၊ သင်္ခါရာ သဿတာ နာမ အတ္ထီ" တိ ဣမေပဉှေပုစ္ဆိ။

မေ– ငါသည်၊ ပစ္ဆာ– နောက်မှ၊ သမဏဿ ဂေါတမဿ– ရဟန်း ဂေါတမကို၊ အပုစ္ဆိတကာရဏာ– မမေးလိုက်မိခြင်းဟူသော အကြောင်းကြောင့်၊ ဝိပ္ပဋိသာရော– နှလုံးမသာယာခြင်းသည်၊ ဥပ္ပဇ္ဇေယျ– ဖြစ်ရာ၏၊ ဣတိ– ဤသို့ နှလုံးသွင်းလျက်၊ သတ္ထာရံ– မြတ်စွာဘုရားသို့၊ ဥပသင်္ကမိတွာ– ချဉ်းကပ်၍၊ အာနန္ဒတ္ထေရေန– အာနန္ဒာမထေရ်သည်၊ နိဝါရိယမာနောပိ– တားမြစ်အပ်ပါသော်လည်း၊ သတ္ထာရာ– မြတ်စွာဘုရားသည်၊ ဩကာသံ ကတွာ– အခွင့်ပေးတော်မူ၍၊ "အာနန္ဒ– အာနန္ဒာ၊ သုဘဒ္ဒံ– သုဘဒ္ဒ ပရိဗိုဇ်ကို၊ မာနိဝါရယိ– မတားမြစ်ပါလင့်၊ မံ– ငါဘုရားကို၊ ပဉှံ– ပြဿနာကို၊ ပုစ္ဆာတု– မေးပါစေ၊ "ဣတိဝုတ္တေ– ဤသို့မိန့်တော်မူသည်ရှိသော်၊ အန္တောသာဏိံ– တင်းတိမ်၏အတွင်းသို့၊ ပဝိသိတွာ– ဝင်၍၊ ဟေဋ္ဌာမဉ္စကေ– ညောင်စောင်း အောက်၌၊ နိသိန္နော– နေလျက်၊ "ဘောသမဏ– အိုအရှင်ရဟန်း ဂေါတမ၊ ကိံ နုခေါ– အသို့နည်း၊ အာကာသေ–ကောင်းကင်၌၊ပဒံနာမ– ခြေရာမည်သည်၊ အတ္ထိ– ရှိပါသလော၊ ဣတော– ဤသာသနာတော်မှ၊ ဗဟိဒ္ဓါ– အပ၌၊ သမဏောနာမ– ရဟန်းမည်သည်၊ အတ္ထိ– ရှိပါသလော၊ သဿတာ– မြဲကုန်သော၊ သင်္ခါရာနာမ– သင်္ခါရတို့မည်သည်၊ အတ္ထိ– ရှိပါကုန်သလော၊

http://www.dhammadownload.com



ဝ္တတိတ္တမေပဍ္ဍေ– ဤပြဿနာတို့ကို၊ ပုစ္ဆိ– သိလိုတဲ့အရေးဖြင့် မနေးမြန်စွာ မေးလျှောက်ပါပေသတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

ငါသည် နောက်မှ ရဟန်းဂေါတမကို မမေးလိုက်ရလို့ နလုံးမသာယာခြင်း ဖြစ်မယ်ဆိုပြီးတော့ မြတ်စွာဘုရားကို ချဉ်းကပ်တယ်။ ရှင်အာနန္ဒာကိုယ်တော်မြတ်ကလည်း "သုဘဒ္ဒပရိဗိုဇ်ကြီး၊ မြတ်စွာဘုရားကို မညှဉ်းဆဲပါနဲ့၊ မြတ်စွာ ဘုရား ပင်ပန်းနေတယ်၊ သင်မေးမည့် ပြဿနာတွေကို အဖြေပေးရရင် ပိုပြီးတော့ မြတ်စွာဘုရား ပင်ပန်းတော်မူလိမ့်မယ်" ဆိုပြီးတော့ သုဘဒ္ဒရဲ့ သုံးကြိမ်လျှောက် ထားသည်ကို ရှင်အာနန္ဒကိုယ်တော်မြတ်က သုံးကြိမ် တားမြစ်တော်မူပါတယ်၊ ဘုရားနဲ့တွေ့ခွင့် လုံးဝမပေးပါဘူး။

အဲဒီအရှင်အာနန္ဒာနဲ့ သုဘဒ္ဒပရိဗိုဇ်ပြောနေတဲ့စကားကို ဘုရားရှင်ကြားတော်မူတော့ မြတ်စွာဘုရားက တွေ့ခွင့်ပေးတော်မူလိုက်ပါတယ်။ "ချစ်သားအာနန္ဒာ၊ သုဘဒ္ဒပရိဗိုဇ်ကို မတားမြစ်ပါနဲ့၊ သူမေးချင်တဲ့ ပြဿနာကို ငါဘုရားကို မေးပါစေ" လို့ ခွင့်ပြုအမိန့် ပေးတော်မူလိုက်တော့ တင်းတိမ်အတွင်းသို့ဝင်ကာ ညောင်စောင်းအောက်မှာနေလျက်

၁။ "အရှင်ဂေါတမ၊ ကောင်းကင်မှာ ခြေရာရှိပါသလား။

၂။ ဤသာသနာမှအပ ကိလေသာငြိမ်းကြောင်း အကျင့်ကောင်း အကျင့်မြတ်တွေကို ကျင့်နေတဲ့ သမဏ ရဟန်းကောင်း ရဟန်းမြတ်ဆိုတာ ရှိပါသလား။

၃။ မြဲတဲ့ သင်္ခါရဆိုတာ ရှိပါသလား" လို့ ဒီပြဿနာတွေကိုမေးပါတယ်။

ကဲ– အဲဒီသုဘဒ္ဒပရိဗိုဇ်ရဲ့ လျှောက်ထားချက်သုံးမျိုးကို ခေတ်ဆန်းကဗျာလေးတွေ စီထားတယ်၊ အားလုံးလိုက်ဆိုကြ။

၁။ ကောင်းကင်ကြီးမှာ ခြေရာများ
ရှိသလားလို့ သူလျှောက်ထား။

၂။ ဤသာသနာမှ ပြင်ပကား
ရဟန်းဆိုတာ ရှိသလား။

၃။ သင်္ခါရဆို ရုပ်နာမ်များ
မြဲသလားလို့ သူလျှောက်ထား။

အထသေ့ သတ္တာ တေသံ အဘာဝံ အာစိက္ခန္တော တ္တမာပဟိ ဂါထာပဟိ ဓမ္မံ ဒေသေသိ။

http://www.dhammadownload.com



အထ– ထိုအခါ၌၊ အသာ– ထိုသုဘဒ္ဒပရိဗိုဇ်အား၊ သတ္ထာ– မြတ်စွာဘုရားသည်၊ တေသံ– ထိုခြေရာစသည်တို့၏၊ အဘာဝံ– မရှိခြင်းကို၊ အာစိက္ခန္တော– မိန့်ကြားတော်မူလို၍၊ ဣမာဟိဂါထာဟိ– ဤဂါထာတို့ဖြင့်၊ ဓမ္မံ– တရား ကို၊ ဒေသေသိ– ကောင်းစွာမသွေ၊ ဟောကြားတော်မူလိုက်ပါပေသတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

အဲဒီလို မေးလျှောက်တော့ ဘုရားရှင်ကိုယ်တော်မြတ်က သုဘဒ္ဒပရိဗိုဇ်အား ကောင်းကင်မှာ ခြေရာစသည်တွေမရှိတဲ့အကြောင်း ဂါထာနှစ်ပုဒ်နဲ့ ဟောကြားတော်မူပါတယ်။

၁။ အာကာသေဝ ပဒံ နတ္ထိ၊ သမဏော နတ္ထိ ဗာဟိရေ။
ပပဉ္စာဘိရတာ ပဇာ၊ နိပ္ပပဉ္စာ တထာဂတာ။

(သုဘဒ္ဒ– သုဘဒ္ဒ၊ အာကာသေ– အာကာသေဟင် ထက်ကောင်းကင်၌၊ ပဒံ– ဖွေရှာအတည် ခြေရာသည်ကား၊ နတ္ထိဧဝ– ကေန်သေချာ မရှိသည်သာတည်း၊ ဗာဟိရေ– ငါဘုရား၏ သုံးပါးမှန်စွာ သာသနာမှ ပြင်အပ၌၊ သမဏော– မဂ်ပန်း ဖိုလ်ပန်း နိဗ္ဗာန်ပန်းကို ဆင်မြန်းပန်ရ ရဟန်းလှသည်၊ နတ္ထိဧဝ– ကေန်သေချာ မရှိသည်သာတည်း၊ ပဇာ– သတ္တလောက ခေါ်ဆိုရသည့် များလှသောင်းပြောင်း သတ္တဝါအပေါင်းသည်၊ ပပဉ္စာဘိရတာ– သံသရာခရီး ရှည်ကြာကြီးအောင်၊ အပြီးဆောင်တတ် မမြတ်တဏှာ တစ်ဖြာမာန တစ်ဝ တစ်ထွေ ဒိဋ္ဌိတွေ၌၊ နှစ်ခြိုက်ခါခါ လွန်ကဲသာ၍ မြဲစွာမသွေ မွေ့လျော်နေကြလေကုန်၏။ တထာဂတာ– ရှေးဘုရားတို့နှင့် မခြားတစ်မူ လာခြင်းတူကြား ရှင်တော်ဘုရားတို့သည်၊ နိပ္ပပဉ္စာ– ဗောဓိပင်မင်း ခြေတော်ရင်းဝယ် အရှင်းပယ်၍ တစ်သွယ် တဏှာ တဖြာမာန တစ်ဝဒိဋ္ဌိ ပပဉ္စ– မရှိကြလေကုန်။

ချစ်သား သုဘဒ္ဒ၊ ကောင်းကင်မှာ ခြေရာမရှိဘူး၊ ငါဘုရားရဲ့သာသနာတော်မှ အပြင်အပမှာ မဂ်ဖိုလ်ရတဲ့ ရဟန်းဆိုတာ မရှိဘူး။ သတ္တဝါအပေါင်းဟာ သံသရာခရီးရှည်အောင် ကြာအောင် ချဲ့ထွင်တတ်တဲ့ တဏှာ မာန ဒိဋ္ဌိဆိုတဲ့ ပပဉ္စတရားတို့၌သာ အလွန်အကဲ အမြဲတစေ မွေ့လျော်နေကြတယ်။ ငါဘုရားတို့ကတော့ ဗောဓိပင်မင်း ခြေတော်ရင်းမှာပင် သံသရာကိုချဲ့ထွင်တတ်တဲ့ တဏှာ မာန ဒိဋ္ဌိဆိုတဲ့ ပပဉ္စတရားအားလုံးကို အရဟတ္တမဂ် ဓားသန်လျက်နဲ့ ပယ်ဖျက်သုတ်သင် အပြုတ်နှင်ကာ ခုတ်ထွင်ခဲ့ပြီးတဲ့အတွက်ကြောင့် ပပဉ္စတရားတွေ လုံးဝမရှိကြတော့ဘူးလို့ ဟောကြားတော်မူပါတယ်။

http://www.dhammadownload.com



ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ
*ကောင်းကင်ကြီးမှာ ခြေရာများ၊
မရှိဘူးကွဲ့ သင်မှတ်သား။
(မရှိဘူးကွဲ့ အိုချစ်သား။)
*ဤသာသနာမှ ပြင်ပကား
မဂ်ဖိုလ်ရသူ မရှိပြား။
(မဂ်ရ ဖိုလ်ရ မရှိပြား။)
*ကောင်းကင်ကြီးမှာ၊ သင်္ခါရ၊ ခြေရာ ရှိသလား၊
ကောင်းကင်ကြီးမှာ၊ သင်္ခါရ၊ ခြေရာမရှိပြား။
*ဤသာသနာ၊ ပြင်အပ၊ မဂ်ရ ရှိသလား။
ဤသာသနာ၊ ပြင်အပ၊ ဖိုလ်ရ ရှိသလား။
*ဤသာသနာ၊ ပြင်ပမှာ၊ ဝေးကွာ မဂ်ရများ။
ဤသာသနာ၊ ပြင်ပမှာ၊ ဝေးကွာ ဖိုလ်ရများ။

အဖြေဘယ်နှစ်မျိုး ပြီးသွားပြီလဲ။
(နှစ်မျိုးပြီးသွားပါပြီဘုရား)

သုဘဒ္ဒပရိဗိုဇ် မမေးပေမယ့် ဘုရားရှင်ကိုယ်တော်မြတ် စေတနာထားပြီးတော့ အသေအချာ ဟောထားတာက သင်္ခါရအပေါင်းဟာ သံသရာခရီးရှည်ကြာအောင် ချဲ့တတ်တဲ့ တဏှာ မာနဒိဋ္ဌိတွေနဲ့ အလွန်ပျော်နေကြတယ်။ ဒီလိုဆက်ဟောထားတာနော်။

(မှန်လှပါဘုရား)

သံသရာရှည်အောင် ချဲ့နေတာ လုပ်နေတာ ဘယ်တရားတွေတဲ့လဲ။
(တဏှာ မာန ဒိဋ္ဌိတွေပါဘုရား)
သင်္ခါရတွေဟာ ဘာတွေနဲ့ ပျော်နေကြသတဲ့လဲ။
(တဏှာ မာန ဒိဋ္ဌိတွေနဲ့ပါဘုရား)
တချို့ကဒါနမပြုနဲ့၊ ဒါနက သံသရာရှည်စေတယ်လို့ မပြောကြဘူးလား။
(ပြောကြပါတယ်ဘုရား)

ဒါနကြောင့် သံသရာရှည်တာ မဟုတ်ပါဘူး။ ဒါနပြုပြီးတော့ လူ့ဘဝ၊ နတ်ဘဝစတဲ့ ဘဝသမ္ပတ္တိ၊ စီးပွားဥစ္စာ ရာထူးဂုဏ်သိန် အရှိန်အဝါတွေ တိုးတက်ပြည့်စုံခြင်း ဘောဂသမ္ပတ္တိကို တောင့်တလိုချင်တဲ့ လောဘတဏှာကြောင့် သံသရာရှည်တာပါပဲ။

http://www.dhammadownload.com



ဒါနပြုရာမှာ (ပြုပြီးတဲ့အခါမှာ) လောဘတဏှာပါလို့ လောဘတဏှာကြောင့် သံသရာရှည်တာနော်။

(မှန်လှပါဘုရား)

လူတွေဟာ များသောအားဖြင့် ဒါန၊ သီလ၊ သမထ၊ ဝိပဿနာကုသိုလ်တွေ ပြုပြီးတိုင်း ဘာဖြစ်ရပါလို၏၊ ညာဖြစ်ရပါလို၏စတဲ့ ကိုယ်လိုချင်တဲ့ဆုတွေ အများကြီး မတောင်းကြဘူးလား။

(တောင်းကြပါတယ်ဘုရား)

အဲဒီလောဘတဏှာနဲ့ တောင်းတဲ့ဆုတောင်းအရှည်ကြီးကို ရည်ရွယ်ပြီးတော့ ကျေးဖူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးက 'လျှာရှည်လို့ သံသရာရှည်တာ'' လို့ ဆုံးမတော်မူပါတယ်။

ဒီတော့ တရားနာပရိသတ်၊ ဘာကြောင့် သံသရာရှည်တာတဲ့လဲ။

(လျှာရှည်လို့ပါ ဘုရား)

ဟုတ်တယ်၊ ဦးပဥ္စင်းတို့ရဲ့လျှာ၊ ဒကာ ဒကာမတွေရဲ့လျှာ တော်တော်ရှည်ခဲ့ပုံရတယ်။ ဘုရားအဆူဆူပွင့်တော်မူပြီးပြီ၊ ခုထိ မကျွတ်နိုင်သေးပုံကိုထောက်တော့ လျှာရှည်တာ သေချာလောက်တယ်နော်။

(မှန်လှပါဘုရား)

ဒီတော့ ကုသိုလ်ပြုပြီးရင် နိဗ္ဗာန်ကိုရရလိုပါ၏လို့ လျှာမရှည်ဘဲ၊ လျှာတိုတိုနဲ့ ဆုတောင်းဖို့ မလိုဘူးလား။

(လိုပါတယ်ဘုရား)

နိဗ္ဗာန်တစ်ခုတည်းသာ ဆုတောင်းလိုက်တော့ တဏှာလောဘသံတွေ ပျောက်မသွားဘူးလား။

(ပျောက်သွားပါတယ်ဘုရား)

ကုသိုလ်ပြုပြီးတော့ တဏှာ၊ မာန၊ ဒိဋ္ဌိတွေ လွှမ်းမိုးသွားတော့ အကုသိုလ်တွေ ဖြစ်သွားတယ်။ ဒီအကြောင်းတွေကို ပဋ္ဌာန်းပါဠိတော် ပထမအုပ်၊ စာမျက်နှာ (၁၄၆၊ ၁၄၇) တို့မှာ ဘုရားဟောတော်မူထားတာ ရှိပါတယ်။ အကျယ်သိချင်ရင် အဲဒီမှာပဲ ကြည့်ကြပါတော့။

ဒီတော့ တရားနာပရိသတ်၊ ဒါနကြောင့် သံသရာရှည်တာမဟုတ်ဘူး၊ တဏှာ၊ မာန၊ ဒိဋ္ဌိတို့ကြောင့် သံသရာရှည်တယ်ဆိုတာ ရှင်းပြီလား။

(ရှင်းပါပြီဘုရား)

http://www.dhammadownload.com



ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ
*သံသရာရှည်အောင် ချဲ့တာကား
တဏှာ၊ မာန၊ ဒိဋ္ဌိများ။
*သံသရာရှည်အောင် ပြုတာကား
တဏှာ၊ မာန၊ ဒိဋ္ဌိများ။
*ဒါနပြုကာ၊ သံသရာ၊ ရှည်ကြာဘာ့ကြောင့်လဲ၊
ဒါနပြုရာ၊ လိုတဏှာ၊ ပါတာကြောင့်ပါပဲ။
*ဒါနပြုကာ သံသရာ၊ ရှည်ကြာဘာ့ကြောင့်လဲ၊
ဒါနပြုရာ၊ မာနပါ၊ ရှည်ကြာဒါ့ကြောင့်ပဲ။
*ဒါနပြုကာ၊ သံသရာ၊ ရှည်ကြာဘာ့ကြောင့်လဲ၊
ဒါနပြုရာ၊ ဒိဋ္ဌိပါ၊ ရှည်ကြာဒါ့ကြောင့်ပဲ။

သတ္တဝါတွေ ဘာနဲ့ပျော်နေကြသတဲ့လဲ။
(တဏှာ၊ မာန၊ ဒိဋ္ဌိတို့နဲ့ပါဘုရား)

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ
*လောကကြီး လောကကြီး
တဏှာနဲ့ပျော် လောကကြီး။
*လောကကြီး လောကကြီး
မာနနဲ့ပျော် လောကကြီး။
*လောကကြီး လောကကြီး
ဒိဋ္ဌိနဲ့ပျော် လောကကြီး။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးတို့ကတော့ တဏှာ၊ မာန၊ ဒိဋ္ဌိဆိုတဲ့တရားဆိုးတွေကို ဗောဓိပင်မင်း ခြေတော်ရင်းမှာပဲ အရဟတ္တမဂ် ဓားသန်လျက်နဲ့ ပယ်သတ်ခုတ်ဖြတ်ခဲ့တဲ့အတွက် အဲဒီတရားဆိုးတွေ မရှိတော့ဘူးလို့ သုဘဒ္ဒ မလျှောက်ပေမယ့် ဘုရားရှင် ဆက်ပြီးတော့ ဟောထားတယ်နော်။

(မှန်လှပါဘုရား)

ကဲ- ဒုတိယဂါထာဆက်ကြပါစို့။

၂။ အာကာသေ ပဒံ နတ္ထိ၊ သမဏော နတ္ထိ ဗာဟိရေ။
သင်္ခါရာ သဿတာ နတ္ထိ၊ နတ္ထိ ဗုဒ္ဓါန မိဉ္ဇိတံ။

http://www.dhammadownload.com



အပေါ်နှစ်ပိုဒ်က ပထမဂါထာနဲ့အတူ ပါပဲ။ ဒီတော့ အောက်နှစ်ပိုဒ်ကိုပဲ အနက်ပေးပြီး အဓိပ္ပာယ်ရှင်းကာ ဟော့ကြပါစို့။

သဿတာ– မြဲကုန်သော၊ သင်္ခါရာ– ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်၊ နတ္ထိ– မရှိကြကုန်။

မြဲတဲ့ ခန္ဓာငါးပါး ရုပ်နာမ်တရားတွေ ဘာတစ်ခုမျှ မရှိကြပါဘူးလို့ ဟောကြားတော်မူပါတယ်။ ဒီဂါထာအပိုဒ်ဟာ သုဘဒ္ဒကို ဝိပဿနာ အရှုခိုင်းတဲ့ အပိုဒ်ပါပဲ။ ချစ်သား သုဘဒ္ဒ၊ ခန္ဓာငါးပါး ရုပ်နာမ်တရားတွေဟာ ဘာမျှ မမြဲဘူး။ အားလုံးဆင်းရဲတယ်။ အားလုံး ဘာမျှမပိုင်ဘူး။ အစိုးမရ အနှစ်သာရ မရှိဘူး။ ဒါ့ကြောင့် ခန္ဓာငါးပါးအရှိရဲ့ အပေါ်မှာ ဉာဏ်ပညာအသိနဲ့ မြင်အောင် ကြည့်လိုက်စမ်းပါလို့ တိုက်တွန်းဟောကြားတော်မူပါတယ်။

ကဲ– အမေး အဖြေလင်္ကာလေးတွေ လိုက်ဆိုကြ

*သင်္ခါရဆို ရုပ်နာမ်များ၊
မြဲသလားလို့ သူလျှောက်ထား။
*သင်္ခါရဆို ရုပ်နာမ်များ
မမြဲဘူးကွဲ့ အိုချစ်သား။
(မမြဲဘူးကွဲ့ သင်မှတ်သား။)
*ရုပ်နာမ်နှစ်ဖြာ၊ သင်္ခါရာ၊ မြဲတာရှိသလား၊
ရုပ်နာမ်နှစ်ဖြာ၊ သင်္ခါရာ၊ ကင်းကွာမြဲတာများ၊
ဝိပဿနာ၊ ရှုဖို့ရာ၊ သေချာဟောပြထား။

ဗုဒ္ဓါနံ– ဘုရားရှင်တို့အား၊ ဣဉ္ဇိတံ– တဏှာ၊ မာန ဒိဋ္ဌိတို့ဖြင့် တုန်လှုပ်ခြင်းသည်၊ နတ္ထိ– မရှိ၊ ဣတိ– ဤသို့၊ ဒေသေသိ– ကောင်းစွာမသွေ ဟောကြားတော်မူလိုက်ပါပေသတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

(သုဘဒ္ဒ)၊ ဘုရားရှင်အား တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့် တုန်လှုပ်တာမရှိဘူးလို့ ဆက်ပြီးတော့ ဟောကြားတော်မူလိုက်ပါတယ်။

ဒီနေရာလေးလည်း ဦးပဉ္ဇင်းတို့ တော်တော်သဘောကျတယ်။ လောကမှာရှိတဲ့ လူသားတွေအားလုံး တုန်နေကြတယ်၊ လှုပ်နေကြတယ်။ အဲဒီလို တုန်နေကြတာ လှုပ်နေကြတာက တဏှာ၊ မာန၊ ဒိဋ္ဌိတွေ ရှိနေလို့နော်။

(မှန်လှပါဘုရား)

http://www.dhammadownload.com



ကဲ- လက်ာလေးတွေ လိုက်ဆိုကြ
*မတုန်လှုပ်တာ ဘာကြောင့်လဲ၊
တဏှာဆိုတာ ကင်းလို့ပဲ။
မာနဆိုတာ ကင်းလို့ပဲ။
ဒိဋ္ဌိဆိုတာ ကင်းလို့ပဲ။
*တုန်တာ လှုပ်တာ ဘာ့ကြောင့်လဲ၊
တဏှာဆိုတာ ရှိလို့ပဲ။
မာနဆိုတာ ရှိလို့ပဲ။
ဒိဋ္ဌိဆိုတာ ရှိလို့ပဲ။

ဒေသနာဝသာနေ သုဘဒ္ဒေါ အနာဂါမိဖလေ ပတိဋ္ဌဟိ။

ဒေသနာဝသာနေ- မဂ္ဂားသေချာ ဤတရား ဒေသနာတော်၏ အဆုံး၌၊ သုဘဒ္ဒေါ- သုဘဒ္ဒပရိဗိုဇ်သည်၊ အာနဂါမိဖလေ- အနာဂါမိဖိုလ်၌၊ (ဝါ) အနာဂါမိဖိုလ်ပန်း၌၊ ပတိဋ္ဌဟိ- ကောင်းစွာမသွေ တည်သွားပါပေတော့သတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

ဒီတရားဒေသနာတော်ရဲ့အဆုံးမှာ သုဘဒ္ဒပရိဗိုဇ်ကြီးဟာ အနာဂါမိဖိုလ် တည်သွားတယ်နော်။ (အနာဂါမိဖိုလ်ပန်းကြီး ပန်သွားရပါတယ်။)

ဦးပဉ္ဇင်းတို့ ဂေါတမဘုရားရှင်ကိုယ်တော်မြတ်ကြီး ပရိနိဗ္ဗာန်စံခါနီးမှ ရဟန်းပြု၍ မဂ်ဖိုလ်ရတဲ့ နောက်ဆုံးရဟန်းဟာ သုဘဒ္ဒခေါ်တဲ့ ရဟန်းကြီးပါပဲ တရားနာ။

နောက်ဆုံးရဟန်းက ဘယ်သူတဲ့လဲ။

(သုဘဒ္ဒပါ ဘုရား)

သုဘဒ္ဒခေါ် နောက်ဆုံးရဟန်းကြီး ပန်ရတဲ့ပန်းက ဘာပန်းတဲ့လဲ တရားနာ။

(အနာဂါမိဖိုလ်ပန်းပါ ဘုရား)

အဲဒီနောက် ဘုရားဟောလို့ မဂ်ပန်း၊ ဖိုလ်ပန်း ပန်သွားရတဲ့ ပုဂ္ဂိုလ် ရှိသေးသလား။

(မရှိပါဘုရား)

ဘုရားပန်ပေးတဲ့ ပန်းတွေထဲမှာ သုဘဒ္ဒပန်ရတဲ့ အနာဂါမိဖိုလ်ပန်းဟာ နောက်ဆုံးပန်းပဲနော်။

(မှန်လှပါဘုရား)

http://www.dhammadownload.com



ဒီတော့ တရားနာပရိသတ်၊ နောက်ဆုံးရဟန်းရဲ့ နောက်ဆုံးပန်းပေါ်သွားပြီ မဟုတ်လား။

(ပေါ်သွားပါပြီဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်က ဘာတရားတဲ့လဲ တရားနာ။

(နောက်ဆုံးရဟန်း နောက်ဆုံးပန်း တရားတော်ပါဘုရား)

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

* နောက်ဆုံးရဟန်း ဘယ်သူလဲ၊

သုဘဒ္ဒခေါ် ရဟန်းပဲ။

* နောက်ဆုံးပန်းဟာ ဘယ်ပန်းလဲ၊

အနာဂါမိဖိုလ်ပန်းပဲ။

သုဘဒ္ဒရဟန်းကြီးဟာ နောက်ဆုံးရဟန်းဖြစ်ပြီးတော့ နောက်ဆုံးမှ အနာဂါမိဖိုလ်ပန်းကို ပန်ရတာဟာ ဘာ့ကြောင့်တဲ့လဲ တရားနာ။

(ကုသိုလ်နောက်ဆုံးမှ ပြုခဲ့လို့ပါဘုရား)

ဒီနေ့ ဟောတဲ့တရားက နောက်ကျသူတွေကို နောက်မကျအောင် သတိပေးတဲ့တရားနော်။

(မှန်လှပါဘုရား)

နောက်ကျရင် နောက်မှ ဘုရားနဲ့တွေ့မယ်၊ နောက်မှ တရားနာရမယ်၊ နောက်မှ မဂ်ဖိုလ်ရမယ်။ နောက်မကျအောင် ကြိုးစားနိုင်ကြပါစေဆိုတဲ့အနေအားဖြင့် ဟောဒီ "နောက်ဆုံးရဟန်း နောက်ဆုံးပန်း" တရားတော်ကို ဟောကြားခဲ့ပါတယ်။

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

* ဒါနပြုရာ နောက်ကျရင်

နောက်မှ နောက်မှ မဂ်ဖိုလ်ဝင်။

* သီလစောင့်ရာ နောက်ကျရင်

နောက်မှ နောက်မှ မဂ်ဖိုလ်ဝင်။

* တရားနာရာ နောက်ကျရင်

နောက်မှ နောက်မှ မဂ်ဖိုလ်ဝင်။

* တရားထိုင်ရာ နောက်ကျရင်

နောက်မှ နောက်မှ မဂ်ဖိုလ်ဝင်။

http://www.dhammadownload.com



*ကုသိုလ်ပြုရာ နောက်ကျရင်
နောက်မှ နောက်မှ မင်္ဂလာဖိုလ်ဝင်။
*ဆုတောင်းမှုတွေ ရှည်နေရင်
နောက်မှ နောက်မှ မင်္ဂလာဖိုလ်ဝင်။

ပန်းတစ်ပင်ကနေပြီးတော့ ပွင့်လာတဲ့ ပန်းလှလှလေးတွေကို ကိုယ်က သူများထက် ဦးအောင် မခူးချင်၊ မပန်ချင်ဘူးလား တရားနာ။

(ခူးချင် ပန်ချင်ပါတယ် ဘုရား)

အဲဒီလို ခူးချင်၊ ပန်ချင်တာဟာ လူတွေရဲ့သဘော၊ လူတွေရဲ့မနောပဲနော်။

(မှန်လှပါဘုရား)

အဲဒီလို ပန်းတစ်ပင်က ပွင့်လာတဲ့ပန်းတွေကို သူများထက်ဦးအောင် ခူးချင် ပန်ချင်သလို ခုဘဝ နောက်ဘဝ မှချကောင်းကြောင်း ကုသိုလ်ဆိုတဲ့ ပန်းကောင်း ပန်းမြတ် ပန်းလှလှလေးတွေကိုလည်း သူများထက်ဦးအောင် မခူးသင့် မပန်သင့်ဘူးလား တရားနာ။

(ခူးသင့် ပန်သင့်ပါတယ် ဘုရား)

ဒါန၊ သီလ၊ ဘာဝနာဆိုတဲ့ ပန်းကောင်း ပန်းမြတ်တွေကို သူများထက် ဦးအောင် ခူးနိုင် ပန်နိုင်ကြပါစေဆိုတဲ့ စေတနာဆန္ဒ မေတ္တာတွေအနန္တနဲ့ ဒီ (နောက်ဆုံးရဟန်း နောက်ဆုံးပန်း) တရားတော်ကို ဟောခဲ့တာပါပဲ တရားနာ။

ယနေ့ ကောင်းမြတ်တဲ့ ဒါန၊ သီလ၊ ဘာဝနာဆိုတဲ့ ပန်းတွေကို ခူးရ ပန်ရ ပြုလုပ်ရတဲ့ ကုသိုလ်၊ သံသရာဝဋ်မှ မုန်စွာလွတ်ကြောင်း တကယ်ကောင်း သည့် အမြတ်ဆုံး တရားဒေသနာတော်တွေကို ဟောရ နာရတဲ့၊ ကျင့်ကြံကြိုး စား ပွားများအားထုတ်ရတဲ့ ကုသိုလ်ကံစေတနာအပေါင်းကြောင့် ဘဝတိုင်းဘဝ တိုင်း ကောင်းသောဘုရား ကောင်းသောတရား၊ ကောင်းသောသံဃာ၊ ကောင်း သော မိဘ၊ ကောင်းသောဆရာ၊ ကောင်းသောတပည့်၊ ကောင်းသောမိတ်ဆွေ ကောင်းတာတွေကို တွေ့ရပါလို၏လို့ ကောင်းဆုတွေတောင်းရမယ်နော်။

(မှန်လှပါဘုရား)

"ကောင်းဆုတောင်း၍ ကောင်းမှုကောင်းပြု" ကဗျာ

*ပန်းတစ်ပင်မှ၊ ပွင့်လာကြမည့်၊ ပန်းလှဝေဝေ၊
ပန်းလှတွေကို၊ ငါလေဦးစွာ၊ သူဦးစွာနဲ့။
ခူးပါလိုချင်၊ ပန်လိုချင်သော၊ လူ့သဘောထား၊

http://www.dhammadownload.com



မနောများကို၊ ပြောကြားကဗျာရေးမိတာ။
*ပန်းကိုမြင်လျှင်၊ သူပင်ဦးစွာ၊ ငါဦးစွာနဲ့၊
ခူးကာပန်ချင်၊ စိတ်အစဉ်သစ်၊ သိပ်ပင်ဖြစ်သို့၊
စင်စစ်သေချာ၊ တရားနာလည်း၊ ခုခါဘဝ၊
နောက်ဘဝ၌၊ မုချကောင်းကြောင်း၊
ကုသိုလ်ကောင်းမှု၊ ပန်းအစုကို၊ လှမ်းပြုမြန်စွာ၊
ခူးပန်ရာသည်၊ ထူးသံသာတေး ဒီကဗျာ။
*ဒါန သီလာ၊ ဘာဝနာပေါင်းစု၊ မြတ်ကောင်းမှုပန်း၊
အဆန်းဆန်း အထွေထွေ၊ ပန်နိုင်စေဟု၊ ရည်ရွယ်ပြုလျက်၊
ယခုရှင်ပြုး၊ မေတ္တာသုံး၍၊ နောက်ဆုံးရဟန်း၊
နောက်ဆုံးပန်းခေါ်၊ တရားတော်ရေအေး၊
အမြိုက်ဆေးကို၊ တိုက်ကျွေးခဲ့တယ် တရားနာ။
*ကောင်းသောဘုရား၊ ကောင်းတရားနှင့်၊
ကောင်းသားသံဃာ၊ ကောင်းစွာမိဘ၊ ကောင်းလှဆရာ၊
ကောင်းသာဒကာပည့်၊ ကောင်းသည့်မိတ်ဆွေ၊ ကောင်းတာတွေကို၊
ထိုထိုဘဝ၊ ဖြစ်သမျှ၌၊ နေ့ညကြုံလို့၊ တွေ့လိုရကြောင်း၊
ကောင်းဆုတောင်း၍၊ ကောင်းမှုကောင်းပြု တရားနာ။
သမ္ပတ္တပရိသာယပိ သာတ္ထိကာ ဓမ္မဒေသနာ အဟောသိ။

(ဓမ္မပဒ ဋ္ဌ ၂၊ ၂၄၀)

သမ္ပတ္တပရိသာယပိ– ရောက်ရှိလာကြသော တရားနာ ပရိသတ်အပေါင်းသူတော်ကောင်းအားလည်း၊ သာတ္ထိကာ– တစ်မျိုးအသိ အကျိုးရှိသော၊ ဓမ္မဒေသနာ– တရားဒေသနာတော်သည်၊ အဟောသိ– ကောင်းစွာမသွေ ဖြစ်ပါပေသတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

ဒီတရားဒေသနာတော်ဟာ ရောက်လာတဲ့ တရားနာပရိသတ်တွေအတွက်လည်း ကုသိုလ်တရားတွေကို နောက်ကျပြီးတော့ နောက်မှမလုပ်သင့်ဘူးဆိုတဲ့ အသိဉာဏ်တွေ တစ်မျိုးတခြား တိုးပွားပြီးတော့ အကျိုးရှိတဲ့ တရားဒေသနာတော် ဖြစ်သွားတယ်နော်။

(မှန်လှပါဘုရား)

http://www.dhammadownload.com



ကဲ– "နောက်ဆုံးရဟန်း နောက်ဆုံးပန်း" ဆိုတဲ့ တရားတော်ကိုတော့ ဟောကြားလို့ ပြီးသွားပါပြီ။

နောက်ဆုံးရဟန်းရှိရင် အစဆုံး ရဟန်းကော မရှိသင့်ဘူးလား။

(ရှိသင့်ပါတယ်ဘုရား)

အဲဒီ အစဆုံးရဟန်းဟာ ဘယ်သူလဲဆိုတော့ ကိုးကြိမ်ကောက်ဦး အလှူထူးကို သူများထက်ဦးဦးဖျားဖျား ထူးထူးခြားခြား လှူဒါန်းခဲ့တဲ့ အရှင်ကောဏ္ဍည ပဲနော်။

(မှန်လှပါဘုရား)

အရှင်ကောဏ္ဍညအလောင်း သူတော်ကောင်းကြီးဟာ ဝိပဿီဘုရားရှင် အမှူးရှိတဲ့ သံဃာတော်အပေါင်းအား ကောက်ဦးကိုးကြိမ်လှူပြီးတော့

"မြတ်စွာဘုရား၊ တပည့်တော်၏ ဤကိုးကြိမ်ကောက်ဦး အလှူထူးသည် အရဟတ္တဖိုလ် တရားထူးကို (နိဗ္ဗာန်တရားကို အစဆုံး သိသူ၊ အရဟတ္တဖိုလ်ပန်း (နိဗ္ဗာန်ပန်း) ကို အစဆုံး ပန်ရသူဖြစ်ပါရစေဘုရား" လို့ ဆုတောင်းပြုခဲ့တဲ့ အတွက်ကြောင့် "ဦးပဥ္စင်းတို့ ဂေါတမဘုရားရှင်ကိုယ်တော်မြတ်ရဲ့ လက်ထက်တော်မှာ ဘုရားရှင်ကို အစဆုံးဖူးမြင်ရသူ၊ အစ ဆုံး သစ္စာလေးပါးတရားကို နာရသူ၊ အစဆုံး အရဟတ္တဖိုလ်ပန်း နိဗ္ဗာန်ပန်းကို ပန်ရသူဖြစ်ပါတယ်။

(ဓမ္မပဒ ၃ ၁၊ ၆၁၊ ၆၂၊ ၆၃)

အရှင်ကောဏ္ဍညရဲ့အကြောင်း ဒီလောက် အကျဉ်းချုပ်ပြောရင် သဘော ပေါက်လောက်ပါပြီ။

ဒီတော့ တရားနာပရိသတ်၊ အစရဟန်းက ဘယ်သူတဲ့လဲ။

(အရှင်ကောဏ္ဍည ပါဘုရား)

အရှင်ကောဏ္ဍည ပန်တော်မူရတဲ့ပန်းတွေက ဘယ်ပန်းတွေတဲ့လဲ။

(အရဟတ္တဖိုလ်ပန်း၊ နိဗ္ဗာန်ပန်းတွေပါဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

* အစ ရဟန်း ဘယ်သူလဲ၊
ကောဏ္ဍညခေါ် ရဟန်းပဲ။
* အစပန်းဟာ ဘယ်ပန်းလဲ
အရဟတ္တဖိုလ်ပန်းပဲ။
* အစပန်းဟာ ဘယ်ပန်းလဲ
မြတ်သောနိဗ္ဗာန်ပန်းပါပဲ။

http://www.dhammadownload.com



"အစရဟန်း အစပန်းတရားတော်" ပေါ်သွားပြီနော်။

(မှန်လှပါဘုရား)

ဒီတော့ တရားနာပရိသတ်၊ အစ်ကိုကြီးက "အစရဟန်း အစပန်း"၊ ညီငယ်က "နောက်ဆုံးရဟန်း နောက်ဆုံးပန်း" ဆိုတော့ ညီနောင်နှစ်ပါးရဲ့ ဘဝဖြစ်ပုံအလုံးစုံတွေဟာ (အကျိုးပေးပုံဟာ) မိုးနဲ့မြေ၊ မြေနဲ့မိုးပမာ ကွာခြား မသွားဘူးလား။

(ကွာခြားသွားပါတယ်ဘုရား)

အစရဟန်းဖြစ်ပြီး အစပန်းပန်ရတဲ့ အရှင်ကောဏ္ဍညကို အတုယူပြီး ကုသိုလ်တရားတွေကို သူများထက်ဦးအောင်၊ ထူးအောင် ကြိုးစားပြီးတော့ ပြုကြပါ။ ကုသိုလ်ပြုပြီးတဲ့အခါမှာလည်း အရှင်ကောဏ္ဍညလို ဘုရားကိုအစဆုံး ဖူးမြင်ရသူ၊ ဘုရားရဲ့တရားတော်ကို အစဆုံး နာကြားရသူ၊ အစဆုံး မဂ်ပန်း ဖိုလ်ပန်း နိဗ္ဗာန်ပန်းတွေကို အစဆုံးပန်ရသူတွေ ဖြစ်ရပါလို၏လို့ ဆုတောင်းပါ၊ ကုသိုလ်လည်းပြု ဆုလည်းတောင်းရင် အရှင်ကောဏ္ဍညလိုပဲ ဆုတောင်းပြည့်နိုင် ပါတယ်။

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

*ကိုးကြိမ်ကောက်ဦး၊ လှူခဲ့ဖူး၍၊ ထူးထူးခြားခြား၊
ဦးဦးဖျား၊ နာကြား မဂ်ဖိုလ်ရ။

*ကောဏ္ဍညခေါ်၊ ရဟန်းတော်၊ မှတ်နော်နည်းယူကြ၊

*ကုသိုလ်ကောင်းမှု၊ အကြောင်းပြု၍၊ တောင်းဆုကိုလည်း၊
လိုရာပဲ၊ အမြဲဆုတောင်းကြ။

*ကုသိုလ်ပြုရာ၊ နောက်ကျပါက၊ သုဘဒ္ဒလို၊ မြတ်မဂ်ဖိုလ်၊
အဆိုနောက်မှရ။

ကဲ-ပြည့်ပြည့်စုံစုံ ဟောကြားလို့ ပြီးသွားပါပြီ။ နောက်ဆုံးတရားသိမ်း လင်္ကာလေးနဲ့ တရားသိမ်းကြရအောင် အားလုံးလက်အုပ်ချီကြ

*နောက်ညီနှစ်ပါး၊ ကွာကာခြားပုံ၊ အလုံးစုံကို၊ အကုန်သိထား၊
ကုသိုလ်များကို၊ ကြိုးစားယခု၊ ဦးစွာပြု၍၊ ဆုပတ္တနာ၊
ကိုယ်လိုရာကို (ကောင်းမြတ်တာကို) ထိုထိုသူငါ၊ တောင်းကြရာသည်၊
ကောင်းစွာနေ့ည အမြဲတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

http://www.dhammadownload.com



မှတ်ချက်။ ။ ဆွမ်းဦးလှူဒါန်းပွဲတိုင်း အဓိကဟောပါ။သင်္ကန်း၊ ကျောင်း၊ ဆေး သူများထက်ဦးအောင် လှူဒါန်းပွဲတိုင်းလည်း ဝမ်းမြောက်ဖွယ်ရာ အနုမောဒနာတရားအနေ ဟောပြသင့်ပေသည်။

အချုပ်အားဖြင့် ဒါနပွဲတိုင်း၊ သီလပွဲတိုင်း၊ ဘာဝနာပွဲတိုင်း၊ ကုသိုလ်လုပ်ငန်းနဲ့ ပတ်သက်သော ကုသိုလ်ပွဲတိုင်း နောက်မကျရေး သတိပေးတရားအနေ ပွဲမျိုးစုံ ဟောကြားသင့်ပေသည်။

*စာရေးသူသည် ကဗျာလင်္ကာပေါင်းများစွာ အမျိုးမျိုး ရေးထည့်ထားပါ၏။ ညတရားပွဲကြီးများ၊ နေ့တရားပွဲကြီးများအတွက် အဓိက ရည်ညွှန်း ရေးသားထားပါသည်။ လိုအပ်သလောက်သာ အသုံးပြုပါ။ လိုတာထက် မပိုပါစေနဲ့။ အချိန်ကိုကြည့်ပါ။ ကာလ ဒေသကို ကြည့်ပါ။ ကာလ ဒေသကို သိပါ။ ဓမ္မကထိကဆိုတာ အချိန်ကိုလည်း ကြည့်ရတယ်။ ကာလ ဒေသကိုလည်း သိရတယ်။ အချိန်ကိုကြည့်ပြီး ကာလ ဒေသကို သိခြင်း၊ အချိန်တိကျခြင်းသည်လည်း အောင်မြင်သော ဓမ္မကထိက တစ်ပါးဖြစ်ရန် အဓိကဖြစ်သည်ကို သတိပြုသင့်ပါသည်။

စာရေးသူသည် တိကျခြင်းကို တန်ဖိုးထား၏၊ မြတ်နိုး၏၊ ရိုသေ လေးစား၏။

တရားဟောသည့်နေရာတိုင်း ဘယ်လောက်ဟောရမလဲဟုမေးပြီးမှ ဟောကြားလေ့ရှိ၏။ သူတို့ပြောတဲ့အတိုင်း အတိအကျဟောပေး၏။

မိမိဟောခန်း၊ ပြောခန်းတွေ အောင်မြင်လိုပါလျှင် အချိန်ကို ကြည့်ပါ။ ကာလ ဒေသကိုသိပါ။ အချိန်ကို တိကျပါစေဟု မိတ်ဆွေကောင်း တစ်ယောက်အနေ ညွှန်ကြားရေးသားလိုက်ရပေသည်။

*အချိန်ကိုကြည့်၊ အချိန်သိ၊ အပြည့်ကြီးပွားကြောင်း။

*ကာလ + ဒေသ၊ ပုဂ္ဂလ၊ သိက ကြီးပွားကြောင်း။

*အချိန်တိကျ၊ ဟောပြောက၊ မုချအောင်မြင်ကြောင်း။

*အချိန်လေးစား၊ အရေးထား၊ ဟောကြား အောင်မြင်ကြောင်း။

တရားအမည်ပေးရာ၌–
တစ်ဦးကရှေ့၊ တစ်ဦးကနောက်။
တစ်ဦးက ကိုးကြိမ်၊ တစ်ဦးက တစ်ကြိမ်။
အစ်ကိုကြီးက ကိုးကြိမ်၊ ညီငယ်က တစ်ကြိမ်။

http://www.dhammadownload.com



စေတနာကွာ + ကောင်းကျိုးကွာ။
စေတနာမတူ + ကောင်းကျိုးမတူ။
စေတနာရှေ့ + ကောင်းကျိုးရှေ့။
စေတနာနောက် + ကောင်းကျိုးနောက်။
စေတနာတစ် + ကောင်းကျိုးတစ်။
လူချင်းတူပေမယ့် + စေတနာချင်းမတူ။
ကြိုက်ရာပန်သင့် + ပန်းနှစ်ပွင့်။
ကိုယ်ပန်လိုရာ + ကိုယ်ရွေးပါ။
ရဟန်းနှစ်ပါး + ဘဝခြား။
အစရဟန်း + အစပန်း။
အစပန်းချစ် + နောက်ပန်းပစ်။
ဒါနပြုရာ + နောက်မကျပါစေနဲ့။
သံသရာမရှည်အောင် သတိဆောင်ပါ။
ဆုတောင်းရှည်တာ + သံသရာရှည်ကြောင်း။
သံသရာတိုကြောင်း + နိဗ္ဗာန်တောင်းပါ စသည်ဖြင့် မိမိကြိုက်ရာအမည် ပေးကာ ဟောကြားပါ။

၂၃၊ ၁၊ ၉၆၊ နံနက် (၉) နာရီ။

နောက်ဆုံးရဟန်း နောက်ဆုံးပန်း တရားတော် ပြီးပြီ။

http://www.dhammadownload.com

ခုဒ္ဒကနိကာယ်၊ ဓမ္မပဒပါဠိတော်၊ တဏှာဝဂ်၊ သက္ကပဉှဝတ္ထုကို
တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# အောင်ခြင်း ၁လေးရပ်+ အမြတ်လေးပါး တရားတော်

သဗ္ဗဒါနန္တိ ဣမံ ဓမ္မဒေသနံ သတ္ထာ ဇေတဝနေ ဝိဟရန္တော
သက္ကံ ဒေဝရာဇာနံ အာရဗ္ဘ ကထေသိ။

(ဓမ္မပဒ ၄ ၂၊ ၃၅၀)

သဗ္ဗဒါနန္တိ ဣမံ ဓမ္မဒေသနံ– သဗ္ဗဒါနံ အစရှိသော ဤတရား ဒေသနာတော်ကို၊ သတ္ထာ– မြတ်စွာဘုရားသည်၊ ဇေတဝနေ– ဇေတဝန်ကျောင်းတော်၌၊ ဝိဟရန္တော– သီတင်းသုံးတော်မူစဉ်၊ သက္ကံ ဒေဝရာဇာနံ– နတ်တို့သနင်း သိကြားမင်းကို၊ အာရဗ္ဘ– အကြောင်းပြု၍၊ ကထေသိ– သိစေ တတ်စေ ကျင့်နိုင်စေဟု ရည်ရွယ်ပြုကာ ဟောကြားတော်မူခဲ့ပါပေသတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

သဗ္ဗဒါနံအစရှိတဲ့ ဒီတရားဒေသနာတော်ကို ဘုရားရှင်ကိုယ်တော်မြတ် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူစဉ် သိကြားမင်းကို အကြောင်းပြုပြီး တော့ ဟောကြားတော်မူပါတယ်။

ကေသ္မိဉ္စိ သမယေ တာဝတိံသဒေဝလောကေ ဒေဝတာသန္နိ ပတိတွာ စတ္တာရော ပဉှေ သမုဋ္ဌာပေသုံ "ကတရံ ဒါနံ နုခေါ ဒါနေသု ကတရောရသော ရသေသု၊ ကတရာ ရတိ ရတီသု ဇေဋ္ဌကာ၊ တဏှက္ခယောဝ ကသ္မာ ဇေဋ္ဌကောတိ ဝုစ္စတီ" တိ။

ဟိ– ထိုစကားသင့်စွ၊ ကေသ္မိံသမယေ– တစ်ပါးသောအခါ၌၊ တာဝတိံ သဒေဝလောကေ– တာဝတိံသာနတ်ပြည်၌၊ ဒေဝတာ– နတ်တို့သည်၊ သန္နိ ပတိတွာ– စည်းဝေးကြကုန်၍၊ စတ္တာရောပဉှေ– လေးပါးကုန်သော ပြဿနာတို့ ကို၊ သမုဋ္ဌာပေသုံ– ဖြစ်စေကြကုန်၏။ (ကိံသမုဋ္ဌာပေသုံ– အဘယ်သို့ ဖြစ်စေ ကြကုန်သနည်းဟူမူ။)

"ဒါနေသု– အလှူဒါနဟူသမျှတို့တွင်၊ ကတရံဒါနံ– အဘယ်အလှူကို၊ ဇေဋ္ဌကံတိ– အကြီးဆုံးဟူ၍၊ ဝုစ္စတိနုခေါ– ဆိုအပ်ပါသနည်း၊ ရသေသု–

http://www.dhammadownload.com



အရသာတို့တွင်၊ ကတရောရသော– အဘယ်အရသာကို၊ စေဋ္ဌကောတိ– အကြီးဆုံးဟူ၍၊ ဝုစ္စတိနုခေါ– ဆိုအပ်ပါသနည်း၊ ရတီသု– မွေ့လျော်ခြင်းတို့တွင်၊ ကတရာရတိ– အဘယ်သို့သော မွေ့လျော်ခြင်းကို၊ စေဋ္ဌကာတိ– အကြီးဆုံးဟူ၍၊ ဝုစ္စတိနုခေါ– ဆိုအပ်ပါသနည်း၊ တဏှက္ခယောဝ– တဏှာ၏ကုန်ခြင်းကိုသာလျှင်၊ ကသ္မာ– အဘယ့်ကြောင့်၊ စေဋ္ဌကောတိ– အကြီးဆုံးဟူ၍၊ ဝုစ္စတိနုခေါ– ဆိုအပ်ပါသနည်း" ဣတိ– ဤသို့၊ သမုဋ္ဌာပေသုံ– ဖြစ်စေကြကုန်၏။

တစ်ချိန်တုန်းက တာဝတိံသာနတ်ပြည်မှာ နတ်တွေ စည်းဝေးကြတော့ ပြဿနာလေးမျိုး ပေါ်ပေါက်လာတယ်။ ဘယ်လိုပြဿနာလေးမျိုး ပေါ်ပေါက်လာသလဲဆိုတော့

၁။ အလှူဒါနတွေထဲမှာ ဘယ်အလှူဟာ အကြီးဆုံး၊ အအောင်ဆုံး၊ အမြတ်ဆုံးပါလဲ။

၂။ အရသာတွေထဲမှာ ဘယ်အရသာဟာ အကြီးဆုံး၊ အအောင်ဆုံး၊ အမြတ်ဆုံးပါလဲ။

၃။ ပျော်စရာ မွေ့လျော်စရာတွေထဲမှာ ဘာနဲ့ပျော်တာ၊ မွေ့လျော်တာ အကြီးဆုံး၊ အအောင်ဆုံး၊ အကောင်းဆုံး၊ အမြတ်ဆုံးပါလဲ။

၄။ တဏှာကုန်ခြင်းကိုသာ အဘယ့်ကြောင့် အကြီးဆုံး အကောင်းဆုံး အမြတ်ဆုံးလို့ ဆိုရပါသလဲလို့ အဲဒီလို ပြဿနာလေးမျိုး ဖြစ်ပေါ်လာပါတယ်။

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

*ဘယ်အလှူဟာ၊ လောကမှာ၊ မှန်စွာကြီးဆုံးလဲ။
ဘယ်အလှူဟာ၊ လောကမှာ၊ မှန်စွာအောင်ဆုံးလဲ။
ဘယ်အလှူဟာ၊ လောကမှာ မှန်စွာ မြတ်ဆုံးလဲ။
*ဘယ်အရသာ၊ လောကမှာ၊ မှန်စွာကြီးဆုံးလဲ။
ဘယ်အရသာ၊ လောကမှာ၊ မှန်စွာအောင်ဆုံးလဲ။
ဘယ်အရသာ၊ လောကမှာ၊ မှန်စွာမြတ်ဆုံးလဲ။
ဘယ်အရသာ၊ လောကမှာ၊ မှန်စွာကောင်းဆုံးလဲ။
*ဘာနဲ့ပျော်တာ၊ လောကမှာ၊ မှန်စွာ ကြီးဆုံးလဲ။
ဘာနဲ့ပျော်တာ၊ လောကမှာ၊ မှန်စွာအောင်ဆုံးလဲ။

http://www.dhammadownload.com



ဘာနဲ့ပျော်တာ၊ လောကမှာ၊ မှန်စွာမြတ်ဆုံးလဲ။
ဘာနဲ့ပျော်တာ၊ လောကမှာ၊ မှန်စွာကောင်းဆုံးလဲ။
*တဏှာတရား၊ ကုန်ခန်းသွား၊ ကြီးပြားဘာ့ကြောင့်လဲ။
တဏှာတရား၊ ကုန်ခန်းသွား၊ အောင်ပြားဘာ့ကြောင့်လဲ။
တဏှာတရား၊ ကုန်ခန်းသွား၊ မြတ်ပြားဘာ့ကြောင့်လဲ။
တဏှာတရား၊ ကုန်ခန်းသွား၊ ကောင်းပြားဘာ့ကြောင့်လဲ။
တာဝတိံသာ၊ နတ်တွေမှာ၊ ပြဿနာလေးမျိုးပဲ။

တေ ပဉှေ ကော ဒေဝတာပိ ဝိနိစ္ဆိတုံ နာသက္ခိ။

တေပဉှေ- ထိုပြဿနာလေးမျိုးတို့ကို၊ ကောဒေဝတာပိ- တစ်ယောက်သော နတ်သည်လည်း၊ ဝိနိစ္ဆိတုံ- ဆုံးဖြတ်ခြင်းငှာ၊ နာသက္ခိ- မတတ်နိုင်။

အဲဒီပြဿနာလေးမျိုးတို့ကို အဖြေရအောင် ဆုံးဖြတ်နိုင်တဲ့ နတ်တစ်ယောက်မှ မရှိဘူးတဲ့။

ဧကော ပန ဒေဝေါ ဧကံဒေဝံ သောပိ အပရန္တိ ဧဝံ အညမညံ ပုစ္ဆန္တာ ဒွါဒသ စက္ကဝါဠသဟဿေသု ဒွါဒသသံဝစ္ဆရာနိ ဝိစရိံသု။

ဧကော ပန ဒေဝေါ- တစ်ယောက်သော နတ်သားသည်ကား၊ ဧကံဒေဝံ- တစ်ယောက်သောနတ်သားကို၊ သောပိ- ထိုနတ်သားသည်လည်း၊ အပရံ- အခြားနတ်သားတစ်ယောက်ကို၊ ဣတိဧဝံ- ဤသို့၊ အညမညံ- အချင်းချင်း၊ ပုစ္ဆန္တာ- မေးမြန်းကြကုန်လျက်၊ ဒွါဒသစက္ကဝါဠသဟဿေသု- တစ်သောင်းသော စကြာဝဠာတိုက်တို့၌၊ ဒွါဒသသံဝစ္ဆရာနိ- တစ်ဆယ့်နှစ်နှစ်တို့ တိုင်တိုင်၊ ဝိစရိံသု- သွားလာလှည့်လည်ကြလေကုန်သတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

အဲဒီပြဿနာလေးမျိုးရဲ့အဖြေရအောင် နတ်တွေအချင်းချင်း တစ်ယောက်နဲ့ တစ်ယောက်၊ တစ်ယောက်ပြီးတစ်ယောက် ဆက်ဆက်ပြီးတော့ မေးလိုက်ကြတာ စကြာဝဠာတိုက်တစ်သောင်းမှာ ဆယ့်နှစ်နှစ်ကြာသွားတယ်တဲ့။

ဘယ်လောက်ကြာသွားသတဲ့လဲ။

(ဆယ့်နှစ်နှစ် ကြာသွားပါတယ် ဘုရား)

ဆယ့်နှစ်နှစ်ကြာအောင် လှည့်ပတ်နေကြရတယ်တဲ့။ ဘယ်နှစ်နှစ်ကြာအောင် လှည့်ပတ်နေကြရသတဲ့လဲ။

(ဆယ့်နှစ်နှစ်ကြာအောင်ပါ ဘုရား)

http://www.dhammadownload.com



ဝေဏ္ဏကေနာပိ ကာလေန ပဉှာနံ အတ္တံ အဒိသွာ ဒသသဟဿ
စက္ကဝါဠဒေဝတာ သန္နိပတိတွာ စတုန္နံ မဟာရာဇာနံ သန္တိကံ ဂန္တွာ
"ကိံ တာတာ မဟာဒေဝတာ သန္နိပါတော" တိ ဝုတ္တေ "စတ္တာရော
ပဉှေ သမုဋ္ဌာပေတွာ ဝိနိစ္ဆိတုံ အသက္ကောန္တာ တုမှာကံ သန္တိကံ
အာဂတမှာ" တိ။

ဝေဏ္ဏကေန– ဤမျှအတိုင်းအရှည်ရှိသော၊ ကာလေနပိ–ကာလဖြင့်လည်း၊ ပဉှာနံ–ပြဿနာတို့၏၊ အတ္တံ– အနက်ကို၊ အဒိသွာ– မမြင်နိုင်သောကြောင့်၊ ဒသသဟဿစက္ကဝါဠဒေဝတာ– တစ်သောင်းသော စကြာဝဠာတိုက်တို့၌ နေကုန်သော နတ်တို့သည်၊ သန္နိပတိတွာ– စည်းဝေးကုန်၍၊ စတုန္နံမဟာရာဇာနံ– စတုမဟာရာဇ်နတ်မင်းကြီးလေးယောက်တို့၏၊ သန္တိကံ– အထံသို့၊ ဂန္တွာ– သွား၍၊ "တာတာ– အမောင်နတ်တို့၊ မဟာဒေဝတာ သန္နိပါတော– များစွာသော နတ်အစည်းဝေးကြီးသည်၊ ကိံ– အဘယ်ပါနည်း၊ "ဣတိ– ဤသို့၊ ဝုတ္တေ– မေးမြန်းသည်ရှိသော်၊ "စတ္တာရော ပဉှေ– ပြဿနာလေးပါးတို့ကို၊ သမုဋ္ဌာပေတွာ– ဖြစ်စေ၍၊ ဝိနိစ္ဆိတုံ– ဆုံးဖြတ်ခြင်းငှာ၊ အသက္ကောန္တာ– မတတ်နိုင်သောကြောင့်၊ တုမှာကံ– အရှင်နတ်မင်းကြီးတို့၏၊ သန္တိကံ– အထံသို့၊ အာဂတမှာ– လာပါကုန်၏။ ဣတိအဝေါစုံ– ဤသို့ လျှောက်ထားကြလေကုန်၏။

အဲဒီလို (၁၂) နှစ်ကြာအောင် လှည့်လည်သွားလာ မေးမြန်း စုံစမ်းသမယ့် ပြဿနာလေးမျိုးရဲ့အနက်အဓိပ္ပာယ် အဖြေမရဘူးနော်။

(မှန်လှပါ ဘုရား)

အဖြေမသိရတော့ စကြာဝဠာတိုက်တစ်သောင်းမှာ ရှိနေကြတဲ့ နတ်တွေ အားလုံး စည်းဝေးကြပြီးတော့ စတုလောကပါလ နတ်မင်းကြီးလေးယောက်ထံ သွားရောက် မေးမြန်းကြပါတယ်။

စတုလောကပါလ စတုမဟာရာဇ် နတ်မင်းကြီးလေးယောက်က "အမောင်နတ်တို့ နတ်တွေများလှချည်လား၊ ဒီလောက်များတဲ့ နတ်တွေ စည်းဝေး လာကြတာ ဘာကိစ္စရှိလို့ပါလဲ"လို့ ဒီလိုမေးလိုက်တော့ "ပြဿနာလေးမျိုးရဲ့ အဖြေ မသိတဲ့အတွက် အရှင်နတ်မင်းကြီးများထံ လာခဲ့ကြကြောင်း" လျှောက် ထားကြပါတယ်။

ကိံ ပဉ္စနာမေတံ တာတာတိ။

တာတာ– အမောင်တို့၊ ဧတံပဉ္စနာမ– ဤပြဿနာမည်သည်ကား၊ ကိံ– အဘယ်ပါနည်း၊ ဣတိပုစ္ဆိ– ဤသို့မေး၏။

http://www.dhammadownload.com



အမောင်နတ်တို့ ပြဿနာလေးမျိုးဆိုတာ ဘယ်ဟာတွေပါလဲလို့ မေးလိုက်ပါတယ်။

"ဒါန ရသ ရတီသု ကတမာ ဒါန ရသ ရတိ နခေါ သေဋ္ဌာ တဏှက္ခယောဝ ကသ္မာ သေဋ္ဌော" တိ ဣမေ ပဥှေ ဝိနိစ္ဆိတုံ အသက္ကောန္တာ အာဂတမှာတိ။

"ဒါန ရသ ရတီသု– အလှူ အရသာ မွေ့လျော်ခြင်းတို့တွင်၊ ကတမာ– အဘယ်မည်ကုန်သော၊ ဒါန ရသ ရတီ– အလှူ အရသာ မွေ့လျော်ခြင်းတို့သည်၊ သေဋ္ဌာ နခေါ– မြတ်ကုန်သနည်း။ တဏှက္ခယောဝ– တဏှာ၏ကုန်ခြင်းသည်သာလျှင်၊ ကသ္မာ– အဘယ့်ကြောင့်၊ သေဋ္ဌောနခေါ– မြတ်သနည်း"၊ ဣတိဣမေ ပဥှေ– ဤပြဿနာတို့ကို၊ ဝိနိစ္ဆိတုံ– ဆုံးဖြတ်ခြင်းငှာ၊ အသက္ကောန္တာ– မတတ်နိုင်ကုန်သောကြောင့်၊ အာဂတမှာ– လာကြရပါကုန်၏၊ ဣတိ အာဟံသု– ဤသို့လျှောက်ထားကြလေကုန်သတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

"အလှူ၊ အရသာ၊ မွေ့လျော်ခြင်းတွေမှာ ဘယ်အလှူ ဘယ်အရသာ ဘယ်လိုမွေ့လျော်ခြင်းတွေဟာ အမြတ်ဆုံးပါလဲ။ တဏှာကုန်ခြင်းဟာ ဘာ့ကြောင့် မြတ်ပါသလဲ" ဒီပြဿနာလေးမျိုးရဲ့အဖြေကို သိလိုတဲ့အတွက် လာခဲ့ကြတဲ့အကြောင်း လျှောက်ထားကြပါတယ်။

တာတာ မယမ္ပိ ဣမေသံ အတ္ထေ န ဇာနာမ။

တာတာ– အမောင်နတ်တို့၊ မယမ္ပိ– ငါတို့သည်လည်း၊ ဣမေသံ– ဤပြဿနာတို့၏၊ အတ္ထေ– အနက်တို့ကို၊ နဇာနာမ– မသိကြကုန်။

အမောင်နတ်သားတို့၊ ငါတို့လည်းပဲ အဲဒီပြဿနာတွေရဲ့ အနက်အဓိပ္ပာယ်တွေကို မသိကြဘူး။ တို့ကိုလည်း သိပ်ပြီးတော့ အထင်ကြီးမနေနဲ့လို့ ပြောပြလိုက်ပါတယ်။

အမှာကံ ပန ရာဇာ ဧနသဟဿေန စိန္တိတေ အတ္ထေ စိန္တေတွာ တင်္ခဏေနေဝ ဇာနာတိ၊ သော အမှေဟိ ပညာယစ ပုညေနစ ဝိသိဋ္ဌော။

အမှာကံ– ငါတို့၏၊ ရာဇာပန– သိကြားမင်းသည်ကား၊ ဧနသဟဿေန– လူတစ်ထောင်သည်၊ စိန္တိတေ– ကြံအပ်ကုန်သော၊ အတ္ထေ– အကြောင်းတို့ကို၊ စိန္တေတွာ– ကြံ၍၊ တင်္ခဏေနေဝ– ထိုခဏဖြင့်သာလျှင်၊ ဇာနာတိ– သိနိုင်၏၊ သော– ထိုသိကြားမင်းသည်၊ အမှေဟိ– ငါတို့ထက်၊ ပညာယစ– ပညာဖြင့်လည်းကောင်း၊ ပုညေနစ– ကောင်းမှုဖြင့်လည်းကောင်း၊ ဝိသိဋ္ဌော– ထူး၏။

http://www.dhammadownload.com



ငါတို့ရဲ့သိကြားမင်းကတော့ လူပေါင်းတစ်ထောင် ကြံစည်တဲ့အကြောင်းတွေကို တစ်ခဏချင်း ကြံစည်ပြီး သိနိုင်တယ်။ သိကြားမင်းက တို့ထက် ပညာလည်း သာတယ်၊ ကောင်းမှုလည်းသာတယ်၊ ထူးတယ်။

ထေ တာဿ သန္တိကံ ဂစ္ဆာမာတိ တမေဝ ဒေဝဂဏံ အာဒါယ သက္ကဿ ဒေဝရညော သန္တိကံ ဂန္တွာ တေနာပိ "ကိံ တာတာ မဟန္တော ဒေဝသန္နိပါတော" တိ ဝုတ္တေ တမတ္ထံ အာရောစေသုံ။

ထေ– လာကြကုန်၊ တဿ– ထိုသိကြားမင်း၏၊ သန္တိကံ– အထံသို့၊ ဂစ္ဆာမ– သွားကြပါကုန်အံ့၊ ဣတိ– ဤသို့၊ တမေဝဒေဝဂဏံ– ထိုနတ်အပေါင်းကိုသာလျှင်၊ အာဒါယ– ခေါ်၍၊ သက္ကဿဒေဝရညော– သိကြားမင်း၏၊ သန္တိကံ– အထံသို့၊ ဂန္တွာ– သွား၍၊ တေနာပိ– ထိုသိကြားမင်းသည်လည်း၊ "တာတာ– ချစ်သားတို့၊ ကိံ– အဘယ်ကြောင့်၊ မဟန္တော– များစွာသော၊ ဒေဝသန္နိပါတော– နတ်တို့ စည်းဝေးကြသနည်း။" ဣတိ– ဤသို့၊ ဝုတ္တေ– မိန့်ဆိုလတ်သည်ရှိသော်၊ တမတ္ထံ– ထိုအကြောင်းကို၊ အာရောစေသုံ– လျှောက်ကြားကြကုန်၏။

အမောင်နတ်တို့၊ လာကြကုန်။ သိကြားမင်းရဲ့အထံ သွားကြရအောင်ဆိုပြီးတော့ နတ်အပေါင်းတွေကို ခေါ်ပြီးတော့ သိကြားမင်းရဲ့အထံ သွားကြတဲ့အခါမှာ သိကြားမင်းကလည်း "ချစ်သားတို့၊ များလှချည်လား၊ ဘာ့ကြောင့် နတ်တွေ အများကြီး စည်းဝေးကြတာလဲ" လို့ မိန့်ဆိုတဲ့အခါ ပြဿနာလေးမျိုးရဲ့အဖြေ သိလိုတဲ့အကြောင်း လျှောက်ကြားကြပါတယ်။

တာတာ ဣမေသံ ပဉှာနံ အတ္ထံ အညောပိ ဇာနိတုံ နသက္ကောတိ ဗုဒ္ဓဝိသယာဟေတေ။

တာတာ– ချစ်သားတို့၊ ဣမေသံပဉှာနံ– ဤပြဿနာတို့၏၊ အတ္ထံ– အကြောင်းကို၊ အညောပိ– တစ်ပါးသောသူသည်လည်း၊ ဇာနိတုံ– သိခြင်းငှာ၊ နသက္ကောတိ– မတတ်နိုင်၊ ဧတေ– ဤပြဿနာတို့သည်ကား၊ ဗုဒ္ဓဝိသယာဟိ– ဘုရားရှင်တို့၏အရာသာတည်း။

ချစ်သားတို့ အဲဒီပြဿနာလေးမျိုးတို့ရဲ့အကြောင်းကို ဘုရားမှတစ်ပါး ဘယ်သူမှ သိနိုင်မှာမဟုတ်ဘူး။ အဲဒီပြဿနာတွေဟာ ဘုရားရှင်တို့ရဲ့အရာသာ ဖြစ်တယ်။

http://www.dhammadownload.com



သတ္ထာ ပနေတရဟိ ကဟံ ဝိဟရတီ" တိပုစ္ဆိတွာ "ဇေတဝနေ" တိ သုတွာ "ဧထ တဿ သန္တိကံ ဂမိဿာမာ" တိ ဒေဝ ဂဏေန သဒ္ဓိံ ရတ္တိဘာဂေ သကလံ ဇေတဝနံ ဩဘာသေတွာ သတ္ထာရံ ဥပသင်္ကမိတွာ ဝန္ဒိတွာ ဧကမန္တံ ဌိတော "ကိံ မဟာရာဇမဟတာ ဒေဝသံဃေန အာဂတောသီ" တိ ဝုတ္တေ "ဘန္တေ ဒေဝဂဏေန တုမှေနာမ ပဥှာ သမုဋ္ဌာပိတာ၊ အညော တုမှေသံ အတ္ထံ ဇာနိတုံ သမတ္ထောနာမ နတ္ထိ၊ တုမှေသံ နော အတ္ထံ ပကာသေထာ" တိ အာဟ။

သတ္ထာပန– မြတ်စွာဘုရားသည်ကား၊ ဧတရဟိ– ယခုအခါ၌၊ ကဟံ– အဘယ်အရပ်၌၊ ဝိဟရတိ– နေသနည်း။ ဣတိပုစ္ဆိတွာ– ဤသို့မေး၍၊ ဇေတဝနေ– ဇေတဝန်ကျောင်းတော်၌၊ ဝိဟရတိ– နေတော်မူ၏၊ "ဣတိသုတွာ– ဤသို့ကြားသောကြောင့်၊ ဧထ– လာကြကုန်၊ တဿ– ထိုမြတ်စွာဘုရား၏၊ သန္တိကံ– အထံသို့၊ ဂမိဿာမာတိ– သွားကုန်အံ့ဟူ၍၊ ဒေဝဂဏေန– နတ်အပေါင်းနှင့်၊ သဒ္ဓိံ– တကွ၊ ရတ္တိဘာဂေ– ညဥ့်အဖို့၌၊ သကလံဇေတဝနံ– အလုံးစုံသော ဇေတဝန်ကျောင်းတော်ကို၊ ဩဘာသေတွာ– ကိုယ်ရောင်ကိုယ်ဝါဖြင့် ထွန်းလင်းစေ၍၊ သတ္ထာရံ– မြတ်စွာဘုရားသို့၊ ဥပသင်္ကမိတွာ– ချဥ်းကပ်၍၊ ဝန္ဒိတွာ– ရှိခိုး၍၊ ဧကမန္တံ– သင့်တင့်လျောက်ပတ်သောအရပ်၌၊ ဌိတော– ရပ်သည်ရှိသော်၊ "မဟာရာဇ– မြတ်သောသိကြားမင်း၊ ကိံ– အဘယ့်ကြောင့်၊ မဟတာ– များစွာသော၊ ဒေဝသံဃေန– နတ်အပေါင်းနှင့်တကွ၊ အာဂတော– လာသည်၊ အသိ– ဖြစ်သနည်း"၊ ဣတိဝုတ္တေ– ဤသို့မေးသည်ရှိသော်၊ ဘန္တေ– အရှင်ဘုရား၊ ဒေဝဂဏေန– နတ်အပေါင်းသည်၊ တုမှေနာမပဥှာ– ဤပြဿနာတို့ကို၊ သမုဋ္ဌာပိတာ– ဖြစ်စေကုန်၏၊ အညော– တစ်ပါးသောသူသည်၊ တုမှေသံ– ဤပြဿနာတို့၏၊ အတ္ထံ– အကြောင်းကို၊ ဇာနိတုံ– သိခြင်းငှာ၊ သမတ္ထောနာမ– စွမ်းနိုင်သူမည်သည်၊ နတ္ထိ– မရှိ၊ နော– တပည့်တော်တို့အား၊ တုမှေသံ– ဤပြဿနာတို့၏၊ အတ္ထံ– အကြောင်းကို၊ ပကာသေထ– ပြတော်မူပါကုန်လော့"၊ ဣတိအာဟ– ဤသို့ လောင်းစွာလျှောက်ထားလိုက်ပါလေသတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

ယခုအခါ မြတ်စွာဘုရား ဘယ်အရပ်မှာ နေတော်မူသလဲလို့ မေးကာ ဇေတဝန်ကျောင်းတော်မှာ နေတော်မူတာကို ကြားသိရတော့ ချစ်သားတို့ လာ

http://www.dhammadownload.com



ကြကုန်၊ မြတ်စွာဘုရားရဲ့ထံ သွားကြရအောင်ဆိုပြီး နတ်အပေါင်းတို့နဲ့အတူ တကွ ညဥ့်အဖို့မှာ ဇေတဝန်တစ်ကျောင်းလုံးကို ကိုယ်ရောင်ကိုယ်ဝါတွေနဲ့ ထွန်းလင်းတောက်ပစေပြီးတော့ မြတ်ဘုရားကို ချဉ်းကပ်ရှိခိုး၊ သင့်တော်တဲ့ နေရာမျိုးဝယ် ရပ်တည်နေတဲ့အခါ မြတ်သော သိကြားမင်း အဘယ့်ကြောင့် များစွာသော နတ်အပေါင်းတို့နဲ့တကွ လာခဲ့ပါသလဲလို့ မြတ်စွာဘုရားက မေးတော်မူလိုက်တော့ အရှင်ဘုရား နတ်အပေါင်းတွေမှာ ပြဿနာလေးမျိုး ဖြစ်ပေါ်နေကြပါတယ်ဘုရား။ အဲဒီပြဿနာလေးမျိုးရဲ့အကြောင်းတွေကို မြတ်စွာဘုရားမှ တစ်ပါးသောသူဟာ မသိစွမ်းနိုင်ပါဘုရား။ တပည့်တော်တို့အား အဲဒီပြဿနာ လေးမျိုးတို့ရဲ့အကြောင်းကို ကောင်းကောင်းကြီး ထင်ရှားအောင် ဟောပြပေးသနား တော်မူပါဘုရားလို့ လျှောက်ထားပါတယ်။

> သတ္ထာ "သာဓု မဟာရာဇ၊ မယာ ဟိ ပါရမိယော ပူရေတွာ မဟာပရိစ္စာဂေ ပရိစ္စဇိတွာ တုမှာဒိသာနံ ကင်္ခစ္ဆေဒနတ္ထမေဝ သဗ္ဗညုတ ဉာဏံ ပဋိဝိဒ္ဓံ၊ တယာ ပုစ္ဆိတပဥှေသု ဟိ သဗ္ဗဒါနာနံ ဓမ္မဒါနံ သေဋ္ဌံ၊ သဗ္ဗရသာနံ ဓမ္မရသော သေဋ္ဌော၊ သဗ္ဗရတီနံ ဓမ္မရတိသေဋ္ဌာ၊ တဏှက္ခယောပန အရဟတ္တံ သမ္ပာပကတ္တာ သေဋ္ဌောယေဝါ" တိ ဝတွာ ဣမံဂါထမာဟ။

သတ္ထာ- မြတ်စွာဘုရားသည်၊ "မဟာရာဇ- မြတ်သောသိကြားမင်း၊ သာဓု- ကောင်း၏၊ ဟိ- ထိုစကားသင့်စွ၊ မယာ- ငါဘုရားသည်၊ ပါရမိယော- ပါရမီတို့ကို၊ ပူရေတွာ- ဖြည့်၍၊ မဟာပရိစ္စာဂေ- စွန့်ခြင်းကြီးငါးပါးတို့ကို၊ ပရိစ္စဇိတွာ- စွန့်၍၊ တုမှာဒိသာနံ- သင်ကဲ့သို့သဘောရှိသောသူတို့၏၊ ကင်္ခစ္ဆေဒ နတ္ထမေဝ- ယုံမှားခြင်းကို ဖျောက်ခြင်းအကျိုးငှာသာလျှင်၊ သဗ္ဗညုတဉာဏံ- သဗ္ဗညုတဉာဏ်ကို၊ ပဋိဝိဒ္ဓံ- ထိုးထွင်း၍ သိရပေပြီ။ ဟိ- ထိုစကား သင့်စွ၊ တယာ- သင်သည်၊ ပုစ္ဆိတပဥှေသု- မေးအပ်သော ပြဿနာတို့တွင်၊ သဗ္ဗဒါနာနံ- အလုံးစုံကုန်သော အလှူတို့တွင်၊ ဓမ္မဒါနံ- တရားအလှူသည်၊ သေဋ္ဌံ- မြတ်၏၊ သဗ္ဗရသာနံ- အလုံးစုံကုန်သော အရသာတို့တွင်၊ ဓမ္မရသော- တရားအရသာ သည်၊ သေဋ္ဌော- မြတ်၏၊ သဗ္ဗရတီနံ- အလုံးစုံကုန်သော မွေ့လျော်ခြင်းတို့တွင်၊ ဓမ္မရတိ- တရား၌ မွေ့လျော်ခြင်းသည်၊ သေဋ္ဌာ- မြတ်၏၊ တဏှက္ခယော- တဏှာ၏ကုန်ရာဖြစ်သော၊ အရဟတ္တံပန- အရဟတ္တဖိုလ်သည်ကား၊ သမ္ပာပကတ္တာ- နိဗ္ဗာန်သို့ရောက်စေတတ်သောကြောင့်။

http://www.dhammadownload.com



(တစ်နည်း) တဏှက္ခယောပန– တဏှာ၏ကုန်ခြင်းသည်ကား၊ အရဟတ္တံ– အရဟတ္တဖိုလ်သို့၊ သမ္ပာပကတ္တာ– ကောင်းစွာမသွေ ရောက်စေတတ်ပါပေသောကြောင့်၊ သေဋ္ဌောယေဝ– မြတ်သည်သာလျှင်တည်း” ဣတိဝတွာ– ဤသို့ မိန့်တော်မူ၍၊ ဣမံဂါထံ– ဤဂါထာကို၊ အာဟ– သိစေ တတ်စေ ကျင့်နိုင်စေဟု ရည်ရွယ်ပြုကာ၊ ဟောကြားတော်မူလိုက်ပါပေသတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

မြတ်စွာဘုရားက "မြတ်သော သိကြားမင်းကြီး၊ သိပ်ကောင်းတယ်။ ငါဘုရား ပါရမီတော်တွေ ဖြည့်ပြီးတော့ စွန့်ခြင်းကြီးငါးပါး စွန့်ခဲ့တာဟာ သင့်လို ယုံမှားတဲ့သူတွေရဲ့ ယုံမှားမှုတွေကို ဖျောက်ပယ်ရန်အကျိုးငှာ သဗ္ဗညုတဉာဏ်ကို ထိုးထွင်း၍ သိရပေပြီ။ သင်မေးအပ်တဲ့ ပြဿနာတို့တွင်

၁။ အလှူအားလုံးထဲမှာ တရားအလှူဟာ အကြီးဆုံး၊ အအောင်ဆုံး၊ အမြတ်ဆုံး၊ အကောင်းဆုံးဖြစ်တယ်။

ဘယ်အလှူအကောင်းဆုံးတဲ့လဲ။

(တရားအလှူပါ ဘုရား)

တရားအလှူဆိုတာ ပိဋကတ်သုံးသွယ် နိကာယ်ငါးရပ်စာအုပ်မြတ်တွေ လှူဒါန်းတာ၊ တရားပွဲတွေ ဖြစ်မြောက်အောင် တရားဟော ဓမ္မကထိကတွေအတွက် လှူဒါန်းတာ၊ စာသင်စာချနေတဲ့ သံဃာတော်တွေအတွက် တရားစာအုပ် ပြည့်စုံအောင် လှူဒါန်းတာ၊ တရားစာအုပ်တွေ ရိုက်နှိပ်ပြီး လှူဒါန်းတာ၊ တရားစာတွေ သင်ကြားပို့ချပေးတာ၊ ပါဠိအဋ္ဌကထာကျမ်းစာတွေ ပို့ချပေးတာ၊ ပြဿနာဖြေဆိုတာ၊ ကမ္မဋ္ဌာန်းတရား ညွှန်ကြားပြသပေးတာ၊ တရားနာယူတာတွေပဲနော်။

(မှန်လှပါဘုရား).

(သံယုတ်၊ ဋ္ဌ၊ ၁၊ ၇၉)

စာသင် စာချ၊ တရားဟော တရားပြတဲ့ လုပ်ငန်းတွေဟာ အအောင်ဆုံး၊ အမြတ်ဆုံး၊ အကြီးဆုံး၊ အကောင်းဆုံး ဓမ္မဒါနဖြစ်တယ်။ တရားအလှူဖြစ်တယ်။

ဘာအလှူတဲ့လဲ။

(တရားအလှူပါဘုရား)

ဘာဒါနတဲ့လဲ။

(ဓမ္မဒါနပါဘုရား)

http://www.dhammadownload.com



အကောင်းဆုံး၊ အမြတ်ဆုံးအလှူဖြစ်အောင်၊ ဘာလှူရမတဲ့လဲ။

(တရားလှူရမှာပါဘုရား)

ဒီတော့ တရားနာပရိသတ်၊ ဒကာ ဒကာမတွေက စာသင်စာချ တရားဟော တရားပြအလုပ်တွေ လုပ်နိုင်ရဲ့လား။

(မလုပ်နိုင်ပါဘုရား)

အဲဒီလို ဒကာ ဒကာမတွေ မလုပ်နိုင်တော့ စာသင် စာချ တရားဟော တရားပြနေတဲ့ သံဃာတော်တွေကို တရားစာအုပ်တွေ လှူဒါန်းပူဇော်လိုက်တာ တရားဒါယကာအဖြစ် ခံယူလိုက်တာတွေဟာ ဓမ္မဒါန (တရားအလှူရှင်) ဖြစ်သွားတယ်နော်။

(မှန်လှပါဘုရား)

တရားပွဲတွေ ဖြစ်မြောက်အောင် ကြိုးစားတာ၊ တရားပွဲတွေ ဖြစ်မြောက်အောင် အကုန်အကျခံတာ ဘာဒါနပါလိမ့်။

(ဓမ္မဒါနပါ ဘုရား)

ဘာအလှူပါလိမ့်။

(တရားအလှူပါဘုရား)

တရားအလှူနဲ့ အခြားအလှူ ဘယ်ဟာက ပိုမြတ်သတဲ့လဲ။

(တရားအလှူက ပိုမြတ်ပါတယ်ဘုရား)

ဒီတော့ တရားနာပရိသတ်၊ အခြားပွဲတွေဖြစ်မြောက်အောင် ကြိုးစားရမှာလား၊ တရားပွဲတွေ ဖြစ်မြောက်အောင် ကြိုးစားရမှာလား။

(တရားပွဲတွေ ဖြစ်မြောက်အောင် ကြိုးစားရမှာပါဘုရား)

အခြားအလှူက ကောင်းတာလား၊ တရားအလှူက ကောင်းတာလား။

(တရားအလှူက ကောင်းတာပါဘုရား)

အေး ဟုတ်ပြီ၊ ဒီလိုဆိုရင် အခြားပွဲတွေ ရှောင်ပြီးတော့ တရားပွဲတွေ ဖြစ်မြောက်အောင် ဆောင်ရမယ်၊ ကြိုးစားအားထုတ်ရမယ်နော်။

(မှန်လှပါဘုရား)

၂။ အရသာတွေအားလုံးထဲမှာ တရားအရသာဟာ အကြီးဆုံး၊ အအောင်ဆုံး၊ အမြတ်ဆုံး၊ အကောင်းဆုံးပါ။

ဘယ်အရသာဟာ အမြတ်ဆုံး၊ အကောင်းဆုံးတဲ့လဲ။

(တရားအရသာပါ ဘုရား)

http://www.dhammadownload.com



၃။ အလုံးစုံ မွေ့လျော်ဖွယ်တွေထဲမှာ တရား၌ မွေ့လျော်တာ၊ တရားနဲ့ မွေ့လျော်တာဟာ အကြီးဆုံး၊ အအောင်ဆုံး၊ အမြတ်ဆုံး၊ အကောင်းဆုံး ပါ။

ဘာနဲ့ပျော်တာ အမြတ်ဆုံး၊ အကောင်းဆုံးတဲ့လဲ။

(တရားနဲ့ ပျော်တာပါဘုရား)

၄။ တဏှာရဲ့ကုန်ရာဖြစ်တဲ့ အရဟတ္တဖိုလ်ဟာ နိဗ္ဗာန်ကို ရောက်စေတတ်တဲ့အတွက် (ဝါ) တဏှာကုန်ခြင်းဟာ အရဟတ္တဖိုလ်သို့ ရောက်စေတတ်တဲ့အတွက် အမြတ်ဆုံး၊ အကောင်းဆုံးဖြစ်တယ်တဲ့။

တဏှာကုန်တာ ဘာ့ကြောင့်မြတ်သတဲ့လဲ။

(အရဟတ္တဖိုလ်သို့ရောက်စေတတ်လို့ပါ ဘုရား)

ဘုရားရှင် ကိုယ်တော်မြတ်က အဲဒီလို မိန့်တော်မူကာ ဒီဂါထာကို ဆက်ပြီးတော့ ဟောကြားတော်မူပါတယ်။

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊ သဗ္ဗရသံ ဓမ္မရသော ဇိနာတိ။

သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ၊ တဏှက္ခယော သဗ္ဗဒုက္ခံ ဇိနာတီတိ။

၁။ သဗ္ဗဒါနံ– ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါးစသော အားဖြင့် လှူခြား ကြည်ဖြူ အလုံးစုံသော အလှူကို၊ ဓမ္မဒါနံ– စာသင် စာချ တရားဟော တရားပြ အစရှိသား မြတ်သောတရားအလှူသည်၊ ဇိနာတိ– တရားစကား အမှန်ကြားမှ ပြငြားအလှူ ရယူမဂ်ဖိုလ် ရက်တို တိုနှင့် ထိုထိုသူငါ အောင်နိုင်ပါ၏။

ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးစတဲ့ အလှူအားလုံးကို စာသင်၊ စာချ၊ တရားဟော၊ တရားပြစတဲ့ တရားအလှူက အောင်နိုင်တယ်တဲ့။

အဲဒီအကြောင်းကို အဋ္ဌကထာဖွင့်တဲ့အတိုင်း အကျယ်ချဲ့ကာ ဟောကြ နာကြပါစို့။

တတ္ထ သဗ္ဗဒါနံ ဓမ္မဒါနန္တိ သစေပိ ဟိ စက္ကဝါဠဂဗ္ဘေ ယာဝ ဗြဟ္မလောကာ နိရန္တရံ ကတွာ သန္နိသိန္နာနံ ဗုဒ္ဓ ပစ္စေကဗုဒ္ဓ ခီဏာသဝါနံ ကဒလိဂဗ္ဘသဒိသာနိ စီဝရာနိ ဒဒေယျ၊ တသ္မိံ သမာဂမေ စတုပ္ပဒိကာယ ဂါထာယ ကတာနုမောဒနာဝ သေဋ္ဌာ။

တတ္ထ– ထိုဂါထာ၌၊ သဗ္ဗဒါနံဓမ္မဒါနန္တိ– သဗ္ဗဒါနံဓမ္မဒါနံဟူသည်ကား၊ ဟိ– ထိုစကားသင့်စွ၊ စက္ကဝါဠဂဗ္ဘေ– စကြာဝဠာတိုက်၌၊ ယာဝဗြဟ္မလောကာ–

http://www.dhammadownload.com



ဗြဟ္မာ့ပြည်တိုင်အောင်၊ နိရန္တရံကတွာ– အစဉ်မပြတ်ပြု၍၊ သန္ထိသိနှာနံ– စည်းဝေး ကြကုန်သော၊ ဗုဒ္ဓ ပစ္စေကဗုဒ္ဓ ခီဏာသဝါနံ– ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာတို့ အား၊ ကဒလိဂဗ္ဘသဒိသာနိ– ငှက်ပျောဖူးညွန့်တို့နှင့် တူကုန်သော၊ စီဝရာနိ– သင်္ကန်းတို့ကို၊ သစေပိဒဒေယျ– အကယ်၍ လှူငြားအံ့၊ တသ္မိံသမာဂမေ– ထိုအစည်းအဝေး၌၊ စတုပ္ပဒိကာယဂါထာယ– လေးပါဒရှိသော ဂါထာဖြင့်၊ ကတာနုမော ဒနာဝ– ပြုအပ်သော အနုမောဒနာတရားသည်သာလျှင်၊ သေဋ္ဌာ– မြတ်၏။

စကြာဝဠာတိုက်ကြီးမှာ ဗြဟ္မာ့ပြည်တိုင်အောင် အကြားကွက်လပ် မရှိအောင် နေထိုင်တော်မူကြတဲ့ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာအရှင်သူမြတ်တို့အား ငှက်ပျောဖူးညွန့်နဲ့တူတဲ့ သင်္ကန်းကောင်း သင်္ကန်းမြတ်တွေ လှူဒါန်းတာထက် အဲဒီအလှူပွဲမှာ လေးပါဒရှိတဲ့ ဂါထာတစ်ပုဒ်နဲ့ တရားဟောပြတာက ပိုပြီးတော့ မြတ်တယ်။

ဒီတော့ တရားနာပရိသတ်၊ သေသေချာချာမှတ်ပါ။ အလှူခံပုဂ္ဂိုလ်တွေ ဘက်က ကြည့်လိုက်စမ်းပါ၊ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ အရှင်သူမြတ်တွေနော်။

(မှန်လှပါဘုရား)

အထက်တန်းမကျဘူးလား။

(ကျပါတယ် ဘုရား)

အဲဒီအထက်တန်းအကျဆုံး အလှူခံပုဂ္ဂိုလ်တွေ စကြာဝဠာတိုက်ကြီးမှာ ဗြဟ္မာ့ပြည်တိုင်အောင် အကြားမရှိ၊ ကွက်လပ်မရှိအောင် ထိုင်မနေကြဘူးလား။

(ထိုင်နေကြပါတယ်ဘုရား)

အဲဒီလို ထိုင်နေတော်မူကြတဲ့ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့အား သင်္ကန်းကောင်းတွေ လှူတာထက် အဲဒီအလှူပွဲမှာ ဟောတဲ့ လေးပါဒရှိတဲ့ ဂါထာတစ်ပုဒ်နဲ့ ဝမ်းမြောက်ဖွယ်ရာ အနုမောဒနာပြုကာ တရားဟောတာက ပိုပြီးတော့ မြတ်တယ်တဲ့။

လှူတာနဲ့ ဟောတာ ဘယ်ဟာက ပိုမြတ်သတဲ့လဲ။

(ဟောတာက ပိုမြတ်ပါတယ် ဘုရား)

ဒီအဋ္ဌကထာဖွင့်တွေကို သိနေလို့ ဦးပဉ္ဇင်းတို့က အပင်ပန်းခံပြီး စေတနာ ကြီးကြီးမားမားထားကာ ဟောကြားနေတာနော်။

(မှန်လှပါဘုရား)

http://www.dhammadownload.com



တံ ဟိ ဒါနံ တဿာဂါထာယ သောဠသိံ ကလံ နာဂ္ဃတိ။

ဟိ– ထိုစကားသင့်စွ၊ တံဒါနံ– ထိုအလှူသည်၊ တဿာဂါထာယ– ထိုဂါထာ၏၊ သောဠသိံကလံ– တစ်ဆယ့်ခြောက်စိတ် စိတ်၍ တစ်စိတ်ကိုမျှ၊ နာဂ္ဃတိနအဂ္ဃတိ– အဖိုးမထိုက်။

လေးပါဒရှိတဲ့ ဂါထာတစ်ပုဒ်နဲ့ တရားဟောရတဲ့ ကုသိုလ်ကို ၁၆ စိတ်' စိတ်ရမယ်။ ဘယ်နှစ်စိတ် စိတ်ရမတဲ့လဲ။

(၁၆ စိတ်ပါဘုရား)

အေး ဟုတ်ပြီ၊ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့အား လှူရတဲ့ သင်္ကန်း အလှူဟာ အဲဒီ ၁၆ စိတ်မှာ တစ်စိတ်လောက်မျှ အဖိုးမထိုက်ဘူးတဲ့။

ဧဝံ ဓမ္မဿ ဒေသနာပိ ဝါစနမ္ပိ သဝနမ္ပိ မဟန္တံ။

ဧဝံ– ဤသို့၊ ဓမ္မဿ– တရားတော်ကို၊ ဒေသနာပိ– ဟောခြင်းသည် လည်းကောင်း၊ ဝါစနမ္ပိ– သင်ကြားပို့ချခြင်းသည်လည်းကောင်း၊ သဝနမ္ပိ– နာကြားခြင်းသည်လည်းကောင်း၊ မဟန္တံ– မြတ်သောအကျိုးရှိ၏။

အဲဒီလို တရားတော်ကို ဟောကြားခြင်း၊ သင်ကြားပို့ချခြင်း၊ နာကြား ခြင်းဟာ မြတ်တဲ့အကျိုးရှိတယ်တဲ့။

ဘာအကျိုးရှိသတဲ့လဲ။

(မြတ်တဲ့အကျိုးရှိပါတယ်ဘုရား)

အဲဒီလို မြတ်တဲ့အကျိုး ရှိတယ်ဆိုတော့ တရားဒေသနာတော်တွေ ပြန့် ပွားအောင် ဦးပဉ္ဇင်းတို့က ပင်ပန်းမှုတွေ ပဓာနမထားဘဲ ဟောကြားရမယ်၊ သင်ကြား ပို့ချရမယ်။ ဒကာ ဒကာမတွေက မပျင်းမရိ နာကြားရမယ်နော်။

(မှန်လှပါဘုရား)

ဒီတော့ တရားနာပရိသတ်၊ ဒီနေ့ ဦးပဉ္ဇင်းတို့က တရားတွေ ဟောပေး နေတာ၊ တရားသင်တန်းတွေ ပေးနေတာ ဒကာ ဒကာမတွေက နာကြားနေတာ ဟာ သာသနာ တည်အောင် လုပ်နေတဲ့ သာသနာပြုလုပ်ငန်းအစစ်၊ ခု နောင်ဘဝ မဂ်ဖိုလ် ရသည်အထိ ကောင်းကျိုးရှိတဲ့ လုပ်ငန်းကောင်း၊ လုပ်ငန်းမြတ်လို့ သေသေချာချာ မှတ်ပါ တရားနာ။

(မှန်လှပါဘုရား)

ဟောသူ၊ သင်ယူပို့ချသူ၊ နာကြားသူဆိုတဲ့ ပုဂ္ဂိုလ် ၃ ယောက်ရှိနေသမျှ ကာလပတ်လုံး သာသနာ ကွယ်နိုင်ပါ့မလား။

(မကွယ်နိုင်ပါဘူးဘုရား)

http://www.dhammadownload.com



အဲဒီ ပုဂ္ဂိုလ် ၃ ယောက် ရှိနေသမျှကာလပတ်လုံး သာသနာတော်ကြီး တည်တံ့ခိုင်မြဲနေမှာပဲနော်။

(မှန်လှပါဘုရား)

သာသနာတော် တိုးတက်တယ်ဆိုတာ ဟောတဲ့သူ၊ သင်ယူပို့ချပေးတဲ့သူ၊ နာကြားတဲ့သူတွေ များတာ ပေါတာကို ဆိုတာ။ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါး များတာ ပေါတာကို ဆိုတာမဟုတ်ဘူး။ လူတွေကတော့ များသောအားဖြင့် သာသနာတော် သိပ်တိုးတက်တာပဲလို့ ပြောနေကြပါတယ်။ ဘယ်လိုတိုးတက်နေသလဲလို့မေးရင် မပြောတတ်တော့ဘူး။ အဲဒါ ဘာ့ကြောင့် လဲဆိုတော့ အသင်နည်းလို့ တရားနာနည်းလို့ပါပဲ။

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

* ဟောသူ + သင်သူ၊ ပို့ချသူ၊ နာသူရှိနေသော်။
* တို့သာသနာ၊ မကွယ်ပါ၊ သေချာမှတ်ကြနော်။
* ဟောသူ + သင်သူ၊ ပို့ချသူ၊ နာသူမရှိသော်။
* တို့သာသနာ၊ ကွယ်ပမှာ၊ သေချာမှတ်ကြနော်။
* ဟောသူ + သင်သူ၊ ပို့ချသူ၊ နာသူပေါများသော်။
* တို့သာသနာ၊ တိုးတက်တာ၊ သေချာသိကြနော်။
* ဟောသူ + သင်သူ၊ ပို့ချသူ၊ နာသူနည်းသွားသော်။
* တို့သာသနာ၊ ဆုတ်ယုတ်တာ၊ သေချာသိကြနော်။
* ပစ္စည်းလေးဖြာ၊ ပေါများတာ၊ တိုးတာမှတ်မခေါ်။

ယေန စ ပုဂ္ဂလေန ဗဟူနံ တံ ဓမ္မဿဝနံ ကာရိတံ၊ တဿေဝ အာနိသံသော မဟာ။

ယေန စ ပုဂ္ဂလေန- အကြင်ပုဂ္ဂိုလ်သည်လည်း၊ ဗဟူနံ- များစွာသော သူတို့ကို၊ တံဓမ္မဿဝနံ- ထိုတရားနာခြင်းကို၊ ကာရိတံ- ပြုအပ်၏။ တဿေဝ- ထိုပုဂ္ဂိုလ်အားသာလျှင်၊ အာနိသံသော- အကျိုးဆက်သည်၊ မဟာ- များလှစွာ ၏။

သူပဲဖြစ်ဖြစ်၊ ကိုယ်ပဲဖြစ်ဖြစ် လူပေါင်းများစွာ တရားနာရအောင် (တရား နာနိုင်အောင်) ပြုလုပ်ဆောင်ရွက်ပေးတဲ့ပုဂ္ဂိုလ်ဟာ အင်မတန် အကျိုးကြီးမား တယ်။ အကျိုးများတယ်။ ဒီနေ့ တရားပွဲဖြစ်မြောက်အောင် ဆောင်ရွက်ပေးတဲ့ သူတွေ၊ တရားဒါယကာအဖြစ် ခံယူကာ သူများတွေ တရားနာကြရအောင်

http://www.dhammadownload.com



အလှူပေးတဲ့သူတွေဟာ အမြတ်ဆုံး၊ အကောင်းဆုံး ကုသိုလ်အထူးကို ဆည်းပူး ကြရတာ ဖြစ်တယ်။

မိမိတို့ ပိုင်ဆိုင်ထားတဲ့ စီးပွားဥစ္စာတွေကို မလှူလို မပေးလို ဝန်တိုတဲ့ လောဘ မစ္ဆေရဆိုတဲ့ တရားဆိုး၊ တရားယုတ်တွေကို နှင်ထုတ်ပြီး တရားအလှူ ရှင်ဖြစ်အောင် ကြိုးစား အားထုတ်လိုက်ကြတော့။ ယနေ့ တရားအလှူရှင်တွေ ဟာ လောဘ မစ္ဆေရတွေကို အနိုင်မရကြဘူးလား။

(အနိုင်ရကြပါတယ်ဘုရား)

ဒီတော့ လောဘနိုင်ပွဲ၊ မစ္ဆေရနိုင်ပွဲလို့ မှတ်ရမယ်နော်။

(မှန်လှပါဘုရား)

ဒီနေ့ တရားအလှူရှင်တွေဟာ လောဘ မစ္ဆေရတွေကို အောင်မြင်ပြီး တော့ မသွားဘူးလား။

(အောင်မြင်သွားပါတယ်ဘုရား

ဒီတော့ ဒီနေ့ ဘာပွဲပါလိမ့်။

(လောဘအောင်ပွဲ၊ မစ္ဆေရအောင်ပွဲပါဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

* လောဘနိုင်ပွဲ၊ ခေါ်ဆိုလည်း၊ အမြဲခေါ်နိုင်တယ်။
* မစ္ဆေရနိုင်ပွဲ၊ ခေါ်ဆိုလည်း၊ အမြဲခေါ်နိုင်တယ်။
* လောဘအောင်ပွဲ၊ ခေါ်ဆိုလည်း၊ အမြဲခေါ်နိုင်တယ်။
* မစ္ဆေရအောင်ပွဲ၊ ခေါ်ဆိုလည်း၊ အမြဲခေါ်နိုင်တယ်။

တရားအလှူဟာ အကျိုးအရှိဆုံး၊ အမြတ်ဆုံး၊ အကောင်းဆုံးဆိုတာကို သိပြီး လှူလိုက်တော့ လောဘတွေ၊ မစ္ဆေရတွေ သေမသွားဘူးလား။

(သေသွားပါတယ်ဘုရား)

တရားသိလို့ သေတာလား၊ အခြားသိလို့ သေတာလား။

(တရားသိလို့ သေတာပါဘုရား)

လောဘ၊ မစ္ဆေရတွေကို အောင်ပွဲခံနိုင်တယ်ဆိုတာ တရားကြောင့်လား၊ အခြားကြောင့်လား။

(တရားကြောင့်ပါဘုရား)

ဒါကြောင့် တရားအလှူဟာ အလှူအားလုံးကို အောင်နိုင်တယ်လို့ ဘုရားဟောထားတာနော်။

(မှန်လှပါဘုရား)

http://www.dhammadownload.com



ဒေါသ မောဟအစရှိတဲ့ အကုသိုလ်စိတ် စေတသိက်တွေအားလုံးကိုလည်း အနိုင်ယူနိုင်တာ၊ အောင်ပွဲခံနိုင်တာတွေဟာ တရားကြောင့်ပါပဲ။ ဒါကြောင့် တရားနာမှု၊ တရားသိမှု၊ တရားကျင့်မှု၊ တရားဟောမှုဆိုတဲ့ လုပ်ငန်းတွေဟာ အမြတ်ဆုံး၊ အကောင်းဆုံး၊ အအောင်မြင်ဆုံးလို့ ဟောကြားတော်မူတာဖြစ်တယ်။

ကဲ– ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာအရှင်သူမြတ်တို့အား သင်္ကန်းကောင်းတွေ လှူဒါန်းရခြင်းထက် ဓမ္မဒါန (တရားအလှူက) ပိုပြီးတော့ မြတ်တယ်ဆိုတာကို နာယူပြီးတော့ ဆွမ်းကောင်း၊ ဆေးကောင်း၊ ကျောင်းကောင်းတွေကို လှူဒါန်းခြင်းထက်လည်း ဓမ္မဒါနတရားအလှူက ပိုပြီးတော့ မြတ်ပုံကို ဆက်နာယူကြပါစို့။

> တထာရူပါယ ဝေ ပရိသာယ ပဏီတပိဏ္ဍပါတဿ ပတ္တေ ပူရေတွာ ဒိန္နဒါနတောပိ၊ သပ္ပိ တေလာဒီနံ ပတ္တေ ပူရေတွာ ဒိန္နဘေသဇ္ဇဒါနတောပိ၊ မဟာ ဝိဟာရသဒိသာနံ ဝိဟာရာနံစ လောဟပါသာဒသဒိသာနဥ္စ ပါသာဒါနံ အနေကာနိ သတသဟဿာနိ ကာရေတွာ ဒိန္နသေနာသနဒါနတောပိ အနာထပိဏ္ဍိကာဒီဟိ ဝိဟာရေ အာရဗ္ဘ ကတပရိစ္စာဂတောပိ အန္တမသော စတုပ္ပဒိကာယဂါထာယ အနုမောဒနာ ဝသေနာပိ ပဝတ္တိတံ ဓမ္မဒါနမေဝ ဝရံ သေဋ္ဌံ။

တထာရူပါယ ဝေ ပရိသာယ– ထိုသို့သဘောရှိသော ပရိသတ်၌သာလျှင်၊ ပဏီတပိဏ္ဍပါတဿ– မွန်မြတ်သောဆွမ်းဖြင့်၊ ပတ္တေ– သပိတ်၌၊ ပူရေတွာ– ပြည့်စေ၍၊ ဒိန္နဒါနတောပိ– ပေးအပ်သော ဆွမ်းအလှူထက်လည်းကောင်း၊ သပ္ပိတေလာဒီနံ– ထောပတ် ဆီစသည်တို့ဖြင့်၊ ပတ္တေ– သပိတ်၌၊ ပူရေတွာ– ပြည့်စေ၍၊ ဒိန္နဘေသဇ္ဇဒါနတောပိ– ပေးအပ်သော ဆေးဟူသော အလှူထက်လည်းကောင်း။၊ မဟာဝိဟာရသဒိသာနံ– သီဟိုဠ်ကျွန်း၌ မဟာဝိဟာရကျောင်းနှင့်တူကုန်သော၊ ဝိဟာရာနဥ္စ– ကျောင်းတို့ကိုလည်းကောင်း၊ လောဟပါသာဒသဒိသာနံ– ကြေး ပြာသာဒ်နှင့် တူကုန်သော၊ ပါသာဒါနဥ္စ– ပြာသာဒ်တို့ကိုလည်းကောင်း၊ အနေကာနိ– များစွာကုန်သော၊ သတသဟဿာနိ– အသိန်းသောကျောင်း၊ အသိန်းသော ပြာသာဒ်တို့ကို၊ ကာရေတွာ– ဆောက်စေ၍၊ ဒိန္နသေနာသနဒါနတောပိ– ပေးလှူ အပ်သော ကျောင်းဟူသော အလှူထက်လည်းကောင်း၊ အနာထပိဏ္ဍိကာဒီဟိ– အနာထပိဏ်သူဌေး စသောသူတို့သည်၊ ဝိဟာရေ– ဆောက်အပ်သောကျောင်း တို့ကို၊ အာရဗ္ဘ–

http://www.dhammadownload.com



အကြောင်းပြု၍၊ ကတပရိစ္စာဂတောပိ– ပြုအပ်သော စွန့်ကြဲခြင်းထက်လည်းကောင်း၊ အန္တမသော– အယုတ်အားဖြင့်၊ စတုပ္ပဒိကာယ ဂါထာယ– လေးပါဒရှိသော ဂါထာဖြင့်၊ အနုမောဒနာဝသေနာပိ– အနုမောဒနာ အစွမ်းအားဖြင့်လည်း၊ ပဝတ္တိတံ– ဖြစ်စေအပ်သော၊ ဓမ္မဒါနမေဝ– တရားအလှူသည်သာလျှင်၊ ဝရံသေဠ– မြတ်၏။

အဲဒီစကြာဝဠာတိုက်မှာပဲ ဗြဟ္မာပြည်တိုင်အောင် အခြားကွက်လပ်မရှိအောင် နေထိုင်တော်မူကြတဲ့ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာအရှင်သူမြတ်တို့အား သပိတ်ပြည့်အောင်လှူတဲ့ မွန်မြတ်တဲ့ ဆွမ်းအလှူ၊ သပိတ်ပြည့်အောင်လှူတဲ့ ထောပတ်ဆီစတဲ့ ဆေးအလှူ၊ အဲဒီဆွမ်းနဲ့ ဆေးကို သပိတ်နဲ့အပြည့် လှူတာနော်။

(မှန်လှပါဘုရား)

ဒကာ ဒကာမတွေ လှူတဲ့အခါ သပိတ်နဲ့ပြည့်အောင် လှူရဲ့လား။

(လှူပါတယ်ဘုရား)

ဒကာ ဒကာမတွေက ပြောလို့သာ ဦးပဥ္စင်းတို့ကတော့ ယုံဘူး၊ ယုံဘူး။

(ရယ်မောကြ)

ဘာကြောင့်လဲဆိုတော့ သပိတ်ပြည့်အောင် လှူတဲ့သူ နည်းလို့ပါပဲ။ သပိတ်ပြည့်အောင် လှူတဲ့သူ ရှိတော့ မရှိဘူးလား။

(ရှိပါတယ်ဘုရား)

ရှိတော့ရှိတယ်၊ ဒါပေမဲ့ ရှားတယ်နော်။

(မှန်လှပါဘုရား)

ကဲ– ထားပါတော့။ အဲဒီလိုသပိတ်ပြည့်အောင် ဆွမ်းတွေ၊ ဆေးတွေ လှူတာထက်လည်း လေးပါဒရှိတဲ့ ဂါထာတစ်ပုဒ်လောက် ဟောပြပေးခြင်း၊ သင်ကြားပို့ချခြင်း၊ နာယူခြင်း ကုသိုလ်က ပိုပြီးတော့ မြတ်တယ်နော်။

(မှန်လှပါဘုရား)

နောက်ပြီးတော့ သိန်းပေါင်းများစွာ အကုန်အကျခံပြီး ကျောင်းတိုက်ကြီးတွေ၊ ပြာသာဒ်ကြီးတွေ ဆောက်လုပ်ပြီး လှူတဲ့ ကျောင်းအလှူထက်လည်း တရားအလှူက ပိုပြီးတော့ မြတ်တယ်။ အနာထပိဏ်သူဌေးစတဲ့ ပုဂ္ဂိုလ်တွေဟာ ကျောင်းတွေကို အကြောင်းပြုပြီးတော့ စွန့်ကြဲလှူဒါန်းခြင်းထက်လည်း အယုတ်ဆုံး လေးပါဒရှိတဲ့ အနုမောဒနာတရား ဟောကြားခြင်း၊ သင်ကြားပို့ချခြင်း၊ နာကြားခြင်းက ပိုပြီးတော့ မြတ်တယ်။

http://www.dhammadownload.com



ရှင်းရှင်းနဲ့ ကျဉ်းကျဉ်းပြောလိုက်ရရင်တော့ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ အရှင်သူမြတ်တို့အား ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးပစ္စည်းလေးပါးတွေ လိုလေသေးမရှိအောင် အပြည့်အဝ လှူဒါန်းခြင်းထက် ဓမ္မဒါနတရားအလှူက ပိုပြီးတော့ မြတ်တယ်နော်။

(မှန်လှပါဘုရား)

ကဲ– လင်္ကာလေးတွေလိုက်ဆိုကြ

*ဘုရား + ရဟန္တာ၊ ပစ္စေကာ၊ များစွာမြတ်ပုဂ္ဂိုလ်။

ပစ္စည်းလေးဖြာ၊ များပြားစွာ၊ ပေးလှူတာထက်ပို။

တရားဒေသနာ၊ ဟော သင် နာ၊ မှတ်ပါအောင်ဆုံးဆို။

တရားဒေသနာ၊ ဟော သင် နာ၊ မှတ်ပါမြတ်ဆုံးဆို။

တရားရွှေစာ၊ ဟော သင် နာ၊ မှတ်ပါ မြတ်ဆုံးဆို။

တရားရွှေစာ၊ ဟော သင် နာ၊ မှတ်ပါ ခေါင်ဆုံးဆို။

တရားအလှူ၊ အများလှူ၊ အားယူလှူဖို့လို။

ကိံကာရဏာ– ဝေရူပါနိ ဟိ ပုညာနိ ကရောန္တာ ဓမ္မံ သုတွာဝ ကရောန္တိ နော အသုတွာ။

ကိံကာရဏာ– အဘယ့်ကြောင့်နည်းဟူမူကား၊ ဟိ– သင့်စွ၊ ဝေရူပါနိ– ပုညာနိ– ဤသို့သဘောရှိသော ကောင်းမှုတို့ကို၊ ကရောန္တာ– ပြုကုန်သော သူတို့သည်၊ ဓမ္မံ– တရားကို၊ သုတွာဝ– နာကြားရသောကြောင့်သာလျှင်၊ ကရောန္တိ– ပြုကုန်၏။ အသုတွာ– မကြားနာရသော်၊ နော– မပြုကုန်။

ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးပစ္စည်းလေးပါးစတဲ့ ကုသိုလ်ကောင်းမှုတွေ ပြုလုပ်ဖြစ်တယ်ဆိုတာ တရားနာကြားကြရလို့ပါ။ တရားမနာကြားရရင် ပြုလုပ်ဖြစ်မှာ မဟုတ်ဘူးတဲ့။

ဆွမ်းတရားလေး နာလိုက်ရတော့ ဆွမ်းလှူရတဲ့ အကျိုးတွေ မသိရဘူး လား။

(သိရပါတယ်ဘုရား)

အဲဒီလို ဆွမ်းအကျိုးတွေ သိရတဲ့အခါ ဆွမ်းလှူချင်တဲ့စိတ်တွေ ဖြစ်မလာ ဘူးလား။

(ဖြစ်လာပါတယ်ဘုရား)

ဖြစ်လာတော့ လှူလိုက်တယ်၊ လှူလိုက်တော့ ဆွမ်းအကျိုး ငါးပါးဖြစ်တဲ့

http://www.dhammadownload.com



အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားကြီးခြင်း၊ ဉာဏ်ပညာကြီးခြင်း အကျိုးတွေ ခုဘဝ နောက်ဘဝ၊ မဂ်ဖိုလ်နိဗ္ဗာန်ရမည့်ဘဝအထိ ရသွားတယ်နော်။

(မှန်လှပါဘုရား)

ကောင်းတဲ့အကျိုးကို နာကြားရပြီး သိရမှ ကောင်းတဲ့အကြောင်းကို လုပ်ချင်ကြတာ မဟုတ်လား။

(မှန်လှပါဘုရား)

သက်န်းတွေ၊ ကျောင်းတွေ၊ ဆေးတွေ လှူဒါန်းရတဲ့အကျိုးတွေ သိရတဲ့အခါမှာလည်း သင်္ကန်း၊ ကျောင်း၊ ဆေးလှူဒါန်းချင်တာဟာ ဓမ္မတာပါပဲ။

တရားနာရလို့ တရားသိရလို့ လှူကြတာ၊ တရားမနာရရင် တရားမသိရရင် လှူဖြစ်ပါ့မလား။

(မလှူဖြစ်ပါဘူးဘုရား)

ဒီတော့တရားနာပရိသတ်၊ တရားတော်ရဲ့ကျေးဇူးဟာ မကြီးမားဘူးလား။

(ကြီးမားပါတယ်ဘုရား)

တရားကျေးဇူးကို မေ့ထားလို့ ဖြစ်ပါ့မလား။

(မဖြစ်ပါဘူးဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

* တရားကျေးဇူး၊ မမေ့ဘူး၊ အထူးသိကြပါ။
* တရားကျေးဇူး၊ မမေ့ဘူး၊ အထူးပူဇော်ပါ။
* တရားနာရ၊ ကုသလ၊ ပြုကြများသူငါ။
* တရားကြောင့်ပဲ၊ ကုသိုလ်လည်း၊ အမြဲပြုဖြစ်တာ။

သစေ ဟိ တ္တမေ သတ္တာ ဓမ္မံ န သုဏေယျုံ၊ ဥဠုက်မတ္တံ ယာဂုမ္ပိ ကဋစ္ဆုမတ္တံ ဘတ္တမ္ပိ နဒဒေယျုံ၊ တ္တမိနာ ကာရဏေန သဗ္ဗဒါနေဟိ ဓမ္မဒါနမေဝ သေဋ္ဌံ။

ဟိ– သင့်စွ၊ တ္တမေသတ္တာ– ဤသတ္တဝါတို့သည်၊ ဓမ္မံ– တရားကို၊ သစေန သုဏေယျုံ– အကယ်၍ မနာရကုန်အံ့၊ ဥဠုက်မတ္တံ– တစ်ယောက်ချိုမျှသော၊ ယာဂုမ္ပိ– ယာဂုကိုလည်းကောင်း၊ ကဋစ္ဆုမတ္တံ– တစ်ယောက်မျှသော၊ ဘတ္တမ္ပိ– ဆွမ်းကိုလည်းကောင်း၊ နဒဒေယျုံ– မလှူဒါန်းနိုင်ကြကုန်၊ တ္တမိနာ ကာရဏေန– ဤသို့သော အကြောင်းကြောင်းကြောင့်၊ သဗ္ဗဒါနေဟိ–

http://www.dhammadownload.com



အလုံးစုံသောအလှူတို့ထက်၊ ဓမ္မဒါနမေဝ– တရားအလှူသည်သာလျှင်၊ သေဋ္ဌံ– မြတ်၏။

သတ္တဝါတွေဟာ အကယ်၍ တရားမနာကြရဘူးဆိုရင် တစ်ယောက်ချို မျှသော ယာဂု၊ တစ်ယောက်မျှသော ဆွမ်းကိုပင် လှူမိကြမှာမဟုတ်ဘူးတဲ့။ ဒီအကြောင်းကြောင့် အလှူအားလုံးတို့ထက် တရားအလှူက မြတ်တယ်လို့ ဆိုပါတယ်။

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

* တရားမနာ၊ သတ္တဝါ၊ မှတ်ပါယာဂု ဆွမ်း။

* လှူဒါန်းကြမှာ၊ မဟုတ်ပါ၊ သေချာသိကြစမ်း။

အပိစ ဌပေတွာ ဗုဒ္ဓေစ ပစ္စေကဗုဒ္ဓေစ သကလကပ္ပံ ဒေဝေဝဿန္တေ ဥဒကဗိန္ဒူနိ ဂဏေတုံ သမတ္ထာယ ပညာယ သမန္နာဂတာ သာရိပုတ္တာ ဒယောပိ အတ္တနော ဓမ္မတာယ သောတာပတ္တိဖလာဒီနိ အဓိဂန္တုံ နာသက္ခိံ သု။

အပိစ– တစ်နည်းကား၊ ဗုဒ္ဓေစ– ဘုရားတို့ကိုလည်းကောင်း၊ ပစ္စေကဗုဒ္ဓေစ– ပစ္စေကဗုဒ္ဓါတို့ကိုလည်းကောင်း၊ ဌပေတွာ– ထား၍၊ သကလကပ္ပံ– အလုံးစုံသော တစ်ကမ္ဘာကာလပတ်လုံး၊ ဒေဝေဝဿန္တေ– အလျဉ်မပြတ် မိုးရွာသည်ရှိသော်၊ ဥဒကဗိန္ဒူနိ– မိုးပေါက်တို့ကို၊ ဂဏေတုံ– ရေတွက်ခြင်းငှာ၊ သမတ္ထာယ ပညာယ– စွမ်းနိုင်သောပညာနှင့်၊ သမန္နာဂတာ– ပြည့်စုံကုန်သော၊ သာရိပုတ္တာဒယောပိ– သာရိပုတ္တရာအစရှိကုန်သော အရှင်မြတ်တို့သည်လည်း၊ အတ္တနော ဓမ္မတာယ– မိမိသဘောအားဖြင့်၊ သောတာပတ္တိဖလာဒီနိ– သောတာပတ္တိဖိုလ် အစရှိသည်တို့ကို၊ အဓိဂန္တုံ– ရခြင်းငှာ၊ နာသက္ခိံသု– မတတ်နိုင်ကုန်။

တစ်နည်းအားဖြင့် ပြောရရင်တော့ ဘုရားနဲ့ ပစ္စေကဗုဒ္ဓါတို့ကလွဲရင် အရှင်သာရိပုတ္တရာဟာ ပညာဉာဏ်အကြီးဆုံးပါပဲ။ ဘယ်လောက်ထိအောင် ပညာဉာဏ်ကြီးသလဲဆိုတော့ အလုံးစုံ တစ်ကမ္ဘာကာလပတ်လုံး ရွာသွန်းနေတဲ့ မိုးပေါက်တွေကို ရေတွက်နိုင်တယ်တဲ့။ အဲဒီလောက် ပညာဉာဏ်ကြီးမားတဲ့ အရှင်သာရိပုတ္တာစတဲ့ အရှင်မြတ်တွေပင် မိမိသဘောနဲ့ သောတာပတ္တိဖိုလ်အစ ရှိသည်တို့ကို ရဖို့ရာ မလွယ်ကူကြပါဘူးတဲ့။

အဿဇိတ္ထေရာဒီဟိ ကထိတဓမ္မံ သုတွာ သောတာပတ္တိဖလံ သစ္ဆိကရိံသု။

http://www.dhammadownload.com



အရှင်အဿဇိမထေရ်စသည်တို့ ဟောတဲ့တရားကို နာကြားရမှ သောတာ ပတ္တိဖိုလ်ကို မျက်မှောက်ပြုကြရတယ်။

အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီး သောတာပတ္တိဖိုလ်ရတာ ဘယ်သူ့တရားနာရလို့တဲ့လဲ။

(အရှင်အဿဇိ တရား နာရလို့ပါဘုရား)

အရှင်သာရိပုတ္တရာအလောင်း ဥပတိဿပရိဗိုဇ်က အရှင်အဿဇိကို တရားဟောဖို့ လျှောက်ထားတော့ အရှင်အဿဇိက

"အဟံ ခေါ အာဝုသော နဝေါ အစိရပဗ္ဗဇိတော၊ အဓုနာဂတော ဣမံဓမ္မဝိနယံ"

(ဝိနည်းမဟာဝါပါဠိ ၅၂)

(ငါ့ရှင် ဥပတိဿပရိဗိုဇ်၊ ငါဟာ ရဟန်းငယ်လေး ဖြစ်တယ်။ ရဟန်းဖြစ်လာတာ မကြာသေးဘူး။ ဤတရားသဖြင့် ဆုံးမရာ ဘုရားသာသနာသို့ ယခုမှ ရောက်လာတာပါ။)

န တာယံ သက္ကောမိ ဝိတ္ထာရေန ဓမ္မံ ဒေသေတုံ။

(ငါသည် သင့်အား တရားအကျယ်ကြီး မဟောနိုင်သေးပါဘူး။)

အပိစ တေ သံခိတ္တေန အတ္ထံ ဝက္ခာမိ။

(သို့သော်လည်း သင့်အား အကျဉ်းဖြစ်တဲ့ လိုရင်းအနက်အဓိပ္ပာယ်ရှိ တရားကိုတော့ ငါဟောပြမယ်လို့ အမိန့်ရှိပါတယ်။)

အဲဒီလိုမိန့်တော့ အရှင်သာရိပုတ္တရာလောင်း ဥပတိဿပရိဗိုဇ်က

ဟောတု အာဝုသော ရှိပါစေတဲ့။

အပ္ပံဝါ ဗဟုံဝါ ဘာသဿု၊

အတ္ထံ ယေဝ မေ ဗြူဟိ။

အတ္ထေနေဝ မေ အတ္ထော၊

ကိံကာဟသိ ဗျဉ္ဇနံ ဗဟုံ။

(ဝိနယမဟာဝါပါဠိ ၅၃)

ဘန္တေ– အရှင်ဘုရား၊ အပ္ပံ– နည်းနည်းပဲဖြစ်ဖြစ်၊ ဗဟုံဝါ– များများပဲဖြစ်ဖြစ်၊ ဘာသဿု– ဟောတော်မူပါဘုရား။

နည်းနည်းများများ အရှင်ဘုရား ဟောကြားတော်မူပါဘုရား။

မေ– တပည့်တော်အား၊ အတ္ထံယေဝ– လိုရင်းအနက်အဓိပ္ပာယ်ကိုသာ လျှင်၊ ဗြူဟိ– ဟောတော်မူပါ။

http://www.dhammadownload.com



တပည့်တော်အား လိုရင်းပဲ ဟောပါဘုရားတဲ့။ ဘယ်လောက်ကောင်းတဲ့ လျှောက်ထားချက်ဆိုတာ စဉ်းစားကြည့်၊ ဒကာ ဒကာမတွေလည်း ဦးပဉ္ဇင်းတို့ကို အဲဒီလိုလျှောက်ထားကြရင် ကောင်းမယ်ထင်တယ်။ တချို့ညတရားပွဲတွေမှာ ဦးပဉ္ဇင်းက တစ်ခွေစာပဲ ဟောမယ်လို့ ကျောင်းက စိတ်ကူးလာတာ တရားဟော မည့်နေရာရောက်တော့ တရားဒကာက အရှင်ဘုရား စီ ၆၀ နှစ်ခွေ ဝယ်ထားပါ တယ်ဘုရား။ နှစ်ခွေလုံးပြည့်အောင် ဟောပေးပါတဲ့။ ဒီတော့ တရားဒကာ စိတ်ချမ်းသာအောင် နှစ်ခွေပဲ ဟောပေးလိုက်ရပါတယ်။ နောက်ဆို တစ်ခွေစာ အလိုက်သိပြီး လိုရင်းပဲ ဟောဖို့ လျှောက်ကြပါလို့ မှာခဲ့ပါရစေဗျာ။

ကဲ- ထားပါတော့၊ ဘယ်လိုဟောရမှာတဲ့လဲ။

(လိုရင်းပဲ ဟောရမှာပါဘုရား)

လိုရင်းဆိုတာ တိုတိုပဲ ဟောပါဘုရားလို့ လျှောက်ထားတာနော်။

(မှန်လှပါဘုရား)

ဒီတော့ တရားနာပရိသတ်၊ တရားဟောဆရာတော်တွေကို ဘယ်လို လျှောက်ရမတဲ့လဲ။

(တိုတိုဟောဖို့ လျှောက်ရမှာပါဘုရား)

မေ- တပည့်တော်အား၊ အတ္တေနေဝ- သဘာဝ အနက်အဓိပ္ပာယ်ကိုသာ လျှင်၊ အတ္ထော- အလိုရှိပါ၏။

တပည့်တော် လိုချင်တာက လိုရင်း သဘာဝအနက်အဓိပ္ပာယ်ပါပဲ။

ဗဟုံ- များသော၊ ဗျဉ္ဇနံ- သဒ္ဒါသည်၊ ကိံကာဟသိ- အဘယ်ပြုရပါအံ့ နည်း။

(သဒ္ဒါသိပ်များနေလို့ ဘာလုပ်မှာလဲ ဘုရား။ တပည့်တော် လိုချင်တဲ့ လိုရင်း သဘာဝအနက်အဓိပ္ပာယ်ကိုသာ ဟောတော်မူပါ) လို့ လျှောက်ထား တော့

အရှင်အဿဇိက သစ္စာလေးပါးတရားပြတဲ့

ယေဓမ္မာ ဟေတုပ္ပဘဝါ၊

တေသံ ဟေတုံ တထာဂတော အာဟ။

တေသဉ္စ ယော နိရောဓော၊

ဧဝံ ဝါဒီ မဟာသမဏော ဆိုတဲ့ဂါထာကို ဟောတော်မူလိုက်ပါတယ်။

(အာဂုသော- ငါ့ရှင် ဉပတိဿပရိဗိုဇ်) ယေဓမ္မာ- အကြင်ဒုက္ခ သစ္စာ

http://www.dhammadownload.com



တရားတို့သည်၊ ဟေတုပ္ပဘဝါ– အကြောင်း သမုဒယ သစ္စာလျှင် အမွန်ပဘာဝ အကြောင်းရင်း ရှိကြကုန်၏။ (တေစ– ထိုဒုက္ခသစ္စာတို့ကိုလည်းကောင်း၊) တေသံ– ထိုဒုက္ခသစ္စာတရားတို့၏၊ ဟေတုံစ– အကြောင်းတဏှာ သမုဒယ သစ္စာကိုလည်းကောင်း၊ တထာဂတော– မြတ်စွာဘုရားသည်၊ အာဟ– ဟောတော်မူပြီ။ တေသံ– ထိုဒုက္ခသစ္စာ၊ သမုဒယသစ္စာတို့၏၊ ယောနိရောဓော– အကြွင်းချုပ်ရာ နိရောဓသစ္စာတရားသည် (အတ္ထိ– ရှိ၏။) တဥ္စ– ထိုနိရောဓသစ္စာကိုလည်းကောင်း၊ နိရောဓ ဂါမိနိဥ္စ ပဋိပဒံ– နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းဖြစ်သော မဂ္ဂသစ္စာကိုလည်းကောင်း)၊ အာဟ– ဟောကြားတော်မူပြီ၊ မဟာသမဏော– ငါတို့ဆရာ မြတ်စွာဘုရားသည်၊ ဧဝံဝါဒီ– ဤသို့ ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂအားဖြင့် သစ္စာလေးပါး အမှန်တရားကို ဟောကြားတော်မူလေ့ရှိပါ၏။

ငါ့ရှင် ဥပတိဿ ပရိဗိုဇ်၊ ခန္ဓာငါးပါး ဒုက္ခသစ္စာ တရားတွေဟာ အကြောင်း သမုဒယသစ္စာ အစအမွန်ပဘာဝ အကြောင်းရင်းရှိကြတယ်။ ဒုက္ခသစ္စာနဲ့ ဒုက္ခသစ္စာ မှန်စွာဖြစ်ကြောင်း အကြောင်းတဏှာ သမုဒယသစ္စာကို မြတ်စွာဘုရား ဟောကြားတော်မူတယ်။ ဒီလို ဂါထာရဲ့ ရှေ့ထက်ဝက် ဒုက္ခသစ္စာ၊ သမုဒယသစ္စာနှစ်မျိုး ဟောလိုက်တာနဲ့ ဥပတိဿ ပရိဗိုဇ်ဟာ သောတာပတ္တိမဂ် ဉာဏ်အမြင်ပေါက်ပြီး သောတာပန် အရိယာအဖြစ်သို့ တစ်ခါတည်း ရောက်သွားပါတယ်။

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

* ရုပ်နာမ်ဓမ္မ၊ သခ်ါရ၊ ဒုက္ခသစ္စာခေါ်။

* ရုပ်နာမ်ဖြစ်ကြောင်း၊ မကောင်းတဏှာ၊

လောဘဟာ၊ မှန်စွာ သမုဒယခေါ်။

* ဒုက္ခ + သမုဒယာ၊ နှစ်သစ္စာ၊ ဟောကာပြလေသော်။

* ဥပတိဿ၊ မဂ်ဉာဏ်ရ၊ မှတ်ကြဉာဏ်ကြီးတော်။

ဒုက္ခသစ္စာ၊ သမုဒယသစ္စာဆိုတဲ့ သစ္စာနှစ်မျိုးရဲ့ ချုပ်ရာ နိဗ္ဗာန်သည် နိရောဓသစ္စာ၊ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းဖြစ်တဲ့ မဂ္ဂင်ရှစ်ပါးကတော့ မဂ္ဂသစ္စာ။ တို့ဘုရားရှင်ကိုယ်တော်မြတ်ကြီးဟာ အဲဒီလို သစ္စာလေးပါး အမှန်တရားကို ကွဲပြားအောင် ခွဲခြားကာ ဟောတော်မူတတ်ပါပေတယ်လို့ ဟောပြတော်မူပါတယ်။

http://www.dhammadownload.com



ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

*ဒုက္ခ + သမုဒယာ၊ နှစ်သစ္စာ၊ ချုပ်ရာနိရောဓေါ်။

*နိဗ္ဗာန်ရောက်ကြောင်း၊ အကျင့်ကောင်းဖြစ်၊

မဂ္ဂင်ရှစ်၊ စစ်စစ်မဂ္ဂခေါ်။

အရှင်အဿဇိထံမှ တရားနာလိုက်ရတော့ ဥပတိဿဆိုတဲ့ ရှင်သာရိပုတ္တရာ လောင်းလျာဟာ မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေ ရမသွားဘူးလား။

(ရသွားပါတယ်ဘုရား)

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ သဗ္ဗံ ရသံ ဓမ္မရသော ဇိနာတိ။

မြတ်စွာဘုရားရဲ့ တရားဒေသနာဖြင့် သာဝကပါရမီဉာဏ်ကို မျက်မှောက် ပြုကြရတယ်။

ပ္ပမိနာပိ ကာရဏေန မဟာရာဇ ဓမ္မဒါနမေဝသေဋ္ဌံ။

မြတ်သောသိကြားမင်း၊ ဤအကြောင်းကြောင့်လည်း တရားအလှူက ပိုပြီးတော့ မြတ်တယ်လို့ ဟောကြားတော်မူပါတယ်။

အလှူအားလုံးကို တရားအလှူက အောင်မြင်တယ်၊ အလှူအားလုံးထက် တရားအလှူက ပိုပြီးမြတ်ပါတယ်။ ဒီတော့ တရားအလှူကို အောင်ခြင်းတစ်ရပ် အမြတ်တစ်ပါးရယ်လို့ မှတ်သားလိုက်ပါ တရားနာ။

(မှန်လှပါဘုရား)

အောင်ရင် မြတ်တယ်။ မြတ်ရင် အောင်တယ်နော်။

(မှန်လှပါဘုရား)

ကဲ- လင်္ကာလေးတွေလိုက်ဆိုကြ

*ဘယ်အလှူဟာ၊ လောကမှာ၊ ဟောပါ အောင်ဆုံးလဲ။

ဘယ်အလှူဟာ၊ လောကမှာ၊ ဟောပါမြတ်ဆုံးလဲ။

*တရားရွှေစာ၊ ဟော သင် နာ၊ မှတ်ပါအောင်ဆုံးပဲ။

တရားရွှေစာ၊ ဟော သင် နာ၊ မှတ်ပါမြတ်ဆုံးပဲ။

တရားနာယူ၊ တရားလှူ၊ ဟောသူအောင်ဆုံးပဲ။

တရားနာယူ၊ တရားလှူ၊ ဟောသူမြတ်ဆုံးပဲ။

တရားလှူတာ၊ လောကမှာ၊ မှတ်ပါအောင်ဆုံးပဲ။

တရားလှူတာ၊ လောကမှာ၊ မှတ်ပါမြတ်ဆုံးပဲ။

၂။ သဗ္ဗရသံ- လုံးစုံများစွာ အရသာကို၊ ဓမ္မရသော ဓောဓိပက္ခိယ မြတ်ဓမ္မ

http://www.dhammadownload.com



နှင့် နဝလောကုတ္တရာ တရားတော်ဟူသော အရသာသည်၊ ဓိနာတိ-
သံသရာဝဋ် မြန်စွာကျွတ်နိုင် အောင်မြင်နိုင်၏။
အရသာအားလုံးကို တရားအရသာက အောင်နိုင်ပါတယ်။

သဗ္ဗေ ပန ဂန္ဓရသာဒယောပိ ရသာ ဥက္ကံသတော ဒေဝတာနံ သုဓာ
ဘောဇနရသောပိ သံသာရဝဋ္ဋေ ပါတေတွာ ဒုက္ခာနုဘဝနဿေဝ
ပစ္စယော။

အနံ့ အရသာအစရှိတဲ့ အလုံးစုံသော အရသာတွေ၊ အလွန်ကဲဆုံး
အကောင်းဆုံးဖြစ်တဲ့ နတ်သုဓါဘုတ်ဘောဇဉ်အရသာတွေဟာ သံသရာဝဋ်မှာ
ကျစေတဲ့အတွက်ကြောင့် ဆင်းရဲခြင်းရဲ့အကြောင်းသာဖြစ်တယ်။

ယော ပနေသ သတ္တတိံသ ဗောဓိပက္ခိယ ဓမ္မသင်္ခါတောစ နဝ
လောကုတ္တရ ဓမ္မသင်္ခါတောစ ဓမ္မရသော၊ အယမေဝ သဗ္ဗရသာနံ
သေဋ္ဌော။

သတိပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓာန်လေးပါး၊ ဣဒ္ဓိပါဒ်လေးပါး၊ ဣန္ဒြေ
ငါးပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင်ခုနစ်ပါး၊ မဂ္ဂင်ရှစ်ပါးဆိုတဲ့ ဗောဓိပက္ခိယ (၃၇)
ပါး၊ မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်ဆိုတဲ့ လောကုတ္တရာတရား ကိုးပါးဟာ
ဓမ္မရသရဲ့အရဖြစ်တယ်။ အဲဒီဗောဓိပက္ခိယ (၃၇) ပါး၊ လောကုတ္တရာတရား
ကိုးပါး တရားအရသာတွေဟာ အားလုံးသော အရသာတွေထက် ပိုပြီးတော့
မြတ်ပါတယ်။

ကဲ– လင်္ကာလေးဟွေ လိုက်ဆိုကြ
* ဘယ်အရသာ၊ လောကမှာ၊ ဟောပါအောင်ဆုံးလဲ။
တရားရသာ၊ လောကမှာ၊ မှတ်ပါအောင်ဆုံးပဲ။
ဘယ်အရသာ၊ လောကမှာ ဟောပါမြတ်ဆုံးလဲ။
တရားအရသာ၊ လောကမှာ၊ မှတ်ပါမြတ်ဆုံးပဲ။
* အနံ့အရသာ၊ အဖြာဖြာ၊ သုဓာဘုတ်ထက်ပို။
တရားရသာ၊ အောင် မြတ်တာ၊ မြတ်စွာဟောပြဆို။
ကဲ– အောင်ခြင်းဘယ်နှစ်ရပ်၊ အမြတ်ဘယ်နှစ်ပါး ပြီးသွားပြီလဲ။
(နှစ်ပါး ပြီးသွားပါပြီဘုရား)

အောင်ခြင်းအမှတ် သုံး၊ အမြတ် အမှတ်သုံးကို ဆက်ပြီး ဟောကြ
နာကြပါစို့။

http://www.dhammadownload.com



၃။ သဗ္ဗရတိံ- အလုံးစုံသော မွေ့လျော်ခြင်းကို၊ ဓမ္မရတိ- တရားဖြင့် မွေ့လျော်ခြင်းသည်၊ (ဝါ) တရား၌ မွေ့လျော်ခြင်းသည်၊ ဇိနာတိ- မင်္ဂဖိုလ်နိဗ္ဗာန် အမြန်ရောက်နိုင် အောင်မြင်နိုင်၏။

ဒီလောကကြီးမှာ ပျော်စရာတွေ၊ မွေ့လျော်ဖွယ်ရာတွေ အများကြီး မရှိဘူးလား။

(ရှိပါတယ်ဘုရား)

အဲဒီ ပျော်စရာ၊ မွေ့လျော်ဖွယ်ရာ အားလုံးကို တရားနဲ့ပျော်တာ တရားနဲ့ မွေ့လျော်တာ၊ တရား၌ ပျော်တာ၊ တရား၌မွေ့လျော်တာက အအောင်ဆုံး၊ အမြတ်ဆုံးဖြစ်တယ်လို့ မြတ်ဘုရားက နတ်သိကြားကို ဖြေကြားဟောပြတော်မူပါတယ်။

ကဲ- လင်္ကာလေးတွေလိုက်ဆိုကြ

*ဘာနဲ့ပျော်တာ၊ လောကမှာ၊ ဟောပါအောင်ဆုံးလဲ။
တရားနဲ့သာ၊ လောကမှာ၊ ပျော်တာအောင်ဆုံးပဲ။
*ဘာနဲ့ပျော်တာ၊ လောကမှာ၊ ဟောပါမြတ်ဆုံးလဲ။
တရားနဲ့သာ၊ လောကမှာ၊ ပျော်တာမြတ်ဆုံးပဲ။
*ဘာ၌ပျော်တာ၊ လောကမှာ၊ ဟောပါအောင်ဆုံးလဲ။
တရား၌သာ၊ လောကမှာ၊ ပျော်တာအောင်ဆုံးပဲ။
*ဘာ၌ပျော်တာ၊ လောကမှာ၊ ဟောပါမြတ်ဆုံးလဲ။
တရား၌သာ၊ လောကမှာ၊ ပျော်တာမြတ်ဆုံးပဲ။

လောကမှာရှိနေကြတဲ့ လူတွေရဲ့ အပျော်မျိုးစုံကို အဋ္ဌကထာဖွင့်တဲ့အတိုင်း ဆက်နာကြပါစို့။

ယာပေသာ ပုတ္တရတိ၊ ဓီတုရတိ၊ ဓနရတိ၊ ဣတ္ထိရတိ၊ နစ္စဂီတ ဝါဒိတာဒိ ရတိပဘေဒါစ အနေကပ္ပဘေဒါ ရတီ။

၁။ သားနဲ့ပျော်တဲ့ ပုတ္တရတိ။

ဒကာ ဒကာမတွေ သားဦးရတနာလေး မွေးဖွားရရှိလာရင် မပျော်ကြဘူးလား။

(ပျော်ကြပါတယ်ဘုရား)

ဒီတော့ တရားနာပရိသတ်၊ ဒီလောကမှာ ရှိနေတဲ့လူတွေဟာ ဘာနဲ့ ပျော်နေကြပါလိမ့်။

(သားနဲ့ပျော်နေကြပါတယ်ဘုရား)

http://www.dhammadownload.com



ကဲ- ဒါဆိုရင် လိုက်ဆိုကြ
*လောကကြီး လောကကြီး၊
သားနဲ့ပျော်တဲ့လောကကြီး။

၂။ သမီးနဲ့ပျော်တဲ့ မိတုရတိ။

ဒကာ ဒကာမတွေ သားလေးရပြီးရင် နောက်ထပ်ပြီးတော့ သမီးလေး ရရင် ကောင်းမှာပဲလို့ ဆုမတောင်းကြဘူးလား။

(ဆုတောင်းကြပါတယ်ဘုရား)

အဲဒါ သမီးလေးနဲ့ပျော်ချင်လို့ ဆုတောင်းကြတာနော်။

(မှန်လှပါဘုရား)

ဒီတော့ လောကမှာ ရှိနေတဲ့လူတွေဟာ ဘာနဲ့ပျော်နေကြသတဲ့လဲ။

(သမီးနဲ့ပျော်နေကြပါတယ် ဘုရား)

ကဲ- လိုက်ဆိုကြ
*လောကကြီး လောကကြီး၊
သမီးနဲ့ပျော် လောကကြီး။

၃။ ပစ္စည်းဥစ္စာတွေနဲ့ ပျော်တဲ့ ဓနရတိ။

ဒကာ ဒကာမတွေမှာ ရှိထားတဲ့ စီးပွားဥစ္စာတွေနဲ့ကော မပျော်ကြဘူး လား။

(ပျော်ကြပါတယ် ဘုရား)

ကဲ- လိုက်ဆိုကြ
*လောကကြီး လောကကြီး၊
ပစ္စည်းနဲ့ပျော် လောကကြီး။

၄။ မိန်းမနဲ့ပျော်တဲ့ ဣတ္ထိရတိ။

အမျိုးသားတွေ ဘာနဲ့ပျော်သတဲ့လဲ။

(မိန်းမနဲ့ပါ ဘုရား)

ဒါ အမျိုးသားတွေအတွက်ပါ၊ အမျိုးသမီးတွေအတွက်ကျတော့ ယောကျ်ားတွေနဲ့ ပျော်နေတဲ့ ပုရိသရတိ ဒီလိုယူရမယ်ပေါ့။

အမျိုးသမီးတွေက ဘာနဲ့ပျော်။

(ယောကျ်ားနဲ့ပါ ဘုရား)

http://www.dhammadownload.com



ကဲ- လိုက်ဆိုကြ
*လောကကြီး လောကကြီး၊
မိန်းမနဲ့ပျော် လောကကြီး။
*လောကကြီး လောကကြီး၊
ယောကျ်ားနဲ့ပျော် လောကကြီး။

၅။ ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်းဆိုတဲ့ အဆို အက အတီး အမှုတ်တွေနဲ့ ပျော်တဲ့ နစ္စဂီတဝါဒိတရတိ။

ကဲ- လိုက်ဆိုကြ
*လောကြီး လောကကြီး၊
အကနဲ့ပျော် လောကကြီး။
*လောကြီး လောကကြီး၊
အဆိုနဲ့ပျော် လောကကြီး။
*လောကြီး လောကကြီး၊
အတီးနဲ့ပျော် လောကကြီး။
*လောကြီး လောကကြီး၊
အမှုတ်နဲ့ပျော် လောကကြီး။

သာပိသံသာရဝဋ္ဋေ ပါတေတွာ ဒုက္ခာနုဘာဝနသောဝ ပစ္စယော။

အဲဒီ သားပျော် သမီးပျော်စတဲ့ အပျော်တွေဟာ သံသရာဝဋ္ဋဆင်းရဲမှာ ကျရောက်စေပြီးတော့ ဆင်းရဲတဲ့ ဒုက္ခဝေဒနာတွေကို ခံစားရာ ခံစားကြောင်း ဖြစ်တယ်။

သားတွေ သမီးတွေရှိတော့ သားဒုက္ခ၊ သမီးဒုက္ခတွေ မများဘူးလားဗျာ။
(များပါတယ်ဘုရား)
သားရှိသောသူ၊ သားကြောင့်ပူ၏။
သမီးရှိသောသူ၊ သမီးကြောင့်ပူ၏။ ဒီလိုမဟုတ်လား။
(မှန်လှပါဘုရား)
ဦးပဉ္ဇင်းတို့ကျတော့ တပည့်တွေရှိနေတယ်။ ဒီတော့ ဦးပဉ္ဇင်းတို့လည်း ချန်မထားနဲ့၊ တပည့်ရှိသူ ဘာတဲ့လဲ။
(တပည့်ကြောင့်ပူပါဘုရား)

http://www.dhammadownload.com



ယာပနေသာ ဓမ္မံ ကထေန္တဿပိ သုဏန္တဿပိ ဝါစေန္တဿပိ အန္တော ဥပ္ပဇ္ဇမာနာပီတိ ဥဒဂ္ဂဘာဝံ ဇနေတိ၊ အဿူနိ ပဝတ္တေတိ၊ လောမဟံသံ ဇနေတိ၊ သာယံ သံသာရဝဋ္ဋဿ အန္တံ ကတွာ အရဟတ္တ ပရိယောသာနာ ဟောတိ၊ တသ္မာ သဗ္ဗရတီနံ ဧဝရူပါ ဓမ္မရတိယေဝ သေဋ္ဌာ။

ဓမ္မံ– တရားကို၊ ကထေန္တဿပိ– ဟောသောသူ၏လည်းကောင်း၊ သုဏန္တဿပိ– နာသောသူ၏လည်းကောင်း၊ ဝါစေန္တဿပိ– သင်သော ပို့ချသောသူ၏လည်းကောင်း၊ အန္တော– ကိုယ်တွင်း၌၊ ဥပ္ပဇ္ဇမာနာ– ဖြစ်သော၊ ယာပနေသာပီတိ– အကြင်ပီတိသည်၊ အတ္ထိ– ရှိ၏။ (သာပီတိ– ထိုပီတိသည်) ဥဒဂ္ဂဘာဝံ– တက်ကြွသောကိုယ်ရှိသည်၏ အဖြစ်ကို၊ ဇနေတိ–ဖြစ်စေ၏၊ အဿူနိ– မျက်ရည်တို့ကို၊ ပဝတ္တေတိ– ယိုစေ၏၊ လောမဟံသံ– ကြက်သီး မွေးညင်းထခြင်းကို၊ ဇနေတိ– ဖြစ်စေ၏၊ သာယံ– ထိုပီတိသည်၊ သံသာရ ဝဋ္ဋဿ– သံသရာဝဋ်ဆင်းရဲ၏၊ အန္တံ– အဆုံးကို၊ ကတွာ– ပြု၍၊ အရဟတ္တ ပရိယောသာနာ– အရဟတ္တဖိုလ်အဆုံးရှိသည့်တိုင်အောင်၊ (ယသ္မာ– အကြင် ကြောင့်၊) ဟောတိ– ဖြစ်၏၊ တသ္မာ– ထို့ကြောင့်၊ သဗ္ဗရတီနံ– အလုံးစုံသော မွေ့လျော်ခြင်းတို့ထက်၊ ဧဝရူပါ– ဤသို့သဘောရှိသော၊ ဓမ္မရတိယေဝ– တရား ဟူသော မွေ့လျော်ခြင်းသည်သာလျှင်၊ သေဋ္ဌာ– မြတ်၏။

တရားဟော၊ တရားနာ၊ တရားသင်ပေးတဲ့ပုဂ္ဂိုလ်ရဲ့ ခန္ဓာကိုယ်တွင်းမှာ ဖြစ်ပေါ်နေတဲ့ ပီတိဟာ ကိုယ်ကိုတက်ကြွစေနိုင်တယ်။ မျက်ရည်တွေကို ယိုစေ နိုင်တယ်။ ကြက်သီးမွေးညင်းထခြင်းကိုဖြစ်စေနိုင်တယ်။ သံသရာဝဋ်ရဲ့အဆုံးကို ပြုပြီးတော့ အရဟတ္တဖိုလ်အဆုံးရှိတယ်။ ဒါ့ကြောင့် အလုံးစုံသော မွေ့လျော်ခြင်း တို့တွင် တရားနဲ့မွေ့လျော်ခြင်းက အမြတ်ဆုံးဖြစ်တယ်၊ အအောင်မြင်ဆုံး ဖြစ် တယ်လို့ ဟောကြားတော်မူပါတယ်။

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

* ဘာနဲ့ပျော်တာ၊ လောကမှာ၊ ဟောပါ အောင်ဆုံးလဲ။
တရားဟောကာ၊ တရားနာ၊ သင်တာအောင်ဆုံးပဲ။
* ဘာနဲ့ပျော်တာ၊ လောကမှာ၊ ဟောပါမြတ်ဆုံးလဲ။
တရားဟောကာ၊ တရားနာ၊ သင်တာမြတ်ဆုံးပဲ။
တရားဟောသူ၊ နာကြားသူ၊ သင်ယူမြတ်ဆုံးပဲ။

http://www.dhammadownload.com



ကိုယ်ကိုတက်ကြွ၊ မျက်ရည်ကျ၊ ကြက်သီးထစေမြဲ။
သံသရာဝဋ်၏၊ အဆုံးသို့၊ မှတ်ဘိပြုနိုင်မြဲ။
အရဟတ္တ၊ ဖိုလ်ဖလ၊ အရအဆုံးပဲ။
ထို့ကြောင့်မှတ်ကွဲ့၊ တရားနဲ့၊ ပျော်ချဲ့အောင်ဆုံးပဲ။
ထို့ကြောင့်မှတ်ကွဲ့၊ တရားနဲ့၊ ပျော်ချဲ့မြတ်ဆုံးပဲ။
*သား သမီးပျော်၊ ပစ္စည်းပျော်၊ အပျော်များထက်ပို။
တရားနဲ့ပျော်၊ အောင်ဆုံးနော်၊ ရှင်တော်ဟောပြဆို။
တရားနဲ့ပျော်၊ မြတ်ဆုံးနော်၊ ရှင်တော်ဟောပြဆို။

ကဲ– အောင်ခြင်း ဘယ်နှစ်ရပ်၊ အမြတ်ဘယ်နှစ်ပါး ပြီးသွားပြီလဲ။

(အောင်ခြင်း သုံးရပ်၊ အမြတ်သုံးပါး ပြီးသွားပါပြီဘုရား)

ပြီးခါနီးပါပြီ။ နံပါတ်လေး အောင်ခြင်း၊ နံပါတ်လေး အမြတ်ကို ဟော ကြ နာကြပါစို့။

၄။ တဏှာက္ခယော– တဏှာတရား အစားစားတို့ မမှားမယွင်း၊ ကုန်ခန်းခြင်းသည်၊ (ဝါ) တဏှာကုန်ပြတ် အမြတ်ဆုံးဟု မှတ်ထုံးပြုဆို အရဟတ္တဖိုလ်သည်၊ သဗ္ဗဒုက္ခံ– အလုံးစုံသောဝဋ်ဆင်းရဲကို၊ ဇိနာတိ– လွှမ်းမိုးပိုင်ပိုင် အောင်မြင်နိုင်၏။

တဏှာကုန်ခြင်းသည် (တဏှာကို အကြွင်းမဲ့ ကုန်စေတတ်တဲ့ အရဟတ္တမဂ်ရဲ့အဆုံးဖြစ်တဲ့ (အရဟတ္တဖိုလ်သည်) အလုံးစုံသော ဝဋ်ဆင်းရဲကို လွှမ်းမိုးနှိပ်စက် ဖျက်ဆီးပစ်နိုင်တဲ့အတွက် အအောင်ဆုံး၊ အမြတ်ဆုံးဖြစ်တယ်လို့ ဟောကြားတော်မူပါတယ်။

တဏှက္ခယော ပန တဏှာယ ခယန္တေ ဥပ္ပန္နံ အရဟတ္တံ သကလဿပိ ဝဋ္ဋဒုက္ခဿ အဘိဘဝနတော သဗ္ဗသေဋ္ဌမေဝ၊ တေနဝုတ္တံ "တဏှက္ခယော သဗ္ဗဒုက္ခံ ဇိနာတီ" တိ။

တဏှက္ခယောပန– တဏှာ၏ကုန်ရာဖြစ်သော သဘာဝတရားမည်သည်ကား၊ တဏှာယ– တဏှာသည်၊ ခယန္တေ– ကုန်သည်ရှိသော်၊ ဥပ္ပန္နံ– ဖြစ်သော၊ အရဟတ္တံ– အရဟတ္တဖိုလ်စိတ်သည်၊ သကလဿပိ– အလုံးစုံလည်းဖြစ်သော၊ ဝဋ္ဋဒုက္ခဿ– ဝဋ်ဆင်းရဲကို၊ အဘိဘဝနတော– လွှမ်းမိုးနှိပ်စက်ဖျက်ဆီးပစ်နိုင်သောကြောင့်၊ သဗ္ဗသေဋ္ဌမေဝ– အလုံးစုံတို့ထက် မြတ်သည်သာလျှင်တည်း။ တေန– ထို့ကြောင့်၊ "တဏှက္ခယော သဗ္ဗဒုက္ခံ ဇိနာတီတိ–

http://www.dhammadownload.com



တဏှာက္ခယော သဗ္ဗဒုက္ခံဇိနာတိဟူ၍၊ ဝဋ္ဋံ– ထုတ်ပြန်မသွေ၊ ဟုတ်မှန်စွာ ဟောကြားအပ်ပါပေသတည်း။"

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

*တဏှာတရား၊ ကုန်ခြင်းကား၊ အောင်ငြား ဘာ့ကြောင့်လဲ။
တဏှာကုန်ပြတ်၊ အရဟတ်၊ ရောက်တတ်အောင်ဆုံးပဲ။
နိဗ္ဗာန်အမြတ်၊ ရောက်စေတတ်၊ သိမှတ်အောင်ဆုံးပဲ။
*တဏှာတရား၊ ကုန်ခြင်းကား၊ မြတ်ငြားဘာ့ကြောင့်လဲ။
တဏှာကုန်ပြတ်၊ အရဟတ်၊ ရောက်တတ်မြတ်ဆုံးပဲ။
နိဗ္ဗာန်အမြတ်၊ ရောက်စေတတ်၊ သိမှတ်မြတ်ဆုံးပဲ။
*တဏှာကင်းပြတ်၊ အရဟတ်၊ အောင် မြတ် ဘာ့ကြောင့်ဆို။
လုံးစုံဆင်းရဲ၊ နှိပ်စက်မြဲ၊ ဖျက်ခွဲအောင်မြတ်ဆို။
တဏှာကင်းပြတ်၊ ဆင်းရဲဇာတ်၊ ငြိမ်းလတ် အောင်မြတ်ဆို။

ကဲ– "အောင်ခြင်းလေးရပ် အမြတ်လေးပါး" ဆိုတာကို အကျဉ်းချုပ် ကြည့်ရအောင်။

၁။ တရားအလှူဟာ အအောင်ဆုံး၊
အမြတ်ဆုံး၊ အကောင်းဆုံး၊ အကြီးဆုံး။
၂။ တရားအရသာဟာ အအောင်ဆုံး၊
အမြတ်ဆုံး၊ အကောင်းဆုံး၊ အကြီးဆုံး။
၃။ တရားနဲ့ပျော်တာဟာ အအောင်ဆုံး၊
အမြတ်ဆုံး၊ အကောင်းဆုံး၊ အကြီးဆုံး။
၄။ တဏှာ၏ကုန်ရာ အရဟတ္တဖိုလ်သည် အအောင်ဆုံး
အမြတ်ဆုံး၊ အကောင်းဆုံး၊ အကြီးဆုံးဖြစ်တယ်။

အဲဒီလေးမျိုးကို အောင်ခြင်းလေးရပ်လို့လည်း ခေါ်နိုင်တယ်။ အမြတ်လေးပါးလို့လည်း မှတ်နိုင်တယ်။ အကောင်းဆုံးလေးဖြာလို့လည်း ဆိုနိုင်တယ်။ အကြီးဆုံးလေးသွယ်လို့လည်း ပြောနိုင်တယ်။

အောင်ခြင်းလေးရပ် တရားတော်လောက်ဆိုရင် ပြည့်စုံပါတယ်။ သို့မဟုတ် အမြတ်လေးပါး တရားတော်ဆိုရင်လည်း ပြီးတာပါပဲ။ ဦးပဉ္ဇင်းကတော့ ဒကာ ဒကာမတွေ မှတ်သားလို့ လွယ်ကူအောင် "အောင်ခြင်းလေးရပ်၊ အမြတ်လေးပါး" တရားတော်လို့ ကဗျာသံလေးနဲ့ တရားအမည် ပေးထားတာပါပဲ။

http://www.dhammadownload.com



ဒီတော့ ဦးပဥ္စင်း ဒီနေ့ဟောလိုက်တဲ့တရားအမည် ပေါ်သွားပြီလား။

(ပေါ်သွားပါပြီဘုရား)

ဘာတရားတဲ့လဲ။

(အောင်ခြင်းလေးရပ်၊ အမြတ်လေးပါး တရားတော်ပါဘုရား)

ဦးပဥ္စင်း ဒီတရားကို ဘာ့ကြောင့် ပြည့်ပြည့်စုံစုံ ဟောလိုက်ရသလဲ ဆိုတော့ တချို့တရားပွဲလှူကြတဲ့ ဒကာ ဒကာမတွေက တပည့်တော်တို့ တရားပွဲသာ လှူနေရပါတယ်။ တရားပွဲလှူရတဲ့ (တရားလှူရတဲ့) အကျိုးတွေ ဘယ်လို ကြီးကျယ်ပြီး ဘယ်လိုကောင်းကျိုးရှိတယ်ဆိုတာကို သေသေချာချာ ရေရေရာရာ မသိကြပါဘူး။ ဆရာတော်ဘုရား ဟောကြားမည့်ညမှာ တရားလှူရတဲ့အကျိုး တွေ ပြည့်ပြည့်စုံစုံ ဟောပြတော်မူပါလို့ လျှောက်ထားကြတဲ့အတွက် ပြည့်ပြည့် စုံစုံ ဟောပြလိုက်ခြင်းပါပဲ။

သေသေချာချာသိ၊ သေသေချာချာလှူ၊ သေသေချာချာကောင်းကျိုးတွေ ရယူနိုင်ပါစေဆိုတဲ့ မေတ္တာ၊ စေတနာ၊ ကရုဏာ၊ ဝါသနာ၊ မုဒိတာတွေနဲ့ ဟောခဲ့တာနော်။

(မှန်လှပါဘုရား)

ကဲ– ကဗျာ လင်္ကာလေးတွေ လိုက်ဆိုကြ

* ဘယ်အလှူဟာ အအောင်ဆုံးဟု
မရှောင်ပြုံးပြုံ ဟောပြပါ။
* တရားအလှူ အအောင်ဆုံးဟု
မရှောင်ပြုံးပြုံ ဟောပြရှာ။
* ဘယ်အရသာ အကောင်းဆုံးဟု
မရှောင်ပြုံးပြုံ ဟောပြပါ။
* တရားအရသာ အအောင်အဆုံးဟု
မရှောင်ပြုံးပြုံ၊ ဟောပြရှာ။
* ဘာနဲ့ပျော်တာ အအောင်ဆုံးဟု
မရှောင်ပြုံးပြုံ ဟောပြပါ။
* တရားနဲ့ပျော် အအောင်ဆုံးဟု
မရှောင်ပြုံးပြုံ ဟောပြရှာ။
* တဏှာကုန်ရာ အအောင်ဆုံးကို

http://www.dhammadownload.com



မရှောင်ပြီးလို့ ဟောပြပါ။
*ဝဋ်ဒုက္ခကုန် အအောင်ဆုံးဟု
မရှောင်ပြီးပြု ဟောပြရှာ။
*ဘယ်အလှူဟာ အမြတ်ဆုံးဟု
မပြတ်ပြီးပြု ဟောပြပါ။
*တရားအလှူ အမြတ်ဆုံးဟု
မပြတ်ပြီးပြု ဟောပြရှာ။
*ဘယ်အရသာ အမြတ်ဆုံးဟု
မပြတ်ပြီးပြု ဟောပြပါ။
*တရားအရသာ အမြတ်ဆုံးဟု
မပြတ်ပြီးပြု ဟောပြရှာ။
*ဘာနဲ့ပျော်တာ အမြတ်ဆုံးဟု
မပြတ်ပြီးပြု ဟောပြပါ။
*တရားနဲ့ပျော် အမြတ်ဆုံးဟု
မပြတ်ပြီးပြု ဟောပြရှာ။
*တဏှာကုန်ရာ အမြတ်ဆုံးကို
မပြတ်ပြီးလို့ ဟောပြပါ။
*ဝဋ်ဒုက္ခကုန် အမြတ်ဆုံးဟု
မပြတ်ပြီးပြု ဟောပြရှာ။
*အဲဒီလိုသာ နတ်သိကြားက
မြတ်ဘုရားကို လျှောက်သောခါ။
*မေးလျှောက်လာသူ နတ်သိကြားကို
မြတ်ဘုရားက ဟောပြရှာ။
*တရားအလှူ အအောင်ဆုံးကို
မရှောင်မပုန်း လှူကြပါ။
*တရားအလှူ အမြတ်ဆုံးကို
မပြတ်မပုန်း လှူကြပါ။
*တရားအလှူ ပြိုင်မတုနဲ့
မနိုင်ဘူးကွဲ့ မှတ်ကြပါ။

http://www.dhammadownload.com



* တရားအလှူ ပြိုင်မတုနဲ့
မနိုင်ယခုကွဲ့ မှတ်ကြပါ။
* ဆင်ဖြူတောင်သည် အလှူမြတ်ကို
အလှူတတ်အောင် ဟောပြတာ။
* ဆင်ဖြူတောင်သည် အလှူတတ်အောင်
အလှူမြတ်ကို ဟောပြကာ။
* ဆင်ဖြူတောင်သည် မြတ်တရားကို
မြတ်ဘုရားရဲ့ နည်းတိုင်းသာ။
* သိတတ်ကျင့်စေ ရစေကြောင်းကို
ဆုတွေတောင်းလို့ ဟောခဲ့တာ။

ယနေ့ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတွေကို ဘုရားရဲ့ ကိုယ်စားအနေအားဖြင့် ဘုရားပေးတဲ့နည်းအတိုင်း တရားရေအေး အမြိုက်ဆေး တွေကို တိုက်ကျွေးဟောပြခဲ့ပါတယ်။

ဦးပဥ္ဇင်း ဒီလိုဟောပြတဲ့အခါမှာလည်း ဒကာ ဒကာမတွေ သိကြပါစေ၊ တတ်ကြပါစေ၊ ကျင့်နိုင်ကြပါစေ။ ကျင့်တဲ့အတိုင်း မဂ် ဖိုလ် နိဗ္ဗာန်ချမ်းသာမှန် တွေကို ရကြပါစေလို့ အမြဲဆုတောင်းပြီး ဟောပြခဲ့ပါတယ် တရားနာ။

ဧဝံ သတ္ထရိ ဣမိဿာဂါထာယ အတ္ထံ ကထေန္တေယေဝ စတုရာ သီတိယာ ပါဏသဟဿာနံ ဓမ္မာဘိသမယော အဟောသိ။

ဧဝံ– ဤသို့၊ သတ္ထရိ– မြတ်စွာဘုရားသည်၊ ဣမိဿာဂါထာယ– ဤဂါထာဖြင့်၊ အတ္ထံ– အနက်ကို၊ ကထေန္တေယေဝ– ဟောကြားစဉ်ပင်၊ စတုရာ သီတိယာပါဏသဟဿာနံ– ရှစ်သောင်းလေးထောင် များမြောင်လှစွာ သတ္တဝါ တို့အား၊ ဓမ္မာဘိသမယော– သစ္စာလေးပါး မြတ်တရားကို ပြတ်သားရှင်းလင်း ထိုးထွင်း၍ သိမြင်ခြင်းသည်၊ အဟောသိ– ကောင်းစွာမသွေ အဖြစ်ကြီးဖြစ်ရပါ ပေတော့သတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

အဲဒီလို မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က ဒီဂါထာနဲ့ အနက်ကို ဟောကြားစဉ်မှာပဲ ရှစ်သောင်းလေးထောင်သော သတ္တဝါတွေ သစ္စာလေးပါး တရားကို ထိုးထွင်း၍ သိသွားပါတယ်။

http://www.dhammadownload.com



ဒီဂါထာဟာ သတ္တဝါပေါင်း ရှစ်သောင်းလေးထောင် သစ္စာလေးပါး သိတဲ့ဂါထာနော်။

(မှန်လှပါဘုရား)

သာမညဂါထာလား၊ သစ္စာသိတဲ့ ဂါထာလား။

(သစ္စာသိတဲ့ ဂါထာပါ ဘုရား)

သစ္စာမသိတော့ သတ္တဝါတွေ ဘေးတွေ့နေကြတယ်။ သစ္စာသိတော့ အေးငွေ့ကို လှုံရတယ်။ ဒါ့ကြောင့် သစ္စာမသိတော့ဘေး၊ သစ္စာသိတော့-

(အေးပါတယ်ဘုရား)

ရှစ်သောင်းလေးထောင်သော သတ္တဝါတွေဟာ သစ္စာသိကြတော့ အေးမသွားဘူးလား။

(အေးသွားပါတယ်ဘုရား)

သစ္စာကိုတကယ်မသိကြသေးတဲ့ သူတွေမှာတော့ ခန္ဓာဘေး၊ အာယတနဘေး၊ ဓာတ်ဘေး၊ ချစ်ခင်နှစ်သက်မြတ်နိုးသူတွေနဲ့ ရှင်ကွဲကွဲတဲ့ဘေး၊ သေကွဲကွဲတဲ့ဘေး၊ မွေး အို နာ သေဆိုတဲ့ဘေး၊ ဘုရားရှိခိုးပြီး အမြဲဆုတောင်းနေတဲ့ အပါယ်လေးပါးစတဲ့ဘေးတွေ မတွေ့ရဘူးလား။

(တွေ့ရပါတယ်ဘုရား)

အဲဒီဘေးတွေ တွေ့နေရတာ ဘာ့ကြောင့်ပါလိမ့်။

(သစ္စာမသိကြလို့ပါ ဘုရား)

ဒါ့ကြောင့် "မသိတော့ ဘေး၊ သိတော့ အေး" လို့ ပြောတာနော်။

(မှန်လှပါဘုရား)

ဒီတော့ တရားနာပရိသတ်၊ ဦးပဉ္ဇင်းက စဉ်းစားမိတယ်။ ဘုရားရှိခိုးပြီး ဆုတောင်းနေကြတဲ့ ဆုတောင်းထဲမှာ ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂလို့ခေါ်တဲ့ သစ္စာလေးပါးကို ဟုတ်တိုင်းမှန်စွာ သိရပါလို၏လို့ ဒီဆုတောင်းထည့်ရရင် ကောင်းမယ်၊ ဒီလိုစဉ်းစားမိတာနော်။

(မှန်လှပါဘုရား)

သစ္စာမသိကြတော့ သတ္တဝါတွေဟာ သူ့ခန္ဓာ၊ ကိုယ့်ခန္ဓာ၊ သက်ရှိသက်မဲ့ အရာအားလုံးကို ချစ်ခင်နှစ်သက် တွယ်တာမြတ်နိုး မနေကြဘူးလား။

(နေကြပါတယ်ဘုရား)

သစ္စာသိကြတဲ့သူတွေကတော့ သူ့ခန္ဓာ၊ ကိုယ့်ခန္ဓာ၊ သက်ရှိ သက်မဲ့

http://www.dhammadownload.com



အရာအားလုံးကို စွန့်ပစ်နိုင်ကြတဲ့အတွက် မဂ်ဖိုလ်နိဗ္ဗာန် ချမ်းသာမှန်တွေကို ရပြီး ကျွတ်တမ်းဝင်သွားကြပြီမဟုတ်လား။

(မှန်လှပါဘုရား)

ဒီတော့ "မသိတော့ ချစ်၊ သိတော့ ပစ်" ရမယ်နော်။

(မှန်လှပါဘုရား)

မသိတော့တွယ်၊ သိတော့–

(ဖယ်ရမှာပါဘုရား)

မသိတော့ ပြုံး၊ သိတော့ ဘာတဲ့လဲ။

(မုန်းရမှာပါဘုရား)

ရှစ်သောင်းလေးထောင် များမြောင်လှစွာ သတ္တဝါတွေဟာ ခန္ဓာကြီး မုန်းကာ သစ္စာသိသွားကြတော့ ကျွတ်တမ်းဝင်ပြီးတော့ မသွားကြဘူးလား။

(သွားကြပါတယ်ဘုရား)

သက္ကောပိ သတ္ထု ဓမ္မကထံ သုတွာ သတ္ထာရံ ဝန္ဒိတွာ ဧဝမာဟ "ဘန္တေ ဧဝံ ဇေဋ္ဌကေနာမ ဓမ္မဒါနေ ကိမတ္ထံ အမှာကံ ပတ္တိံ န ဒါပေထ၊ ဣတော ပဋ္ဌာယနော ဘိက္ခုသံဃဿ ကထေတွာ ပတ္တိံ ဒါပေထ ဘန္တေ"တိ။

သက္ကောပိ– နတ်တို့သနင်း သိကြားမင်းသည်လည်း၊ သတ္ထု– မြတ်စွာဘုရား၏၊ ဓမ္မကထံ– တရားစကားကို၊ သုတွာ– အားရပါးရ နားဝချိုသာ ကြားပါရ၍၊ သတ္ထာရံ– လူနတ်ထိပ်ထား မြတ်ဘုရားကို၊ ဝန္ဒိတွာ– ရှိခိုး၍၊ "ဘန္တေ– အရှင်ဘုရား၊ ဧဝံဇေဋ္ဌကေနာမ– ဤတရားဟူသောအလှူသည် အလုံးစုံသော အလှူထက် အကြီးဆုံး အမြတ်ဆုံး အကောင်းဆုံးဖြစ်သည်မည် သော၊ ဓမ္မဒါနေ– တရားဟူသော အလှူကို ပေးလှူရာ၌၊ ကိမတ္ထံ– အဘယ် အကြောင်းကြောင့်၊ အမှာကံ– အကျွန်ုပ်တို့အား၊ ပတ္တိံ – ကုသိုလ်အဖို့ ဝေ ခြင်းကို၊ နဒါပေထ– မပေးဝေစေဘဲ နေကြပါကုန်သနည်း။ ဣတောပဋ္ဌာယ– ဤနေ့မှစ၍၊ ဘိက္ခုသံဃဿ– ရဟန်းသံဃာအား၊ ကထေတွာ– တရားဟော ကြားပြီး၍၊ ဘန္တေ– အရှင်ဘုရား၊ နော– အကျွန်ုပ်တို့အား၊ ပတ္တိံ– ကုသိုလ်အဖို့ ကို၊ ဒါပေထ– ပေးဝေစေတော်မူကြပါကုန်ဘုရား" ဣတိဧဝံ– ဤသို့၊ အာဟ– လျှောက်ထား၏။

သိကြားမင်းဟာ မြတ်စွာဘုရားရဲ့ တရားစကားကို ကြားရတော့ မြတ်စွာ ဘုရားကို ရှိခိုးပြီး

http://www.dhammadownload.com



"အရှင်ဘုရား၊ အလုံးစုံသော အလှူအားလုံးထက် ကြီးမြတ်တဲ့ တရားအလှူကို ပေးလှူရာ၌ တပည့်တော်တို့အား ကုသိုလ်ရဲ့အဖို့ကို ဘာ့ကြောင့် မပေးဝေတာပါလဲ ဘုရား၊ ဒီနေ့ကစပြီးတော့ ရဟန်း သံဃာများ တရားဟောပြီးရင် တပည့်တော်တို့အား ကုသိုလ်အဖို့ကို ပေးဝေပါစေဘုရား" လို့ လျှောက်ထားပါတယ်။

သတ္ထာ တဿဝစနံ သုတွာ ဘိက္ခုသံဃံ သန္နိပါတေတွာ "ဘိက္ခဝေ အဇ္ဇာဒိံကတွာ မဟာဓမ္မဿဝနံဝါ ပါကတိက ဓမ္မဿဝနံဝါ ဥပနိသိန္နကထံဝါ အန္တမသော အနုမောဒနမ္ပိ ကထေတွာ သဗ္ဗသတ္တာနံ ပတ္တိံ ဒဒေယျာထာ"တိ အာဟ။

သတ္ထာ– မြတ်စွာဘုရားသည်၊ တဿဝစနံ– ထိုသိကြားစကားကို၊ သုတွာ– ကြား၍၊ ဘိက္ခုသံဃံ– ရဟန်းသံဃာကို၊ သန္နိပါတေတွာ– စည်းဝေးစေ၍၊ "ဘိက္ခဝေ– ရဟန်းတို့၊ အဇ္ဇာဒိံကတွာ– ယနေ့ကို အစပြု၍၊ မဟာဓမ္မဿဝနံဝါ– များစွာသော တရားနာခြင်းကိုလည်းကောင်း၊ ပါကတိကဓမ္မဿဝနံဝါ– ပကတိ တရားနာခြင်းကိုလည်းကောင်း၊ ဥပနိသိန္နကထံဝါ– အနီး၌ ချဉ်းကပ်သောသူအား ဟောခြင်းကိုလည်းကောင်း၊ အန္တမသော– အယုတ်ဆုံးအားဖြင့်၊ အနုမောဒနမ္ပိ– အနုမောဒနာတရားကိုလည်း၊ ကထေတွာ– ဟောပြီး၍၊ သဗ္ဗသတ္တာနံ– ခပ်သိမ်းများစွာ သတ္တဝါတို့အား၊ ပတ္တိံ– ကုသိုလ်အဖို့ကို၊ ဒဒေယျာထ– နေ့နေ့ ညည မမေ့ကြဘဲ နိစ္စပုံသေ ပေးဝေကြလေကုန်လော့"၊ ဣတိ အာဟ– ဤသို့ သေချာဟောကြား မိန့်မှာတော်မူလိုက်ပါပေသတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

မြတ်စွာဘုရားသည် သိကြားမင်းရဲ့စကားကို ကြားရတော့ ရဟန်းသံဃာတွေကို စည်းဝေးစေကာ "ချစ်သား ရဟန်းတို့၊ ယနေ့ကို အစပြုပြီးတော့ များစွာ တရားနာခြင်း၊ ပကတိတရားနာခြင်း၊ အနီး၌ ချဉ်းကပ်လာတဲ့သူအား ဟောကြားခြင်း၊ အယုတ်ဆုံး အနုမောဒနာတရား ဟောကြားပြီးရင် သတ္တဝါအားလုံးတို့အား ကုသိုလ်ရဲ့အဖို့ကို အမျှရစေ ပေးဝေကြပါ" လို့ ဟောကြားတော်မူပါတယ်။

များများပဲဖြစ်ဖြစ်၊ နည်းနည်းပဲဖြစ်ဖြစ်၊ တရားအရှည်ကြီးပဲဖြစ်ဖြစ်၊ တရားအတိုလေးပဲဖြစ်ဖြစ် ဟောကြားပြီးရင်၊ နာကြားပြီးရင်၊ သင်ပေးပို့ချပြီးရင် သတ္တဝါအားလုံးကို အတူရအောင် အမျှပေးဝေရမယ်နော်။

(မှန်လှပါဘုရား)

http://www.dhammadownload.com



ဒီတော့ ဒီနေရာလေးကို ကြည့်ပြီးတော့ "အားလုံးအမျှ ပေးဝေ တရားတော်"၊ "အမျှရစေ ပေးဝေ" ဒီလို တရားအမည်ပေးရင် မရနိုင်ဘူးလား။

(ရနိုင်ပါတယ်ဘုရား)

အဲဒီလို အထက်တန်းကျ မြင့်မြတ်လှတဲ့ တရားအလှူ မပေးလှူဘဲ အသက်တစ်ရာ နေရတာထက် တရားအလှူ ပေးလှူပြီးတော့ တစ်နေ့ တစ်ရက် လောက် အသက်ရှင်နေရတာက ပိုပြီးတော့ မြတ်တယ်နော်။

(မှန်လှပါဘုရား)

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

*တရားအလှူ များရှင် လှူ၊ မလှူကြလေသော်၊
အသက်တစ်ရာ နေရတာ၊ သူငါမမြတ်နော်။
တရားအလှူ၊ အများလှူ၊ အားယူလှူကြသော်၊
တစ်ရက်လောက်မျှ၊ သက်နေရ၊ ဘဝပိုမြတ်ခေါ်။

တရားအရသာမသိဘဲ မခံစားရဘဲ အသက်တစ်ရာ နေရတာထက် တရားအရသာသိပြီး ခံစားရပြီး တစ်ရက်လောက် နေရတာက ပိုပြီးတော့ မြတ်ပါတယ်။ ဒါ့ကြောင့် တရားအရသာ ခံစားရအောင် သိအောင် ကြိုးစားကြပါ။

ကဲ- လင်္ကာလေးတွေလိုက်ဆိုကြ

*တရားအရသာ၊ မသိကာ၊ သူ ငါနေကြသော်၊
အသက်တစ်ရာ၊ နေရတာ၊ သူ ငါမမြတ်နော်။
တရားရသာ၊ သိရှိကာ၊ ရကာနေကြသော်၊
တစ်ရက်လောက်မျှ၊ သက်နေရ၊ ဘဝအမြတ်ခေါ်။

တရားနဲ့မပျော်ဘဲ အသက်တစ်ရာ နေရတာထက် တရားသိ၊ တရားကျင့်၊ တရားတွေး၊ တရားရေး၊ တရားရ၊ တရားနဲ့ပျော်ပြီးတော့ တစ်ရက်လောက် အသက်နေရတာက ပိုမြတ်တယ်။ ဒါ့ကြောင့် တရားနဲ့အဖော်ဖွဲ့ပြီး အပျော်ချဲ့နိုင်အောင် ကြိုးစားကြပါ။

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

*တရားနဲ့ပင်၊ မပျော်ရွှင်၊ လူ ရှင်နေကြသော်၊
အသက်တစ်ရာ၊ နေရတာ၊ သူ ငါ မမြတ်နော်။

http://www.dhammadownload.com



တရားနဲ့ပင်၊ မွေ့ပျော်ရွှင်၊ လူ ရှင် နေကြသော်၊
တစ်ရက်လောက်မျှ၊ သက်နေရ၊ ဘဝအမြတ်ခေါ်။

တဏှာတရား အကုန်ပြတ်တဲ့ အရဟတ္တဖိုလ်ကို မရဘဲ အသက်တစ်ရာ နေရတာထက် အရဟတ္တဖိုလ်တရား ရပြီးတော့ တစ်ရက်လောက် အသက်နေရ တာက ပိုမြတ်ပါတယ်။ ဒါ့ကြောင့် အရဟတ္တဖိုလ်တရား ရအောင် ကြိုးစား အားထုတ်ကြပါ။

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ
*တဏှာကုန်ပြတ်၊ အရဟတ်၊ ဖိုလ်မြတ်မရသော်၊
အသက်တစ်ရာ၊ နေရတာ၊ လူ့ရွာမမြတ်နော်။
တဏှာကုန်ပြတ်၊ အရဟတ်၊ ဖိုလ်မြတ်ရကြသော်၊
တစ်ရက်လောက်မျှ၊ သက်နေရ၊ ဘဝအမြတ်ခေါ်။

ကဲ– တရားသိမ်းဂါထာတစ်ပုဒ်နဲ့ တရားသိမ်းကြရအောင်၊ အားလုံး လက်အုပ် ချီကြ

ဓမ္မဒါနံ သုစိတ္တေန၊ ဒဒန္တု ဓမ္မမာမကာ၊
ဓမ္မရသံ နုဘဝန္တု၊ ဓမ္မေ ရမန္တု သဗ္ဗဒါ၊
သဗ္ဗသေဋ္ဌံ အရဟတ္တံ၊ ဖလံသုခံ လဘန္တု ဝေ။

ဓမ္မမာမကာ– တရားအစစ် တရားချစ်ခင် တရားမင်သူ ရှင် လူအပေါင်း သူတော်ကောင်းတို့သည်၊ ဓမ္မဒါနံ– အလှူအားလုံး အသာဆုံးမှတ် အမြတ်ဆုံး ဟူ တရားအလှူကို၊ သုစိတ္တေန– တရားကြည်ညို တရားကိုချစ်တတ် စိတ် ကောင်းစိတ်မြတ်ဖြင့်၊ ဒဒန္တု– အလေးတမူ အရေးယူကာ ပေးလှူတော်မူကြ ပါစေကုန်သတည်း။

ဓမ္မရသံ– ဗောဓိပက္ခိယ မြတ်ဓမ္မနှင့် နဝလောကုတ္တရာ တရားအရသာ ကို၊ အနုဘဝန္တု– အေးအေးမြမြ ဘေးမခဘဲ နှေးညပျော်ပျော် ခံစားတော်မူနိုင် ကြပါစေကုန်သတည်း။

ဓမ္မေ– တရားဟော၊ တရားနာ၊ တရားစာသင်ပြ၊ တရားလှူရေးဝေ၊ တရားတွေ သတိရ၊ တရားလုစဉ်းစား မြတ်တရား၌ (ဝါ) သမထ၊ ဝိပဿနာ အစဖြာသား မြတ်တရား၌၊ သဗ္ဗဒါ– နေ့ညဥ့်မပြတ် အခါခပ်သိမ်း၊ ရမန္တု– ဘဝင်အသည်း အစဉ်စွဲ၍ ခင်မြဲခင်ကာ မွေ့ပျော်တော်မူနိုင်ကြပါစေကုန်သတည်း။

http://www.dhammadownload.com



သဗ္ဗသေဋ္ဌ– တဏှာကုန်ပြတ် အလုံးစုံတို့ထက်မြတ်သော၊ အရဟတ္တဖလံသုခံ– အရဟတ္တဖိုလ် ချမ်းသာအစစ် ချမ်းသာအမှန်ကြီးကို၊ ဝေ– စင်စစ်ကေန် အမှန်တကယ်ပင်၊ လဘန္တု– တရားဟောကာ၊ တရားနာ၍ တရားစာပို့ချ၊ တရားလှူရေးဝေ၊ တရားတွေ့ သတိရ ကုသလရှိန်စော် အာနုဘော်ကြောင့် ထင်ပေါ်ကောင်းစွာ ရရှိခံစားနိုင်ကြပါစေကုန်သတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

မှတ်ချက်။ ။ ရဟန်းခံ ရှင်ပြု ကုသိုလ်ပွဲတိုင်း၊ ပိဋကတ်သုံးပုံနှင့် အခြားတရားစာပေ စာအုပ်လှူဒါန်းပွဲတိုင်း၊ တရားပူဇော်ပွဲတိုင်း၊ တရားဘွဲ့ရ ပူဇော်ပွဲတိုင်း၊ စာအောင်သံဃာပူဇော်ပွဲတိုင်း၊ စာသင်တိုက်ဖွင့်ပွဲတိုင်း၊ တရားရိပ်သာဖွင့်ပွဲတိုင်း၊ နေရာဒေသတိုင်း ဟောကြားနိုင်ပေသည်။

တရားအမည်ပေးရာ၌
အောင်ခြင်းလေးပါး တရားတော်၊
အမြတ်လေးပါး တရားတော်၊
အကောင်းဆုံးလေးပါး တရားတော်၊
အကြီးဆုံးလေးပါး တရားတော်၊
ရှင်တော်ဖြေကြား အောင်လေးပါး တရားတော်၊
ရှင်တော်ဖြေကြား မြတ်လေးပါး တရားတော်၊
အမေးလေးထွေ အဖြေလေးပါး တရားတော်၊
မသိတော့သေး သိတော့အေး တရားတော်၊
မသိတော့ချစ် သိတော့ပစ် တရားတော်၊
မသိတော့ကွယ် သိတော့ဖယ် တရားတော်၊
မသိတော့ပြုံး သိတော့မုန်းတရားတော်၊
မသိမကျွတ် သိမှကျွတ် တရားတော်၊
သိကြားလျှောက်ပြ ဝေအမျှတရားတော်၊
အမျှရစေ ပေးငှဝေ တရားတော်
စသည်ဖြင့် အမည်ပေးကာ ဟောကြားပါ။

အောင်ခြင်းလေးရပ် အမြတ်လေးပါး တရားတော် ပြီးပြီ။

http://www.dhammadownload.com

ခုဒ္ဒကနိကာယ် ဓမ္မပဒပါဠိတော် ဗြာဟ္မဏဝဂ်၊ သာရိပုတ္တတ္ထေရ
ဝတ္ထုကို တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော
## ဦးခေါင်းပြုရာ+ မမှားပါစေနဲ့ တရားတော်

ဒီနေ့ အာစရိယပူဇော်ပွဲမှာ ဟောကြားမည့် တရားတော်က "ဦးခေါင်းပြုရာ မမှားပါစေနဲ့" တရားတော်တဲ့။

ဘာတရားတဲ့လဲ။

(ဦးခေါင်းပြုရာ မမှားပါစေနဲ့ တရားတော်ပါဘုရား)

ကဲ– စပြီးတော့ ဟောကြ နာကြရအောင်။

ယမှာတိ ဓမ္မံ ဓမ္မဒေသနံ သတ္ထာ ဇေတဝနေ ဝိဟရန္တော သာရိပုတ္တ
တ္ထေရံ အာရဗ္ဘ ကထေသိ။

(ဓမ္မပဒအဋ္ဌကထာ. ၃၊ ၄၀၁)

ယမှာတိ ဓမ္မံဓမ္မဒေသနံ– ယမှာ အစရှိသော ဤတရားဒေသနာတော်ကို၊ သတ္ထာ– မြတ်စွာဘုရားသည်၊ ဇေတဝနေ– ဇေတဝန်ကျောင်းတော်၌၊ ဝိဟရန္တော– သီတင်းသုံးနေတော်မူစဉ်၊ သာရိပုတ္တတ္ထေရံ– အရှင်သာရိပုတ္တရာမထေရ်ကို၊ အာရဗ္ဘ– အကြောင်းပြု၍၊ ကထေသိ– ကောင်းစွာမသွေ ဟောကြားတော်မူခဲ့ပါပေသတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

ယမှာအစရှိတဲ့ ဟောဒီတရားတော်ကို ဘုရားရှင်ကိုယ်တော်မြတ် ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေစဉ် ရှင်သာရိပုတ္တရာကိုအကြောင်းပြုပြီးတော့ ဟောကြားတော်မူပါခဲ့ပါတယ်။

သော ကိရာယသ္မာ အဿဇိတ္ထေရဿ သန္တိကေ ဓမ္မံ သုတွာ
သောတာပတ္တိဖလံ ပတ္တကာလတော ပဋ္ဌာယ "ယဿံ ဒိသာယံ
ထေရော ဝသတိ" တိ သုဏာတိ၊ တတော အဉ္ဇလိံ ပဂ္ဂယှ တတောဝ
သီသံ ကတွာ နိပဇ္ဇတိ။

အာယသ္မာ– ရှည်သော အသက်ရှိသော၊ သော– ထိုရှင်သာရိပုတ္တရာ

http://www.dhammadownload.com



သည်၊ အသဿဇိတ္ထေရဿ– အဿဇိမထေရ်၏၊ သန္တိကေ– အထံ၌၊ ဓမ္မံ– တရားကို၊ သုတွာ– ကြားနာရ၍၊ သောတာပတ္တိဖလံ– သောတာပတ္တိဖိုလ်သို့၊ ပတ္တကာလတောပဋ္ဌာယ– ရောက်သောအခါမှစ၍၊ "ယဿံဒိသာယံ– အကြင်အရပ်၌၊ ထေရော– အဿဇိမထေရ်သည်၊ ဝသတိတိ– နေတော်မူ၏" ဟု၊ သုဏာတိကိရ– ကြားရသတတ်၊ တတော– ထိုအရပ်သို့၊ အဉ္ဇလိံ– လက်အုပ်ကို၊ ပဂ္ဂယှ– မြှောက်ချီ၍၊ တတောဝ– ထိုအရပ်သို့သာလျှင်၊ သီသံ ကတွာ– ဦးခေါင်းပြု၍၊ နိပဇ္ဇတိ– ကျိန်းစက်တော်မူ၏။

အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးဟာ အရှင်အဿဇိအထံမှ တရားနာကြားရကာ သောတာပတ္တိဖိုလ်သို့ ရောက်တဲ့နေ့ကစပြီးတော့ အရှင်အဿဇိ မထေရ်ရှိတယ်လို့ ကြားရတဲ့အရပ်ကို လက်အုပ်ချီပြီး အမြဲဦးခေါင်းပြုကာ ကျိန်းစက်တော်မူပါတယ်။

ဒီတော့ တရားနာပရိသတ်၊ ဘယ်အရပ်ကို လက်အုပ်ချီလိုက်သတဲ့လဲ။
(အရှင်အဿဇိ ရှိတော်မူရာအရပ်ကိုပါ ဘုရား)
ဘယ်အရပ်ကို ဦးခေါင်းပြုသတဲ့လဲ။
(အရှင်အဿဇိ ရှိတော်မူရာ အရပ်ကိုပါ ဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ
* အရှင်အဿဇိ၊ ရှိရာသိ၊ ချီဘိလက်အုပ်ပါ။
* အရှင်အဿဇိ၊ ရှိရာသိ၊ ပြုဘိဦးခေါင်းပါ။

ဘိက္ခူ "မိစ္ဆာဒိဋ္ဌိကော သာရိပုတ္တော၊ အဇ္ဇာပိ ဒိသာနမဿမာနော ဝိစရတီ"တိ တမတ္ထံ တထာဂတဿ အာရောစေသုံ။

ဘိက္ခူ– ရဟန်းတို့သည် "သာရိပုတ္တော– သာရိပုတ္တရာသည်၊ မိစ္ဆာဒိဋ္ဌိကော– မှားသောအယူရှိ၏၊ အဇ္ဇာပိ– ယနေ့ထက်တိုင်အောင်လည်း၊ ဒိသာ– အရပ်မျက်နှာတို့ကို၊ နမဿမာနော– ရှိခိုးလျက်၊ ဝိစရတီတိ– သွား၏" ဟု၊ တမတ္ထံ– ထိုအကြောင်းကို၊ တထာဂတဿ– မြတ်စွာဘုရားအား၊ အာရောစေသုံ– လျှောက်ထားကြကုန်၏။

ရဟန်းတွေက "အရှင်သာရိပုတ္တရာဟာ အယူမှားနေတယ်။ ယနေ့ထိ အရပ်မျက်နှာတွေပဲ ရှိခိုးပြီး သွားနေတာပဲ" လို့ အဲဒီအကြောင်းကို ဘုရား လျှောက်ထားကြပါတယ်။

http://www.dhammadownload.com



သစ္စာ ထေရံ ပဋိဘာသာပေတွာ "သစ္စံ ကိရ တွံ သာရိပုတ္တ ဒိသာ နမဿန္တော ဝိစရသီ" တိ ပုစ္ဆိတွာ။

ဘန္တေ မမ ဒိသာနမဿနဘာဝံဝါ အနမဿနဘာဝံဝါတုမှေဝ ဇာနာထာ" တိ ဝုတ္တေ "န ဘိက္ခဝေ သာရိပုတ္တော ဒိသာ နမဿတိ၊ အဿဇိတ္ထေရဿ ပန သန္တိကာ ဓမ္မံသုတွာ သောတာပတ္တိဖလံ ပတ္တတာယ အတ္တနော အာစရိယံ နမဿတိ။

သစ္စာ– မြတ်စွာဘုရားသည်၊ ထေရံ– သာရိပုတ္တရာ မထေရ်ကို၊ ပဋိဘာသာပေတွာ– ခေါ်စေ၍၊ "သာရိပုတ္တ– သာရိပုတ္တရာ၊ တွံ– သင်သည်၊ ဒိသာ၊ အရပ်မျက်နှာတို့ကို၊ နမဿန္တော– ရှိခိုးလျက်၊ ဝိစရသိကိရ– သွား၏ ဟူသည်၊ သစ္စံ– မှန်သလော" တ္တတိပုစ္ဆိတွာ– ဤသို့မေးတော်မူသောကြောင့်၊ "ဘန္တေ– အရှင်ဘုရား၊ မမ– အကျွန်ုပ်၏၊ ဒိသာ– အရပ်မျက်နှာတို့ကို၊ နမဿန ဘာဝံဝါ– ရှိခိုးသည်၏အဖြစ်ကိုလည်းကောင်း၊ အနမဿနဘာဝံဝါ– ရှိမခိုး သည်၏ အဖြစ်ကိုလည်းကောင်း၊ တုမှေဝ– အရှင်ဘုရားတို့သည်သာလျှင်၊ ဇာနာထ– သိတော်မူကြပါကုန်၏။" တ္တတိဝုတ္တေ– ဤသို့လျှောက်သည်ရှိသော်၊ "ဘိက္ခဝေ– ချစ်သားရဟန်းတို့၊ သာရိပုတ္တော– သာရိပုတ္တရာသည်၊ ဒိသာ– အရပ်မျက်နှာတို့ကို၊ နနမဿတိ– ရှိမခိုး၊ ပန– စင်စစ်ကေန် အမှန်အား ဖြင့်၊ အဿဇိတ္ထေရဿ– အဿဇိမထေရ်၏၊ သန္တိကာ– အထံမှ၊ ဓမ္မံသုတွာ– တရားနာရ၍၊ သောတာပတ္တိဖလံ– သောတာပတ္တိဖိုလ်သို့၊ ပတ္တတာယ– ရောက် သည်အဖြစ်ကြောင့်၊ အတ္တနောအာစရိယံ– မိမိဆရာကို၊ နမဿတိ– ရှိခိုး၏။

ဘုရားရှင်က ရှင်သာရိပုတ္တရာကို ခေါ်ပြီးတော့ "ချစ်သား သာရိပုတ္တရာ၊ သင်သည် အရပ်မျက်နှာတွေကို ရှိခိုးပြီး သွားလာလှည့်လည်နေတယ် ဆိုတာ မှန်သလား" လို့ မေးတော်မူလိုက်တော့ ရှင်သာရိပုတ္တရာက မှန်တယ်လို့လည်း မလျှောက်ဘူး၊ မမှန်ပါဘူးလို့လည်း မလျှောက်ပါဘူး။ ဒါဖြင့် ဘယ်လိုလျှောက် သလဲဆိုတော့ "အရှင်ဘုရား၊ တပည့်တော် အရပ်မျက်နှာတွေကို ရှိခိုးတယ်၊ ရှိမခိုးဘူးဆိုတာ အရှင်ဘုရားတို့ သိတော်မူကြပါတယ်ဘုရား" လို့ ဒီလိုလျှောက် ထားလိုက်တာနော်။

(မှန်လှပါဘုရား)

ဒီတော့ တရားနာပရိသတ်၊ တရားစစ်သူကြီးဖြစ်တဲ့ အရှင်သာရိပုတ္တရာ ရဲ့ လျှောက်ထားချက် ဘယ်လောက်ကောင်းတယ်ဆိုတာ စဉ်းစားကြည့်လိုက်စမ်း၊

http://www.dhammadownload.com



တရားစစ်သူကြီးပီပီ ပညာမှာ အသာဆုံး၊ အမြတ်ဆုံး၊ အတော်ဆုံး၊ အတတ်ဆုံး တေဒဂ်ရတဲ့ ပညာဘုရင် ပညာရှင်ကြီးပီပီ "အရှင်ဘုရားတို့ သိတော်မူကြပါတယ်ဘုရား" တဲ့ လျှောက်ထားပုံ မကောင်းဘူးလား။

(ကောင်းပါတယ်ဘုရား)

အဲဒီလို လျှောက်ထားတော့ ဘုရားရှင်က "ချစ်သား ရဟန်းတို့၊ သာရိပုတ္တရာဟာ အရပ်မျက်နှာတွေကို ရှိခိုးတာမဟုတ်ပါဘူး။ စင်စစ်ကေန် အမှန်ကတော့ အရှင်အဿဇိမထေရ်ရဲ့ထံကနေ တရားနာရကာ၊ သောတာပတ္တိဖိုလ် ရရှိတဲ့အတွက်ကြောင့် မိမိရဲ့ဆရာဖြစ်တော်မူတဲ့ အရှင်အဿဇိမထေရ်ကို ရှိခိုးတာဖြစ်တယ်လို့ ဟောကြားတော်မူပါတယ်။

ဒီတော့ တရားနာပရိသတ်၊ ရှင်သာရိပုတ္တရာဟာ အရပ်မျက်နှာတွေကို ရှိခိုးတာ ဟုတ်ရဲ့လား။

(မဟုတ်ပါဘူးဘုရား)

ဘယ်သူ့ကို ရှိခိုးတာတဲ့လဲ။

(အရှင်အဿဇိကိုပါ ဘုရား)

ဆရာတစ်ဆူဖြစ်တော်မူတဲ့ အရှင်အဿဇိကို လက်အုပ်နဲ့ ကျေးဇူးဆပ်နေတာ။ ဘာနဲ့ကျေးဇူးဆပ်-

(လက်အုပ်နဲ့ပါဘုရား)

ဒကာ ဒကာမတွေကို ရှင်သာရိပုတ္တရာက ကျေးဇူးဆပ်တတ်အောင် ကျေးဇူးဆပ်နည်း သင်ပေးနေတာနော်။

(မှန်လှပါဘုရား)

ဆရာတစ်ဆူဖြစ်တော်မူတဲ့ အရှင်အဿဇိ ဘယ်နေရာ ဘယ်အရပ်ဒေသမှာ ရှိတယ်ဆိုတာ နားစွင့်နေပြီးတော့ ဆရာရှိတဲ့ အရပ်ကို အမြဲတစေ သတိပြုနေတယ်။ ဆရာကို သတိပြုနေတဲ့တပည့်နော်။

(မှန်လှပါဘုရား)

ဘာတပည့်တဲ့လဲ။

(ဆရာကိုသိတဲ့ တပည့်ပါဘုရား)

ဆရာကို အမြဲတစေ သတိပြု သတိရနေတာဟာလည်း ကျေးဇူးသိမှု၊ ကျေးဇူးဆပ်မှုတစ်မျိုးပါပဲ။ ဆရာကို သတိပြု သတိရပြီး လက်အုပ်ချီကာ ရှိခိုးတာဟာ အသိနဲ့ ကျေးဇူးဆပ်တာ၊ ဘာတဲ့လဲ။

(အသိနဲ့ကျေးဇူးဆပ်တာပါ ဘုရား)

http://www.dhammadownload.com



အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးလို မိမိတို့ရဲ့ဆရာသမားတွေကို လက်အုပ်နဲ့ ကျေးဇူးဆပ်ကြပါ။ သတိပြု သတိရမှုနဲ့ ကျေးဇူးဆပ်ကြပါ။ အသိနဲ့ ကျေးဇူးဆပ်ကြပါလို့ မှာခဲ့ပါတယ်တရားနာ။

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

*လက်အုပ်ချီကာ မြတ်ဆရာ၊ မှန်စွာကျေးဇူးဆပ်။

*သတိရတာ၊ မြတ်ဆရာ၊ မှန်စွာကျေးဇူးဆပ်။

*အသိနဲ့သာ မြတ်ဆရာ၊ မှန်စွာကျေးဇူးဆပ်။

နောက်ပြီး အရှင်သာရိပုတ္တရာ ကျိန်းစက်တော်မူတဲ့အခါ ဆရာတစ်ဆူ ဖြစ်တော်မူတဲ့ အရှင်အဿဇိရှိရာ ဦးခေါင်းပြုပြီးတော့ မကျိန်းစက်ဘူးလား။

(ကျိန်းစက်ပါတယ်ဘုရား)

ဘယ်လောက် ကျေးဇူးသိ ကျေးဇူးဆပ်တဲ့တပည့်ဆိုတာ ဒကာ ဒကာမတွေ၊ ကျောင်းသူကျောင်းသားတွေ၊ ဆရာဆရာမတွေ စဉ်းစားကြည့်ရင် သိလောက်ပါပြီ။

ဆရာရှိရာကို အာရုံပြုပြီးတော့ ကျိန်းစက်တာ (အိပ်စက်တာ) ဟာ ဆရာရဲ့ကျေးဇူးကို သိတာ၊ ဆရာ့ကို ကျေးဇူးဆပ်တာပဲ မဟုတ်လား။

(မှန်လှပါဘုရား)

ဒီတော့ အရှင်သာရိပုတ္တရာရဲ့ ဦးခေါင်းပြုအိပ်စက်တာ (ကျိန်းစက်တာ) ဟာ မမှန်ကန်ဘူးလား တရားနာ။

(မှန်ကန်ပါတယ်ဘုရား)

လောကမှာ ရှိနေကြတဲ့လူတွေက အရှေ့အရပ်မှ၊ တောင်အရပ်မှ ဦးခေါင်း ပြုအိပ်ကောင်းတယ်လို့ ထင်မှတ်မနေကြဘူးလား။

(ထင်မှတ်နေကြပါတယ်ဘုရား)

အဲဒီလူတွေရဲ့ထင်မှတ်နေတဲ့ အစွဲကြီးတဲ့ ဝါဒကြီးကို ရှင်သာရိပုတ္တရာက တော့ တော်လှန်ပစ်လိုက်တယ်နော်။

(မှန်လှပါဘုရား)

အရှေ့အရပ်မှ၊ တောင်အရပ်မှ ဦးခေါင်းပြုကောင်းတယ်လို့ ထင်မှတ်နေ တဲ့ လူတွေဟာ ဦးခေါင်းပြုမှားမနေကြဘူးလား။

(မှားနေကြပါတယ်ဘုရား)

http://www.dhammadownload.com



အဲဒီလို ဦးခေါင်းပြုမှားနေတဲ့လူတွေကို ဦးခေါင်းပြုရာ မမှားစေချင်တဲ့အတွက် ဒီအာစရိယပူဇော်ပွဲမှာ ဒီတရားကို ရွေးချယ်ပြီးတော့ ဟောပြောခဲ့တာပဲ။

ဒီနေ့ ဟောလိုက်တဲ့တရားက ဘာတရားတဲ့လဲ။

(ဦးခေါင်းပြုရာ မမှားပါစေနဲ့ တရားတော်ပါဘုရား)

အရှေ့အရပ်မှ၊ တောင်အရပ်မှဆိုတဲ့ အရပ်မျက်နှာတွေ ဦးခေါင်းပြုရင် ရွေးဦးမှာလား။

(မရွေးတော့ပါဘူး ဘုရား)

တကယ်ရွေးရမှာက ဆရာရှိတဲ့အရပ်နော်။

(မှန်လှပါဘုရား)

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

*ဆရာရှိရာ၊ အရပ်သာ၊ ရွေးကာဦးခေါင်းပြု၊

*ဆရာရှိရာ၊ အရပ်သာ၊ မှတ်ကာဦးခေါင်းပြု၊

*သာရိပုတ္တရာ၊ ထေရ်မဟာ၊ ပြုရှာနည်းကောင်းရှု၊

*ဦးခေါင်းပြုဟန်၊ မမှားရန်၊ အမှန်ဟောပြမှု၊

*ဦးခေါင်းပြုဟန်၊ မမှားရန်၊ ဝေဖန်ဟောပြမှု။

ယံ ဟိ အာစရိယံ နိဿာယ ဘိက္ခုဓမ္မံ ဝိဇာနာတိ၊ တေန သော ဗြာဟ္မဏေန အဂ္ဂိဝိယ သက္ကစ္စံ နမဿိတဗ္ဗောယေဝါ" တိ ဝတွာ ဓမ္မံ ဒေသေန္တော ဣမံဂါထမာဟ။

ဟိ- သင့်စွ၊ ယံအာစရိယံ- အကြင်ဆရာကို၊ နိဿာယ- မှီ၍၊ ဘိက္ခု- ရဟန်းသည်၊ ဓမ္မံ- တရားကို၊ ဝိဇာနာတိ- သိ၏၊ တေန- ထိုရဟန်းသည်၊ သော- ထိုဆရာကို၊ ဗြာဟ္မဏေန- ပုဏ္ဏားသည်၊ အဂ္ဂိဝိယ- ပူဇော်အပ်သော မီးကိုကဲ့သို့၊ သက္ကစ္စံ- ရိုသေစွာ၊ နမဿိတဗ္ဗောယေဝ- ရှိခိုးအပ်သည်သာလျှင် တည်း။ ဣတိဝတွာ- ဤသို့ မိန့်တော်မူ၍၊ ဓမ္မံ- တရားကို၊ ဒေသေန္တော- ဟောတော်မူလိုသော မြတ်စွာဘုရားသည်၊ ဣမံဂါထံ- ဤဂါထာကို၊ အာဟ- ကောင်းစွာမသွေ ဟောကြားတော်မူလိုက်ပါပေသတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

ဆရာကို အမှီပြုပြီးတော့ တရားတွေသိရ၊ တတ်ရတဲ့ ရဟန်းဟာ ဆရာကို ရိုသေစွာ ရှိခိုးရမယ်။ ဘယ်လို ရှိခိုးရမတဲ့လဲ။

(ရိုသေစွာ ရှိခိုးရမှာပါဘုရား)

http://www.dhammadownload.com



ဒီနေရာမှာ ဘယ်လိုဥပမာပေးပြီး ဟောထားသလဲဆိုတော့ ပုဏ္ဏားဟာ မီးကိုရိုသေစွာ ရှိခိုးသလို ရှိခိုးရမယ်တဲ့။

ပုဏ္ဏားက မီးကို ရိုသေစွာ မရှိခိုးဘူးလား။

(ရှိခိုးပါတယ်ဘုရား)

အဲဒီလို ပုဏ္ဏားက မီးကိုရိုသေစွာရှိခိုးသလို ရဟန်းကလည်း ဆရာကို ရိုသေစွာရှိခိုးရမယ်၊ ဒီလိုဆိုလိုတာနော်။

(မှန်လှပါဘုရား)

အဲဒီလို ဟောကြားတော်မူလိုတဲ့အတွက် အောက်ပါဂါထာကို မိန့်တော်မူလိုက်ပါတယ်။

ယမှာ ဓမ္မံ ဝိဇာနေယျ၊ သမ္မာသမ္ဗုဒ္ဓ ဒေသိတံ။
သက္ကစ္စံ တံနမဿေယျ၊ အဂ္ဂိဟုတ္တံဝ ဗြာဟ္မဏော။

(ဘိက္ခဝေ– ရဟန်းတို့၊) ဗြာဟ္မဏော– ဝေဒကျမ်းဂန် သင်အံလေ့ကျက် မပျက်ကြိုးစား မီးပူဇော်သော ပုဏ္ဏားသည်၊ အဂ္ဂိဟုတ္တံ– တောက်လောင်ပွားစီး ပူဇော်အပ်သောမီးကို၊ သက္ကစ္စံ– ထောပတ်လောင်းရိုး ရှိခိုးတစ်လီ စသည်အမှု အရိုအသေပြု၍၊ နမဿတိဣဝ– လက်အုပ်ချီမိုး ရှိခိုးနေဘိသကဲ့သို့၊ ဧဝံ– ပမာနှိုင်းယှဉ်အတူသာလျှင်၊ ယမှာ– ကိုယ်သိသည့်သွင် များလူရှင်တို့ကြည် လင်သိရန် အမိဋ္ဌာန်ဖြင့် စိတ်ကြံဟောတတ် အကြင်ဆရာကောင်း ဆရာမြတ်မှ၊ သမ္မာသမ္ဗုဒ္ဓ ဒေသိတံ–မြတ်ဘုရားသည် ပြတ်သားပီသ အေးမြရေပျော်ပျော် ဟောကြားတော်မူအပ်သော၊ ဓမ္မံ– မဂ်ဖိုလ်နိဗ္ဗာန် ရဖို့ရန်အတွက် ဝေဖန် ဟောဖော် တရားတော်ကို၊ ဝိဇာနေယျ– သင်ယူပို့ချ ဟောသမျှကို သောတနာကြား သိမြင်ငြားအံ့၊ တံ– တစ်လုံးလောက်မျှ တစ်ပါဒလောက် သဘောပေါက်ရေး ဟော သင်ပေးတတ် ထိုဆရာကောင်း ဆရာမြတ်ကို၊ သက္ကစ္စံ– ရိုသေလေးစား အရေးထား၍၊ နမဿေယျ– မပြတ်ရိုကျိုး လက်စုံမိုး၍ ရှိခိုးဦးချရာပေသတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

ပုဏ္ဏားက မီးကို ထောပတ်တွေလောင်းပြီးတော့ ရိုသေစွာရှိခိုးသလို ရဟန်းကလည်း မြတ်စွာဘုရား ဟောကြားတော်မူတဲ့ မဂ်ဖိုလ်နိဗ္ဗာန် အမှန်ရ ကြောင်း တရားကောင်းကို သိအောင်၊ တတ်အောင်၊ ကျင့်နိုင်အောင် ဟော ကြား သင်ပြပေးတဲ့ဆရာကို ရိုရိုသေသေ လေးလေးစားစား အရေးထားပြီးတော့ လက်စုံမိုးကာ ရှိခိုးရမယ်။

http://www.dhammadownload.com



ဒီနေရာမှာ ဘုရားဟောတဲ့ တရားတော်ကို သိအောင် ဟောပြပေးတဲ့ ဆရာကို အဓိကဆိုလိုတာနော်။

(မှန်လှပါဘုရား)

အဲဒါကို ပိုပြီးတော့ ရှင်းအောင် နားလည်သဘောပေါက်အောင် ပြောရရင်တော့ လောကမှထွက်မြောက်ကြောင်း တရားကောင်းတွေ သင်ကြားပို့ချ ဟောပြပေးတဲ့ လောကုတ္တရာဆရာ၊ ဘာဆရာတဲ့လဲ။

(လောကုတ္တရာဆရာပါ ဘုရား)

ဆရာက လောကီဆရာ၊ လောကုတ္တရာဆရာရယ်လို့ နှစ်မျိုးရှိတယ်။ ဘယ်နှစ်မျိုးတဲ့လဲ။

(နှစ်မျိုးပါဘုရား)

အေး ဟုတ်ပြီ၊ ဒီနေရာမှာ အဓိကဆိုလိုတာက လောကုတ္တရာဆရာနော်။

(မှန်လှပါဘုရား)

လောကကြီးပွားရေး၊ စီးပွားရေးတွေအတွက် ပညာသင်ပေးကြတဲ့ လောကီဆရာတွေကိုလည်း မေ့မထားပါနဲ့၊ ပုဏ္ဏားက မီးကိုရိုသေလေးစားပြီး ရှိခိုးသလို တပည့်ဖြစ်တဲ့ ပုဂ္ဂိုလ်တွေက မိမိတို့ရဲ့ လောကီဆရာတွေကို ရိုရိုသေသေ လေးလေးစားစား ရှိခိုးရမယ်နော်။

(မှန်လှပါဘုရား)

ဒီနေ့ ဆရာတွေကို ပူဇော်တဲ့ ဆရာပူဇော်ပွဲ၊ ဘာပွဲတဲ့လဲ။

(ဆရာပူဇော်ပွဲပါ ဘုရား)

ဆရာတွေကို ဘာနဲ့ပူဇော်သလဲဆိုတော့ ပစ္စည်းဝတ္ထုတွေနဲ့ ပူဇော်တယ်။ လက်အုပ်နဲ့ ပူဇော်တယ်။ အသိဉာဏ်ပညာနဲ့ ပူဇော်တယ်။ သတိရမှုနဲ့ ပူဇော်တယ်။ ဒီလိုမဟုတ်လား။

(မှန်လှပါဘုရား)

အိပ်စက်တဲ့အခါ ဆရာရှိတဲ့အရပ် ဦးခေါင်းပြုပြီး အိပ်စက်ရင် ဦးခေါင်းပြုရာ မမှားတော့ဘူးမဟုတ်လား။

(မှန်လှပါဘုရား)

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

* ဆရာရှိရာ၊ ဦးခေါင်းသာ၊ ပြုကာအိပ်ကြလျှင်၊

* ဦးခေါင်းပြုရာ မမှားပါ၊ သေချာမှတ်စေချင်။

http://www.dhammadownload.com



ဆရာရှိတဲ့အရပ်ကို မှန်းပြီးတော့ လက်အုပ်ချီရင် လက်အုပ်ချီရာ မမှား တော့ဘူးနော်။

(မှန်လှပါဘုရား)

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

* ဆရာရှိရာ၊ အရပ်သာ၊ ချီပါလက်အုပ်ပင်၊

* လက်အုပ်ချီရာ၊ မမှားပါ၊ သေချာမှတ်စေချင်။

ဒီနေ့ တရားနာနေကြတဲ့ ဒကာ ဒကာမတွေ၊ ဆရာ ဆရာမတွေ၊ ကျောင်းသား ကျောင်းသူတွေ လက်အုပ်ချီတတ်ကြပါပြီလား။

(ချီတတ်ကြပါပြီဘုရား)

ဦးခေါင်းပြုတတ်ကြပြီလား။

(ပြုတတ်ကြပါပြီဘုရား)

အေး ဟုတ်ပြီ၊ လက်အုပ်ချီရာ မမှားဖို့အတွက် (လက်အုပ်ချီရာ၊ မမှား ပါစေနဲ့) တရားတော်၊ ဦးခေါင်းပြုရာ မမှားဖို့အတွက် (ဦးခေါင်းပြုရာ၊ မမှားပါ စေနဲ့) တရားတော်လို့ အမည်ပေးကာ မှတ်သားလို့လွယ်အောင် ဟောကြားပြော ကြားခဲ့ပါတယ် တရားနာ။

လူတစ်ယောက် ကြီးပွားတိုးတက် အောင်မြင်ဖို့ရန်အတွက် ဆရာဟာ အဓိက နေရာက ပါပါတယ်။ ဆရာဟာ အရေးကြီးပါတယ်။ ကြီးပွားတိုးတက် အောင်မြင်သူတိုင်း ဆရာနဲ့မကင်းကြဘူး။ ဆရာ့ကျေးဇူးကြောင့် ကြီးပွားတိုးတက် အောင်မြင်ကြရပါတယ်။ ဒါ့ကြောင့် ဆရာ့ကျေးဇူးတွေကို သိကြပါစေ။ သိတဲ့ အတိုင်း မရိုင်းယဉ်ယဉ် အရှင်သာရိပုတ္တရာလို သမိုင်းတွင်အောင် ဆပ်နိုင်ကြ ပါစေဆိုတဲ့အနေအားဖြင့် ဒီတရားကို ရွေးချယ်ပြီး ဟောကြားပေးခဲ့ပါတယ်။

ဆရာကို မမေ့ကြပါနဲ့၊ ဆရာကိုမေ့ကြရင် မကြာခင် ဒုက္ခတွေ့တတ်ပါ တယ်။ ဆရာကို မမုန်းကြပါနဲ့၊ ဆရာကိုမုန်းရင် ဒုက္ခတွေ စုရုံးပြီးတော့ ရောက်လာတတ်ပါတယ်။ ဆရာကို ဘယ်တော့မှ မပစ်မပယ်ပါနဲ့၊ ဆရာကို ပစ်ပယ်ရင် ဒုက္ခတွေ အသစ်အသစ်တွေ့ကြုံရတတ်ပါတယ်။ ဒီတော့ တရားနာ ပရိသတ်၊ ဆရာ့ကျေးဇူးတွေကို မမေ့ဘဲ မမုန်းဘဲ မပယ်ဘဲ ကျေးဇူးဆပ်ကြ ရမယ်နော်။

(မှန်လှပါဘုရား)

http://www.dhammadownload.com



ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

*ဆရာသမား၊ ကျေးဇူးများကြောင့်၊
လူသားတို့မှာ၊ ကြီးပွားလာ ဆရာမမေ့နဲ့။
*ဆရာသမား၊ ကျေးဇူးများကြောင့်၊
လူသားတို့မှာ အောင်မြင်လာ၊ ဆရာမမုန်းနဲ့။
*ဆရာသမား၊ ကျေးဇူးများကြောင့်၊
လူသားတို့မှာ တိုးတက်လာ၊ ဆရာမပယ်နဲ့။
*ဆရာ့ကျေးဇူး မမေ့ဘူး၊ အထူးဆပ်ပါမည်။
*ဆရာ့ကျေးဇူး မမုန်းဘူး၊ အထူးဆပ်ပါမည်။
*ဆရာ့ကျေးဇူး မပယ်ဘူး၊ အထူးဆပ်ပါမည်။

ဒေသနာဝသာနေ ဗဟူ သောတာပတ္တိဖလာဒီနိ ပါပုဏိံ သု။

ဒေသနာဝသာနေ- ဒေသနာတော်အဆုံး၌၊ ဗဟူ- တရားနာသူ ရှင်လူတို့သည်၊ သောတာပတ္တိဖလာဒီနိ- သောတာပတ္တိဖိုလ်စသည်တို့သို့၊ ပါပုဏိံသု- ကောင်းစွာပျော်ပျော် ရောက်သွားတော်မူကြပါပေကုန်သတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

ဒီတရားဒေသနာတော်ရဲ့အဆုံးမှာ ရှင်လူများစွာ တရားနာတဲ့ပုဂ္ဂိုလ်တွေ သောတာပတ္တိဖိုလ်စသည်စသည် ရရောက်သွားကြပါတယ်။

ကဲ- လိုက်ဆိုကြ

*ဆရာအရှင် ရှိရာမှန်းလို့
လက်အုပ်ပန်းနဲ့ သူပူဇော်။
*ဆရာအရှင် ရှိရာရှုလို့
ဦးခေါင်းမြတ်ပြု သူပူဇော်။
*ဆရာ့ကျေးဇူး တကယ်သိတဲ့
သာရိသာရိပညာကျော်။
*သမိုင်းတွင်အောင် ကျေးဇူးသိတဲ့
တွေးဦး သာရိပညာကျော်။
*မြတ်ဆရာကို အမှီပြုလို့
မြတ်တရားတို့ သိရသော်။

http://www.dhammadownload.com



*မြတ်သောဆရာ ထံတော်ပါးမှ
မြတ်စွာတရား သိရသော်။
*မြတ်ရဟန်းသည် ဆရာလှကို
မကြာခဏ ရှိသေနော်။
(မကြာခဏ ရှိခိုးနော်)
*မြတ်ရဟန်းသည် ဆရာသမားကို
သဒ္ဓါတရားနဲ့ ရှိသေနော်။
(သဒ္ဓါတရားနဲ့ ရှိခိုးနော်)
*မြတ်သောသူသည် ဆရာလှကို
မကြာခဏ ရှိသေနော်။
(မကြာခဏ ရှိခိုးနော်)
*မီးကို ရှိသေ မြတ်ပုဏ္ဏားသို့
မှတ်ကုန်အများ ရှိသေနော်။
(မှန်ကုန်အများ ရှိခိုးနော်)
*ဒီတရားကို မြတ်ဘုရားက
ပြတ်ပြတ်သားသား ဟောမိန့်ဖော်။
*ဦးခေါင်းပြုရာ အမှန်မမှားအောင်
အမြန်အားဖြင့် ဟောပြဖော်။
*ဦးခေါင်းပြုရာ မမှားရေးကို
တရားတေးဖွဲ့ ဟောပြဖော်။
*ဦးခေါင်းပြုရာ မှန်ကန်ရေးကို
ကြံဖန်တွေးလို့ ဟောပြဖော်။
*လက်အုပ်ချီရာ အမှန်မမှားအောင်
အမြန်အားဖြင့် ဟောပြဖော်။
*လက်အုပ်ချီရာ မှန်ကန်ရေးကို
ကြံဖန်တွေးလို့ ဟောပြဖော်။
*ဆရာတွေကို မြတ်သတိတဲ့
မြတ်အသိချဲ့ တို့ပူဇော်။

http://www.dhammadownload.com



ကဲ– ဒကာ ဒကာမတွေ၊ ဆရာ ဆရာမတွေ၊ ကျောင်းသား ကျောင်းသူတွေကို ဟောလိုက်တဲ့တရားက ဘာတရားတဲ့လဲ။

(ဦးခေါင်းပြုရာ မမှားပါစေနဲ့ တရားတော်ပါဘုရား)

အေး– ဟုတ်ပြီ၊ ဒီနှစ်လိုပဲ နောင်နှစ်မှာလည်း ဆရာ ဆရာမတွေကို သဒ္ဓါဗလဝနဲ့ အစဉ်ထာဝရ ပူဇော်နိုင်ကြပါစေ။ ဆရာ ဆရာမတွေရဲ့ အေးမြတဲ့ မေတ္တာအလှတွေကိုလည်း ကြည်ကြည်ဖြူဖြူ ခံယူနိုင်ကြပါစေ။ ဆရာ ဆရာမတွေရဲ့ မေတ္တာအလှတွေ ခံယူနိုင်ကြကာ ဘေးဘယာဟူသမျှတွေ ဝေးကွာကြပါစေလို့ ဆုတောင်းမေတ္တာပို့သတဲ့ ဂါထာနဲ့ တရားသိမ်းကြရအောင်၊ အားလုံးလက်အုပ်ချီကြ။

အာစရိယေသုစိတ္တေန၊ ပူဇေန္တု သုဇနာ သဒါ။

အာစေရာနံ သိဝံ မေတ္တံ၊ ဂဏှန္တု ဟောန္တု နိဗ္ဘယာ။

* သုဇနာ– ဆရာ့ကျေးဇူး အထူးထူးကို ကြည်နူးသိတတ် တပည့်မြတ်အပေါင်း တပည့်ကောင်းတို့သည်၊ အာစရိယေ– ဆရာ့ဂုဏ်ရည် စုံအညီနှင့် ပုံမှီပြည့်ဝ (အတည်ပြည့်ဝ) ဆရာကောင်း ဆရာလှတို့ကို၊ သုစိတ္တေန– တရားလမ်းကြောင်း၊ မှားမစောင်းဘဲ၊ ကောင်းသော မြတ်သော၊ စိတ်သဘောဖြင့်၊ သဒါ– မကြာမလပ် အခါခပ်သိမ်း၊ ပူဇေန္တု– မေတ္တာတရား ချစ်စွာထား၍ ရှင်အားတက်ကြွ ထက်သန်လှစွာ ပူဇော်နိုင်ကြပါစေကုန်သတည်း။

* သုဇနာ– တပည့်အပေါင်း သူတော်ကောင်းတို့သည်၊ အာစေရာနံ– ပညာတတ်ရေး သင်ကာပေးသည့် ကျေးဇူးကြီးမား ဆရာများတို့၏၊ သိဝံမေတ္တံ– သန့်ရှင်းကြည်လင် ဖြူစင်အေးမြ မေတ္တာလှကို၊ ဂဏှန္တု– ယနေ့ကစ နိဗ္ဗာန်ရအောင် မုချပိုင်ပိုင် ခံယူနိုင်ကြပါစေကုန်သတည်း။

* (ဂဏှိတ္တာန– နေ့ညပိုင်ပိုင် ခံယူနိုင်ကြကုန်၍) နိဗ္ဘယာ– ဘေးအတန်တန် ရန်အသွယ်သွယ် အန္တရာယ်ဟူသမျှ အမှန်တကယ်မရှိကြကုန်သည်၊ ဟောန္တု– ဆရာများစွာ ပူဇော်ပါရ ကုသလရှိန်စော် အာနုဘော်ကြောင့် ထင်ပေါ်ကောင်းစွာ အဖြစ်ကြီးဖြစ်တော်မူကြပါစေကုန်သတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

မှတ်ချက်။ ။ အာစရိယပူဇော်ပွဲတိုင်းဟောပါ။

တရားမည်ပေးရာတွင်

*လက်အုပ်ချီရာ မမှားပါစေနဲ့ တရားတော်၊

http://www.dhammadownload.com



* လက်အုပ်ချီရာ မှန်ကန်ပါစေ တရားတော်၊
* ဦးခေါင်းပြုရာ မှန်ကန်ပါစေ တရားတော်၊
* လက်အုပ်ချီကာ ပူဇော်ပါ တရားတော်၊
* အသိနဲ့သာ ပူဇော်ပါ တရားတော်၊
* သတိရကာ ပူဇော်ပါ တရားတော်၊
* ကြီးပွားလိုက ပူဇော်ကြ တရားတော်၊
* ကြီးပွားလိုက မမေ့ကြနဲ့ တရားတော်၊
* အမြဲနေ့ည ပူဇော်ကြ တရားတော်၊
* ဆရာ့ဂုဏ်ရည် စိတ်မှာတည် တရားတော်၊
* ဆရာ့ကျေးဇူး အထူးသိသူ တရားတော်၊

စသည်ဖြင့် အမည်ပေးကာ ဟောကြားပါ။

ဦးခေါင်းပြုရာ မမှားပါစေနဲ့ တရားတော် ပြီးပြီ။

http://www.dhammadownload.com

အင်္ဂုတ္တရနိကာယ်၊ ပဉ္စကနိပါတ်ပါဠိတော်၊ ဒုတိယပဏ္ဏာသက
နီဝရဏဝဂ်၊ သမယသုတ်ကို တန်ဆာဆင်၍
ဟောကြား ပြောကြားအပ်သော

# အခါမသင့်+ အခွင့်မသာ တရားတော်

ပဉ္စိမေ ဘိက္ခဝေ အသမယာ ပဓာနာယ။

(အံ ပါ ၂၊ ၅၈)

ဘိက္ခဝေ- ရဟန်းတို့၊ ပဓာနာယ- ကမ္မဋ္ဌာန်းတရား ကြိုးစား အားထုတ်ခြင်းငှာ၊ အသမယာ- အခါမဟုတ်ခြင်းတို့သည်၊ ပဉ္စိမေ- ဤငါးမျိုးတို့ပါပေတည်း။

ချစ်သား ရဟန်းတို့၊ ကမ္မဋ္ဌာန်းတရားတွေ ကြိုးစားအားထုတ်ရန်အတွက် အခါမဟုတ်တာ ငါးမျိုးရှိတယ်။

ကတမေပဉ္စ- အဘယ်ငါးမျိုးနည်းဟူမူကား
အဲဒီငါးမျိုးက ဘာတွေလဲဆိုတော့

၁။ ဣဓ ဘိက္ခဝေ ဘိက္ခု ဇိဏ္ဏော ဟောတိ ဇရာယာဘိဘူတော၊ အယံ ဘိက္ခဝေပဌမော အသမယော ပဓာနာယ။

ဘိက္ခဝေ- ရဟန်းတို့၊ ဣဓ- ဤသာသနာတော်၌၊ ဘိက္ခု- ရဟန်းသည်၊ ဇိဏ္ဏော- အသက်ကြီးပြင်း အိုမင်းသည်၊ ဇရာယ- အိုခြင်းတရားသည်၊ အဘိဘူတော- လွှမ်းမိုးနှိပ်စက်အပ်သည်၊ ဟောတိ- ဖြစ်၏။ ဘိက္ခဝေ- ရဟန်းတို့၊ အယံ- ဤအသက်ကြီးပြင်း အိုမင်းရာအခါသည်၊ ပဓာနာယ- ကမ္မဋ္ဌာန်းတရား ကြိုးစားအားထုတ်ခြင်းငှာ၊ ပဌမော- ရှေးဦးစွာသော၊ အသမယော- အခါမဟုတ်ခြင်းပါပေတည်း။

ချစ်သားရဟန်းတို့၊ ဒီသာသနာတော်မှာ ရဟန်းသည် အသက်ကြီးပြင်း အိုမင်းလာတဲ့အခါ ဇရာဆိုတဲ့ အိုခြင်းတရား လွှမ်းမိုးနှိပ်စက်ခံရတယ်။ အဲဒီ အသက်ကြီးပြင်း အိုမင်းတဲ့အခါဟာ ကမ္မဋ္ဌာန်းတရား ကြိုးစားအားထုတ်ရန် အတွက် ပထမအခါမဟုတ်ခြင်းပါပဲလို့ ဟောကြားတော်မူပါတယ်။

http://www.dhammadownload.com



ဒီတော့ တရားနာပရိသတ်၊ သေသေချာချာ စဉ်းစားတွေးတောကြည့်ကြ၊ အသက်ကြီးမှ အိုမှ တရားအားထုတ်မယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေဟာ အသက်ကြီးလာ အိုလာတော့ ဇရာဆိုတဲ့ အိုခြင်းရဲ့နှိပ်စက်တဲ့ဒဏ် မခံရဘူးလား။

(ခံရပါတယ်ဘုရား)

အသက်ကြီးလာ အိုမင်းလာတဲ့သူဟာ တရားအားထုတ်ရန်အတွက် အခါသင့်သေးရဲ့လား။

(မသင့်တော့ပါဘူး ဘုရား)

အခွင့်ကော သာသေးရဲ့လား။

(မသာတော့ပါဘူး ဘုရား)

ဒါဆိုရင် ဒီနေ့ ဟောနေတဲ့တရားက ဘာတရားတဲ့လဲ။

(အခါမသင့် အခွင့်မသာ တရားတော်ပါ ဘုရား)

အခါမသင့်တော့ အခွင့်မသာဘူးနော်။

(မှန်လှပါဘုရား)

လောကမှာ လူတွေပြောနေတဲ့စကားက "အိုပယ်"တဲ့။ ဘာတဲ့လဲ။

(အိုပယ်ပါဘုရား)

အိုရင် အပယ်ခံရတယ်၊ ဒီလိုမဟုတ်လား။

(မှန်လှပါဘုရား)

အေး- ဟုတ်ပြီ၊ လောကမှာ အိုရင် အသုံးမဝင်တော့တဲ့အတွက် အပယ်ခံရသလိုပဲ ကမ္မဋ္ဌာန်းတရား အားထုတ်တဲ့အခါမှာလည်း အိုလာရင် အခါမသင့် အခွင့်မသာတော့ဘူးဆိုတော့ အပယ်ခံရတာနဲ့ မတူဘူးလား။

(တူပါတယ်ဘုရား)

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

*အိုမင်းကြီးလာ၊ တရားရှာ၊ အခါမသင့်ပေ။

*အိုမင်းကြီးရင့်၊ တရားကျင့်၊ အခွင့်မသာပေ။

*အခါမသင့်၊ အခွင့်မသာ၊ ဒေသနာ၊ သေချာသိကြလေ။

၂။ ပုန စ ပရံ ဘိက္ခဝေ ဘိက္ခု ဗျာဓိတော ဟောတိ ဗျာဓိနာ ဘိဘူတော၊ အယံ ဘိက္ခဝေ ဒုတိယော အသမယော ပဓာနာယ။

ဘိက္ခဝေ- ရဟန်းတို့၊ ပုနစပရံ- နောက်ထပ်အခြားသော အသမယ

http://www.dhammadownload.com



တစ်မျိုးကား၊ ဘိက္ခု– ရဟန်းသည်၊ ဗျာဓိတော– ဖြစ်ပွားသော အနာရောဂါရှိသည်၊ ဗျာဓိနာဘိဘူတော– နာခြင်းတရားသည် နှိပ်စက်အပ်သည်၊ ဟောတိ– ဖြစ်၏။ ဘိက္ခဝေ– ရဟန်းတို့၊ အယံ– ဤနာခြင်းတရား နှိပ်စက်ခံရတဲ့အခါသည်၊ ပဌမော– ကမ္မဋ္ဌာန်းတရား ကြိုးစားအားထုတ်ခြင်းငှာ၊ ဒုတိယော– နှစ်ခုမြောက်သော၊ အသမယော– အခါမဟုတ်ခြင်းပါပေတည်း။

ရဟန်းတို့ နောက်တစ်မျိုးကတော့ နာခြင်း နှိပ်စက်ခံရတဲ့အတွက် ရောဂါဝေဒနာတွေ စွဲကပ်ပြီး နာတဲ့အခါမှာ တရားအားထုတ်ရင် အဆင်မပြေတော့ဘူး၊ အခါမဟုတ်တော့ဘူးလို့ ဟောတော်မူပါတယ်။

ဒီတော့ တရားနာပရိသတ်၊ အိုပယ်ပြီးတော့ ဘာပယ်တဲ့လဲ၊

(နာပယ်ပါ ဘုရား)

လောက လူ့အဖွဲ့အစည်းအသီးသီးမှာ ကျန်းမာရေးမကောင်းတဲ့ ရောဂါဝေဒနာတွေ စွဲကပ်နေတဲ့ နာတဲ့သူတွေကို ပယ်မထားခဲ့ဘူးလား။

(ပယ်ထားခဲ့ပါတယ် ဘုရား)

တရားအားထုတ်တဲ့အခါကျတော့လည်း နာလာရင် အခါမသင့်၊ အခွင့်မသာတော့ဘူးဆိုတော့ အပယ်ခံရတာနဲ့ မတူဘူးလား။

(တူပါတယ် ဘုရား)

ဒီတော့ နာလာရင် လောကလည်းပယ်၊ တရားကလည်း ပယ်တယ်နော်။

(မှန်လှပါဘုရား)

ဒီနေ့ ဟောနေတဲ့ တရားကို အိုပယ် နာပယ် တရားတော်လို့ အမည်ပေးရင်ကော မရနိုင်ဘူးလား။

(ရနိုင်ပါတယ်ဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

*နာသောအခါ၊ တရားရှာ၊ အခါမသင့်ပေ။
နာဖျားနေလင့် တရားကျင့်၊ အခွင့်မသာပေ။
အိုရင်ပယ်မှာ၊ နာပယ်မှာ၊ ပယ်မှာ သိကြလေ။
အခါမသင့် အခွင့်မသာတဲ့တရား ဘယ်နှစ်မျိုး ပြီးသွားပြီလဲ။

(နှစ်မျိုး ပြီးသွားပါပြီဘုရား)

http://www.dhammadownload.com



၃။ ပုန စ ပရံ ဘိက္ခဝေ ဒုဗ္ဘိက္ခံ ဟောတိ ဒုဿဿံ ဒုလ္လဘ ပိဏ္ဍံ နသုကရံ ဥဉ္ဆေန ပဂ္ဂဟေန ယာပေတုံ အယံ ဘိက္ခဝေ တတိယော အသမယော ပဓာနာယ။

ဘိက္ခဝေ– ရဟန်းတို့၊ ပုနစရပရံ– နောက်ထပ် အခြားသော အသမယ တစ်မျိုးကား၊ (ဝိဇိတံ– တိုင်းနိုင်ငံသည်) ဒုဗ္ဘိက္ခံ– ရခဲသော ထမင်းရှိသည်၊ ဝါ– ငတ်မွတ်ခေါင်းပါး အစာရှားသည်၊ ဒုဿဿံ– မပြည့်စုံသော ကောက်စပါး ရှိသည်၊ ဝါ– ပိုးစသည်တို့ ဖျက်ဆီးအပ်သော ကောက်စပါးရှိသည်၊ ဒုလ္လဘ ပိဏ္ဍံ– ခက်ခဲသဖြင့် ရအပ်သော ဆွမ်းရှိသည်၊ ပဂ္ဂဟေန– ဖွေ့ပိုက်စွဲကိုင်အပ် သော သပိတ်ဖြင့်၊ ဥဉ္ဆေန– ဆွမ်းရှာမှီးခြင်းဖြင့်၊ ယာပေတုံ– မျှတခြင်းငှာ၊ သုကရံ– လွယ်ကူသည်၊ နဟောတိ– မဟုတ်၊ ဘိက္ခဝေ– ရဟန်းတို့၊ အယံ– ဤငတ်မွတ်ခေါင်းပါး အစာရှားရာအခါသည်၊ ပဓာနာယ– ကမ္မဋ္ဌာန်းတရား ကြိုးစားအားထုတ်ခြင်းငှာ၊ တတိယော– သုံးခုမြောက်သော၊ အသမယော– အခါမဟုတ်ခြင်းပါပေတည်း။

ရဟန်းတို့ နောက်တစ်မျိုးကတော့ တိုင်းနိုင်ငံမှာ ငတ်မွတ်ခေါင်းပါး အစာရှားနေရင်၊ ကောက်စပါးတွေ မကောင်းရင်၊ ကောက်စပါးတွေကို ပိုးတွေ ဖျက်ဆီးခံရရင်၊ ဆွမ်းခံလို့ မလွယ်ကူရင် ကမ္မဋ္ဌာန်းတရား ကြိုးစားအားထုတ်ရန် သုံးခုမြောက် အခါမဟုတ်ခြင်းဘဲလို့ ဟောကြားတော်မူပါတယ်။

ဒီတော့ တရားနာပရိသတ်၊ ငတ်မွတ်ခေါင်းပါး အစာရှားတဲ့အချိန်မှာ ကမ္မဋ္ဌာန်းတရား အားထုတ်ဖို့ အခါမသင့် အခွင့်မသာဘူးနော်။

(မှန်လှပါဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

*အစာရှားရာ၊ တရားရှာ၊ အခါမသင့်ပေ။

*အစာရှားလင့်၊ တရားကျင့်၊ အခွင့်မသာပေ။

၄။ ပုန စ ပရံ ဘိက္ခဝေ ဘယံ ဟောတိ အဋဝိသင်္ကောပေါ၊ စက္ကသမာရူဠှာ ဇာနပဒါ ပရိယာယန္တိ၊ အယံ ဘိက္ခဝေ စတုတ္ထော အသမယော ပဓာနယ။

ဘိက္ခဝေ– ရဟန်းတို့၊ ပုနစပရံ– နောက်ထပ်အခြားသော အသမယ တစ်မျိုးကား၊ အဋဝိသင်္ကောပေါ– တောပုန်းဓားပြ ထကြွသောင်းကျန်းခြင်းဟူ

http://www.dhammadownload.com



သော၊ ဘယံ– ကြောက်ဖွယ်ဘေးသည်၊ ဟောတိ– ဖြစ်၏၊ စက္ကသမာရူဠာ– လှည်းရထား ယာဉ် စက်ကို တပ်စီးကြကုန်လျက်၊ ဇာနပဒါ– ဇနပုဒ်နေသူတို့ သည် (ဝါ) တိုင်းသူပြည်သား လူအများတို့သည်၊ ပရိယာယန္တိ– ထိုမှဤမှ လှည့်လည် ပြေးသွားကြရကုန်၏။ ဘိက္ခဝေ– ရဟန်းတို့၊ အယံ– ဤတောပုန်း ဓားပြ ထကြွမှုကြောင့် ကြောက်ရွံ့ဖွယ်ရာ ဘေးဖြစ်ပေါ်လာသောအခါသည်၊ ပဓာနာယ– ကမ္မဋ္ဌာန်းတရား ကြိုးစားအားထုတ်ခြင်းငှာ၊ စတုတ္ထော– လေးခု မြောက်သော၊ အသမယော– အခါမဟုတ်ခြင်းပါပေတည်း။

ရဟန်းတို့၊ နောက်တစ်မျိုးကတော့ တောပုန်းဓားပြတွေ ထကြွသောင်း ကျန်းတဲ့အတွက် ဘေးအန္တရာယ် ကြောက်ရွံ့ဖွယ်တွေ ဖြစ်ပေါ်နေကာ ဇနပုဒ် နေတဲ့ လူတွေ တိုင်းသူပြည်သား လူအများတွေ ဟိုဟို ဒီဒီ ထွက်ပြေးကြရ တဲ့အခါဟာ ကမ္မဋ္ဌာန်းတရား ကြိုးစား အားထုတ်ရန် လေးခုမြောက် အခါ မဟုတ်ခြင်းပဲလို့ ဟောတော်မူပါတယ်။

ကဲ– လင်္ကာလေးလိုက်ဆိုကြ

* ဘေးဖြစ်ပေါ်ရာ၊ တရားရှာ၊ အခါမသင့်ပေ။

* ဘေးဖြစ်ပေါ်လင့်၊ တရားကျင့်၊ အခွင့်မဟုတ်ပေ။

၅။ ပုန စ ပရံ ဘိက္ခဝေ သံဃော ဘိန္နော ဟောတိ၊ သံဃေခေါ ပန ဘိက္ခဝေ ဘိန္နေ အညမည့် အက္ကောသာစ ဟောန္တိ၊ အညမည့် ပရိဘာသာစ ဟောန္တိ၊ အညမည့် ပရိက္ခေပါစ ဟောန္တိ၊ အညမည့် ပရိစ္စဇာစ ဟောန္တိ။ တတ္ထ အပ္ပသန္နာစေဝ နပ္ပသီဒန္တိ ပသန္နာနဉ္စ ဧကစ္စာနံ အညထတ္တံ ဟောတိ။

အယံ ဘိက္ခဝေ ပဉ္စမော အသမယော ပဓာနာယ။ ဣမေခေါ ဘိက္ခဝေ ပဉ္စ အသမယာ ပဓာနာယာတိ။

ဘိက္ခဝေ– ရဟန်းတို့၊ ပုနစပရံ– နောက်ထပ် အခြားသော အသမယ တစ်မျိုးကား၊ သံဃော– ရဟန်းသံဃာသည်၊ ဘိန္နော– အုပ်စုကွဲသည်၊ ဟောတိ– ဖြစ်၏။

ချစ်သား ရဟန်းတို့ နောက်ထပ် အသမယ တစ်မျိုးကတော့ ရဟန်း သံဃာတွေ အုပ်စုကွဲခြင်းပါပဲ။ အဲဒီလို ရဟန်းသံဃာတွေ သူ့အုပ်စု၊ ကိုယ့်

http://www.dhammadownload.com



အုပ်စု၊ သူ့အဖွဲ့၊ ကိုယ့်အဖွဲ့ရယ်လို့ အုပ်စုတွေ၊ အဖွဲ့တွေ ကွဲလာရင်လည်း တရားကြိုးစား အားထုတ်ရန်အတွက် အခါမသင့် အခွင့်မသာတော့ဘူးနော်။

(မှန်လှပါဘုရား)

ဘိက္ခဝေ– ရဟန်းတို့၊ ပန– ဖြစ်ပေါ်လာသော မကောင်းကျိုးကား၊ သံဃေ– ရဟန်းအပေါင်းသည်၊ ဘိန္နေ– အုပ်စုကွဲလာသည်ရှိသော်၊ (ဘိက္ခူ– ရဟန်းတို့သည်) အညမညံ– အချင်းချင်း၊ အက္ကောသာစ– ဆဲရေးကြကုန်သည်လည်း၊ ဟောန္တိ– ဖြစ်ကုန်၏၊ အညမညံ– အချင်းချင်း၊ ပရိဘာသာစ– ဘေးကိုပြ၍ ခြိမ်းခြောက်ကြကုန်သည်လည်း၊ ဟောန္တိ– ဖြစ်ကုန်၏၊ အညမညံ– အချင်းချင်း၊ ပရိက္ခေပါစ– ပစ်ပယ်ကြကုန်သည်လည်း၊ ဟောန္တိ– ဖြစ်ကုန်၏၊ အညမညံ– အချင်းချင်း၊ ပရိစ္စဇာစ– စွန့်ခွာရှောင်ရှားကြသည်လည်း၊ ဟောန္တိ– ဖြစ်ကုန်၏။

ချစ်သား ရဟန်းတို့၊ သံဃာတွေ အုပ်စုကွဲလာရင် ရဟန်းတွေဟာ အချင်းချင်း ဆဲရေးကြမယ်။ အချင်းချင်း ဘေးကိုပြပြီးတော့ ခြိမ်းခြောက်ကြမယ်။ အချင်းချင်း ပစ်ပယ်ကြမယ်။ အချင်းချင်း စွန့်ခွာရှောင်ရှားကြမယ်။ အဲဒီလို မကောင်းတဲ့ အကျိုးမရှိတဲ့ မလိုလား၊ မနှစ်သက်အပ်တဲ့ မကောင်းတဲ့ အကျိုးတွေ ပွားတိုးဖြစ်ပေါ်လာမယ်လို့ ဟောကြားတော်မူပါတယ်။

ဒီတော့ တရားနာပရိသတ်၊ သံဃာတွေ အုပ်စုကွဲလာရင် တရားအားထုတ်ဖို့ အခါသင့် အခွင့်သာနိုင်ပါဦးမလား။

(မသင့်နိုင်၊ မသာနိုင်တော့ပါဘူး ဘုရား)

ဒီတော့ ဒီနေ့ဟောနေတဲ့ တရားကို "မသင့်သောအခါ၊ မသာသောနေ့" တရားတော်လို့ အမည်ပေးရင်လည်း ရတယ်နော်။

(မှန်လှပါဘုရား)

ကမ္မဋ္ဌာန်းတရားတွေ ကြိုးစားအားထုတ်ရန်အတွက် "မသင့်သောအခါ၊ မသာသောနေ့" ဟာ ဘယ်နေ့တဲ့လဲ။

(သံဃာတွေ အုပ်စုကွဲတဲ့နေ့ပါ ဘုရား)

တတ္ထ– ထိုသံဃာအုပ်စုကွဲရာ အရပ်၌၊ အပ္ပသန္နာစေဝ– မကြည်ညို သေးသူ အများလူတို့သည်လည်း၊ နပ္ပသီဒန္တိ– မကြည်ညိုကြတော့ကုန်၊ ပသန္နာနံ– ကြည်ညိုပြီးကုန်သော၊ ဧကစ္စာနံစ– အချို့သောသူတို့သည်လည်း၊ အညထတ္တံ– အမြင်လွဲမှား အကြည်ညိုပျက်ပြားကုန်သည်၏အဖြစ်သည်၊ ဟောတိ– ဖြစ်၏။

http://www.dhammadownload.com



သံဃာတွေ အုပ်စုကွဲသွားရင် အဲဒီအရပ်မှာ ရှိနေကြတဲ့ မကြည်ညိုသေးတဲ့ သူတွေ မကြည်ညိုကြတော့ဘူး။ ကြည်ညိုပြီးတဲ့သူတွေလည်း အကြည်ညိုပျက် သွားကြတယ်နော်။

(မှန်လှပါဘုရား)

သံဃာတွေ ကွဲသွားတော့ လူတွေပါ ကွဲမသွားဘူးလား။

(ကွဲသွားပါတယ်ဘုရား)

ဘိက္ခဝေ– ရဟန်းတို့၊ အယံ– ဤသံဃာတွေ အုပ်စုကွဲရာ အခါသည်၊ ပဓာနာယ– ကမ္မဋ္ဌာန်းတရား ကြိုးစားအားထုတ်ခြင်းငှာ၊ ပဉ္စမော– ငါးခုမြောက် သော၊ အသမယော– အခါမဟုတ်ခြင်းပါပေတည်း။

ရဟန်းတို့၊ သံဃာတွေ အုပ်စုကွဲလာရင် ကမ္မဋ္ဌာန်းတရားတွေ ကြိုးစား အားထုတ်ရန်အတွက် ငါးခုမြောက် အခါမဟုတ်ခြင်းပဲလို့ ဟောကြားတော်မူပါ တယ်။

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

* သံဃာကွဲရာ၊ တရားရှာ၊ အခါမသင့်ပေ။
* သံဃာကွဲလင့်၊ တရားကျင့်၊ အခွင့်မသာပေ။
* အခါမသင့်၊ အခွင့်မသာ၊ ဒေသနာ သေချာမှတ်ကြလေ။

အဲဒီ "အခါမသင့် အခွင့်မသာ" ဆိုတဲ့ တရားငါးမျိုးကို အကျဉ်းချုပ် ကြည့်ကြရအောင်။

(၁) အိုတဲ့အခါ၊

(၂) နာတဲ့အခါ၊

(၃) ဝတ်မွတ်ခေါင်းပါး အစာရှားတဲ့အခါ၊

(၄) ဘေးအန္တရာယ် ဖြစ်ပေါ်တဲ့အခါ၊

(၅) သံဃာတွေ အုပ်စုကွဲတဲ့အခါရယ်လို့ ငါးမျိုးရှိတယ်နော်။

(မှန်လှပါဘုရား)

ကဲ– အကျဉ်းချုပ်လင်္ကာလေးတွေ လိုက်ဆိုကြ

* အို နာ ဝတ်ရှား၊ ဘေးဖြစ်ရှား၊ သံဃာကွဲလို့နေ၊
* အများသူငါ၊ တရားရှာ၊ အခါမသင့်ပေ။

http://www.dhammadownload.com



*သူငါဆင့်ဆင့်၊ တရားကျင့်၊ အခွင့်မသာပေ။

*အခါမသင့်၊ အခွင့်မသာ၊ ဤငါးဖြာ မြတ်စွာဟောပြပေ။

ဘိက္ခဝေ– ရဟန်းတို့၊ ပဓာနာယ– ကမ္မဋ္ဌာန်းတရား ကြိုးစားအားထုတ်ခြင်းငှာ၊ အသမယာ– အခါမဟုတ်ခြင်းတို့သည်၊ (အခါမသင့်၊ အခွင့်မသာခြင်းတို့သည်) ဣမေခေါပဉ္စ– ဤငါးမျိုးတို့ပါပေတည်း။ ဣတိ– ဤသို့၊ (အဝေါစ– ကောင်းစွာသိရေး သတိပေးကာ မိန့်ကြားတော်မူလိုက်ပါပေသတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

မှတ်ချက်။ ။ တရားအားထုတ်ပွဲတိုင်း၊ အနုမောဒနာတရား ဟောကြားသင့်ပေသည်။

၁၊ ၉၊ ၉၆ (တနင်္ဂနွေ)
နံနက် ၉ နာရီ ၃၆ မိနစ်၊

အခါမသင့် အခွင့်မသာ တရားတော် ပြီးပြီ။

http://www.dhammadownload.com

အင်္ဂုတ္တရနိကာယ်၊ ပဥ္စကနိပါတ်ပါဠိတော်၊ ဒုတိယပဏ္ဏာသက
နီဝရဏဝဂ်၊ သမယသုတ်၊ ဒုတိယပိုင်းကို တန်ဆာဆင်၍
ဟောကြား ပြောကြားအပ်သော

# အခါလည်းသင့်+ အခွင့်လည်းသာ တရားတော်

သမယသုတ် ပထမပိုင်းကို တန်ဆာဆင်ပြီးတော့ "အခါမသင့် အခွင့်မသာ" ဆိုတဲ့ တရားတော်ကို ဟောကြားပြီးတော့ ဒီနေ့ သမယသုတ်တော် ဒုတိယပိုင်းကို တန်ဆာဆင်ထားတဲ့ "အခါလည်းသင့် အခွင့်လည်းသာ" တရားတော်ကို ဟောကြားပါ့မယ်။

ဒီတရားတော်ကို မဟောကြားမီ တရားဟော တရားနာ အေးရန်ကွာအောင် ရတနာသုံးပါးနဲ့ ဆရာသမားတွေကို ရှိခိုးကြရအောင်၊ အားလုံးလက်အုပ်ချီပြီးတော့ လင်္ကာလေးတွေ လိုက်ဆိုကြ။

* မြတ်စွာဘုရား၊ မြတ်တရားနှင့်၊ မြတ်သားသံဃာ၊
မြတ်ဆရာ၊ မှန်စွာ ရှိခိုးပါ၏။

* ဤသို့မှန်စွာ၊ ရှိခိုးပါက၊ ကုသလရှိန်ဝါ၊ အဖြာဖြာကြောင့်၊ ချမ်းသာသုခ၊ အဝဝ အထွေထွေ၊ ကျက်သရေ မင်္ဂလာ အဖြာဖြာ အမျိုးမျိုး၊ တန်ခိုးအထွေထွေ တိုးပါစေ၊ ဆုချွေ ဆုချွေတောင်း၏

အဲဒီလို ရတနာသုံးပါးနဲ့ ဆရာသမားတွေကို ရှိခိုးပြီး ကောင်းကျိုးချမ်းသာ မင်္ဂလာဟူသမျှ ပြည့်ဝရပါ၏လို့ ဆုတောင်းပြီးတော့ ဝိပဿနာ ကမ္မဋ္ဌာန်းတရားတွေ ကြိုးစားအားထုတ်ကြတဲ့ ဒကာ ဒကာမတွေကို ဟောကြားမည့် တရားတော်က "အခါလည်းသင့်၊ အခွင့်လည်းသာ" တရားတော်တဲ့။

ဘာတရားတဲ့လဲ။

(အခါလည်းသင့် အခွင့်လည်းသာ တရားတော်ပါ ဘုရား)

ကဲ- စပြီးတော့ ဟောကြ နာကြရအောင်။

ပဥ္စိမေ ဘိက္ခဝေ သမယာ ပဓာနာယ။

http://www.dhammadownload.com



ဘိက္ခဝေ– ရဟန်းတို့၊ ပဓာနာယ– ကမ္မဋ္ဌာန်းတရား ကြိုးစားအားထုတ်ခြင်းငှာ၊ သမယာ– အချိန်ကောင်း အခါကောင်းတို့သည်၊ ဣမေပဉ္စ– ဤငါးမျိုးတို့ပါပေတည်း။

ချစ်သား ရဟန်းတို့၊ ကမ္မဋ္ဌာန်းတရား ကြိုးစားအားထုတ်ရန် အချိန်ကောင်း အခါကောင်းတွေဟာ ငါးမျိုးရှိတယ်။

ကတမေပဉ္စ– အဘယ်ငါးမျိုးတို့နည်းဟူမူကား

အဲဒီငါးမျိုးက ဘာတွေလဲဆိုတော့

၁။ ဣဓ ဘိက္ခဝေ ဘိက္ခု ဒဟရော ဟောတိ ယုဝါ သုသုကာဠကေသော ဘဒြေန ယောဗ္ဗနေန သမန္နာဂတော ပဌမေန ဝယသာ၊ အယံ ဘိက္ခဝေ ပဌမော သမယော ပဓာနာယ။

ဘိက္ခဝေ– ရဟန်းတို့၊ ဣဓ– ဤသာသနာတော်၌၊ ဘိက္ခု– ရဟန်းသည်၊ ဒဟရော– ငယ်ရွယ်သည်၊ ယုဝါ– ပျိုမျစ်သည်၊ သုသု– နုနယ်သည်၊ ကာဠကေသော– ကောင်းစွာမည်းနက်သော ဆံပင်ရှိသည်၊ ဘဒြေန– ကောင်းသော၊ ယောဗ္ဗနေန– နုပျိုသူ၏အဖြစ်နှင့်၊ ပဌမေန– ပဌမဖြစ်သော၊ ဝယသာ– အရွယ်နှင့်၊ သမန္နာဂတော– ပြည့်စုံသည်၊ ဟောတိ– ဖြစ်၏။ ဘိက္ခဝေ– ရဟန်းတို့၊ အယံ– ဤအသက်အရွယ် ငယ်သေးရာ အချိန်အခါသည်၊ ပဓာနာယ– ကမ္မဋ္ဌာန်းတရား ကြိုးစားအားထုတ်ခြင်းငှာ၊ ပဌမော– ရှေးဦးစွာသော၊ သမယော– အချိန်ကောင်း အခါကောင်းပါပေတည်း။

ရဟန်းတို့၊ ဒီသာသနာတော်မှာ ရဟန်းဟာ ငယ်ငယ်ရွယ်ရွယ် နုနုနယ်နယ် ကောင်းစွာမည်းနက်တဲ့ ဆံပင်တွေရှိပြီးတော့ ကောင်းတဲ့ နုပျိုသူအဖြစ်နဲ့ ပြည့်စုံတဲ့ ပဌမအရွယ်မှာ ကမ္မဋ္ဌာန်းတရား ကြိုးစားအားထုတ်ရန်အတွက် ပဌမအချိန်ကောင်း အခါကောင်းပါပဲလို့ ဟောကြားတော်မူပါတယ်။

ရှင်းရှင်းပြောရရင်တော့ ငယ်တဲ့အရွယ်မှာ တရားအားထုတ်ရန်အတွက် အခါလည်း အသင့်ဆုံး၊ အခွင့်လည်း အသာဆုံးလို့ မှတ်ရမယ်နော်။

(မှန်လှပါဘုရား)

ကဲ–လင်္ကာလေးတွေ လိုက်ဆိုကြ

* ငယ်ရွယ်စဉ်မှာ၊ တရားရှာ၊ အခါသင့်လှပေ။
* ငယ်ရွယ်စဉ်မှာ၊ တရားရှာ၊ အခွင့်သာလှပေ။

http://www.dhammadownload.com



*အခါလည်းသင့်၊ အခွင့်လည်းသာ၊ ဒေသနာ၊
သေချာမှတ်ကြလေ။

၂။ ပုန စ ပရံ ဘိက္ခဝေ ဘိက္ခု အပ္ပာဗာဓော ဟောတိ အပ္ပာတင်္ကော သမဝေပါကိနိယာ ဂဟဏိယာ သမန္နာဂတော နာတိသီတာယ နာစ္စုဏှာယ မဇ္ဈိမာယ ပဓာနက္ခမာယ၊ အယံ ဘိက္ခဝေ ဒုတိယော သမယော ပဓာနာယ။

ဘိက္ခဝေ– ရဟန်းတို့၊ ပုနစပရံ– နောက်ထပ်အခြားသော သမယ တစ်မျိုးကား၊ ဘိက္ခု– ရဟန်းသည်၊ အပ္ပာဗာဓော– အနာရောဂါမရှိသည်၊ အပ္ပာတင်္ကော– ဆင်းရဲဒုက္ခမရှိသည်၊ နာတိသီတာယ– အလွန်မအေးသော၊ နာစ္စုဏှာယ– အလွန်မပူပြင်းသော၊ မဇ္ဈိမာယ– အလယ်အလတ်၌ဖြစ်သော၊ ပဓာနက္ခမာယ– ကမ္မဋ္ဌာန်းအားထုတ်ခြင်းကိစ္စ၌ သင့်လျော်နိုင်ခံ့သော၊ သမဝေပါကိနိယာ– စားပြီးအစားအစာကို ညီမျှစွာ ကြေညက်အောင် ချေချက်နိုင်သော၊ ဂဟဏိယာ– ကမ္မဇဝမ်းမီးဓာတ်နှင့်၊ သမန္နာဂတော– ပြည့်စုံသည်၊ ဟောတိ– ဖြစ်၏။

ဘိက္ခဝေ ရဟန်းတို့၊ အယံ– ဤရောဂါကင်းကွာ ကျန်းမာရာအခါသည်၊ ပဓာနာယ– ကမ္မဋ္ဌာန်းတရား ကြိုးစားအားထုတ်ခြင်းငှာ၊ ဒုတိယော– နှစ်ခုမြောက်သော၊ သမယော– အချိန်ကောင်း အခါကောင်းပါပေတည်း။

ရဟန်းတို့၊ နောက်တစ်မျိုးကတော့ ရဟန်းဟာ အနာရောဂါကင်းပြီး မအေးလွန်း၊ မပူလွန်းတဲ့ အလယ်အလတ်ဖြစ်တဲ့ ကမ္မဋ္ဌာန်းစီးဖြန်းခြင်းငှာ ခံ့တဲ့အစားအစာကို အညီအမျှ ကြေညက်အောင် ချေချက်နိုင်တဲ့ ဝမ်းမီးနဲ့ ပြည့်စုံရမယ်။ ရဟန်းတို့၊ အနာရောဂါ ကင်းရှင်းကွာပြီး ကျန်းမာရေးကောင်းတဲ့ အချိန်ဟာ ကမ္မဋ္ဌာန်းတရား အားထုတ်ရန်အတွက် နှစ်ခုမြောက် အခါလည်းသင့် ကာ အခွင့်လည်း အသာဆုံးဖြစ်တယ်လို့ ဟောကြားတော်မူပါတယ်။

ရှင်းရှင်းပြောရရင် ကျန်းမာရေးကောင်းတဲ့အချိန်နော်။
(မှန်လှပါဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ
*ကျန်းမာချိန်မှာ၊ တရားရှာ၊ အခါသင့်လှပေ။
*ကျန်းမာချိန်မှာ၊ တရားရှာ၊ အခွင့်သာလှပေ။

http://www.dhammadownload.com



၃။ ပုန စ ပရံ ဘိက္ခဝေ သုဘိက္ခံ ဟောတိ သုသဿံ သုလဘပိဏ္ဍံ၊ သုကရံ ဥဉ္ဆေန ပဂ္ဂဟေန ယာပေတုံ၊ အယံ ဘိက္ခဝေ တတိယော သမယော ပဓာနာယ။

ဘိက္ခဝေ- ရဟန်းတို့၊ ပုနစပရံ- နောက်ထပ်အခြားသော သမယ တစ်မျိုးကား၊ (ဝိဇိတံ- တိုင်းနိုင်ငံသည်) သုဘိက္ခံ- ရလွယ်သော ထမင်းရှိသည်၊ သုသဿံ- ပြည့်စုံသော ကောက်စပါးရှိသည်၊ သုလဘပိဏ္ဍံ- လွယ်ကူစွာ ရအပ်သော ဆွမ်းရှိသည်၊ ပဂ္ဂဟေန- ပွေ့ပိုက်စွဲကိုင်အပ်သော သပိတ်ဖြင့်၊ ဥဉ္ဆေန- ဆွမ်းရှာမှီးခြင်းဖြင့်၊ ယာပေတုံ- မျှတခြင်းငှာ၊ သုကရံ- လွယ်ကူသည်၊ ဟောတိ- ဖြစ်၏၊ ဘိက္ခဝေ- ရဟန်းတို့၊ အယံ- ဤသာယာဝပြော အစာပေါ များရာ အခါကာလသည်၊ ပဓာနာယ- ကမ္မဋ္ဌာန်းတရား ကြိုးစားအားထုတ်ခြင်းငှာ၊ တတိယော- သုံးခုမြောက်သော၊ သမယော- အချိန်ကောင်းအခါကောင်း ပါပေတည်း။

ရဟန်းတို့၊ နောက်တစ်မျိုးကတော့ တိုင်းနိုင်ငံမှာ ထမင်းရလွယ်ကာ ပြည့်စုံတဲ့ ကောက်စပါးတွေရှိပြီး ဆွမ်းလွယ်ကူစွာ ရရှိခြင်းဟာ ကမ္မဋ္ဌာန်းတရား ကြိုးစားအားထုတ်ရန်အတွက် သုံးခုမြောက် အချိန်ကောင်း အခါကောင်းဖြစ်တယ်လို့ ဟောကြားတော်မူပါတယ်။

ရှင်းရှင်းပြောရရင် အစာပေါတဲ့အခါ ဆွမ်းလွယ်လွယ်ကူကူရတဲ့အခါ နော်။

(မှန်လှပါဘုရား)

ကဲ- လက်ာလေးတွေ လိုက်ဆိုကြ

*အစာပေါရာ၊ တရားရှာ၊ အခါသင့်လှပေ။

*အစာပေါရာ၊ တရားရှာ၊ အခွင့်သင့်လှပေ။

*ဆွမ်းလွယ်ကူရာ၊ တရားရှာ၊ အခါသင့်လှပေ။

*ဆွမ်းလွယ်ကူရာ၊ တရားရှာ၊ အခွင့်သာလှပေ။

၄။ ပုန စ ပရံ ဘိက္ခဝေ မနုဿာ သမဂ္ဂါ သမ္မောဒမာနာ အဝိဝဒမာနာ ခီရောဒကီဘူတာ အညမညံ ပိယစက္ခူဟိ သမ္ပဿန္တာ ဝိဟရန္တိ၊ အယံ ဘိက္ခဝေ စတုတ္ထော သမယော ပဓာနာယ။

ဘိက္ခဝေ- ရဟန်းတို့၊ ပုနစပရံ- နောက်ထပ်အခြားသော သမယ

http://www.dhammadownload.com



တစ်မျိုးကား၊ မနုဿာ– လူတို့သည်၊ သမဂ္ဂါ– စည်းလုံးညီညွတ်ကြကုန်လျက်၊ သမ္မောဒမာနာ– ဝမ်းမြောက်ကြကုန်လျက်၊ အဝိဝဒမာနာ– ဆန့်ကျင်ဘက် မပြောကြကုန်ဘဲ၊ (ဝါ) မငြင်းခုံကြကုန်ဘဲ၊ ခီရောဒကီဘူတာ– နို့ရည်နှင့်ရေကဲ့သို့ ဖြစ်ကုန်လျက်၊ (ဝါ) နို့ရည်နှင့် ရေအလား တစ်သားတည်းရောနှောကြကုန်လျက်၊ အညမညံ– အချင်းချင်း၊ ပိယစက္ခူဟိ– မပစ်မမုန်း အချစ်မျက်လုံးတို့ဖြင့်၊ သမ္ပဿန္တာ– ကြည့်ရှုကြကုန်လျက်၊ ဝိဟရန္တိ– နေကြကုန်၏၊ ဘိက္ခဝေ– ရဟန်းတို့၊ အယံ– ဤလူတို့ စည်းလုံးညီညွတ်ကြရာ အချိန်အခါသည်၊ ပဓာနာယ– ကမ္မဋ္ဌာန်းတရား ကြိုးစားအားထုတ်ခြင်းငှာ၊ စတုတ္ထော– လေးခုမြောက်သော၊ သမယော– အချိန်ကောင်း အခါကောင်းပါပေတည်း။

ရဟန်းတို့၊ နောက်တစ်မျိုးကတော့ လူတွေ စည်းလုံးညီညွတ်ပြီး ဝမ်းမြောက်ဝမ်းသာရှိကြကာ မငြင်းမခုန်ဘဲ နို့နဲ့ရေ ရောနှောသလို ဖြစ်နေကြမယ်၊ အချင်းချင်း ချစ်တဲ့မျက်လုံးတွေနဲ့ ကြည့်နေကြမယ်၊ အဲဒီလို လူတွေ စည်းလုံးညီညွတ်တဲ့ အချိန်မှာ ကမ္မဋ္ဌာန်းတရား ကြိုးစားအားထုတ်ရန်အတွက် လေးခုမြောက် အချိန်ကောင်း အခါကောင်းပဲနော်။

(မှန်လှပါဘုရား)

ရှင်းရှင်းပြောရရင် လူတွေ စည်းလုံးညီညွတ်တဲ့အခါ၊ ဘယ်အခါတဲ့လဲ။

(လူတွေညီညွတ်ကြတဲ့အခါပါဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

* လူညီညွတ်ရာ၊ တရားရှာ၊ အခါသင့်လှပေ။
* လူညီညွတ်ရာ၊ တရားရှာ၊ အခွင့်သင့်လှပေ။

၅။ ပုနစ ပရံ ဘိက္ခဝေ သံဃော သမဂ္ဂေါ သမ္မောဒမာနော အဝိဝဒမာနော ဧကုဒ္ဒေသော ဖာသု ဝိဟရတိ၊ သံဃေ ခေါပန ဘိက္ခဝေ သမဂ္ဂေ နစေဝ အညမညံ အက္ကောသာ ဟောန္တိ၊ နစ အညမညံ ပရိဘာသာ ဟောန္တိ၊ နစ အညမညံ ပရိက္ခေပါ ဟောန္တိ၊ နစ အညမညံ ပရိစ္စဇာ ဟောန္တိ။ တတ္ထ အပသန္နာစေဝ ပသီဒန္တိ ပသန္နာနဉ္စ ဘိယျောဘာဝေါ ဟောတိ။

အယံ ဘိက္ခဝေ ပဉ္စမော သမယော ပဓာနာယ ဣမေခေါ ဘိက္ခဝေ ပဉ္စသမယာ ပဓာနာယာတိ။

http://www.dhammadownload.com



ဘိက္ခဝေ– ရဟန်းတို့၊ ပုနစပရံ– နောက်ထပ်အခြားသော သမယတစ်မျိုးကား၊ သံဃော– ရဟန်းအပေါင်းသည်၊ သမဂ္ဂေါ– စည်းလုံးညီညွတ်လျက်၊ သမ္မောဒမာနော– ဝမ်းမြောက်လျက်၊ အဝိဝဒမာနော– ဆန့်ကျင်ဘက်မပြောဘဲ၊ ဝါ– မငြင်းခုံဘဲ၊ ဧကုဒ္ဒေသော– တစ်ပေါင်းတည်း ရွတ်ပြအပ်သော ပါတိမောက် ရှိလျက်၊ ဖာသု– ချမ်းသာစွာ၊ ဝိဟရတိ– နေ၏။ ဘိက္ခဝေ– ရဟန်းတို့၊ ပန– ဖြစ်ပေါ်လာသော ကောင်းကျိုးတရားများကား၊ သံဃေ– ရဟန်းသံဃာသည်၊ သမဂ္ဂေ– စည်းလုံးညီညွတ်သည်ရှိသော်၊ (ဘိက္ခူ– ရဟန်းတို့သည်) အညမည်– အချင်းချင်း၊ အက္ကောသာစေဝ– ဆဲရေးကြကုန်သည်လည်း၊ နဟောန္တိ– မဖြစ်ကြကုန်၊ အညမည်– အချင်းချင်း၊ ပရိဘာသာစ– ဘေးကိုပြ၍ ခြိမ်းခြောက် ကြကုန်သည်လည်း၊ နဟောန္တိ– မဖြစ်ကုန်၊ အညမည်– အချင်းချင်း၊ ပရိက္ခေပါစ– ပစ်ပယ်ကြကုန်သည်လည်း၊ နဟောန္တိ– မဖြစ်ကုန်၊ အညမည်– အချင်းချင်း၊ ပရိစ္စဇာ– စွန့်ခွာရှောင်ရှားကြကုန်သည်လည်း၊ နဟောန္တိ– မဖြစ်ကုန်၊ တတ္ထ– ထိုသံဃာ ညီညွတ်ရာ ဌာန၌၊ အပသန္နာစေဝ– မကြည်ညိုသေးသော သူတို့လည်း၊ ပသီဒန္တိ– ကြည်ညိုကြကုန်၏၊ ပသန္နာနဉ္စ– ကြည်ညိုပြီးကုန်သောသူတို့သည်လည်း၊ ဘိယျောဘာဝေါ– တိုးတက်များပြား သဒ္ဓါတရားဖြစ်ပွား ခြင်းသည်၊ (လွန်စွာကြည်ညိုခြင်းသည်) ဟောတိ– ဖြစ်၏။ ဘိက္ခဝေ– ရဟန်းတို့၊ အယံ– ဤသံဃာ ညီညွတ်ရာအခါသည်၊ ပဓာနာယ– ကမ္မဋ္ဌာန်းတရား ကြိုးစားအားထုတ်ခြင်းငှာ၊ ပဉ္စမော– ငါးခုမြောက်သော၊ သမယော– အချိန်ကောင်း အခါကောင်းပါပေတည်း။ ဘိက္ခဝေ– ရဟန်းတို့၊ ပဓာနာယ– ကမ္မဋ္ဌာန်းတရား ကြိုးစားအားထုတ်ခြင်းငှာ၊ သမယာ– အချိန်ကောင်း အခါကောင်းတို့သည်၊ ဣမေခေါပဉ္စ–ဤငါးမျိုးတို့ပါပေတည်း၊ ဣတိ– ဤသို့၊ (အဝေါစ– ကောင်းစွာမသေ့ မိန့်ကြားတော်မူလိုက်ပါပေသတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

ရဟန်းတို့ နောက်တစ်မျိုးကတော့ သံဃာညီညွတ်ရင် ဝမ်းမြောက်ဝမ်းသာ မငြင်းမခုံဘဲ ပါတိမောက်အတူပြကာ ချမ်းသာစွာ နေရတယ်။ သံဃာညီညွတ်တော့ ရဟန်းတွေ အချင်းချင်း မဆဲရေးကြဘူး။ မခြိမ်းခြောက်ကြဘူး။ မပစ်ပယ်ကြဘူး။ မစွန့်ခွာကြဘူး။ မကြည်ညိုသေးသူတွေ ကြည်ညိုလာကြပြီး ကြည်ညိုပြီးသူတွေ ပိုပြီးတော့ ကြည်ညိုကြတယ်။ ဒီလိုကောင်းကျိုးတွေ ရရှိထွက်ပေါ်လာကြတယ်။ ရဟန်းတို့၊ အဲဒီလို သံဃာတွေ ညီညွတ်တဲ့အခါဟာ

http://www.dhammadownload.com



ကမ္မဋ္ဌာန်းတရား ကြိုးစားအားထုတ်ရန် ငါးခုမြောက် အချိန်ကောင်း အခါကောင်း ဖြစ်တယ်။ ရဟန်းတို့၊ ကမ္မဋ္ဌာန်းတရား ကြိုးစားအားထုတ်ရန် အချိန်ကောင်း အခါကောင်းတွေဟာ ဒီငါးမျိုးတို့ပဲ ဖြစ်တယ်လို့ မိန့်တော်မူပါတယ်။

ရှင်းရှင်းပြောရရင် သံဃာညီညွတ်တဲ့အခါနော်။

(မှန်လှပါဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

*သံဃာညီရာ၊ တရားရှာ၊ အခါသင့်လှပေ။

*သံဃာညီလင့်၊ တရားကျင့်၊ အခွင့်သာလှပေ။

*သံဃာညီရာ၊ တရားရှာ၊ အခွင့်သာလှပေ။

အဲဒီ "အခါလည်းသင့် အခွင့်လည်းသာ" ဆိုတဲ့ တရားငါးမျိုးကို အကျဉ်းချုပ်ကြည့်ကြရအောင်။

၁။ ငယ်ရွယ်တဲ့အခါ၊

၂။ ကျန်းမာတဲ့အခါ၊

၃။ အစာပေါတဲ့အခါ၊

၄။ လူတွေ ညီညွတ်တဲ့အခါ၊

၅။ သံဃာတွေ ညီညွတ်တဲ့အခါရယ်လို့ ငါးမျိုး ရှိတယ်နော်။

(မှန်လှပါဘုရား)

ကဲ– အကျဉ်းချုပ်လင်္ကာလေး လိုက်ဆိုကြ

*ငယ်ရွယ် + ကျန်းမာ၊ စားပေါရာ၊ လူပါ+သံဃာညီ။

*အခါလည်းသင့်၊ အခွင့်လည်းသာ၊ ဤငါးဖြာ၊ မြတ်စွာဟောပြသည်။

တရားအားထုတ်တဲ့ ဒကာ ဒကာမတွေကို ဒီနေ့ ဟောလိုက်တဲ့ တရားက ဘာတရားတဲ့လဲ။

(အခါလည်းသင့် အခွင့်လည်းသာ တရားတော်ပါ ဘုရား)

ဒီနေ့ တရားအားထုတ်နေကြတဲ့ ဒကာ ဒကာမတွေအတွက် "အခါလည်းသင့် အခွင့်လည်းသာ" နေကြတယ် မဟုတ်လား။

(မှန်လှပါဘုရား)

http://www.dhammadownload.com



ကဲ– တရားသိမ်းကြရအောင်၊ လက်အုပ်ချီပြီး လင်္ကာလေးတွေ လိုက်ဆိုကြ

* အခါလည်းသင့်၊ အခွင့်လည်းသာ၊ ဒေသနာ၊ သေချာသိရပြီ။
* သေချာသိပြီး၊ တရားလည်း၊ အပြီးကျင့်ပါမည်။
* အခါလည်းသင့်၊ အခွင့်လည်းသာ၊ ဒေသနာ၊ သေချာဟောပြဖော်။
* ဒီနေရာမှာ၊ နိဂုံးသာ၊ ဟောကာပြီးပြီနော်။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

မှတ်ချက်။ ။ ဝိပဿနာ တရားအားထုတ်ပွဲတိုင်း၊ ဝမ်းမြောက်ဖွယ်ရာ အနုမောဒနာ တရားဟောကြားသင့်ပေသည်။

* တရားအားမထုတ်ချင်သူများကို တရားအားထုတ်ချင်လာအောင် တိုက်တွန်းနှိုးဆော်သောအနေအားဖြင့် နေရာဒေသတိုင်း တရားပွဲတိုင်း နေ့နေ့ညည ဟောပြသင့်ပေသည်။

၁၊ ၉၊ ၉၆

ည ၉ နာရီ။

အခါလည်းသင့် အခွင့်လည်းသာ တရားတော် ပြီးပြီ။

http://www.dhammadownload.com

# အင်္ဂုတ္တရနိကာယ်၊ ပဉ္စကနိပါတ်ပါဠိတော်၊ ဒုတိယပဏ္ဏာသက၊ နီဝရဏဝဂ်၊ ပဓာနိယင်္ဂသုတ်ကို တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# အားထုတ်သူ့ဝယ်+ ပြည့်စုံဖွယ် တရားတော်

ပဉ္စိမာနိ ဘိက္ခဝေ ပဓာနိယင်္ဂါနိ။

(အံပါ ၂၊ ၅၇)

ဘိက္ခဝေ– ရဟန်းတို့၊ ပဓာနိယင်္ဂါနိ– ဘာဝနာ ကမ္မဋ္ဌာန်း စီးဖြန်း အားထုတ်မှုရှိသော ရဟန်း၏ အကြောင်းအင်္ဂါတို့သည်၊ ဣမာနိပဉ္စ– ဤငါးမျိုး တို့တည်း။

ရဟန်းတို့၊ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းအားထုတ်မည့် ရဟန်းရဲ့ ပြည့်စုံရ မည့် အကြောင်းငါးမျိုးရှိတယ်။

ကတမာနိပဉ္စ– အဘယ်ငါးမျိုးတို့နည်းဟူမူကား

အဲဒီငါးမျိုးက ဘာတွေလဲဆိုတော့

၁။ ဣဓ ဘိက္ခဝေ ဘိက္ခု သဒ္ဓေါ ဟောတိ၊ သဒ္ဒဟတိ တထာဂတဿ ဗောဓိံ "ဣတိပိသော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏ သမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရော ပုရိသ ဓမ္မသာရထိ သတ္ထာဒေဝမနုဿနံ 'ဗုဒ္ဓေါ ဘဂဝါ" တိ။

ဘိက္ခဝေ– ရဟန်းတို့၊ ဣဓ– ဤသာသနာတော်၌၊ ဘိက္ခု– ရဟန်း သည်၊ သဒ္ဓေါ– သဒ္ဓါတရားရှိသည်၊ (ရတနာသုံးပါး ဂုဏ်တော်တို့၌ မလှုပ် မယိုင် ခိုင်မြဲစွာ သက်ဝင်ယုံကြည်သော ဩကပ္ပနမည်သော သဒ္ဓါတရားနှင့် ပြည့်စုံသည်၊) ဟောတိ– ဖြစ်၏၊ တထာဂတဿ– မြတ်စွာဘုရား၏၊ ဗောဓိံ– အရဟတ္တမဂ်ဉာဏ်ကို၊ သဒ္ဒဟတိ– ယုံကြည်၏၊ (ကိန္တိ– အဘယ်သို့၊ သဒ္ဒဟတိ– ယုံကြည်သနည်းဟူမူ။

"သောဘဂဝါ– ထိုမြတ်စွာဘုရားသည်၊ ဣတိပိ– ပူဇော်အထူးကို ခံတော် မူထိုက်သော ဤအကြောင်းကြောင့်လည်း။ အရဟံ– အရဟံမည်တော်မူ၏။

http://www.dhammadownload.com



သောဘဂဝါ– ထိုမြတ်စွာဘုရားသည်၊ ဣတိပိ– အလုံးစုံသောတရားတို့ကို ကိုယ်တိုင် မှန်ကန်စွာ သိတော်မူသော ဤအကြောင်းကြောင့်လည်း၊သမ္မာသမ္ဗုဒ္ဓေါ– သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏။

'သောဘဂဝါ– ထိုမြတ်စွာဘုရားသည်၊ ဣတိပိ– ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏ ၁၅ ပါးတို့နှင့် ပြည့်စုံတော်မူခြင်းတည်းဟူသော ဤအကြောင်းကြောင့်လည်း၊ ဝိဇ္ဇာစရဏသမ္ပန္နော– ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏။

သောဘဂဝါ– ထိုမြတ်စွာဘုရာသည်၊ ဣတိပိ– ကောင်းသောစကားကို ဆိုတော်မူသော ဤအကြောင်းကြောင့်လည်း၊ သုဂတော– သုဂတမည်တော်မူ၏။

သောဘဂဝါ– ထိုမြတ်စွာဘုရားသည်၊ ဣတိပိ– သတ္တလောက သင်္ခါရလောက ဩကာသလောကတည်းဟူသော လောကသုံးပါးကို သိတော်မူခြင်းတည်းဟူသော ဤအကြောင်းကြောင့်လည်း၊ လောကဝိဒူ– လောကဝိဒူ မည်တော်မူ၏။

သောဘဂဝါ– ထိုမြတ်စွာဘုရားသည်၊ ဣတိပိ– ဆုံးမသင့် ဆုံးမထိုက်သော ပုဂ္ဂိုလ်တို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူရာ၌ တန်းတူရည်တူ မိုသူကင်းအောင် စွမ်းဆောင်တော်မူခြင်းတည်းဟူသောဤအကြောင်းကြောင့်လည်း။ အနုတ္တရောပုရိသဒမ္မသာရထိ– အနုတ္တရော ပုရိသဒမ္မသာရထိ မည်တော်မူ၏။

သောဘဂဝါ– ထိုမြတ်စွာဘုရားသည်၊ ဣတိပိ– နတ်လူတို့၏ ဆရာဖြစ်တော်မူခြင်းတည်းဟူသော ဤအကြောင်းကြောင့်လည်း၊ သတ္ထာဒေဝမနုဿာနံ– သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏။

သောဘဂဝါ– ထိုမြတ်စွာဘုရားသည်၊ ဣတိပိ– သစ္စာလေးပါး မြတ်တရားတို့ကို ကိုယ်တော်တိုင်သိ၍ ဝေနေယျသတ္တဝါတို့ကိုလည်း တစ်ဆင့်သိအောင် ဟောကြားတော်မူခြင်းတည်းဟူသော ဤအကြောင်းကြောင့်လည်း၊ ဗုဒ္ဓေါ– ဗုဒ္ဓမည်တော်မူ၏။

သောဘဂဝါ– ထိုမြတ်စွာဘုရားသည်၊ ဣတိပိ– ဣဿရိယ ဓမ္မ၊ ယသ၊ သိရီ၊ ကာမ၊ ပယတ္တဟူသော ဘုန်းတော်ခြောက်ပါးတို့နှင့် ပြည့်စုံတော်မူခြင်းတည်းဟူသော ဤအကြောင်းကြောင့်လည်း ဘဂဝါ– ဘဂဝါမည်တော်မူ၏။ ဣတိ– ဤသို့ (သဒ္ဒဟတိ– ယုံကြည်၏)

ရဟန်းတို့၊ ဒီသာသနာတော်မှာ ရဟန်းဟာ ရတနာသုံးပါး ဂုဏ်တော်

http://www.dhammadownload.com



တွေမှာ မလှုပ်မယိုင် ခိုင်မြဲသက်ဝင်ယုံကြည်တဲ့ သြကပ္ပန သဒ္ဓါတရားနဲ့ ပြည့်စုံရမယ်၊ ဘာသဒ္ဓါတဲ့လဲ။

(သြကပ္ပနသဒ္ဓါပါဘုရား)

မလှုပ်မယိုင် ခိုင်မြဲတဲ့သဒ္ဓါနော်။

(မှန်လှပါဘုရား)

ခုခေတ်လူတွေက မခိုင်ချင်ဘူး၊ သူများကပြောရင် ယိုင်ချင်လဲချင်ကြတယ်။ ဒါ့ကြောင့် ယနေ့တရားနာနေတဲ့ ဒကာ ဒကာမတွေက မယိုင်မလဲ ခိုင်မြဲတဲ့ သြကပ္ပနသဒ္ဓါတရားနဲ့ ပြည့်စုံအောင် ကြိုးစားရမယ်နော်။

(မှန်လှပါဘုရား)

အဲဒီ သြကပ္ပနသဒ္ဓါတရားနဲ့ ပြည့်စုံက မြတ်စွာဘုရားရဲ့ အရဟတ္တမဂ်ဉာဏ်ကို ယုံကြည်တယ်၊ ဘယ်လိုယုံကြည်သလဲဆိုတော့ "မြတ်စွာဘုရားသည် အရဟံဂုဏ်၊ သမ္မာသမ္ဗုဒ္ဓဂုဏ်၊ ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်၊ သုဂတဂုဏ်၊ လောကဝိဒူဂုဏ်၊ အနုတ္တရော ပုရိသဒမ္မသာရထိဂုဏ်၊ သတ္ထာဒေဝမနုဿာနံဂုဏ်၊ ဗုဒ္ဓဂုဏ်၊ ဘဂဝါဂုဏ်တော်တို့နဲ့ ပြည့်စုံတော်မူပါပေ၏"လို့ ယုံကြည်တယ်။

အရဟံစတဲ့ ဂုဏ်တော်ကိုးပါးရဲ့ အဓိပ္ပာယ်တွေကိုတော့ မပြောတော့ပါဘူး။ အနက်ပေးတဲ့အတိုင်းပဲ သိကြပါ။

ဘုရားကို ယုံကြည်သလို တရား၊ သံဃာကိုလည်း ယုံကြည်ရမယ်။ ဘုရားကို ယုံကြည်တဲ့သဒ္ဓါတရားနဲ့ ပြည့်စုံရမယ်ဆိုတာ အဋ္ဌကထာက ဒေသနာသီသပဲလို့ ဖွင့်ပြပါတယ်။ ရတနာသုံးပါးလုံးမှာ ယုံကြည်တဲ့ သဒ္ဓါတရားကို အလိုရှိတယ်၊ ယူရမယ်လို့ ဆိုလိုပါတယ်။

(အံ ၄ ၃၊ ၂၇)

ဒီတော့ တရားနာပရိသတ်၊ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းအားထုတ်တဲ့ ပုဂ္ဂိုလ်ဟာ နံပါတ်တစ် ရတနာသုံးပါးကို ယုံကြည်တဲ့ သဒ္ဓါတရားနဲ့ ပြည့်စုံဖို့ လိုတယ်နော်။

(မှန်လှပါဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

* ရတနာသုံးပါး၊ ဂုဏ်တော်များ၊ လေးစားယုံကြည်ပါ။
* အားထုတ်သူဝယ်၊ ပြည့်စုံဖွယ်၊ လိုတယ်တစ်အင်္ဂါ။

http://www.dhammadownload.com



၂။ အပ္ပာဗာဓော ဟောတိ အပ္ပာတင်္ကော သမဝေပါကိနိယာ ဂဟဏိယာ
သမန္နာဂတော နာတိသီတာယ နာစ္စုဏှာယ မဇ္ဈိမာယ ပဓာနက္ခမာယ။

(သောဘိက္ခု– ထိုရဟန်းသည်) အပ္ပာဗာဓော– အနာရောဂါမရှိသည်၊ အပ္ပာတင်္ကော– ဆင်းရဲဒုက္ခမရှိသည်၊ နာတိသီတာယ– အလွန်မအေးသော၊ နာစ္စုဏှာယ– အလွန်မပူပြင်းသော၊ မဇ္ဈိမာယ– အလယ်အလတ်ဖြစ်သော၊ ပဓာနက္ခမာယ– ကမ္မဋ္ဌာန်းအားထုတ်ခြင်းကိစ္စ၌ သင့်လျော်ခိုင်ခံ့သော၊ သမဝေပါကိနိယာ– စားပြီးအစာကို ညီမျှစွာ ကြေညက်အောင် ချေချက်နိုင်သော၊ ဂဟဏိယာ– ကမ္မဇဝမ်းမီးဓာတ်နှင့်၊ သမန္နာဂတော– ပြည့်စုံသည်၊ ဟောတိ– ဖြစ်၏။

နံပါတ်နှစ် အားထုတ်သူဝယ် ပြည့်စုံဖွယ်အင်္ဂါကတော့ အနာရောဂါ ကင်းရှင်းပြီး မအေးလွန်း၊ မပူလွန်းတဲ့ အလယ်အလတ်ဖြစ်တဲ့ ကမ္မဋ္ဌာန်းတရား စီးဖြန်းအားထုတ်ခြင်းငှာ ခံ့တဲ့ဝမ်းမီးနဲ့ ပြည့်စုံရခြင်းပါပဲ။

ရှင်းရှင်းပြောရရင် အနာရောဂါကင်းရမယ်၊ ကျန်းမာရမယ်နော်။
(မှန်လှပါဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ
*ကျန်းမာရေးတွေ၊ ကောင်းလို့နေ၊ နာတွေကင်းဝေးကွာ။
*အားထုတ်သူဝယ်၊ ပြည့်စုံဖွယ်၊ လိုတယ်နှစ်အင်္ဂါ။

၃။ အသဌော ဟောတိ အမာယာဝီ ယထာဘူတံ အတ္တာနံ အာဝိကတ္တာ
သတ္ထရိဝါ ဝိညူသုဝါ သဗြဟ္မစာရီသု။

အသဌော– မစဉ်းလဲ မကောက်ကျစ်သည်၊ ဝါ– မိမိ၌မရှိသော ဂုဏ်ကို အရှိလုပ်ကာ လွဲမှားစွာ ပြောဆိုသူ မဟုတ်သည်၊ အမာယာဝီ– မိမိအပြစ်ကို ဖုံးဖိလှည့်စားမှု မရှိသည်၊ သတ္ထရိဝါ– ဆရာသခင် မြတ်စွာဘုရားရှင်၌လည်း ကောင်း၊ (ဝါ) မိမိဆရာဥပဇ္ဈာယ်၌လည်းကောင်း၊ ဝိညူသု– ပညာရှိဖြစ်ကုန် သော၊ သဗြဟ္မစာရီသုဝါ– အတူတကွ မြတ်သောအကျင့်ကို ကျင့်သော ရဟန်း တို့၌လည်းကောင်း၊ (ဝါ) သီတင်းသုံးဖော်တို့၌လည်းကောင်း၊ ယထာဘူတံ– ဟုတ်မှန်သည့်အတိုင်း၊ အတ္တာနံ– မိမိအပြစ်ကို၊ အာဝိကတ္တာ– ထင်ရှားစွာ ဖွင့်ဟ ဝန်ခံမှုပြုတတ်သည်၊ ဟောတိ– ဖြစ်၏။

နံပါတ်သုံး အားထုတ်သူဝယ် ပြည့်စုံဖွယ် အင်္ဂါကတော့ မစဉ်းလဲ

http://www.dhammadownload.com



မကောက်ကျစ်ခြင်း၊ မိမိအပြစ်ကို ဖုံးဖိမထားဘဲ မြတ်စွာဘုရားနဲ့ (ဥပဇ္ဈာယ် ဆရာနဲ့) ပညာရှိ သီတင်းသုံးဖော်တွေရဲ့အပေါ်မှာ မိမိရဲ့အပြစ်ကို ထင်ရှားစွာ ဖွင့်ဟဝန်ခံမှု ပြုခြင်းပါပဲ။

ရှင်းရှင်းပြောရရင် ဖြောင့်မတ်တဲ့ဂုဏ်နဲ့ ပြည့်စုံရမယ်နော်။

(မှန်လှပါဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

*ကောက်ကျစ် + ဖုံးဖိ၊ မြဲမရှိ၊ ဖြောင့်သည့်ဂုဏ်ရှိတာ။

*အားထုတ်သူဝယ်၊ ပြည့်စုံဖွယ်၊ လိုတယ် သုံးအင်္ဂါ။

၄။ အာရဒ္ဓဝီရိယော ဝိဟရတိ အကုသလာနံ ဓမ္မာနံ ပဟာနာယ ကုသလာနံ ဓမ္မာနံ ဥပသမ္ပဒါယ၊ ထာမဝါ ဒဠှပရက္ကမော အနိက္ခိတ္တ ဓုရော ကုသလေသု ဓမ္မေသု။

အကုသလာနံ– အကုသိုလ် ဖြစ်ကုန်သော၊ ဓမ္မာနံ– တရားတို့ကို၊ ပဟာနာယ– ပယ်ခြင်းငှာ၊ ကုသလာနံ– ကုသိုလ်ဖြစ်ကုန်သော၊ ဓမ္မာနံ– တရားတို့ကို၊ ဥပသမ္ပဒါယ– ပြီးပြည့်စုံစေခြင်းငှာ၊ အာရဒ္ဓဝီရိယော– မတွန့်မဆုတ် အားထုတ်အပ်သော ဝီရိယရှိသည်၊ ထာမဝါ– ဝီရိယစွမ်းအားရှိသည်၊ ဒဠှပရက္ကမော– မြဲမြံသောလုံ့လရှိသည်၊ ကုသလေသု– ကုသိုလ်ဖြစ်ကုန်သော၊ ဓမ္မေသု– တရားတို့၌၊ အနိက္ခိတ္တဓုရော– အရဟတ္တမဂ်၊ အရဟတ္တဖိုလ် မရသေးသမျှ မလျှော့ချအပ်သော ဝီရိယရှိသည်။ (ဟုတ္တာ– ဖြစ်၍) ဝိဟရတိ– နေ၏။

နံပါတ်လေး အားထုတ်သူဝယ် ပြည့်စုံဖွယ် အင်္ဂါကတော့ အကုသိုလ်တရားတွေပယ်ကာ ကုသိုလ်တရားတွေ ပြည့်စုံစေရန်အတွက် မတွန့်မဆုတ်တဲ့ ဝီရိယစွမ်းအား ရှိရမယ်၊ မြဲမြံတဲ့လုံ့လရှိရမယ်၊ ကုသိုလ်တရားတွေမှာ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်မရ မရောက်သေးသမျှ မလျှော့ချတဲ့ ဝီရိယ အပြည့်အဝ ရှိထားရခြင်းပါပဲ။

တရားထူး တရားမြတ်တွေ ရဖို့ရန်အတွက် အားထုတ်တဲ့သူမှာ အဓိက လိုအပ်ချက်က ဝီရိယနော်။

(မှန်လှပါဘုရား)

ဝီရိယနဲ့မပြည့်စုံရင် တရားထူး တရားမြတ်တွေ ရနိုင်ပါ့မလား။

(မရနိုင်ပါဘူးဘုရား)

http://www.dhammadownload.com



ဝီရိယရှိရင် ဘယ်ကိစ္စမဆို ပြီးနိုင်တယ်လို့ ဆိုတားတယ်မဟုတ်လား။

(မှန်လှပါဘုရား)

လောကီမှာပဲဖြစ်ဖြစ်၊ လောကုတ္တရာမှာပဲဖြစ်ဖြစ် မိမိလုပ်ကိုင်တဲ့ လုပ်ငန်းတွေ အောင်မြင်တိုးတက်ကြီးပွားချင်ရင်

၁။ နောက်မဆုတ်တဲ့ ဝီရိယ၊

၂။ မြဲမြဲစွာလုပ်ကိုင်တဲ့ ဝီရိယ၊

၃။ မလျှော့ချတဲ့ ဝီရိယတွေလိုတယ်။

ဒါ့ကြောင့် ဦးပဥ္စင်းတို့က ကုသိုလ်လုပ်ငန်းတွေမှာ နောက်မဆုတ်ပါနဲ့၊ မြဲမြဲစွာလုပ်ကြပါ။ လျှော့မချပါနဲ့လို့ မှာပါရစေ။

အကုသိုလ်လုပ်ငန်းတွေကျတော့ နောက်ဆုတ်ပါ၊ မလုပ်ပါနဲ့၊ လျှော့ပစ်လိုက်ပါ၊ ဒီလို ရမှာရမယ်မဟုတ်လား။

(မှန်လှပါဘုရား)

ကဲ- ကဗျာ လင်္ကာလေးတွေ လိုက်ဆိုကြ

*အကုသိုလ်ပယ် ကုသိုလ်တိုးဖို့
ခုဆိုခုပဲ ကြိုးစားကြွယ်။
*ကောင်းတာဆိုရင် နောက်မဆုတ်ဘဲ
ရှေ့သို့အမြဲ တိုးရမယ်။
*ကောင်းတာဆိုရင် မြဲမြဲလုပ်လို့
ဖွဲသန်အဟုတ် ကြိုးစားကြွယ်။
*ကောင်းတာဆိုရင် အမှန်မလျှော့နဲ့
ဖွဲသန်မပျော့ ကြိုးစားကြွယ်။
*လုံ့လရှိရင် လုပ်သမျှတို့
မုချမလွဲ အောင်ရမယ်။
*လုံ့လရှိရင် လုပ်သမျှတို့
မုချမလွဲ ပြီးရမယ်။
(ပြီးရမယ် ပြီးရမယ်။)
*ထက်သန်လုံ့လ၊ ဝီရိယ၊ ပြည့်ဝထားရှိတာ။
*အားထုတ်သူဝယ်၊ ပြည့်စုံဖွယ်၊ လိုတယ်လေးအင်္ဂါ။

http://www.dhammadownload.com



၅။ ပညဝါ ဟောတိ ဥဒယတ္ထဂါမိနိယာ ပညာယ သမန္နာဂတော အရိယာယ နိဗ္ဗေဓိကာယ သမ္မာ ဒုက္ခက္ခယဂါမိနိယာ။

ပညဝါ– ပညာရှိသည်၊ ဥဒယတ္ထဂါမိနိယာပညဝါ– ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို ထိုးထွင်းသိနိုင်သော၊ အရိယာယ– ကိလေသာအညစ်အကြေး ကင်းဝေး စင်ကြယ်သော၊ နိဗ္ဗေဓိကာယ– လောဘအတုံးအခဲ စသည်ကို ဖြိုခွဲနိုင်သော၊ သမ္မာ– အကြောင်းမှန် နည်းလမ်းမှန်အားဖြင့်၊ ဒုက္ခက္ခယဂါမိနိယာ– ဒုက္ခကုန်ဆုံးခြင်းသို့ ရောက်စေနိုင်သော၊ ပညာယ– ဝိပဿနာပညာနှင့်၊ သမန္နာဂတော– ပြည့်စုံသည်၊ ဟောတိ– ဖြစ်၏။

နံပါတ်ငါး အားထုတ်သူဝယ် ပြည့်စုံဖွယ်အင်္ဂါကတော့ ပညာရှိပုဂ္ဂိုလ်ဟာ ခန္ဓာငါးပါးတို့ရဲ့ ဖြစ်မှုပျက်မှုကို ထိုးထွင်းသိရှိပြီးတော့ ကိလေသာ အညစ်အကြေးတွေ ကင်းဝေး စင်ကြယ်အောင် လောဘအတုံးအခဲစသည်ကို ဖြိုခွဲဖျက်ဆီးနိုင်သည့် နည်းမှန်လမ်းမှန် ဒုက္ခကုန်ရာသို့ ရောက်စေနိုင်တဲ့ ဝိပဿနာပညာနဲ့ ပြည့်စုံရခြင်းပါပဲ။

ဒီတော့ တရားနာပရိသတ်၊ ခန္ဓာငါးပါးရဲ့ ဖြစ်တာ၊ ပျက်တာတွေကို ထိုးထွင်းသိနေမှ ကိလေသာ အညစ်အကြေးတွေ ကင်းဝေးစင်ကြယ်နိုင်မယ်။ လောဘအတုံးအခဲကြီးတွေကို ပြိုကွဲအောင် ဖြိုခွဲဖျက်ဆီးနိုင်မယ်၊ နည်းမှန် လမ်းမှန် ဆင်းရဲဒုက္ခကုန်ရာကို ရောက်စေနိုင်မယ်နော်။

(မှန်လှပါဘုရား)

ဒါ့ကြောင့် ဒီနေရာမှာ ဝိပဿနာပညာနဲ့ ပြည့်စုံဖို့လိုတယ်၊ ဘာလိုသတဲ့ လဲ။

(ဝိပဿနာပညာပါ ဘုရား)

(အံ ၅ ၃၊ ၂၇)

ခန္ဓာငါးပါးတို့ရဲ့ ဖြစ်တာ ပျက်တာကို သိနေတဲ့ဉာဏ်က "ဥဒယဗ္ဗယ ဉာဏ်" ဘာဉာဏ်တဲ့လဲ။

(ဥဒယဗ္ဗယဉာဏ်ပါဘုရား)

ဒီနေရာမှာ အဲဒီဥဒယဗ္ဗယဉာဏ်ကို ဆိုလိုတာနော်။

(မှန်လှပါဘုရား)

ရှင်းရှင်းပြောရရင် ဖြစ်ပျက်သိတဲ့ဉာဏ်၊ ဘာဉာဏ်တဲ့လဲ။

(ဖြစ်ပျက် သိတဲ့ဉာဏ်ပါဘုရား)

http://www.dhammadownload.com



ဒါကြောင့် ဘုရားရှင်ကိုယ်တော်မြတ်က "ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးတို့ရဲ့ ဖြစ်တာ ပျက်တာကို မသိမမြင်ဘဲ အသက်တစ်ရာနေရတဲ့ပုဂ္ဂိုလ်ထက် ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးတို့ရဲ့ ဖြစ်တာ ပျက်တာကို သိမြင်ပြီး တစ်နေ့တစ်ရက် အသက်ရှည်ရသူ၊ အသက်နေရသူက ပိုပြီးတော့ မြတ်တယ်လို့ ဓမ္မပဒပါဠိတော်မှာ ဟောကြားခဲ့တယ်မဟုတ်လား။

(မှန်လှပါဘုရား)

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

* ရုပ်နာမ်နှစ်ဖြာ၊ ဖြစ် ပျက်တာ၊ သေချာသိနေပြန်။
* ဥဒယဗ္ဗယ၊ ခေါ်ဆိုမှ၊ မှတ်ကြဖြစ်ပျက်ဉာဏ်။
* ဖြစ်ပျက်သိမှ၊ စင်ကြယ်ရ၊ လောဘဖြိုနိုင်ပြန်။
* ဖြစ်ပျက်သိမှ၊ စင်ကြယ်ရ၊ ဒေါသဖြိုနိုင်ပြန်။
* ဖြစ်ပျက်သိမှ၊ စင်ကြယ်ရ၊ မောဟဖြိုနိုင်ပြန်။
* ဖြစ်ပျက်သိလာ၊ ဆင်းရဲတာ၊ ကုန်ရာရောက်နိုင်ပြန်။
* ဝိပဿနာ မြတ်ပညာ၊ လိုတာဖွင့်ဆိုပြန်။
* ရုပ်နာမ်နှစ်ဖြာ၊ ဖြစ်ပျက်တာ၊ သေချာမသိပြန်။
* အသက်တစ်ရာ၊ နေရတာ၊ သူငါမမြတ်ပြန်။
* ရုပ်နာမ်နှစ်ဖြာ၊ ဖြစ်ပျက်တာ၊ သေချာသိမြင်ပြန်။
* တစ်ရက်တလေ၊ အသက်နေ၊ လူတွေပိုမြတ်ပြန်။

ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းအားထုတ်မည့်ပုဂ္ဂိုလ်ရဲ့ ပြည့်စုံရမည့် နံပါတ်ငါး အင်္ဂါက ဘာတဲ့လဲ။

(ဝိပဿနာပညာပါဘုရား)

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

* ရုပ်နာမ်နှစ်ခု၊ ဖြစ် ပျက်မှု၊ သိရှုဝိပဿနာ။
* အားထုတ်သူဝယ်၊ ပြည့်စုံဖွယ်၊ လိုတယ်ငါးအင်္ဂါ။

ကဲ- ကမ္မဋ္ဌာန်းတရား ကြိုးစားအားထုတ်မည့်ပုဂ္ဂိုလ်ရဲ့ ပြည့်စုံရမည့် အင်္ဂါငါးပါးကို အကျဉ်းချုပ်ရေတွက်ကြည့်ရအောင်။

၁။ ရတနာသုံးပါးကို ယုံကြည်ရမယ်၊

၂။ ကျန်းမာရေးကောင်းရမယ်၊

http://www.dhammadownload.com



၃။ ဖြောင့်မတ်ရမယ်၊
၄။ ထက်သန်တဲ့ လုံ့လဝီရိယ ရှိရမယ်၊
၅။ ဝိပဿနာပညာဉာဏ် ရှိရမယ်ဆိုတဲ့ ဒီငါးမျိုးကို တွေ့ရတယ်နော်။
(မှန်လှပါဘုရား)

ကဲ- အကျဉ်းချုပ် လင်္ကာလေးတွေ လိုက်ဆိုကြ။

၁*မြတ်ဘုရားရှင် ဂုဏ်တော်များကို
ယုံနော် ထားဖို့လိုပါတယ်။
*တရား သံဃာ ဂုဏ်တော်များကို
ယုံနော် ထားဖို့လိုပါတယ်။

၂*အနာရောဂါ ကင်းစင်ဝေးလို့
ကျန်းမာရေးလည်း ကောင်းရမယ်။

၃* ဖြောင့်မတ်သည့်ဂုဏ် အသည်းကြား၌
အမြဲထားဖို့လိုပါတယ်။

၄*မြတ်မဂ် မြတ်ဖိုလ် အမှန်မရက
စေန်မထ ကြိုးစားကွယ်။
*တရားထူးတွေ မရကြားက
ထမသွားဘူး ကြိုးစားကွယ်။
*ဝီရိယအင်္ဂါ လေးဖြာထားလို့
တွေးကာမနား ကြိုးစားကွယ်။
*အရိုးကြေကြေ အရေခန်းလို့
သေစမ်းစေကွဲ့ ကြိုးစားကွယ်။
*အရိုး ကြော ရေ ကြွင်းကာခြောက်လို့
သွေးသားပျောက်စေ ကြိုးစားကွယ်။

၅*ရုပ်နာမ်နှစ်ဖြာ ဖြစ်ပျက်မှုကို
စစ်တွက်ရှုဖို့ လိုပါတယ်။
*ဝိပဿနာ ပညာမြတ်နဲ့
ခန္ဓာ ဓာတ်မှာ ရှုရမယ်။
*ဘာဝနာခေါ် ကမ္မဋ္ဌာန်းကို

http://www.dhammadownload.com



တကယ်စီးဖြန်းသူမှာကွယ်။
*ယုံကြည် ကျန်းမာ ဖြောင့်ဂုဏ်စုနဲ့
လုံလ သိမှုလိုပါတယ်။
*အဲဒီငါးဖြာ ပြည့်စုံထားက
မြတ်တရားထူး ရနိုင်တယ်။
*တရားထူးတွေ အမြန်ရအောင်
အမှန်နေ့ည ကြိုးစားကွယ်။
(ကြိုးစားကွယ်၊ ကြိုးစားကွယ်)
*ယုံ + ကျန်း + ဖြောင့် + ထက်၊ ပညာစွက်၊ ငါးချက်ပဓာနိ။
*အားထုတ်သူဝယ်၊ ပြည့်စုံဖွယ်၊ တကယ်လိုပါ၏။

ကဲ– ဒီနေ့ ဝိပဿနာတရား အားမထုတ်မီ အကြိုမွေသဘင်မှာ ဒကာ ဒကာမတွေကို ဟောကြားလိုက်တဲ့တရားက ဘာတရားတဲ့လဲ။

(တရားအားထုတ်သူဝယ် ပြည့်စုံဖွယ် တရားတော်ပါဘုရား)

ဣမာနိ ခေါ ဘိက္ခဝေ ပဉ္စ ပဓာနိယင်္ဂါနီတိ။

ဘိက္ခဝေ– ရဟန်းတို့၊ ပဓာနိယင်္ဂါနိ– ဘာဝနာ ကမ္မဋ္ဌာန်း စီးဖြန်း အားထုတ်မှုရှိသော ရဟန်း၏ ပြည့်စုံရမည့်အကြောင်း အင်္ဂါတို့သည်၊ ဣမာနိ ခေါ ပဉ္စ– ဤငါးပါးတို့ပါပေတည်း။ ဣတိ– ဤသို့၊ (အဝေါစ– ကရုဏာ ရှေ့သော် မေတ္တာတော်ဖြင့် ဖွင့်ဖော်ကောင်းစွာ မိန့်ကြားတော်မူလိုက်ပါပေ သတည်း။)

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

မှတ်ချက်။ ။ ဝိပဿနာတရား အားထုတ်ပွဲတိုင်း၊
ဝိပဿနာတရား အားထုတ်ပွဲအကြို မွေသဘင်တိုင်း၊
နေ့ပွဲ ညပွဲ အစုံဟောနိုင်ပါသည်။

အားထုတ်သူဝယ် ပြည့်စုံဖွယ် တရားတော် ပြီးပြီ။

http://www.dhammadownload.com

## အင်္ဂုတ္တရနိကာယ်၊ စတုက္ကနိပါတ်ပါဠိတော်၊ ပဋ္ဌမပဏ္ဏာသက စက္ကဝဂ်၊ စက္ကသုတ်ကို တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# ပြည့်စုံစေသော+ စက်လေးပါး တရားတော်

စတ္တာရိမာနိ ဘိက္ခဝေ စက္ကာနိ၊ ယေဟိသမန္နာဂတာနံ ဒေဝမနုဿာနံ စတုစက္ကံ ဝတ္တတိ၊ ယေဟိ သမန္နာဂတာ ဒေဝမနုဿာ နစိရဿေဝ မဟန္တတ္တံ ဝေပုလ္လတ္တံ ပါပုဏန္တိ ဘောဂေသု။

(အံ ပါ ၂၊ ၃၄၁)

ဘိက္ခဝေ– ရဟန်းတို့၊ စက္ကာနိ– သမ္ပတ္တိစက်တို့သည်၊ ဝါ စက်ဘီးပမာ ဆက်ကာမပြတ် လည်ပတ်တတ်သော ကောင်းကျိုးတရား တိုးပွားပြည့်စုံခြင်းတို့ သည်၊ ဣမာနိစတ္တာရိ– ဤလေးပါးတို့တည်း။ ယေဟိ– ယင်းသို့သော သမ္ပတ္တိ စက်တို့နှင့်၊ သမန္နာဂတာနံ– ပြည့်စုံကုန်သော၊ ဒေဝမနုဿာနံ– နတ်လူတို့၏၊ စတုစက္ကံ– လေးပါးသော သမ္ပတ္တိစက်သည်၊ ဝတ္တတိ– အဆက်မပြတ် လည် ပတ်၏၊ ယေဟိ– ယင်းသမ္ပတ္တိစက်တို့နှင့်၊ သမန္နာဂတာ– ပြည့်စုံကြကုန်သော၊ ဒေဝမနုဿာ– နတ် လူတို့သည်၊နစိရဿေဝ– မကြာမမြင့်မီသာလျှင် ဘောဂေသု– စည်းစိမ်ဥစ္စာတို့၌၊ မဟန္တတ္တံ– များကုန်သည့်အဖြစ်သို့၊ ဝေပုလ္လတ္တံ– ပြန့်ပွား ကုန်သည့်အဖြစ်သို့၊ ပါပုဏန္တိ– ရောက်ကုန်၏။

ရဟန်းတို့၊ ကောင်းကျိုးတရား တိုးပွားပြည့်စုံရန်အတွက် လည်ပတ်တတ် တဲ့ စက်လေးပါးရှိတယ်။ အဲဒီစက်လေးပါးနဲ့ ပြည့်စုံကြတဲ့ နတ်တွေ၊ လူတွေမှာ စက်လေးပါးဟာ အဆက်မပြတ် လည်ပတ်နေတယ်။ စက်လေးပါးနဲ့ ပြည့်စုံနေ ကြတဲ့ နတ်တွေ လူတွေဟာ မကြာခင်မှာပဲ စည်းစိမ်ဥစ္စာ အဖြာဖြာ များပြား ကြီးပွားတိုးတက်အောင်မြင်ကြရတယ်။

ကတမာနိ စတ္တာရိ ပတိရူပဒေသဝါသော သပ္ပုရိသာဝဿယော အတ္တသမ္မာပဏိဓိ ပုဗ္ဗေစကတပုညတာ၊ ဣမာနိ ခေါ ဘိက္ခဝေ စတ္တာရိ စက္ကာနိ။

http://www.dhammadownload.com



စတ္တာရိ– လေးပါးသော သမ္ပတ္တိစက်တို့ဟူသည်၊ ကတမာနိ– အဘယ်တို့တည်းဟူမူ။

၁။ ပတိရူပဒေသဝါသောစ– သင့်လျော်လျောက်ပတ်သောအရပ်ဒေသ၌ နေထိုင်ရခြင်းလည်းကောင်း၊

၂။ သပ္ပုရိသူပဿယောစ– ဘုရားအစရှိသော သူတော်ကောင်းတို့ကို မှီခိုဆည်းကပ်ရခြင်းလည်းကောင်း၊

၃။ အတ္တသမ္မာပဏိဓိစ– မိမိစိတ်အစဉ်ကို ကုသိုလ်ဖြစ်ကြောင်း ကောင်းစွာထားခြင်းလည်းကောင်း၊

၄။ ပုဗ္ဗေစကတပုညတာ– ရှေး၌ ဆည်းပူးပြုလုပ်ဖူးခဲ့သော ကုသိုလ်ရှိသူ၏ အဖြစ်လည်းကောင်းတည်း။

ဘိက္ခဝေ– ရဟန်းတို့၊ စက္ကာနိ– စက်တို့သည်၊ ဣမာနိ ခေါ စတ္တာရိ– ဤလေးမျိုးတို့ပါပေတည်း။

အဲဒီစက်လေးမျိုးက ဘာတွေလဲဆိုတော့

၁။ ရဟန်းယောကျ်ား ပရိသတ်၊ ရဟန်းမိန်းမ ပရိသတ်၊ သီတင်းသည်ယောကျ်ားပရိသတ်၊ သီတင်းသည် မိန်းမပရိသတ်ဆိုတဲ့ ပရိသတ်လေးမျိုးရှိတယ်။ အဲဒီပရိသတ်လေးမျိုး မိမိအတွက် ကုသိုလ်တွေ တကယ်တိုးမည့် ပရိသတ်၊ ကုသိုလ်ကောင်းမှုတွေ အားရပါးရ ပြုနိုင်ရန် အသင့်တော်ဆုံး အရပ်ဒေသမှာ နေထိုင်ခြင်းဆိုတဲ့ ပတိရူပဒေသဝါသစက်။

၂။ ဘုရားအစရှိတဲ့ သူတော်ကောင်းတွေကို မှီခိုးဆည်းကပ်ခွင့်ရတဲ့ သပ္ပုရိသာဝဿယစက်။

၃။ သဒ္ဓါမရှိသေးရင် သဒ္ဓါရှိအောင်၊ သီလမရှိသေးရင် သီလရှိအောင်၊ မစ္ဆေရဖြစ်နေရင် စာဂ (ပေးကမ်းလှူဒါန်းခြင်း) ဖြစ်အောင် မိမိစိတ်အစဉ်ကို ကောင်းစွာ တည်နေစေခြင်းဆိုတဲ့ အတ္တသမ္မာပဏိဓိစက်။

မကောင်းတဲ့အကြံ၊ မကောင်းတဲ့အပြော၊ မကောင်းတဲ့ အပြုအမူတွေ မဖြစ်အောင် ဖြစ်လာရင်လည်း ပယ်ရှားပြီးတော့ ကောင်းကောင်းကြံ၊ ကောင်းကောင်းပြော၊ ကောင်းကောင်းပြုမှုကိုလည်း အတ္တသမ္မာပဏိဓိစက်လို့ ဆိုရပါတယ်။

ရှင်းရှင်းပြောရရင် စိတ်ကို ကောင်းအောင်ပြင်တာ အတ္တသမ္မာပဏိဓိလို့ လွယ်လွယ်လေးမှတ်ကြပါ။

http://www.dhammadownload.com



ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

* သဒ္ဓါတရား၊ မရှိကြား၊ ရှိထားကောင်းအောင်ပြင်၊
* သီလတရား၊ မရှိကြား၊ ရှိထားကောင်းအောင်ပြင်၊
* မစ္ဆရိယ၊ ဖြစ်နေက၊ စာဂဖြစ်အောင်ပြင်၊
* မကောင်းအကြံ၊ ကြံမိပြန်၊ အမှန်ကောင်းအောင်ပြင်၊
* မကောင်းတာတွေ၊ ပြောမိချေ၊ မှတ်လေကောင်းအောင်ပြင်၊
* မကောင်းတာများ၊ ပြုမိကြား၊ ကောင်းသွားရအောင်ပြင်၊
* စိတ်ကိုကောင်းစွာ၊ ပြုပြင်တာ၊ အတ္တသမ္မာပင်။

ဒီနေ့ ဒကာ ဒကာမတွေ သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးတွေနဲ့ လှူဒါန်းပူဇော် ချီးမြှောက်နေကြတာဟာ စိတ်ကို ကောင်းအောင် ပြင်ထားတဲ့ အတ္တသမ္မာပဏိဓိစက်နဲ့ ပြည့်စုံလို့ပါပဲ။

အတ္တသမ္မာပဏိဓိစက် မပြည့်စုံရင် ဒီကုသိုလ်လုပ်ငန်းကြီးတွေ အောင်မြင်ဖို့ လွယ်ကူပါ့မလား။

(မလွယ်ကူပါဘူး ဘုရား)

ဒီတော့ မိမိစိတ်ကို ကောင်းအောင် ပြုပြင်တဲ့ အတ္တသမ္မာပဏိဓိစက်နဲ့ ပြည့်စုံဖို့ လိုတယ်နော်။

(မှန်လှပါဘုရား)

၄။ ရှေးရှေးဘဝက ပြုလုပ်ခဲ့ဖူးတဲ့ ကုသိုလ်ကောင်းမှုတွေရှိတဲ့ ပုဂ္ဂိုလ်ရဲ့ အဖြစ်ဆိုတဲ့ ပုဗ္ဗေစကတပုညတာစက်။

စက်လေးပါးရှိရာမှာ ပုဗ္ဗေစကတပုညတာစက်ဟာ ပမာဏလိုရင်း ဖြစ်တယ်။

ဉာဏသမ္ပယုတ်စိတ်နဲ့ ကုသိုလ်ပြုတဲ့သူကို အဲဒီဉာဏသမ္ပယုတ်စိတ်က သင့်တော်တဲ့ အရပ်ရောက်အောင် ပို့ပေးတယ်။ သူတော်ကောင်းတွေကို မှီခိုဆည်းကပ်ခွင့်ရအောင် စီမံပို့ဆောင်ပေးတယ်။ မိမိကိုယ်စိတ်ကို ကောင်းစွာထားသူဖြစ်အောင် ပြုပြင်ပေးတယ်။

(အံ ၄ ၂၊ ၂၉၀)

http://www.dhammadownload.com



ဒီတော့ တရားနာပရိသတ်၊ ပတိရူပဒေသဝါသစက်၊ သပ္ပုရိသာဝဿယစက်၊ အတ္တသမ္မာပဏိဓိစက်၊ ပုဗ္ဗေစကတပုညတာစက်ရယ်လို့ စက်လေးပါး ရှိတယ်နော်။

(မှန်လှပါဘုရား)

ယေဟိ သမန္နာဂတာနံ ဒေဝမနုဿာနံ စတုစက္ကံ ဝတ္တတိ၊ ယေဟိ သမန္နာဂတာ ဒေဝမနုဿာ နစိရဿေဝ မဟန္တတ္တံ ဝေပုလ္လတ္တံ ပါပုဏန္တိ ဘောဂေသူတိ။

ယေဟိ– ယင်းသမ္ပတ္တိစက်တို့နှင့်၊ သမန္နာဂတာနံ– ပြည့်စုံကုန်သော၊ ဒေဝမနုဿာနံ– နတ်လူတို့၏၊ စတုစက္ကံ– လေးပါးသောသမ္ပတ္တိစက်သည်၊ ဝတ္တတိ– အဆက်မပြတ် လည်ပတ်၏။ ယေဟိ– ယင်းသမ္ပတ္တိစက်တို့နှင့်၊ သမန္နာဂတာ– ပြည့်စုံကုန်သော၊ ဒေဝမနုဿာ– နတ်လူတို့သည်၊ နစိရဿေဝ– မကြာမြင့်မီသာလျှင်၊ ဘောဂေသု– စည်းစိမ်ဥစ္စာတို့၌၊ မဟန္တတ္တံ– များကုန်သည့်အဖြစ်သို့၊ ဝေပုလ္လတ္တံ– ပြန့်ပွားကုန်သည့်အဖြစ်သို့၊ ပါပုဏန္တိ– ရောက်ကုန်၏၊ ဣတိ– ဤသို့၊ အဝေါစ– ကောင်းစွာမသွေ ဟောကြားတော်မူလိုက်ပါပေသတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

စက်လေးပါးနဲ့ ပြည့်စုံကြတဲ့ နတ် လူတွေမှာ စက်လေးပါး အဆက်မပြတ် လည်နေတယ်။ အဲဒီစက်လေးပါးနဲ့ ပြည့်စုံတဲ့ နတ် လူတွေဟာ မကြာခင်မှာပဲ စည်းစိမ်ဥစ္စာတွေ များပြားတိုးတက်ကြရတယ်။

ဒီတော့ တရားနာပရိသတ်၊ စက်လေးပါးနဲ့ ပြည့်စုံမှ စည်းစိမ်ဥစ္စာတွေ များပြားတိုးတက်ပြီး ကြီးပွားမယ်။ အောင်မြင်မယ်ဆိုတော့ ကုသိုလ်ကောင်းမှုတွေ ပြုပြီးတိုင်း စက်လေးပါးနဲ့ ပြည့်စုံရပါစေသားလို့ ဆုမတောင်းသင့်ဘူးလား။

(ဆုတောင်းသင့်ပါတယ်ဘုရား)

လောကီ၊ လောကုတ္တရာ အကျိုးနှစ်ဖြာ ပြီးစီးအောင်မြင်ဖို့ရန်အတွက် စက်လေးပါးနဲ့ ပြည့်စုံဖို့ လိုတယ်နော်။

(မှန်လှပါဘုရား)

ဒီနေ့ ဟောရ နာရတဲ့ ကုသိုလ်က စေတနာအဖြာဖြာတို့ကြောင့် ဖြစ်လေရာ ဘဝတိုင်းမှာ ပတိရူပဒေသဝါသစက်၊ သပ္ပုရိသာဝဿယစက်၊ အတ္တသမ္မာ

http://www.dhammadownload.com



ပဏီမိစက်၊ ပုဗ္ဗေစကတပုညတာ ဆိုတဲ့ စက်လေးပါးနဲ့ ပြည့်စုံပါစေသား (ပြည့်စုံရပါလို၏) လို့ ဆုတောင်းရမယ်နော်။

(မှန်လှပါဘုရား)

ဒီနေ့ ဟောလိုက်တဲ့ တရားက ဘာတရားတဲ့လဲ။

(ပြည့်စုံစေသား စက်လေးပါးတရားတော်ပါ ဘုရား)

ကဲ- အကျဉ်းချုပ် ဂါထာလေး ဆက်ပြီးတော့ ဟောကြ နာကြရအောင်

ပတိရူပေ ဝသေ ဒေသေ၊ အရိယမမိတ္တကရော သိယာ။

သမ္မာ ပဏိဓိ သမ္ပန္နော၊ ပုဗ္ဗေပုညကတော နရော။

ဓည်ဓနံ ယသော ကိတ္တိ၊ သုခဉ္စေတံ ဓိဝတ္တတိ။

ယောနရော- အကြင်ပုဂ္ဂိုလ်သည်၊ ပတိရူပေ- ကုသိုလ်ပြုခြင်းမှာ သင့်လျော်သော၊ ဒေသေ- အရပ်၌၊ ဝသေ- နေထိုင်အံ့၊ အရိယမမိတ္တကရော- ဘုရားအစရှိ အရိယာအပေါင်း မိတ်ဆွေကောင်းကို မှီခိုးဆည်းကပ် ပြုလုပ်တတ်သည်လည်းကောင်း၊ သမ္မာပဏိဓိသမ္ပန္နော- မိမိစိတ်အစဉ်ကို ကုသိုလ်ဖြစ်ကြောင်း ကောင်းစွာထားခြင်းနှင့် ပြည့်စုံသည်လည်းကောင်း၊ ပုဗ္ဗေ- ရှေး၌၊ ပုညကတော- ပြုအပ်ဖူးသော ကုသိုလ်ကောင်းမှု ရှိသည်လည်းကောင်း၊ သိယာ- ဖြစ်အံ့၊ တေံနရံ- ဤပုဂ္ဂိုလ်ကို၊ ဓည်- ကောက်ပဲသီးနှံသည်လည်းကောင်း၊ ဓနံ- အခြားသော ရွှေ ငွေစသော ဥစ္စာသည်လည်းကောင်း၊ ယသော- အခြံအရံပရိသတ်သည်လည်းကောင်း၊ ကိတ္တိ- ဂုဏ်သတင်းကျော်စောခြင်းသည်လည်းကောင်း၊ သုခံစ- ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းသည်လည်းကောင်း၊ အဓိဝတ္တတိ- ကောင်းစွာမသွေ လွှမ်းမိုးပါပေသတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

စက်လေးပါးနဲ့ ပြည့်စုံတဲ့သူကို ကောက်ပဲသီးနှံ၊ ရွှေငွေဥစ္စာ၊ အခြံအရံပရိသတ်၊ ဂုဏ်သတင်းကျော်စောခြင်း၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းသည် လွှမ်းမိုးသွားတယ်။

လောကီ၊ လောကုတ္တရာ ကောင်းကျိုးတရား အစားစားတွေ ကြီးပွားတိုးတက် အောင်မြင်အောင် ဘယ်လိုဆုတောင်းရမတဲ့လဲ။

(စက်လေးပါးနဲ့ ပြည့်စုံရပါလို၏လို့ ဆုတောင်းရမှာပါဘုရား)

http://www.dhammadownload.com



ဒါဆိုရင် ဒီနေ့ဟောလိုက်တဲ့တရားက ဘာတရားတဲ့လဲ။
(ပြည့်စုံစေသား စက်လေးပါးတရားတော်ပါ ဘုရား)

တဲ- ကဗျာလင်္ကာလေးတွေ လိုက်ဆိုကြ
*သင့်တော်ရာမှာ၊ နေရတာ၊ သေချာစက်တစ်ပါး၊
*သူတော်ကောင်းမြတ်၊ မြဲဆည်းကပ်၊ သိမှတ်စက်တစ်ပါး၊
*မိမိစိတ်ပင်၊ ကောင်းအောင်ပြင်၊ ကောင်းအင်စက်တစ်ပါး၊
*ရှေးကပြုဖန်၊ ကုသိုလ်ကံ၊ ရှိပြန်စက်တစ်ပါး၊
*ဤစက်လေးတန် ပြည့်စုံရန်၊ အမှန်ဆုတောင်းထား၊
*ဤစက်လေးဖြာ၊ ပြည့်စုံလာ၊ မှန်စွာဥစ္စာများ၊
*ခြံရံ သတင်း၊ ကျော်စောခြင်း၊ လက်ငင်းချမ်းသာသွား၊
*သင့်တော်ရာမည်ရပ်ဒေသ၌
မပြတ်နေ့ရဖို့ ဆုတောင်းပါ။
*ဘုရားစရွာ သူတော်ကောင်းနဲ့
အတူနေ၍ပေါင်းဖို့ ဆုတောင်းပါ။
*ကိုယ့်စိတ်ကိုယ်ပြင် ကိုယ်ပင်ထိန်းလို့၊
ကိုယ်ပင်မယိမ်းဖို့ ကြိုးစားပါ။
*ကိုယ့်ကိုယ်ကိုယ်ပြင် ကိုယ်ပင်ထိန်းလို့
ကိုယ်ပင်မယိမ်းဖို့ ဆုတောင်းပါ။
*ရှေးကပြုဖူး ကုသိုလ်ထူးတို့၊
ရှိလိုအထူး ဆုတောင်းပါ။
*ရှေးကုသိုလ်ကံ အမှန်ရှိဖို့၊
ကေန်သိလို့ ဆုတောင်းပါ။
*ဤစက်လေးဖြာ ပြည့်လိုကြောင်းကို၊
ဆုဆိုနေ့ည တောင်းကြပါ။
(တောင်းကြပါ၊ တောင်းကြပါ။)

ကဲ–တရားသိမ်းလင်္ကာလေးနဲ့ တရားသိမ်းကြရအောင်၊အားလုံးလက်အုပ်ချီကြ။

http://www.dhammadownload.com



ပြည့်စုံစေသား၊ စက်လေးပါးခေါ်၊ တရားတော်ကို၊ ရှင်ပျော်နေ့ညာ၊ မမေ့ကြဘဲ၊ အမြဲမမှား၊ စက်လေးပါးနဲ့၊ ပြည့်သွားခါခါ၊ လည်ပတ်ပါစေ၊ ပန်းသပြေနှင့်၊ ချမ်းရေဆက်ကပ်၊ ဘုရားမြတ်စေတီ၊ အလီလီ၌၊ ညီညီညာညာ၊ တောင်းကြရာသည်၊ ကောင်းလှရွှေစာ တရားတည်း။

(သာဓု၊ သာဓု၊ သဓုပါဘုရား)

မှတ်ချက်။ ။ ဒါနပွဲ၊ သီလပွဲ၊ ဘာဝနာပွဲတိုင်း ဟောကြားနိုင်ပါသည်။

*တရားအမည်ပေးရာ၌

ကြီးပွားတိုးတက် + လေးပါးစက်၊

စက်လေးပါးလည် + ကြီးပွားမယ်၊

စက်လေးပါးလည် + ပေါများမယ်၊

စက်လေးပါးလည် + ဥစ္စာကြွယ်၊

စက်လေးပါးလည် + ခြံရံမယ်၊

စက် လေးပါးလည် + ကျော်စောမယ်၊

စက်လေးပါးလည် + ချမ်းသာမယ် စသည်ဖြင့် အမည်ပေး ကာ ဟောကြားပါ။

ပြည့်စုံစေသား စက်လေးပါး တရားတော် ပြီးပြီ။

http://www.dhammadownload.com

ဒီဃနိကာယ်၊ မဟာဝဂ္ဂပါဠိတော်၊ မဟာသမယသုတ်လာ ဂါထာတစ်ပုဒ်ကို တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# အပါယ်မရောက်+ အပါယ်မကြောက် တရားတော်

အခါတစ်ပါး ဘုရားရှင်ကိုယ်တော်မြတ် သက္ကတိုင်း ကပိလဝတ္ထုမြို့ရဲ့ အနီးဖြစ်တဲ့ တောအုပ်ကြီးထဲမှာ ရဟန္တာငါးရာနဲ့အတူ သီတင်းသုံးနေတော်မူပါတယ်။

အဲဒီအခါမှာ သုဒ္ဓါဝါသဗြဟ္မာကြီးလေးယောက် ရောက်လာပြီးတော့ တစ်ယောက်တစ်ဂါထာစီ လျှောက်ထားကြပါတယ်။

ဒီနေ့ ဗုဒ္ဓါဘိသေက ဘုရားအနေကဇာတင်သဘင် ဆင်ယင်ကျင်းပ ပူဇော်ကြတဲ့ ဒကာ ဒကာမတွေကို ဟောမည့်ဂါထာကတော့ စတုတ္ထသုဒ္ဓါဝါသ ဗြဟ္မာကြီး လျှောက်ထားတဲ့ဂါထာပါပဲ။

ကဲ- စပြီးတော့ ဟောကြ နာကြရအောင်

အထခေါ် အပရာဒေဝတာ ဘဂဝတော သန္တိကော ဣမံဂါထံ အဘာသိ။

အထခေါ်- တတိယ ဗြဟ္မာ၏ဂါထာရွတ်ပြီးရာ ထိုအခါ၌၊ အပရာ- အခြားသော၊ ဒေဝတာ- စတုတ္ထ ဗြဟ္မာကြီးသည်၊ ဘဂဝတော- မြတ်စွာဘုရား၏၊ သန္တိကေ- အထံ၌၊ ဣမံဂါထံ- ဤဂါထာကို၊ အဘာသိ- ရွတ်ဆိုပြီ။

တတိယဗြဟ္မာကြီး ရွတ်ဆိုလျှောက်ထားပြီးတဲ့အခါမှာ စတုတ္ထဗြဟ္မာကြီးက မြတ်စွာဘုရားရဲ့ အထံမှာ ဒီဂါထာကို ရွတ်ဆိုလျှောက်ထားပါတယ်။

ကိံအဘာသိ- ဘယ်လိုရွတ်ဆိုလျှောက်ထားလိုက်သလဲဆိုတော့

"ယေကေစိ ဗုဒ္ဓံသရဏံ ဂတာသေ၊
န တေ ဂမိဿန္တိ အပါယဘူမိံ။
ပဟာယ မာနုသံ ဒေဟံ၊
ဒေဝကာယံ ပရိပူရေဿန္တိ"တိ။

ယေကေစိ- ပ- ပရိပူရေဿန္တိဟူ၍၊ အဘာသိ- ရွတ်ဆိုလျှောက်ထားပြီ။

ယေကေစိ- အကြင် အမှတ်မရှိ အလုံးစုံသောပုဂ္ဂိုလ်တို့သည်၊ ဗုဒ္ဓံ-

http://www.dhammadownload.com



မြတ်စွာဘုရားကို၊ သရဏံ– မြတ်နိုးကြည်ဖြူ ကိုးကွယ်ရာဟူ၍၊ ဂတာသေ– ယုံမှားမရှိသောဉာဏ်ဖြင့် အမှန်မပြတ် ဆည်းကပ်ကြကုန်ပြီ။ တေ– ထိုပုဂ္ဂိုလ်တို့သည်၊ အပါယဘူမိံ– အပါယ်လေးဘုံသို့၊ နဂမိဿန္တိ– မရောက်ကြကုန်။

မြတ်စွာဘုရားကို ကိုးကွယ်အားထားရာရယ်လို့ တကယ်မြတ်နိုးကြည်ဖြူ ယုံမှားမရှိတဲ့ဉာဏ်နဲ့ အမှန်မပြတ် ဆည်းကပ်ကိုးကွယ်ကြသူတွေဟာ ငရဲ တိရိစ္ဆာန် ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့ အပါယ်လေးဘုံကို မရောက်ကြရဘူးလို့ လျှောက်ထားပါတယ်။

အဲဒီလို စတုတ္ထမြဟ္မာကြီးရဲ့ ရွတ်ဆိုလျှောက်ထားချက် ဘယ်လောက် ကောင်းသလဲဆိုတာ စဉ်းစားသာကြည့်ကြပေတော့။ ရှင်းရှင်းလေးပြောရရင် ဘုရားကို ကိုးကွယ်တဲ့သူတွေ အပါယ်လေးဘုံကို မရောက်တော့ဘူး၊ ဒီလိုမဟုတ်လား။

(မှန်လှပါဘုရား)

ဒီတော့ တရားနာပရိသတ်၊ ဒီနေ့ ဘုရားအနေကဇာတင်သဘင် ဆင်ယင်ကျင်းပ လှူဒါန်းကော်ရော် ပူဇော်နေကြတာဟာ ဘုရားကိုးကွယ်နေကြတာနော်၊

(မှန်လှပါဘုရား)

ဘုရားကိုးကွယ်တော့ အပါယ်ကို ရောက်ဦးမတဲ့လား။

(မရောက်တော့ပါဘူး ဘုရား)

ဘုရားကိုးကွယ်နေတဲ့သူတွေ အပါယ်ကိုရောက်မှာ ကြောက်စရာလိုသေးရဲ့လား။

(မလိုတော့ပါဘူးဘုရား)

ဒီလိုဆိုရင် ဒီနေ့ဟောတဲ့တရားက ဘာတရားတဲ့လဲ။

(အပါယ်မရောက် အပါယ်မကြောက်တရားတော်ပါ ဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

* အပါယ်ကိုပင်၊ မရောက်ချင်၊ လူ ရှင်ဘာကိုးကွယ်။

* အပါယ်ကိုပင်၊ မရောက်ချင်၊ မြတ်ရှင်မြဲကိုးကွယ်။

အပါယ်ကိုမရောက်ချင်ကြဘူး မဟုတ်လား။

(မှန်လှပါဘုရား)

အေး အပါယ်ကိုမရောက်ချင်ရင် ဘာကိုကိုးကွယ်ရမလဲ။

(မြတ်စွာဘုရားရှင်ကို ကိုးကွယ်ရမှာပါဘုရား)

http://www.dhammadownload.com



ဘုရားကို ကိုးကွယ်ရမှာလား အခြားကိုးကွယ်ရမှာလား။
(ဘုရားကို ကိုးကွယ်ရမှာပါဘုရား)
ဘုရားကို အမြဲကိုးကွယ်ရမှာလား၊ တစ်ခါတလေ ကိုးကွယ်ရမှာလား။
(အမြဲကိုးကွယ်ရမှာပါဘုရား)

အေး ဟုတ်ပြီ၊ ဒါ့ကြောင့် "အပါယ်ကိုပင် မရောက်ချင်၊ မြတ်ရှင်မြဲကိုးကွယ်" လို့ လင်္ကာလေး တိုင်ပေးတာနော်။

(မှန်လှပါဘုရား)

နောက်ပြီးတော့ "ဗုဒ္ဓဿ ပူဇံ မဟာတေဇဝန္တော" တဲ့။

ဗုဒ္ဓဿ– မြတ်စွာဘုရားအား၊ ပူဇံ– ဆွမ်း ကွမ်း၊ ရေ၊ မီး၊ ပန်း၊ သစ်သီးနဲ့ အပြီးမပျင်း ပူဇော်ခြင်းသည်၊ မဟာတေဇဝန္တော– ကြီးမြတ်တန်ခိုး အမျိုးမျိုး အထွေထွေ ပြီးပြည့်စုံနိုင်ပါပေ၏။

ဘုရားအား ဆွမ်း၊ ကွမ်း၊ ရေ၊ မီး၊ ပန်း၊ သစ်သီး အစရှိသည်တွေနဲ့ မပျင်းမရိ ပူဇော်ရင် ကြီးမြတ်တဲ့ တန်ခိုးတွေနဲ့ ပြည့်စုံတယ်၊ တန်ခိုးကြီးတယ်၊ ဒါ့ကြောင့် တန်ခိုးကြီးချင်တဲ့သူတွေကို ဆွမ်းကပ်၊ ရေကပ်၊ ပန်းကပ်၊ သစ်သီးကပ်တာတွေ မပျင်းကြပါနဲ့လို့ မှာခဲ့ပါတယ်။

ဒီနေ့ ဘုရားအနေကဇာတင် သဘင် ဆင်ယင်ကျင်းပပူဇော်နေကြတဲ့ ဒကာ ဒကာမတွေ တန်ခိုးမကြီးချင်ကြဘူးလား။

(ကြီးချင်ကြပါတယ် ဘုရား)

အေး တန်ခိုးကြီးချင်ရင် ဘုရားအနေကဇာတင်ပြီးတော့ ဘုရားကို ပစ်မထားကြပါနဲ့၊ ဘုရားကို မေ့မထားကြပါနဲ့၊ ဘုရားကို မပစ် မမေ့ဘဲ ဆွမ်း၊ ကွမ်း၊ ရေ၊ မီး၊ ပန်း၊ သစ်သီးတွေနဲ့ ဆက်ကပ်ပူဇော်ပေးရမယ်နော်။

(မှန်လှပါဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

* တန်ခိုးကြီးချင်၊ ဘုရားရှင်၊ အစဉ်မပစ်ရာ။
* တန်ခိုးကြီးချင်၊ ဘုရားရှင်၊ အစဉ်မမေ့ရာ။
* တန်ခိုးကြီးချင်၊ ဘုရားရှင်၊ အစဉ်ပူဇော်ပါ။
* ဆွမ်း + ကွမ်း + ရေ + မီး၊ ပန်းသစ်သီး၊ မှန်းပြီးပူဇော်ပါ။

ပူဇော်တဲ့အခါမှာလည်း ဘုရားရဲ့ပုံပေါ်မှာ ဂုဏ်တော်ကိုတင်ပြီး မှန်းပြီး

http://www.dhammadownload.com



တော့ သက်တော်ထင်ရှား မြတ်စွာဘုရားကို ပူဇော်ရသလို ကောင်းကျိုးတွေ အတူရရှိတယ်ဆိုတဲ့ သဒ္ဓါနဲ့ အသိဉာဏ်ပညာ၊ ဒီနှစ်မျိုး အတူထားပြီးတော့ ပူဇော်ရမယ်နော်။

(မှန်လှပါဘုရား)

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

* တန်ခိုးကြီးချင်၊ အမြဲပင်၊ လူရှင် ဘာလုပ်မယ်။
* တန်ခိုးကြီးချင်၊ အမြဲပင်၊ လူရှင် ဆွမ်းကပ်ကွယ်။
* တန်ခိုးကြီးချင်၊ အမြဲပင်၊ လူရှင် ရေကပ်ကွယ်။
* တန်ခိုးကြီးချင်၊ အမြဲပင်၊ လူရှင် မီးလှူကွယ်။
* တန်ခိုးကြီးချင်၊ အမြဲပင်၊ လူရှင် ပန်းကပ်ကွယ်။
* တန်ခိုးကြီးချင်၊ သစ်သီးတင်၊ ဘုရားရှင် ကပ်ကွယ်။

ကဲ- ဘုရားကို ကိုးကွယ်တဲ့သူတွေ အပါယ်မရောက်ဘူး၊ အပါယ် မကြောက်ဘူးဆိုတော့ ဘယ်ကိုရောက်မလဲ၊ ဒီလိုမေးစရာ မလိုဘူးလား။

(လိုပါတယ် ဘုရား)

အဲဒါဆို ဆက်ပြီးတော့ ဟောကြ နာကြရအောင်

မာနုသံ- လူ၌ဖြစ်သော၊ ဒေဟံ- ခန္ဓာကိုယ်ကို၊ ပဟာယ- ပယ်စွန့်ရ သည်ရှိသော်၊ ဒေဝကာယံ- နတ်အပေါင်းကို၊ (ဝါ) နတ်တို့၏ခန္ဓာကိုယ်ကို၊ ပရိပူရေဿန္တိ- ပြည့်စေကြကုန်လိမ့်မည်။ (ဝါ)ပြည့်စေကြကုန်လတ္တံ့။

ဘုရားကိုးကွယ်တဲ့လူတွေရဲ့ ခန္ဓာကိုယ်ကို ပယ်စွန့်ရတဲ့အခါမှာ နတ်ပြည် လောက ဘုံဘဝကိုရောက်ရပြီးတော့ နတ်တွေရဲ့ ခန္ဓာကိုယ်ကို ရရှိတယ်။ နတ်ပြည်မှာ နတ်စည်းစိမ်တွေ ပြည့်ပြည့်ဝဝခံစားရတယ်နော်။

(မှန်လှပါဘုရား)

ဒီတော့ တရားနာပရိသတ်၊ ဘုရားကို ကိုးကွယ်တဲ့သူတွေ သေသွားတော့ ဘယ်ကိုရောက်သတဲ့လဲ။

(နတ်ပြည်ကို ရောက်ရပါတယ်ဘုရား)

ဘုရားကို ကိုးကွယ်တော့ အပါယ်မရောက်ဘူး၊ အပါယ်မကြောက်ဘူး၊ တန်ခိုးကြီးတယ်၊ နတ်ပြည်ရောက်ရတယ်လို့ သေသေချာချာမှတ်ရမယ်နော်။

(မှန်လှပါဘုရား)

http://www.dhammadownload.com



ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

*ဘုရားကိုးကွယ်၊ တန်ခိုးထည်၊ အပါယ်မရောက်ပါ။

*ဘုရားကိုးကွယ်၊ တန်ခိုးထည်၊ အပါယ်မကြောက်ပါ။

*ဘုရားကိုးကွယ်၊ တန်ခိုးထည်၊ ရောက်မယ်ထက်နတ်ရွာ။

ဒီနေ့ ဘုရားအနေကဇာတင်သဘင် ဆင်ယင်ကျင်းပ လှူဒါန်းကော်ရော် ပူဇော်နေကြတဲ့ ဒကာ ဒကာမတွေ သေရင် ဘယ်ကိုရောက်မှာတဲ့လဲ။

(နတ်ပြည်ကိုရောက်မှာပါ ဘုရား) .

အေး– ဟုတ်ပြီ၊ အပါယ်မရောက် နတ်ပြည်ရောက်ရခြင်းဟာ ဗုဒ္ဓဘာသာဖြစ်တဲ့ အနေကဇာတင်ရတဲ့ အနှစ်သာရပဲနော်။

(မှန်လှပါဘုရား)

ဦးပဥ္ဇင်းတို့နဲ့ ဦးပဥ္ဇင်းတို့ ဒကာ ဒကာမတွေ ဘုရားပေါ၊ တရားပေါ၊ သံဃာပေါတဲ့ မြန်မာပြည်မှာ လူဖြစ်ရတာ တကယ်ဝမ်းသာစရာကောင်းပါတယ်။ ဂုဏ်ယူစရာကောင်းပါတယ်။

ဦးပဥ္ဇင်းတို့ ဝါမဆိုခင် (၉၊ ၇၊ ၉၆) နေ့က စင်ကာပူနိုင်ငံကို ရောက်သွားပါတယ်။ အဲဒီစင်ကာပူနိုင်ငံမှာ ဘုရားဆိုလို့ မြန်မာ– စင်ကာပူ ဘုန်းကြီးကျောင်းမှာပဲ သပ်သပ်ယပ်ယပ် ခံ့ခံ့ညားညား ထည်ထည်ဝါဝါ ဖူးတွေ့ရပါတယ်။ ကျန်တဲ့နေရာတွေမှာ မတွေ့ခဲ့ရပါဘူး။ စင်ကာပူနိုင်ငံဟာ တော်တော်သန့်ရှင်းပြီး စည်းကမ်းရှိကာ တော်တော်တိုးတက်နေပါတယ်။ အဲဒီလို ရုပ်ပိုင်းဆိုင်ရာတွေ တိုးတက်နေပေမယ့် သူတို့နိုင်ငံမှာ ဘုရားနည်းတယ်၊ တရားနည်းတယ်၊ သံဃာ နည်းတယ်။ အဲဒီ ဘုရားနည်း၊ တရားနည်း၊ သံဃာနည်းတဲ့ နိုင်ငံမှာ လူဖြစ်ရတာကတော့ ဝမ်းနည်းစရာကောင်းပါတယ်။

ဒါကြောင့် ဦးပဥ္ဇင်းက ဘုရားပေါ၊ တရားပေါ၊ သံဃာပေါတဲ့ ကိုယ့်မြန်မာနိုင်ငံမှာ လူဖြစ်ရတာ ဝမ်းသာစရာ ဂုဏ်ယူစရာကောင်းတယ်လို့ ပြောမိတာပါ။

ဒီတော့ တရားနာပရိသတ်၊ ဘုရားပေါ၊ တရားပေါ၊ သံဃာပေါတဲ့ ကိုယ့်မြန်မာနိုင်ငံမှာ လူဖြစ်ရတာ ဝမ်းသာစရာ ဂုဏ်ယူစရာမကောင်းဘူးလား။

(ကောင်းပါတယ်ဘုရား)

http://www.dhammadownload.com



ဘုရားနည်း၊ တရားနည်း၊ သံဃာနည်းတဲ့ နိုင်ငံတွေမှာ လူဖြစ်ရတာ ဝမ်းနည်းစရာမကောင်းဘူးလား။

(ဝမ်းနည်းစရာကောင်းပါတယ်ဘုရား)

ဦးပဥ္စင်း စင်္ကာပူနိုင်ငံရောက်တော့ အဲဒီလိုနှိုင်းယှဉ်ပြီး တရားကဗျာ တရားလင်္ကာလေးတွေ ရေးမိတယ်။

ကဲ- အဲဒီလင်္ကာလေးတွေ လိုက်ဆိုကြ

* ဘုရားပေါရာ၊ လူဖြစ်လာ၊ တို့မှာ ဝမ်းသာဖွယ်။
* တရားပေါရာ၊ လူဖြစ်လာ၊ တို့မှာ ဝမ်းသာဖွယ်။
* သံဃာပေါရာ၊ လူဖြစ်လာ၊ တို့မှာ ဝမ်းသာဖွယ်။
* ဘုရားပေါရာ၊ လူဖြစ်လာ၊ တို့မှာ ဂုဏ်ယူဖွယ်။
* တရားပေါရာ၊ လူဖြစ်လာ၊ တို့မှာ ဂုဏ်ယူဖွယ်။
* သံဃာပေါရာ၊ လူဖြစ်လာ၊ တို့မှာ ဂုဏ်ယူဖွယ်။
* ဘုရားနည်းရာ၊ လူဖြစ်တာ၊ များစွာ ဝမ်းနည်းဖွယ်။
* တရားနည်းရာ၊ လူဖြစ်တာ၊ များစွာ ဝမ်းနည်းဖွယ်။
* သံဃာနည်းရာ၊ လူဖြစ်တာ၊ များစွာ ဝမ်းနည်းဖွယ်။

မြန်မာနိုင်ငံမှတစ်ပါး စင်္ကာပူနိုင်ငံနဲ့ အခြားသောနိုင်ငံတွေမှာ ဘုရားနည်း၊ တရားနည်း၊ သံဃာနည်းတဲ့အပြင် ဘုရား တရား သံဃာဆိုတဲ့ အသံကိုပင် ကြားရဖို့ရန် မလွယ်ကူဘူးနော်။

(မှန်လှပါဘုရား)

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

* ဘုရားအသံ၊ ကြားဖို့ရန်၊ အမှန်မလွယ်ပြီ။
* တရားအသံ၊ ကြားဖို့ရန်၊ အမှန်မလွယ်ပြီ။
* သံဃာအသံ၊ ကြားဖို့ရန်၊ အမှန်မလွယ်ပြီ။

ကဲ- ဘုရားအနေကဗာတင်သဘင် ဆင့်ယင်ကျင်းပပူဇော်ကြတဲ့ ဘုရား ဒကာ ဒကာမတွေနဲ့တကွ တရားနာနေကြတဲ့ ဒကာ ဒကာမတွေကို ဟောလိုက်တဲ့တရားက ဘာတရားတဲ့လဲ။

(အပါယ်မရောက် အပါယ်မကြောက်တရားပါဘုရား)

http://www.dhammadownload.com



အေး– မှတ်မိတယ်နော်။

(မှတ်မိပါတယ် ဘုရား)

အေး မှတ်မိရင် စတုတ္ထပြဟ္မာကြီး လျှောက်ထားတဲ့ ဂါထာနဲ့ပဲ တရား သိမ်းကြရအောင်၊ အားလုံးလက်အုပ်ချီကြ။

ယေ ကေစိ ဗုဒ္ဓံ သရဏံ ဂတာသေ၊

နတေ ဂမိဿန္တိ အပါယဘူမိံ။

ပဟာယ မာနုသံ ဒေဟံ၊

ဒေဝကာယံ ပရိပူရေဿန္တိ။

(သုတ်မဟာဝါပါဠိတော်၊ ၂၀၄)

ယေကေစိ– အကြင်အမှတ်မရှိ များဘိသိမ်းခြုံ အလုံးစုံကုန်သောပုဂ္ဂိုလ်တို့သည်၊ ဗုဒ္ဓံ– မြတ်စွာဘုရားကို၊ သရဏံ– မြတ်နိုးကြည်ဖြူ ကိုးကွယ်အားထားရာဟူ၍၊ ဂတာသေ– ယုံမှားကင်းစင်၊ ဉာဏ်အမြင်ဖြင့်၊ အမှန်ပင် လေးမြတ်ရှိရှိသေသေ ဆည်းကပ်ကြလေကုန်ပြီ။ တေ– ထိုပုဂ္ဂိုလ်တို့သည်၊ အပါယဘူမိံ– ချမ်းသာသုခ ဟူသမျှတို့ မုချကင်းကုန် အပါယ်လေးဘုံသို့၊ နဂမိဿန္တိ– မလား မရောက်ကြကုန်လတ္တံ့၊ (ရောက်ကြတော့မှာ မဟုတ်)၊ မာနုသံ– မှန်စွာ စင်စစ် လူ၌ဖြစ်သော၊ ဒေဟံ– ခန္ဓာကိုယ်ကို၊ ပဟာယ– ပယ်စွန့်ရသည်ရှိသော်၊ ဒေဝကာယံ– နတ်အပေါင်းကို၊ (ဝါ) နတ်တို့၏ခန္ဓာကိုယ်ကို၊ ပရိပူရေဿန္တိ– ပြည့်စေကြကုန်လတ္တံ့၊ (ဝါ) ပြည့်စေနိုင်ကြလေကုန်သတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

မှတ်ချက်။ ။ တရားပွဲတိုင်း၊ ဘုရားအနေကဇာတင်ပွဲတိုင်း၊ ဘုရားဆွမ်းကပ်၊ ပန်းကပ်၊ ရေချမ်းကပ်၊ ဆီမီးကပ်၊ သင်္ကန်းကပ်ပွဲတိုင်း၊ ဘုရားအလှူပွဲတိုင်း၊ ညောင်ရေသွန်းပွဲတိုင်း၊ ဘုရားအား လှူဒါန်းသော ကုသိုလ်ပွဲတိုင်း ဟောကြားနိုင်ပါသည်။

တရားအမည်ပေးရာ၌

အပါယ်မရောက် + နတ်ပြည်ရောက်တရားတော်။

အပါယ်မသွား + နတ်ပြည်သွား တရားတော်၊

ဘုရားကိုးကွယ် + တန်ခိုးထည် တရားတော်၊

တန်ခိုးကြီးချင် + ဘုရားအနေကဇာတင်ပါ တရားတော်၊

http://www.dhammadownload.com



အပါယ်မလားချင် ဘုရားအနေကဓာတင်ပါ တရားတော်၊
နတ်ပြည်သွားချင် ဘုရားအနေကဓာတင်ပါ တရားတော်၊
လူ့ကိုယ်စွန့်ခွာ နတ်တို့ရွာသွား တရားတော်၊
လူ့ကိုယ်စွန့်ပယ် နတ်တို့နယ်သွား တရားတော်၊
လူ့ကိုယ်စွန့်က နတ်ကိုယ်ရ တရားတော်၊
လူ့ကိုယ်စွန့်တော့ နတ်ကိုယ်ပေါ့ တရားတော်၊

အဟောင်းစွန့်ပစ် အသစ်ရသွားတရားတော် စသည်ဖြင့် အမည်ပေးကာ ဟောကြားနိုင်ပါသည်။

**အပါယ်မရောက် အပါယ်မကြောက် တရားတော် ပြီးပြီ။**

http://www.dhammadownload.com

ခုဒ္ဒကနိကာယ်၊ ဗုဒ္ဓဝံသအဋ္ဌကထာ ဒီပင်္ကရဗုဒ္ဓဝံသ
ဝဏ္ဏနာ၌လာသော ဂါထာတစ်ပုဒ်ကို တန်ဆာဆင်၍
ဟောကြား ပြောကြားအပ်သော

# တရားကိုးကွယ်+ အပါယ်မလား တရားတော်

ဒီနေ့ တရားအလှူရှင် ဒကာကြီး ဦး ( ) တရားအလှူရှင် ဒါယိကာမကြီး ဒေါ် ( ) မိသားစုတို့ရဲ့ တရားပွဲမှာ ဟောကြားမည့်တရားတော်က "တရားကိုးကွယ် အပါယ်မလား" တရားတော်တဲ့။

ဘာတရားတဲ့လဲ။

(တရားကိုးကွယ် မပါယ်မလား တရားတော်ပါဘုရား)

ဦးပဉ္စင်းတို့ တရားဟောနိုင်အောင်၊ တရားဟောပြောခွင့်ရအောင် ဒကာဒကာမတွေ တရားနာကြားခွင့်ရအောင်၊ တရားအလှူရှင်အဖြစ် ခံယူပြီး တရားပွဲအတွက် အကုန်အကျတွေ လှူဒါန်းပူဇော်ပေးလိုက်တာဟာ တရားကိုးကွယ်တာပါပဲ။

အဲဒီလို တရားကိုးကွယ်တဲ့ တရားအလှူရှင်များများပေါ်ဖို့ လိုပါတယ်။ တရားအလှူရှင်များများပေါ်လာရင် တရားပွဲတွေ များများဖြစ်ပြီး တရားနာသူတွေမှာ အကျိုးများပါတယ်။

ဒီတော့ တရားနာပရိသတ်၊ တရားအလှူရှင်တွေကြောင့် တရားပွဲ ဖြစ်လာပြီး တရားဟောခွင့်၊ တရားနာခွင့်တွေ ရကြတာဆိုတော့ တရားအလှူရှင်တွေကို ကျေးဇူးတင်သင့်တယ်နော်။

(မှန်လှပါဘုရား)

တရားဟောသူကိုရော။

(ကျေးဇူးတင်သင့်ပါတယ်ဘုရား)

တရားနာသူကိုရော။

(ကျေးဇူးတင်သင့်ပါတယ်ဘုရား)

http://www.dhammadownload.com



တရားပွဲဖြစ်မြောက်အောင် ကိုယ်အား၊ ဉာဏ်အားစွမ်းပကားတွေနဲ့ ဆောင်ရွက်ကြသူတွေကိုရော။

(ကျေးဇူးတင်သင့်ပါတယ်ဘုရား)

ဒီလိုဆိုရင် "အားလုံးကိုပင် ကျေးဇူးတင်" တရားတော်လို့ အမည်ပေးလိုက်ရင် မကောင်းဘူးလား။

(ကောင်းပါတယ်ဘုရား)

ကဲ- "တရားကိုးကွယ် အပါယ်မလား" ဆိုတဲ့ တရားတော်ကို စပြီးတော့ ဟောကြ နာကြရအောင် တရားနာ။

ယေကေစိ ဓမ္မံ သရဏံ ဂတာသေ၊
နတေ ဂမိဿန္တိ အပါယဘူမိံ။
ပဟာယ မာနုသံ ဒေဟံ၊
ဒေဝကာယံ ပရိပူရေဿန္တိ။

(ဗုဒ္ဓဝံသအဋ္ဌကထာ၊ ၁၄၈)၊ (ဓာ ဋ္ဌ၊ ၁၁၃)

ယေကေစိ- အကြင်အမှတ်မရှိ များဘိသိမ်းခြုံ အလုံးစုံကုန်သောပုဂ္ဂိုလ်တို့သည်၊ ဓမ္မံ- မဂ်လေး၀ ဖိုလ်လေးတန်၊ နိဗ္ဗာန် + ပရိယတ် ဆယ်ပါးသော တရားတော်မြတ်ကို၊ သရဏံ- မြတ်နိုးကြည်ဖြူ ကိုးကွယ်အားထားရာဟူ၍၊ ဂတာသေ- ယုံမှားကင်းစင် ဉာဏ်အမြင်ဖြင့် အမှန်ပင်လေးမြတ် ရှိရှိသေသေ ဆည်းကပ်ကြလေကုန်ပြီ။ တေ- တရားကိုပင် တအားခင်၍ မှားစင်ချစ်ပို ထိုပုဂ္ဂိုလ်တို့သည်၊ အပါယဘူမိံ- ချမ်းသာဟူဘိ အမှန်မရှိကုန် အပါယ်လေးဘုံသို့၊ နဂမိဿန္တိ- မမှားမသွေ မလားမရောက်ကြပေကုန်လတ္တံ့။

မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်တစ်ပါး၊ ပရိယတ်တစ်ပါးရယ်လို့ တရားတော်ဆယ်ပါးရှိတယ်။ အဲဒီတရားတော်ဆယ်ပါးကို ကိုးကွယ်တဲ့သူတွေဟာ အပါယ်လေးဘုံကို မလား မရောက်ရဘူးလို့ သေသေချာချာ မှတ်သားကြပါ။

ဒီနေ့တရားအလှူ၊ တရားဟော၊ တရားနာ၊ တရားကျင့်၊ တရားဆွေးနွေးနေကြသူတွေဟာ တရားကို ကိုးကွယ်နေကြသူတွေဆိုတော့ အပါယ်လေးပါးကို လားနိုင်ပါဦးမလား။

(မလားနိုင်တော့ပါဘူးဘုရား)

http://www.dhammadownload.com



ဒါဆိုရင် ဒီနေ့ဟောလိုက်တဲ့တရားက ဘာတရားတဲ့လဲ။

(တရားကိုးကွယ် အပါယ်မလား တရားတော်ပါ ဘုရား)

"တရားကိုးကွယ် အပါယ်မလားဘူး" ဆိုတော့ တရားမကိုးကွယ်သူတွေ ကျတော့ စိတ်ချရပါ့မလား။

(စိတ်မချရပါဘူးဘုရား)

အေး ဒါ့ကြောင့် ဦးပဥ္စင်းတို့က "တရားလူဆိုရင် စိတ်ချရတယ်၊ အခြားလူဆိုရင် စိတ်မချရဘူး" လို့ ခဏခဏသတိပေးပြောဟောမိပါတယ်။

ဒီနေ့တရားအလှူရှင်တွေ၊ တရားနာသူတွေက တရားလူလား အခြားလူ လား။

(တရားလူပါဘုရား)

တရားလူဆိုရင်

(စိတ်ချရပါတယ် ဘုရား)

အခြားလူဆိုရင်

(စိတ်မချရပါဘူးဘုရား)

ဒီတော့ တရားနာပရိသတ် "တရားကိုးကွယ် စိတ်ချဖွယ်" တရားတော်လို့ အမည်ပေးရင် ရတယ်နော်။

(မှန်လှပါဘုရား)

ဒီနေ့ တရားဟော၊ တရားနာ၊ တရားအလှူ၊ တရားကျင့်တဲ့ ကုသိုလ်တွေ ဟာ စိတ်ချရတဲ့ ကုသိုလ်တွေပါ၊ ဘာကုသိုလ်တွေတဲ့လဲ။

(စိတ်ချရတဲ့ ကုသိုလ်တွေပါဘုရား)

ကဲ– ကဗျာလင်္ကာလေးတွေလိုက်ဆိုကြ

*ဘုရားပြီးရင် တရားမြတ်ကို
မနားမပြတ် ထပ်ကိုးကွယ်။
*တရားမြတ်ကို ကိုးကွယ်ငြားက
အပါယ်မလားဘူး မှတ်ရမယ်၊
*တရားကိုးကွယ် အပါယ်မလားတဲ့
တကယ်တရားကို ဟောခဲ့တယ်။
*တရားအလှူရှင် အပါယ်မလားတဲ့

http://www.dhammadownload.com



တကယ်တရားကို ဟောခဲ့တယ်။
*တရားလှူရင် အပါယ်မလားတဲ့
တကယ်တရားကို ဟောခဲ့တယ်။
*တရားဟောရင် အပါယ်မလားတဲ့
တကယ်တရားကို ဟောခဲ့တယ်။
*တရားနာရင် အပါယ်မလားတဲ့
တကယ်တရားကို ဟောခဲ့တယ်။
*တရားကျင့်ရင် အပါယ်မလားတဲ့
တကယ်တရားကို ဟောခဲ့တယ်။
*တရားပွဲတွေ ဖြစ်မြောက်ရေးကို
တကယ်မနေး ကြိုးစားကွယ်။
(ကြိုးစားကွယ် ကြိုးစားကွယ်။)

ကဲ- တရားကိုးကွယ်သူတွေ အပါယ်မလားတော့ ဘယ်ကိုရောက်နိုင်တယ်ဆိုတာ ဆက်ပြီး ဟောကြ နာကြပါစို့။

မာနုသံ- မှန်စွာစင်စစ် လူ၌ဖြစ်သော၊ ဒေဟံ- ခန္ဓာကိုယ်ကို၊ ပဟာယ- ပယ်စွန့်ရသည်ရှိသော်၊ ဒေဝကာယံ- နတ်အပေါင်းကို၊ (ဝါ) နတ်တို့၏ခန္ဓာကိုယ်ကို ပရိပူရေဿန္တိ- ပြည့်စေကြကုန်လတ္တံ့။

တရားကိုးကွယ်ကြတဲ့လူတွေရဲ့ လူ့ဘဝ လူ့ခန္ဓာကိုယ်ကြီး ပယ်စွန့်ရတဲ့ အခါမှာ နတ်ပြည်လောက ဘုံဘဝကို ရောက်ရပြီးတော့ နတ်တွေရဲ့ခန္ဓာကိုယ်ကို ရရှိတယ်။ နတ်စည်းစိမ်တွေကို ပြည့်ပြည့်ဝဝ နေ့နေ့ညည ခံစားရတယ်နော်။

(မှန်လှပါဘုရား)

ကဲ- ကဗျာလင်္ကာလေးလိုက်ဆိုကြ
*တရားကိုးကွယ် လူအများတို့
သေသွားကြတဲ့ချိန်အခါ။
*နတ်ခန္ဓာကိုယ် အမှန်ရလို့
နတ်ဘဝကို ရောက်သွားရှာ၊
*နတ်စည်းစိမ်တွေ ပြည့်ပြည့်ဝဝ
နေ့နေ့ညည ခံစားရှာ၊

http://www.dhammadownload.com



*တရားကိုးကွယ် အပါယ်မလားဘဲ
တကယ်သွားရ ထက်နတ်ရွာ၊
*အဲဒါကြောင့်လေ မြတ်တရားကို
ထပ်မနားဘဲ ကိုးကွယ်ပါ။
(ကိုးကွယ်ပါ၊ ကိုးကွယ်ပါ။)

နောက်ပြီးတော့ "ဓမ္မဿ ပူဇံ မဟာပညဝန္တော" တဲ့။ ဓမ္မဿ- တရားရတနာအား၊ ပူဇံ- ပူဇော်ခြင်းသည်၊ မဟာပညဝန္တော- ကြီးသောပညာ ရှိနိုင်ပါပေ၏။

တရားရတနာအား ပူဇော်ခြင်းဟာ ဖြစ်လေရာဘဝတိုင်းမှာ ပညာကြီးရဲ တယ်။ ဒီနေ့ တရားအလှူရှင်တွေဟာ တရားရတနာအား ပူဇော်ချီးမြှောက် ကြတာဆိုတော့ ဘဝတိုင်း လောကီ လောကုတ္တရာ ပညာတွေ ကြီးမားကြ မယ်နော်။

(မှန်လှပါဘုရား)

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ
*တရားကိုးကွယ်၊ ပညာကြွယ်၊ အပါယ်မလားပါ။
*တရားကိုးကွယ်၊ ပညာကြွယ်၊ အပါယ်မရောက်ပါ။
*တရားကိုးကွယ်၊ ပညာကြွယ်၊ ရောက်မယ်ထက်နတ်ရွာ။

## ဘယ်လိုပူဇော်တရားတော်

ဘုရားလက်ထက်က ပုဏ္ဏားကြီးတစ်ယောက်မှာ ဘယ်လိုအကြံဖြစ်နေ သလဲဆိုတော့ ဘုရားကို ပူဇော်တာ သံဃာကိုပူဇော်တာကတော့ ထင်ရှားပါ တယ်။ တရားရတနာကို ဘယ်လိုဘယ်ပူဇော်ရမလဲ၊ ဒီလိုအကြံဖြစ်နေတယ်နော်။

(မှန်လှပါဘုရား)

အဲဒီလို တရားရတနာကို ဘယ်လိုပူဇော်ရမယ်ဆိုတာ မသိတဲ့အတွက် မြတ်စွာဘုရားထံသွားပြီး မေးလျှောက်ပါတယ်။ မြတ်စွာဘုရားက "ပုဏ္ဏားကြီး တရားရတနာကို ပူဇော်ချင်ရင် အကြားအမြင် ဗဟုသုတရှိတဲ့ ရဟန်းတစ်ပါးကို သွားပြီးတော့ ပူဇော်ပါ" လို့ မိန့်တော်မူပါတယ်။

ပုဏ္ဏားကြီးက မြတ်စွာဘုရား အကြားအမြင်ဗဟုသုတရှိတဲ့ ရဟန်းကို

http://www.dhammadownload.com



ညွှန်ကြားတော်မူပါလို့ လျှောက်တော့မြတ်စွာဘုရားက ရဟန်းသံဃာသွားမေးပါလို့ မိန့်တော်မူလိုက်ပြန်ပါတယ်။

ပုဏ္ဏားကြီးက ရဟန်းသံဃာထံသွားပြီး မေးလျှောက်တော့ ရဟန်းသံဃာတွေက အကြားအမြင်ဗဟုသုတ တေဒဂ်ရတော်မူတဲ့ အရှင်အာနန္ဒာကို ညွှန်းလိုက်ပါတယ်။

ပုဏ္ဏားကြီးက တရားတော်ကို ပူဇော်တဲ့အနေနဲ့ အရှင်အာနန္ဒာကို အသပြာ တစ်ထောင်ထိုက်တဲ့ သင်္ကန်းနဲ့ ပူဇော်ပါတယ်။

(ပါထိက ၄ ၉၁)

ဒီတော့ တရားနာပရိသတ် တရားကို ပူဇော်ချင်ရင် အကြားအမြင်ဗဟုသုတရှိတဲ့ ဘုရားဟောတော်မူထားတဲ့ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ ကျမ်းဂန်စာပေအထွေထွေကို သိတတ်တော်မူကြတဲ့ စာချ စာသင် သံဃာတော်အရှင်သူမြတ်တွေကို ပူဇော်ရမယ်နော်။

(မှန်လှပါဘုရား)

စာတတ်တဲ့ သံဃာတော်တွေ၊ စာမေးပွဲတွေမှာ အထူးအောင်မြင်တော်မူကြတဲ့ ကိုရင်တွေ၊ ရဟန်းတွေကို ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးနဲ့ ပူဇော်လိုက်ရင် စာအုပ်စာပေ အထွေထွေကို ဝယ်ယူပြီး လှူဒါန်းကော်ရော် ပူဇော်လိုက်ရင် တရားရတနာကို ပူဇော်ရာရောက်သွားတယ်နော်။

(မှန်လှပါဘုရား)

ယနေ့ တရားဟောနေတဲ့ ရဟန်းသံဃာတွေကို ပူဇော်လိုက်ခြင်းဟာ ဘာပူဇာတဲ့လဲ။

(တရားပူဇာပါဘုရား)

အေး၊ ဟုတ်ပြီ။ တရားတော်ကို ပူဇော်ချင်ရင် ဘာကိုပူဇော်ရမတဲ့လဲ။

(ဗဟုသုတရှိတဲ့ သံဃာတော်ကို ပူဇော်ရမှာပါဘုရား)

ကဲ- အဲဒီအကြောင်းအရာတွေကို ကောင်းစွာစုပေါင်းရေးစပ်ထားတဲ့ တရားကဗျာ၊ တရားလင်္ကာလေးတွေ လိုက်ဆိုကြ

* ဘုရား + သံဃာ ပူဇော်တာ၊ မှန်စွာထင်ရှားတယ်။

* တရားရတနာ၊ ပူဇော်တာ၊ ဘယ်လိုပါလဲကွယ်။

* မထင်မရှား ဖြစ်နေပြား၊ ပုဏ္ဏားမေးလျှောက်တယ်။

http://www.dhammadownload.com



* အကြားအမြင်၊ ရှိသူပင်၊ အစဉ်ပူဇော်သော်။
* တရားရတနာ၊ ပူဇော်ရာ၊ မှန်စွာရောက်တယ်နော်။

တစ်နည်းကဗျာ မှတ်စရာ

* ဟိုးရှေးတုန်းက ပုဏ္ဏားကြီး
ရှင်တော်ဗုဒ္ဓ ထံသွားပြီး၊
* မြတ်စွာဘုရားနဲ့ သားသံဃာ
ပူဇော်မှုက ထင်ရှားတာ၊
* ရှင်တော်ဟောပြ မြတ်တရား
ပူဇော်မှုက မထင်ရှား၊
* တရားတော်မြတ် ပူဇော်ချင်
မြတ်ဘုရားထံ မေးလျှောက်လျှင်၊
* တရားတော်မြတ် ပူဇော်လို
မြတ်ဘုရားထံ မေးလျှောက်ဆို၊
* ရှင်တော်ဗုဒ္ဓ မြတ်ဘုရား
ကြားမြင်ရှိသူ ဟောညွှန်ကြား၊
* ကြားမြင်ရှိသူ ညွှန်ကြားပါ
ပုဏ္ဏားကြီးက ထပ်လျှောက်ရှာ၊
* သံဃာတော်ကို သွားလျှောက်မေး
မြတ်ဘုရားက အမိန့်ပေး၊
* ပုဏ္ဏားကြီးက မြတ်သံဃာ
သွားကာလျှောက်လို့ မေးသောခါ၊
* ကြားမြင်သုတ တကယ်များ
အာနန္ဒာကို ဟောညွှန်ကြား၊
* ပုဏ္ဏားကြီး ရှင်အာနန်
တစ်ထောင်တန်နဲ့ ပူဇော်ပြန်။

ကဲ– ဒီနေ့တရားဒါယကာ ဦး (  )၊ တရားဒါယိကာမ ဒေါ် (  ) မိသားစုတို့ရဲ့ တရားပွဲမှာ ဟောကြားလိုက်တဲ့ တရားက ဘာတရားတဲ့လဲ။

(တရားကိုးကွယ် အပါယ်မလား တရားတော်ပါဘုရား)

http://www.dhammadownload.com



အေး ဟုတ်ပြီ၊ အဲဒီတော့ ဒီ (တရားကိုးကွယ် အပါယ်မလား) ဆိုတဲ့ တရားတော်ကို ပုဏ္ဏားကြီးရဲ့ ဓမ္မရတနာပူဇော်ပုံနဲ့ တရားသိမ်းကြရအောင်၊ အားလုံးလက်အုပ်ချီကြ

ဇာဏော ကိရ ဗြာဟ္မဏော စိန္တေသိ "ဗုဒ္ဓရတနဿစ သံဃရတနဿစ ပူဇာ ပညာယတိ၊ ကထံ နုခေါ ဓမ္မရတနံ ပူဇိတံ ဟောတိ" တိ။

(ပါထိက ၄ ၉၁)

ကိရ– ကြားဖူးသည်ကို ဆိုလိုက်ပါဦးအံ့၊ ဇာဏောဗြာဟ္မဏော– ပုဏ္ဏား တစ်ယောက်သည်၊ "ဗုဒ္ဓရတနဿစ– ဘုရားရတနာအားလည်းကောင်း၊ သံဃ ရတနဿစ– သံဃာရတနာအားလည်းကောင်း၊ ပူဇာ– ပူဇော်ခြင်းသည်၊ ပညာယတိ– ထင်ရှား၏၊ ကထံ– အဘယ်သို့၊ ဓမ္မရတနံ– တရားရတနာကို၊ ပူဇိတံနာမ– ပူဇော်အပ်သည်မည်သည်၊ ဟောတိနုခေါ– ဖြစ်လေသနည်း၊ ဣတိ– ဤသို့၊ စိန္တေသိ– ကြံစည်မိလေပြီ။

သော– ဘဂဝန္တံ ဥပသင်္ကမိတွာတမတ္ထံ ပုစ္ဆိ။

သော– ထိုပုဏ္ဏားသည်၊ ဘဂဝန္တံ– မြတ်စွာဘုရားကို၊ ဥပသင်္ကမိတွာ– ချဉ်းကပ်၍၊ တမတ္ထံ– ဤအကြောင်းကို၊ ပုစ္ဆိ– မေးလျှောက်၏။

ဘဂဝါအာဟ "သစေပိ ဗြာဟ္မဏ ဓမ္မရတနံ ပူဇေတုကာမော၊ ဧကံ ဗဟုဿုတံ ပူဇေဟီ"တိ။

ဘဂဝါ– မြတ်စွာဘုရားသည်၊ "ဗြာဟ္မဏ– ပုဏ္ဏား၊ ဓမ္မရတနံ– တရားရတနာကို၊ ပူဇေတုကာမော– ပူဇော်ခြင်းငှာ အလိုရှိသည်၊ သစေပိဟောတိ– အကယ်၍လည်း ဖြစ်ငြားအံ့၊ ဧကံ– တစ်ပါးသော၊ ဗဟုဿုတံ– အကြားအမြင် ဗဟုသုတရှိတဲ့ ရဟန်းကို၊ ပူဇေဟိ– ပူဇော်လိုက်စမ်းပါ" ဣတိ– ဤသို့၊ အာဟ– မိန့်တော်မူပြီ။

ဗဟုဿုတံ ဘန္တေ အာစိက္ခထာတိ။

ဘန္တေ– မြတ်စွာဘုရား၊ ဗဟုဿုတံ– အကြားအမြင် ဗဟုသုတရှိတဲ့ ရဟန်းကို၊ အာစိက္ခထ– မိန့်ကြားတော်မူပါကုန်၊ ဣတိ– ဤသို့လျှောက်ပြီး

ဘိက္ခုသံဃံ ပုစ္ဆာတိ။

ဘိက္ခုသံဃံ– ရဟန်းသံဃာကို၊ ပုစ္ဆ– မေးလော၊ ဣတိ– ဤသို့မိန့်တော် မူပြီ။

သော ဘိက္ခုသံဃံ ဥပသင်္ကမိတွာ "ဗဟုဿုတံ ဘန္တေ အာစိက္ခထာ" တိ အာဟ။

http://www.dhammadownload.com



သော– ထိုပုဏ္ဏားသည်၊ ဘိက္ခုသံဃံ– ရဟန်းသံဃာသို့၊ ဥပသင်္ကမိတွာ– ချဉ်းကပ်၍၊ "ဘန္တေ– အရှင်ဘုရားတို့၊ ဗဟုသုတံ– အကြားအမြင် ဗဟုသုတ ရှိတဲ့ ရဟန်းကို၊ အာစိက္ခထ– မိန့်ကြားတော်မူပါကုန်၊ (ဝါ) ညွှန်ကြားတော်မူပါ ကုန်" ဣတိ– ဤသို့၊ အာဟ– လျှောက်ပြီ။

အာနန္ဒတ္ထေရော ဗြာဟ္မဏာတိ။

ဗြာဟ္မဏ– ပုဏ္ဏား၊ အာနန္ဒတ္ထေရော– အာနန္ဒာထေရ်ဖြစ်တယ်၊ ဣတိ– ဤသို့မိန့်ပြီ။

ဗြာဟ္မဏော ထေရံ သဟဿဂ္ဃနိကေန တိစီဝရေန ပူဇေသိ။

ဗြာဟ္မဏော– ပုဏ္ဏားကြီးသည်၊ ထေရံ– အရှင်အာနန္ဒာမထေ ်မြတ်ကို၊ သဟဿဂ္ဃနိကေန– အဖိုးတစ်ထောင်တန်သော၊ တိစီဝရေန– သင်္ကန်းဖြင့်၊ ပူဇေသိ– ပူဇော်ပြီ၊ (ဝါ) ကောင်းစွာအားရ သဘောကျကာ ပူဇော်လိုက်ပါပေပြီ တကား။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

မှတ်ချက်။	။ တရားပူဇော်ပွဲတိုင်း၊ တရားစာအုပ် ပိဋကတ်သုံးပုံ လှူဒါန်းပွဲတိုင်း၊ စာအောင်သံဃာဂုဏ်ပြုပူဇော်ပွဲတိုင်း၊ ဘွဲ့တံဆိပ်ရ ဂုဏ်ပြု ပူဇော်ပွဲတိုင်း ဟောကြားနိုင်ပါသည်။

တရားအမည်ပေးရာ၌
တရားကိုးကွယ် ပညာကြွယ် တရားတော်၊
တရားကိုးကွယ် စိတ်ချမ်းဖွယ် တရားတော်၊
တရားပူဇော် ပညာကျော်တရားတော်၊
တရားကိုချစ် နတ်ပြည်ဖြစ် တရားတော်၊
တရားလှူက နတ်ဖြစ်ရ တရားတော် စသည်အမည်ပေးကာ ဟောကြားပါ။

တရားကိုးကွယ် အပါယ်မလား တရားတော်ပြီး၏။

http://www.dhammadownload.com

ခုဒ္ဒကနိကာယ်၊ ဓမ္မပဒအဋ္ဌကထာ ဒီပက်ရာဓမ္မပဒဝဏ္ဏနာ၌လာသော ဂါထာတစ်ပုဒ်ကို တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# သံဃာလှူပေး+ အပါယ်ဝေး တရားတော်

ဒီနေ့ ဘုရားအမှူးရှိတဲ့ သံဃာတော်အရှင်မြတ်တို့အား ဆွမ်းကပ်ကြတဲ့ ဆွမ်းဒါယကာကြီး ဦး ( )၊ ဆွမ်းဒါယိကာမကြီး ဒေါ် ( ) မိသားစုတို့ရဲ့ ဆွမ်းကပ်ပွဲမှာ ဟောကြားမည့်တရားတော်က "သံဃာလှူပေး အပါယ်ဝေး" တရားတော်တဲ့။

ကဲ- စပြီးတော့ ဟောကြ နာကြရအောင်

ယေကေစိ သံဃံ သရဏံ ဂတာသေ၊
နတေ ဂမိဿန္တိ အပါယဘူမိံ။
ပဟာယ မာနုသံ ဒေဟံ၊
ဒေဝကာယံ ပရိပူရေဿန္တိ။

(ဓမ္မပဒ ဋ္ဌ ၁၄၈၊ ဇာ ဋ္ဌ ၁၊ ၁၁၃)

ယေကေစိ- အကြင်အမှတ်မရှိ များဘိသိမ်းခြုံ အလုံးစုံကုန်သော ပုဂ္ဂိုလ်တို့သည်၊ သံဃံ- အရိယာ သမ္မုတိ နှစ်ခုရှိကောင်း သံဃာတော်အပေါင်းကို၊ သရဏံ- မြတ်နိုးကြည်ဖြူ ကိုးကွယ်အားထားရာဟူ၍၊ ဂတာသေ- ယုံမှားကင်းစင် ဉာဏ်အမြင်ဖြင့် အမှန်ပင်လေးမြတ် ရိုရိုသေသေ ဆည်းကပ်ကြလေကုန်ပြီ၊ တေ- သံဃာကိုပင်၊ မှန်စွာခင်၍ အလွန်ချစ်ပို ထိုပုဂ္ဂိုလ်တို့သည်၊ အပါယဘူမိံ- ချမ်းသာဟူဘိ အမှန်မရှိကုန် အပါယ်လေးဘုံသို့ နဂမိဿန္တိ- အမှန်မသွေ မရောက်ကြပေကုန်လတ္တံ့။

အရိယာသံဃာ- သမ္မုတိသံဃာဆိုတဲ့ သံဃာတော်အပေါင်းကို ဆည်းကပ်ကိုးကွယ်ကြသူတွေဟာ အပါယ်လေးဘုံကို မရောက်ကြရဘူးတဲ့။

ဒီနေ့ ဆွမ်းဒကာ ဆွမ်းဒကာမတွေဟာ သံဃာတော်တွေကို ကိုးကွယ်ပြီးတော့ ဆွမ်းစတဲ့ အလှူတွေ ပေးမနေကြဘူးလား။

(ပေးနေကြပါတယ်ဘုရား)

http://www.dhammadownload.com



အေး ဟုတ်ပြီ၊ အဲဒီလိုသံဃာကို ဆွမ်းစတဲ့ အလှူတွေ ပေးလှူကြတဲ့ သူတွေဟာ အပါယ်လေးဘုံကို မရောက်နိုင်တော့ဘူးနော်။

(မှန်လှပါဘုရား)

သံဃာတော်ကို ဆွမ်းစတဲ့ အလှူ ပေးလှူကြတဲ့သူတွေဟာ အပါယ်လေးဘုံကို မရောက်ရဘူးဆိုတော့ အပါယ်နဲ့နီးတဲ့သူတွေလား၊ အပါယ်နဲ့ဝေးတဲ့သူတွေလား။

(အပါယ်နဲ့ဝေးတဲ့သူတွေပါ ဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်က ဘာတရားတဲ့လဲ။

(သံဃာလှူပေး အပါယ်ဝေးတရားတော်ပါ ဘုရား)

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

*တရားပြီးရင် သံဃာမြတ်ကို<br>
မှန်စွာမပြတ် ပေးလှူနော်။<br>
*အပါယ်ဆိုတာ တကယ်ဝေးဟု<br>
အလွယ်လေးပဲ မှတ်ကြနော်။<br>
*သံဃာ့ဂုဏ်ရည် အမှန်မှန်းလို့<br>
လှူကြတန်းကြ ရွှင်ပျော်ပျော်။<br>
*သံဃာ့ဂုဏ်ရည် မှန်းကာတလို့<br>
ဆွမ်းဒါနကို လှူပါနော်။<br>
*သံဃာလှူရင် အပါယ်ဝေးလို့<br>
တကယ်အေးဖို့ ဖြစ်ရာနော်။

ဆွမ်းစတဲ့ အလှူတွေ လှူတဲ့အခါမှာ ဘယ်လိုလှူရမတဲ့လဲ။

(သံဃာ့ဂုဏ်မှန်းပြီးတော့ လှူရမှာပါဘုရား)

ဒကာ ဒကာမတွေက အပါယ်နဲ့နီးချင်သလား၊ အပါယ်နဲ့ဝေးချင်သလား။

(အပါယ်နဲ့ဝေးချင်ပါတယ်ဘုရား)

အေး၊ အပါယ်နဲ့ဝေးချင်ရင် သံဃာကိုကြည်ညိုပြီး သံဃာကို လှူရမယ်နော်။

(မှန်လှပါဘုရား)

http://www.dhammadownload.com



## ဆွမ်းစားပင့်လျှင် မှတ်မိချင်

ကြုံကြိုက်တုန်း ပြောရဦးမယ်။ တစ်နေ့ အိမ်တစ်အိမ်မှာ ဆွမ်းကပ်တရား ဟောပြီးတော့ ဒကာကြီးတစ်ယောက်က "ဆရာတော်၊ တပည့်တော်ကို မမှတ်မိဘူးလား" လို့ လျှောက်ပါတယ်။

ဒီတော့ ဦးပဥ္စင်းက "ဒကာကြီးအိမ် ဆွမ်းစားတစ်ခါမှ မပင့်ဘူးတော့ မမှတ်မိဘူး ဒကာကြီး" လို့ပြောလိုက်ပါတယ်။

(အားလုံးရယ်ကြ)

ဟုတ်တယ်၊ တရားနာပရိသတ်၊ မရယ်ကြနဲ့၊ တကယ်ပြောတာ။

(ထပ်ရယ်ကြ)

တကယ်ပြောဆိုမှ ပိုဆိုးပြီး ထပ်ရယ်နေကြတယ်၊ ဒုက္ခပါပဲ။

အဲဒီ ဒကာကြီးက နောက်တော့ အိမ်ပင့်ဆွမ်းကပ်၊ တရားနာပြီး ပြန်ခါနီး ကျတော့ "ဆရာတော် မှတ်မိပါရဲ့လား" တဲ့။

ဒကာကြီးရဲ့အမည်၊ အိမ်နံပါတ်၊ လမ်းပါ အကုန်လုံးမှတ်မိသွားပြီလို့ ပြောလိုက်ရပါတယ်။ တကယ်ပြောတာပါ၊ ဆွမ်းစားပင့်မှ မှတ်မိတယ်၊ ဆွမ်းစားတောင်မှ တစ်နှစ်တစ်ခါလောက်ဆို သိပ်မမှတ်မိချင်ဘူး၊ ခဏခဏပင့်မှ မှတ်မိတယ်။

## ပိုနေလျှင် ကျောင်းယူချင်

မထူးပါဘူး၊ ကြုံတုန်း " ပို၍နေလျှင် ကျောင်းယူချင်" ဆိုတာလေး ဆက်ပြောပါရစေဦး။ တစ်ခါက ဆရာတော်ကြီးတစ်ပါးနဲ့ အိမ်တစ်အိမ်ကို ဆွမ်းစားလိုက်သွားတော့ ဆွမ်းစားပြီး အချိုပွဲဘုဉ်းပေးနေစဉ် အိမ်ရှင်ဒကာမကြီးက "ဆရာတော်ဘုရား ဘုဉ်းပေးလို့ ကောင်းပါရဲ့လား ဘုရား" လို့ လျှောက်တော့ အဲဒီဆရာတော်ကြီးက "အေး ဆွမ်း၊ ဆွမ်းဟင်း၊ အချိုပွဲ အကုန်လုံးကောင်းတယ်၊ ကောင်းလွန်းလို့ ဒကာမကြီးတို့အိမ်မှာ ပိုမယ်ထင်လျှင် (ပိုနေလျှင်) ကျောင်းကိုတောင် ထည့်ယူသွားချင်တယ်" လို့ ပြောတော့ ဒကာမကြီးက "ပိုပါတယ်ဘုရား" လို့ လျှောက်ပြီး ချိုင့်ကြီးချိုင့်ငယ်တွေနဲ့ ထည့်ပြီး ကျောင်းကို လှူလိုက်ပါတယ်။

ဦးပဥ္စင်းတို့ကတော့ လူငယ်တွေဆိုတော့ မျက်နှာတော်တော်လေးပူပြီး

http://www.dhammadownload.com



ရယ်မိပါတယ်။ ရဟန်းငယ်လေးငါးပါး ရယ်လိုက်တာ တော်တော်လေး အသံ ထွက်သွားပါတယ်။

အဲဒီရယ်တဲ့အသံ ဆရာတော်ကြီး ကြားသွားတော့ "ဟဲ့– ဦးပဥ္စင်းလေး တွေ မရယ်ကြနဲ့၊ မင်းတို့ ငါ့လို မကြီးသေးလို့၊ ငါ့လိုကြီးရင် အရှက်မရှိတော့ ဘူး" တဲ့။

(အားလုံးဝိုင်းရယ်ကြ)

ဟုတ်တယ်၊ အဲဒီဆရာတော်ကြီးပြောတာ တော်တော်မှန်တယ်။ ကျောင်း ထိုင်ဘုန်းကြီးဖြစ်လာတော့ ပြောရဲဆိုရဲ ရှိလာတယ်။ ဦးပဥ္စင်းက အဲဒီဆရာတော် ကြီး ပြောတဲ့ "ပို၍နေလျှင် ကျောင်းယူချင်" ဆိုတာလေးမှတ်ပြီးတော့ ဆွမ်းကပ် တဲ့အိမ်တွေက "ဆရာတော် ကောင်းပါရဲ့လား" လို့ မေးလျှောက်ပါက ဆရာ တော်ကြီး အကြောင်းနဲ့ ဆရာတော်ကြီးပြောတာဆိုပြီး ပြောပြတော့ လူတွေက တော်တော်သဘောကျကြတယ်။ ကျောင်းကိုလည်း ချိုင့်ကြီးချိုင့်ငယ်တွေနဲ့ ထည့်ပြီး လှူလိုက်ကြပါသေးတယ်။ တော်တော်အလိုက်သိကာ တော်တော် တော်တဲ့ ဒကာ ဒကာမတွေပါပဲ။

ကဲ– အဲဒီအကြောင်းလေးတွေကို အမှတ်တရ ကဗျာလင်္ကာလေးတွေ စီထားပါတယ်။ အားလုံးအတွက် အမှတ်တရဖြစ်အောင် လိုက်ဆိုကြ။

* ဆွမ်းစားပင့်လျှင်၊ မှတ်မိချင်၊ ပြောလျှင် ရယ်မောကြ။
* ပို၍နေလျှင်၊ ကျောင်းယူချင်၊ ပြောလျှင် ရယ်မောရ။
* ဆွမ်းစားပင့်လျှင်၊ မှတ်မိချင်၊ ပြောလျှင် ဆွမ်းပင့်ကြ။
* ပို၍နေလျှင်၊ ကျောင်းယူချင်၊ ပြောလျှင့် ထည့်လှူကြ။

ကဲ– ထားပါတော့လေ၊ သံဃာလှူလျှင် အပါယ်ဝေးတာနဲ့ ဆက်ပြီး ပြောလိုက်တာ တော်တော်လေး ရှည်သွားပြီ။

သံဃာလှူရင် အပါယ်မရောက်တော့ ဘယ်ကိုရောက်မယ်ဆိုတာ ဟော ကြ နာကြရအောင်။

မာနုသံ– မှန်စွာစင်စစ် လူ့ဘဝဖြစ်သော၊ ဒေဟံ– ခန္ဓာကိုယ်ကို၊ ပဟာယ– ပယ်စွန့်ရသည်ရှိသော်၊ ဒေဝကာယံ– နတ်အပေါင်းကို၊ (ဝါ) နတ်တို့၏ခန္ဓာကိုယ် ကို၊ ပရိပူရေဿန္တိ– ပြည့်စုံစေကြကုန်လတ္တံ့၊ (ဝါ)ပြည့်စေနိုင်ကြလေကုန် သတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

http://www.dhammadownload.com



သံဃာကိုးကွယ်၊ သံဃာလှူဒါန်းတဲ့ လူတွေရဲ့ ခန္ဓာကိုယ်ကြီး ပယ်စွန့်ပြီး သွားရတဲ့အခါမှာ နတ်ပြည်လောက ဘုံဘဝရောက်ရပြီးတော့ နတ်တွေရဲ့ခန္ဓာကိုယ်ကို ရရှိတယ်။ နတ်ပြည်မှာ နတ်စည်းစိမ်တွေ အပြည့်အဝခံစားရပါတယ်။

ဒီတော့ တရားနာပရိသတ်၊ သံဃာကိုးကွယ်၊ သံဃာကို အလှူပေးတဲ့သူတွေ အပါယ်ဘေးနဲ့ ဝေးပြီးတော့ ဘယ်ကိုရောက်ရသတဲ့လဲ။

(နတ်ပြည်ကို ရောက်ရပါတယ် ဘုရား)

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

* သံဃာလှူပေး၊ အပါယ်ဝေး၊ ရောက်အေး ထက်နတ်ပြည်။
* နတ်ကိုယ်ခန္ဓာ၊ နတ်တို့ရွာ၊ ရောက်ကာပျော်ရသည်။

နောက်ပြီးတော့ "သံဃဿ ပူဇံ မဟာဘောဂဝန္တော" တဲ့။

သံဃဿ- သံဃာတော်အား၊ ပူဇံ- ဆွမ်း၊ သင်္ကန်း၊ ကျောင်း ဆေး ပစ္စည်းလေးပါးတို့နဲ့ ပူဇော်ခြင်းသည်၊ မဟာဘောဂဝန္တော- များမြတ်ကြီးကျယ် စည်းစိမ်ဥစ္စာအသွယ်သွယ်တို့နှင့် ပြည့်စုံနိုင်ပါပေ၏။

သံဃာတော်အား ပစ္စည်းလေးပါးနဲ့ ပူဇော်ရင် ဘဝတိုင်း ပစ္စည်းဥစ္စာ ပေါများခြင်းနဲ့ ပြည့်စုံရတယ်။ ဒီတော့ တရားနာပရိသတ်၊ ပစ္စည်းဥစ္စာတွေ မပေါများချင်ဘူးလား။

(ပေါများချင်ပါတယ် ဘုရား)

အေး ပေါများချင်ရင် သံဃာတော်အား ပစ္စည်းလေးပါးနဲ့ ပူဇော်ရမယ် နော်။

(မှန်လှပါဘုရား)

ပစ္စည်းလေးပါးနဲ့ ပူဇော်တော့ ပစ္စည်းဥစ္စာတွေပေါများတဲ့ အကျိုးတွေ ရတာ ရှင်းပြီနော်။

(ရှင်းပါပြီဘုရား)

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

* သံဃာတော်အား၊ ပူဇော်ငြား၊ မှတ်သားဖြစ်လေရာ။
* ဥစ္စာပစ္စည်း၊ အသီးသီး၊ အပြီးပေါများမှာ။
* ပစ္စည်းနဲ့ပင်၊ ပူဇော်လျှင်၊ ပေါအင်ပစ္စည်းပါ။
* ကောင်းကျိုးအတူ၊ ရတော်မူ၊ မှတ်ယူသိစရာ။
* သံဃာတော်ဂုဏ်၊ အလုံးစုံ၊ ကြည်ယုံပူဇော်ပါ။

http://www.dhammadownload.com



ကဲ– ဒီနေ့ ဆွမ်းဒါယကာ၊ ဆွမ်းဒါယိကာမ မိသားစုတွေကို ဟောလိုက်တဲ့တရားက ဘာတရားတဲ့လဲ။

(သံဃာလှူပေး အပါယ်ဝေး တရားတော်ပါဘုရား)

အေး ဟုတ်ပြီ၊ ငါတို့သံဃာတော်တွေကို ဆက်ကပ်လိုက်ရတဲ့ ဆွမ်းဒါနကြီးသည် အပါယ်ဝေးတဲ့၊ အပါယ်မရောက်တဲ့ ကုသိုလ်ကြီးဖြစ်တယ်။ နတ်ပြည်လောက သုဂတိဘဝကို ရောက်ရတဲ့ကုသိုလ်ကြီးဖြစ်တယ်။ ဘဝတိုင်း ပစ္စည်းဥစ္စာ ရတနာ ရွှေငွေတွေနဲ့ ပြည့်စုံရတဲ့ ကုသိုလ်ကြီးဖြစ်တယ်လို့ နေ့နေ့ညညမမေ့ကြဘဲ အမြဲတစေ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေရမယ်နော်။

(မှန်လှပါဘုရား)

တရားသိမ်းကဗျာနဲ့ တရားသိမ်းကြရအောင်။ အားလုံး ညီညီညာညာလက်အုပ်ချီကြ။

## သံဃာလှူပေး အပါယ်ဝေး ကဗျာ

သံဃာလှူပေး၊ အပါယ်ဝေး၍၊ ရောက်အေးအတည်၊ ထက်နတ်ပြည်ဟု ကျမ်းစာရှုကာ၊ ဟောမိန့်မှာခဲ့၊ တစ်ဖြာတစ်မူ၊ သံဃာပူဇော်၊ ကောင်းကျိုးတော်ကား၊ ရှင်ပျော်သူငါ၊ ဖြစ်လေရာ၌၊ ဥစ္စာပစ္စည်း၊ အသီးသီးတို့၊ အပြီးနေ့ည၊ ပေါများရ၏၊ ဘဝဖြစ်ရာ၊ ပေါလိုပါက၊ မှန်စွာမမှား၊ သံဃာများကို၊ အားပါးတရ၊ ပူဇော်ကြပါ၊ တိုက်တွန်းလွှာသည်၊ ဤမှာဟောပြပြီးပြီတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

မှတ်ချက်။ ။ သံဃာတော်အား ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးစသည် လှူဒါန်းပွဲတိုင်း၊ သံဃာတော်အား ပူဇော်ပွဲတိုင်း၊ ဝါဆိုပွဲ၊ ကထိန်ပွဲတိုင်း၊ သံဃိကဒါနပွဲတိုင်း ပွဲမျိုးစုံဟောကြားနိုင်ပါသည်။

တရားအမည်ပေးရာ၌
သံဃာကိုးကွယ် အပါယ်မလား၊
သံဃာကိုးကွယ် အပါယ်မရောက်၊
သံဃာ ကိုးကွယ် အပါယ်မကြောက်၊

http://www.dhammadownload.com



သံဃာကိုးကွယ် စိတ်ချဖွယ်၊
သံဃာလျှုက ပေါ်များရ၊
သံဃာလျှုက နတ်ဖြစ်ရတရားတော်၊
အပါယ်နီးသူ ဝေးသောလူတရားတော် စသည်ဖြင့် အမည်
ပေးကာ ဟောကြားပါ။

သံဃာလျှုဝေး အပါယ်ဝေး တရားတော် ပြီးပြီ။

http://www.dhammadownload.com


သံယုတ္တနိကာယ်၊ သဂါထာဝဂ္ဂသံယုတ် ပါဠိတော်၊ ယက္ခသံယုတ်
အာဠဝကသုတ္တန်လာ ဂါထာတစ်ပုဒ်ကို တန်ဆာဆင်၍
ဟောကြား ပြောကြားအပ်သော

# မစိုးရိမ်ဖွယ်+ ဤလေးသွယ် တရားတော်

ဒီနေ့ ဒါယကာကြီး ဦး ( )၊ ဒါယိကာမကြီး ဒေါ် ( ) တို့ရဲ့ ဆွမ်းကပ်ပွဲမှာ တိုတိုကျဉ်းကျဉ်း လိုရင်းလောက်ဟောခဲ့မည့်တရားက "မစိုးရိမ်ဖွယ် ဤလေးသွယ်" တရားတော်တဲ့။

ဘာတရားတဲ့လဲ။

(မစိုးရိမ်ဖွယ် ဤလေးသွယ်တရားတော်ပါဘုရား)

ကဲ- စပြီးတော့ ဟောကြ နာကြရအောင်
အာဠာဝကဘီလူးကြီးက မြတ်စွာဘုရားရှင်ကို
အသ္မာ လောကာ ပရံလောကံ၊ ကထံ ပေစ္စ နသောစတိ။
(သံပါဠိ ၁၊ ၂၁၇)

(ဘဂဝါ- ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား) အသ္မာ လောကာ- ဤပစ္စုပ္ပန်လောကမှ၊ ပရံလောကံ- တမလွန်ဟု ခေါ်တွင်ပြုရနောက်ဘဝသို့၊ ပေစ္စ- သွားရ ရောက်ရ လားရ ရောက်ရသည်ရှိသော်၊ ကထံ- တကယ်မမှား အဘယ်တရားဖြင့်၊ နသောစတိ- မညှိုးမမှိန် မစိုးမရိမ် မပူမဆွေး ရပါသလဲ ဘုရား။

မြတ်စွာဘုရား ဒီဘဝကနေပြီးတော့ နောက်ဘဝ နောက်လောကကို သွားရောက်ရတဲ့အခါမှာ မစိုးရိမ်ဖွယ် တရားကောင်းတွေက ဘယ်တရားတွေပါလဲ ဘုရားလို့ လျှောက်ထားပါတယ်။

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ
* ဒီလောကမှ၊ နောက်ဘဝ၊ သွားရလေသောခါ။
* မစိုးရိမ်ရေး၊ တရားအေး၊ ဟောပေးလျှောက်ထားရှာ။

http://www.dhammadownload.com



*မစိုးရိမ်ရန်၊ တရားမှန်၊ ဟောရန်လျှောက်ထားရှာ။

အဲဒီလိုလျှောက်ထားတော့ ဘုရားရှင်ကိုယ်တော်မြတ်က

အသ္မာ လောကာ ပရံလောကံ ဧဝံ ပေစ္စ နသောစတိ။

ယဿေတေ စတုရော ဓမ္မာ၊ သဒ္ဓဿ ဃရမေသိနော။

သစ္စံ ဓမ္မော ဓိတိစာဂေါ၊ သဝေ ပေစ္စ နသောစတိ။

(အာဝုသော– အာဠဝက နာမမည်ဟီး အို ဘီလူးကြီး) အသ္မာလောကာ– ဤပစ္စုပ္ပန်လောကမှ၊ ပရံလောကံ– ဤတမလွန်ဟု ခေါ်တွင်ပြရ နောက်ဘဝသို့၊ ပေစ္စ– သွားရောက်ရသည်ရှိသော်၊ ဧဝံ– ဤဆိုလတ္တံ့သောနည်းအတိုင်း၊ (စရန္တော– ကျင့်သည်ရှိသော်)၊ နသောစတိ– မညှိုးမမှိန် မစိုးမရိမ် မပူမဆွေး စိတ်နှလုံးအေးရပါပေ၏။

အာဠဝကဘီလူးကြီး၊ နောက်ဘဝမှာ မစိုးရိမ် မပူဆွေးဘဲ စိတ်အေးချင်ရင် ဒီလိုကျင့်ရမယ်။

ဘယ်လိုကျင့်ရမလဲဆိုတော့

သဒ္ဓဿ– သဒ္ဓါတရားနှင့်ပြည့်စုံသော၊ ဃရမေသိနော– အိမ်၏ အစီးအပွားကို ရှာမှီးလေ့ရှိသော၊ (ဝါ) ကာမဂုဏ်ကို ရှာမှီးလေ့ရှိသော၊ ယဿ– အကြင်ပုဂ္ဂိုလ်အား၊ သစ္စံ– မှန်ကန်သောစကားသည်လည်းကောင်း၊ ဓမ္မော– တ္တန္ဓေတို့ကို ယဉ်ကျေးအောင် ဆုံးမတတ်သော ပညာတရားသည်လည်းကောင်း၊ ဓိတိ– လုံ့လဝီရိယတရားသည်လည်းကောင်း၊ စာဂေါ– ပေးကမ်းစွန့်ကြဲခြင်းသည်လည်းကောင်း၊ ဧတေ စတုရော ဓမ္မာ– ဤတရားလေးပါးတို့သည်၊ သန္တိ– ရှိကုန်၏၊ သ– သော– ထိုတရားလေးပါး ရှိကာထားတဲ့သူသည်၊ ဝေ– စင်စစ်ကေန် အမှန်တကယ်ပင်၊ ပစ္စ– တမလွန်ဟု ခေါ်တွင်ပြရ နောက်ဘဝ၌၊ နသောစတိ– မညှိုးမမှိန် မစိုးမရိမ် မပူမဆွေးဘဲ အမြဲတစေ စိတ်အေးရပါပေတော့သတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

သဒ္ဓါတရားနဲ့ပြည့်စုံပြီး အိမ်ရဲ့ကြီးပွားရေး၊ စီးပွားရေး၊ ကာမဂုဏ်ရေးတွေကို ရှာမှီးနေတဲ့ပုဂ္ဂိုလ်ဟာ ဒီဘဝကနေ နောက်ဘဝကို သွားရောက်ရတဲ့အခါမှာ မစိုးရိမ်ချင်လျှင် မပူဆွေးဘဲ စိတ်အေးချမ်းချင်လျှင် ဒီဘဝမှာ

၁။ သစ္စာရှိရမယ်၊

၂။ ပညာရှိရမယ်၊

http://www.dhammadownload.com



၃။ ဝီရိယရှိရမယ်၊

၄။ စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း စာဂဆိုတဲ့ ဒါနရှိရမယ်လို့ ဟော ကြားတော်မူပါတယ်။

ဒီတရားလေးပါးရှိရင် နောက်ဘဝ အပါယ်ကျမှာ စိုးရိမ်စရာမလိုတော့ ဘူး။ နောက်ဘဝမှာ လူပြည်ရောက်ပြီးတော့ စိတ်အေးရတယ်။ မစိုးရိမ်ရတော့ ဘူး။ မပူပန်ရတော့ဘူးနော်။

(မှန်လှပါဘုရား)

ဒီနေ့ ဆွမ်းကပ်နေကြတဲ့ ဒကာ ဒကာမတွေမှာ မှန်ကန်တဲ့သစ္စာ တ္တမြွေ တွေကို ယဉ်ကျေးအောင် ဆုံးမတဲ့ ပညာ၊ ကာလ ဒေသနဲ့သင့်တော်တဲ့အလုပ် တွေကို ကြိုးစားအားထုတ်တဲ့ လုံ့လဝီရိယ၊ ယနေ့လို ဆွမ်းစတဲ့ ပစ္စည်းဝတ္ထု စုစုတွေကို လှူဒါန်းတဲ့ စာဂဆိုတဲ့ တရားလေးမျိုး မရှိကြဘူးလား။

(ရှိကြပါတယ်ဘုရား)

အဲဒီ သစ္စာ၊ ပညာ၊ ဝီရိယ၊ စာဂဆိုတဲ့ တရားလေးမျိုးရှိလျှင် နောက်ဘဝ ကို သွားရောက်ရတဲ့အခါမှာ စိုးရိမ်ဖွယ် ပူပန်ဖွယ် လိုသေးရဲ့လား။

(မလိုတော့ပါဘူးဘုရား)

ဒါဆိုလျှင် ဒီနေ့ဟောလိုက်တဲ့တရားက ဘာတရားတဲ့လဲ။

(မစိုးရိမ်ဖွယ် ဤလေးသွယ် တရားတော်ပါဘုရား)

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

* သစ္စာရှိက၊ နောက်ဘဝဝယ်၊ စိုးရိမ်ဖွယ်၊ တကယ်မလိုပါ။
* ပညာရှိက၊ နောက်ဘဝဝယ်၊ စိုးရိမ်ဖွယ်၊ တကယ်မလိုပါ။
* လုံ့လရှိက၊ နောက်ဘဝဝယ်၊ စိုးရိမ်ဖွယ်၊ တကယ်မလိုပါ။
* စာဂရှိက၊ နောက်ဘဝဝယ်၊ စိုးရိမ်ဖွယ်၊ တကယ်မလိုပါ။
* မစိုးရိမ်ဖွယ်၊ ဤလေးသွယ်၊ ဟောတယ်တို့မြတ်စွာ။

အာဠဝကဘီလူးကြီးက နောင်ဘဝအတွက် မေးလျှောက်လို့ မြတ်စွာ ဘုရားက နောင်ဘဝအတွက် ဖြေတော်မူခြင်းပါပဲ။ အမှန်ကတော့ အဲဒီတရား လေးပါးကို အမြဲတစေ လက်ကိုင်ထားပြီး ကျင့်သုံးနေသူတိုင်းအတွက် ခုဘဝ မှာလည်း စိုးရိမ်ပူပန်စရာ မလိုတဲ့တရား စိတ်ချရတဲ့ စိတ်အေးရတဲ့တရားလို့ မှတ်ရမယ်နော်။

(မှန်လှပါဘုရား)

http://www.dhammadownload.com



အဲဒီ သဒ္ဓါ၊ ပညာ၊ ဝီရိယ၊ စာဂဆိုတဲ့ တရားလေးမျိုးကို ဆောင်ထားတဲ့ သူတိုင်း ယခုလက်ရှိဘဝမှာပင် အောင်မြင်နိုင်၊ ကြီးပွားတိုးတက်နိုင်ပါတယ်။ အမှန်ကတော့ မြတ်စွာဘုရား ဟောတော်မူတဲ့ တရားတွေဟာ ခုဘဝ၊ နောက်ဘဝဆိုတဲ့ ဘဝနှစ်မျိုးလုံးအတွက် အကျိုးရှိတဲ့တရားတွေချည်းပါပဲ။

အဲဒီတရားလေးမျိုးကို ဦးပဥ္စင်းကတော့ ဒီလောက နောက်လောက၊ ဒီဘဝ နောက်ဘဝဆိုတဲ့ ဘဝနှစ်မျိုးလုံးအတွက် တင့်တယ်လှပစေတဲ့တရားလို့ ဆိုချင်ပါတယ်။

အဲဒီတရားလေးမျိုးကို ဆောင်ထားလျှင် ကျင့်သုံးနေလျှင် ဒီဘဝအတွက်ကော စိုးရိမ်ဖွယ် လိုသေးသလား။

(မလိုတော့ပါဘူးဘုရား)

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

* သဒ္ဓါရှိက၊ ဒီဘဝဝယ်၊ စိုးရိမ်ဖွယ်၊ တကယ်မလိုပါ။
* ပညာရှိက၊ ဒီဘဝဝယ်၊ စိုးရိမ်ဖွယ်၊ တကယ်မလိုပါ။
* လုံ့လရှိက၊ ဒီဘဝဝယ်၊ စိုးရိမ်ဖွယ်၊ တကယ်မလိုပါ။
* စာဂရှိက၊ ဒီဘဝဝယ်၊ စိုးရိမ်ဖွယ်၊ တကယ်မလိုပါ။
* မစိုးရိမ်ဖွယ်၊ ဤလေးသွယ်၊ ဟောတယ်တို့မြတ်စွာ။

ဒီဘဝ နောက်ဘဝဆိုတဲ့ ဘဝနှစ်မျိုးလုံးအတွက် တစ်ခါတည်း မှတ်ဖို့ရန် ကဗျာလင်္ကာ ရေးလိုက်ရရင်တော့

၁။ သဒ္ဓါရှိက၊ ဒီဘဝနှင့်၊ ဘဝနောင်ဝယ်၊
စိုးရိမ်ဖွယ်၊ တကယ်မလိုပါ။

၂။ ပညာရှိက၊ ဒီဘဝနှင့်၊ ဘဝနောင်ဝယ်၊
စိုးရိမ်ဖွယ်၊ တကယ်မလိုပါ။

၃။ လုံ့ရှိက၊ ဒီဘဝနှင့်၊ ဘဝနောင်ဝယ်၊
စိုးရိမ်ဖွယ်၊ တကယ်မလိုပါ။

၄။ စာဂရှိက၊ ဒီဘဝနှင့်၊ နောက်ဘဝဝယ်၊
စိုးရိမ်ဖွယ်၊ တကယ်မလိုပါလို့ ရေးရမှာပါပဲ။

အဲဒီတရားလေးပါးရှိမှ ဒီလောက နောက်လောကကြီး လှပမယ်ဆိုတာ ဟောခဲ့ပြီနော်။

(မှန်လှပါဘုရား)

http://www.dhammadownload.com



ကဲ- လိုက်ဆိုကြ

* ဒီလောကကြီး လှစေချင်၊ သစ္စာရှိမှ လှမည်ပင်။
* ဒီလောကကြီး လှစေချင်၊ ပညာရှိမှ လှမည်ပင်။
* ဒီလောကကြီး လှစေချင်၊ လုံ့လရှိမှ လှမည်ပင်။
* ဒီလောကကြီး လှစေချင်၊ စာဂရှိမှ လှမည်ပင်။
* နောက်လောကကြီး လှစေချင်၊ သစ္စာရှိမှ လှမည်ပင်။
* နောက်လောကကြီး လှစေချင်၊ ပညာရှိမှ လှမည်ပင်။
* နောက်လောကကြီး လှစေချင်၊ လုံ့လရှိမှ လှမည်ပင်။
* နောက်လောကကြီး လှစေချင်၊ စာဂရှိမှ လှမည်ပင်။

ကဲ- ဒီနေ့ ဟောလိုက်တဲ့တရားက ဘာတရားတဲ့လဲ။

(မစိုးရိမ်ဖွယ် ဤလေးသွယ် တရားတော်ပါဘုရား)

"လှစေပစေ လောကမြေ" ဆိုတဲ့ ကဗျာနဲ့ တရားသိမ်းကြရအောင်၊ လက်အုပ်ချီကြ

## လှစေပစေ လောကမြေ ကဗျာ

* ပြောပြုကြံစည်၊ ဤသုံးလီသာ၊ မှန်ကန်ပါသည့်၊ သစ္စာရှိမှ၊ ဤလောကမြေ (နောက်လောကမြေ) လှပပေမည်၊ လှစေပစေ အိုလူသား။
* လောကီ လောကုတ်၊ အဟုတ်အတည်၊ နစ်လီပညာ ပြည့်စုံပါမှ၊ ဤလောကမြေ၊ (နောက်လောကမြေ)၊ လှပပေမည်၊ လှစေပါစေ အိုလူသား။
* ရိုးသား နိုးကြား၊ သူငါများတို့၊ ကြိုးစားအတည်၊ ရှေ့သို့ချီတက်၊ စိတ်မပျက်ဘဲ၊ အမြဲလုံ့လ၊ အသုံးချ၍၊ နေ့ညမှန်စွာ ကြိုးစားပါမှ၊ ဤလောကမြေ၊ (နောက်လောကမြေ)၊ လှပပေမည်၊ လှစေပါစေ အိုလူသား။
* ကိုယ်စွမ်းနိုင်ရာ၊ အဖြာဖြာကို၊ သဒ္ဓါထက်ထက်၊ စိတ်မကွက်ဘဲ၊ ဆက်ဆက်ရွှင်လန်း၊ ရဟန်း + ပုဏ္ဏား၊ ဆင်းရဲသားကို၊ တရားညီစွာ၊ ပေးကမ်းပါမှ၊ ဤလောကမြေ၊ (နောက်လောကမြေ)၊ လှပပေမည်၊ လှစေပါစေ အိုလူသား။

http://www.dhammadownload.com



*ယခုလောက၊ ဘုံဘဝနှင့်၊ ဘဝနောက်နောင်၊ လှပအောင်ကား၊ အဆောင်သစ္စာ၊ ပညာ လုံ့လ၊ မြတ်စာဂမည်၊ ဤလေးလီတည့်၊ အတည်သူငါ၊ ဤလေးဖြာ တရား၊ လက်ကိုင်ထားက၊ ဘဝခုနောင်၊ အခေါင်တက်ရှိး၊ မစိုးရိမ်ဖွယ်၊ ဤလေးသွယ်ဟု၊ ဟောဖော်ပြုသည့်၊ သုံးလူ့ဖိနှော် စကားတည်း။
(သာဓု၊ သာဓု၊ သာဓုပါဘုရား)

မှတ်ချက်။ ။ ဒါနပွဲတိုင်း၊ သစ္စာပွဲတိုင်း၊ ပညာပွဲတိုင်း၊ ဝီရိယပွဲတိုင်း ဟောပါ။

*တရားအမည်ပေးရာ၌
စိုးရိမ်စရာ မလိုပါ၊ ပူပန်စရာ မလိုပါ၊ မပူပန်ဖွယ် ဤလေးသွယ်၊ နောက်လောကမြေ လှပစေ၊ ဤလောကမြေ လှပစေ၊ လှစေပစေ လောက မြေ၊ ဘဝနှစ်သွယ် အလှချယ်၊ ခုလည်းလှပ နောင်လှပ၊ နောက်ဘဝဝယ် စိတ်ချဖွယ်၊ နောက်လောကမှာ စိတ်ချပါ၊ ခုဘဝဝယ် စိတ်ချဖွယ်၊ ခုဘဝမှာ စိတ်ချပါ၊ ဘဝနှစ်ဖြာ စိတ်ချပါ၊ မစိုးရိမ်ဝယ် နောက်နောင်ဝယ်၊ မပူပန်ဝယ် ခုနောင်ဝယ် စသည်ဖြင့် အမည်ပေးကာ ဟောကြားပါ။

မစိုးရိမ်ဖွယ် + ဤလေးသွယ် တရားတော် ပြီးပြီ။

http://www.dhammadownload.com

အင်္ဂုတ္တရနိကာယ်၊ စတုက္ကနိပါတ်ပါဠိတော်၊ စတုတ္ထပဏ္ဏာသက
ဗြာဟ္မဏဝဂ်၊ ပါဠိဗောဂသုတ္တန်ကို တန်ဆာဆင်၍
ဟောကြား ပြောကြားအပ်သော

# တာဝန်ပိုင်ပိုင်+ မခံနိုင် တရားတော်

ဒီနေ့ ဘဝတစ်ပါး ပြောင်းကာသွားတဲ့ ဒါယကာကြီး ဦး ( )၊ ဒါယိကာမကြီး ဒေါ် ( ) အား ရည်စူးပြီးတော့ ကုသိုလ်ပြုပွဲမှာ သံဝေဂရဖွယ်ရာ အနေအားဖြင့် ဟောကြားမည့်တရားတော်က "တာဝန်ပိုင်ပိုင် မခံနိုင်" တရားတော်တဲ့။

ဘာတရားတဲ့လဲ။

(တာဝန်ပိုင်ပိုင် မခံနိုင်တရားတော်ပါ ဘုရား)

ကဲ- စပြီးတော့ ဟောကြ နာကြရအောင်

စတုန္နံ ဘိက္ခဝေ ဓမ္မာနံ နတ္ထိ ကောစိ ပါဋိဘောဂေါ သမဏောဝါ ဗြာဟ္မဏောဝါ ဒေဝေါဝါ မာရောဝါ ဗြဟ္မာဝါ ကောစိဝါ လောကသ္မိံ။

(အံ ပါ ၁၊ ၄၉၁)

ဘိက္ခဝေ- ရဟန်းတို့၊ စတုန္နံ- လေးပါးကုန်သော၊ ဓမ္မာနံ- တရားတို့၏၊ ကောစိ- တစ်စုံတစ်ယောက်သော၊ ပါဋိဘောဂေါ- အာမခံပုဂ္ဂိုလ်ဖြစ်သော၊(တာဝန်ခံပုဂ္ဂိုလ်ဖြစ်သော၊) သမဏောဝါ- ရဟန်းသည်လည်းကောင်း၊ ဗြာဟ္မဏောဝါ- ပုဏ္ဏားသည်လည်းကောင်း၊ ဒေဝေါဝါ- နတ်သည်လည်းကောင်း၊ မာရောဝါ- မာရ်နတ်သည်လည်းကောင်း၊ ဗြဟ္မာဝါ- ဗြဟ္မာသည်လည်းကောင်း၊ လောကသ္မိံ- သတ္တလောက၌၊ ကောစိဝါ- အခြားတစ်ယောက်ယောက်သောပုဂ္ဂိုလ်သည်လည်းကောင်း၊ နတ္ထိ- မရှိ။

ရဟန်းတို့၊ တရားလေးမျိုးတို့ရဲ့ တစ်စုံတစ်ယောက်သော အာမပိုင်ပိုင် တာဝန်ပိုင်ပိုင်ခံနိုင်တဲ့ ရဟန်း၊ ပုဏ္ဏား၊ နတ်၊ မာရ်နတ်၊ ဗြဟ္မာ၊ သတ္တလောကမှာ တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်ဆိုတာ မရှိဘူးလို့ ဟောကြားတော်မူပါတယ်။

http://www.dhammadownload.com



ရှင်းရှင်းပြောရရင် တရားလေးမျိုးတို့ရဲ့ အာမပိုင်ပိုင် တာဝန်ပိုင်ပိုင် ခံနိုင်တဲ့ပုဂ္ဂိုလ်ဆိုတာ တစ်ယောက်မှမရှိဘူး၊ ဒီလိုနော်။

(မှန်လှပါဘုရား)

ကတမေသံ စတုန္နံ

ကတမေသံ– အဘယ်မည်ကုန်သော၊ စတုန္နံ– လေးပါးကုန်သော (ဓမ္မာနံ– တရားတို့၏၊ ကောစိ– တစ်စုံတစ်ယောက်သော၊ ပါဋိဘောဂေါ– အာမခံပုဂ္ဂိုလ်ဖြစ်သော၊ သမဏောဝါ– ရဟန်းသည်လည်းကောင်း၊ ဗြာဟ္မဏောဝါ– ပုဏ္ဏားသည်လည်းကောင်း၊ ဒေဝေါဝါ– နတ်သည်လည်းကောင်း၊ မာရောဝါ– မာရ်နတ်သည်လည်းကောင်း၊ ဗြဟ္မာဝါ– ဗြဟ္မာသည်လည်းကောင်း၊ လောကသ္မိံ– သတ္တလောက၌၊ ကောစိဝါ– အခြားတစ်ယောက်ယောက်သော ပုဂ္ဂိုလ်သည်လည်းကောင်း၊ နတ္ထိ– မရှိသနည်းဟူမူ)

အဲဒီတရားလေးမျိုးက ဘာတွေလဲဆိုတော့

၁။ ဇရာဓမ္မံ "မာဇီရိ" တိ နတ္ထိ ကောစိ ပါဋိဘောဂေါ သမဏောဝါ ဗြာဟ္မဏောဝါ ဒေဝေါဝါ မာရောဝါ ဗြဟ္မာဝါ ကောစိဝါ လောကသ္မိံ။

ဇရာဓမ္မံ– ငါ၏အိုခြင်းသဘောသည်၊ မာဇီရိ– မအိုပါစေသတည်း၊ (ဝါ) အိုခြင်းသဘော မဖြစ်ပါစေသတည်း၊ တ္တတိ– ဤသို့၊ ကောစိ– တစ်စုံတစ်ယောက်သော၊ ပါဋိဘောဂေါ– အာမခံပုဂ္ဂိုလ်ဖြစ်သော၊ သမဏောဝါ– ကောင်း၊ (ပ) လောကသ္မိံ– ၌၊ ကောစိဝါ– အခြားတစ်ယောက်ယောက်သောပုဂ္ဂိုလ်သည်လည်းကောင်း၊ နတ္ထိ– မရှိ။

မအိုရအောင် အာမပိုင်ပိုင် တာဝန်ပိုင်ပိုင်ခံနိုင်တဲ့ ရဟန်း၊ ပုဏ္ဏား၊ နတ်၊ မာရ်နတ်၊ ဗြဟ္မာ သတ္တလောကမှာ အခြားတစ်ယောက်ယောက်ဆိုတာ မရှိနိုင်ဘူးလို့ ဟောကြားတော်မူပါတယ်။ ဒီတော့ တရားနာပရိသတ် ငါမအိုချင်ဘူး၊ ငါမအိုပါရစေနဲ့ ဆုတောင်းနေလို့ကော ရနိုင်ပါ့မလား။

(မရနိုင်ပါဘူးဘုရား)

မအိုရအောင် အာမပိုင်ပိုင်၊ တာဝန်ပိုင်ပိုင်ခံနိုင်တဲ့ ပုဂ္ဂိုလ်ရှိရဲ့လား။

(မရှိပါဘူးဘုရား)

ဒါဆိုရင် ဒီနေ့ဟောနေတဲ့တရားက ဘာတရားတဲ့လဲ။

(တာဝန်ပိုင်ပိုင်၊ မခံနိုင်တရားတော်ပါ ဘုရား)

http://www.dhammadownload.com



ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

*မအိုရလို၊ ငါကဆို၊ ငါဆိုမရပါ။

*မအိုရလို၊ တောင်းဆုဆို၊ ငါဆိုမရပါ။

*မအိုချင်လည်း၊ အိုမှာပဲ၊ တားလည်းမရပါ။

*မအိုဖို့ရန်၊ တာဝန်ခံ၊ အမှန်မရှိပါ။

*မအိုဖို့ရန်၊ အာမခံ၊ အမှန်မရှိပါ။

*ရဟန်း + ပုဏ္ဏား စသည်များ၊ ဆီးတားမရပါ။

*ဗြဟ္မာ မာရ်နတ်၊ အရပ်ရပ်၊ တားလတ်မရပါ။

တရားဟော တရားနာသူတွေရဲ့ ခန္ဓာကိုယ်ကြီးဟာ တစ်နေ့ထက်တစ်နေ့ အိုရွာကို သွားနေကြတယ်။ တချို့ပုဂ္ဂိုလ်တွေကတော့ တစ်နေ့ထက်တစ်နေ့ ပိုလှလာတယ်လို့ ထင်တတ်ကြတယ်။ အဲဒီအထင်တွေဟာ တကယ်တော့ တရားမသိသူတွေ၊ ခန္ဓာကိုယ်မှာ တရားမကြည့်သူတွေရဲ့ အထင်မှားပဲဖြစ်တယ်။

ကဲ- လိုက်ဆိုကြ

*တရားဟောသူ ခန္ဓာငါး
အိုရွာဆီသို့ အမြဲသွား။

*တရားနာသူ ခန္ဓာငါး
အိုရွာဆီသို့ အမြဲသွား။

*တရားမသိ လူအများ
ပိုလှတယ်လို့ အထင်မှား။

*တရားမကြည့် လူအများ
ပိုလှတယ်လို့ အထင်မှား။

*ဟောသူ နာသူ ခန္ဓာငါး
အိုနေတယ်လို့ မြဲရှုပွား။

တရားဟော တရားနာသူတွေ ရရှိထားတဲ့ ခန္ဓာကိုယ်ကြီးက အိုတဲ့ခန္ဓာကြီးပါ။ အဲဒီအိုတဲ့ခန္ဓာကိုယ်ကြီး ရရှိထားတော့ တစ်နေ့ထက်တစ်နေ့ အိုနေသလား၊ ပျိုနေသလား။

(အိုနေပါတယ်ဘုရား)

တချို့က အိုတဲ့ခန္ဓာကိုယ်ကြီးကို ပျိုအောင်ဆိုပြီးတော့ မပြင်ကြဘူးလား။

(ပြင်ကြပါတယ် ဘုရား)

http://www.dhammadownload.com



ပြင်တော့ကော တကယ်ပျိုလာရဲ့လား။

(ပျိုမလာပါဘူးဘုရား)

အဲဒီလိုပြင်ပေမယ့် ပျိုမလာတဲ့ခန္ဓာကိုယ်ကြီးကို အိုနေတယ်လို့ အမြဲနေ့ည မမေ့ကြဘဲ သံဝေဂဉာဏ်ထင်လာအောင် ရှုပွားနေရမယ်နော်။

(မှန်လှပါဘုရား)

ကဲ- လိုက်ဆိုကြ

*တစ်နေ့တစ်နေ့၊ တစ်ရွေ့ရွေ့၊ ပြောင်းရွေ့အိုနေတာ။

*ပြင်နေသော်လည်း၊ အပိုပဲ၊ အိုမြဲမမွတာ။

*အိုနေတယ်ဟု၊ သတိပြု၊ တရားရှုကြပါ။

ဒီတော့ တရားနာပရိသတ်၊ အိုနေတဲ့ခန္ဓာကိုယ်ကြီးကို ပျိုလာအောင် လှပအောင်၊ တင့်တယ်အောင်၊ ပြုပြင်ကြပေမယ့် ခန္ဓာကိုယ်ကြီးက ပျိုမလာဘဲ အိုရွှာပဲ သွားနေတယ်ဆိုတော့ ပြုပြင်တဲ့အလုပ်ဟာ အပိုအလုပ်ဖြစ်မနေဘူးလား။

(ဖြစ်နေပါတယ်ဘုရား)

တရားဟောသူ၊ တရားနာသူတွေ ဘယ်လောက်ပြင်ပြင် ခန္ဓာကိုယ်ကြီး က အပြင်ခံရဲ့လား။

(အပြင်မခံပါဘူးဘုရား)

အပြင်မခံတဲ့ ခန္ဓာကိုယ်ကြီးကို ပြင်နေကြတာဟာ အပိုအလုပ်ဖြစ်နေတယ် နော်။

(မှန်လှပါဘုရား)

ဒီတော့ ဒီနေ့ဟောတဲ့တရားတော်ကို "ပြင်နေသော်လည်း အပိုပဲ" လို့ အမည်ပေးလိုက်ရရင် မကောင်းဘူးလား။

(ကောင်းပါတယ်ဘုရား)

၂။ ဗျာဓိဓမ္မံ မာဗျာဓိယီ တိ နတ္ထိ ကောစိ ပါဋိဘောဂေါ သမဏောဝါ ဗြဟ္မဏောဝါ ဒေဝေါဝါ မာရောဝါ ဗြဟ္မာဝါ ကောစိဝါ လောကသ္မိံ။

ဗျာဓိဓမ္မံ- ငါ၏မကျန်းမမာ နာခြင်းသည်၊ မာဗျာဓိယိ- မနာပါစေ သတည်း၊ (ဝါ) နာခြင်းသဘော မဖြစ်ပါစေသတည်း။ (ပ) နတ္ထိ- မရှိ။ မှတ်ချက်။ ။ ရှေ့အပိုဒ်များမှီး၍ အနက်ပေးပါ။

မနာရအောင် အာမပိုင်ပိုင်၊ တာဝန်ပိုင်ပိုင်ခံနိုင်တဲ့ ရဟန်း ပုဏ္ဏားစသည့် ပုဂ္ဂိုလ်တွေ တစ်ယောက်မှမရှိဘူးလို့ ဟောတော်မူပါတယ်။

http://www.dhammadownload.com



နာတတ်တဲ့ ခန္ဓာကိုယ်ကြီးကို မနာရအောင် အာမပိုင်ပိုင် တာဝန်ပိုင်ပိုင် ခံနိုင်တဲ့ ပုဂ္ဂိုလ်ရှိပါ့မလား။

(မရှိပါဘူးဘုရား)

ဒါဆိုရင် ဒီနေ့ဟောနေတဲ့တရားက ဘာတရားတဲ့လဲ။

(တာဝန်ပိုင်ပိုင် မခံနိုင်တရားတော်ပါ ဘုရား)

ကဲ– လိုက်ဆိုကြ

*မနာရလို၊ ငါကဆို၊ ငါဆိုမရပါ။

*မနာရလို၊ တောင်းဆုဆို၊ ငါဆိုမရပါ။

*မနာချင်လည်း၊ နာမှာပဲ၊ တားလည်းမရပါ။

*မနာဖို့ရန်၊ တာဝန်ခံ၊ အမှန်မရှိပါ။

*မနာဖို့ရန်၊ အာမခံ၊ အမှန်မရှိပါ။

*ရဟန်း + ပုဏ္ဏား၊ စသည်များ၊ ဆီးတားမရပါ။

*ဗြဟ္မာ မာရ်နတ်၊ အရပ်ရပ်၊ တားလတ်မရပါ။

သတ္တဝါတွေရဲ့ ခန္ဓာကိုယ်ကြီးဟာ နာရွာကို သွားနေပါတယ်တရားနာ။

ဘယ်ရွာကို သွားနေသတဲ့လဲ။

(နာရွာကို သွားနေပါတယ် ဘုရား)

ခန္ဓာရဲ့ နာတတ်တဲ့အရှိသဘောကို မကြည့်သူ၊ မသိသူ၊ မမြင်သူတွေက တော့ မနာဘူးလို့ အထင်မှား အမြင်မှားမနေကြဘူးလား။

(အထင်မှား၊ အမြင်မှားနေကြပါတယ်ဘုရား)

နာတတ်တဲ့သဘောဟာ အနာရောဂါ ဝေဒနာတွေ ခံစားရတဲ့အချိန်မှာ မသိသာဘူးလား။

(သိသာပါတယ်ဘုရား)

နောက်ပြီးတော့ တရားထိုင်တဲ့အချိန်မှာလည်း ထုံကျင်ကိုက်ခဲပြီး နာတတ်တဲ့ သဘောဟာ သိသာတယ်နော်။

(မှန်လှပါဘုရား)

ကဲ– လိုက်ဆိုကြ

*တရားဟောသူ ခန္ဓာငါး၊ နာရွာဆီသို့အမြဲသွား။

http://www.dhammadownload.com



*တရားနာသူ ခန္ဓာငါး၊ နာရှာဆီသို့အမြဲသွား။
*တရားမသိ လူအများ၊ မနာဘူးလို့ အထင်မှား။
*တရားမကြည့် လူအများ၊ မနာဘူးလို့ အထင်မှား။
*ဟောသူ နာသူ ခန္ဓာငါး၊ နာနေတယ်လို့ မြဲရှုပွား။

၃။ မရဏာဓမ္မံ "မာမီယီ" တိ နတ္ထိ ကောစိ ပါဌိဘောဂေါ သမဏောဝါ ဗြာဟ္မဏောဝါ ဒေဝေါဝါ မာရောဝါ ဗြဟ္မာဝါ ကောစိဝါ လောကသ္မိံ။

မရဏာဓမ္မံ– ငါ၏သေခြင်းသဘောသည်၊ မာမီယီ– မသေပါစေသတည်း၊ (ဝါ) သေခြင်းသဘော မဖြစ်ပါစေသတည်း။ (ပ) နတ္ထိ– မရှိ။

မသေရအောင် အာမပိုင်ပိုင် တာဝန်ပိုင်ပိုင်ခံနိုင်တဲ့ ရဟန်း ပုဏ္ဏားစတဲ့ ပုဂ္ဂိုလ်တွေ တစ်ယောက်မှ မရှိဘူးလို့ ဟောတော်မူပါတယ်။

ငါမသေချင်ဘူး၊ ငါမသေပါစေနဲ့လို့ ဆုတောင်းနေလို့ကော ရနိုင်ပါ့မလား။

(မရနိုင်ပါဘူးဘုရား)

မသေရအောင် တားပေးနိုင်တဲ့ တာဝန်ပိုင်ပိုင်ခံနိုင်တဲ့သူကော ရှိပါ့မလား။

(မရှိပါဘူးဘုရား)

ဒါဆိုရင် ဒီနေ့ဟောနေတဲ့တရားက ဘာတရားတဲ့လဲ။

(တာဝန်ပိုင်ပိုင် မခံနိုင် တရားတော်ပါ ဘုရား)

ကဲ– လိုက်ဆိုကြ

*မသေရလို့၊ ငါကဆို၊ ငါဆိုမရပါ။ +
*မသေရလို့၊ ဆုတောင်းဆို၊ ငါဆိုမရပါ။
*မသေချင်လည်း၊ သေမှာပဲ၊ တားလည်းမရပါ။
*မသေဖို့ရန်၊ တာဝန်ခံ၊ အမှန်မရှိပါ။
*မသေဖို့ရန်၊ အာမခံ၊ အမှန်မရှိပါ။
*ရဟန်း ပုဏ္ဏား၊ စသည်များ၊ ဆီးတားမရပါ။
*ဗြဟ္မာ မာရ်နတ်၊ အရပ်ရပ်၊ တားလတ်မရပါ။

သတ္တဝါတွေရဲ့ ခန္ဓာကိုယ်ကြီးဟာ သေရှာကို သွားနေတယ်နော်။

(မှန်လှပါဘုရား)

http://www.dhammadownload.com



ခန္ဓာရဲ့သေတတ်တဲ့သဘောကို မသိသူ၊ မကြည့်သူတွေကတော့ မသေဘူးလို့ အထင်မှား အမြင်မှားနေကြတယ်။

သူသူငါငါ သတ္တဝါတွေ သေရမယ်လို့ အမြဲတစေ သံဝေဂရအောင် ရှုပွားနေရမယ်။ ပြီးခဲ့တဲ့ သုံးလေးရက်က သေသွားတဲ့ ဒါယကာကြီး ဦး( ) ဒါယိကာမကြီး ဒေါ် ( ) လိုပဲ တို့လည်း တစ်နေ့သေရမယ်၊ မသေချင်ဘဲ သေရမယ်လို့ ရှုပွားနေရမယ်နော်။

(မှန်လှပါဘုရား)

ကဲ- လိုက်ဆိုကြ

* တရားဟောသူ ခန္ဓာငါး၊ သေရွာဆီသို့အမြဲသွား။
* တရားနာသူ ခန္ဓာငါး၊ သေရွာဆီသို့အမြဲသွား။
* တရားမသိ လူအများ၊ မသေဘူးလို့ အထင်မှား။
* တရားမကြည့် လူအများ၊ မသေဘူးလို အထင်မှား။
* ဟောသူ နာသူ ခန္ဓာငါး၊ သေမှာပဲလို့ မြဲရှုပွား။

၄။ ယာနိ ခေါ ပန တာနိ ပုဗ္ဗေ အတ္တနာ ကတာနိ ပါပကာနိ ကမ္မာနိ သံကိလေသိကာနိ ပေါနောဘဝိကာနိ သဒရာနိ ဒုက္ခဝိပါကာနိ အာယတိံ ဇာတိဇရာ မရဏိကာနိ၊ တေသံ ဝိပါကော "မာနိဗ္ဗတ္တိ" တိ နတ္ထိ ကောစိ ပါဋိဘောဂေါ သမဏောဝါ ဗြာဟ္မဏောဝါ ဒေဝေါဝါ မာရောဝါ ဗြဟ္မာဝါကောစိ ဝါလောကသ္မိံ။

ပန- ထိုမှတစ်ပါး၊ ပုဗ္ဗေ- ရှေး၌၊ အတ္တနာ- မိမိကိုယ်တိုင်၊ ကတာနိ- ပြုလုပ်အပ်ခဲ့ကုန်သော၊ ပါပကာနိ- ယုတ်မာကုန်သော၊ သံကိလေသိကာနိ- ကြည်လင်နေသောစိတ်ကို ညစ်နွမ်းစေတတ်ကုန်သော၊ ပေါနောဘဝိကာနိ- နောက်ထပ်ဘဝအသစ်ကို ဖြစ်စေတတ်ကုန်သော၊ သဒရာနိ- ပူလောင်ခြင်းနှင့် တကွ ဖြစ်ကုန်သော၊ ဒုက္ခဝိပါကာနိ- ဆင်းရဲခြင်းအကျိုးရှိကုန်သော၊ အာယတိံ- နောင်အခါ၌၊ ဇာတိဇရာမရဏိကာနိ- ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ သေခြင်းတို့ကို ထပ်တလဲလဲ ဖြစ်စေတတ်ကုန်သော၊ ယာနိတာနိကမ္မာနိ- အကြင် အကုသိုလ်ကံတို့သည်၊ (သန္တိ- ရှိကုန်၏) တေသံ- ထိုအကုသိုလ်ကံတို့၏၊ ဝိပါကော- အကျိုးသည်၊ မာနိဗ္ဗတ္တိ- မဖြစ်ပါစေသတည်း၊ ဣတိ- ဤသို့၊ (ပ) နတ္ထိ- မရှိ။

http://www.dhammadownload.com



ရှေးတုန်းက ကိုယ်တိုင်လုပ်ခဲ့တဲ့ မကောင်းမှု အကုသိုလ်ကံတွေရှိကြတယ်။ အဲဒီအကုသိုလ်ကံတွေရဲ့ အကျိုးပေးခြင်း သဘော မဖြစ်ပါစေနဲ့လို့ အာမပိုင်ပိုင် တာဝန်ပိုင်ပိုင် ခံပေးနိုင်တဲ့ ရဟန်း၊ ပုဏ္ဏား၊ နတ်၊ မာရ်နတ်၊ ဗြဟ္မာ၊ သတ္တလောကမှာ တစ်ယောက်မှ မရှိဘူးလို့ ဟောတော်မူပါတယ်။

ဒီနေရာမှာ အကုသိုလ်ကံအကြောင်းလေး ဒီသုတ်မှာပါတဲ့ အတိုင်းပဲ အနည်းငယ် ပြောကြရအောင်၊ အကုသိုလ်ကံဆိုတာ

၁။ ယုတ်မာတယ်၊

၂။ ကြည်လင်နေတဲ့စိတ်ကို ညစ်နွမ်းစေတတ်တယ်၊

၃။ နောက်ထပ်ဘဝသစ်ကို ဖြစ်စေတတ်တယ်၊

၄။ ပူလောင်တယ်၊

၅။ ဆင်းရဲတဲ့အကျိုးရှိတယ်၊

၆။ နောင်အခါ ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ သေခြင်းကို ဖြစ်စေတတ်တယ်တဲ့။

ဒီတော့ တရားနာပရိသတ်၊ အကုသိုလ်ကံဟာ ဘာတစ်ခုမှ ကောင်းတဲ့ သဘောမရှိဘူးနော်။

(မှန်လှပါဘုရား)

ကဲ- လိုက်ဆိုကြ

*အကုသိုလ်ကံသဘောများကို၊
မှတ်သားကြဖို့ ကဗျာစီ။
*ယုတ်မာကာလေ ကြည်လင်စိတ်ကို၊
ပိပြင်မနိပ် ညစ်စေသည်။
*နောက်ထပ်တစ်ဖန် ဘဝသစ်ကို၊
အမှန်စင်စစ် ဖြစ်စေသည်။
*ပူလောင်ကာလေ ဆင်းရဲကျိုးကို၊
အတင်းပဲပေးလို့ နေတတ်တယ်။
*နောင်အခါမှာ၊ မွေး အိုကြလို့၊
သေရဖို့ပဲ ဖြစ်စေသည်။
*အကုသိုလ်ကံ အမှန်ရှုတော့၊
ဧကန်တစ်ခုမျှ မကောင်းပြီ။

http://www.dhammadownload.com



*အကုသိုလ်ကံ မကောင်းကျိုးကို၊
ကေန်တားရိုး မရပြီ။
*အကုသိုလ်ကံ မပြုကြဖို့၊
ယခုကပဲ လိုပါသည်။
(ရှောင်ရမည်၊ ရှောင်ရမည်။

အဲဒီ အကုသိုလ်ကံတွေ အကျိုးမပေးအောင် တာဝန်ပိုင်ပိုင် ခံနိုင်တဲ့သူ ရှိပါ့မလား။

(မရှိပါဘူးဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားက ဘာတရားတဲ့လဲ။

(တာဝန်ပိုင်ပိုင် မခံနိုင်တရားတော်ပါဘုရား)

ကဲ– လိုက်ဆိုကြ
*အကုသိုလ်ကံ အကျိုးများကို၊
မပေးဩားဖို့ များရှင်လူ။
*တာဝန်ပိုင်ပိုင် မခံနိုင်ဘူးလို့၊
ဘုရားအထူးဟောတော်မူ။

ဣမေသံ ခေါ ဘိက္ခဝေ စတုန္နံ ဓမ္မာနံ နတ္ထိ ကောစိ ပါဋိဘောဂေါ သမဏောဝါ ဗြာဟ္မဏောဝါ ဒေဝေါဝါ မာရောဝါ ဗြဟ္မာဝါ ကောစိဝါ လောကသ္မိံန္တိ။

ဘိက္ခဝေ– ရဟန်းတို့၊ စတုန္နံ– လေးပါးကုန်သော၊ ဣမေသံဓမ္မာနံ– ဤတရားတို့၏၊ ကောစိ– တစ်စုံတစ်ယောက်သော၊ ပါဋိဘောဂေါ– အာမခံ ပုဂ္ဂိုလ်ဖြစ်သော၊ သမဏောဝါ– ရဟန်းသည်လည်းကောင်း၊ ဗြာဟ္မဏောဝါ– ပုဏ္ဏားသည်လည်းကောင်း၊ ဒေဝေါဝါ– နတ်သည်လည်းကောင်း၊ မာရောဝါ– မာရ်နတ်သည်လည်းကောင်း၊ ဗြဟ္မာဝါ– ဗြဟ္မာသည်လည်းကောင်း၊လောကသ္မိံ– သတ္တလောက၌၊ ကောစိဝါ– အခြားတစ်ယောက်ယောက်သောပုဂ္ဂိုလ်သည် လည်းကောင်း၊ နတ္ထိ– မရှိ၊ ဣတိ– ဤသို့ (အဝေါစ– ကောင်းစွာမသွေ မိန့်ကြားတော်မူလိုက်ပါပေသတည်း။)

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

ကဲ– "တာဝန်ပိုင်ပိုင် မခံနိုင်တဲ့" တရားလေးမျိုးကို အကျဉ်းချုပ်ကြည့် ရအောင်

http://www.dhammadownload.com



၁။ အိုတဲ့သဘောကို မအိုအောင် ဘယ်သူမှ တာဝန်မခံနိုင်ဘူး။
၂။ နာတဲ့သဘောကို မနာအောင် ဘယ်သူမှ တာဝန်မခံနိုင်ဘူး။
၃။ သေတဲ့သဘောကို မသေအောင် ဘယ်သူမှ တာဝန်မခံနိုင်ဘူး။
၄။ အကုသိုလ်ကံတွေ အကျိုးမပေးအောင် ဘယ်သူမှ တာဝန်မခံနိုင်ဘူး။

ဒီလေးမျိုး တွေ့ရတယ်နော်။

(မှန်လှပါဘုရား)

ဒီတော့ တရားနာပရိသတ်၊ အိုတဲ့ခန္ဓာကိုယ်ကြီးရလာတော့ အိုမှာပေါ့။ နာတဲ့ခန္ဓာကိုယ်ကြီးရလာတော့ နာမှာပေါ့။ သေတဲ့ခန္ဓာကိုယ်ကြီး ရလာတော့ သေမှာပေါ့။ အကုသိုလ်ကံမကောင်းမှုတွေ လုပ်မိခဲ့ရင် အကုသိုလ်ကံရဲ့ မကောင်းကျိုးတွေ ပေးမှာပေါ့။

အိုပင် နာပင် သေပင်တွေစိုက်ကြတော့ အိုသီး နာသီး သေသီးတွေ သီးမှာပဲနော်။

(မှန်လှပါဘုရား)

အကုသိုလ်ပင်တွေ စိုက်ကြတော့ အကုသိုလ်သီးတွေ မသီးကြဘူးလား။

(သီးကြပါတယ်ဘုရား)

အိုပင်၊ နာပင်၊ သေပင်၊ အကုသိုလ်ပင်တွေ စိုက်ကြတော့ အိုသီး၊ နာသီး၊ သေသီး၊ အကုသိုလ်သီးတွေ သီးလာကြတော့ ဆင်းရဲဒုက္ခတွေ မကြီးကြဘူးလား။

(ကြီးကြပါတယ်ဘုရား)

ကဲ- လိုက်ဆိုကြ

*အိုပင်စိုက်တော့ အိုသီးသီး၊
ဆင်းရဲဒုက္ခ အလွန်ကြီး။
*နာပင်စိုက်တော့ နာသီးသီး၊
ဆင်းရဲဒုက္ခ အလွန်ကြီး။
*သေပင်စိုက်တော့ သေသီးသီး၊
ဆင်းရဲဒုက္ခ အလွန်ကြီး။
*အကုပင်စိုက် အကုသီး၊
ဆင်းရဲဒုက္ခ အလွန်ကြီး။

http://www.dhammadownload.com



ဒီတော့ တရားနာပရိသတ်၊ ဆင်းရဲဒုက္ခအလွန်ကြီးတဲ့ အိုပင်၊ နာပင်၊ သေပင်၊ အကုသိုလ်ပင်တွေ စိုက်ကြဦးမလား။

(မစိုက်ကြတော့ပါဘူး ဘုရား)

မစိုက်ကြဘူးသာပြောတယ်၊ ဘုရားရှိခိုးပြီးရင် ကုသိုလ်ပြုပြီးရင် "တန်ခိုးကြီးတဲ့လူ ဖြစ်ရပါလို၏၊ နတ်ဖြစ်ရပါလို၏" လို့ ဆုတွေမတောင်းကြဘူးလား။

(တောင်းကြပါတယ်ဘုရား)

အေး အဲဒီဆုတောင်းတွေဟာ ဘာပင်စိုက်နေတာပါလိမ့်။

(အိုပင်၊ နာပင်၊ သေပင်တွေ စိုက်နေကြတာပါဘုရား)

ဒါဆိုရင် ဘာသီးတွေ သီးမှာပါလိမ့်။

(အိုသီး၊ နာသီး၊ သေသီး၊ အကုသိုလ်သီးတွေ သီးမှာပါဘုရား)

## အပင်ကြီးလေးပင် မစိုက်စေချင်ပါ

ခန္ဓာရပြီး ဆင်းရဲဒုက္ခတွေ အလွန်ကြီးတဲ့ အပင်ကြီးလေးပင်၊ ဘယ်နှစ်ပင်တဲ့လဲ။

(လေးပင်ပါဘုရား)

မှတ်မိအောင် ရေလိုက်စမ်းပါ။

(အိုပင်၊ နာပင်၊ သေပင်၊ အကုသိုလ်ပင်ပါ ဘုရား)

အေး ဆင်းရဲဒုက္ခ အလွန်ကြီးတဲ့ အဲဒီအပင်ကြီးလေးပင် မစိုက်စေချင်တာဟာ ဦးပဥ္စင်းရဲ့ မေတ္တာနဲ့ စေတနာနဲ့နော်။

(မှန်လှပါဘုရား)

ကဲ- လိုက်ဆိုကြ

* အိုသီးသီးမည့် အိုပင်များ၊
မစိုက်စေချင် မေတ္တာထား။
* နာသီးသီးမည့် နာပင်များ၊
မစိုက်စေချင် မေတ္တာထား။
* သေသီးသီးမည့် သေပင်များ၊
မစိုက်စေချင် မေတ္တာထား။
* အကုသီးမည့် အပင်များ
မစိုက်စေချင် မေတ္တာထား။

http://www.dhammadownload.com.



ကဲ- "တာဝန်ပိုင်ပိုင် မခံနိုင်" လင်္ကာနဲ့ တရားသိမ်းကြရအောင်၊ လက်အုပ်ချီကြ။

*အိုတဲ့ခန္ဓာ၊ ရရှိလာ၊ အိုတာတားမရ။
*နာတဲ့ခန္ဓာ၊ ရရှိလာ၊ နာတာတားမရ။
*သေတဲ့ခန္ဓာ၊ ရရှိလာ၊ သေတာတားမရ။
*အကုသိုလ်ကံ၊ ကျိုးပေးဟန်၊ အမှန်တားမရ။
*တာဝန်ပိုင်ပိုင်၊ မခံနိုင်တာ၊ ဤလေးဖြာ၊
မြတ်စွာဟောကြားပြ။
*တာဝန်ပိုင်ပိုင်၊ မခံနိုင်ခေါ်၊ တရားတော်၊
ဟောဖော် အပြီးပြ။
(သာဓု၊ သာဓု၊ သာဓုပါဘုရား)

မှတ်ချက်။ ။ အသုဘ နာရေးပွဲတိုင်း ဟောပါ။
*တရားအမည်ပေးရာ၌
အာမပိုင်ပိုင် မခံနိုင်၊
ပြင်နေသော်လည်း အပိုပဲ၊
ပြင်နေသော်လည်း အိုမှာပဲ၊
အပင်ကြီးလေးပင် မစိုက်စေချင်ပါ၊
ဘယ်သူတားတား မရငြားပါ၊
တားဆီးမရ ဤလေးဝတရားတော်စသည်ဖြင့်
အမည်ပေးကာ ဟောကြားပါ။

၁၇၊ ၉၊ ၉၆ (အင်္ဂါနေ့)

တာဝန်ပိုင်ပိုင် မခံနိုင် တရားတော် ပြီးပြီ။

http://www.dhammadownload.com

## အင်္ဂုတ္တရနိကာယ် စတုက္ကနိပါတ်ပါဠိတော်၊
## အဘိညာဝဂ် ပရိယေသနာသုတ္တန်ကို တန်ဆာဆင်၍
## ဟောကြားပြောကြားအပ်သော
# အရှာမှားမှု+ သတိပြုပါ တရားတော်

ဒီနေ့ ဒကာ ဒကာမတွေကို ဟောကြားမည့်တရားတော်က "အရှာမှားမှု သတိပြုပါ" တရားတော်တဲ့။

ဘာတရားတဲ့လဲ။

(အရှာမှားမှု သတိပြုပါ တရားတော်ပါဘုရား)

ကဲ- စပြီးတော့ ဟောကြ နာကြရအောင်။

စတဿော ဣမာ ဘိက္ခဝေ အနရိယ ပရိယေသနာ။

(အံ ပါ ၁၊ ၅၇၀)

ဘိက္ခဝေ- ရဟန်းတို့၊ အနရိယ ပရိယေသနာ- သူယုတ်မာတို့၏ ရှာမှီးခြင်းတို့သည်၊ (ဝါ) ယုတ်ညံ့သောရှာမှီးခြင်းတို့သည်၊ ဣမာ စတဿော- ဤလေးမျိုးတို့ပါပေတည်း။

ရဟန်းတို့၊ ယုတ်ညံ့တဲ့ ရှာမှီးခြင်း လေးမျိုးရှိတယ်။

ကတမာ စတဿော၊ အဘယ်လေးမျိုးတို့နည်းဟူမူ

အဲဒီလေးမျိုးက ဘာတွေလဲဆိုတော့

၁။ ဣဓ ဘိက္ခဝေ ဧကစ္စော အတ္တနာ ဇရာဓမ္မော သမာနော ဇရာဓမ္မံယေဝ ပရိယေသတိ။

ဘိက္ခဝေ- ရဟန်းတို့၊ ဣဓ- ဤလောက၌၊ ဧကစ္စော- အချို့သောသူသည်၊ အတ္တနာ- ကိုယ်တိုင်၊ ဇရာဓမ္မော- အိုမင်းရင့်ရော်ခြင်းသဘောရှိသူသည်၊ သမာနော- ဖြစ်ပါလျက်၊ ဇရာဓမ္မံယေဝ- အိုမင်းရင့်ရော်ခြင်းသဘောရှိသော ကာမဂုဏ်ငါးပါးကိုသာလျှင်၊ ပရိယေသတိ- ရှာမှီး၏။

ရဟန်းတို့၊ ဒီလောကမှာ အချို့သောသူဟာ ကိုယ်တိုင်က အိုမင်းရင့်ရော်တဲ့သူဖြစ်ပါလျက် အိုမင်းရင့်ရော်တဲ့သဘောရှိတဲ့ သား၊ မယား၊ ကျွန်ထိန်း၊

http://www.dhammadownload.com



ကျွန်မ၊ ဆိတ်၊ သိုး၊ ကြက်၊ ဝက်စတဲ့ သက်ရှိကာမဂုဏ်နဲ့ ရွှေငွေစတဲ့ သက်မဲ့ကာမဂုဏ်ငါးပါးကိုပဲ ရှာမှီးနေတယ်လို့ ဟောတော်မူပါတယ်။

ရှင်းရှင်းပြောရရင် အိုသူက အိုတာပဲရှာနေတယ်။ ဒီလိုနော်။

(မှန်လှပါဘုရား)

အဲဒီအိုခြင်းသဘောကိုလည်း သက်ရှိကာမဂုဏ် အိုတာနဲ့ သက်မဲ့ကာမဂုဏ် အိုတာရယ်လို့ ထပ်ပြီးတော့ နှစ်မျိုးခွဲလိုက်ပါ။

ဒီတော့ တရားနာပရိသတ်၊ အိုနေတဲ့သူက အိုနေတာတွေကိုပဲ ရှာနေတယ်ဆိုတော့ အရှာမှားလား၊ အရှာမှန်လား။

(အရှာမှားပါဘုရား)

အေး၊ အဲဒီအရှာမှားမှုကို သတိပြုရမယ်နော်။

(မှန်လှပါဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားက ဘာတရားတဲ့လဲ။

(အရှာမှားမှု သတိပြုပါ တရားတော်ပါဘုရား)

ကဲ- လိုက်ဆိုကြ

*အိုနေသူက အိုတာများ

အရှာမှားမှု သတိထား။

၂။ အတ္တနာ ဗျာဓိဓမ္မော သမာနော ဗျာဓိဓမ္မံယေဝ ပရိယေသတိ။

အတ္တနာ- ကိုယ်တိုင်၊ ဗျာဓိဓမ္မော- မကျန်းမမာ နာခြင်းသဘောရှိသူသည်၊ သမာနော- ဖြစ်ပါလျက်၊ ဗျာဓိဓမ္မံယေဝ- မကျန်းမမာ နာခြင်းသဘောရှိသော ကာမဂုဏ်ငါးပါးကိုသာလျှင်၊ ပရိယေသတိ- ရှာမှီး၏။

ကိုယ်တိုင်က နာခြင်းသဘောရှိတဲ့သူဖြစ်ပါလျက် နာခြင်းသဘောရှိတဲ့ သက်ရှိကာမဂုဏ်ငါးပါးကိုပဲ ရှာနေတယ်လို့ ဟောတော်မူပါတယ်။

ရှင်းရှင်းပြောရရင် နာသူက နာတာပဲ ရှာနေတယ်။ နာသူက နာတာကိုပဲ ရှာနေတဲ့ အရှာမှားကြီးကို သတိပြုရမယ်နော်။

(မှန်လှပါဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားက ဘာတရားတဲ့လဲ။

(အရှာမှားမှု သတိပြုပါ တရားတော်ပါဘုရား)

http://www.dhammadownload.com



ကဲ– လိုက်ဆိုကြ

* နာနေသူက နာတာများ

အရှာမှားမှု သတိထား။

၃။ အတ္တနာ မရဏာဓမ္မော သမာနော မရဏာဓမ္မယေဝ ပရိယေသတိ။

အတ္တနာ– ကိုယ်တိုင်၊ မရဏာဓမ္မော– သေခြင်းသဘောရှိသူသည်၊ သမာနော– ဖြစ်ပါလျက်၊ မရဏာဓမ္မံယေဝ– သေခြင်းသဘောရှိသော ကာမဂုဏ်ငါးပါးကိုသာလျှင်၊ ပရိယေသတိ– ရှာမှီး၏။

ကိုယ်တိုင်က သေခြင်းသဘောရှိတဲ့သူဖြစ်ပါလျက် သေခြင်းသဘောရှိတဲ့ ကာမဂုဏ်ငါးပါးကိုပဲ ရှာနေတယ်လို့ ဟောတော်မူပါတယ်။

အဲဒီ သေသူက သေတာကိုပဲ ရှာနေတဲ့ အရှာမှားကြီးကို သတိပြုပြီးတော့ အရှာမှန်ရအောင် ကြိုးစားရမယ်နော်။

(မှန်လှပါဘုရား)

ဒီနေ့ဟောတဲ့တရားက ဘာတရားတဲ့လဲ။

(အရှာမှားမှု သတိပြုပါ တရားတော်ပါ ဘုရား)

ကဲ– လိုက်ဆိုကြ

* သေမည့်သူက သေတာများ

အရှာမှားမှု သတိထား။

၄။ အတ္တနာ သံကိလေသဓမ္မော သမာနော သံကိလေသဓမ္မံ ယေဝ ပရိယေသတိ။

အတ္တနာ– ကိုယ်တိုင်၊ သံကိလေသဓမ္မော– ညစ်နွမ်းခြင်းသဘောရှိသူသည်၊ သမာနော– ဖြစ်ပါလျက်၊ သံကိလေသဓမ္မံ ယေဝ– ညစ်နွမ်းခြင်းသဘောရှိသော ကာမဂုဏ်ငါးပါးကိုသာလျှင် ပရိယေသတိ– ရှာမှီး၏။

ကိုယ်တိုင် ညစ်နွမ်းခြင်းသဘောရှိနေသူဖြစ်ပါလျက် ညစ်နွမ်းခြင်းသဘောရှိတဲ့ သက်ရှိ သက်မဲ့ ကာမဂုဏ်ငါးပါးကိုပဲ ရှာနေတယ်လို့ ဟောတော်မူပါတယ်။

အဲဒီညစ်နွမ်းသူက ညစ်နွမ်းတဲ့ ကာမဂုဏ်ငါးပါးကိုပဲ ရှာနေတဲ့ အရှာမှားကြီး သတိပြုရမယ်နော်။

(မှန်လှပါဘုရား)

http://www.dhammadownload.com



ကဲ- လိုက်ဆိုကြ

*ညစ်နွမ်းသူက ညစ်နွမ်းများ

အရှာမှားမှု သတိထား။

တ္တမာ ခေါ ဘိက္ခဝေ စတသော အနရိယပရိယေသနာ။

ဘိက္ခဝေ- ရဟန်းတို့၊ အနရိယပရိယေသနာ- သူယုတ်မာတို့၏ ရှာမှီးခြင်းတို့သည်၊ တ္တမာ စတသော- ဤလေးမျိုးတို့ပါပေတည်း။

ကဲ- "အရှာမှားမှု သတိပြုစရာ" ဘယ်နှစ်ပါးတဲ့လဲ။

(လေးပါးပါ ဘုရား)

မှတ်မိအောင် ရေလိုက်ကြစမ်းပါ။

၁။ အိုသူက အိုခြင်းသဘောကို ရှာတာ၊

၂။ နာသူက နာခြင်းသဘောကို ရှာတာ၊

၃။ သေသူက သေခြင်းသဘောကို ရှာတာ၊

၄။ ညစ်နွမ်းသူက ညစ်နွမ်းခြင်းသဘောကို ရှာတာပါဘုရား။

အေး- ဟုတ်ပြီ။ "အရှာမှားမှု သတိပြုပါ" တရားတော် ပြီးသွားပြီးတော့ "နိဗ္ဗာန်ကိုရှာ့ အရိယာ" ဆိုတဲ့ တရားတော်ကို ဆက်ပြီး ဟောကြ နာယူကြပါစို့။

စတသော တ္တမာ ဘိက္ခဝေ အရိယပရိယေသနာ။

ဘိက္ခဝေ- ရဟန်းတို့၊ အရိယပရိယေသနာ- သူတော်ကောင်းတို့၏ ရှာမှီးခြင်းတို့သည်၊ တ္တမာ စတသော- ဤလေးမျိုးတို့ပါပေတည်း။

ရဟန်းတို့၊ သူတော်ကောင်းတွေရဲ့ ရှာမှီးခြင်းက လေးမျိုးရှိတယ်။

ကတမာ စတသော- အဘယ်လေးမျိုးတို့နည်းဟူမူ

အဲဒီလေးမျိုးက ဘာတွေလဲဆိုတော့

၁။ တ္တစ ဘိက္ခဝေ ဧကစ္စော အတ္တနာ ဇရာဓမ္မော သမာနော ဇရာဓမ္မေ အာဒီနဝံ ဝိဒိတွာ အဇရံ အနုတ္တရံ ယောဂက္ခေမံ နိဗ္ဗာနံ ပရိယေသတိ။

ဘိက္ခဝေ- ရဟန်းတို့၊ တ္တစ- ဤလောက၌၊ ဧကစ္စော- အချို့သောသူသည်၊ အတ္တနာ- ကိုယ်တိုင်၊ ဇရာဓမ္မော- အိုခြင်းသဘောရှိသူသည်၊ သမာနော- ဖြစ်နေသည့်အဖြစ်ကြောင့်၊ ဇရာဓမ္မေ- အိုခြင်းသဘောရှိသော ကာမဂုဏ်ငါးပါး၌၊ အာဒီနဝံ- အပြစ်ကို၊ ဝိဒိတွာ- သိ၍၊ အဇရံ- အိုခြင်းမရှိရာဖြစ်သော၊

http://www.dhammadownload.com



အနုတ္တရံ– အမြတ်ဆုံးဖြစ်သော၊ ယောဂက္ခေမံ– ယောဂလေးဖြာ ဘေးကင်းရာဖြစ်သော၊ နိဗ္ဗာနံ– နိဗ္ဗာန်ကို၊ ပရိယေသတိ– ရှာမှီး၏။

ရဟန်းတို့၊ ဒီလောကမှာ အချို့သောသူဟာ ကိုယ်တိုင်အိုခြင်းသဘော ရှိသူဖြစ်နေတဲ့အတွက်ကြောင့် အိုခြင်းသဘောရဲ့အပြစ်ကို သိမြင်ကာ မအိုတဲ့ အမြတ်ဆုံးဖြစ်တဲ့ ယောဂလေးဖြာကင်းရာ နိဗ္ဗာန်ကို ရှာမှီးတယ်လို့ ဟောကြားတော်မူပါတယ်။

ရှင်းရှင်းပြောရရင် အိုတဲ့သူဟာ အိုခြင်းရဲ့အပြစ်ကို သိပြီးတော့ မအိုရာ နိဗ္ဗာန်ကို ရှာတာနော်။

(မှန်လှပါဘုရား)

အဲဒီနိဗ္ဗာန်ကို ရှာတာဟာ အရိယာသူတော်ကောင်းတွေရဲ့ မှန်ကန်တဲ့ ရှာမှုမျိုးဖြစ်တယ်။ အရိယာသူတော်ကောင်းတွေက ဘာကိုရှာသတဲ့လဲ။

(နိဗ္ဗာန်ကို ရှာပါတယ်ဘုရား)

ဒါဆိုရင် ဒီနေ့ ဟောတဲ့တရားက ဘာတရားတဲ့လဲ။

(နိဗ္ဗာန်ကိုရှာ အရိယာတရားတော်ပါဘုရား)

အရိယာမဟုတ်သူတွေက ဘာကိုရှာသတဲ့လဲ။

(အိုတာ၊ နာတာ၊ သေတာ၊ ညစ်နွမ်းတာကို ရှာတာပါဘုရား)

ဒီနေ့ တရားနာနေကြတဲ့ ဒကာ ဒကာမတွေက ဘာကိုရှာနေကြပါလိမ့်။

(နိဗ္ဗာန်ကို ရှာနေကြတာပါဘုရား)

နိဗ္ဗာန်ကို ရှာနေကြရင် အရိယာသူတော်ကောင်းစာရင်းထဲ ပါသွားကြပြီနော်။

(မှန်လှပါဘုရား)

ကဲ– လိုက်ဆိုကြ

*အိုခြင်းအပြစ် သိရှိကာ
အရိယာတို့ နိဗ္ဗာန်ရှာ။

၂။ အတ္တနာ ဗျာဓိဓမ္မော သမာနော ဗျာဓိဓမ္မေ အာဒီနဝံ ဝိဒိတွာ အဗျာဓိံ အနုတ္တရံ ယောဂက္ခေမံ နိဗ္ဗာနံ ပရိယေသတိ။

ကိုယ်တိုင်က နာခြင်းသဘော ရှိတဲ့သူဖြစ်နေတဲ့အတွက်ကြောင့် နာခြင်း

http://www.dhammadownload.com



ရဲ့ အပြစ်ကိုသိမြင်ကာ နာခြင်းမရှိတဲ့ အမြတ်ဆုံးဖြစ်တဲ့ ယောဂကုန်ရာ နိဗ္ဗာန်ကို ရှာနေတယ်။ ဒီလိုနော်။

(မှန်လှပါဘုရား)

နာတဲ့အပြစ်ကို တကယ်သိမြင်မှ မနာတဲ့ နိဗ္ဗာန်ကို တကယ်လိုချင်တယ်၊ နိဗ္ဗာန်ဟာ ဘာ့ကြောင့် ကောင်းသလဲဆိုရင် အနာကင်းလို့၊ အနာမရှိလို့ ကောင်းတာနော်။

(မှန်လှပါဘုရား)

## နိဗ္ဗာန်လိုချင် သွားကိုက်စဉ်က

ကြုံတုန်း ဒကာ ဒကာမတွေကို ဦးပဥ္ဇင်း နိဗ္ဗာန်တကယ်လိုချင်တဲ့အချိန်လေး ပြောရဦးမယ်။ ဘိုကလေးမြို့မှာ ညတရားပွဲ သုံးည ဟောတုန်းက ဒုတိယညမှာ သွား တော်တော်လေး ကိုက်လာတယ်။ နဂိုက တစ်ခါမှ မကိုက်ဖူးဘူး။ အဲဒီ သွားကိုက်တဲ့ဝေဒနာဟာ တော်တော်ခံရခက်ပါတယ်။

အဲဒီသွားကိုက်စဉ်တုန်းက တော်တော်နာတဲ့အတွက် အနာမရှိတဲ့ နိဗ္ဗာန်ကို တော်တော်လိုချင်မိပါတယ်။

ရန်ကုန်ပြန်ရောက်တော့ ဆရာဝန်ထံပြပြီး ဆရာဝန်ပေးတဲ့ဆေးတွေ စားတာနဲ့ သွားကိုက်အနာရောဂါ ရှင်းရှင်းကြီးပျောက်သွားပါတယ်။

အဲဒီသွားကိုက်တဲ့ အနာရောဂါလည်း ပျောက်သွားရော၊ နိဗ္ဗာန်ကို လိုချင်တဲ့စိတ်လည်း ပျောက်သွားတယ်။

(အားလုံးရယ်ကြ)

ကဲ- ထားပါတော့၊ အားလုံးလိုက်ဆိုကြ

* နာခြင်းအပြစ် သိရှိကာ
အရိယာတို့ နိဗ္ဗာန်ရှာ။

ဒီတော့ တရားနာပရိသတ်၊ အရိယာတွေ နိဗ္ဗာန်ကို ဘာ့ကြောင့်ရှာကြပါလိမ့်။

(နာခြင်းအပြစ်ကို သိလို့ပါဘုရား)

တကယ်သိတော့ အရိယာသူတော်ကောင်းတွေဟာ တကယ်ရှာကြတယ်နော်။

(မှန်လှပါဘုရား)

http://www.dhammadownload.com



၃။ အတ္တနာ မရဏဓမ္မော သမာနော မရဏဓမ္မေ အဒီနဝံ ဝိဒိတွာ အမတံ အနုတ္တရံ ယောဂက္ခေမံ နိဗ္ဗာနံ ပရိယေသတိ။

ကိုယ်တိုင်က သေခြင်းသဘောရှိတဲ့သူ ဖြစ်နေတဲ့အတွက်ကြောင့် သေခြင်းသဘောရဲ့ အပြစ်ကို သိမြင်ကာ သေခြင်းမရှိရာ အမြတ်ဆုံးဖြစ်တဲ့ ယောဂကုန်ရာ နိဗ္ဗာန်ကို ရှာမှီးတယ်လို့ ဟောတော်မူပါတယ်။

ဒီတော့ တရားနာပရိသတ်၊ အရိယာ သူတော်ကောင်းတွေဟာ ဘာကို ရှာသတဲ့လဲ။

(သေခြင်းကင်းရာ နိဗ္ဗာန်ကို ရှာပါတယ်ဘုရား)

ဒီနေ့ ဟောတဲ့တရားက ဘာတရားဖြဲ့လဲ။

(နိဗ္ဗာန်ကိုရှာ အရိယာတရားတော်ပါ ဘုရား)

ကဲ- လိုက်ဆိုကြ

*သေခြင်းအပြစ် သိရှိကာ

အရိယာတို့ နိဗ္ဗာန်ရှာ။

၄။ အတ္တနာ သံကိလေသဓမ္မော သမာနော သံကိလေသဓမ္မေ အာဒီနဝံ ဝိဒိတွာ အသံကိလိဋ္ဌံ အနုတ္တရံ ယောဂက္ခေမံ နိဗ္ဗာနံ ပရိယေသတိ။

ကိုယ်တိုင်က ညစ်နွမ်းခြင်းသဘောရှိသူ ဖြစ်နေတဲ့အတွက်ကြောင့် ညစ်နွမ်းခြင်းရဲ့အပြစ်ကို သိမြင်ကာ မညစ်နွမ်းရာ အမြတ်ဆုံးဖြစ်တဲ့ ယောဂကုန်ရာ နိဗ္ဗာန်ကို ရှာမှီးတယ်လို့ ဟောတော်မူပါတယ်။

အရိယာသူတော်ကောင်းတွေ ဘာကိုရှာနေသတဲ့လဲ။

(မညစ်နွမ်းရာ နိဗ္ဗာန်ကို ရှာနေပါတယ်ဘုရား)

ကဲ- လိုက်ဆိုကြ

*ညစ်နွမ်းမှုပြစ် သိရှိကာ

အရိယာတို့ နိဗ္ဗာန်ရှာ

ဣမာ ခေါ ဘိက္ခဝေ စတဿော အရိယပရိယေသနာတိ။

ဘိက္ခဝေ- ရဟန်းတို့၊ အရိယပရိယေသနာ- သူတော်ကောင်းတို့၏ ရှာမှီးခြင်းတို့သည်၊ ဣမာ ခေါစတဿော- ဤလေးမျိုးတို့ပါပေတည်း။ ဣတိ- ဤသို့၊ (အဝေါစ- ကောင်းစွာမသွေ ဟောကြားတော်မူလိုက်ပါပေသတည်း)

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

http://www.dhammadownload.com



အရိယာ သူတော်ကောင်းတွေရဲ့ ရှာမှီးခြင်းလေးမျိုးတို့ကို အကျဉ်းချုပ်ကြည့်ကြရအောင်။

၁။ အိုခြင်းရဲ့အပြစ်ကို သိရှိကာ နိဗ္ဗာန်ကိုရှာတာ။

၂။ နာခြင်းရဲ့အပြစ်ကို သိရှိကာ နိဗ္ဗာန်ကိုရှာတာ။

၃။ သေခြင်းရဲ့အပြစ်ကို သိရှိကာ နိဗ္ဗာန်ကိုရှာတာ။

၄။ ညစ်နွမ်းခြင်းရဲ့အပြစ်ကို သိရှိကာ နိဗ္ဗာန်ကိုရှာတာရယ်လို့ လေးမျိုးတွေ့ရတယ်နော်။

(မှန်လှပါဘုရား)

ဒီတော့ တရားနာပရိသတ်၊ လူညံ့ အနရိယာ၊ လူတော်အရိယာဆိုတဲ့ လူနှစ်မျိုးရဲ့ ရှာကြပုံဟာ တူကြရဲ့လား။

(မတူပါဘူး ဘုရား)

လူညံ့အနရိယာ (အရိယာမဟုတ်သူတွေ) က အို၊ နာ၊ သေ၊ ညစ်နွမ်းမှုတို့ရဲ့ အပြစ်တွေကို မသိမမြင်တော့ အို၊ နာ၊ သေ၊ ညစ်နွမ်းမှုတွေကိုပဲ မရှာကြဘူးလား။

(ရှာနေကြပါတယ်ဘုရား)

အရိယာခေါ် လူတော်လူကောင်းတွေက ဘာကိုရှာ။

(အပြစ်သိကာ နိဗ္ဗာန်ကိုရှာကြပါတယ် ဘုရား)

လူချင်းတူပေမယ့် မှုခြင်းတူရဲ့လား။

(မတူပါဘူး ဘုရား)

အေး- ဒါဆိုရင် "လူချင်းတူပေမယ့် မှုခြင်းမတူပါ" တရားတော်လို့ မှတ်သင့်တယ်နော်။

(မှန်လှပါဘုရား)

လူချင်းတူပေမယ့် အသက်ရှူခြင်းမကွာဘူးလား။

(ကွာပါတယ် ဘုရား)

ဒါဆိုရင် "လူချင်းတူပေမယ့် အသက်ရှူခြင်းကွာပါတယ်" တရားတော်လို့ အမည်ပေးရင်ကော မရနိုင်ဘူးလား။

(ရနိုင်ပါတယ်ဘုရား)

http://www.dhammadownload.com



ကဲ– လိုက်ဆိုကြ

*အိုခြင်းအပြစ် မသိကာ၊ လူညံ့တွေက အိုခြင်းရှာ။

*နာခြင်းအပြစ် မသိကာ၊ လူညံ့တွေက နာခြင်းရှာ။

*သေခြင်းအပြစ် မသိကာ၊ လူညံ့တွေက သေခြင်းရှာ။

*ညစ်နွမ်းအပြစ် မသိကာ၊ လူညံ့တွေက ညစ်နွမ်းရှာ။

*အိုခြင်းအပြစ် သိရှိကာ၊ လူကောင်းတွေက နိဗ္ဗာန်ရှာ။

*နာခြင်းအပြစ် သိရှိကာ၊ လူကောင်းတွေက နိဗ္ဗာန်ရှာ။

*သေခြင်းအပြစ် သိရှိကာ၊ လူကောင်းတွေက နိဗ္ဗာန်ရှာ။

*ညစ်နွမ်းအပြစ် သိရှိကာ၊ လူကောင်းတွေက နိဗ္ဗာန်ရှာ။

*လူချင်းကတော့ တူတယ်ထား၊ မူချင်းကတော့ ဝေးကွာခြား။

*လူချင်းကတော့ တူတယ်ထား၊ အသက်ရှူခြင်း ဝေးကွာခြား။

ဒီတရားတော်ကို နာကြားရတဲ့နေ့ကစပြီး အို၊ နာ၊ သေ၊ ညစ်နွမ်းမှုတွေရဲ့ အပြစ်ကိုသိရှိကာ နိဗ္ဗာန်ကို ရှာမှီးနိုင်အောင် ကြိုးစားရမယ်နော်။

(မှန်လှပါဘုရား)

ကဲ– လက်ာလေးတွေနဲ့ တရားသိမ်းကြရအောင် လိုက်ဆိုကြ

*အိုခြင်းအမှန်၊ မသိပြန်၊ ကေန် အိုခြင်းရှာ။

*နာခြင်းအမှန်၊ မသိပြန်၊ ကေန် နာခြင်းရှာ။

*သေခြင်းအမှန်၊ မသိပြန်၊ ကေန် သေခြင်းရှာ။

*ညစ်နွမ်းအမှန်၊ မသိပြန်၊ ကေန် ညစ်နွမ်းရှာ။

*အရှာမှားမှု၊ သတိပြု၊ ယခုများသူငါ။

*အိုခြင်းအမှန်၊ သိမြင်ပြန်၊ နိဗ္ဗာန်ကိုပဲရှာ။

*နာခြင်းအမှန်၊ သိမြင်ပြန်၊ နိဗ္ဗာန်ကိုပဲရှာ။

*သေခြင်းအမှန်၊ သိမြင်ပြန်၊ နိဗ္ဗာန်ကိုပဲရှာ။

*ညစ်နွမ်းအမှန်၊ သိမြင်ပြန်၊ နိဗ္ဗာန်ကိုပဲရှာ။

*အရိယာတွင်၊ သူတော်စင်၊ သိမြင်နိဗ္ဗာန်ရှာ။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

မှတ်ချက်။ ။ နာရေးပွဲတိုင်း၊ ဝိပဿနာပွဲတိုင်းဟောပါ။

http://www.dhammadownload.com



*တရားအမည်ပေးရာ၌
အို + နာ၊ + သေရှာ လူညွှံပါ၊
မအိုရာရှာ + အရိယာ၊
မနာရာရှာ + အရိယာ၊
မသေရာရှာ + အရိယာ၊
လူချင်းတူပေမယ့် မူခြင်းမတူပါ၊
လူချင်းတူပေမယ့် အသက်ရှူခြင်းကွာပါတယ် တရားတော် စသည်ဖြင့် အမည်ပေးကာ ဟောကြားပါ။

၁၃၅၈ ခု တော်သလင်းလဆန်း (၅) ရက်
၁၇၊ ၉၊ ၉၆ (အင်္ဂါနေ့) ည ၁၀း ၁၈ နာရီ။

"အရှာမှားမှု သတိပြု တရားတော်"
"နိဗ္ဗာန်ကိုရှာ အရိယာ တရားတော် ပြီးပြီ။

http://www.dhammadownload.com

ခုဒ္ဒကနိကာယ်၊ ဇာတကပါဠိတော်၊ ဒသကနိပါတ်
မဟာဓမ္မပါလ ဇာတ်တော်လာ ဂါထာတစ်ပုဒ်ကို တန်ဆာဆင်၍
ဟောကြား ပြောကြားအပ်သော

# စေတနာသုံးသွယ်+ အပြုံးချယ်ပါ တရားတော်

ဒီနေ့ ဒကာ ဒကာမတွေကို ဟောကြားမည့်တရားတော်က "စေတနာသုံးသွယ် အပြုံးချယ်ပါ" တရားတော်တဲ့။

ဘာတရားတဲ့လဲ။

(စေတနာသုံးသွယ် အပြုံးချယ်ပါ တရားတော်ပါ ဘုရား)

မဟာဓမ္မပါလဇာတ်တော်မှာ အရှင်သာရိပုတ္တရာအလောင်း ဒိသာပါမောက္ခ ဆရာကြီးက သုဒ္ဓေါဓနအလောင်း မဟာဓမ္မပါလပုဏ္ဏားကို "သင်တို့ရဲ့အမျိုးမှာ ငယ်ရွယ်သူတွေ ဘာ့ကြောင့် မသေကြတာလဲ"လို့ မေးတဲ့ခါ မဟာဓမ္မပါလ ပုဏ္ဏားကြီးက

> ပုဗ္ဗေဝ ဒါနာ သုမနာ ဘဝါမ၊
> ဒဒမ္ပိ ဝေ အတ္တမနာ ဘဝါမ။
> ဒတွာပိ ဝေ နာနုတပ္ပာမ ပစ္ဆာ၊
> တသ္မာ ဟိ အမှံ ဒဟရာ နမိယျရေ။
>
> (ဇာ ပါ ၁၊ ၂၁၄)

(အာစရိယ– အို ဒိသာပါမောက္ခဆရာကြီး၊ မယံ– အကျွန်ုပ်တို့ ဓမ္မပါလ အမည်ရသည့် ရွာလုနေရာ ရွာသူရွာသားလူအဲများတို့သည်၊ ပုဗ္ဗေဝဒါနာ– အလှူဒါန မလှူရမီ ရှေးအဖို့ဆီကပင်လျှင်၊ သုမနာ– နှစ်သက်အားရ ရွှင်လန်း ဝမ်းမြောက်ကြကုန်သည်၊ ဘဝါမ– ဖြစ်ကြပါကုန်၏။

အို ဒိသာပါမောက္ခဆရာကြီး အကျွန်ုပ်တို့ ဓမ္မပါလ ရွာသူရွာသားတွေဟာ အလှူအတန်းမလုပ်ခင် ရှေးအဖို့ကပင် လှူရမည့်အရေး တွေးတွေးပြီးတော့ နှစ်သက်အားရ ရွှင်လန်းဝမ်းမြောက် နေကြပါတယ်။ နှစ်သက်ကြည်နူး ဘဝင်မြူးကာ အပြုံးထူးတွေ ဖြစ်နေကြပါတယ်လို့ ပြောပြပါတယ်။

http://www.dhammadownload.com



ဒီတော့ တရားနာပရိသတ်၊ အဲဒီဓမ္မပါလ ရွာသူရွာသားတွေရဲ့ မလျှုခြင် ဝမ်းမြောက်နှစ်သက်နေတဲ့ စေတနာကို ပုဗ္ဗစေတနာလို့ခေါ်တယ်။

ဘာစေတနာတဲ့လဲ။

(ပုဗ္ဗစေတနာပါဘုရား)

မလျှုခြင် ဝမ်းမြောက်နှစ်သက်နေတာဟာ ပုဗ္ဗစေတနာကို အပြုးချယ်နေတာဖြစ်တယ်၊ ဘာတဲ့လဲ။

(ပုဗ္ဗစေတနာကို အပြုးချယ်နေတာပါ ဘုရား)

ဒီနေ့ တရားနာနေကြတဲ့ ဒကာ ဒကာမတွေလည်း အလှူလုပ်တော့မယ်ဆိုရင် မလှူခြင်မှာ ကြိုတင်ပြီးတော့ နှစ်သက်ဝမ်းမြောက်နေရမယ်နော်။

(မှန်လှပါဘုရား)

မလှူခြင်မှာ ပုဗ္ဗစေတနာကို ဘာချယ်ရမတဲ့လဲ။

(အပြုးချယ်ရပါမှာပါ ဘုရား)

ကဲ– လိုက်ဆိုကြ

*မလှူမီက၊ ဝမ်းမြောက်ကြ၊ ပုဗ္ဗစေတနာ၊

*စေတနာ ပုဗ္ဗ၊ မြဲနေ့ည၊ ချယ်ကြအပြုးပါ၊

*အပြုးတရား၊ နှလုံးသား၊ ချယ်ထားပုဗ္ဗမှာ။

ဓမ္မပါလရွာသူရွာသားတွေက ပုဗ္ဗစေတနာကို အမြဲနေ့ည အပြုးချယ်နေကြတယ်နော်။

(မှန်လှပါဘုရား)

ဒီတော့ တရားနာပရိသတ်၊ အလှူဒါနပြုတော့မယ်ဆိုရင် ပုဗ္ဗစေတနာကို အပြုးချယ်ရမှာလား၊ အမုန်းချယ်ရမှာလား။

(အပြုးချယ်ရမှာပါဘုရား)

ကဲ– လိုက်ဆိုကြ

*ပုဗ္ဗစေတနာ အပြုးချယ်၊
ဓမ္မပါလရွာသားကွယ်။

*ပုဗ္ဗစေတနာ၊ အပြုးချယ်၊
ဓမ္မပါလရွာသူကွယ်။

ပုဗ္ဗစေတနာကောင်းရင် ပုဗ္ဗစေတနာကိုအပြုးချယ်ရင် ပထမအရွယ်မှာ

http://www.dhammadownload.com



ကောင်းတဲ့အကျိုးပေးတွေ ထက်သန်တယ်၊ ကိုယ်လုပ်တဲ့လုပ်ငန်းကိစ္စ အဝဝတွေ အောင်မြင်ပြီးမြောက် ခရီးရောက်တယ်။

ဒီတော့ တရားနာပရိသတ် ပထမအရွယ်မှာ အကျိုးပေးတွေ မကောင်းချင်ကြဘူးလား။

(ကောင်းချင်ကြပါတယ်ဘုရား)

အေး၊ ပထမအရွယ်မှာ အကျိုးပေးကောင်းချင်ရင် ပုဗ္ဗစေတနာ ကောင်းရမယ်။ ပုဗ္ဗစေတနာကို အပြုံးချယ်ရမယ်နော်။

(မှန်လှပါဘုရား)

ကဲ– လိုက်ဆိုကြ

*ပထမအရွယ်၊ ကောင်းကျိုးကွယ်၊ တကယ်ရချင်ရင်၊

*ပုဗ္ဗစေတနာ၊ ကောင်းကြပါ၊ သေချာမှာခဲ့ချင်၊

*ပုဗ္ဗစေတနာ၊ အပြုံးသာ၊ ချယ်ပါထာဝစဉ်။

ကဲ– ပုဗ္ဗစေတနာပြီးတော့ မုဥ္စစေတနာ ဆက်ကြပါစို့။

ဒဒမ္ဘိ– ပေးလှူဆဲမှာလည်း၊ ဝေ– စင်စစ်၊ အတ္တမနာ– နှစ်သက်အားရ ရွှင်လန်းဝမ်းမြောက်သောစိတ် ရှိကြကုန်သည်၊ ဘဝါမ– ဖြစ်ကြပါကုန်၏။

ပေးလှူဆဲ ပေးလှူစဉ်မှာလည်း နှစ်သက်အားရ ဝမ်းမြောက်သောစိတ် ရှိကြတယ်၊ ဝမ်းမြောက်နေကြတယ်တဲ့။

အဲဒီပေးလှူဆဲမှာ နှစ်သက်ဝမ်းမြောက်နေတဲ့ စေတနာကို မုဥ္စစေတနာလို့ ခေါ်တယ်၊ ဘာစေတနာတဲ့လဲ။

(မုဥ္စစေတနာပါ ဘုရား)

ပေးလှူဆဲမှာ နှစ်သက်ဝမ်းမြောက်နေတာဟာ မုဥ္စစေတနာကို အလှချယ်တာ၊ အပြုံးချယ်တာနော်။

(မှန်လှပါဘုရား)

ကဲ– လိုက်ဆိုကြ

*လှူဆဲကာလ၊ ဝမ်းမြောက်က၊ မုဥ္စစေတနာ။

*စေတနာမုဥ္စ၊ မြဲနေည၊ ချယ်သအပြုံးပါ။

*အပြုံးတရား၊ နှလုံးသား၊ ချယ်ထားမုဥ္စမှာ။

မုဥ္စစေတနာကောင်းရင်၊ မုဥ္စစေတနာကို အလှချယ်ရင်၊ အပြုံးချယ်ရင်

http://www.dhammadownload.com



ဒုတိယအရွယ်မှာ အကျိုးပေးကောင်းတယ် ကောင်းကျိုးပေးဟန် အတန်တန်တွေ ထက်သန်တယ်နော်။

(မှန်လှပါဘုရား)

ကဲ- လိုက်ဆိုကြ

*ဒုတိယအရွယ်၊ ကောင်းကျိုးကွယ်၊ တကယ်ရလိုရင်။

*မုဥ္စစေတနာ၊ ကောင်းကြပါ၊ သေချာမှာခဲ့ချင်။

*လှူဆဲအခါ၊ စိတ်ထဲမှာ၊ များစွာဝမ်းမြောက်ရှင်။

*မုဥ္စစေတနာ၊ အပြုံးသာ၊ ချယ်ပါထာဝစဉ်။

အပရစေတနာ ဆက်ကြပါစို့။

မုဥ္စစေတနာပြီးတော့ အပရစေတနာ ဆက်ပြီး ဟောကြနာကြပါစို့။

ဒတွာပိ- စေတနာဖွေးဖြူ ပေးလှူပြီး၍လည်း၊ ပစ္ဆာ- နောင်အခါ၌၊ ဝေ- စင်စစ်၊ နာနုတပ္ပာမ- နောင်တတစ်ဖန် မပူမပန်ကြပါကုန်။

ပေးလှူပြီးပြန်တော့လည်း နောင်အခါမှာ နောင်တတစ်ဖန် မပူပန်ကြဘဲ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြပြန်တယ်တဲ့။

အဲဒီလိုပေးလှူပြီး ဝမ်းမြောက်ဝမ်းသာဖြစ်နေတဲ့ စေတနာကိုတော့ အပရစေတနာလို့ ခေါ်တယ်။

ဘာစေတနာတဲ့လဲ။

(အပရစေတနာပါ ဘုရား)

ပေးလှူပြီး နှစ်သက်ရွှင်လန်း ဝမ်းမြောက်ဝမ်းသာ ဖြစ်နေတာဟာ အပရစေတနာကို အလှချယ်တာ၊ အပြုံးချယ်တာနော်။

(မှန်လှပါဘုရား)

လှူပြီးတဲ့အခါ အပရစေတနာကို ဘာချယ်ရမတဲ့လဲ။

(အလှချယ်၊ အပြုံးချယ်ရမှာပါဘုရား)

ကဲ- လိုက်ဆိုကြ

*လှူပြီးကာလ၊ ဝမ်းမြောက်က၊ အပရစေတနာ။

*စေတနာ အပရ၊ မြဲနေ့ည၊ ချယ်သအပြုံးပါ။

*အပြုံး တရား ၊ နှလုံးသား၊ ချယ်ထား အပရာ။

အပရစေတနာကောင်းရင်၊ အပရစေတနာနဲ့ ပြည့်စုံရင်၊ အပရစေတနာ

http://www.dhammadownload.com



ကို အလှချယ်ရင်၊ အပြီးချယ်ရင် တတိယအရွယ်မှာ အကျိုးပေးကောင်းတယ်၊ တတိယအရွယ်မှာ အစစအရာရာ လိုလေသေးမရှိရအောင် ပြည့်စုံကြွယ်ဝတယ် နော်။

(မှန်လှပါဘုရား)

ကဲ- လိုက်ဆိုကြ

*တတိယအရွယ်၊ ကောင်းကျိုးကွယ်၊ တကယ်ရလိုရင်။

*အပရစေတနာ၊ ကောင်းကြပါ၊ သေချာမှာခဲ့ချင်။

*လှူပြီးသောခါ၊ စိတ်ထဲမှာ၊ များစွာဝမ်းမြောက်ရှင်။

*အပရစေတနာ၊ အပြီးသာ၊ ချယ်ပါထာဝစဉ်။

ဓမ္မပါလ ရွာသူရွာသားတွေဟာ ပုဗ္ဗစေတနာ၊ မုဉ္စစေတနာ၊ အပရစေတနာ ဆိုတဲ့ စေတနာသုံးသွယ်လုံးကို အပြီးမချယ်ကြဘူးလား။

(အပြီးချယ်ကြပါတယ် ဘုရား)

အေး၊ ဓမ္မပါလ ရွာသူရွာသားတွေလိုပဲ ယနေ့ တရားနာနေကြတဲ့ ဒကာ ဒကာမတွေကလည်း စေတနာသုံးသွယ်လုံးမှာ အပြီးချယ်ကြရမယ်၊ အပြီးချယ်နိုင်ကြပါစေဆိုတဲ့အနေဖြင့် ဒီတရားကို ဟောခဲ့ ပြောခဲ့ပါတယ်။

ဒီနေ့ ဟောခဲ့တဲ့ တရားက ဘာတရားတဲ့လဲ။

(စေတနာသုံးသွယ် အပြီးချယ် တရားတော်ပါ ဘုရား)

တသ္မာဟိ- ထိုသို့ စေတနာသုံးသွယ် အပြီးချယ်၍ တကယ်ရှင်လန်း လှူဒါန်းကြသောကြောင့်ပင်လျှင်၊ အမှံ- အကျွန်ုပ်တို့၏၊ ကုလေ- ဓမ္မပါလ နာမတွင်ညောင်း အမျိုးကောင်း၌၊ ဒဟရာ- အသက်အရွယ် ငယ်သူတို့သည်၊ နမိယျရေ- မသေကြပါကုန်။

စေတနာသုံးသွယ် အပြီးချယ်ပြီးတော့ လှူဒါန်းကြတဲ့အတွက်ကြောင့် အကျွန်ုပ်တို့ရဲ့ ဓမ္မပါလအမျိုးမှာ အသက်အရွယ်ငယ်သူတွေ မသေကြပါဘူး။ အသက်အရွယ်ငယ်ငယ်လေးနဲ့ ဘယ်တော့မှ မသေကြပါဘူးလို့ သုဒ္ဓေါဒန အလောင်း မဟာဓမ္မပါလပုဏ္ဏားကြီးက ပြောပြပါတယ်။

ဒီတော့ တရားနာပရိသတ်၊ အသက်အရွယ် ငယ်ငယ်လေးနဲ့ မသေချင် ရင် စေတနာသုံးသွယ် အပြီးချယ်ပြီးတော့ လှူကြရမယ်နော်။

(မှန်လှပါဘုရား)

http://www.dhammadownload.com



ဒီနေ့ ဒကာ ဒကာမတွေ ဟောနေတဲ့တရားက စေတနာထားတတ်အောင် သင်တန်းပေးနေတဲ့ စေတနာသင်တန်းတရား။

ဘာတရားတဲ့လဲ။

(စေတနာသင်တန်းတရားပါဘုရား)

ကဲ- လိုက်ဆိုကြ

* စေတနာသုံးသွယ်၊ အပြုံးချယ်၊ တကယ်လှူကြသော်။
* ဓမ္မပါလ၊ အမျိုးလှ၊ ငယ်ကမသေနော်။
* စေတနာသုံးသွယ်၊ အပြုံးချယ်၊ တကယ်လှူကြကာ။
* ဓမ္မပါလ၊ အမျိုးလှ၊ ငယ်ကမသေပါ။
* စေတနာသုံးသွယ်၊ အပြုံးချယ်၊ တကယ်လှူကြပါ။
* စေတနာသုံးတန်၊ အပြုံးဖန်၊ အမှန်လှူကြပါ။
* စေတနာသုံးသွယ်၊ အပြုံးချယ်၊ ငယ်ရွယ်မသေပါ။

ငယ်ငယ်ရွယ်ရွယ်နဲ့ မသေရဘူးဆိုတော့ အသက်တမ်းစေ့အောင် နေရပြီး အသက်ကြီးမှ သေရတယ်၊ ဒီလိုဆိုလိုတာနော်။

(မှန်လှပါဘုရား)

ကဲ- လိုက်ဆိုကြ

* စေတနာသုံးသွယ်၊ အပြုံးချယ်၊ တကယ်လှူကြသော်။
* အသက်ရှည်စွာ၊ နေရကာ၊ သေတာ ကြီးမှနော်။

အသက်အရွယ်ငယ်ငယ်လေးနဲ့ မသေချင်ရင် ဘယ်လိုလှူရမတဲ့လဲ။

(စေတနာသုံးသွယ်၊ အပြုံးချယ်ပြီးတော့ လှူရမှာပါဘုရား)

ကဲ- လိုက်ဆိုကြ

* ငယ်ရွယ်စဉ်တွင်၊ မသေချင်၊ လူရှင် လှူနည်းမှာ။
* စေတနာသုံးသွယ်၊ အပြုံးချယ်၊ တကယ်လှူဒါန်းပါ။

ကဲ- ဒီနေ့ ဟောလိုက်တဲ့တရားက ဘာတရားတဲ့လဲ။

(စေတနာသုံးသွယ် အပြုံးချယ်ပါ တရားတော်ပါ ဘုရား)

ကဲ- "စေတနာသုံးသွယ် အပြုံးချယ်ပါ"

"ငယ်ကမသေ ကြီးမှသေ" ဆိုတဲ့တရားကဗျာတွေနဲ့ တရားသိမ်းကြရအောင်၊ လက်အုပ်ချီကြ။

http://www.dhammadownload.com



## စေတနာသုံးသွယ် အပြီးချယ်ပါ

စေတနာသုံးသွယ် အပြုံးချယ်၍၊ လှူငယ် လှူလတ်၊ တစ်ရပ်လှူကြီး၊
အသီးသီးတို့၊ အပြီးပိုင်ပိုင်၊ လှူဒါန်းနိုင်ကာ၊ သက်ရှည်ပါစေ၊ ဒီအနေဖြင့်၊
ရည်ညွှန်းကောင်းစွာ "စေတနာသုံးသွယ်၊ အပြုံးချယ်ပါ" ဒေသနာကို၊
သေချာကျနှ ဟောဖော်ပြသည်၊ မှတ်ကြနေ့စဉ်အမြဲတည်း။

## ငယ်ကမသေ ကြီးမှသေ

*စေတနာသုံးသွယ်၊ အပြုံးချယ်၍၊ တကယ်နေ့ညာ၊
လှူဒါန်းကြလျှင်၊ ငယ်ကမသေ၊ ကြီးမှသေမည်၊
မှတ်လေ နေ့ည အမြဲတည်း။
*စေတနာသုံးသွယ် အပြုံးချယ်ကာ၊ လှူဒါန်းတာကြောင့်၊
ဓမ္မပါလ၊ အမည်ရသည့်၊ ရွာကရွာသား၊ ရွာသူများတို့၊ မှတ်သားငယ်က၊
မသေရဘဲ၊ ကြီးမှမှန်စွာ၊ သေရပါဟု၊ သေချာကျနှ၊ ဟောပြောပြသည်၊
ဓမ္မပါလစကားတည်း။

## စေတနာသုံးမျိုး ကောင်းကျိုးမှတ်ဖွယ် ကဗျာ

*ပုဗ္ဗစေတနာ၊ ဝမ်းမြောက်ပါက၊ ပထမအရွယ်၊
ကောင်းကျိုးကြွယ်လျက်၊ အလယ်မုဥ္စ၊ ဝမ်းမြောက်ကြသော်၊
ဒုတိယအရွယ်၊ ကောင်းဂုဏ်ထည်၍၊ နောင်ဝယ်အပရ၊
ဝမ်းမြောက်ကလည်း၊ နေ့ညတင့်တယ်၊ တတိယအရွယ်၊
အံ့ဖွယ်ကောင်းကျိုး၊ တိုးထက်တိုးသည်၊
ကောင်းကျိုးမှတ်ဖွယ်ကဗျာတည်း။
*ပုဗ္ဗစေတနာ၊ ပြုံးချယ်ပါက၊ ပထမအရွယ်၊
ကောင်းကျိုးကြွယ်လျက်၊ အလယ်မုဥ္စ၊ ပြုံးချယ်ကြသော်၊
ဒုတိယအရွယ်၊ ကောင်းဂုဏ်ထည်၍၊ နောင်ဝယ် အပရ၊ ပြုံးချယ်ကလည်း
နေ့ညတင့်တယ်၊ တတိယအရွယ်၌၊ အံ့ဖွယ်ကောင်းကျိုး၊
တိုးထက်တိုးသည်၊ ကောင်းကျိုးမှတ်ဖွယ် ကဗျာတည်း။
(သာဓု၊ သာဓု၊ သာဓုပါဘုရား)

http://www.dhammadownload.com



မှတ်ချက်။ ။ ရဟန်းခံ ရှင်ပြု ကုသိုလ်ပွဲတိုင်း၊ ရတနာသုံးပါးပူဇော်ပွဲတိုင်း၊ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးပစ္စည်းလေးပါး လှူဒါန်းပွဲတိုင်း၊ အခြားသော ဒါနပွဲတိုင်း စေနာထားတတ်ရေး ဟောကြားပေးသင့်ပါသည်။

*တရားမည်ပေးရာ၌

စေတနာသုံးသွယ် အလှချယ်ပါ၊
စေတနာသုံးပါး အပြုံးထားပါ၊
စေတနာသုံး၀ ဝမ်းမြောက်ကြပါ၊
ငယ်ရွယ်စဉ်တွင် မသေချင်သော်၊
အသက်ကြီးမှ သေလိုကြသော်၊
စေနာသုံးအင် အပြုံးဆင်ပါ၊
စေတနာသုံးမျိုး ကောင်းကျိုးဝေဆာ၊
စေတနာ သေချာထားရင်ဖြင့်၊
စေတနာ ဝေဆာထားရင်ဖြင့်၊
ငယ်ကမသေ ကြီးမှသေ တရားတော် စသည်ဖြင့် အမည်ပေးကာ ဟောကြားပါ။

၁၈၊ ၉၊ ၉၆ (ဗုဒ္ဓဟူးနေ့)

စေတနာသုံးသွယ် အပြုံးချယ်ပါ တရားတော် ပြီးပြီ။

http://www.dhammadownload.com

# အင်္ဂုတ္တရနိကာယ်၊ တိကနိပါတ်ပါဠိတော်၊ ဒုတိယပဏ္ဏာသက၊ မဟာဝဂ်၊ ဘယသုတ္တန်ကို တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# မကယ်နိုင်ရာ+ ဘေးသုံးဖြာ တရားတော်

ဒီနေ့ ဘဝတစ်ပါးပြောင်းသွားတဲ့ ဒါယကာကြီး ဦး ( )၊ ဒါယိကာမကြီး ဒေါ် ( ) အား ရည်စူးပြီးတော့ ကုသိုလ်ပြုတဲ့ ဒါနပွဲမှာ ဟောကြားမည့် တရားတော်က "မကယ်နိုင်ရာ ဘေးသုံးဖြာ" တရားတော်တဲ့။

ဘာတရားတဲ့လဲ။

(မကယ်နိုင်ရာ ဘေးသုံးဖြာ တရားတော်ပါ ဘုရား)

ကဲ- စပြီး ဟောကြ နာကြရအောင်။

တီဏိမာနိ ဘိက္ခဝေ အမာတာပုတ္တိကာနိ ဘယာနိ။

(အံ ပါ ၁၊ ၁၈၀)

ဘိက္ခဝေ- ရဟန်းတို့၊ အမာတာပုတ္တိကာနိ- အမိနှင့်သား အချင်းချင်း မကာကွယ်နိုင်၊ မကယ်နိုင်အောင်၊ ကြီးမားဆိုးရွားလှကုန်သော၊ ဘယာနိ- ဘေးတို့သည်၊ ဣမာနိတီဏိ- ဤသုံးမျိုးတို့ပါပေတည်း။

ရဟန်းတို့၊ အမိနဲ့သား အချင်းချင်း မကယ်နိုင်တဲ့ ဘေးသုံးပါးရှိတယ်။

ကတမာနိတီဏိ ဇရာဘယံ ဗျာဓိဘယံ မရဏဘယန္တိ။

ကတမာနိ တီဏိ- အဘယ်သုံးမျိုးတို့နည်းဟူမူ၊ ဇရာဘယံ- အိုဘေးလည်းကောင်း၊ ဗျာဓိဘယံ- မကျန်းမမာ နာဘေးလည်းကောင်း၊ မရဏဘယံ- သေဘေးလည်းကောင်း၊ ဣတိ- ဤသည်တို့တည်း။

အဲဒီသုံးမျိုးက ဘာတွေလဲဆိုတော့ အိုဘေး၊ နာဘေး၊ သေဘေးတို့ပါပဲ။

၁။ န ဘိက္ခဝေ မာတာ ပုတ္တံ ဇီရမာနံ ဧဝံ လဘတိ "အဟံ ဇီရာမိ၊ မာမေ ပုတ္တော ဇီရီ" တိ၊ ပုတ္တော ဝါ ပန မာတရံ ဇီရမာနံ နဧဝံ လဘတိ" အဟံ ဇီရာမိ မာမေ မာတာ ဇီရီ" တိ။

http://www.dhammadownload.com



ဘိက္ခဝေ– ရဟန်းတို့၊ မာတာ– မိခင်သည်၊ ဓီရမာနံ– အိုမင်းနေသော၊ ပုတ္တံ– သားကို၊ "အဟံ– ငါသည်သာ၊ ဓီရာမိ– သား၏ကိုယ်စား အိုချင်ပါ၏၊ မေ– ငါ၏၊ ပုတ္တော– သားသည်၊ မာဓီရိတိ– မအိုပါစေသတည်းဟူ၍၊ ဧဝံ– ဤသို့တောင့်တ၍၊ (ပရိတ္တာတုံ– အိုဘေးမှ ကယ်တင်စောင့်ရှောက်ခြင်းငှာ) နလဘတိ– မရ။

ဝါပန– သို့မဟုတ်၊ ပုတ္တော– သားသည်၊ ဓီရမာနံ– အိုမင်းနေသော၊ မာတရံ– မိခင်ကို၊ အဟံ– ငါသည်သာ၊ ဓီရာမိ– မိခင်၏ကိုယ်စား အိုချင်ပါ၏၊ မေ– ငါ၏၊ မာတာ– အမိသည်၊ မာဓီရိတိ– မအိုပါစေသတည်းဟူ၍၊ ဧဝံ– ဤသို့တောင့်တ၍၊ (ပရိတ္တာတုံ– အိုဘေးမှ ကယ်တင်စောင့်ရှောက်နိုင်ခြင်းငှာ။ နလဘတိ– မရ။

ရဟန်းတို့၊ အမေက အိုနေတဲ့သားကို "ငါသာ သားရဲ့ကိုယ်စား အိုချင်တယ်၊ ငါ့ရဲ့သား မအိုပါစေနဲ့"လို့ အိုဘေးမှ ကယ်တင်စောင့်ရှောက်လို့ မရဘူး။ ကယ်တင်စောင့်ရှောက်နိုင်ခွင့်ကို မရနိုင်ဘူး။ ဒီလိုဟောတောမူတယ်နော်။

(မှန်လှပါဘုရား)

သားကလည်း အိုနေတဲ့ အမေကို "ငါသာ အမေရဲ့ကိုယ်စား အိုချင်တယ်၊ ငါ့အမေ မအိုပါစေနဲ့" လို့ အိုဘေးမှ ကယ်တင်စောင့်ရှောက်လို့ မရဘူးနော်။

(မှန်လှပါဘုရား)

ဒီတော့ တရားနာပရိသတ်၊ အမိနဲ့သား၊ သားနဲ့အမိ အချင်းချင်း ကယ်တင်ချင်ပေမယ့် ကယ်လို့မရတာ ဘယ်ဘေးတဲ့လဲ။

(အိုဘေးပါ ဘုရား)

မေတ္တာတရား အမြဲထားတဲ့ အမေက သားရဲ့ကိုယ်စား အိုပါရစေ၊ အမေ့အပေါ်မှာ မေတ္တာတရား အမြဲထားနေတဲ့သားက အမေရဲ့ကိုယ်စား အိုပါရစေလို့ ဆိုပြပေမယ့် အိုဘေးက လက်ခံရဲ့လား။

(လက်မခံပါဘူး ဘုရား)

သားနဲ့အမိ၊ အမိနဲ့သား ကယ်ချင်ပေမယ့် ကယ်လို့ကော ရရဲ့လား။

(မရပါဘူး ဘုရား)

ကဲ– လိုက်ဆိုကြ

*အမေက သား၊ ကိုယ်စား အိုချင်၊

http://www.dhammadownload.com



အမေ့ကိုယ်စား၊ သားက အိုချင်၊
မေတ္တာအထူး၊ ဖြစ်ဦးအစဉ်၊
ကယ်မရ + မှတ်ကြ အိုဘေးပင်။

ဒါ အမေနဲ့ သားအတွက် ဟောထားတာ၊ အဖေနဲ့သား၊ သားနဲ့အဖေ အိုဘေးက လွတ်အောင် ကယ်ချင်ပေမယ့် ကယ်လို့ကော ရနိုင်ပါ့မလား။

(မရနိုင်ပါဘူး ဘုရား)

ကဲ– လိုက်ဆိုကြ

*အဖေက သား၊ ကိုယ်စား အိုချင်၊
အဖေ့ကိုယ်စား၊ သားက အိုချင်၊
မေတ္တာအထူး၊ ဖြစ်ဦးအစဉ်၊
ကယ်မရ + မှတ်ကြအိုဘေးပင်။

မီးဘေး၊ ရေဘေး၊ ပြည်ပျက်တဲ့ဘေးတွေက တစ်ခါတလေ ဆယ်ရေး တစ်ရေး၊ ဆယ်ခါတစ်ခါ ကယ်မယ်ဆိုရင် ကယ်နိုင်သေးတယ်နော်။

(မှန်လှပါဘုရား)

ကဲ– လိုက်ဆိုကြ

*မီးဘေး၊ ရေဘေး၊ ပြည်ပျက်ဘေး၊ မနေးကြုံဆုံလာ။
*ဆယ်ရေးတစ်ရေး၊ ကယ်နိုင်သေး၊ အိုရေးမကယ်သာ။

၂။ န ဘိက္ခဝေ မာတာ ပုတ္တံ ဇျာဓိယမာနံ ဧဝံ လဘတိ "အဟံ ဇျာဓိယာမိ၊ မာ မေ ပုတ္တော ဇျာဓိယီ" တိ ပုတ္တော ဝါ ပန မာတရံ ဇျာဓိယမာနံ န ဧဝံ လဘတိ "အဟံ ဇျာဓိယာမိ၊ မာမေ မာတာ ဇျာဓိယီ"တိ။

ရဟန်းတို့၊ အမေက နာနေတဲ့သားကို "ငါသာ သားရဲ့ကိုယ်စား နာချင်ပါတယ်၊ ငါ့ရဲ့သား မနာပါစေနဲ့" လို့ နာဘေးမှ ကယ်တင်စောင့်ရှောက်လို့ မရဘူး။

သားကလည်း နာနေတဲ့အမေကို "ငါသာ အမေ့ရဲ့ကိုယ်စား နာချင်ပါတယ်၊ ငါ့ရဲ့အမေ မနာပါစေနဲ့" လို့ နာဘေးမှ ကယ်တင်စောင့်ရှောက်လို့ မရဘူးလို့ ဟောတာနော်။

(မှန်လှပါဘုရား)

http://www.dhammadownload.com



ဒီတော့ တရားနာပရိသတ်၊ အမိနဲ့သား၊ သားနဲ့အမိ အချင်းချင်း မေတ္တာတရား အပြည့်ထားကာ ကယ်ချင်ပေမယ့် ကယ်လို့မရတာ ဘယ်ဘေးတဲ့လဲ။

(နာဘေးပါဘုရား)

ကဲ- လိုက်ဆိုကြ

*အမေက သား၊ ကိုယ်စားနာချင်၊

အမေ့ကိုယ်စား၊ သားက နာချင်၊

မေတ္တာတရား၊ ဖြစ်ပွားအစဉ်၊

ကယ်မရ + မှတ်ကြနာဘေးပင်။

*အဖေက သား၊ ကိုယ်စား နာချင်၊

အဖေ့ကိုယ်စား + သားက နာချင်၊

မေတ္တာပြည့်ဝ + ချစ်ကြအစဉ်၊

ကယ်မရ + မှတ်ကြနာဘေးပင်။

မီးဘေး၊ ရေဘေး၊ ပြည်ပျက်တဲ့ဘေးတွေက ဆယ်ရေးတစ်ရေး ကယ်နိုင်သေးတယ်နော်။

(မှန်လှပါဘုရား)

ကဲ၏ လိုက်ဆိုကြ

*မီးဘေး၊ ရေဘေး၊ ပြည်ပျက်ဘေး၊ မနေးကြုံဆုံလာ။

*သားနဲ့အမိ၊ ဖြစ်တုံဘိ ကယ်ကြည့်ကယ်နိုင်တာ။

*ဆယ်ရေးတစ်ရေး၊ ကယ်နိုင်သေး၊ နာရေးမကယ်သာ။

*သားနဲ့အမိ၊ ဖြစ်တုံဘိ၊ ကယ်ကြည့်မရပါ။

၃။ န ဘိက္ခဝေ မာတာ ပုတ္တံ မိယမာနံ ဧဝံ လဘတိ "အဟံ မိယာမိ၊ မာ မေ ပုတ္တော မိယီ" တိ၊ ပုတ္တောဝါ ပန မာတရံ မိယမာနံ န ဧဝံ လဘတိ "အဟံ မိယာမိ၊ မာမေ မာတာမိယီ"တိ။

ရဟန်းတို့၊ မိခင်က သေနေတဲ့သားကို "ငါသာ သားရဲ့ကိုယ်စား သေချင်ပါတယ်၊ ငါ့ရဲ့သား မသေပါစေနဲ့" လို့ သေဘေးမှ ကယ်တင်စောင့်ရှောက်လို့ မရဘူး။

သားကလည်း သေနေတဲ့အမေကို "ငါသာ အမေရဲ့ကိုယ်စား သေချင်ပါ

http://www.dhammadownload.com



တယ်၊ ငါ့ရဲ့အမေ မသေပါစေနဲ့'' လို့ သေဘောက ကယ်တင်စောင့်ရှောက်လို့ မရဘူး။ ဒီလို ဟောတော်မူတာနော်။

(မှန်လှပါဘုရား)

ဒီတော့ တရားနာပရိသတ်၊ အမိနဲ့သား သားနဲ့အမိ အချင်းချင်း မေတ္တာ တရား အပြည့်အဝထားကာ ကယ်ချင်ပေမယ့် ကယ်လို့မရတာ ဘယ်ဘောတဲ့လဲ။

(သေဘောပါဘုရား)

ကဲ- လိုက်ဆိုကြ

*အမေက သား + ကိုယ်စား သေချင်၊

အမေ့ကိုယ်စား + သားက သေချင်၊

မေတ္တာပြည့်ဝ + ချစ်ကြအစဉ်၊

ကယ်မရ + မှတ်ကြသေဘောပင်။

*အဖေက သား + ကိုယ်စား သေချင်၊

အဖေ့ကိုယ်စား + သားက သေချင်၊

မေတ္တာတရား + အပြည့်ထား ချစ်ခင်၊

ကယ်မရ + မှတ်ကြသေဘောပင်။

မီးဘေး၊ ရေဘေး၊ ပြည်ပျက်တဲ့ဘေးတွေ ကယ်မယ်ဆိုရင် ဆယ်ရေး တစ်ရေးတော့ ကယ်နိုင်သေးတယ် မဟုတ်လား။

(မှန်လှပါဘုရား)

ကဲ- လိုက်ဆိုကြ

*မီးဘေး၊ ရေဘေး၊ ပြည်ပျက်ဘေး၊ မနေးကြုံဆုံလာ။

*သားနဲ့အမိ၊ ဖြစ်တုံဘိ၊ ကယ်ကြည့်ကယ်နိုင်တာ။

*ဆယ်ရေးတစ်ရေး၊ ကယ်နိုင်သေး၊ သေရေးမကယ်သာ။

*သားနဲ့အမိ၊ ဖြစ်တုံဘိ၊ ကယ်ကြည့်မရပါ။

ဒီနေ့ ဘဝတစ်ပါးပြောင်းသွားတဲ့ ဒါယကာကြီး ဦး ( )၊ ဒါယိကာမ ကြီး ဒေါ် ( ) ရဲ့ကိုယ်စား ကျန်ရစ်ခဲ့ကြတဲ့ သား သမီးတွေက သေပေးချင်လို့ ရရဲ့လား။

(မရပါဘူးဘုရား)

http://www.dhammadownload.com



မသေရအောင် ကယ်တင်စောင့်ရှောက်လို့ကော ရရဲ့လား။
(မရပါဘူး ဘုရား)
မကယ်နိုင်တဲ့ဘေး ဘယ်နှစ်ဖြာတဲ့လဲ။
(သုံးဖြာပါ ဘုရား)
မှတ်မိအောင် ရေလိုက်ကြစမ်းပါ။
(အိုဘေး၊ နာဘေး၊ သေဘေးပါဘုရား)
ဒါဆိုရင် ဒီနေ့ဟောလိုက်တဲ့တရားက ဘာတရားတဲ့လဲ။
(မကယ်နိုင်ရှာ ဘေးသုံးဖြာ တရားတော်ပါ ဘုရား)

ကဲ- လိုက်ဆိုကြ
*မကယ်နိုင်ရှာ၊ အိုဘေးပါ၊ သေချာမှတ်ရမည်။
*မကယ်နိုင်ရှာ၊ နာဘေးပါ၊ သေချာမှတ်ရမည်၊
*မကယ်နိုင်ရှာ၊ သေဘေးပါ၊ သေချာမှတ်ရမည်။
*မကယ်နိုင်ရှာ၊ ဘေးသုံးဖြာ၊ မြတ်စွာဟောခဲ့သည်။

တ္ထမာနိ ခေါ ဘိက္ခဝေ တီဏိ အမာတာပုတ္တိကာနိ ဘယာနိတိ။

ဘိက္ခဝေ- ရဟန်းတို့၊ အမာတာပုတ္တိကာနိ- အမိနှင့်သား အချင်းချင်း မကာကွယ်နိုင်ကုန်သော၊ ဘယာနိ- ဘေးဆိုးကြီးတို့သည်၊ တ္ထမာနိခေါတီဏိ- ဤသုံးမျိုးတို့ပါပေတည်း၊ တ္ထတိ- ဤသို့၊ (အဝေါစ- သဘောကျရေး သောက အေးအောင် ဟောပြပေးသနားတော်မူလိုက်ပါပေသတည်း။)

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

ကဲ- ဘဝတစ်ပါး ပြောင်းသွားတဲ့ ဦး ( )၊ ဒေါ် ( ) အား ရည်စူး ပြီးတော့ ပြုလုပ်ရတဲ့ ဒါနကောင်းမှုအစုစုနဲ့ တရားဟော တရားနာရတဲ့ ကုသိုလ် တွေရဲ့ အဖို့ဘာဂမှန်သမျှကို ဘဝတစ်ပါး ပြောင်းသွားတဲ့ ဦး ( )၊ ဒေါ် ( ) ရရှိပါစေ၊ လူ့ဘုံ၊ နတ်ဘုံ အရပ်စုံမှာ စားဖွယ် သောက်ဖွယ် ဝတ်ဖွယ် ရုံဖွယ် ဘုံဗိမာန်၊ထီး၊ ဖိနပ်၊ ယာဉ်အစရှိသည်တွေ ပြည့်စုံစွာ ခံစား စံစားနိုင်ပါ စေလို့ ရည်မှန်းပြီးတော့ ရေစက်သွန်းချ အမျှဝေကြရအောင်၊ လိုက်ဆိုကြ

၁။ အရှင်ဘုရား တပည့်တော်တို့သည်၊ လွန်ခဲ့သော ( ) ရက်၊ ( ) လ၊ နှစ်က ဘဝတစ်ပါး ပြောင်းသွားလေသော ဦး ( )၊ ဒေါ် ( ) အား ရည်စူး၍ ဘုရားအမှူးရှိသော သံဃာတော်အရှင်မြတ်တို့အား ဆွမ်း၊ သင်္ကန်း၊ ထီး၊ ဖိနပ်အစရှိသည်တို့ကို ဆက်ကပ်လှူဒါန်းကြပါကုန်၏။

၂။ ယနေ့ ယခု ပြုလုပ်ရသော ကုသိုလ်ကောင်းမှု အစုစုကြောင့်

http://www.dhammadownload.com



ကယ်မရပါ သေသွားရှာသော ဦး (   )၊ ဒေါ် (   ) သည် ငါရဲ့အတွက် ကျန်ရစ်သူများ သမီး သားတို့က ကုသိုလ်ကောင်းမှု အစုစုတွေ ပြုလုပ်နေကြတယ်ဟူ၍ သိရှိနိုင်ကာ ဝမ်းသာ နမော် သာဓုခေါ်၍ နတ်ဒိဗ္ဗဖြစ်သော ဘုံဗိမာန်၊ ပဒေသာပင်၊ စားဖွယ်၊ သောက်ဖွယ်၊ ဝတ်ဖွယ်၊ ရုံဖွယ်အသွယ်သွယ်နှင့် ထီး၊ ဖိနပ်၊ ယာဉ်အစရှိသည်တို့ကို မုချပိုင်ပိုင် ခံစား စံစားနိုင်ပါစေ။

တပည့်တော်တို့သည်လည်း မကယ်နိုင်ရှာ ဘေးသုံးဖြာကို သေချာကျနသိရှိကြပြီး ဘယသုံးတန် လွတ်ကြောင်းမှန်သည့် ဧကန်လမ်းစဉ် မဂ္ဂင်ရှစ်ပါး မြတ်တရားကို ကျင့်ပွားနေ့ည မဂ္ဂ ဖလ် အေးနိဗ္ဗာန်သို့ အမြန်ရောက်လိုတောင်းဆုဆို၏။

မှတ်ချက်။     ။ အံ ပါ၊ ၁။ ဘယသုတ် ၁၈၁ ပါဠိနှင့်အညီ ဆုတောင်းမှုပြုထားသည်။

၃။ ယနေ့ပြုရ ကုသိုလ်အဖို့ဘာဂ မှန်သမျှကို လွန်ခဲ့သော ( ) ရက်၊ လ၊ နှစ်က ဘဝတစ်ပါး ပြောင်းသွားလေသော ဦး (   ) ဒေါ် (   ) အား အထူးအားဖြင့် အမျှရစေ ပေးဝေပါ၏။

ထိုမှတစ်ပါး ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ သာသနာစောင့်နတ်တို့အား အစထား၍ များပြားလှစွာ သတ္တဝါတို့အား အမျှရစေ ပေးဝေ၏။ အမျှရကာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြသည်ဖြစ်ကြပါစေသောဝ်။

(အားလုံး အမျှ အမျှ အမျှယူတော်မူကြပါကုန်လော့။)[၃]

(သာဓု၊ သာဓု၊ သာဓုပါဘုရား)[၃]

မှတ်ချက်။     ။ အသုဘနာရေးပွဲတိုင်းဟောပါ။

*တရားအမည်ပေးရာ၌

မကယ်နိုင်ငြား ဘေးသုံးပါး၊

ဘေးဆိုးသုံးဝ ကယ်မရ၊

ကယ်ချင်သေမယ့် ကယ်မရတဲ့အရာ၊

ကယ်မရသေမယ့် ကယ်ကြည့်ချင်တဲ့ သားအမိတရားတော် စသည်ဖြင့် အမည်ပေးကာ ဟောကြားပါ။

၁၉၊ ၉၊ ၉၆ (ကြာသပတေးနေ့)
နံနက် ၁၀း ၄၅ မိနစ်။

မကယ်နိုင်ရှာ ဘေးသုံးဖြာ တရားတော် ပြီးပြီ။

http://www.dhammadownload.com

## ဒီဃနိကာယ်၊ မဟာဝဂ္ဂပါဠိတော်၊ မဟာပရိနိဗ္ဗာနသုတ္တန်၊
## စတုသံဝေဇနီယဌာနကို တန်ဆာဆင်၍
## ဟောကြား ပြောကြားအပ်သော
# သံဝေဂဖြစ်ရန်+ နေရာမှန် တရားတော်

ဒီနေ့ ဒကာ ဒကာမတွေကို ဟောကြားမည့် တရားတော်က "သံဝေဂ ဖြစ်ရန် နေရာမှန်" တရားတော်တဲ့။

ဘာတရားတဲ့လဲ။

(သံဝေဂဖြစ်ရန် နေရာမှန် တရားတော်ပါဘုရား)

ကဲ– စပြီးတော့ ဟောကြ နာကြရအောင်

ပုဗ္ဗေ ဘန္တေ ဒိသာသု ဝဿံဝုဋ္ဌာ ဘိက္ခူ အာဂစ္ဆန္တိ တထာဂတံ ဒဿနာယ၊ တေ မယံ လဘာမ မနောဘာဝနီယေ ဘိက္ခူ ဒဿနာယ၊ လဘာမ ပယိရုပါသနာယ။

(သုတ်မဟာဝါပါဠိ ၁၁၆)

ဘန္တေ– မြတ်စွာဘုရား၊ ပုဗ္ဗေ– ရှေး၌၊ ဒိသာသု– တစ်ပါးသောအရပ်မျက်နှာတို့၌၊ ဝဿံဝုဋ္ဌာ– ဝါဆိုကြကုန်ပြီးသော၊ (ဝါ) ဝါကျွတ်ကြကုန်ပြီးသော၊ ဘိက္ခူ– ရဟန်းတို့သည်၊ တထာဂတံ– မြတ်စွာဘုရားကို၊ ဒဿနာယ– ဖူးရခြင်းငှာ၊ အာဂစ္ဆန္တိ– ရောက်လာကြပါကုန်၏။

(မြတ်စွာဘုရား၊ ရှေးက တစ်ပါးသောအရပ်မျက်နှာတွေမှာ ဝါဆိုကာ ဝါကျွတ်ကြတဲ့ ရဟန်းတော်တွေဟာ မြတ်စွာဘုရားကို ဖူးမြင်ရန် ကြွရောက်လာကြပါတယ်။)

ရဟန်းတော်တွေဟာ ဝါကျွတ်ပြီဆိုရင် ဘုရားရှိတော်မူရာ အရပ်ကို လာရောက်ပြီးတော့ ဘုရားဖူးကြတယ်။ ဒီလိုဆိုလိုတာနော်။

(မှန်လှပါဘုရား)

ဒီတော့ တရားနာပရိသတ်၊ ဘုရားလက်ထက်က ရဟန်းတွေဟာ ဝါကျွတ်တာနဲ့ တစ်ပြိုင်နက် ဘုရားဖူးထွက်ကြတယ်နော်။

(မှန်လှပါဘုရား)

http://www.dhammadownload.com



အဲဒီ ရဟန်းတွေ ဘုရားထံလာရောက်ပြီး ဘုရားဖူးတာဟာ အကြောင်းထူးရှိတယ်။ ဘယ်လိုအကြောင်းထူးလဲဆိုတော့ တစ်ဝါတွင်းလုံး ကမ္မဋ္ဌာန်းအားထုတ်ထားတဲ့ လောကီ လောကုတ္တရာတရားထူးတွေ မြတ်စွာဘုရားထံ လျှောက်ထားလိုတဲ့ အကြောင်းထူးပါပဲ။

ဒီတော့ တရားနာပရိသတ်၊ ဘုရားလက်ထက်က ရဟန်းတွေဟာ ဝါဆိုခါနီး ဘုရားထံကမ္မဋ္ဌာန်းသွားယူပြီး တစ်ဝါတွင်းလုံး ကြိုးစားအားထုတ်လိုက်တော့ တရားထူးတွေ ရကြတယ်။ ဝါကျွတ်တော့ အဲဒီတရားထူးတွေ ဘုရားထံသွားလျှောက်ကြရတာဟာ ဘုရားလက်ထက်က ရဟန်းတွေရဲ့ အခွင့်အရေးကောင်းကြီးတစ်ခုပဲနော်။

(မှန်လှပါဘုရား)

အဲဒီအကြောင်းအရာတွေကို စုပေါင်းပြီးတော့ ဒီလို ကောင်းစွာ ကဗျာလင်္ကာရေးမိတယ်။ အားလုံးအာရုံစိုက်ပြီး နာယူလိုက်ကြ

"ဘုရားရှိရာ၊ ဟိုးရှေးခါက၊ များစွာ သိန်းသောင်း၊ ရဟန်းကောင်းတို့၊ နှစ်ထောင်းကြည်သာ၊ ဝါတွင်းခါဝယ်၊ မြတ်စွာဘုရား ထံအပါးမှ၊ ယူသွားတင့်ဆန်း၊ ကမ္မဋ္ဌာန်းကို၊ ကြိုးပမ်းနေ့ညအားထုတ်ကြကာ၊ ဝါကျွတ်ရာဌ်၊ မြတ်စွာဘုရား၊ ထံတော်ပါးသို့၊ ဘုရားလည်းဖူး၊ တရားထူးကို၊ ကြည်နူးခါခါ၊ လျှောက်လိုပါ၍၊ သေချာကျနာ၊ ရောက်လာကြသည်၊ ဗုဒ္ဓလက်ထက် ခွင့်ကောင်းတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

တေမယံ– ထိုတပည့်တော်တို့သည်၊ မနောဘာဝနီယေ - စိတ်ဖြင့် ချီးမွမ်းအပ်ကုန်သော၊ (ဝါ) မိမိစိတ်ကို တိုးပွားစေနိုင်ကုန်သော၊ ဘိက္ခူ– ရဟန်းတို့ကို၊ ဒဿနာယ– ဖူးမြင်ခြင်းငှာ၊ လဘာမ– ရကြပါကုန်၏၊ ပယိရုပါသနာယ– ဆည်းကပ်ခြင်းငှာ၊ လဘာမ– ရကြပါကုန်၏။

မြတ်စွာဘုရားရှိနေတော့ တပည့်တော်တို့မှာ စိတ်နဲ့ ချီးမွမ်းစရာကောင်းတော်မူတဲ့ မိမိရဲ့စိတ်ကို ကုသိုလ်တရားတွေ တိုးပွားစေနိုင်တဲ့ ဘုရားဖူးလာတဲ့ ရဟန်းကောင်း ရဟန်းမြတ်တွေကို ဖူးမြင်ခွင့် ရကြပါတယ်။ ဆည်းကပ်ပြုစုလုပ်ကျွေးခွင့် ရကြပါတယ်ဘုရားလို့ ရှင်အာနန္ဒာက ဘုရားကို လျှောက်နေတာနော်။

(မှန်လှပါဘုရား)

http://www.dhammadownload.com



သီလ သမာဓိ ပညာပြည့်စုံတော်မူတဲ့ ရဟန်းတော်တွေဆိုတော့ စိတ်နဲ့ နှုတ်နဲ့ ချီးမွမ်းစရာ မကောင်းဘူးလား။

(ကောင်းပါတယ်ဘုရား)

အဲဒီ သီလ၊ သမာဓိ၊ ပညာ ပြည့်စုံတော်မူတဲ့ ရဟန်းတော်တွေကို ဖူးမြင်ရ၊ ပြုစုရတော့ ကုသိုလ်စိတ်တွေ တိုးပွားစေနိုင်တယ်၊ တိုးပွားနေတယ်နော်။

(မှန်လှပါဘုရား)

စိတ်နဲ့ ချီးမွမ်းတော့ မနောကံကုသိုလ်၊ နှုတ်နဲ့ချီးမွမ်းတော့ ဝစီကံကုသိုလ်၊ ကိုယ်ဖိရင်ဖိ ပြုစုပြန်တော့ ကာယကံကုသိုလ်တွေ တိုးပွားမနေဘူးလား။

(တိုးပွားနေပါတယ်ဘုရား)

ရှင်အာနန္ဒာ ကိုယ်တော်မြတ်ဟာ အဲဒီကုသိုလ်အခွင့်အရေးတွေကို မြင်လို့ လျှောက်တာပါ။

ကဲ– လိုက်ဆိုကြ

* သီလ + သမာ၊ ဓိ ပညာ၊ စုံစွာရဟန်းတွေ။
* စိတ်နဲ့ နှုတ်နဲ့၊ ချီးမွမ်းချဲ့၊ ကောင်းတဲ့ကုသိုလ်တွေ။
* ကာယကံပါ၊ ပြုစုရှာ၊ ကောင်းစွာကုသိုလ်တွေ။
* အမြဲနေ့ညာ၊ ဖူးမြင်ရ၊ ပြုစုရတော့လေ။
* ကုသိုလ်တရား၊ အစားစား၊ တိုးပွားလို့သာနေ။

ဘဂဝတော ပန မယံ ဘန္တေ အစ္စယေန နလဘိဿာမ မနော ဘာဝနီယေ ဘိက္ခူ ဒဿနာယ၊ နလဘိဿာမ ပယိရုပါသနာယာတိ။

ဘန္တေ– မြတ်စွာဘုရား၊ မယံ– တပည့်တော်တို့သည်၊ ဘဂဝတော– မြတ်စွာဘုရား၏၊ အစ္စယေန ပန– ပရိနိဗ္ဗာန်စံလွန်တော်မူရာ အခါ၌ကား၊ မနောဘာဝနီယေ– စိတ်ဖြင့်ချီးမွမ်းအပ်ကုန်သော၊ ဘိက္ခူ– ရဟန်းတို့ကို၊ ဒဿနာယ– ဖူးမြင်ခြင်းငှာ၊ နလဘိဿာမ– ရတော့မည် မဟုတ်ပါကုန်၊ ပယိရုပါသနာယ– ဆည်းကပ်ခြင်းငှာ၊ နလဘိဿာမ– ရတော့မည်မဟုတ်ပါကုန်၊ ဣတိ– ဤသို့၊ အဝေါစ– လျှောက်ထားပြီ။

မြတ်စွာဘုရား၊ မြတ်စွာဘုရား မရှိတဲ့အခါ တပည့်တော်တို့မှာ စိတ်နဲ့ နှုတ်နဲ့ ချီးမွမ်းစရာကောင်းတဲ့ ကုသိုလ်စိတ်တွေ တိုးပွားစေမည့် ရဟန်းတော်တွေကို ဖူးမြင်ရတော့မှာ မဟုတ်ပါဘူး။ ကိုယ်ဖိရင်ဖိ ပြုစုလုပ်ကျွေး ဆည်းကပ်ခွင့် ရတော့မှာ မဟုတ်ပါဘုရားလို့ ရှင်အာနန္ဒာက လျှောက်ထားပါတယ်။

http://www.dhammadownload.com



ရှင်းရှင်းပြောရရင် ဘုရားရှိတဲ့အချိန်နဲ့ ဘုရားမရှိတဲ့အချိန်ဆိုတဲ့ အချိန်နှစ်ခု ကွာခြားမှုကို တွေးပြီးတော့ ရှင်အာနန္ဒာ လျှောက်နေတာနော်။

(မှန်လှပါဘုရား)

ရှင်အာနန္ဒာ ကိုယ်တော်မြတ်က ဘုရားမရှိတဲ့နောက်ပိုင်း အခြေအနေ အနာဂတ်မြင်ကွင်းကို လှမ်းပြီးတော့ မြင်မနေဘူးလား။

(မြင်နေပါတယ် ဘုရား)

ရှင်အာနန္ဒာရဲ့ အချိန်နှစ်ခု ကွာခြားမှုမြင်ကွင်းကို ဦးပဉ္ဇင်းက ဒီလို ကဗျာရေးစပ်မိတယ်၊ အာရုံစိုက်ပြီးတော့ နာယူလိုက်ကြပါ။

"ဘုရားရှင်တော်၊ ရှိနေသော်ကား၊ သူတော်အကောင်း၊ ရဟန်းအပေါင်း တို့၊ နှစ်ထောင်းကြည်နူး၊ ဘုရားဖူးလာ ချိန်အခါ၌၊ သေချာကျနန၊ ဖူးမြင်ရပြီး၊ ဖိနပ် ထီးကို၊ အပြီးကြိုယူ၊ နေရာမူပေး၊ ပြုစုအေးမြ၊ ခွင့်ရေးရ၍၊ နေ့ညတကယ်၊ ဝတ်ငယ် ဝတ်ကြီး၊ အသီးသီးကို၊ မညီးပြုစု ကုသိုလ်မှုတိုး၊ ခွင့်ရေးမျိုးသည်၊ အဖိုးအနဂ္ဃတန်သည်ဘုရား၊ ကောင်းကျိုးမရေသာပြီဘုရား။)

ဘုရားရှင်တော်၊ မရှိသော်ကား၊ သူတော်အကောင်း၊ ရဟန်းပေါင်းတွေ၊ မလာချေက၊ ဖူးမြင်ရပေ၊ ကောင်းကျိုးတွေနှင့်၊ တစ်ထွေပြုစု၊ ကုသိုလ်မှုလည်း၊ အမှန်နည်း၍၊ ရင်ထဲမသာ၊ ရှင်ပွဲကွာလိမ့်၊ မြတ်စွာရှိချိန်၊ မရှိချိန်နှင့်၊ အချိန် နှစ်ပါး၊ လွန်ကွာခြားဟန်၊ ရှင်အာနန်က၊ ဝမ်းနည်းလှကာ လျှောက်ထားရှာသည်၊ နောက်များ အနာဂတ် မြင်ကွင်းတည်း"။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

စတ္တာရိမာနိ အာနန္ဒ သဒ္ဓဿ ကုလပုတ္တဿ ဒဿနီယာနိ သံဝေဇ နီယာနိ ဌာနာနိ။

အာနန္ဒ– အာနန္ဒာ၊ သဒ္ဓဿ– ရဟန်းသုံးပါးကို ယုံကြည်တတ်သော သဒ္ဓါရှိသော၊ ကုလပုတ္တဿ– အမျိုးကောင်းသား၏၊ (ဝါ) အမျိုးကောင်းသား သည်၊ ဒဿနီယာနိ– ကြည့်ရှုသင့် ကြည့်ရှုထိုက်ကုန်သော၊ (ဖူးမြော်သင့် ဖူးမြော်ထိုက်ကုန်သော) သံဝေဇနီယာနိ– ထိတ်လန့်စေတတ်ကုန်သော၊ (ဝါ) ထိတ်လန့်ကြောင်းဖြစ်ကုန်သော၊ ဌာနာနိ– ဒကြောင်းတို့သည်၊ (ဝါ) အရပ်တို့ သည်၊ ဣမာနိစတ္တာ– ဤလေးပါးတို့တည်း။

အာနန္ဒာ၊ ရတနာသုံးပါးကို ယုံကြည်တတ်တဲ့ သဒ္ဓါတရားရှိတဲ့ အမျိုး

http://www.dhammadownload.com



ကောင်းသား အမျိုးကောင်းသမီးတွေ ကြည့်ရှု ဖူးမြော်သင့်တဲ့ ဖူးမြော်ရန် သွားရောက်သင့်တဲ့ သံဝေဂဖြစ်ဖွယ် အရပ်ဌာန နေရာ လေးမျိုးရှိတယ်။

ရှင်းရှင်းပြောရရင် "သံဝေဂဖြစ်ရန် နေရာမှန်" လေးမျိုးရှိတယ်၊ ဒီလိုနော်။

(မှန်လှပါဘုရား)

သံဝေဂဆိုတာ ထိတ်လန့်မှုကို ခေါ်တာနော်။

(မှန်လှပါဘုရား)

ကတမာနိ စတ္တာရိ- အဘယ်လေးပါးတို့နည်းဟူမူ

အဲဒီသံဝေဂဖြစ်စေနိုင်တဲ့ နေရာလေးမျိုးက ဘာတွေလဲဆိုတော့

၁။ "ဣဓ တထာဂတော ဇာတော" တိ အာနန္ဒ သဒ္ဓဿ ကုလပုတ္တဿ ဒဿနီယံ သံဝေဇနီယံ ဌာနံ။

အာနန္ဒ- အာနန္ဒာ၊ "ဣဓ- ဤလုမ္ဗိနီ အင်ကြင်းဉယျာဉ်တောအရပ်၌၊ တထာဂတော- မြတ်စွာဘုရားသည်၊ ဇာတော- ဖွားမြင်တော်မူပြီ၊" ဣတိ- ဤသို့ နှလုံးသွင်း၍၊ သဒ္ဓဿ- သဒ္ဓါတရားရှိသော၊ ကုလပုတ္တဿ- အမျိုးကောင်းသား၏၊ (ဝါ) အမျိုးကောင်းသားသည်၊ ဒဿနီယံ- ဖူးမြော်သင့် ဖူးမြော်ထိုက်သော၊ သံဝေဇနီယံ- သံဝေဂပိုင်ပိုင် ဖြစ်စေနိုင်သော၊ ဌာနံ- အရပ်ကောင်းမွတ် အရပ်မြတ်ပါပေတည်း။ (ဝါ) နေရာကောင်းမွတ် နေရာမြတ်ဖြစ်ပါပေသတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

အာနန္ဒာ၊ "ဟောဒီ လုမ္ဗိနီ အင်ကြင်းဉယျာဉ်တောအရပ်မှာ မြတ်စွာဘုရား ဖွားမြင်တော်မူခဲ့တယ်" လို့ နှလုံးသွင်းပြီးတော့ သဒ္ဓါရှိတဲ့ အမျိုးကောင်းသားဟာ ဖူးမြင်ကာ သံဝေဂ ဖြစ်စေနိုင်တယ်၊ သံဝေဂ ရနိုင်တယ်။ ဒီလုမ္ဗိနီအင်ကြင်း ဉယျာဉ်တောအရပ်ဟာ သံဝေဂဖြစ်စေရန်အတွက် နေရာကောင်း နေရာမြတ် နေရာမှန်တစ်ခု ဖြစ်တယ်။

ဘယ်လိုသံဝေဂ ယူရမလဲဆိုတော့ ဟိုတုန်းက "ဒီလုမ္ဗိနီအင်ကြင်းဉယျာဉ်တောအရပ်မှာ မြတ်စွာဘုရား ဖွားမြင်တော်မူခဲ့တယ်။ ယခုတော့ မြတ်စွာဘုရား မရှိတော့ဘူး၊ မြတ်စွာဘုရားကို မဖူးမြင်ရတော့ဘူး" လို့ သံဝေဂယူရမယ်။ သံဝေဂ ဖြစ်ရမယ်၊ သံဝေဂ ယူ၊ သံဝေဂဖြစ်ပြီးတော့ သင်္ခါရတရားမှန်သမျှတွေရဲ့ မမြဲဟန်ကို တရားနှလုံးသွင်းရမယ်နော်။

(မှန်လှပါဘုရား)

http://www.dhammadownload.com



ကဲ- လိုက်ဆိုကြ

*သံဝေဂဖြစ်ရန်၊ နေရာမှန်၊ ကေန်ဘယ်ဟာလဲ။

*သံဝေဂဖြစ်ရန်၊ နေရာမှန်၊ ကေန်လုမ္ဗိနီပဲ။

*သံဝေဂဖြစ်ရန်၊ နေရာမှန်၊ ကေန်ဖွားရာပဲ။

နံပါတ်တစ် သံဝေဂဖြစ်ရန် နေရာမှန်က ဘယ်နေရာတဲ့လဲ။

(လုမ္ဗိနီသာမော အင်ကြင်းဥယျာဉ်တောအရပ်ပါ ဘုရား)

၂။ "ဣဓ တထာဂတော အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါ" တိ အာနန္ဒ သဒ္ဓဿ ကုလပုတ္တဿ ဒဿနီယံ သံဝေဇနီယံ ဌာနံ။

အာနန္ဒ- အာနန္ဒ၊ "ဣဓ- ဤဗောဓိပလ္လင်တည်ရာအရပ်၌၊ တထာဂတော- မြတ်စွာဘုရားသည်၊ အနုတ္တရံ- မိမိထက်မြတ်သော တရားမရှိသော၊ သမ္မာသမ္ဗောဓိံ- အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်တော်ကို၊ အဘိသမ္ဗုဒ္ဓေါ- ထိုးထွင်း၍ သိတော်မူပြီ" ဣတိ- ဤသို့နှလုံးသွင်း၍၊ သဒ္ဓဿ- သဒ္ဓါတရား ရှိသော၊ ကုလပုတ္တဿ- အမျိုးကောင်းသား၏၊ (ဝါ) အမျိုးကောင်းသားသည်၊ ဒဿနီယံ- ဖူးမြော်သင့် ဖူးမြော်ထိုက်သော၊ သံဝေဇနီယံ- သံဝေဂကို ဖြစ်စေနိုင်သော၊ ဌာနံ- အရပ်ကောင်းမှတ် အရပ်မြတ်ပါပေတည်း။ (ဝါ) နေရာကောင်းမှတ် နေရာမြတ် ဖြစ်ပါပေသတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

အာနန္ဒာ၊ "ဗောဓိပလ္လင်တည်ရာအရပ်မှာ မြတ်စွာဘုရားဟာ အမြတ်ဆုံးဖြစ်တဲ့ အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်တော်ကို ထိုးထွင်း၍ သိတော်မူပြီ" လို့ နှလုံးသွင်းပြီးတော့ သဒ္ဓါရှိတဲ့ အမျိုးကောင်းသားဟာ ဖူးမြော်ကာ သံဝေဂကို ဖြစ်စေနိုင်တယ်၊ သံဝေဂ ရနိုင်တယ်။

ရှင်းရှင်းပြောရရင် ဘုရားရှင် ကိုယ်တော်မြတ် အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ် ရတော်မူရာ ဗောဓိပလ္လင်ဌာနဟာ သဒ္ဓါရှိတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေအတွက် သံဝေဂဖြစ်ရန် နေရာကောင်း နေရာမြတ် နေရာမှန်တစ်ခု ဖြစ်တယ်။

ဘယ်လိုသံဝေဂ ယူရမလဲဆိုတော့ ဟိုတုန်းက "ဒီဗောဓိပလ္လင် တည်နေရာအရပ်မှာ မြတ်စွာဘုရား အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်တော်ကို ရပြီးတော့ ဘုရားဖြစ်တော်မူတယ်။ ခုတော့ မြတ်စွာဘုရား မရှိတော့ဘူး။ မြတ်စွာဘုရားကို မဖူးမြင်ရတော့ဘူး" လို့ သံဝေဂယူရမယ်၊ သံဝေဂဖြစ်ရမယ်။

http://www.dhammadownload.com



သံဝေဂယူ၊ သံဝေဂဖြစ်ပြီးတော့ သင်္ခါရတရား မှန်သမျှတွေရဲ့ မမြဲပာန်ကို တရားနှလုံးသွင်းရမယ်။

ဒီတော့ တရားနာပရိသတ်၊ နံပါတ်နှစ် သံဝေဂယူရန်အတွက် နေရာကောင်း နေရာမြတ် နေရာမှန်က ဘယ်နေရာတဲ့လဲ။

(ဗာရာဏသီမိဂဒါဝုန်နေရာအရပ်ပါ ဘုရား)

ကဲ– လိုက်ဆိုကြ

*သံဝေဂဖြစ်ရန်၊ နေရာမှန်၊ ကောင်း ဘယ်နေရာ။

*သံဝေဂဖြစ်ရန်၊ နေရာမှန်၊ ကောင်းဗာရာဏသီပါ။

၃။ ယတ္ထ တထာဂတေန အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ" န္တိ အာနန္ဒ သဒ္ဓဿ ကုလပုတ္တဿ ဒဿနီယံ သံဝေဇနီယံ ဌာနံ။

အာနန္ဒ– အာနန္ဒာ၊ ယတ္ထ– ဤဗာရာဏသီမြို့ ဣသိပတန– မိဂဒါဝုန်၌၊ တထာဂတေန– မြတ်စွာဘုရားသည်၊ အနုတ္တရံ– အတုမရှိ မြတ်သော၊ ဓမ္မစက္ကံ– တရားတည်းဟူသော စကြာရတနာကို၊ ပဝတ္တိတံ– ဖြစ်စေတော်မူအပ်ပြီ၊ (ဝါ) လည်စေတော်မူအပ်ပြီ"၊ ဣတိမနသိကတွာ– ဤသို့နှလုံးသွင်း၍၊ သဒ္ဓဿ– သဒ္ဓါတရားရှိသော၊ ကုလပုတ္တဿ– အမျိုးကောင်းသား၏၊ (ဝါ) အမျိုးကောင်းသားသည်၊ ဒဿနီယံ– ဖူးမြော်သင့် ဖူးမြော်ထိုက်သော၊ သံဝေဇနီယံ– သံဝေဂကို ဖြစ်စေနိုင်သော၊ ဌာနံ– အရပ်ကောင်းမှတ် အရပ်မြတ်ပါပေတည်း။ (ဝါ) နေရာကောင်းမှတ် နေရာမြတ် နေရာမှန်ကြီး ဖြစ်ပါပေသတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

အာနန္ဒာ၊ "ဟောဒီ ဗာရာဏသီမြို့ မိဂဒါဝုန်တောအရပ်မှာ မြတ်စွာဘုရားရှင် ဓမ္မစကြာတရား ဟောကြားတော်မူတယ်"လို့ နှလုံးသွင်းပြီးတော့ သဒ္ဓါရှိတဲ့ အမျိုးကောင်းသားဟာ ဖူးမြော်ကာ သံဝေဂဖြစ်စေနိုင်တယ်၊ သံဝေဂယူနိုင်တယ်။

အဲဒီ ဓမ္မစကြာတရား ဟောကြားတော်မူရာအရပ်ဟာ သဒ္ဓါရှိတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေအတွက် သံဝေဂယူရန် နေရာကောင်း နေရာမြတ် နေရာမှန်ဖြစ်တယ်။

ဘယ်လို သံဝေဂယူရမလဲဆိုတော့ ဟိုတုန်းက "ဒီမိဂဒါဝုန်တောအရပ်မှာ မြတ်စွာဘုရား အမြတ်ဆုံး ဓမ္မစကြာတရား ဟောကြားတော်မူခဲ့တယ်။

http://www.dhammadownload.com



ခတော့ မြတ်စွာဘုရား မရှိတော့ဘူး၊ မြတ်စွာဘုရားကို မဖူးမြင်ရတော့ဘူး"လို့ သံဝေဂ ယူရမယ်၊ သံဝေဂ ဖြစ်ရမယ်။

သံဝေဂယူ သံဝေဂဖြစ်ပြီးတော့ ဖြစ်ပေါ်ပြီးခဲ့တဲ့ သင်္ခါရတရားတွေရဲ့ ချုပ်ပျောက်ပျက်စီးဟန် မမြဲဟန်ကို တရားနှလုံးသွင်းရမယ်။

နံပါတ်သုံး သံဝေဂယူရန် နေရာကောင်း နေရာမြတ် နေရာမှန်က ဘယ်နေရာတဲ့လဲ။

(ဓမ္မစကြာတရား ဟောတော်မူရာ မိဂဒါဝုန်တောနေရာ အရပ်ပါဘုရား)

ကဲ– လိုက်ဆိုကြ

*သံဝေဂဖြစ်ရန်၊ နေရာမှန်၊ ကေန်ဘယ်နေရာ။

*သံဝေဂဖြစ်ရန်၊ နေရာမှန်၊ ကေန်မိဂဒါ။

*သံဝေဂဖြစ်ရန်၊ နေရာမှန်၊ ဓမ္မဟောကြားရာ။

၄။ "ဣဓ တထာဂတော အနုပါဒိသေသာယ နိဗ္ဗာန ဓာတုယာ ပရိနိဗ္ဗုတော" တိ အာနန္ဒ သဒ္ဓဿ ကုလပုတ္တဿ ဒဿနီယံ သံဝေဇနီယံ ဌာနံ။

အာနန္ဒ– အာနန္ဒာ၊ "ဣဓ– ဤကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်တောအရပ်၌၊ တထာဂတော– မြတ်စွာဘုရားသည်၊ အနုပါဒိသေသာယ– ဝိပါက်ကဋတ္တာရုပ်တည်းဟူသော အကြွင်းအကျန် မရှိသော၊ နိဗ္ဗာနဓာတုယာ– နိဗ္ဗာနဓာတ်ဖြင့်၊ (ဝါ) ငြိမ်းအေးခြင်းသဘောဖြင့်၊ ပရိနိဗ္ဗုတော– ပရိနိဗ္ဗာန်စံတော်မူပြီ"၊ ဣတိမနသိကတွာ– ဤသို့ နှလုံးသွင်း၍၊ သဒ္ဓဿ– သဒ္ဓါတရားရှိသော၊ ကုလပုတ္တဿ– အမျိုးကောင်းသား၏၊ (ဝါ) အမျိုးကောင်းသားသည်၊ ဒဿနီယံ– ဖူးမြော်သင့် ဖူးမြော်ထိုက်သော၊ သံဝေဇနီယံ– သံဝေဂကိုဖြစ်စေနိုင်သော၊ ဌာနံ– အရပ်ကောင်းမှတ် အရပ်မြတ်ပါပေတည်း။ (ဝါ) နေရာကောင်းမှတ် နေရာမြတ် နေရာမှန်ကြီးဖြစ်ပါပေသတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

အာနန္ဒာ၊ "ဟောဒီ ကုသိနာရုံပြည် မလ္လာမင်းတွေရဲ့ အင်ကြင်းဥယျာဉ်တောအရပ်မှာ မြတ်စွာဘုရား အငြိမ်းဓာတ် ပရိနိဗ္ဗာန်ခိုလှုံဝင် စံတော်မူပြီ" လို့ နှလုံးသွင်းပြီးတော့ သဒ္ဓါရှိတဲ့ အမျိုးကောင်းသားဟာ ဖူးမြော်ကာ သံဝေဂ ဖြစ်စေနိုင်တယ်၊ သံဝေဂ ယူနိုင်တယ်၊ သံဝေဂ ယူရမယ်။

http://www.dhammadownload.com



အဲဒီ ဘုရားပရိနိဗ္ဗာန် စံတော်မူရာအရပ်ဟာ သဒ္ဓါရှိတဲ့ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတွေအတွက် သံဝေဂယူရန် နေရာကောင်း နေရာမြတ် နေရာမှန် ဖြစ်တယ်။

သံဝေဂဖြစ်ရန် နေရာကောင်း နေရာမြတ်၊ နေရာမှန် ဘယ်နှစ်မျိုးတဲ့လဲ။

(လေးမျိုးပါ ဘုရား)

ဒီနေ့ ဟောနေတဲ့တရားက ဘာတရားတဲ့လဲ။

(သံဝေဂဖြစ်ရန် နေရာမှန်တရားတော်ပါ ဘုရား)

ဘယ်လို သံဝေဂ ယူရမလဲဆိုတော့ ဟိုတုန်းက " ဒီကုသိနာရုံပြည် မလ္လာမင်းတွေရဲ့ အင်ကြင်းဥယျာဉ်တောမှာ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့ပြီ။ ခုတော့ မြတ်စွာဘုရားကို မဖူးမြင်ရဘဲ ပရိဗ္ဗာန်စံတော်မူရာ ဌာနကိုသာ ဖူးမြင်ရတော့တယ်" လို့ သံဝေဂယူရမယ်။

သံဝေဂယူ၊ သံဝေဂဖြစ်ပြီးတော့ ဖြစ်ပေါ်ပြီးခဲ့တဲ့ သင်္ခါရတရားတွေရဲ့ အစဉ်ထာဝရမတည်ဘဲ ချုပ်ပျောက်ပျက်စီးဟန် မမြဲဟန်ကို တရားနှလုံးသွင်းကာ ကုသိုလ်စိတ်တွေ တဖွားဖွား တိုးပွားနေရမယ်နော်။

(မှန်လှပါဘုရား)

ကဲ- လိုက်ဆိုကြ

*သံဝေဂဖြစ်ရန်၊ နေရာမှန်၊ ဧကန်ဘယ်နေရာ။

*သံဝေဂဖြစ်ရန်၊ နေရာမှန်၊ ဧကန်ကုသိနာ။

*သံဝေဂဖြစ်ရန်၊ နေရာမှန်၊ ဧကန်ဝင်စံရာ။

*သံဝေဂဖြစ်ရန်၊ နေရာမှန်၊ ဝင်စံကြွမြန်းရာ။

ဣမာနိ ခေါ အာနန္ဒ စတ္တာရိ သဒ္ဓဿ ကုလပုတ္တဿ ဒဿနီယာနိ သံဝေဇနီယာနိ ဌာနာနိ။

အာနန္ဒ- အာနန္ဒာ၊ သဒ္ဓဿ- သဒ္ဓါတရားရှိသော၊ ကုလပုတ္တဿ- အမျိုးကောင်းသား၏၊ (ဝါ) အမျိုးကောင်းသားသည်၊ ဒဿနီယာနိ- ဖူးမြော်သင့် ဖူးမြော်ထိုက်ကုန်သော၊ သံဝေဇနီယာနိ- သံဝေဂကို ဖြစ်စေနိုင်ကုန်သော၊ ဌာနာနိ- နေရာအရပ်တို့သည်၊ ဣမာနိ- စတ္တာရိ- ဤလေးပါးတို့ပါပေတည်း။

အာနန္ဒာ- သဒ္ဓါရှိတဲ့ အမျိုးကောင်းသားဟာ ဖူးမြော်သင့် ဖူးမြော်ထိုက်တဲ့ သံဝေဂဖြစ်ရန်၊ သံဝေဂယူရန် အရပ်ကောင်း အရပ်မြတ်၊ နေရာကောင်း

http://www.dhammadownload.com



နေရာမြတ် နေရာမှန်တွေဆိုတာ ဤလေးပါးတို့ပါပဲလို့ ဟောကြားတော်မူပါတယ်။

သံဝေဂဖြစ်ရန် နေရာမှန် ဘယ်နှစ်မျိုးတဲ့လဲ။
(လေးမျိုးပါဘုရား)
အေး– အဲဒီလေးမျိုးကို အကျဉ်းချုပ်ကြည့်ကြရအောင်။
၁။ ဖွားတော်မူရာ လုမ္ဗိနီ၊
၂။ ဘုရားဖြစ်တော်မူရာ ဗုဒ္ဓဂယာ၊
၃။ ဓမ္မစကြာတရား ဟောတော်မူရာ မိဂဒါဝုန်၊
၄။ ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံရယ်လို့ လေးမျိုးတွေ့ရတယ်နော်။
(မှန်လှပါဘုရား)

ကဲ– လိုက်ဆိုကြ
* သံဝေဂဖြစ်ရန်၊ နေရာမှန်၊ ကေန်လုမ္ဗိပါ။
* သံဝေဂဖြစ်ရန်၊ နေရာမှန်၊ ကေန်ဗုဒ္ဓဂါ။
* သံဝေဂဖြစ်ရန်၊ နေရာမှန်၊ ကေန်မိဂဒါ။
* သံဝေဂဖြစ်ရန်၊ နေရာမှန်၊ ကေန်ကုသိနာ။
* သံဝေဂဖြစ်ရန်၊ နေရာမှန်၊ ကေန်မွေးဖွားရာ။
* သံဝေဂဖြစ်ရန်၊ နေရာမှန်၊ ကေန်ဖြစ်သွားရာ။
* သံဝေဂဖြစ်ရန်၊ နေရာမှန်၊ ကေန်ဟောကြားရာ။
* သံဝေဂဖြစ်ရန်၊ နေရာမှန်၊ ဝင်စံကြွမြန်းရာ။
* သိဒ္ဓတ္ထခေါ်၊ မင်းသားကျော်၊ ဖွားသော်လုမ္ဗိနီ။
* ဗုဒ္ဓရှင်တော်၊ ပွင့်ထွန်းပေါ်၊ မှတ်နော်ဂယာပြည်။
* ဓမ္မစကြာ၊ ဟောကြားရာ၊ မိဂဒါဝုန်မည်။
* ကုသိနာရုံ၊ အင်ကြင်းစုံ၊ ခိုလှုံဝင်စံပြီ။
* သံဝေဂဖြစ်ရန်၊ နေရာမှန်၊ ကေန်ဤလေးလီ။

## ဘုရားဖူးလာမည် မလွဲပြီ

အာဂမိဿန္တိ ခေါ အာနန္ဒ သဒ္ဓါ ဘိက္ခူ ဘိက္ခုနိယော ဥပါသကာ ဥပါသိကာယော "ဣဓ တထာဂတော ဇာတော" တိပိ "ဣဓ

http://www.dhammadownload.com



တထာဂတော အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိ သမ္ဗုဒ္ဓေါ" တိပိ ဣဓ တထာဂတေန အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတ" န္တိပိ၊ ဣဓ တထာဂတော အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ ပရိနိဗ္ဗုတော" တိပိ။

အာနန္ဒ– အာနန္ဒာ၊ သဒ္ဓါ– သဒ္ဓါတရားရှိကုန်သော၊ ဘိက္ခူ– ရဟန်းယောကျ်ားတို့သည်လည်းကောင်း၊ ဘိက္ခုနိယော– ရဟန်းမတို့သည်လည်းကောင်း၊ ဥပါသကာ– သီတင်းသည် ဒါယကာတို့သည်လည်းကောင်း၊ ဥပါသိကာယော– သီတင်းသည် ဒါယိကာမတို့သည်လည်းကောင်း၊ အာဂမိဿန္တိ– လာကြကုန်လိမ့်လတ္တံ့။

ကိံ– အဘယ်သို့၊ မနသိကတွာ– နှလုံးသွင်းကုန်၍၊ အာဂမိဿန္တိ– လာကြကုန်လိမ့်လတ္တံ့နည်း၊ "ဣဓ– ဤလုမ္ဗိနီ အင်ကြင်းဥယျာဉ်တောအရပ်၌၊ တထာဂတော– မြတ်စွာဘုရားသည်၊ ဇာတော– ဖွားတော်မူခဲ့ပြီ"၊ ဣတိ မနသိကတွာပိ– ဤသို့ နှလုံးသွင်းကြကုန်၍လည်းကောင်း၊ "ဣဓ– ဤဗောဓိညောင်ရေ့ အောင်မြေအရပ်၌၊ တထာဂတော– မြတ်စွာဘုရားသည်၊ အနုတ္တရံ– မိမိထက်မြတ်သော တရားမရှိသော၊ သမ္မာသမ္ဗောဓိံ– အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တော်ကို၊ အဘိသမ္ဗုဒ္ဓေါ– ထိုးထွင်း၍ သိတော်မူပြီ"၊ ဣတိ မနသိကတွာပိ– ဤသို့ နှလုံးသွင်းကြကုန်၍လည်းကောင်း၊ ဣဓ– ဤ မိဂဒါဝုန်တောအရပ်၌၊ တထာဂတေန– မြတ်စွာဘုရားသည်၊ အနုတ္တရံ– အတုမရှိမြတ်သော၊ ဓမ္မစက္ကံ– ဓမ္မစကြာကို၊ ပဝတ္တိတံ– ဖြစ်စေတော်မူအပ်ပြီ၊ (ဟောတော်မူအပ်ပြီ)" ဣတိမနသိကတွာပိ– ဤသို့နှလုံးသွင်းကြကုန်၍လည်းကောင်း၊ ဣဓ– ဤကုသိနာရုံပြည် အင်ကြင်းဥယျာဉ် တောအရပ်၌၊ တထာဂတော– မြတ်စွာဘုရားသည်၊ အနုပါဒိသေသာယ– ကံ ကိလေသာတို့သည် စွဲလမ်းအပ်သော ဝိပါက်ကဋတ္တာရုပ်တည်းဟူသော အကြွင်းအကျန်မရှိသော၊ နိဗ္ဗာနဓာတုယာ– ငြိမ်းအေးခြင်းသဘောဖြင့်၊ ပရိနိဗ္ဗုတော– ပရိနိဗ္ဗာန်စံတော်မူပြီ၊ ဣတိမနသိကတွာ ပိ– ဤသို့ နှလုံးသွင်းကြကုန်၍လည်းကောင်း၊ အာဂမိဿန္တိ– လာကြကုန်လိမ့်လတ္တံ့။

အာနန္ဒာ၊ သဒ္ဓါတရားရှိကြတဲ့ ရဟန်းယောကျ်ား ရဟန်းမိန်းမ၊ သီတင်းသည် ဒါယကာ သီတင်းသည်ဒါယိကာမတွေဟာ

၁။ လုမ္ဗိနီသာမော အင်ကြင်းဥယျာဉ်တောဟာ မြတ်စွာဘုရား ဖွားတော်မူခဲ့ရာဖြစ်တယ်။

http://www.dhammadownload.com



၂။ ဗောဓိညောင်ရွှေ အောင်မြေအရပ်ဟာ မြတ်စွာဘုရား သဗ္ဗညုတ ဉာဏ်ရတော်မူခဲ့ရာ ဖြစ်တယ်။

၃။ မိဂဒါဝုန်တောအရပ်ဟာ မြတ်စွာဘုရား တရားဦး ဓမ္မစကြာ ဟော ကြားတော်မူရာ အရပ်ဖြစ်တယ်။

၄။ ကုသိနာရုံပြည် မလ္လာမင်းတွေရဲ့ အင်ကြင်းပေါက်တဲ့ အင်ကြင်းဥယျာဉ် တောအရပ်ဟာ မြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စံတော်မူခဲ့ရာ ဖြစ်တယ်လို့ နှလုံးသွင်း ကောင်းကောင်းနဲ့ ဘုရားဖူးလာကြလိမ့်မယ်။ ဒီလို အနာဂတ်အရေးကို မျှော်တွေး သိမြင်တော်မူကာ မိန့်ကြားခဲ့တာနော်။

(မှန်လှပါဘုရား)

"ဘုရားဖူးလာမည် မလွဲပြီ" လို့ မမိန့်ကြားခဲ့ဘူးလား။

(မိန့်ကြားခဲ့ပါတယ် ဘုရား)

အဲဒီ မိန့်ကြားခဲ့တဲ့အတိုင်းပဲ ခုခေတ် ဗုဒ္ဓဂယာဘုရားဖူးဆိုပြီး သွားနေ ကြတာ တော်တော်များတယ်နော်။

(မှန်လှပါဘုရား)

## စေတီဖူးမြင်ကြ ကောင်းကျိုးရ

ယေဟိ ကေစိ အာနန္ဒ စေတိယစာရိကံ အာဟိဏ္ဍန္တာ ပသန္နစိတ္တာ
ကာလံ ကရိဿန္တိ၊ သဗ္ဗေ တေ ကာယဿ ဘေဒါ ပရံ မရဏာ
သုဂတိံ သဂ္ဂလောကံ ဥပပဇ္ဇိဿန္တီတိ။

အာနန္ဒ– အာနန္ဒာ၊ ဟိ– အကျိုးကြီးမားရပုံများကို ထင်ရှားအောင် ပြ တော်မူအံ့၊ ယေကေစိ– အကြင် အမှတ်မရှိ အလုံးစုံကုန်သော ပုဂ္ဂိုလ်တို့သည်၊ စေတိယစာရိကံ– စေတီတော်ကို ပူဇော်ခြင်းငှာ လှည့်လည်ခြင်းကို၊ အာဟိဏ္ဍန္တာ– လှည့်လည်ကုန်စဉ်၊ ပသန္နစိတ္တာ– ကြည်လင်သောစိတ် ရှိကြကုန်သည်၊ (ဟုတွာ– ဖြစ်ကုန်၍၊ အန္တရာ– စေတီသို့ မရောက်မီအကြား၌) ကာလံ ကရိဿန္တိ– သေကြကုန်လိမ့်လတ္တံ့၊ သဗ္ဗေ– အလုံးစုံကုန်သော၊ တေ– ထိုပုဂ္ဂိုလ် တို့သည်၊ ကာယဿ ဥပါဒိန္နက– ခန္ဓာကိုယ်၏၊ ဘေဒါ– ပျက်စီးခြင်းကြောင့်၊ မရဏာ– သေရာအခါမှ၊ ပရံ– နောက်၌၊ သုဂတိံ– သုခအပေါင်း၏ လဲလျောင်း ရာဖြစ်သော၊ သဂ္ဂံ– ရူပါရုံစသည်တို့ဖြင့် လွန်စွာကောင်းမြတ်သော၊ လောကံ–

http://www.dhammadownload.com



နတ်ပြည်လောက ဘုံဘဝသို့၊ ဥပပဇ္ဇိသန္တိ– ကပ်ရောက်ကြကုန်လိမ့်လတ္တံ့၊ ဣတိ– ဤသို့၊ အဝေါစ– ကောင်းစွာမသွေ မိန့်ကြားတော်မူလိုက်ပါပေသတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

အာနန္ဒာ၊ စေတီတော် ဖူးမြင်ကြရတဲ့ ကောင်းကျိုးရပုံကို ထင်ရှားအောင် ပြဦးမယ်။ "သံဝေဂဖြစ်ရန် နေရာမှန်" လေးမျိုးမှာ တည်ထားတဲ့ စေတီတော် ကိုပဲဖြစ်ဖြစ်၊ ဓာတ်တော်ဌာပနာရာ အခြား စေတီတော်ကိုပဲဖြစ်ဖြစ် ဖူးမြင်ဖို့ရန် သွားရောက်ကြတဲ့ ပုဂ္ဂိုလ်တွေဟာ ကြည်လင်တဲ့စိတ်ထား ရှိကြရင် စေတီမရောက် မီ လမ်းခရီးအကြားမှာ သေသွားတဲ့အခါ သုဂတိ ဘဝနတ်ပြည်လောကကို ရောက်ကြရတယ်လို့ ဟောကြားတော်မူပါတယ်။

ဒီတော့ တရားနာပရိသတ်၊ "သံဝေဂဖြစ်ရန် နေရာမှန်" လေးမျိုးကို သွားရောက်ပူဇော်ကြတဲ့ ကောင်းကျိုး၊ အဲဒီ လေးဌာနမှာ တည်ထားတဲ့ စေတီ တော်တွေကို လှည့်လည်ပူဇော် ဘုရားဖူးမျှော်ရတဲ့ ကောင်းကျိုးဟာ နတ်ပြည် လောကကို ရောက်စေနိုင်တယ်။ အပါယ်လေးပါး တံခါးပိတ်စေနိုင်တယ်နော်။

(မှန်လှပါဘုရား)

ဘုရားကို ကြည်ညိုတဲ့စိတ်နဲ့ ပူဇော်မှ သွားမှ နတ်ပြည်ရောက်မယ်။ အပါယ်လေးပါး တံခါးပိတ်မယ်။ ဒါ့ကြောင့် ပါဠိတော်မှာ "ပသန္နစိတ္တာ" လို့ အထူးပြကာ ဟောကြားတော်မူပါတယ်။

အပျော်ခရီးထွက်သူတွေ ပျော်ပါးရင်းနဲ့ သေတဲ့ အသေမျိုးကတော့ သူတို့စိတ်အတိုင်း ရောက်ကြမှာပဲ။ ဒါ့ကြောင့် ဘုရားဖူးခရီးထွက်ခြင်းဟာ အပျော်ခရီးထွက်ခြင်း မဟုတ်ဘူးဆိုတာကိုတော့ အမြဲသတိပြုပြီး ဘုရားစိတ်၊ တရားစိတ်နဲ့ သွားဖို့ တော်တော်လိုပါတယ်။

ခုခေတ် ဘုရားဖူးခရီးထွက်တာတွေဟာ ဘုရားစိတ်၊ တရားစိတ် နည်းပြီး အပျော်စိတ်တွေ တော်တော်များနေကြပါတယ်။ ဒါဟာ မကောင်းတဲ့လက္ခဏာ ဖြစ်ပြီး ပြုပြင်သင့်တဲ့အရာပါပဲ။

ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာ့ဂုဏ်တွေ ရွတ်ပွားပြီး ခရီးထွက်ရင် ခရီးသွားရင် အသွားအပြန် အန္တရာယ်ကင်းဝေးတယ်။

အကယ်၍ အန္တရာယ် တွေဦးတော့ ကြီးကြီးကျယ်ကျယ် မတွေ့ဘူးပေါ့။ ရတနာသုံးပါး စွမ်းပကားကြောင့် သက်သာရာရတယ်။

http://www.dhammadownload.com



ဘုရားစိတ်၊ တရားစိတ်နဲ့ သေသွားပြန်တော့ နောက်ဘဝ ဂတိကောင်းတယ်။ သေတဲ့အခါ စိတ်ချရတယ်။ နတ်ပြည်ရောက်ရတယ်။ ဒါဟာ စေတီတော်ကို ကြည်ညိုဖူးမြင် ပူဇော်ရတဲ့ ကောင်းကျိုးပဲနော်။

(မှန်လှပါဘုရား)

ဒီတော့ ဗုဒ္ဓဂါယာဘုရားဖူးသွားရင် ဘုရားကို ကြည်ညိုတဲ့စိတ်နဲ့ သွား၊ ကြည်ကြည်ညိုညို ရိုရိုသေသေပူဇော်၊ ကိုယ်ရထားတဲ့ ဘုရားစာ၊ တရားစာတွေနဲ့ ပူဇော်ရင် အပါယ်တံခါးပိတ်ပြီး နတ်ပြည်တံခါးကြီး ပွင့်နေပြီ။ အဲဒီပွင့်နေတဲ့ နတ်ပြည်တံခါးကြီးအတိုင်း ဝင်သွား၊ နတ်ပြည်ရောက်ဖို့ သေချာသွားပြီနော်။

(မှန်လှပါဘုရား)

ဒီနေ့ ဟောနေတဲ့ တရားကို "အပါယ်ပိတ်ကြောင်း နည်းလမ်းကောင်း တရားတော်"၊ "နတ်ပြည်ရောက်ကြောင်း နည်းလမ်းကောင်း တရားတော်"လို့ အမည်ပေးရင်လည်း ရတယ်လို့ မှတ်ထားကြပါ။

ကဲ– တရားသိမ်းကဗျာနဲ့ တရားသိမ်းကြရအောင်၊ အားလုံးလက်အုပ်ချီကြ။

"သံဝေဂဖြစ်ရန်၊ နေရာမှန်၌၊ ကေန်ရှိကြ၊ စေတီလှကို၊ နေ့ညအထူး၊ လှည့်လည်ဖူးသော်၊ များသူတော်တို့၊ ရွှင်ပျော်ကြည်ညို၊ စိတ်ဓာတ်ကိုထား၊ ဖူးမြင်ငြားက၊ ဘုရားစေတီ၊ အလီလီသို့၊ အတည်မှတ်သား၊ မရောက်ငြားမီ၊ လမ်းကြားကာလ၊ သေဆုံးရလည်း၊ လေးဝအပါယ်၊ ဝေးလှကွယ်၍၊ တကယ်ရှုပ၊ စသမျှတို့၊ ကောင်းလှဃသည်၊ ထက်နတ်ပြည်သို့၊ ရွှင်ကြည်မသွေ၊ ရောက်ရဃေဟု၊ ဟောကြားပြသည်၊ သုံးလူ့ဆရာစကားတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

မှတ်ချက်။ ။ ဘုရားပူဇော်ပွဲတိုင်း၊ တရားပူဇော်ပွဲတိုင်းဟောပါ။

တရားအမည်ပေးရာ၌–
သံဝေဂယူရန် နေရာမှန်တရားတော်၊
သံဝေဇနိယ လေးဌာနတရားတော်၊
အချိန်နှစ်ခု ကွာခြားမှု တရားတော်၊
အစနေ့ပျော် အဆုံးသော် အလွမ်းတရားတော်၊
အင်ကြင်းနဲ့စ အင်ကြင်းနဲ့ဆုံး တရားတော်၊

http://www.dhammadownload.com



တောနဲ့စ တောနဲ့ဆုံး တရားတော်၊
တောမှာမွေးဖွား မြတ်ဘုရားတရားတော်၊
တောမှာတရားရ မြတ်ဗုဒ္ဓတရားတော်၊
တောမှာဟောပြ မြတ်ဓမ္မတရားတော်၊
ပရိနိဗ္ဗာန် တောမှာစံတရားတော်၊
စေတီဖူးရ ကုသိုလ်ရကြောင်းတရားတော်၊
အပါယ်ပိတ်ကြောင်း နည်းလမ်းကောင်း တရားတော်၊
နတ်ပြည်ရောက်ကြောင်း နည်းလမ်းကောင်း တရားတော်၊
ကြည်ညိုသဒ္ဓါ ဖူးကြပါတရားတော်၊
အပါယ်တံခါး ပိတ်၍သွားစေလိုလျှင် တရားတော်၊
လေးဝအပါယ် ဝေးရမယ် တရားတော်၊
ဘုရားမရောက်ခင် သေသွားလျှင် တရားတော်၊
ဘုရားဖူးသွား ဘုရားစိတ်များပါစေ တရားတော်၊
နတ်ပြည်ရောက်ရေး လွယ်လွယ်လေးပါ တရားတော်၊
နတ်ဘဝရောက်ရေး လွယ်လွယ်လေးပါ တရားတော် စသည်ဖြင့်
အမည်ပေးကာ ဟောကြားပါ။

သံဝေဂဖြစ်ရန် နေရာမှန် တရားတော် ပြီးပြီ။

# ပြိုင်ကြည့်ရင်းက+ တရားရ တရားတော်

ယနေ့ ပဋ္ဌာန်းဒကာ၊ ပဋ္ဌာန်းဒကာမအပေါင်း သူတော်ကောင်းတွေရဲ့ ပဋ္ဌာန်းသိမ်းအောင်ပွဲမှာ ဟောကြားမည့်တရားတော်က "ပြိုင်ကြည့်ရင်းက တရားရ" တရားတော်ပါပဲ။

ဘာတရားတဲ့လဲ။

(ပြိုင်ကြည့်ရင်းက တရားရ တရားတော်ပါ ဘုရား)

ဒီတရားတော်လာ သာဓကဝတ္ထုက ဘယ်မှာလာသလဲဆိုတော့ အဋ္ဌသာလိနီအဋ္ဌကထာမှာ လာရှိပါတယ်။

ဘယ်မှာ လာရှိသတဲ့လဲ။

(အဋ္ဌသာလိနီ အဋ္ဌကထာမှာ လာရှိပါတယ်ဘုရား)

ကဲ– ဒီ "ပြိုင်ကြည့်ရင်းက တရားရ" ဆိုတဲ့ တရားတော်ကို မဟောကြားမီ တရားဟောတရားနာ ဘေးရန်ကွာအောင် ပဋ္ဌာန်းပိုင်ရှင် ဘုရားသခင်ကို ဆယ်ဖဝေါင်းလက် သွယ်ပျောင်းယှက်ပြီး ခေါင်းထက်တင်ကာ ရှိခိုးကြည့်ကြရအောင် တရားနာ။

အနန္တဉာဏ်ကဲ ဉာဏာ၊ သာမိကဲ နန္တပါကဒံ။

အနန္တနယပဋ္ဌာနံ၊ ဝန္ဒေ အနန္တဒေသကံ။

ဓေတေန သစ္စဝဓ္ဓေန၊ သုခိတာ ဟောန္တု သာဓဝေါ။

အနန္တဉာဏ်– အဆုံးပိုင်းခြား မရှိကြအောင် များပြားအပြည့် ဉာဏ်တော်ရှိတော်မူထသော၊ ဉာဏသာမိကံ– အဆုံးပိုင်းခြား မရှိကြသည့် ဉာဏ်များပေါ်လွင် ဉာဏ်ဘုရင်ဟု စံတင်ပြုအပ် ဉာဏ်မြတ်သခင် ဉာဏ်ပိုင်ရှင်ကြီးဖြစ်တော်မူပေထသော၊ နန္တပါကဒံ– ရွှတ်ပွားနာယူ နတ် လူ ပြဟ္မာ သတ္တဝါတို့ ကြည်သာရွှင်ပြုံး အဆုံးပိုင်းခြား မရှိကြသည့် ကြီးမားချမ်းသာ အဖြာဖြာအကျိုးအခါခါတိုးပြီး တန်ခိုးကြီးမှု အစုစုတွေ ပေးတော်မူနိုင်ပါပေထသော၊ အနန္တနယပဋ္ဌာနံ– အဆုံးပိုင်းခြား မရှိကြသည့် နည်းများဖုံဖုံ ပြီးသွားစုံဆန်း မြတ်ပဋ္ဌာန်းဟု မှတ်တမ်းပြုခေါ် ရွှေကျမ်းတော်ကို၊ အနန္တဒေသကံ– အဆုံးပိုင်းခြား

http://www.dhammadownload.com



မရှိကြားပြန် သဗ္ဗညုဉာဏ်အား စွမ်းပကားဖြင့် ဆန်းပြားမပြတ် ဟောကြားတော်မူ တတ်ပါပေထသော၊ (အနန္တမိန်– အဆုံးပိုင်းခြား မရှိကြားသည့် များပြားအောင်ပုံ အောင်ဂုဏ်အောင်သိန် အောင်အရှိန်တို့ အောင်ထိန်အောင်ရ အောင်ဖိနပဟု အောင်ဆုသာယာ အောင်မှုပါ၍ အောင်ရာထင်ရှား အောင်တော်မူ မြတ်စွာဘုရား ကို)၊ အဟံ– ပဌာန်းဒေသနာ မကွယ်ပါစေ ဒီအနေဖြင့် ရည်ချွေဟောဖော် တပည့်တော်သည်၊ ဝန္ဒေ– ဝန္ဒာမိ– ကမ္ဘောကမ္ဘာ လွန်ရှည်ကြာလည်း တွေ့ခဲလှ စွာ တွေ့လာယခု မေ့မပြုဘဲ အသည်းဘဝင် အမြဲရှင်ကာ ရှိခိုးကန်တော့လိုက်ပါ ၏ ဘုရား။ တေန သစ္စဝဇ္ဇေန– ဤသို့မှန်ကြား စကားသစ္စာ ပြောဆိုရပါလေ သောကြောင့်၊ သာဝေါ– ပဌာန်းချစ်သူ ရှင်လူအပေါင်း သူတော်ကောင်းတို့ သည်၊ သုခိတာ– ကိုယ်စိတ်နှစ်ဖြာ လိုက္ခဏာဖြင့် ကျန်းမာပကတိ ချမ်းသာလန်းဖြာ ဝမ်းသာခြင်း ရှိကြကုန်သည်၊ ဟောန္တု– ယနေ့ကစ နိဗ္ဗာန်ရအောင် မုချပိုင်ပိုင် ဖြစ်တော်မူနိုင်ကြပါစေကုန်သတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

အဲဒီလို တရားဟော တရားနာ သားရန်ကွာအောင် ဘုရားရှင်ကို ရှိခိုးပြီး သကာလ "ပြုင်ကြည့်ရင်းက တရားရ" ဆိုတဲ့ တရားတော်ကို စပြီးတော့ ဟောကြ နာကြရအောင် တရားနာ။

မဟာဂတိဂမိယတိဿဒတ္တတ္ထေရော ကိရ နာမ မဟာဗောဓိံ ဝန္ဒိဿာမိတိ ပရတီရံ ဂစ္ဆန္တော နာဝါယ ဥပရိတလေ နိသိန္နော မဟာသမုဒ္ဒံ ဩလောကေသိ။

ရှေးတုန်းက မဟာဂတိဂမိယတိဿဒတ္တလို့ အမည်ရတဲ့ မထေရ်တစ်ပါး မဟာဗောဓိကို ရှိခိုးမယ်၊ ဖူးမြင်မယ်ဆိုတဲ့အကြံနဲ့ (ရည်ရွယ်ချက်နဲ့) သမုဒ္ဒရာရဲ့ တစ်ဘက်ဖြစ်တဲ့ ဇမ္ဗူဒိပ်ကျွန်းသို့ လှေဖြင့် (သင်္ဘောဖြင့်) ကြွသွားပါတယ်။

ဘာနဲ့သွားသတဲ့လဲ။

(လှေ၊ သင်္ဘောနဲ့ သွားပါတယ် ဘုရား)

အဲဒီလို လှေ၊ သင်္ဘောနဲ့ကြွသွားတဲ့အခါ လှေ၊ သင်္ဘောရဲ့အထက်ထပ် မှာ ထိုင်ပြီးတော့ မဟာသမုဒ္ဒရာ ရေပြင်ကြီးကို ကြည့်နေပါတယ်။

အထဿ တသ္မိံသမယေ နေဝပရတီရံ ပညာယိတ္ထ၊ နဩရိမတီရံ။

အဲဒီလို မဟာသမုဒ္ဒရာ ရေပြင်ကြီးကို ကြည့်လိုက်တဲ့အခါမှာ ထိုခရီးသွား မထေရ်ရဲ့ စိတ်ထဲမှာ ဟိုဘက်ကမ်းလည်း ထင်ထင်ရှားရှား မတွေ့ရ မမြင်ရဘူး၊ ဒီဘက်ကမ်းလည်း ထင်ထင်ရှားရှား မတွေ့ရ မမြင်ရဘူး။

http://www.dhammadownload.com



ဦမိဝေဂပ္ပဘေဒ သမုဂ္ဂတဇလစုဏ္ဏပရိကိဏ္ဏော ပသာရိတရဇတပဋ္ဋ သုမနပုပ္ဖသန္ထရသဒိသော မဟာသမုဒ္ဒေါ ပညာယိတ္ထ။

လှိုင်းတံပိုးအဟုန်ကြောင့် ဖြာလျက် အထက်သို့ တက်တဲ့ရေမှုန်ရေဖွဲ တွေနဲ့ ရောပြွန်းနေတဲ့ ဖြန့်အပ်သောငွေပြား၊ မြတ်လေးပန်းအခင်းနဲ့ အလားတူတဲ့ မဟာသမုဒ္ဒရာ ရေပြင်ကြီးသာ ထင်ထင်ရှားရှား တွေ့မြင်နေရပါတယ်။

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

* လှိုင်းတံပိုးဟုန်၊ ဖြာတက်ကုန်၊ ရေမှုန်ရေဖွဲရော။
* ငွေပြားအဆန်း၊ မြတ်လေးပန်း၊ တူမှန်းအခင်းပြော။
* မဟာသမုဒ္ဒရာ၊ ရေပြင်သာ၊ တွေ့တာသိလေလော။

သော "ကီ့နုခေါမဟာသမုဒ္ဒဿ ဦမိဝေဂေါ ဗလဝါ၊ ဥဒါဟု စတုဝီသတိပ္ပဘေဒေ သမန္တပဋ္ဌာနေ နယမုခံ ဗလဝန္တိ စိန္တေသိ။

အဲဒီ မဟာဂတိဂမိယတိဿဒတ္တမထေရ် ကိုယ်တော်မြတ်ကြီးသည် ကြံစည်စဉ်းစား တွေးတောလိုက်တယ်။

ဘယ်လို ကြံစည်စဉ်းစား တွေးတောလိုက်သလဲဆိုတော့ "မဟာသမုဒ္ဒရာ ရေပြင်ကြီးက ကျယ်ဝန်းသလား၊ သို့မဟုတ် ၂၄ ပါး အပြားရှိတဲ့ သမန္တပဋ္ဌာန်း၌ နည်းအမြွက်က ကျယ်ဝန်းသလား၊ (ပဋ္ဌာန်းကျမ်းတော်ကြီးက ကျယ်ဝန်းသလား) ဒီလို ကြံစည်စဉ်းစား တွေးတောလိုက်ပါတယ်။

ကဲ– ခေတ်သစ်ကဗျာလင်္ကာလေးတွေ လိုက်ဆိုကြ

* ဟိုရှေးတုန်းက ခရီးသွား၊
ပယ်လယ်ကြီးက ကျယ်သလား။
* ဟိုရှေးတုန်းက ခရီးသွား၊
ပဋ္ဌာန်းကျမ်းက ကျယ်သလား။
* ဟိုရှေးတုန်းက ခရီးသွား၊
ဤသို့ ဤသို့ တွေးစဉ်းစား။

အထဿ မဟာသမုဒ္ဒေ ပရိစ္ဆေဒေါ ပညာယတိ။

အဲဒီလို "ပဋ္ဌာန်းကျမ်းနဲ့ ပင်လယ်သမုဒ္ဒရာ ဘယ်အရာက ပိုပြီးတော့ ကျယ်ဝန်းသလဲ" လို့ ခရီးသွားမထေရ်သည် ကြံစည်စဉ်းစား တွေးတောလိုက်တဲ့ အခါ မဟာသမုဒ္ဒရာရဲ့ အပိုင်းအခြားဟာ ထင်ပြီးတော့လာပါတယ်။

http://www.dhammadownload.com



မဟာသမုဒ္ဒရာရဲ့ အကျယ်အဝန်း အပိုင်းအခြားက ထင်ပြီးတော့မလာဘူးလား။

(ထင်ပြီးတော့ လာပါတယ်ဘုရား)

" အယညှိ ဟေဋ္ဌာ မဟာပထဝိယော ပရိစ္ဆိန္နော၊ ဥပရိအာကာ သေနကေတော စက္ကဝါဠပဗ္ဗတေန ကေတော ဝေလန္တေန ပရိစ္ဆိန္နော။

ဟိ– မှန်၏၊ အယံ– ဤမဟာသမုဒ္ဒရာကို၊ ဟေဋ္ဌာ– အောက်၌၊ မဟာပထဝီယာ– မြေကြီးဖြင့်၊ ပရိစ္ဆိန္နော– ပိုင်းခြားအပ်ပြီ၊ ဥပရိ– အထက်၌၊ အာကာသေန– ကောင်းကင်ဖြင့်၊ ပရိစ္ဆိန္နော– ပိုင်းခြားအပ်ပြီ၊ ကေတော– တစ်ဖက်၌၊ စက္ကဝါဠပဗ္ဗတေန– စကြာဝဠာတောင်ဖြင့်၊ ပရိစ္ဆိန္နော– ပိုင်းခြားအပ်ပြီ၊ ကေတော– တစ်ဖက်၌၊ ဝေလန္တေန– ကမ်းဟူသော အပိုင်းအခြားဖြင့်၊ ပရိစ္ဆိန္နော– ပိုင်းခြားအပ်ပြီ။

၁။ မဟာသမုဒ္ဒရာရဲ့ အောက်ပိုင်းမှာ မြေကြီးဆိုတဲ့ ပိုင်းခြားကန့်သတ်ချက် ရှိနေပါတယ်။

၂။ အထက်ပိုင်းမှာ ကောင်းကင်ဆိုတဲ့ ပိုင်းခြားကန့်သတ်ချက် ရှိနေပါတယ်။

၃။ ရေပြင်ကြီးရဲ့တစ်ဖက်မှာတော့ စကြာဝဠာတောင်တန်းကြီးနဲ့ ပိုင်းခြားကန့်သတ်ထားပါတယ်။

၄။ ရေပြင်ကြီးရဲ့ အခြားတစ်ဖက်မှာတော့ ဆိုက်ကပ်စရာ ဆိပ်ကမ်းဆိုတဲ့ ပိုင်းခြားကန့်သတ်ချက် ရှိနေပါတယ်။

ဒီတော့ တရားနာပရိသတ်၊ "ပဋ္ဌာန်းကျမ်းတော်ကြီးနဲ့ ပင်လယ်သမုဒ္ဒရာရေပြင်ကြီး ဘယ်အရာက ပိုပြီးတော့ ကျယ်သလဲ" လို့ ခရီးသွားမထေရ်ကိုယ်တော်မြတ်ကြီး ပြိုင်ပြီးတော့ မကြည့်လိုက်ဘူးလား။

(ပြိုင်ပြီးတော့ ကြည့်လိုက်ပါတယ် ဘုရား)

အဲဒီလို "ပဋ္ဌာန်းနဲ့ ပင်လယ် ဘယ်အရာက ပိုပြီးတော့ ကျယ်ဝန်းသလဲ" လို့ ပြိုင်ကြည့်လိုက်တဲ့အခါမှာ ပင်လယ်သမုဒ္ဒရာကြီးရဲ့ အကျယ်အဝန်းတွေ၊ အပိုင်းအခြားတွေ သိပြီးတော့မလာရဘူးလား။

(သိလာရပါတယ် ဘုရား)

မဟာသမုဒ္ဒရာရဲ့အောက်ပိုင်းမှာ မြေကြီးနဲ့၊ အထက်ပိုင်းမှာ ကောင်းကင်နဲ့၊

http://www.dhammadownload.com



တစ်ဖက်မှာ စကြဝဠာတောင်တန်းကြီးနဲ့ တစ်ဖက်မှာ ဆိုက်ကပ်စရာ ဆိပ်ကမ်းနဲ့ ပိုင်းခြားကန့်သတ်ချက် သတ်မှတ်ချက်တွေ ရှိနေတယ်နော်။

(မှန်လှပါဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

* အောက်ပိုင်းမြေပြင်၊ အထက်တွင်၊ ကောင်းကင်ကြီးနဲ့လေ။
* တစ်ဖက်ရေပြင်၊ တောင်တန်းပင်၊ အစဉ်သတ်ထားပေ။
* ခြားတစ်ဖက်မှာ၊ ဆိုက်ကပ်ရာ၊ မှန်စွာရှိလို့နေ။
* သမုဒ္ဒရာ၊ အကျယ်ဟာ၊ သေချာသိရပေ။
* ပဋ္ဌာန်းနဲ့ပင်လယ်၊ ဘယ်ကကျယ်၊ ပြိုင်ကွယ်ကြည့်မိပေ။

သမန္တပဋ္ဌာနသဿ ပန ပရိစ္ဆေဒေါ နု ပညာယတိတိ သဏှ သုခုမဓမ္မံ ပစ္စဝေက္ခန္တဿ ဗလဝပီတိ ဥပ္ပန္နာ။

သမန္တပဋ္ဌာနသဿ ပန– သမန္တပဋ္ဌာန်းကျမ်းတော်ကြီးကား၊ ပရိစ္ဆေဒေါ– အပိုင်းအခြားသည်၊ နု ပညာယတိ– မထင်ရှား၊ ဣတိ– ဤသို့၊ သဏှသုခုမဓမ္မံ– သိမ်မွေ့နူးညံ့သော ပဋ္ဌာန်းတရားတော်ကို၊ ပစ္စဝေက္ခန္တဿ– ဆင်ခြင်သည်ရှိသော်၊ ဗလဝပီတိ– အားရှိသောပီတိသည်၊ (အားကြီးသောပီတိသည်) ဥပ္ပန္နာ– ဖြစ်ပြီ။

အဲဒီလို "ပဋ္ဌာန်းနဲ့ ပင်လယ် ဘယ်အရာက ပိုပြီးတော့ ကျယ်ဝန်းသလဲ" လို့ ခရီးသွား မထေရ်ကိုယ်တော်မြတ်ကြီး ပြိုင်ကြည့်လိုက်တဲ့အခါမှာ ပင်လယ် သမုဒ္ဒရာရဲ့ အပိုင်းအခြားကိုသာ ထင်ထင်ရှားရှား တွေ့ရပြီးတော့ ပဋ္ဌာန်းကျမ်းရဲ့ အပိုင်းအခြားကို မတွေ့ရဘူးနော်။

(မှန်လှပါဘုရား)

ဒီတော့ ပင်လယ်သမုဒ္ဒရာရဲ့ အကျယ်အဝန်းက ပိုင်းခြားကန့်သတ်ချက် ရှိတယ်။ ပဋ္ဌာန်းကျမ်းကြီးရဲ့ အကျယ်အဝန်းက ပိုင်းခြားကန့်သတ်ချက် မရှိဘူး ဆိုတော့ ပဋ္ဌာန်းကျမ်းတော်ကြီးက ပိုပြီးမကျယ်ဝန်းဘူးလား။

(ကျယ်ဝန်းပါတယ်ဘုရား)

ဒီတော့ ပဋ္ဌာန်းနဲ့ ပင်လယ် ဘယ်အရာက ပိုပြီးတော့ ကျယ်သလဲလို့ ပြိုင်ကြည့်လိုက်တဲ့အခါမှာ ဘယ်အရာက နိုင်သွားသတဲ့လဲ။

(ပဋ္ဌာန်းက နိုင်သွားပါတယ်ဘုရား)

http://www.dhammadownload.com



ကဲ– လိုက်ဆိုကြ

* ပြိုင်ပြိုင် ပဌာန်းကျမ်းနဲ့ ပြိုင်။
* ပြိုင်ပြိုင် ပင်လယ်ကြီးနဲ့ပြိုင်။
* နိုင်နိုင် ပဌာန်းကျမ်းကနိုင်။

အဲဒီလို ပဌာန်းကျမ်းတော်ကြီးက ပိုပြီးတော့ ကျယ်ဝန်းတာကို သိရတော့ သိမ်မွေ့နူးညံ့တဲ့ ပဌာန်းတရားတော်ကြီးကို ဆင်ခြင်လိုက်တဲ့အခါ အားရှိတဲ့၊ အားကောင်းတဲ့၊ အားကြီးတဲ့ ပီတိ ဖြစ်ပေါ်လာပါတယ်။

ပဌာန်းတရားတော်ကြီးဟာ သိမ်မွေ့နူးညံ့တဲ့ တရားတော်ကြီးပါတဲ့။

ဘာတရားတော်ကြီးတဲ့လဲ။

(သိမ်မွေ့နူးညံ့တဲ့ တရားတော်ကြီးပါဘုရား)

ပဌာန်းနဲ့ ပယ်လယ်အကျယ်အဝန်း ပြိုင်ကြည့်တော့ ပဌာန်းက အနိုင်ရ၊ အနိုင်ရတော့ သိမ်မွေ့နူးညံ့တဲ့ ပဌာန်းတရားတော်ကြီးကို ဆင်ခြင်ကြည့်၊ ဆင်ခြင်ကြည့်တော့ အားကောင်းတဲ့၊ အားကြီးတဲ့ ပီတိတွေ ဖြစ်မလာဘူးလား။

(ဖြစ်လာပါတယ်ဘုရား)

အဲဒီလို ပြိုင်ကြည့်လိုက်တော့ "နှစ်သက်ခြင်း" ဆိုတဲ့ ပီတိတရား ခရီးသွား မထေရ်ကြီးမှာ ဖြစ်သွား ရသွားတယ်နော်။

(မှန်လှပါဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားက ဘာတရားတဲ့လဲ။

(ပြိုင်ကြည့်ရင်းက တရားရ တရားတော်ပါဘုရား)

ပြိုင်ကြည့်လိုက်တော့ ဘာတရားရသွားသတဲ့လဲ။

(ပီတိတရား ရသွားပါတယ်ဘုရာ)

"ပီတိ" ဆိုတာ ဘာတဲ့လဲ။

(နှစ်သက်ခြင်းပါ ဘုရား)

ပဌာန်းကျမ်းက အနိုင်ရတော့ တကယ့်ကိုအားရပါးရ နှစ်သက်သွားတာ နော်။

(မှန်လှပါဘုရား)

လောကမှာ ပြိုင်လို့ အနိုင်ရရင် နှစ်သက်ကျေနပ်မှုတွေ မဖြစ်ကြဘူးလား။

(ဖြစ်ကြပါတယ်ဘုရား)

http://www.dhammadownload.com



ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

*ပဋ္ဌာန်းနဲ့ပင်လယ်၊ ဘယ်ကကျယ်၊ ပြိုင်ကွယ်ကြည့်သောခါ။

*ပဋ္ဌာန်းကျမ်းက၊ ကျယ်ဝန်းလှ၊ တိဿသိသွားရှာ။

*ပြိုင်ကြည့်ရင်းက၊ ပီတိလှ၊ ဓမ္မရသွားတာ။

သော ပီတိံ ဝိက္ခမ္ဘေတွာ ဝိပဿနံ ဝဍ္ဎေတွာ ယထာနိသိန္နောဝ သဗ္ဗကိလေသေ ခေပေတွာ အဂ္ဂဖလေ အရဟတ္တေ ပတိဋ္ဌာယ ဥဒါနံ ဥဒါနေသိ

သော- ထိုမဟာဂတိဂမိယတိဿဒတ္တမထေရ်သည်၊ ပီတိံ- နှစ်သက်ခြင်း ပီတိကို၊ ဝိက္ခမ္ဘေတွာ- ခွာ၍၊ ဝိပဿနံ- ဝိပဿနာကို၊ ဝဍ္ဎေတွာ- တိုးပွားစေ၍၊ ယထာနိသိန္နောဝ- အကြင် အကြင်ထိုင်လျက်သာလျှင်၊ သဗ္ဗကိလေသေ- အလုံးစုံသော ကိလေသာတို့ကို၊ ခေပေတွာ- ကုန်စေ၍၊ အဂ္ဂဖလေ- မြတ်သော ဖိုလ်ဟူသော၊ အရဟတ္တေ- အရဟတ္တဖိုလ်၌၊ ပတိဋ္ဌာယ- တည်၍၊ ဥဒါနံ- ဥဒါန်းကို၊ ဥဒါနေသိ- ကျူးရင့်တော်မူလိုက်ပါပေသတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

ပြိုင်ကြည့်လို့ အနိုင်ရတော့ ပီတိတရားရလာ၊ ဖြစ်လာတယ်။ အဲဒီပီတိ တရားကို ခရီးသွား ကိုယ်တော်မြတ်ကြီးက ပယ်ခွာပစ်လိုက်ပါတယ်။

ပီတိကို ဘာလုပ်ပစ်လိုက်သလဲ။

(ပယ်ခွာပစ်လိုက်ပါတယ် ဘုရား)

ပီတိကို ပယ်ခွာပြီးတော့ ပီတိ- နှစ်သက်ခြင်းဆိုတာ မမြဲဘူး၊ ဆင်းရဲ တယ်၊ အစိုးမရဘူးလို့ ဝိပဿနာ ဆက်လက်ရှုပွားလိုက်ပါတယ်။

ပြိုင်လို့ အနိုင်ရတော့ ဖြစ်ပေါ်လာတဲ့ နှစ်သက်ခြင်းပီတိတရားဟာ အမြဲ ဖြစ်ပေါ်နေတာ ဟုတ်ရဲ့လား။

(မဟုတ်ပါဘူးဘုရား)

ဒီတော့ ပီတိတရားရဲ့ မမြဲပုံ၊ ဆင်းရဲပုံ၊ အစိုးမရ အနှစ်သာရမရှိပုံတွေကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့ လက္ခဏာယာဉ်သုံးပါးတင်ကာ ဝိပဿနာရှုလိုက် တော့ ထိုင်နေရင်းပင် ကိလေသာတွေ အလုံးစုံကုန်ခန်းပြီး အရဟတ္တဖိုလ်တရား ကြီး ရရှိတော်မူသွားပါတယ်။

ပီတိကိုခွာ ဝိပဿနာကို ရှုပွားလိုက်တော့ ဘယ်တရား ရသွားသတဲ့လဲ။

(အရဟတ္တဖိုလ်တရား ရသွားပါတယ်ဘုရား)

http://www.dhammadownload.com



ဒီတော့ ပြိုင်ကြည့်ရင်းကနေ ပီတိတရား၊ အရဟတ္တဖိုလ်ဆိုတဲ့တရားတွေ ရမသွားဘူးလား။

(ရသွားပါတယ်ဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားက ဘာတရားတဲ့လဲ။

(ပြိုင်ကြည့်ရင်းက တရားရ တရားတော်ပါ ဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

*ပဋ္ဌာန်းနဲ့ပယ်လယ်၊ ဘယ်ကကျယ်၊ ပြိုင်ကွယ်ကြည့်သောခါ။

*ပဋ္ဌာန်းကျမ်းက၊ ကျယ်ဝန်းလှ၊ တိသသိသွားရှာ။

*ပြိုင်ကြည့်ရင်းက၊ ပီတိလှ၊ ခမ္မရသွားတာ။

*ပြိုင်ကြည့်ရင်းက၊ အရဟတ္တ၊ ဖလရသွားတာ။

*ပြိုင်ကြည့်ရင်းက၊ တရားရ၊ ဟောပြဒေသနာ။

ဝမ်းမြောက်နှစ်သက်မှု ပီတိကို ခွာပြီးတော့ ဝိပဿနာရှုလိုက်တော့ အရှင်ဂတိဂမိယတိဿဒတ္တ အမည်ရတဲ့ မထေရ်ကြီး မြတ်သောအရဟတ္တဖိုလ်ကို ရရှိပြီးတော့ ရဟန္တာဖြစ်သွားပါတယ်။

ဘာဖြစ်သွားသတဲ့လဲ။

(ရဟန္တာဖြစ်သွားပါတယ်ဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

*ဝမ်းမြောက်ပီတိ၊ ခွာရှုကြည့်၊ ဖြစ်၏ရဟန္တာ။

အဲဒီလို ရဟန္တာဖြစ်သွားတော့ ဥဒါန်းကျူးရင့်တော်မူလိုက်ပါတယ်။

ဘယ်လို ဥဒါန်းကျူးရင့်တော်မူလိုက်သလဲဆိုတော့

အတ္တေဝ ဂမ္ဘီရဂတံ သုဒုဗ္ဗုဓံ၊

သယံ အဘိညာယ သဟေတုသမ္ဘဝံ။

ယထာနုပုဗ္ဗံ နိခိလေန ဒေသိတံ၊

မဟေသိနာ ရူပဂတံဝ ပဿတီတိ။

ဂမ္ဘီရဂတံ– သိမ်မွေ့နက်နဲ ခက်ခဲသောဖြစ်ခြင်းရှိထသော၊ သုဒုဗ္ဗုဓံ– အလွန်ခဲယဉ်းစွာ သိအပ်ထသော၊ သဟေတုသမ္ဘဝံ– ဟေတုပစ္စည်းစသော အကြောင်းနှင့်တကွဖြစ်၍ ထိုအကြောင်းကြောင့် ကောင်းစွာဖြစ်သော ပစ္စယုပ္ပန်

http://www.dhammadownload.com



တရားကို၊ သယံ– ကိုယ်တော်တိုင်၊ အဘိညာယ– ထူးကဲလွန်မြတ်သော သဗ္ဗညုတဉာဏ်တော်ဖြင့်သိ၍၊ ယထာနုပုဗ္ဗံ– အနုလောမစသော အကြင်အကြင် အစဉ်အားဖြင့်၊ နိခိလေန– အကြွင်းမရှိသောအားဖြင့်၊ မဟေသိနာ– မြတ်စွာဘုရားသည်၊ ဒေသိတံ–ဟောတော်မူအပ်သောသမန္တပဋ္ဌာန်းကို၊ (စက္ခုမာ– မံသစက္ခုရှိသော ယောကျ်ားသည်) ရူပဂတံ– လက်တွင်း၌ရောက် ပတ္တမြားကျောက်ကို၊ စက္ခုနာ– ပကတိစက္ခုဖြင့်၊ ပဿတိဣဝ– မြင်ရသကဲ့သို့၊ (တထာ– ထို့အတူ၊ ယောဗုဒ္ဓသာဝကော– အကြင်မြတ်စွာဘုရား၏ တပည့်သာဝကသည်၊ ပဋိဝေဓဉာဏေန– ပဋိဝေဓဉာဏ်ဖြင့်၊ ပဿတိ– မြင်ရ၏။ သောဗုဒ္ဓသာဝကော– ထိုမြတ်စွာဘုရား၏ တပည့်သာဝကသည်) အတ္ထေဝ– အတ္ထိဝေ– ဤသာသနာတော်ဝယ် ရှိပေသေးသည်သာ၊ ဣတိ– ဤသို့၊ ဥဒါနံ– ဥဒါန်းကို၊ ဥဒါနေသိ– ကောင်းစွာမသွေ ကျူးရင့်တော်မူလိုက်ပါပေသတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

ပဋ္ဌာန်းဆိုတာ သိပ်ပြီးတော့ သိမ်မွေ့တယ်၊ နက်နဲတယ်၊ ခက်ခဲတယ်။ သိဖို့ရန်လည်း မလွယ်ဘူး။ ဟေတုစတဲ့အကြောင်းနဲ့တကွ ဖြစ်ပြီးတော့ အဲဒီအကြောင်းကြောင့် ကောင်းစွာဖြစ်ပေါ်လာတဲ့ အကျိုးတရားကို ဘုရားရှင်ကိုယ်တော်တိုင် သဗ္ဗညုတ ရွှေဉာဏ်တော်ကြီးဖြင့် သိထားတဲ့ တရားတော်ဖြစ်တယ်။

အနုလောမစတဲ့ အစဉ်အားဖြင့် အကြွင်းအကျန်မရှိအောင် မြတ်စွာဘုရား ဟောကြားတော်မူထားတဲ့ တရားတော်ကြီးဖြစ်တယ်။

အဲဒီပဋ္ဌာန်းတရားတော်ကြီးကို မံသစက္ခုရှိတဲ့ ယောကျ်ားဟာ လက်ထဲမှာရောက်နေတဲ့ ပတ္တမြားကျောက်ကို ပကတိမျက်စိနဲ့ သေသေချာချာ ရေရေရာရာ မြင်ရသလို မြတ်စွာဘုရားရဲ့ တပည့်သားသာဝကသည် ပဋိဝေဓဉာဏ်နဲ့ သေသေချာချာ မြင်ရပါတယ်။

ပဋ္ဌာန်းတရားတော်ကြီးကို ဘာနဲ့မြင်သတဲ့လဲ။

(ပဋိဝေဓဉာဏ်နဲ့ မြင်တာပါဘုရား)

ပဋ္ဌာန်းကျမ်းတော်ကြီးကို (ပဋ္ဌာန်းတရားတော်ကြီးရဲ့ သိမ်မွေ့နက်နဲခက်ခဲပုံတွေကို) ပကတိမျက်စိနဲ့ မြင်လို့ လွယ်ကူပါ့မလား။

(မလွယ်ကူပါဘူးဘုရား)

ပကတိမျက်စိနဲ့ကတော့ လက်ထဲမှာရှိနေတဲ့ ရောက်နေတဲ့ ပတ္တမြားကျောက်ကိုပဲ မြင်နိုင်မယ်နော်။

(မှန်လှပါဘုရား)

http://www.dhammadownload.com



ပဋ္ဌာန်းတရားတော်ကြီးကိုတော့ ဉာဏ်မျက်စိနဲ့မှ မြင်နိုင်မှာဖြစ်တယ်။ ဘာနဲ့မြင်နိုင်မှာတဲ့လဲ။

(ဉာဏ်နဲ့မှ မြင်နိုင်မှာပါ ဘုရား)

အရှင်မဟာဂတိဂမိယတိဿဒတ္တမထေရ် ကိုယ်တော်မြတ်ကြီးသည် ပဋိဝေဓ ဉာဏ်မျက်စိနဲ့ ကြည့်တော်မူလိုက်တော့ ပဋ္ဌာန်းတရားတော်ကြီးရဲ့ နက်နဲခက်ခဲပုံတွေကို သိမသွားဘူးလား။

(သိသွားပါတယ် ဘုရား)

ဒီတော့ တရားနာပရိသတ်၊ ပဋ္ဌာန်းတရားတော်ကြီးရဲ့ နက်နဲခက်ခဲပုံ သိမ်မွေ့နူးညံ့ပုံတွေကို သိဖို့ရန်အတွက် ပကတိမျက်စိကို အသုံးပြုရမှာလား၊ ဉာဏ်မျက်စိကို အသုံးပြုရမှာလား။

(ဉာဏ်မျက်စိကို အသုံးပြုရမှာပါ ဘုရား)

အဲဒီလို "ပဋိဝေဓဉာဏ်မျက်စိနဲ့ မြင်တဲ့ မြတ်စွာဘုရားရဲ့တပည့်သားသာဝကသည် ဒီသာသနာတော်ကြီးမှာ စင်စစ်ဧကန် အမှန်ပင် ရှိသေးတယ်"လို့ ဝမ်းမြောက်ဝမ်းသာ ဥဒါန်းကျူးရင့်တော်မူလိုက်ပါတယ်။

ကြည့်စမ်း၊ တရားနာပရိသတ်၊ ပြိုင်ကြည့်တုန်းက အနိုင်ရတော့ နှစ်သက်ပီတိတွေ ဖြစ်ရတယ်။ ပီတိခွာ ဝိပဿနာရှုလိုက်တော့ ကိလေသာတွေ အကုန်ဝေးကွာပြီး ရဟန္တာကြီး ဖြစ်သွားရတယ်။

အဲဒီလို ရဟန္တာကြီး ဖြစ်တော်မူသွားတော့ ဝမ်းသာအားရ ဥဒါန်းကျူးရင့်တော်မူလိုက်တာပဲနော်။

(မှန်လှပါဘုရား)

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

*ပြိုင်ကြည့်ရင်းက၊ ပီတိရ၊ ထပ်ရမြတ်ဖိုလ်ပါ။

*အရှင်တိဿ၊ ဂမိယ၊ ဖြစ်ရ ရဟန္တာ။

*အရှင့်လိုပင်၊ ဖြစ်လိုလျှင်၊ လူရှင်ပြိုင်ရှုပါ။

အရှင်မဟာဂတိဂမိယတိဿဒတ္တမထေရ်ကိုယ်တော်မြတ်ကြီးလို ပီတိတွေ၊ အရဟတ္တဖိုလ်တွေ မရချင်ကြဘူးလား။

(ရချင်ပါတယ် ဘုရား)

http://www.dhammadownload.com



ရချင်ရင် "ပဋ္ဌာန်းနဲ့ပင်လယ် ဘယ်ကကျယ်သလဲ" လို့ ဒီလိုပြိုင်ကြည့်ရမယ်နော်။

(မှန်လှပါဘုရား)

ဒီမထေရ်ကြီးကတော့ ရေပြင်ခရီးသွားတာဆိုတော့ ပဋ္ဌာန်းနဲ့ ရေပြင်ကြီးကို ပြိုင်ကြည့်လိုက်တာပါပဲ။

မြေပြင်ခရီး သွားနေတဲ့သူတွေက မြေပြင်ကြီးနဲ့ ပြိုင်ကြည့်၊ အာကာဝေဟင်ခရီးသွားနေတဲ့သူတွေက အာကာဝေဟင်ကြီးနဲ့ ပြိုင်ကြည့်ရမယ်နော်။

(မှန်လှပါဘုရား)

ပဋ္ဌာန်းကျမ်းတော်ကြီးဟာ ရေပြင်၊ မြေပြင်၊ ဝေဟင်ကြီးတွေထက် မကျယ်ဝန်းဘူးလား။

(ကျယ်ဝန်းပါတယ်ဘုရား)

ဒီတော့ ရေပြင်ကြီးနဲ့ပဲ ပြိုင်ပြိုင်၊ မြေပြင်ကြီးနဲ့ပဲ ပြိုင်ပြိုင်၊ ဝေဟင်ကြီးနဲ့ပဲပြိုင်ပြိုင် ပဋ္ဌာန်းကျမ်းတော်ကြီးက အနိုင်မရဘူးလား။

(အနိုင်ရပါတယ် ဘုရား)

ကဲ– ခေတ်ဆန်းကဗျာလေးတွေ လိုက်ဆိုကြ

* ပြိုင်ပြိုင် ပဋ္ဌာန်းကျမ်းနဲ့ပြိုင်၊
* ပြိုင်ပြိုင် မြေပြင်ကြီးနဲ့ပြိုင်၊
* ပြိုင်ပြိုင် ဝေဟင်ကြီးနဲ့ပြိုင်၊
* နိုင်ငိုင် ပဋ္ဌာန်းကျမ်းကနိုင်။

လောက သာသနာ အရာရာအတွက် ဆောင်ရွက်ချက်တွေ အလွယ်တကူ အောင်မြင်ပြီးမြောက် ခရီးရောက်ချင်ရင်၊ ပြိုင်မှုဆိုင်မှုတွေ အနိုင်ရချင်ရင်၊ အခက်အခဲမှန်သမျှတွေကို အောင်မြင်ကျော်လွှားလိုရင်၊ ပီတိတရားတွေ ရရှိချင်ရင်၊ အရဟတ္တဖိုလ်တရားတွေ ရချင်ရင် ပဋ္ဌာန်းတရားတော်ကြီးကို ဆောင်ထားပြီးတော့ ပြိုင်ကြည့်ရမယ်နော်။

(မှန်လှပါဘုရား)

ဒီတော့ အနည်းဆုံး "ဟေတုပစ္စယော" စတဲ့ (၂၄) ပစ္စည်းလောက်တော့ ရအောင် ဆောင်မထားသင့်ဘူးလား။

(ဆောင်ထားသင့်ပါတယ်ဘုရား)

http://www.dhammadownload.com



ဘုရားဟောထားတဲ့ တရားတော်တွေထဲမှာ အလေးနက်ဆုံး၊ အခက်ခဲဆုံး၊ အထူးခြားဆုံး၊ အကောင်းဆုံး၊ အမြတ်ဆုံး အဆောင်ကောင်းကြီးဟာ ပဋ္ဌာန်း တရားတော်ကြီးပါပဲ တရားနာ။

အဆောင်ကောင်းကြီးဟာ ဘာတဲ့လဲ။

(ပဋ္ဌာန်းတရားတော်ကြီးပါ ဘုရား)

ပဋ္ဌာန်းဆိုတဲ့ အဆောင်ကောင်းကြီး ဆောင်ထားနိုင်ကြပါစေ။ ပြိုင်ကြည့် ရင်းက တရားရကြပါစေ။ ပြိုင်သမျှတွေ နိုင်ကြပါစေဆိုတဲ့ အနေအားဖြင့် ဦးပဍ္ဍင်းသည် "ပြိုင်ကြည့်ရင်းက တရားရ တရားတော်" ကို ဟောကြားခဲ့ပါတယ်။

ဦးပဍ္ဍင်းရဲ့ ဟောဒီတရားနာပရိသတ်အပေါင်း သူတော်ကောင်းတွေ ပဋ္ဌာန်းပန်းပွင့်ကြီးကို ပန်ဆင်မြတ်နိုးနိုင်ကြပါစေ။ ပဋ္ဌာန်းရေမိုး အမျိုးမျိုးကို သောက်ချိုးတော်မူနိုင်ကြပါစေ။ ပဋ္ဌာန်းရေမိုး အမျိုးမျိုးဖြင့် အမြဲထာဝရ အေးချမ်း သာယာရအောင် သွန်းလောင်းပက်ဖျန်းနိုင်ကြပါစေ။ ပဋ္ဌာန်းနဲ့ပတ်သက်တဲ့ အကြံကောင်းတွေ ကြံစည်နိုင်ကြပါစေ။ ပဋ္ဌာန်းစကားတွေ ပြောကြားနိုင်ကြပါ စေ။ ပဋ္ဌာန်းအလုပ်တွေ အားရပါးရ လုပ် ကိုင်ဆောင်ရွက်နိုင်ကြပါစေ။ ပဋ္ဌာန်း ပန်းခင်းတဲ့ လမ်းမကြီးရဲ့အတွင်းမှာ လျှောက်နင်း သွားရောက်နိုင်ကြပါစေလို့ ဆုပေး ဆုတောင်းခဲ့ပါတယ် တရားနာ။

ကဲ- ဆုတောင်းမေတ္တာလင်္ကာလေးတွေ လိုက်ဆိုကြ

*ပဋ္ဌာန်းပန်းပွင့်၊ အဆင့်မြင့်၊ အသင်ပန်နိုင်စေ။

*ပဋ္ဌာန်းရေမိုး၊ အမျိုးမျိုး၊ သောက်ချိုးနိုင်ပါစေ။

*ပဋ္ဌာန်းရေချမ်း၊ သွန်းပက်ဖျန်း၊ အေးချမ်းနိုင်ပါစေ။

*ပဋ္ဌာန်းအကြံ၊ မြဲမြဲမြံ၊ အမှန်ကြံနိုင်စေ။

*ပဋ္ဌာန်းစကား၊ အစားစား၊ ပြောကြားနိုင်ပါစေ။

*ပဋ္ဌာန်းဆိုင်ရာ၊ အလုပ်မှာ၊ စိတ်ပါလုပ်နိုင်စေ။

*ပဋ္ဌာန်းပန်းခင်း၊ လမ်းအတွင်း၊ လျှောက်နင်းသွားနိုင်စေ။

ကဲ- ဂါထာတစ်ပုဒ်နဲ့ တရားသိမ်းကြရအောင်၊ လက်အုပ်ချီလိုက်ကြ

ဓမ္မပုပ္ဖံ ပိဠန္ဓန္တု၊ ဓမ္မောဒကံ ပိဝန္တု ဝေ။

ဓမ္မောဒကေန သိဉ္စန္တု၊ အညမညံ ပမောဒိတာ။

ဓမ္မမဂ္ဂေ သဒါ သန္တာ၊ ဂစ္ဆန္တု ဓမ္မမာမကာ။

http://www.dhammadownload.com



ဓမ္မမာမကာ– ပဋ္ဌာန်းချစ်ခင် ပဋ္ဌာန်းမင်ကြကုန်သော၊ သန္တာ– ရှင်လူ အပေါင်း သူတော်ကောင်းတို့သည်၊ သဒါ– မကြာမလပ် သဒ္ဓါတတ်ကိန်း အခါခပ်သိမ်းပင်၊ ဓမ္မပုပ္ဖံ– ပဋ္ဌာန်းတည်းဟူ အဆင်မြင့်ပန်းပွင့်ဖြူကြီးကို၊ ပိဋ္ဌ နွ္တန္တု– ပဋ္ဌာန်းဂုဏ်ရည် မှန်းယုံကြည်ကာ ကောင်းစွာပျော်ပျော် ပန်ဆင်တော်မူနိုင် ကြပါစေကုန်သတည်း။

ဓမ္မောဒကံ– ပဋ္ဌာန်းရေမိုး အမျိုးမျိုးကို၊ ဝေ– စင်စစ်ဧကန် အမှန်တကယ် ပင်၊ ပိဝန္တု– ပဋ္ဌာန်းဂုဏ်ရည် မှန်းယုံကြည်ပျော် သောက်သုံးတော်မူနိုင်ကြပါစေ ကုန်သတည်း။

အညမည်– သူငါမယွင်း အချင်းချင်းပင်၊ ပမောဒိတာ– ဝမ်းမြောက် ကြည်နူး ဘဝင်မြူးကြကုန်လျက်၊ ဓမ္မောဒကေန– ပဋ္ဌာန်းရေမိုး အမျိုးမျိုးဖြင့်၊ သိဥ္စန္တု– ပဋ္ဌာန်းဂုဏ်ရည် မှန်းယုံကြည်ပျော် သွန်းလောင်းပက်ဖျန်းတော်မူနိုင် ကြပါစေကုန်သတည်း။ ဓမ္မမဂ္ဂေ– ပဋ္ဌာန်းပန်းခင်း လမ်းမကြီးရဲ့အတွင်း၌၊ ဂစ္ဆန္တု– ပဋ္ဌာန်းဂုဏ်ရည် မှန်းယုံကြည်ပျော် လျှောက်လှမ်းသွားရောက်တော်မူနိုင် ကြပါစေကုန်သတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

မှတ်ချက်။ ။ ပဋ္ဌာန်းပူဇော်ပွဲတိုင်း၊ ပဋ္ဌာန်းဖွင့်ပွဲ အကြိုတရားပွဲတိုင်း၊ ပဋ္ဌာန်းသိမ်းအောင်ပွဲတိုင်း ဟောကြားနိုင်ပါသည်။
*ပဋ္ဌာန်းဖွင့်ပွဲ၊ ပိတ်ပွဲတိုင်း အတိုချုံးပြီး ဩဝါဒကထာအနေ ဖြင့်လည်း ဟောကြားနိုင်ပါသည်။

ပြိုင်ကြည့်ရင်းက တရားရ တရားတော် ပြီးပြီ။

http://www.dhammadownload.com

ခုဒ္ဒကနိကာယ်၊ ဝိမာနဝတ္ထုပါဠိတော်၊
ဂုတ္တိလဝိမာန ပါရိစ္ဆတ္တကဝဂ်၊ ဒဒ္ဒလ္လဝိမာနဝတ္ထုကို တန်ဆာဆင်၍
ဟောကြားပြောကြားအပ်သော

# သံဃိက က+ ပိုပါတယ် တရားတော်

"သံဃိက က ပိုပါတယ်" ဆိုတဲ့တရားတော်ကို မဟောကြားမီ တရားပိုင်ရှင် ဘုရားသခင်နဲ့ တရား၊ သံဃာ၊ ဆရာသမားတွေကို တရားဟော တရားနာ ဘေးရန်ကွာအောင် ဆယ်ဖယောင်းလက် သွယ်ပျောင်းယှက်ပြီးတော့ ခေါင်းထက်တင်ကာ ရှိခိုးကြည်ညိုကြရအောင် တရားနာ။

ဂုဏိန္ဒံ ဝေ ဂုဏာနန္ဒံ၊ ဂုဏိကံ ဂုဏသာမိကံ။
ဂုဏောဟိ ပါကဋံ နာထံ၊ ဂုဏဒံ ဂုဏဒေသကံ။
ဓမ္မံ သံဃဉ္စ အာစေရံ၊ ဝန္ဒာမိ အဘိသာဒရံ။
တေန သစ္စဝဇ္ဇေန၊ ဂုဏိန္ဒာ ဟောန္တု သာဓဝေါ။

ဂုဏိန္ဒံ– ရေတွက်ပိုင်းခြား မရခြားသည့် များပြားဖုံဖုံ ဂုဏ်တော်အနန္တ မှန်သမျှတို့ကို စံပြအနေ အစိုးရတော်မူပါပေထသော၊ ဝေ– စင်စစ်ကေန် အမှန်တကယ်ပင်၊ ဂုဏာနန္ဒံ– သီလ သမာ၊ ဓိ + ပညာဂုဏ် အလုံးစုံကို အကုန်လွန်စွာ နှစ်သက်တော်မူတတ်ပါပေထသော၊ ဂုဏိကံ– ရေတွက်ပိုင်းခြား မရခြားသည့် များပြားဖုံဖုံ ဂုဏ်တော်အနန္တ မှန်သမျှတို့ စံပြအနေ ရှိတော်မူပါပေထသော၊ ဂုဏသာမိကံ– ဂုဏ်ပိုင်ဂုဏ်ရှင် ဂုဏ်ဘုရင်စစ် ဂုဏ်သခင်ဖြစ်တော်မူပါပေထသော၊ ဂုဏောဟိ– ရေတွက်ပိုင်းခြား မရခြားသည့် များပြားဖုံဖုံ ဂုဏ်တော်အနန္တ မှန်သမျှတို့ဖြင့်၊ ပါကဋံ– လူ့ဘုံ နတ်ဘုံ၊ ဗြဟ္မာ့ဘုံတိုင်၊ ပျံ့လှိုင်ကျော်ကြား ထင်ရှားတော်မူပါပေထသော၊ ဂုဏဒံ– ခုနှောင်ဘဝ ချမ်းသာရကြောင်း ဂုဏ်အပေါင်းကို ထောင်သောင်းမက အောင်ကောင်းရအောင် မချုပ်သေ ပေးဝေတော်မူပါပေထသော၊ ဂုဏ ဒေသကံ– လူ နတ် ဗြဟ္မာ၊ သတ္တဝါဝေနေ၊ မဂ်ဖိုလ်ရေသောက် နိဗ္ဗာန်ရောက်ရေး ဤအတွေးဖြင့် မနေးခါခါ စေတနာသုံး ဝေဆာပြုံးလှိုင် အဆုံးတိုင်အေး ပြုံးနိုင်ရေးအတွက် လေးလေးနက်စွာ မေတ္တာ

http://www.dhammadownload.com



တစ်သွယ် သစ္စာချယ်ပြု ကရုဏာထား ဂုဏ်တရားကို မနားမပြတ် ဟောကြားတော်မူတတ်ပါပေထသော၊ နာထဋ္ဌ– လူ နတ် ပြဟ္မာ သတ္တဝါ၏ အားထားရာဖြစ် ဘုရားစစ်ကိုလည်းကောင်း၊ ဓမ္မဋ္ဌ– မဂ်ဖိုလ်နိဗ္ဗာန်၊ ဓမ္မကွန်ဟု ဆယ်တန်သတ်မှတ် တရားတော်မြတ်ကိုလည်းကောင်း၊ သံဃဋ္ဌ– သမုတိအရိယာ နှစ်ဖြာအကောင်း သံဃာတော်အပေါင်းကိုလည်းကောင်း၊ အာစေရဋ္ဌ– ယခုလို ဟောနိုင်ပြောနိုင် သဘောပိုင်အောင် သာသနဓဇမ္မော်စရိယဘွဲ့ကို ရသည်အထိ ပရိယတ္တိစာပေပညာများကို စနစ်တကျ သင်ကြားပို့ချပေးသနားတော်မူကြသည့်

၁။ ရန်ကုန်၊ ဗဟန်းမြို့၊ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်ကြီးမှ နာယက စာချဆရာတော်များ၊

၂။ ရန်ကုန်၊ အင်းစိန်မြို့၊ ရွာမပရိယတ္တိစာသင်တိုက်ကြီးမှ နာယက စာချဆရာတော်များ၊

၃။ ဧရာဝတီတိုင်း၊ မော်လမြိုင်ကျွန်းမြို့၊ ရွှေပြည်တန် စာသင်တိုက်မှ နာယက စာချဆရာတော်များ၊

၄။ ပဲခူးတိုင်း၊ ပဲခူးမြို့၊ ကြခတ်ဝိုင်း ပရိယတ္တိစာသင်တိုက်ကြီးမှ နာယက စာချဆရာတော်များ၊

၅။ မကွေးတိုင်း၊ ရေနံချောင်းမြို့၊ သဒ္ဓမ္မကာရီကျောင်းတိုက်ကြီးမှ ဆရာတော် ဦးဥတ္တမ၊

၆။ မကွေးတိုင်း၊ ရေနံချောင်းမြို့၊ ရွှေတောင်ပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီးမှ နာယက စာချဆရာတော်များ

ဤသို့များပြား ကျေးဇူးရှင် ဆရာသမားအပေါင်းကိုလည်းကောင်း၊ အဟံ– စာချ စာသင် တာဝန်လုပ်ငန်း ကိုယ်တိုင်ထမ်းချ ရန်ကုန်– သာကေတ၌ ဆင်လှရတနာ မြင်ကြပါစေ ဤအနေဖြင့် ရည်ချွေအတိတ် ရည်နိမိတ်ဆောင် ဆင်ဖြူတောင်သမိုက် စာသင်တိုက်၌ နှစ်မြိုက်ရှင်ပြုး သီတင်းသုံးစာချ တရားလှရေးဝေ တရားတွေဟောပြ ပဓာနနာယကဟု စာအလှပြုခေါ် တပည့်တော်သည်၊ အဘိသာဒရံ– ရတနာသုံးပါး ဆရာများဂုဏ် အလုံးစုံကို အကုန်အရေးထား အလွန်ကြည်ညို ရှိသေလေးစားလှစွာ၊ ဝန္ဒာမိ– ကိုယ် နှုတ် နှလုံး သုံးပါးပျောင်းပျော့ မာန်ကိုလျှော့၍ ကန်တော့မြတ်နိုး လက်ဆယ်ဖြာ ဦးထိပ်မိုးကာ ရှိခိုးလိုက်ပါ၏ ဘုရား။

ဓောနသစ္စဝဇ္ဇေန– ဤသို့ ရတနာသုံးပါး ဆရာသမားတို့ကို ရှိခိုး

http://www.dhammadownload.com



ကန်တော့လိုက်ပါတယ်ဆိုတဲ့ မှန်သောသစ္စာစကားကို ပြောဆိုရလေသောကြောင့်၊ သာဓေါ– အယူလည်းမှန် ဘာသာမှန်ကာ ကိုးကွယ်ရာတွေ မှန်ကာနေသည့် မြန်မာရွှေပြည် တည်ကြည်မွေးဖွား ဒါယကာ ဒါယိကာ အမျိုးကောင်းသား အမျိုးကောင်းသမီးအများတို့သည်၊ ဂုဏ်နှာ– လောကီလောကုတ် အပတ်ကောင်းစုံ ဂုဏ်အမျိုးမျိုး အချိုးကျကျ တန်ခိုးပြပျော် အစိုးရတော်မူနိုင်ကြကုန်သည်၊ ဟောန္တု– ယနေ့ကစ နိဗ္ဗာန်ရအောင် မုချပုံသေ ဖြစ်တော်မူနိုင်ကြပါစေကုန်သတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

အဲဒီလို တရားဟော တရားနာ ဘေးရန်ကွာအောင် ရတနာသုံးပါး ဆရာသမားတွေကို ရှိခိုးပြီးတော့ "သံဃိကက ပိုပါတယ်" ဆိုတဲ့ တရားတော်ကို စပြီး ဟောကြ နာကြရအောင် တရားနာ

ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ။

အခါတစ်ပါး ဘုရားကိုယ်တော်မြတ် သာဝတ္ထိပြည်မွန် ဇေတဝန် ရွှေကျောင်း ကိန်းအောင်းစံပျော် နေတော်မူပါတယ်။

တေနခေါ သမယေန နာလကဂါမကေ အာယသ္မတော ရေဝတဿ ဥပဋ္ဌာကဿ အညတရဿ ကုဋုမ္ဗိကဿ ဒွေဓီတရော အဟေသုံ။

အဲဒီလို ဘုရားကိုယ်တော်မြတ် ဇေတဝန်ရွှေကျောင်း ကိန်းအောင်းစံပျော် သီတင်းသုံးနေတော်မူတဲ့အခါမှာ ရာဇဂြိုဟ်ပြည်မှာ နာလကဆိုတဲ့ ရွာတစ်ရွာ ရှိတယ်။

ဘာရွာတဲ့လဲ။

(နာလကရွာပါဘုရား)

အဲဒီ နာလကရွာမှာ အရှင်ရေဝတမထေရ်ရဲ့ အလုပ်အကျွေးဖြစ်တဲ့ ချမ်းသာကြွယ်ဝတဲ့ ဒကာတစ်ယောက်မှာ သမီးနှစ်ယောက်ရှိသတဲ့။

သမီးဘယ်နှစ်ယောက် ရှိသတဲ့လဲ။

(နှစ်ယောက်ရှိပါတယ် ဘုရား)

ကောဘဒ္ဒါ နာမ၊ ဥတ္တရာ သုဘဒ္ဒါ နာမ။

တစ်ယောက်က ဘဒ္ဒါလို့ ခေါ်တယ်။ အခြားတစ်ယောက်ကတော့ သုဘဒ္ဒါလို့ ခေါ်တယ်။

http://www.dhammadownload.com



မြန်မာလိုပြန်လိုက်တော့ 'ဘဒ္ဒါ' ဆိုတာ 'မကောင်း' ပေါ့။ 'သုဘဒ္ဒါ' ဆိုတာကတော့ 'မပိုကောင်း' ပေါ့။ သို့မဟုတ် 'မကောင်းပို' ပေါ့။

တာသု ဘဒ္ဒါ ပတိကုလံ ဂတာ သဒ္ဓါ ပသန္နာ ဗုဒ္ဓိသမ္ပန္နာ ဝဍ္ဍာစ အဟောသိ။

အဲဒီ ဘဒ္ဒါ (မကောင်း)၊ သုဘဒ္ဒါ (မကောင်းပို) လို့ခေါ်ဆိုရတဲ့ ညီအစ်မနှစ်ယောက်တို့တွင် အကြီး မဘဒ္ဒါ (မကောင်း) ဆိုတဲ့ အစ်မကြီးဟာ အိမ်ထောင်ကျပြီး လင်ယောက်ျား အမျိုးသားရဲ့အိမ်ကို လိုက်နေရပါတယ်။

ရတနာသုံးတန် ကံ ကံရဲ့အကျိုးတရားအပေါ်မှာ ယုံကြည်ချက် သဒ္ဓါတရား အပြည့်အဝရှိပါတယ်။

ဘဒ္ဒါဆိုတဲ့ အမျိုးသမီး ယုံကြည်တာ ဒီလောကကြီးမှာ ဒီငါးမျိုးပဲရှိတယ်။

သဒ္ဓါဆိုတာ ဘာလဲဆိုရင် ဘုရား၊ တရား၊ သံဃာ၊ ကံ၊ ကံ၏အကျိုး ငါးမျိုးရဲ့အပေါ်မှာ ယုံကြည်နေတာကို ခေါ်တယ်နော်။

(မှန်လှပါဘုရား)

နတ်တွေရဲ့အပေါ်မှာ ယုံနေတာ၊ ကြည်နေတာ သဒ္ဓါဟုတ်ရဲ့လား။

(မဟုတ်ပါဘူး ဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

* သဒ္ဓါဆိုတာ ဘာခေါ်လဲ၊
ဘုရားယုံတာ သဒ္ဓါပဲ။
* သဒ္ဓါဆိုတာ ဘာခေါ်လဲ၊
တရားယုံတာ သဒ္ဓါပဲ။
* သဒ္ဓါဆိုတာ ဘာခေါ်လဲ၊
သံဃာယုံတာ သဒ္ဓါပဲ။
* သဒ္ဓါဆိုတာ ဘာခေါ်လဲ၊
ကံကိုယုံတာ သဒ္ဓါပဲ။
* သဒ္ဓါဆိုတာ ဘာခေါ်လဲ၊
ကံအကျိုးယုံတာ သဒ္ဓါပဲ။

ဒီလောကကြီးမှာ ဦးပဉ္ဇင်းတို့ တရားနာပရိသတ် အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ ယုံကြည်ရမှာ ဘယ်နှစ်မျိုးရှိသတဲ့လဲ။

(ငါးမျိုး ရှိပါတယ် ဘုရား)

http://www.dhammadownload.com



ကဲ– အဲဒီငါးမျိုး လင်္ကာလေးတွေ လိုက်ဆိုကြ

*ဘုရားကိုယုံ၊ တရားယုံ၊ ထပ်ယုံမြတ်သံဃာ။

*ကံ ကံအကျိုး၊ ဤငါးမျိုး၊ ယုံရိုးမြတ်သဒ္ဓါ။

ယနေ့ မြန်မာနိုင်ငံရဲ့ လက်ရှိအခြေအနေတွေကို လေ့လာသုံးသပ်ပြီး ကြည့်လိုက်မယ်ဆိုရင် လူတွေဟာ ဘုရားကို အယုံနည်းကြတယ်။ တရားကို အယုံနည်းကြတယ်။ သံဃာကို အယုံနည်းကြတယ်။ ကံကို အယုံနည်းကြတယ်၊ ကံ၏အကျိုးကို အယုံနည်းပြီးတော့ နေကြပါတယ်။

ဘာတွေကို အယုံများပြီးတော့ နေကြသလဲဆိုရင် ဘိုးတော်တွေ၊ ဂိုဏ်းတွေ၊ နတ်တွေ၊ ဇေဒင်တွေ၊ လက်ဖွဲ့တွေ အင်းအိုင်တွေစတဲ့ဟာတွေကို အယုံများနေကြတယ်နော်။

(မှန်လှပါဘုရား)

မယုံရင် အိမ်တွေကို လိုက်ပြီးတော့ကြည့်ကြပါ။ ဘုရားစင်က တစ်စင်ပဲ ရှိတယ်၊ ဟိုစင် ဒီစင်တွေကတော့ တော်တော်များတယ်။ ဘုရားပုံကတော့ တစ်ပုံနှစ်ပုံပဲ တွေ့ရတယ်။ ဟိုပုံဒီပုံတွေကတော့ မရေနိုင်ပါဘူး။ ဒါတွေဟာ ရတနာသုံးပါးအပေါ်မှာ ယုံကြည်မှုနည်းနေတယ်လို့ မပြောပေမယ့် ပြောပြနေသလို ဖြစ်နေပါတယ်။

ကဲ ကဲ တရားဆက်ပြီးတော့ ဟောကြ နာကြရအောင်။ အဲဒီ ဘဒ္ဒါဆိုတဲ့ အစ်မကြီးက သဒ္ဓါနှင့်ပြည့်စုံတယ်၊ ရတနာသုံးပါးကို ကြည်ညိုတယ်၊ အသိပညာ ရှိတယ်၊ အသိဉာဏ်ပညာနဲ့ ပြည့်စုံတယ်။

အဲဒီဘဒ္ဒါဆိုတဲ့ အမျိုးသမီးမှာ လိုအပ်နေတာကတော့ သားသမီးရတနာ ပါပဲ။ လိုအပ်နေတဲ့ သားသမီးရတနာ မရတဲ့အတွက် (မထွန်းကားတဲ့အတွက်) စိတ်အပျက်ကြီး ပျက်နေပါတယ်။

> သာ သာမိကံ အာဟ မမ ကနိဋ္ဌာ သုဘဒ္ဒါနာမ အတ္ထိ၊ တံ အာနေဟိ၊ သစသာ ပုတ္တေ ဘဝေယျ၊ သော မမပိ ပုတ္တော သိယာ၊ အယဉ္စ ကုလဝံသော နနဿေယျာ"ကိ။

တစ်နေ့တော့ အဲဒီဘဒ္ဒါဆိုတဲ့ အမျိုးသမီးက သူ့ရဲ့လင်ယောကျ်ား အမျိုးသားကို ဒီလိုပြောလိုက်တယ်။

ဘယ်လိုပြောလိုက်သလဲဆိုတော့ "မောင်ရေ အကျွန်ုပ် ဘဒ္ဒါမှာလေ သုဘဒ္ဒါလို့ခေါ်တဲ့ ညီမငယ်တစ်ယောက် ရှိပါတယ်။ အဲဒီညီမငယ် သုဘဒ္ဒါကို

http://www.dhammadownload.com



ထိမ်းမြားလက်ထပ် ခေါ်ဆောင်ပြီးတော့ ဘဒ္ဒါနဲ့ အတူတကွ မယားကြီး၊ မယားငယ်ပြုလုပ်ပြီးနေပါလော့။ အကယ်၍ သုဘဒ္ဒါမှာ သားကောင်းရတနာ ရလာရင် ထိုသားဟာ ကျွန်မ ဘဒ္ဒါရဲ့သားလို့လည်း ဆိုနိုင်ပါတယ်။ မောင်နဲ့ ဘဒ္ဒါတို့ရဲ့အမျိုး အစဉ်အဆက်ကိုလည်း ညီမငယ် သုဘဒ္ဒါနဲ့သားက မပျက်မစီး အောင် စောင့်ရှောက်နိုင်ပါလိမ့်မယ်" လို့ ပြောပြပါတယ်။

ဒီစာတွေ့ရတော့ ဦးပဥ္စင်းတို့ တော်တော်လေး အံ့သြသွားမိတယ်။ ဘာ့ ကြောင့် အံ့သြရသလဲဆိုတော့ လောကမှာ ဆိုရိုးစကားရှိတာက 'မုန့်သာဝေစား မယ်' ဘာဝေမစားဘူးတဲ့လဲ။

(အချစ် ဝေမစားနိုင်ဘူးဆိုတာပါ ဘုရား)

ဘဒ္ဒါဆိုတဲ့ အစ်မကြီးကတော့ 'ဖိတ်ချင်းဖိတ်၊ ကိုယ့်အိတ်ထဲဖိတ်တာ ကောင်းတယ်' ဆိုတဲ့သဘောနဲ့ ဝေစားဖို့ ပြောမနေဘူးလား။

(ပြောနေပါတယ်ဘုရား)

ဒီနေ့ တရားထောက် လုပ်နေတဲ့ ဒကာကြီးကိုလည်း မေးပါရစေ။

ဒကာကြီးကို ဒကာမကြီးက ဘဒ္ဒါလိုပြောရင် ဒကာကြီး ဘယ်လိုနေမလဲ။

(သဘောကျမှာပါ ဘုရား) (ရယ်ကြ)

ဟုတ်တယ်၊ ဒကာကြီး အမှန်အတိုင်းပြောတယ်၊ ဦးပဥ္စင်းတို့က အဲဒီလို အမှန်အတိုင်းဖြေတာကို သဘောကျတယ်။ တရားဟောရတာ အားရှိတယ်။

ဒီလောကမှာ ဘဒ္ဒါလို ဝေစားနိုင်တဲ့ အမျိုးသမီးတွေ များများရှိနိုင်ပါ့ မလား။

(မရှိနိုင်ပါဘူးဘုရား)

အဲဒီလို ဘဒ္ဒါက ပြောပြတော့

သော 'သာဓု' တိ သမ္ပဋိစ္ဆိတွာ တထာ အကာသိ။

သော– ထိုလင်ယောကျ်ားသည်၊ 'သာဓု' တိ– ကောင်းပြီဟု၊ သမ္ပဋိစ္ဆိ တွာ– ဝန်ခံ၍၊ တထာ– ထိုဘဒ္ဒါမယားကြီး ပြောတဲ့အတိုင်း၊ အကာသိ– ပြုလုပ်၍သာ နေထိုင်ပါ၏။

ဘဒ္ဒါရဲ့ လင်ယောကျ်ားဟာ ဘဒ္ဒါမယားကြီး ပြောတဲ့အတိုင်း 'ကောင်းပြီ' လို့ ဝန်ခံသောမန သဘောကျကာ မယားကြီး၊ မယားငယ်ပြုလုပ်ပြီးတော့ တစ်အိမ်တည်း အတူတကွ နေထိုင်ပါတယ်။

http://www.dhammadownload.com



ငြင်းသေးရဲ့လား။

(မငြင်းပါဘူးဘုရား)

ဒီနေ့ တရားထောက်လုပ်နေတဲ့ ဒကာကြီးတွေကော ဘဒ္ဒါလိုပြောလာရင် ငြင်းဦးမှာလား။

(မငြင်းတော့ပါဘူးဘုရား)

တော်တော်ဟုတ်တဲ့ ဒကာတွေ၊ ဆန်ဈေး၊ ဆီဈေးစတဲ့ ကုန်ဈေးနှုန်းတွေ ကြီးလွန်းနေလို့ ငြင်းမှာပါ ဘုရားလို့ ပြောတဲ့ ဒကာတစ်ယောက်မှ မပါဘူး။

ဒါပေမဲ့ ကောင်းပါတယ်၊ ဟုတ်တဲ့အတိုင်း စိတ်ထဲရှိတဲ့အတိုင်း ပြောတာ မကောင်းဘူးလား။

(ကောင်းပါတယ် ဘုရား)

အထ ဘဒ္ဒါ သုဘဒ္ဒံ ဩဝဒိ "သုဘဒ္ဒေ ဒါနသံဝိဘာဂရတာ ဓမ္မစရိယာယ အပ္ပမတ္တာ ဟောဟိ၊ ဧဝံ တေ ဒိဋ္ဌဓမ္မိကော သမ္ပရာယိကောစ အတ္ထော ဟတ္ထဂတောဧဝ ဟောတီ"တိ။

သုဘဒ္ဒါညီမငယ်ကလေး အစ်မကြီးရဲ့အိမ်ကို ရောက်လာတယ်ဆိုရင်ပဲ အစ်မကြီးဘဒ္ဒါက ဆုံးမဩဝါဒပေးပါတယ်။ ဘယ်လိုဆုံးမဩဝါဒပေးသလဲ ဆိုတော့ "ညီမငယ်လေး သုဘဒ္ဒါ၊ ဝေဖန်ခွဲခြမ်းလှူဒါန်းခြင်း အလေ့အကျင့်ကို လည်း ပြုရမယ်၊ ငါးပါးသီလ မြဲရမယ်၊ တရားနဲ့အညီ လင်ယောကျ်ားကို ရိုသေလေးစားရမယ်၊ ကုသိုလ်တရားတွေမှာ မမေ့ပါနဲ့။ အစ်မကြီး ပြောတာတွေ လိုက်နာကျင့်သုံးရင် ယခု ပစ္စုပ္ပန်အကျိုးစီးပွား၊ နောင်တမလွန် အကျိုးစီးပွား သည် ညီမလေးရဲ့ လက်ထဲမှာရောက်ပြီး ဖြစ်နေပြီ" လို့မှာပါ။ ဒီလို ဆုံးမ ဩဝါဒပေးပါတယ်။

ကဲ– အဲဒီဆုံးမဩဝါဒပေးပုံ လင်္ကာလေးတွေ လိုက်ဆိုကြ

* ဒါနနဲ့သာ၊ ပျော်မွေ့ကာ၊ နေပါညီမငယ်။
* သီလနဲ့သာ၊ ပျော်မွေ့ကာ၊ နေပါညီမငယ်။
* အိမ်ဦးနတ်ဆို၊ ယောကျ်ားကို၊ ကြည်ညိုလေးစားကွယ်။
* ကုသိုလ်ကိုလည်း၊ မမေ့ဘဲ၊ အမြဲနေပါကွယ်။
* အစ်မကြီးပြောတာ၊ သင်လိုက်နာ၊ ရမှာကောင်းကျိုးကွယ်။
* ခုနောင်ဘဝ၊ ကောင်းကျိုးလှ၊ မုချရရှိမယ်။

http://www.dhammadownload.com



သာ တဿာ ဩဝါဒေ ဌတွာ ဝုတ္တနယေန ပဋိပဇ္ဇမာနာ ကေဒိဝသံ
အာယသ္မတော ရေဝတတ္ထေရဲ အဗ္ဗမံ နိမန္တေသိ။

အစ်မကြီးရဲ့ ဆုံးမဩဝါဒပေးတဲ့အတိုင်း ညီမငယ် သုဘဒ္ဒါဟာ လိုက်နာ ကျင့်သုံးပြီး တစ်နေ့တော့ အရှင်ရေဝတမထေရ်ကို ရှစ်ပါးမြောက် ဆွမ်းစားပင့် ဖိတ်ပါတယ်။

ထေရော သုဘဒ္ဒါယ ပုည္ဇူပစယံ အာကင်္ခန္တော သံဃုဒ္ဒေသ ဝသေန
သတ္တဘိက္ခူ ဂဟေတွာ တဿာ ဂေဟံ အဂမာသိ။

အရှင်ရေဝတ ကိုယ်တော်မြတ်သည် သုဘဒ္ဒါအား ကောင်းမှုအကျိုး ကြီးပွားတိုးတက် များပြားသည်ကို အလိုရှိ၍ သံဃာမှညွှန်အပ်သော ရဟန်း ခုနစ်ပါးတို့ကို ခေါ်ဆောင်ပြီးတော့ သုဘဒ္ဒါရဲ့အိမ်ကို ကြွသွားတော်မူပါတယ်။

သာ ပသန္နစိတ္တာ အာယသ္မတော ရေဝတတ္ထေရဲ တေစ ဘိက္ခူ ပဏီတေန
ခါဒနီယေန ဘောဇနီယေန သဟတ္ထာ သန္တပ္ပေသိ ထေရော
အနုမောဒနံ ကတွာ ပက္ကာမိ။

အဲဒီ သုဘဒ္ဒါအမျိုးသမီးကလေးသည် ကြည်လင်ရွှင်လန်း ဝမ်းမြောက်တဲ့ စိတ်ဖြင့် အရှင်ရေဝတနှင့် ထိုရဟန်းခုနစ်ပါးတို့ကို ခဲဖွယ်ဘောဇဉ်ဖြင့် ကိုယ်တိုင် ကိုယ်ကျ မိမိလက်ဖြင့် ပြုစုလုပ်ကျွေးပါတယ်။

ဒီနေရာမှာ သုဘဒ္ဒါရဲ့ အတုယူစရာ၊ နည်းယူစရာကောင်းတာကတော့ သံဃာတော်တွေ ဆွမ်းကပ်တဲ့အခါမှာ ကိုယ်တိုင်ကိုယ်ကျ ပြုစုလုပ်ကျွေးနည်းပဲ နော်။

(မှန်လှပါဘုရား)

အဲဒီသုဘဒ္ဒါရဲ့ ဆွမ်းကပ်ပွဲမှာ အရှင်ရေဝတမထေရ် ကိုယ်တော်မြတ်က "သုဘဒ္ဒါ သံဃာမှ ညွှန်အပ်သော ရဟန်းတို့ကို ငါပင့်ဆောင်ခဲ့တယ်၊ သံဃာကို ရည်မှန်းပြီးတော့ လှူဒါန်းပါ" ဆိုတဲ့တရားတော်ကို ဟောကြားတော်မူပါတယ်။

အရှင်ရေဝတက သူခေါ်ချင်တဲ့ ရဟန်းတွေ ခေါ်လာတာမဟုတ်ဘူးနော်။

(မှန်လှပါဘုရား)

သံဃာက ညွှန်ကြားလိုက်တဲ့ (သံဃာပေးလိုက်တဲ့) ရဟန်းတွေကို ပင့် လာတာပါ။ ဘာ့ကြောင့် သံဃာက ညွှန်ကြားလိုက်တဲ့ရဟန်းတွေကို ပင့်လာရ သလဲဆိုတော့ သုဘဒ္ဒါ အမျိုးသမီးလေးအား ကောင်းမှုအကျိုး ကြီးပွားတိုးတက် များပြားစေချင်လို့ပါတဲ့။

http://www.dhammadownload.com



ဒီအကြောင်း ရှေ့နားတုန်းက ဟောခဲ့ပြီးပြီနော်။

(မှန်လှပါဘုရား)

အရှင်ရေဝတ ဟောလိုက်တဲ့တရားက ဘာတရားတဲ့လဲ။

(သံဃာကို ရည်မှန်းပြီးတော့ လှူဒါန်းပါဆိုတဲ့ တရားပါဘုရား)

အရှင်ရေဝတ ဟောလိုက်တဲ့အတရားက အရှည်ကြီးလား၊ အတိုလေး လား။

(အတိုလေးပါ ဘုရား)

တရားထောက်တဲ့ ဒကာကြီးကို မေးရဦးမယ်၊ တရားရှည်တာနဲ့ တရားတိုတာ ဘယ်ဟာကြိုက်သလဲ။

(တရားတိုတာပဲ ကြိုက်ပါတယ် ဘုရား)

အရှင်ရေဝတ မထေရ်ကိုယ်တော်မြတ် "သံဃာကို ရည်မှန်းပြီးတော့ လှူဒါန်းပါ" ဆိုတဲ့ ဝမ်းမြောက်ဖွယ်ရာ အနုမောဒနာ တရားတော်ကို ဟောကြားပြီးတော့ ကြွသွားတော်မူပါတယ်။

သာ အပရဘာဂေ ကာလံ ကတွာ နိမ္မာနရတိနံ ဒေဝါနံ သဟဗျတံ ဥပပဇ္ဇိ။

အဲဒီ သုဘဒ္ဒါအမျိုးသမီးကလေးက နောက်ကာလ နောက်အချိန်မှာ တစ်စုံတစ်ခုသော ရောဂါနဲ့သေဆုံးပြီးတော့ နိမ္မာနရတိနတ်ပြည် ရောက်သွားပါတယ်။

ဘယ်ကိုရောက်သွားသတဲ့လဲ။

(နိမ္မာနရတိနတ်ပြည်ကို ရောက်သွားပါတယ် ဘုရား)

ဘဒ္ဒါ ပန ပုဂ္ဂလေသု ဒါနာနိ ဒတွာ သက္ကဿ ဒေဝါနမိန္ဒဿ ပရိစာရိကာ ဟုတွာ နိဗ္ဗတ္တိ။

အစ်မကြီးဖြစ်တဲ့ ဘဒ္ဒါကတော့ ပုဂ္ဂလိက ဒါနကုသိုလ်နဲ့ သေဆုံးတဲ့အခါမှာ တာဝတိံသာနတ်ပြည်၌ သိကြားမင်းရဲ့အခြွေအရံ အလုပ်အကျွေး နတ်သမီး ဖြစ်နေပါတယ်။

အထ သုဘဒ္ဒါ အတ္တနော သမ္ပတ္တိံ ပစ္စဝေက္ခိတွာ "ကေနနုခေါ အဟံ ပုညေန ဣမံ ပဋ္ဌာနံ 'တိ အာဝဇ္ဇေန္တီ" ဘဒ္ဒါယ ဒိန္နံ ဒါနံ ဒေ ဌတွာ သံဃဂတာယ ဒက္ခိဏာယ ဣမံသမ္ပတ္တိံ သမ္ပတ္တာ။

သုဘဒ္ဒါ နတ်သမီးလေးသည် မိမိရဲ့စည်းစိမ်ကို ကြည့်ရှုဆင်ခြင်၍

http://www.dhammadownload.com



"ငါသည် အဘယ်ကုသိုလ်ကြောင့် နိမ္မာနရတိ နတ်ဘုံ၌ နတ်သမီးဖြစ်လာရသလဲ" လို့ ဆင်ခြင်လိုက်တဲ့အခါမှာ "အစ်မကြီးဘဒ္ဒါရဲ့ အဆုံးအမညြဝါဒ၌ တည်ပြီးတော့ သံဃိကဒါနကုသိုလ်ကြောင့် ဤစည်းစိမ်ကြီးကို ရရှိတာပဲ"လို့ သိမြင်ပါတယ်။

သုဘဒ္ဒါ အမျိုးသမီးလေး နိမ္မာနရတိ နတ်စည်းစိမ်ကို ရရှိတာ ဘာဒါနကြောင့်တဲ့လဲ။

(သံဃိကဒါနကြောင့်ပါ ဘုရား)

သံဃိကဒါနအကျိုး မကြီးဘူးလား။

(အကျိုးကြီးပါတယ်ဘုရား)

ဒီတော့ သံဃိကဒါနတွေ အားရပါးရ များများစားစား ပြုဖို့မကောင်းဘူးလား။

(ကောင်းပါတယ်ဘုရား)

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

*သံဃိကခေါ်၊ ဒါနနော်၊ ပြုပျော်များပြားစွာ။

*ကောင်းကျိုးရကား၊ လွန်ကြီးမား၊ သိထားတရားနာ။

"ဘဒ္ဒါနခေါ် ... နိဗ္ဗတ္တာ" တိ ဩလောကေန္တီ ဟံ သက္ကသဝရိစာရိကာဘာဝေန နိဗ္ဗတ္တံ ဒိသွာ အနုကမ္ပမာနာ တဿာ ဝိမာနံ ပါဝိသိ။

"ငါ့ရဲ့ အစ်မကြီး ဘဒ္ဒါသည်ကား ဘယ်ဘုံမှာဖြစ်နေပါလိမ့်မည်နည်း" ဟု ကြည့်ရှုလိုက်သည်ရှိသော် သိကြားမင်းရဲ့ အခြွေအရံ အလုပ် ... ဘူးဖြစ်နေတာကို မြင်ရ၍ အစဉ်သနားတဲ့သဘောဖြင့် အစ်မကြီးဘဒ္ဒါနတ်သမီးရဲ့နေရာ ဘုံဗိမာန်ကိုဝင်ပြီးတော့ ရပ်လိုက်ပါတယ်။ ရပ်ပြီးတော့ အစ်မကြီးဘဒ္ဒါလို့ ခေါ်လိုက်ပါတယ်။

အဲဒီလို အစ်မကြီးဘဒ္ဒါလို့ ခေါ်လာတဲ့နတ်သမီးကို ဘဒ္ဒါနတ်သမီးက

၁။ ဒဒ္ဒလ္လမာနာ ဝဏ္ဏေန ယသသာစ ယသဿိနီ။

သဗ္ဗေဒေဝေ တာဝတိံသေ၊ ဝဏ္ဏေန အတိရောစသိ။

ဝဏ္ဏေနစ- အဆင်းအရောင်အားဖြင့်လည်းကောင်း၊ ယသသာစ- အခြံအရံအားဖြင့်လည်းကောင်း၊ ဒဒ္ဒလ္လမာနာ- လွန်စွာတောက်ပလျက်၊ ယသဿိနီ-

http://www.dhammadownload.com



အခြံအရံရှိသော နတ်သမီး၊ တွံ- သင်သည်၊ သဗ္ဗေ- အလုံးစုံကုန်သော၊ တာဝတိံသေဒေဝေ- တာဝတိံသာနတ်တို့ကို၊ ဝဏ္ဏေန- အဆင်းအရောင်ဖြင့်၊ အတိရောစသိ- သာလွန်၍ ထွန်းလင်းတောက်ပ၏။

အဆင်းအရောင်၊ အခြံအရံအားဖြင့် လွန်စွာတောက်ပပြီး အခြံအရံရှိတဲ့ နတ်သမီး၊ သင်သည် အလုံးစုံကုန်သော တာဝတိံသာနတ်တွေကို အဆင်း အရောင်ဖြင့် သာလွန်၍ ထွန်းပြောင်တောက်ပနေပါတယ်။

၂။ ဒဿနံ နာဘိဇာနာမိ၊ ဣဒံ ပဌမဒဿနံ။

ကဿာ ကာယာ နု အာဂမ္မ၊ နာမေန ဘာသသေ မမံ။

ဒဿနံ- ရှေးကမြင်ဖူးသည်ကို၊ နာဘိဇာနာမိ- ငါမသိ၊ ဣဒံ- ယနေ့ ရှင်းရှင်း ဤမြင်ခြင်းသည်၊ ပဌမဒဿနံ- ရှေးဦးစွာသောမြင်ခြင်းပေတည်း၊ ကဿာကာယာ- တကယ်အတည် အဘယ်နတ်ပြည်မှ၊ အာဂမ္မ- လာ၍၊ မမံ- ငါ့ကို၊ နာမေန- ဘဒ္ဒါဟူသောအမည်အားဖြင့်၊ ဘာသသေနု- ခေါ်လာပေ သနည်း။

တာဝတိံသာနတ်တွေကို အဆင်းအရောင် အခြံအရံဖြင့် သာလွန်၍ တောက်ပထွန်းပြောင်နေတဲ့ သင့်လို နတ်သမီးမျိုးကို တာဝတိံသာနတ်ပြည်မှာ ငါတစ်ခါမှ မမြင်ဖူးပါဘူး။ ဒီတစ်ခါပဲ မြင်ဖူးတယ်။ ဒီတစ်ခါ မြင်ရတာ ပထမဦးဆုံးပါပဲ။ သင် ဘယ်နတ်ပြည်က လာပြီးတော့ ငါ့ကို ဘဒ္ဒါဆိုတဲ့အမည် အားဖြင့် ခေါ်လာပါသလဲလို့ ဂါထာနှစ်ပုဒ်တို့ဖြင့် မေးလိုက်ပါတယ်။

ဂါထာဘယ်နှစ်ပုဒ်နဲ့ မေးလိုက်သတဲ့လဲ။

(ဂါထာနှစ်ပုဒ်နဲ့ပါဘုရား)

အဲဒီလို ဘဒ္ဒါနတ်သမီးက ဂါထာနှစ်ပုဒ်နဲ့ မေးလိုက်တော့ သုဘဒ္ဒါ နတ်သမီးက ဘဒ္ဒါနတ်သမီးအား

၁။ အဟံ ဘဒ္ဒေ သုဘဒ္ဒါသိံ၊ ပုဗ္ဗေ မာနုသကေ ဘဝေ။

သဟ ဘရိယာစ တေ အာသိံ၊ ဘဂိနီစ ကနိဋ္ဌိကာ။

ဘဒ္ဒေ- အစ်မတော်ဘဒ္ဒါ၊ အဟံ- အကျွန်ုပ်သည်၊ ပုဗ္ဗေ- ရှေးဖြစ်သော၊ မာနုသကေဘဝေ- လူ့ဘဝ၌၊ သုဘဒ္ဒါ- သုဘဒ္ဒါအမည်ရှိသည်၊ အာသိံ- ဖြစ်ပါ၏။

တေ- အစ်မတော်နှင့်၊ သဟ- အတူတကွ၊ ဘရိယာစ- လင်တစ်ယောက်

http://www.dhammadownload.com



တည်း မယားကြီး မယားငယ်သည်လည်း၊ အာသိံ– ဖြစ်ပါ၏၊ ဘဂိနီစ ကနိဋ္ဌကာ– ညီမငယ်သည်လည်း၊ အာသိံ– ဖြစ်ပါ၏။

အစ်မကြီးဘဒ္ဒါ၊ အကျွန်ုပ်သည် အခြားသူမဟုတ်ပါဘူး။ ရှေးလူ့ဘဝ တုန်းက သုဘဒ္ဒါအမည်ရှိပါတယ်။ အစ်မကြီးနဲ့အတူတကွ လင်တစ်ယောက် တည်း မယားကြီး မယားငယ်အဖြစ် ခံစားစံစားခဲ့တဲ့ ညီမငယ်လေး သုဘဒ္ဒါပါပဲ။

၂။ သာ အဟံ ကာယဿ ဘေဒါ၊ ဝိပ္ပမုတ္တာ တတော စုတာ၊
နိမ္မာနရတီနံ ဒေဝါနံ၊ ဥပပန္နာ သဟဗျတံ။

သာအဟံ– သုဘဒ္ဒါဟု အမည်ပြခေါ် ထိုညီမတော်သည်၊ ကာယဿ– ကိုယ်ခန္ဓာ၏၊ ဘေဒါ– ပျက်စီးခြင်းကြောင့်၊ တတော– ထိုလူ့ဘဝမှ၊ ဝိပ္ပမုတ္တာ– ကင်းလွတ်လျက်၊ စုတာ– စုတေသည်ရှိသော်၊ နိမ္မာနရတီနံ– နိမ္မာနရတိနတ်ဘုံ၌ ဖြစ်ကြကုန်သော၊ ဒေဝါနံ– နတ်သမီး နတ်သားတို့၏၊ သဟဗျတံ– အတူတကွ ဖြစ်သူ၏အဖြစ်သို့၊ ဥပပန္နာ– ကောင်းစွာမသွေ ကပ်ရောက်ရပါပေ ၏။

အစ်မကြီးဘဒ္ဒါ၊ အကျွန်ုပ် ညီမငယ်သုဘဒ္ဒါသည် ကိုယ်ခန္ဓာပျက်စီး သေဆုံးပြီးတဲ့နောက် နိမ္မာနရတိဘုံရောက်ရပါတယ်။ နိမ္မာနရတိဘုံသူ နတ်သမီး ဖြစ်နေရပါတယ်လို့ ဂါထာနှစ်ပုဒ်တို့ဖြင့် ဖြေကြားလိုက်ပါတယ်။

နောက်ထပ်တစ်ဖန် အစ်မကြီးဘဒ္ဒါက

၁။ ပဟူတကတကလျာဏာ၊ တေ ဒေဝေ ယန္တိ ပါဏိနော။
ယေသံ တွံ ကိတ္တယိဿသိ၊ သုဘဒ္ဒေ ဇာတိ မတ္တနော။

သုဘဒ္ဒေ– ညီမငယ်သုဘဒ္ဒါ၊ တွံ– သင်သည်၊ အတ္တနော– မိမိ၏၊ ဇာတိံ– အဖြစ်ကို၊ ယေသံ– အကြင်နိမ္မာနရတိနတ်တို့၏၊ အန္တရေ– အတွင်း၌၊ ကိတ္တယိဿသိ– ပြောကြားဘိ၏၊ တေဒေဝေ– ထိုနိမ္မာနရတိနတ်တို့၏အထံသို့၊ ပဟူတကတကလျာဏာ– များစွာပြုအပ် ကောင်းမှုမြတ်စုံ ရှိကြကုန်သော၊ (ဝါ) ကုသိုလ်ကောင်းမှု များစွာပြုကြကုန်သော၊ ပါဏိနော– သတ္တဝါတို့သည်သာ လျှင်၊ ယန္တိ– ရောက်ကြရကုန်၏။

အို ညီမငယ် သုဘဒ္ဒါ၊ သင်က နိမ္မာနရတိနတ်ဘုံရောက်နေတယ်လို့ အစ်မကြီးကို ပြောကြားနေတယ်။ အဲဒီနိမ္မာနရတိနတ်ဘုံဆိုတာ ကုသိုလ်ကောင်းမှု များများပြုတဲ့ သူတွေသာလျှင် ရောက်ကြရတယ်။

http://www.dhammadownload.com



၂။ အထ တွံ ကေန ဝဏ္ဏေန၊ ကေနဝါ အနုဿာသိတာ။
ကီဒိသေနေဝ ဒါနေန၊ သုဗ္ဗတေန ယသဿိနီ။

အထ– ထိုသို့ ကုသိုလ်ကောင်းမှု များစွာပြုမှ ရောက်ကြရသော ဘုံဖြစ်ပါလျက်၊တွံ– သုဘဒ္ဒါဟု အမည်ပြုပေး သင်ညီမလေးသည်၊ ကေနဝဏ္ဏေန– တကယ်အကောင်း အဘယ်အကြောင်းကြောင့်၊ ကေနဝါ– တကယ်ကြည်ဖြူ အဘယ်သူသည်လည်း၊ အနုဿာသိတာ– တကယ်စင်စစ် သင်ပြဆုံးမအပ်သည် ဖြစ်၍၊ ကီဒိသေန ဒါနေန– အဘယ်ကဲ့သို့သော ဒါနကုသိုလ်ဖြင့်လည်း ကောင်း၊ ကီဒိသေန သုဗ္ဗတေန– အဘယ်ကဲ့သို့သော အကျင့်ကောင်းဖြင့်လည်း ကောင်း၊ ယသဿိနီ– အခြံအရံရှိလျက်

၃။ ယသံ ဧတာဒိသံ ပတ္တာ၊ ဝိသေသံ ဝိပုလ မဇ္ဈဂါ။
ဒေဝတေ ပုစ္ဆိတာ စိက္ခ၊ ကိဿ ကမ္မဿိဒံ ဖလံ။

ဧတာဒိသံ– ဤကဲ့သို့သော သဘောရှိသော၊ ယသံ– အခြံအရံသို့၊ ပတ္တာ– ရောက်ရပါသနည်း၊ ဝိပုလံ– ပြန့်ပြောများမြတ်သော၊ ဝိသေသံ– အကျိုးထူးကို၊ အဇ္ဈဂါ– ရရပါသနည်း၊ ဒေဝတေ– သုဘဒ္ဒါဟု အမည်ပြုပေး အိုညီမငယ် နတ်သမီးကလေး၊ ပုစ္ဆိတာ– ငါမေးအပ်သည်ဖြစ်၍၊ အာစိက္ခ– မနှေးမြန်စွာ ဖြေကြားပါလော့၊ ဣဒံ– ဤနိမ္မာနရတိ နတ်ပြည်၌ ဖြစ်ရခြင်း သည်၊ ကိဿကမ္မဿ– အဘယ်ကုသိုလ်ကံ၏၊ ဖလံ– အကျိုးထူးပါပေနည်း။

အို ညီမငယ်သုဘဒ္ဒါ၊ ကုသိုလ်ကောင်းမှု များစွာပြုမှ ရောက်ကြရတဲ့ ဘုံဖြစ်ပါလျက် ညီမလေးက ဘယ်အကြောင်းကြောင့်၊ ဘယ်သူက သင်ပြဆုံးမ လို့ ဘယ်လိုဒါနပြုပြီး ဘယ်လိုသီလကျင့်သုံးခဲ့တဲ့အတွက် အခြံအရံပြည့်စုံကာ ပြန့်ပြောများမြတ်သော နိမ္မာနရတိနတ်ဘုံမှာ ဖြစ်ရခြင်းအကျိုးထူးကို ရရောက် နေရပါသလဲ။ အစ်မကြီး မေးနေတဲ့စကားကို အမြန်မနှေး အဖြေပေးပါလို့ ဂါထာသုံးပုဒ်တို့ဖြင့် မေးလိုက်ပါတယ်။

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

* ကုသိုလ်ကောင်းမှု၊ များစွာပြု၊ ရောက်မှုနိမ္မာနယ်။
* ညီမလေးက၊ ဘယ်ဒါန၊ သီလကြောင့်သာကွယ်။
* နိမ္မာဘုံဆီ၊ ရောက်ရသည်၊ မေးပြီ ဖြေပြကွယ်။

အဲဒီလို ဂါထာသုံးပုဒ်တို့ဖြင့် မေးလိုက်တဲ့အခါမှာ တစ်ဖန် ညီမငယ် သုဘဒ္ဒါက

http://www.dhammadownload.com



၁။ အဒ္ဒေဝ ဝိတ္တပါတာနိ၊ ယံ ဒါနံ အဒဒံ ပုရေ။
ဒက္ခိဏေယျေသု သံဃေသု၊ ပသန္နာ သေဟိ ပါဏိဘိ။

ဘဒ္ဒေ– ဘဒ္ဒါဟုပင် အမည်တွင်ခေါ် အိုအစ်မတော်၊ ယံဒါနံ– မှန်စွာ ကြည်ဖြူ အကြင်အလှူကို၊ ဒက္ခိဏေယျေသု– မြတ်သော အလှူခံဖြစ်သော၊ သံဃေသု– သံဃာတော်အား၊ ပသန္နာ– ကြည်ညိုရွှင်လန်း ဂုဏ်တော်မှန်းလျက်၊ သေဟိပါဏိဘိ– မိမိလက်တို့ဖြင့်၊ ပုရေ– ရှေးလူဖြစ်ရာ ချိန်အခါ၌၊ အဒဒံ– သဒ္ဓါဖွေးဖြူ အရေးယူကာ ပေးလှူခဲ့ဖူးပါ၏၊ တာနိ– သဒ္ဓါရွှင်လန်း ထိုလှူသော ဆွမ်းတို့သည်၊ အဒ္ဒေဝပိတ္တပါတာနိ– ရှစ်ပါးစာမျှဖြစ်သော ဆွမ်းတို့ပါပေတည်း။

ဘဒ္ဒါအမည်ခေါ် အိုအစ်မတော်၊ ညီမငယ်သည် ရှေးလူ့ဘဝတုန်းက အစ်မကြီးနဲ့အတူတကွ နေတဲ့အခါ ရှစ်ပါးစာမျှသော ဆွမ်းတို့ကို မြတ်သော အလှူခံဖြစ်သော သံဃာတော်အား သံဃာ့ဂုဏ်ရည်မှန်းပြီးတော့ ကြည်ကြည် ညိုညို ရိုရိုသေသေ မိမိလက်တို့ဖြင့် လှူဒါန်းခဲ့ဖူးပါတယ်။

၂။ တေန မေ တာဒိသော ဝဏ္ဏော၊ တေန မေ ဣဓမိဇ္ဈတိ။
ဥပ္ပဇ္ဇန္တိ စ မေ ဘောဂါ၊ ယေ ကေစိ မနသော ပိယာ။

တေန– ဆွမ်းရှစ်ပါးစာ သံဃာရည်မှန်း လှူဒါန်းကြည်ညို ထိုမြတ် ကုသိုလ်ကြောင့်၊ မေ– သုဘဒ္ဒါခေါ် ညီမတော်၏၊ ဝဏ္ဏော– အဆင်းအရေသည်၊ တာဒိသော– ထိုကဲ့သို့သော ထွန်းလင်းပါ၏၊ တေန– ထိုကုသိုလ်ကြောင့်၊ မေ– သုဘဒ္ဒါခေါ် ညီမတော်အား၊ ဣဓ– ဤနိမ္မာနရတိနတ်ပြည်၌၊ ဣဇ္ဈတိ နိပ္ဖဇ္ဇတိ– မလွဲမသွေ ဖြစ်ရပါပေ၏၊ မေ– သုဘဒ္ဒါခေါ် ညီမတော်အား၊ ယေကေစိ– အလုံးစုံကုန်သော၊ ဘောဂါစ– စည်းစိမ်းတို့သည်လည်း၊ မနသော ပိယာ– စိတ်နှစ်သက်ဖွယ်ရာတို့သာလျှင်၊ ဥပ္ပဇ္ဇန္တိ– ဖြစ်လာကြပါကုန်၏။

၃။ အက္ခာမိ တေ ဘဒ္ဒေ မဟာနုဘာဝ။
မနုဿဘူတာ ယမကာသိ ပုညံ။
တေနမှိ ဧဝံ ဇလိတာနုဘာဝါ။
ဝဏ္ဏော စ မေ သဗ္ဗဒိသာ ပဘာသတီတိ။

မဟာနုဘာဝ– ကြီးသောအာနုဘော်ရှိသော၊ ဘဒ္ဒေ– ဘဒ္ဒါဟုခေါ် အို အစ်မတော်၊ တေ– သင်အစ်မကြီးအား၊ အက္ခာမိ– မနေးမြန်စွာ ပြောကြားပါအံ့၊ မနုဿဘူတာ– ရှေးလူဖြစ်စဉ် အခါတွင်က၊ ယံပုညံ– အကြင်ရှစ်ပါးစာမျှ၊

http://www.dhammadownload.com



သံဃိက– ဆွမ်းဒါနကို၊ အကာသိ– အလေးတမူ အရေးယူကာ ပြုဖူးပါ၏၊ တေန– ထိုကုသိုလ်ကြောင့်၊ ဧဝံ– ဤသို့၊ ဓလိတာနုဘာဝါ– ထွန်းလင်းတောက်ပသော အာနုဘော်သည်၊ အမှိ– ဖြစ်ရပါ၏၊ မေ– သုဘဒ္ဒါခေါ် ညီမတော်၏၊ ဝဏ္ဏော– အဆင်းအရောင်သည်လည်း၊ သဗ္ဗဒိသာ– အလုံးစုံသော အရပ်ဆယ်မျက်နှာတို့သို့၊ ပဘာသတိ– ထွန်းလင်းခါခါ တောက်ပပါ၏၊ ဣတိ– ဤသို့၊ ဗျာကာသိ– မနှေးမြန်စွာ ဖြေကြားလိုက်ပါပေသတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

သံဃာရှစ်ပါးစာ လှူဒါန်းခဲ့တဲ့ ထိုသံဃိက ဆွမ်းဒါနကြောင့် တာဝတိံသာ နတ်တို့ထက် အရောင်အဆင်းတွေ ထွန်းလင်းတောက်ပခဲ့တဲ့ နိမ္မာနရတိ နတ်ပြည်မှာ ဖြစ်ရပါတယ်။ အကျွန်ုပ်အား အလုံးစုံကုန်သော စည်းစိမ်တွေဟာလည်း စိတ်နှစ်သက်ဖွယ်ရာတွေချည်း ဖြစ်လာကြပါတယ်လို့ ဖြေကြားလိုက်ပါတယ်။

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

* ရှေးလူဖြစ်ရာ၊ ချိန်အခါဝယ်၊ မှန်စွာ ညီမသည်။
* ရှစ်ပါးစာမျှ၊ ဆွမ်းအလှု၊ သံဃာ့ဂုဏ်တော်ရည်။
* မိမိလက်ဖြင့်၊ ကြည်ညိုဆင့်၊ အသင့်လှူဖူးပြီ။
* ထိုကုသိုလ်ကံ၊ အစွမ်းဂုန်၊ အမှန်ဆင်းရောင်သည်။
* တာဝတိံထက်၊ ထွန်းလင်းလျက်၊ ရောက်ဆက်နိမ္မာပြည်။
* နှစ်သက်ဖွယ်ရာ၊ စည်းစိမ် ၊ ဖြစ်လာကြရသည်။
* သုဘဒ္ဒါခေါ်၊ ညီမတော်၊ ရှင်ပျော်ဖြေကြားပြီ။

မှတ်ချက်။ ။ အခြားသော ဝိမာနဝတ္ထုများ၌ များသောအားဖြင့် နတ်သမီးက အရှင်မောဂ္ဂလာန်အား ပြန်လည်လျှောက်ထားခြင်းဖြစ်၍ (အက္ခာမိ တေ ဘိက္ခု မဟာနုဘာဝ) ဟူသော ပါဠိသည် သင့်မြတ်၏။ ဤဒုဒ္ဒလ္လဝိမာနဝတ္ထု၌ကား ညီမငယ် သုဘဒ္ဒါ နတ်သမီးက အစ်မကြီး ဘဒ္ဒါနတ်သမီးအား ပြန်လည်ပြောကြားခြင်းဖြစ်၍ 'ဘိက္ခု' နေရာဝယ် 'ဘဒ္ဒေ' ဟု ပြင်လိုက်ပါသည်။

ညီမငယ် သုဘဒ္ဒါနတ်သမီးလောက် တန်ခိုးမကြီးသော်လည်း

http://www.dhammadownload.com



တာဝတိံသာနတ်ပြည်ရောက်ပြီး သိကြားမင်း၏ အလုပ်အကျွေး ဖြစ်နေ၍ 'မဟာနုဘာဝ' ပါဠိမှာ သင့်မြတ်မည်ဟု ထင်ပါသည်။ လောကဦ ရာထူးဂုဏ်ကြီးမားသောသူတို့၏ ကိုယ်ရေးအရာရှိများ တန်ခိုးထိုက်တန်သလောက် ရှိပုံကို ထောက်၍ သိနိုင်ပေသည်။

အဲဒီလို ညီငယ် သုဘဒ္ဒါ ဖြေကြားပြောပြခဲ့တဲ့အခါမှာ တစ်ဖန် အစ်မကြီး သုဘဒ္ဒါက

၁။ အဟံ တယာ ဗဟုတရေ ဘိက္ခူ၊ သညတေ ဗြဟ္မစာရယော။
တပ္ပေသိံ အန္နပါနေန၊ ပသန္နာ သေဟိ ပါဏိဘိ။

သုဘဒ္ဒေ- သုဘဒ္ဒါခေါ် အိုညီမတော်၊ အဟံ- ငါအစ်မကြီးဘဒ္ဒါသည်၊ တယာ- သင်ညီမလေး သုဘဒ္ဒါထက်၊ ဗဟုတရေ- များစွာကုန်သော၊ သညတေ- ကိုယ် နှုတ် စိတ်ကို ဆို့ပိတ်သိမ်းဆည်း စောင့်စည်းကြကုန်သော၊ ဗြဟ္မစာရယော- မြတ်သောအကျင့်ကို ကျင့်ကြကုန်သော၊ ဘိက္ခူ- ရဟန်းတို့ကို၊ ပသန္နာ- ကြည်ညိုသောစိတ် ရှိသည်ဖြစ်၍၊ သေဟိပါဏိဘိ- မိမိလက်တို့ဖြင့်၊ (ဝါ)ကိုယ်တိုင်၊ အန္နပါနေန- ဆွမ်းအဖျော်ဖြင့်၊ တပ္ပေသိံ- အမြဲခါခါ ရောင့်ရဲစေခဲ့ဖူးပါ၏။ (ဝါ) အမြဲမနေး လှူဒါန်းလုပ်ကျွေးခဲ့ဖူးပါ၏။

ညီမငယ်သုဘဒ္ဒါ၊ အစ်မကြီးဘဒ္ဒါသည် ကိုယ် နှုတ် စိတ် နှလုံး စောင့်သုံးပြီး မြတ်သောအကျင့်ကို ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူကြတဲ့ ရဟန်းများစွာတို့ကို ညီမလေး သုဘဒ္ဒါထက် ဆွမ်းခဲဖွယ် ဘောဇဉ် ချိုချဉ်ရသာ အဖျော်ယမကာတွေနဲ့ ကိုယ်တိုင်ရောင့်ရဲစေခဲ့ဖူးပါတယ်။ (ဝါ) ကိုယ်တိုင် များစွာ ပြုစုလုပ်ကျွေး လှူဒါန်းခဲ့ဖူးပါတယ်။

၃။ တယာ ဗဟုတရံ ဒတွာ၊ ဟီနကာယူပဂါ အဟံ။
ကထံ တွံ အပ္ပတရံ ဒတွာ၊ ဝိသေသံ ဝိပုလ မဇ္ဈဂါ။
ဒေဝတေ ပုစ္ဆိတာ စိက္ခ၊ ကိဿ ကမ္မဿိဒံ ဖလံ။

အဟံ- ငါအစ်မကြီးဘဒ္ဒါသည်၊ တယာ- သင်သုဘဒ္ဒါညီမလေးထက်၊ ဗဟုတရံ- များစွာအကောင်း ရဟန်းအပေါင်းကို၊ ဒတွာ- လှူဒါန်းလုပ်ကျွေး ပါလျက်၊ ဟီနကာယူပဂါ- သင့်အောက်ယုတ်နိမ့်သော တာဝတိံသာဘုံသို့ ရောက်နေရပါ၏။ တွံ- သင်သုဘဒ္ဒါ ညီမလေးသည်၊ အပ္ပတရံ- ရှစ်ပါးစာမျှ နည်းပါးလှသော ဆွမ်းကို၊ ဒတွာ- လှူ၍၊ ကထံ- အဘယ့်ကြောင့်၊ ဝိပုလံ-

http://www.dhammadownload.com



ပြန့်ပြောများမြတ်သော၊ ဝိသေသံ– နိမ္မာနရတိနတ်ပြည်တည်းဟူသော ထူးသော စည်းစိမ်ကြီးကို၊ အဇ္ဈဂါ– ရရောက်ရပါပေသတည်း၊ ဒေဝတေ– သုဘဒ္ဒါဟု ... အို ညီမငယ် နတ်သမီးကလေး၊ ပုစ္ဆိတာ– ငါအစ်မကြီး မေးအပ် ...ဖြစ်၍၊ အာစိက္ခ– မနှေးမြန်စွာ၊ ဖြေကြားပါလော့။ ဣဒံ– ဤနိမ္မာနရတိ နတ်...ဖြစ်ရခြင်းသည်၊ ကိဿကမ္မဿ– တကာယ်ပြုဖန် အဘယ်ကုသိုလ်ကံ၏၊ ...– အကျိုးထူးပါပေနည်း။

အစ်မကြီးဘဒ္ဒါက သင်ညီမလေးသုဘဒ္ဒါထက် ရဟန်းများစွာကို လှူဒါန်းလုပ်ကျွေးခဲ့ဖူးပါလျက် ညီမလေးအောက် ယုတ်နိမ့်သော တာဝတိံသာဘုံမှာ ရောက်နေရတယ်၊ ညီမလေးက အနည်းငယ်မျှ ရှစ်ပါးစာသော ဆွမ်းတို့ကို လှူဒါန်း၍ အစ်မကြီးဘဒ္ဒါထက် အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ အခြံအရံ များခြင်းစတဲ့ ကောင်းကျိုးတရားတွေ သာလွန်မြင့်မြတ် ပိုမိုတဲ့ နိမ္မာနရတိနတ်ပြည် ရောက်ပြီးနေရဟာ ဘယ်လိုကုသိုလ်ကံကြောင့်ပါလဲလို ဂါထာနှစ်ပုဒ်တို့ဖြင့် မေးလိုက်ပါသည်။

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

* အစ်မကြီးကား၊ ရဟန်းများ၊ တအားလှူဖူးတယ်။
* ညီမလေးဟာ၊ ရှစ်ပါးစာ၊ နည်းစွာလှူဖူးတယ်။
* အစ်မကြီးဟာ၊ အောက်ဘုံမှာ၊ ဖြစ်တာဘာ့ကြောင့်ကွယ်။
* အစ်မကြီးဟာ၊ ဝင်းသာ၊ ဖြစ်တာဘာ့ကြောင့်ကွယ်။
* ညီမလေးဟာ၊ ထက်ဘုံမှာ၊ ဖြစ်တာဘာ့ကြောင့်ကွယ်။
* ညီမလေးဟာ၊ ဘုံနိမ္မာ၊ ဖြစ်တာဘာ့ကြောင့်ကွယ်။
* အစ်မကြီးက၊ မေးသမျှ၊ ဖြေပြညီမငယ်။

အဲဒီလို အစ်မကြီးဘဒ္ဒါက ဂါထာနှစ်ပုဒ်နဲ့ အမေးထုတ်လိုက်တော့ တစ်ဖန် ညီမလေးသုဘဒ္ဒါက

၁။ မနောဘာဝနီယော ဘိက္ခု၊ သန္ဒိဋ္ဌော မေ ပုရေ ...ဟု။

တာဟံ ဘတ္တေန နိမန္တေသိံ၊ ရေဝတံ အတ္တနဋ္ဌမံ။

ဘဒ္ဒေ– အစ်မကြီးဘဒ္ဒါ၊ မေ– သုဘဒ္ဒါဟု အမည်ပြခေါ် ညီမတော်သည်၊ ပုရေ– ရှေးလူဖြစ်ရာ ချိန်အခါ၌၊ မနောဘာဝနီယော– ကြည်ညိုသူ မြင်သူ

http://www.dhammadownload.com



အားလုံးလူများ နှလုံးသားကို ပြုံးအားပိုအောင် မေတ္တာဆောင်တတ် ကုသိုလ်စာတတ်တွေ တိုးပွားစေသော၊ (ဝါ) ရောဂစသား မြူမှိုက်များကို ကြိုးစားမပြတ် ပယ်မျှောတတ်၍ မြင့်မြတ်ရှင်ပြုံး စိတ်နှလုံးဖြင့် အဆုံးဘဝင် မမုန်းချင်အောင် အစဉ်မေတ္တာ ဘာဝနာမြတ် ပွားစေတတ်သော၊ ဘိက္ခု– ရေဝတခေါ် ရဟန်းတော်ကို၊ သန္တိဓော– မကြာမကြာ အိမ်ကြွလာ၍ မှန်စွာမပြတ် ဖူးမြင်အပ်သည်၊ အဟု– အမြဲတစေ ဖြစ်ပါပေပြီ။ အတ္တနုဋ္ဌမံ– သံဃာညွန်ကြား ခုနစ်ပါးနှင့် ထင်ရှားရွေးကောက် မိမိလျှင် ရှစ်ပါးမြောက် ဖြစ်တော်မူသော၊ တံ ရေဝတံ– အရှင်ရေဝတ နာမတင့်ဆန်း ထိုရဟန်းကို၊ ဘတ္တေန– သဒ္ဓါရှင်လန်း မြင်သော ဆွမ်းဖြင့်၊ အဟံ– သုဘဒ္ဒါခေါ် ညီမတော်သည်၊ နိမန္တေသိ– အလေးတမူ အရေးယူပို ပေးလှူလိုကာ ပင့်ဖိတ်ပါ၏။

အစ်မကြီးဘဒ္ဒါ၊ ညီမလေးသုဘဒ္ဒါသည် ရှေးလူဖြစ်စဉ်က ကြည့်သူမြင်သူအားလုံး လူတွေရဲ့နှလုံးသားကို အပြုံးတရားပိုအောင် မေတ္တာဆောင်ပြီး ကုသိုလ်တရားတွေ တိုးပွားစေတော်မူနိုင်တဲ့ အရှင်ရေဝတခေါ် ရဟန်းတော်ကို မကြာမကြာ အိမ်ကြွလာ၍ ခဏခဏ ဖူးမြင်ရပါသည်။

တစ်နေ့တော့ သံဃာတော်တွေက ညွှန်ကြားတဲ့ သံဃာတော်ခုနစ်ပါးနဲ့ အရှင်ရေဝတအဝင်အပါ သံဃာတော်ရှစ်ပါးကို ဆွမ်းစားပင့်ဖိတ်ပြီး ဆွမ်းကပ်လှူခဲ့ဖူးပါတယ်။

၂။ သော မေ အတ္ထပုရက္ခာရော၊ အနုကမ္ပာယ ရေဝတော။
သံဃေ ဒေဟီတိ မံ ဝေါစ၊ တဿာဟံ ဝစနံ ကရိံ။

သောရေဝတော– အရှင်ရေဝတ နာမတင့်ဆန်း ထိုရဟန်းသည်၊ မေ– သုဘဒ္ဒါခေါ် ညီမတော်၏၊ အတ္ထပုရက္ခာရော– ခုနောင်ဘဝ ချမ်းသာရအောင် ကောင်းကျိုးဆောင်ပြု ရှေးရှုမြော်မြင် ဟောသွန်သင်လျက်၊ အနုကမ္ပာယ– အခင်အများ အစဉ်သနားတော်မူသဖြင့်၊ မံ– သုဘဒ္ဒါခေါ် ညီမတော်ကို၊ သံဃေ ဒေဟီတိ– သံဃာကိုသာ လှူဒါန်းပါလော့ဟူ၍၊ အဝေါစ– ခုနောင်ဘဝ ကောင်းကျိုးလှတွေ ပိုရလေအောင် ဟောပြကြည်ဖြူ မိန့်တော်မူ၏၊ အဟံ– သုဘဒ္ဒါခေါ် ညီမတော်သည်၊ တဿ– အခင်အများ အစဉ်သနားသည့် ထိုအရှင်ဘုရား ရေဝတ၏၊ (ဝါ) ဆွေလိုမျိုးလို မေတ္တာပို၍ မောင်လို့နှမ ချစ်ကြခင်မင် ထိုအရှင်၏၊ ဝစနံ– သံဃာကိုသာ လှူဒါန်းပါနော် ဟာရေးစကားတော်ကို၊ ကရိံ–

http://www.dhammadownload.com



သဘောကျကျ သောမနဖြင့် လောကလူ့ရွာ (လောကနတ်ရွာ) ပိုကာသာအောင် သဒ္ဓါဆောင်ကာ လိုက်နာပြုလုပ်ခဲ့ပါပြီ။

ညီမလေး ကပ်လှူတဲ့ ဆွမ်းဘောဇဉ် ချိုချဉ်ရသာ အဖြာဖြာတွေ ဘုဉ်းပေးသုံးဆောင်ပြီးတော့ အရှင်ရေဝတမထေရ် ကိုယ်တော်မြတ်က ညီမလေးရဲ့ ခုဘဝ နောက်ဘဝ ကောင်းကျိုးတွေကို ပိုရအောင် ရှေးရှုမြော်မြင်ကာ အစဉ်သနားတော်မူသဖြင့် ညီမလေးသုဘဒ္ဒါကို "သံဃာကိုသာ လှူဒါန်းပါ" လို့ တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးဟောကြားတော်မူပါတယ်။

အဲဒီ အရှင်ရေဝတရဲ့ တရားစကားကို ညီမလေး လိုက်နာကျင့်သုံးခဲ့ပါတယ်။

၃။ သာ ဒက္ခိဏာသံဃဂတာ၊ အပ္ပမေယျေ ပတိဋ္ဌိတာ။

ပုဂ္ဂလေသု တယာ ဒိန္နံ၊ နတံ တဝ မဟပ္ဖလံ။

သံဃဂတာ– သံဃာတော်အား ရောက်ရှိသွားသော၊ (ဝါ) သုပ္ပဋိပန် အစရှိသော သံဃာတော်များဂုဏ် အလုံးစုံကို အကုန်မိမိ အကုန်သိထား ရောက်ရှိသွားသော၊ သာဒက္ခိဏာ– အချက်ကျကျ သံဃဂုဏ်ယူ ထိုအလှူသည်၊ အပ္ပမေယျေ– ရေတွက်ပိုင်းခြား နှိုင်းဩားခါခါ မရသာသော အကျိုးတရား၌၊ ပတိဋ္ဌိတာ– လွန်တိုးပွားကာ တည်တံ့ပါ၏။ တယာ– ဘဒ္ဒါပဟုခေါ် သင်အစ်မတော်သည်၊ ပုဂ္ဂလေသု– ပုဂ္ဂိုလ်တို့အား၊ ဒိန္နံ– အလေးတမူ အရေးယူကာ ပေးလှူအပ်ပါ၏။ တဝ– ဘဒ္ဒါပဟုခေါ် သင်အစ်မတော်၏၊ တံ– ပုဂ္ဂိုလ်ကြည်ဖြူ ထိုအလှူသည်၊ နမဟပ္ဖလံ– သံဃိကဒါနလောက် ကောင်းကျိုးတရား မတိုးပွားကာ မများပါပေ။

သံဃာတော်အား ရောက်ရှိသွားတဲ့ (သံဃာ့ဂုဏ်တော်တွေအထိ ရောက်ရှိသွားတဲ့) ညီမလေး သုဘဒ္ဒါရဲ့ သံဃိကဒါနအလှူဟာ ပုဂ္ဂလိကဒါနနဲ့ တိုင်းတာနှိုင်းစာလို့ မရလောက်အောင် (ရေတွက်ပိုင်းခြားလို့ မရလောက်အောင်) ဖြစ်လေရာ ဘဝတိုင်းမှာ ကောင်းကျိုးတရားတွေ ပိုပြီးတော့ ရရှိပါတယ်။ အစ်မကြီးကတော့ ပုဂ္ဂလိက ဒါနတွေ များများပြုခဲ့ပါတယ်။ အစ်မကြီးရဲ့ အဲဒီပုဂ္ဂလိက ဒါနတွေဟာ များပေမယ်လို့ ကောင်းကျိုးတွေ ရရှိတဲ့အခါကျတော့ နည်းသွားရပါတယ်။ ပုဂ္ဂလိကဒါနဆိုတာ သံဃိကဒါနလောက် အကျိုးမများပါဘူးလို့ ဂါထာသုံးပုဒ်တို့ဖြင့် မိမိသည် ပြုလုပ်ခဲ့တဲ့ကုသိုလ်ကံကို ပြောပြပါတယ်။

http://www.dhammadownload.com



ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

*သံဃာညွှန်ကြား၊ ခုနှစ်ပါး ထင်ရှား ဧရဝတ။
*သံဃာရှစ်ပါး၊ ညီမကား၊ ဆွမ်းစားပင့်ဖိတ်ကြွ။
*ညီမငယ်အား၊ လွှန်သနား၊ ထင်ရှားမထေရ်က။
*သံဃာလှူပါ၊ သုဘဒ္ဒါ၊ သေချာမိန့်ဟောပြ။
*သံဃာကိုသာ၊ လှူဒါန်းပါ၊ သေချာမိန့်ဟောပြ။
*အရှင်ဟောကြား၊ မြတ်စကား၊ လေးစားလိုက်နာက။
*မရေနိုင်အောင်၊ ကောင်းကျိုးဆောင်၊ ခုနှောင်ပိုပြီးရ။
*အစ်မကြီးကား၊ ပုဂ္ဂိုလ်များ၊ လှူကြွားအောက်တန်းကျ။
*ညီမငယ်ကား၊ သံဃာများ၊ လှူကြွားအထက်က။
*ပုဂ္ဂိုလ်လှူတာ၊ အကျိုးဟာ၊ သေချာမများလှ။

အဲဒီလို သုဘဒ္ဒါနတ်သမီးက ပုဂ္ဂလိကဒါနထက် သံဃိကဒါနက အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ အခြံအရံများခြင်းစတဲ့ ကောင်းကျိုးတရားတွေ ပိုပြီးတော့ရပုံ နတ်ပြည်ရောက်တဲ့အခါမှာလည်း နတ်ဘုံချင်း ကွာခြားပုံတွေကို ပြောပြတော့ အစ်မကြီး ဘဒ္ဒါနတ်သမီးသည် သံဃိကအလှူဒါနကို လှူလိုသည် ဖြစ်၍

"ဣဒါနေဝါဟံ ဇာနာမိ၊ သံဃေဒိန္နံ မဟပ္ဖလံ။
သာဟံ ဂန္တွာ မနုဿတ္တံ၊ ဝဒညူ ဝီတမစ္ဆရာ။
သံဃေဒါနာနိဒဿာမိ၊ အပ္ပမတ္တာ ပုနပ္ပုန" န္တိ– ဂါထမာဟ။

"ဣဒါနေဝ– သုဘဒ္ဒါခေါ် ညီမတော် ပြောပြ ဤယခုအခါမှသာလျှင်၊ သံဃေ– သံဃာတော်အား၊ ဒိန္နံ– အလေးတမူ အရေးယူပြု ပေးလှူမှုသည်၊ မဟပ္ဖလံ– အကျိုးကြီးသည်ကို၊ အဟံ– ဘဒ္ဒါမည်ရ ငါအစ်မကြီးသည်၊ ဇာနာမိ– သိရပါ၏။ သာဟံ– ဘဒ္ဒါမည်ရ ထိုငါအစ်မကြီးသည်၊ မနုဿတ္တံ– ကောင်းတာ မကောင်းတာ ထိုနှစ်ဖြာကို ပိုကာသိလစ် လူ၏အဖြစ်သို့၊ ဂန္တွာ– မှန်စွာမနား မြန်စွာသွား၍၊ ဝဒညူ– သူတော်ကောင်းများ မိန့်စကားကို လေးစားအဝသည် နားလည်လိုက်နာသည်ဖြစ်၍၊ ဝီတမစ္ဆရာ– မပေးလိုခြင်း အမှန်ကင်း၍၊ အပ္ပမတ္တာ– ကုသိုလ်တရား မမေ့ကြားဘဲ၊ ပုနပ္ပုနံ– အဖန်ဖန်အထပ်ထပ်၊ သံဃေ– သံဃာ တော်အား၊ ဒါနာနိ– ဒါနကောင်းမှု အစုစုတို့ကို၊ ဒဿာမိ–

http://www.dhammadownload.com



အလေးတမူ အရေးယူကာ ပေးလျှော့ပါတော့အံ့" "ဣတိ- ဤသို့၊ ဂါထံ- ဂါထာကို၊ အာဟ- ရွတ်ဆိုကောင်းစွာ ဝန်ခံပြောဆိုလိုက်ပါပေသတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

ညီမလေးသုဘဒ္ဒါက ပြောပြပြော့ သံဃိကဒါနက ပုဂ္ဂလိကဒါနထက် အသက်ရှည်ခြင်းစတဲ့ ကောင်းကျိုးတွေ ပိုပြီးတော့ ရရှိပုံ၊ သံဃိကဒါနအကျိုး ကြီးမားပုံ၊ နတ်ပြည်ရောက်တဲ့အခါမှာ မြင့်မြတ်တဲ့ နတ်ပြည် နတ်ဘုံတွေမှာ ဖြစ်ရပုံတွေကို အစ်မကြီးဘဒ္ဒါ သိရှိသွားပါတယ်။

ဒီတော့ သံဃိကဒါနဟာ ပုဂ္ဂလိကဒါနထက် ဖြစ်လေရာဘဝတိုင်းမှာ ကောင်းကျိုးတွေ ပိုပြီးတော့ မရဘူးလား။

(ရပါတယ်ဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်က ဘာတရားတဲ့လဲ။

(သံဃိကက ပိုပါတယ် တရားတော်ပါ ဘုရား)

ပုဂ္ဂလိကဒါနပြုတဲ့ အစ်မကြီးက ဘယ်ဘုံကိုရောက်သွားသလဲ။

(တာဝတိံသာနတ်ဘုံကို ရောက်သွားပါတယ်ဘုရား)

သံဃိကဒါနပြုတဲ့ ညီမလေးက ဘယ်နတ်ဘုံကို ရောက်သွားသတဲ့လဲ။

(နိမ္မာနရတိနတ်ဘုံကို ရောက်သွားပါတယ် ဘုရား)

တာဝတိံသာနတ်ဘုံဟာ နတ်တို့ရဲ့တွက်ကိန်းနဲ့ အသက် (၁၀၀၀) လူတို့ရဲ့ တွက်ကိန်းနဲ့ အသက်သုံးကုဋေခြောက်သန်းကြာတယ်။

နိမ္မာနရတိနတ်ဘုံကတော့ နတ်တို့ရဲ့တွက်ကိန်းနဲ့ အသက် (၈၀၀၀) လူတို့ရဲ့တွက်ကိန်းနဲ့ အသက် နှစ်ပေါင်း ၂၃၀ ကုဋေ ၄ သန်း ကြာပါတယ်။

ဒီတော့ နိမ္မာနရတိနတ်ဘုံက နတ်တွက်ကိန်းနဲ့ အသက်နှစ်ပေါင်း (၇၀၀၀) ပိုပြီးတော့ ရှည်အောင် မနေရဘူးလား။

(နေရပါတယ် ဘုရား)

နိမ္မာနရတိ နတ်ဘုံရောက်ပြီးတော့ အသက်ပိုရှည်အောင် နေရတာ ဘယ်ဒါနကြောင့်ပါလိမ့်။

(သံဃိကဒါနကြောင့်ပါဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်က ဘာတရားတဲ့လဲ။

(သံဃိကက ပိုပါတယ် တရားတော်ပါ ဘုရား)

http://www.dhammadownload.com



ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

* နိမ္မာဘုံမှာ၊ ရောက်ရတာ၊ သံဃာလှူရအကျိုး။
* အသက်များစွာ၊ ပိုရှည်တာ၊ သံဃာလှူရအကျိုး။
* သံဃိကက ပိုကာရ၊ မှတ်ကြကောင်းအကျိုး။

လူတို့ရဲ့တွက်ကိန်းနဲ့ အသက်နှစ်ပေါင်း ဘယ်လောက်ပိုပြီးတော့ နေရကယ်ဆိုတာကို သိချင်ရင်တော့ ၂၃၀ ကုဋေ ၄ သန်းထဲက ၃ ကုဋေ ၆ သန်း နုတ်သာကြည့်ကြပေတော့။

နိမ္မာနရတိနတ်ဘုံက အသက်ပိုပြီးတော့ ရှည်ကြာအောင် နေရတာအပြင် ပိုသလို အဆင်းလှခြင်း၊ အခြံအရံများခြင်း၊ ကျော်စောမှု၊ အစိုးရမှု၊ ချမ်းသာကြီးမှု၊ ဉာဏ်ပညာကြီးမှုတွေလည်း တာဝတိံသာနတ်ဘုံထက် သာတယ်၊ ပိုတယ်လို့ မှတ်ရမယ်နော်။

(မှန်လှပါဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်က ဘာတရားတဲ့လဲ။

('သံဃိကက ပိုပါတယ်' တရားတော်ပါဘုရား)

ဒီနေ့ဟောတဲ့တရားတော်အမည် ဆိုလိုရင်းအဓိက အဓိပ္ပာယ်ပေါ်သွားပြီလား။

(ပေါ်သွားပါပြီ ဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

* ကိုယ်ရောင်ကိုယ်ဝါ၊ ပိုတောက်တာ၊ သံဃာလှူရကျိုး။
* အဆင်းပိုကာ၊ ချောလှတာ၊ သံဃာလှူရကျိုး။
* ခြံရံများစွာ၊ ပိုပေါတာ၊ သံဃာလှူရကျိုး။
* ကျော်စောမှုဟာ၊ ပိုရတာ၊ သံဃာလှူရကျိုး။
* အမိုးရတာ၊ ပိုခြင်းဟာ၊ သံဃာလှူရကျိုး။
* ကိုယ် စိတ်နှစ်ဖြာ၊ ပိုချမ်းသာ၊ သံဃာလှူရကျိုး။
* ကိုယ်အား ဉာဏ်အား၊ စွမ်းပကားသာ၊ ပိုခြင်းဟာ၊ သံဃာလှူရကျိုး။

အဲဒီလို သံဃိကဒါန အကျိုးကြီးပုံတွေကို အစ်မကြီးဘဒ္ဒါ သိရှိပြီးတော့ "ငါအစ်မကြီးဘဒ္ဒါသည် လူ့ဘဝကို သွားရောက်ကာ ပညာရှိတွေရဲ့စကားလေးစားလိုက်နာပြီး မချွေရပယ်ဖျောက် ကုသိုလ်တရားတွေ မမေ့ဘဲ·အမြဲတစေ သံဃိကဒါနတွေ ပြုလုပ်ပေးတော့မယ်"လို့ ဝန်ခံပြောဆိုပါတယ်။

http://www.dhammadownload.com



ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

* သံဃိကဒါန၊ အကျိုးလှ၊ ကြီးရပုံသိကာ။
* ငါဘဒ္ဒါသည်၊ လှူဘုံဆီ၊ အတည်သွားရောက်ကာ။
* ပညာရှိများ၊ ပြောစကား၊ လေးစားမြဲလိုက်နာ။
* မစ္ဆေရပယ်၊ ကုသိုလ်ဝယ်၊ တကယ်မမေ့ကာ။
* သံဃိကခေါ်၊ ဒါနနော်၊ ပျော်ပျော်ငါပြုမှာ။
* ဒီလို၀န်ခံ၊ ပြောဆိုပြန်၊ အမှန်မဘဒ္ဒါ။

သုဘဒ္ဒါ ပန အတ္တနော ဒေဝလောကမေဝ ဂတာ။

အဲဒီလို အစ်မကြီးဘဒ္ဒါနဲ့ ညီမလေး သုဘဒ္ဒါကို သံဃိကဒါနရဲ့ အကျိုးကြီးပုံ၊ အထက်တန်းကျ မျက်နှာပန်းလှပုံ၊ ပုဂ္ဂလိကဒါနရဲ့အကျိုးနည်းပုံ၊ အောက်တန်းကျကာ မျက်နှာငယ်ရပုံတွေကို အပြန်အလှန် ဂါထာတွေနဲ့ ပြောဆိုပြီးတဲ့ အခါမှာ သုဘဒ္ဒါ နတ်သမီးသည်ကား မိမိနေရာ နိမ္မာနရတိနတ်ဘုံကို ပြန်သွားပါတယ်။

တရားနာပရိသတ်၊ အထက်တန်းကျချင်သလား၊ အောက်တန်းကျချင်သလား။

(အထက်တန်းကျချင်ပါတယ် ဘုရား)

မင်္ဂလီပ်လ်နိဗ္ဗာန် ရရောက်သ ည်အထိ မျက်နှာကြီးချင်သလား၊ မျက်နှာငယ်ချင်သလား။

(မျက်နှာကြီးချင်ပါတယ်ဘုရား)

အထက်တန်းကျပြီး မျက်နှာကြီးချင်ရင် ဘယ်ဒါနကို ပြုရမတဲ့လဲ။

(သံဃိကဒါနကို ပြုရမှာပါ ဘုရား)

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

* သံဃာလှူတာ၊ ဖြစ်လေရာ၊ မျက်နှာကြီးရတယ်။
* ပုဂ္ဂိုလ်လှူက၊ အောက်တန်းကျ၊ ဘ၀မျက်နှာငယ်။

အဲဒီသုဘဒ္ဒါနတ်သမီး သူနေတဲ့ဘုံ ပြန်သွားပြီးတဲ့အခါမှာ သိကြားမင်းက

"ကာ ဒေဝတာ ဘဒ္ဒေ တယာ မန္တယတေ သဟ။
သဗ္ဗေ ဒေဝေ တာဝတိံသေ၊ ဝဏ္ဏေန အတိရောစတိ" တိ ဘဒ္ဒံ ပုစ္ဆိ။

http://www.dhammadownload.com



ဘဒ္ဒေ– ဘဒ္ဒါနတ်သမီး၊ ယာဒေဝတာ– အကြင်နတ်သမီးသည်၊ တယာ– သင်နှင့်၊ သဟ– အတူတကွ၊ မန္တယတေ– စကားပြော၍နေ၏၊ သောဒေဝတာ– သင်နှင့်စကားပြော၍နေသော ထိုနတ်သမီးသည်၊ ကာ– ဘယ်သူပေနည်း၊ သဗ္ဗဒေဝေ တာဝတိံသေ– အလုံးစုံကုန်သော တာဝတိံသာနတ်တို့ကို၊ သော– ထိုနတ်သမီးသည်၊ ဝဏ္ဏေန– အဆင်းအရောင်အားဖြင့်၊ အတိရောစတိ– သာလွန်၍ ထွန်းလင်းတောက်ပ၏။ ဣတိ– ဤသို့၊ ဘဒ္ဒံ– ဘဒ္ဒါနတ်သမီးကို၊ ပုစ္ဆိ– သိလိုတဲ့အရေးဖြင့် မနေးမြန်စွာ မေးလိုက်ပါပေသတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

"ဘဒ္ဒါနတ်သမီး၊ သင်နဲ့အတူတကွ စကားပြောပြီး ပြန်သွားတဲ့ နတ်သမီးဟာ တာဝတိံသာနတ်များစွာတို့ထက် အဆင်းအရောင် သာလွန်၍ တောက်ပနေတယ်။ အဲဒီနတ်သမီးဟာ ဘယ်သူလဲ" လို့ သိကြားမင်းက ဘဒ္ဒါနတ်သမီးကို မေးလိုက်တော့

"မနုဿဘူတာ ဒေဝိန္ဒ၊ ပုဗ္ဗေ မာနုသကေ ဘဝေ။
သဟ ဘရိယာစ မေ အာသိ၊ ဘဂိနီ စ ကနိဋ္ဌိကာ။
သံဃေ ဒါနနိ ဒတွာန၊ ကတပုညာ ဝိရောစတိ" တိ ကထေသိ။

ဒေဝိန္ဒ– နတ်တို့ကို အစိုးရသော သိကြားမင်း၊ ပုဗ္ဗေ– ရှေးဖြစ်သော၊ မာနုသကေဘဝေ– လူ၏ဘဝ၌၊ မနုဿဘူတာ– လူဖြစ်စဉ်အခါက၊ မေ– အကျွန်ုပ်ဘဒ္ဒါနှင့်၊ သဟ– အတူတကွ၊ ဘရိယာစ– လင်တစ်ယောက်တည်း မယားကြီး မယားငယ်သည်လည်း၊ အာသိ– ဖြစ်ပါ၏။ သံဃေ– သံဃာတော်အား၊ ဒါနာနိ– အလှူတို့ကို၊ ဒတွာ– ပေးလှူသောကြောင့်၊ ကတပုညာ– ပြုပြီးသော ကောင်းမှုရှိသော နတ်သမီးသည်၊ ဝိရောစတိ– အကျွန်ုပ်တို့ထက် ထွန်းလင်းတောက်ပပါ၏၊ ဣတိ– ဤသို့၊ ကထေသိ– ကောင်းစွာမသွေ ဖြေကြားလိုက်ပါပေသတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

အရှင်သိကြားမင်း၊ ရှေးလူ့ဘဝတုန်းက လင်တစ်ယောက်တည်း မယားကြီး၊ မယားငယ်ဖြစ်ခဲ့တဲ့ ညီမလေး သုဘဒ္ဒါပါ၊ သံဃိကဒါနကုသိုလ်ကြောင့် အကျွန်ုပ်တို့ထက် ထွန်းလင်းတောက်ပနေရပါတယ်လို့ ဖြေကြားပြလိုက်ပါတယ်။

ထိုအခါ သိကြားမင်းက ဘဒ္ဒါနတ်သမီးကို ဤသို့ဆို၏။

http://www.dhammadownload.com



ရှေးလူဖြစ်သောဘဝ၌ သင်၏ညီမဖြစ်သော သုဘဒ္ဒါသည် အတုမရှိ မနှိုင်းယှဉ်အပ်သော ဂုဏ်ထူးဝိသေသရှိသော သံဃာတော်၌ တရားသဖြင့် ...ကြောင့် သင့်ထက်သာလွန်၍ အကျိုးကြီးစွာရ၏။ ငါသိကြားမင်းသည် ...သည်း ဂိဇ္ဈကုဋ်တောင်၌ မြတ်စွာဘုရား သီတင်းသုံးနေတော်မူသောအခါ မေး လျှောက်ဖူးတယ်။

ကယ်လိုမေးလျှောက်ဖူးသလဲဆိုတော့ "ဘုန်းတော်ကြီးမား မြတ်စွာဘုရား၊ ကုသိုလ်ကောင်းမှုကို အလိုရှိကုန်သောသူတို့အား အဘယ်၌လှူခြင်းသည် အကျိုး ကြီးပါသလဲဘုရား" လို့ မေးလျှောက်တဲ့အခါ မြတ်စွာဘုရားသည်

၁။ စတ္တာရောစ ပဋိပန္နာ၊ စတ္တာရောစ ဖလေ ဌိတာ။

စသံဃော ဥဇုဘူတော၊ ပညာသီလ သမာဟိတော။

စတ္တာရောစ– လေးပါးကုန်သော၊ ပဋိပန္နာစ– မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်တို့လည်း ကောင်း၊ စတ္တာရောစ– လေးပါးကုန်သော၊ ဖလေဋ္ဌိတာ– ဖလဋ္ဌာန်ပုဂ္ဂိုလ်တို့ လည်းကောင်း၊ သေသံဃော– ဤပုဂ္ဂိုလ်ရှစ်ယောက် အပေါင်းသံဃာသည်၊ ဥဇုဘူတော– နိဗ္ဗာန်သို့ ဖြောင့်ဖြောင့်ရောက်သောအကျင့် ရှိတော်မူ၏၊ ပညာသီလ သမာဟိတော– ပညာ သီလနှင့် ပြည့်စုံ၏။

၂။ ယဇမာနာနံ မနုဿာနံ၊ ပုညပေက္ခာန ပါဏိနံ။

ကရောတံ ဩပဓိကံ ပုညံ၊ သံဃေဒိန္နံ မဟပ္ဖလံ။

ယဇမာနာနံ– လှူဒါန်းပူဇော်ကြကုန်သော၊ မနုဿာနံ– လူတို့၏လည်း ကောင်း၊ ပုညပေက္ခာနံ– ကုသိုလ်ကောင်းမှုကို လိုလားကုန်သည်ဖြစ်၍၊ ဩ ပဓိကံ– ဥပဓိလေးပါးတည်းဟူသော အကျိုးရှိသော၊ ပုညံ– ကောင်းမှုကို၊ ကရောတံ– ပြုကုန်သော၊ ပါဏိနံ– သတ္တဝါတို့၏လည်းကောင်း၊ သံဃေ– သံဃာတော်အား၊ ဒိန္နံ– လှူသောအလှူသည်၊ မဟပ္ဖလံ– ကြီးသောအကျိုးရှိ၏၊ ဣတိ– ဤသို့၊ ဝိယာကာသိ– ဖြေကြားတော်မူ၏။

ဤသို့ မြတ်စွာဘုရား ဟောတော်မူကြောင်းကို သိကြားမင်းသည် ဘဒ္ဒါ နတ်သမီးအား တရားစကား ပြောကြားပေ၏။

ဣမံ ပန သဗ္ဗံ ပဝတ္တိံ သတ္ထော ဒေဝါနမိန္ဒော "ဒဒ္ဒလ္လမာနာ ဝဏ္ဏေနာ" တိ အာဒိနာ အာယသ္မတော မဟာမောဂ္ဂလ္လာနဿ အာစိက္ခိ။ ဤဘဒ္ဒါနဲ့ သုဘဒ္ဒါနတ်သမီး နှစ်ယောက်တို့၏ ဖြစ်ပုံ အလုံးစုံကို

http://www.dhammadownload.com



သိကြားမင်းသည် "ဒဒ္ဒလ္လမာနာ ဝဏ္ဏေန" စသည်ဖြင့် နတ်ပြည်သို့ ဒေသစာရီ ကြွချီတော်မူလာတဲ့ အရှင်မောဂ္ဂလာန်အား လျှောက်ကြားလိုက်ပါတယ်။

အာယသ္မာ မဟာမောဂ္ဂလ္လာနော ဘဂဝတော အာရောစေသိ။

အရှင်မောဂ္ဂလ္လာန်က လူ့ပြည်ပြန်ရောက်တဲ့အခါမှာ မြတ်စွာဘုရားအား လျှောက်ထားပါတယ်။

ဘဂဝါ တမတ္ထံ အဋ္ဌုပ္ပတ္တိကတွာ သမ္ပတ္တပရိသာယ ဓမ္မံ ဒေသေသိ၊
သာ ဒေသနာ မဟာဇနဿ သာတ္ထိကာ အဟောသိ။

မြတ်စွာဘုရားသည် ထိုအတ္ထုပ္ပတ္တိကို ရောက်လာတဲ့ ပရိသတ်အား တရားဟောတော်မူပါတယ်။ ထိုတရားဒေသနာတော်ဟာ များစွာသောလူအပေါင်း အား အကျိုးရှိတဲ့ ဒေသနာတော်ကြီး ဖြစ်သွားပါတယ်။

ဒီ "သံဃိကက ပိုပါတယ်" တရားတော်ကို နာကြားလိုက်ရတဲ့ တရားနာ ပရိသတ်တွေမှာ သံဃိကဒါန အကျိုးကြီးပုံတွေကို သိရတော့ အကျိုးရှိမသွား ဘူးလား။

(အကျိုးရှိသွားပါတယ် ဘုရား)

ဒီနေ့ တရားနာနေကြတဲ့ ဦးပဥ္စင်းရဲ့ တရားနာပရိသတ်အပေါင်း သူတော် ကောင်းတွေကော သံဃိကဒါန အကျိုးကြီးပုံ၊ အကျိုးရှိပုံတွေကို သေသေချာချာ ရေရေရာရာ မသိရဘူးလား။

(သိရပါတယ်ဘုရား)

သုဘဒ္ဒါဟာ သံဃိက ဆွမ်းဒါနကြောင့် အသက်ရှည်ခြင်းစတဲ့ ကောင်း ကျိုးတရားတွေ ပိုပြီးတော့ ရတာနော်။

(မှန်လှပါဘုရား)

ဒီတော့ ဒကာ ဒကာမတွေ ဆွမ်းလှူရင် ဘယ်သူ့ကို လှူရမတဲ့လဲ။

(သံဃာကို လှူရမှာပါဘုရား)

ဒါ့ကြောင့် သံဃာတော် အရှင်သူမြတ်တွေက ဒကာ ဒကာမတွေ ဖြစ်လေ ရာ ဘဝတိုင်းမှာ ကောင်းကျိုးတွေ ပိုပြီးတော့ရရှိအောင် ဆွမ်းကပ်တဲ့အခါ "သံဃဿ ဒေမ" ဆိုတဲ့ ပါဠိလေးလိုက်ဆိုခိုင်းတာနော်။

(မှန်လှပါဘုရား)

"သံဃဿ ဒေမ" လို့ လိုက်ဆိုတော့ ပုဂ္ဂိုလ်စွဲတွေ ပျောက်မသွားဘူး လား။

(ပျောက်သွားပါတယ် ဘုရား)

http://www.dhammadownload.com



ပုဂ္ဂိုလ်စွဲတွေ ပျောက်သွားတော့ ကောင်းကျိုးတွေ ပိုရပြီး အကျိုးကြီး မသွားဘူးလား။

(အကျိုးကြီးသွားပါတယ်ဘုရား)

ဘဒ္ဒါဆိုတဲ့ အစ်မကြီးက "ပုဂ္ဂလိကဒါန"တွေ အများကြီးလှူခဲ့တယ်၊ သုဘဒ္ဒါဆိုတဲ့ ညီမလေးက "သံဃာရှစ်ပါးစာမျှ သံဃိကဒါန" လှူခဲ့တယ်၊ ပုဂ္ဂလိကဒါနလှူခဲ့တဲ့ အစ်မကြီးက အောက်ဘုံ၊ သံဃိကဒါနလှူခဲ့တဲ့ ညီမလေး က အထက်ဘုံရောက်ရတယ်။

အဲဒီ ညီအစ်မနှစ်ယောက် ကောင်းကျိုးတွေ ရရှိတဲ့အခါကျတော့ မိုးနဲ့ မြေ ကွာခြားမနေဘူးလား။

(ကွာခြာပါတယ်ဘုရား)

ဒီတော့ ပုဂ္ဂလိကဒါန အများကြီးလှူခဲ့ပေမယ့် အသက်ရှည်ခြင်းစတဲ့ ကောင်းကျိုးတရားတွေကျတော့ အများကြီးရသေးရဲ့လား။

(မရပါဘူးဘုရား)

သံဃိကဒါန သံဃာရှစ်ပါးစာလောက် အနည်းငယ်လှူခဲ့ရပေမယ့် အသက်ရှည်ခြင်းစတဲ့ ကောင်းကျိုးတွေကျတော့ အများကြီးရမသွားဘူးလား။

(ရသွားပါတယ်ဘုရား)

ဒီတော့ တရားနာပရိသတ် များတာ နည်းတာက ပဓာနမဟုတ်ဘူး၊ သံဃိကဒါနဖြစ်ဖို့က ပဓာနနော်။

(မှန်လှပါဘုရား)

ဒီတော့ ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါး လှူဒါန်းတဲ့အခါ သံဃာ့ဂုဏ်တော်တွေကို အာရုံပြုပြီးတော့ သံဃာကိုလှူရမယ်နော်။

(မှန်လှပါဘုရား)

သံဃာရှစ်ပါးစာမျှ ဆွမ်းလှူတဲ့ ဆွမ်းဒကာမလေး သုဘဒ္ဒါ အကျိုးတွေ ကြီးမသွားဘူးလား။

(ကြီးသွားပါတယ် ဘုရား)

ဒီတော့ အကျိုးကြီးအောင်၊ ကောင်းကျိုးတရားတွေ ပိုရအောင် ဘာကိုလှူ ရမတဲ့လဲ။

(သံဃာကိုလှူရမှာပါဘုရား)

http://www.dhammadownload.com



ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

*ကောင်းကျိုးပိုအောင်၊ သတိဆောင်၊ ခုနှောင်သံဃာလှူ။

*အကျိုးကြီးအောင်၊ သတိဆောင်၊ ခုနှောင်သံဃာလှူ။

*သံဃာ့ဂုဏ်ရည်၊ စုံအညီ၊ ယုံကြည်မှန်းကာလှူ။

*ပုဂ္ဂိုလ်စွဲပျောက်၊ သံဃာရောက်၊ မှတ်လောက်လှူနည်းဟူ။

*ပုဂ္ဂိုလ်လှူတာ၊ များစေကာ၊ နည်းရှာအကျိုးမှူ။

*သံဃာလှူတာ၊ နည်းစေကာ၊ များလာအကျိုးမှူ။

*အစ်မဘဒ္ဒါ၊ သုဘဒ္ဒါ၊ သိပါဇာတ်လမ်းယူ။

*ညီမနှစ်ယောက်၊ ဇာတ်လမ်းထောက်၊ ဝမ်းမြောက်သိတော်မူ။

*မိုး မြေပမာ၊ ကွာခြားတာ၊ သေချာသိတော်မူ။

*သေချာသိကာ၊ မြတ်သံဃာ၊ ဂုဏ်သာမှန်း၍လှူ။

*သံဃိက က၊ ကောင်းကျိုးလှ၊ ပိုရသိတော်မူ။

ကဲ–"သံဃိကက ပိုပါတယ်" တရားတော် ဟောပြလိုက်တာ တော်တော်လေး စုံသွားပြီနော်။

(မှန်လှပါဘုရား)

ဖြစ်လေရာဘဝတိုင်းမှာ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ရသည်အထိ အသက်ရှည်ခြင်းစတဲ့ ကောင်းကျိုးတရားတွေ ပိုပြီးတော့ ရချင်ရင် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးနဲ့ အခြားပစ္စည်းတွေ လှူဒါန်းတိုင်း "သံဃဿ ဒေမ" ပါဠိလေးရွတ်ဆိုကာ သံဃာ့ဂုဏ်တွေ အာရုံပြုပြီးတော့ လှူဒါန်းတတ်ကြပါစေ ဆိုတဲ့အနေအထားဖြင့် ဦးပဥ္ဇင်းသည် "သံဃိကက ပိုပါတယ်" တရားတော်ကို အားရပါးရ သဘောကျအောင် ဟောပြခဲ့ပါတယ် တရားနာ။

ဒကာ ဒကာမတွေကို လှူတတ်အောင် လှူနည်းသင်တန်းပေးခဲ့တာနော်။

(မှန်လှပါဘုရား)

ဘာသင်တန်း ပေးခဲ့တာတဲ့လဲ။

(လှူနည်းသင်တန်းပါ ဘုရား)

ဒကာ ဒကာမတွေ လှူတတ်ကြပြီလား။

(လှူတတ်ပါပြီဘုရား)

ဘယ်လိုလှူရမတဲ့လဲ။

(သံဃာ့ဂုဏ်ကို အာရုံပြုပြီးတော့ သံဃာကို လှူရမှာပါဘုရား)

http://www.dhammadownload.com



ပုဂ္ဂိုလ်ကို အာရုံပြုရမှာ၊ ပုဂ္ဂိုလ်ကိုလှူရမှာ ဟုတ်ရဲ့လား။

(မဟုတ်ပါဘူးဘုရား)

ဂိုဏ်းခွဲတွေ၊ ပုဂ္ဂိုလ်ခွဲတွေ ထားရဦးမှာလား။

(မထားရတော့ပါဘူး ဘုရား)

"သံဃဿ ဒေမ" ဆိုတာနဲ့ ဂိုဏ်းခွဲတွေ၊ ပုဂ္ဂိုလ်ခွဲတွေ အကုန်လုံး ပျောက်မသွားဘူးလား။

(ပျောက်သွားပါတယ် ဘုရား)

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

* ဂိုဏ်း ပုဂ္ဂိုလ်ခွဲ၊ မထားဘဲ၊ အမြဲသံဃာလှူ။
* လှူနည်းသိက၊ ကောင်းကျိုးလှ၊ ပိုရ များရှင် လူ။
* လှူနည်းသိအောင်၊ ဆင်ဖြူတောင်၊ ခု နှောင်ဟောပြသူ။

ကဲ- တရားသိမ်းကြရအောင်၊ လက်အုပ်ချီလိုက်ကြ

ကင်မွန်းတောင့်တိ သုတေ နာမေ၊ ဆိပ်ဖြူပုရဿ ဥတ္တရေ။

ဂါမေ ဇာတေန မေ ဓမ္မော၊ သုဒေသိတော သုခါဝဟော။

ဒေသိတံ မေ သုစိတ္တေန၊ ဂဏ္ဍာနွ ဓမ္မာမကာ။

ဆိပ်ဖြူပုရဿ- မကွေးတိုင်းတွင် ပါဝင်သတ်မှတ် ဆိပ်ဖြူလို့ခေါ်သော မြို့တော်မြတ်၏။ (ဝါ) ရောဝတီ မြစ်နဒီ၏ ရေကြည်ဖွေးဖွေး ရေအေးအေးတို့ စီးပြေးအဆန်း သဲသောင်ကမ်းဖြူ မြို့ဆိပ်ဖြူ၏၊ ဥတ္တရေ- အရှေ့အနောက် ရွေးကောက်သတ်မှတ် မြောက်အရပ်၌၊ ကင်မွန်းတောင့်တိ သုတေနာမေ- ကင်မွန်းတောင့်ဟု ထင်ရှားပြုကာ အမည်သာသော၊ ဂါမေ- သူတော်ကောင်းတွေ ခိုအောင်းနေရာ ရွာသာယာ၌၊ (ဝါ) ဆိပ်ဖြူဆရာတော် မထေရ်ကျော်တို့ ရှင်ပျော်မွေးရပ် ရွာအမြတ်၌၊ ဇာတေန- ပဋိသန္ဓေ တည်ရှိနေကာ မွေးဖွားလာသော၊ မေ- မယာ- ဂုဏ်ပိုင်စိုးရ ဂုဏ်နှဟု နာမပြုခေါ် ငါရဟန်းတော်သည်၊ သုခါဝဟော- လူ နတ် နိဗ္ဗာန် ချမ်းသာမှန်ကို ကေန်မပြတ် ဆွမ်းဆောင်တတ်သော၊ ဓမ္မော- "သံဃိက က ပိုပါတယ်" ခေါ် တရားတော်ကို၊ သုဒေသိတော- သိစေ တတ်စေ ကျင့်နိုင်စေဟု ရည်ရွယ်ပြုကာ ကရုဏာရှေ့ဖော် မေတ္တာတော်ဖြင့် ပျော်ပျော်ကောင်းစွာ ဟောကြားတော်မူခဲ့ပါပေပြီ။ မေ- မယာ- စာချ

http://www.dhammadownload.com



စာသင် တာဝန်လုပ်ငန်း ကိုယ်တိုင်ထမ်းချ ရန်ကုန် သာကေတ၌ နှစ်ခြိုက် ရှင်ပြုး၍ သီတင်းသုံး စာချ၊ ဂုဏ်နှုတ် နာမပြုခေါ် ငါရဟန်းတော်သည်၊ ဒေသိတံ– စိတ်ထားမြင့်မြတ် ဟောကြားအပ်သော (ဓမ္မံ– သံဃိက ကပ္ပိယတယ် ခေါ် တရားတော်ကို)၊ ဓမ္မမာမကာ– အယူလည်းမှန် ဘာသာမှန်ကာ ကိုးကွယ်ရာ တွေ မှန်ကာနေသည့် မြန်မာ့ရွှေပြည် တည်ကြည်မွေးဖွား ဦးပဥ္စင်းရဲ့ ဟောဒီ တရားနာပရိသတ် အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည်၊ သုစိတ္တေန– မမှား မစောင်း စိတ်ထားကောင်းဖြင့်၊ ဂဏှန္တု– မကြိုက်သမျှကို ချန်ချန်၊ ကြိုက်သမျှကို ပန်ပန်၊ ဧကန်ပိုင်ပိုင် ယူသွားတော်မူနိုင်ကြပါစေကုန်သတည်း။ (ဂဏှိတွာန– ဧကန်ပိုင်ပိုင် ယူသွားနိုင်ကြကုန်၍၊ စရန္တု– သံဃိကက ပိုပါတယ်” ခေါ် တရားဒေသနာတော် လာရှိတဲ့အတိုင်း မဆိုင်းမတွ သမိုင်းလှအောင် မှုချပိုင်ပိုင် ကျင့်ကြံကြိုးစား ပွားများအားထုတ်တော်မူနိုင်ကြပါစေကုန်သတည်း။ စရိတွာန– နည်းမှန်လမ်းမှန် ကျင့်ကြံကြိုးစား ပွားများအားထုတ်နိုင်ကြကုန်၍၊ မဂ္ဂဖလ နိဗ္ဗာနသုခံ– မဂ် ဖိုလ် နိဗ္ဗာန် ချမ်းသာမှန်ကို၊ လဘန္တု– အေးမြပျော်ပျော် ရရှိ ခံစား စံစားတော်မူနိုင်ကြပါစေကုန်သတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

ဦးပဥ္စင်းရဲ့ တရားနာပရိသတ်အားလုံး ပန်းထက်လည်းမွေး၍ စမ်းထက် လည်း အေးကာ ကျန်းမာ၍ ချမ်းသာကြပါစေ။

မှတ်ချက်။ ။ ဆွမ်းကပ်ပွဲတိုင်း၊ ဆွမ်းသိမ်းအောင်ပွဲတိုင်း၊ စာရေးတံ ဆွမ်းကပ်ပွဲတိုင်း၊ စာအောင်သံဃာ ဂုဏ်ပြုပူဇော်ပွဲတိုင်း၊ ဘွဲ့တံဆိပ်ရ သံဃာဂုဏ်ပြုပူဇော်ပွဲတိုင်း၊ ဝါဆိုဆွမ်း၊ ဝါဆို သင်္ကန်း သံဃိက ကပ်လှူပွဲတိုင်း၊ ကထိန်ဆွမ်း ကထိန် သင်္ကန်း ကပ်လှူပွဲတိုင်း၊ ဆွမ်း သင်္ကန်း ကျောင်း ဆေး သံဃိက ကပ်လှူပွဲတိုင်း၊ နေ့တရား၊ ညတရားပွဲကြီးတိုင်း၊ သံဃိကပွဲတိုင်း ဟောကြားနိုင်ပါသည်။

သံဃိကက + ပိုပါတယ်တဲ့ တရားတော် ပြီးပြီ။

http://www.dhammadownload.com

# ဓမ္မကထိကအိတ်ဆောင်နိဂုံး

* ဤကျမ်းစာရေးသူသည် မကွေးတိုင်း၊ ဆိပ်ဖြူမြို့နယ်၊ ကင်မွန်းတောင်ရွာ၊ ဦးကြည်မောင်+ဒေါ်ငယ်တို့မှ ၁၃၂၄–ခု၊ တပေါင်းလဆန်း(၁၀)ရက်၊ တနင်္လာနေ့တွင် ဖွားမြင်သည်။

* ၁၃၄၅–ခု၊ တန်ခူးလပြည့်ကျော်(၁၁)ရက်နေ့တွင် ရန်ကုန်၊ ရန်ကင်းမြို့နယ်၊ ရွှေဟင်္သာတိုက်သစ်ဆရာတော် ဘဒ္ဒန္တသုစိတ္တာဘိဝံသကို ဥပဇ္ဈာယ်ပြု၍ ဧရာဝတီတိုင်း၊ မော်လမြိုင်ကျွန်းမြို့၊ အမှတ်(၁၅)၊ ၁၄–လမ်းနေ ဦးသိန်း+ဒေါ်လှခင် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရဟန်းဖြစ်သည်။

သိက္ခာထပ်ရဟန်း ဒကာ+ဒကာမများမှာ–

၁။ ဒေါ်အေးသန်း၊ ဆင်ကန်လမ်း၊ ကျောက်တန်းမြို့။
၂။ ဒေါ်ခင်သန်း၊ လေးဒေါင့်ကန်(ပုဇွန်တောင်)။
၃။ ဗိုလ်မှူးမောင်မောင်မြင့်+ဒေါ်လေးခန့် မိသားစု
ဦးဝိစာရအိမ်ရာ၊ ဒဂုံမြို့နယ်။
၄။ ဒေါ်လှရှိန်မိသားစု၊ အရိုးကုန်း၊ တာမွေ။
၅။ ဦးသိန်းချစ်+ဒေါ်အေးကြူ မိသားစု၊ သာကေတ။
၆။ ဒေါ်ညွန့် မိသားစု၊ မင်္ဂလာလမ်း၊ စော်ဘွားကြီးကုန်း၊ အင်းစိန်။
၇။ ဗိုလ်မှူးသန်းဆွေ+ဒေါ်တင်တင်စု၊ သုဝဏ္ဏ။
၈။ ဦးချစ်လှိုင်+ဒေါ်တိုး မိသားစု၊ သရက်ပင်ချောင်ရွာ၊
ဒဂုံတောင်+ဆိပ်ကမ်းမြို့နယ်။
၉။ ဦးခင်မောင်ဦး+ဒေါ်မြင့်မြင့်သန်း၊ နဝဒေးလမ်း၊ ဒဂုံမြို့နယ်။
၁၀။ ဦးလှိုင်+ဒေါ်ဝင်းကြည် မိသားစု၊ မင်းရာဇာသစ်စက်၊
လှိုင်သာယာမြို့နယ်။
၁၁။ ဦးစိုးနိုင်+ဒေါ်မေမေခင် မိသားစု၊ (၈)ရပ်ကွက်၊ သာကေတ။
၁၂။ ဦးရဲမြင့်+ဒေါ်မော်လီမြင့် မိသားစု၊ ဗိုလ်တထောင်။
၁၃။ ဦးမောင်ပို+ဒေါ်ဖြူတုပ် မိသားစု၊ ဝဏ္ဏသိဂီလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊
တာမွေ။
၁၄။ ဒေါ်အေးညွန့် မိသားစု၊ ဝေဇယန္တာအရှေ့(၁၀)လမ်း၊ (၆)ရပ်ကွက်၊
သာကေတ။

http://www.dhammadownload.com

၁၅။ ဒေါ်ကြင်လှိုင်၊ သမီး–မတင်တင်ထူး၊ (၁၀)သမ်း။
၁၆။ ဒေါ်တင်သန်း၊ သမီး–မစန်းစန်းဦး၊ (၄)ရပ်ကွက်၊ သာကေတ။
၁၇။ ဦးသန်းမြင့်+ဒေါ်ခင်ချိုမြင့် မိသားစု၊ (၈)ရပ်ကွက်၊ သာကေတ။
၁၈။ ဦးပေါ်များ+ဒေါ်အေးမေ မိသားစု၊ (၉)ရပ်ကွက်၊ သာကေတ။
၁၉။ ဦးသိန်းဝင်း+ဒေါ်တင်တင်ဝင်း၊ (၆)ရပ်ကွက်၊ သာကေတ။
၂၀။ ဒေါ်တင်တင်ရီ၊ သမီး–မမဥ္စုအေး၊ တာမွေ။
၂၁။ ဦးသောင်းညွန့်+ဒေါ်စန်း မိသားစု၊ (၅)ရပ်ကွက်၊ သာကေတ။
၂၂။ ဦးသန်းမြင့်+ဒေါ်ကျင်ထွေး မိသားစု၊ အောင်သိဒ္ဓိသစ်စက်၊ လှိုင်သာယာမြို့။
၂၃။ ဦးမြင့်အောင်+ဒေါ်ခင်စန်းရီ မိသားစု၊ ပုသိမ်ညွန့်၊ တာမွေ။
၂၄။ ဦးကြည်သိန်း+ဒေါ်ငွေးငွေး၊ ၂၇–လမ်း။
၂၅။ ဒေါက်တာဝင်းလွင်သိန်း+ဒေါ်စုစုသိမ်း၊ အမှတ်(၄၉)၊ ၁၃၇–လမ်း၊ အမှတ်(၃၅)၊ ၁၄၀–လမ်း၊ တာမွေ။

## စာသင်ရာကျောင်းတိုက်များ

၁။ သဒ္ဓမကာရီကျောင်းတိုက်၊ ပျားကြီးတောင်ရပ်၊ ရေနံချောင်းမြို့။
၂။ ရွှေပြည်တန်စာသင်တိုက်၊ မော်လမြိုင်ကျွန်းမြို့။
၃။ ရွှေတောင်ပါဠိတက္ကသိုလ်၊ ရေနံချောင်းမြို့။
၄။ ကြခတ်ဝိုင်းကျောင်းတိုက်၊ ပဲခူးမြို့။
၅။ ရွာမစာသင်တိုက်၊ အင်းစိန်+ရန်ကုန်။
၆။ ညောင်တုန်းပါဠိတက္ကသိုလ်၊ ဗဟန်း+ရန်ကုန်။

## အောင်မြင်ခဲ့သော စာမေးပွဲများ

၁။ ရောဝတီတိုင်း၊ မော်လမြိုင်ကျွန်းမြို့၊ ဝိနယပါလစာမေးပွဲ မူလတန်း၊ အငယ်တန်း၊
၂။ ၎င်းမြို့ကမ်းနားပရိယတ္တိအသင်းစာမေးပွဲ မူလအလတ်(တတိယ မူလအကြီးတန်း၊ ပထမငယ်တန်း(တတိယ)

http://www.dhammadownload.com

၃။ ဘိုကလေးမြို့၊ ပရိယတ္တိသာသနပါလအသင်းစာမေးပွဲ
ပထမငယ်တန်း (ဝိနယဂုဏ်ထူး)
၄။ ရေနံချောင်းမြို့၊ ရွှေတောင်ပါဠိတက္ကသိုလ်စာမေးပွဲ
ပထမလတ်တန်း (ပထမ)
၅။ ဒေါင်းမြို့၊ အမျိုးသားစာမေးပွဲ ပထမငယ်တန်း၊
ပထမလတ်တန်း (တတိယ)၊ ပထမကြီးတန်း။
၆။ ပဲခူးမြို့၊ ကြခတ်ဝိုင်းကျောင်းတိုက်၊ သာသနကိုရစာမေးပွဲ
ပထမကြီးတန်း (ဒုတိယ)
၇။ အင်းစိန်၊ ဝိနယဓိကစာမေးပွဲ၊ ပထမကြီးတန်း (တတိယ)
ရွာမစာသင်တိုက်၊ သဒ္ဓမ္မဝံသစာမေးပွဲ ပထမကြီးတန်း (တတိယ)
၈။ ညောင်တုန်းမြို့၊ သုဓမ္မာပရိယတ္တိအသင်းစာမေးပွဲ
ပထမကြီးတန်း (ပထမ) ပရဒေသီ။
၉။ ဆူးလေ အဘိဓမ္မာစာမေးပွဲ ယမကဒု/တအုပ်။
၁၀။ ဘုရားဖြူစာမေးပွဲ၊ ပထမငယ်တန်း။
၁၁။ သထုံမြို့၊ သုဝဏ္ဏဘူမိပရိယတ္တိသာသနဟိတအသင်းစာမေးပွဲ၊
ပထမဆင့် မဟာဝေယျာကရဏိကတန်း။
၁၂။ ဇဟန်း၊ ညောင်တုန်းပါဠိတက္ကသိုလ်၊ ပရိယတ္တိသာသနပါလ
အသင်းစာမေးပွဲ၊ ဓမ္မာစရိယတန်း (တတိယ)။
၁၃။ အစိုးရစာမေးပွဲ၊ ဓမ္မာစရိယတန်း (၁၃၅၁)

## ကျမ်းစာပြီးရက်

၁၃၅၇-ခု၊ ဝါဆိုလဆန်း(၇)ရက်။

## ယခုနေရာ

ဆင်ဖြူတောင်စာသင်တိုက်၊ သာကေတ။
၁၃၅၅-ခု၊ နယုန်လပြည့်ကျော်(၇)ရက်
၁၀-၆-၉၃ မှစကာ စာသင်တိုက်ဖွင့်၊
စာသင်စာချ၊ တရားဟော၊ စာရေးသည်။

http://www.dhammadownload.com

# ဆောင်တော်မူ

"ဗုဒ္ဓဘာသာ၊ ပြည်မြန်မာ၌၊ မှီကာနေသူ၊ အများလူတွက်၊ ကောင်းကျိုးထွက်အောင်၊ တစ်ဖက်တစ်လမ်း၊ အထက်တန်းခေါ်၊ ရဟန်းတော်ဘဝ၊ ချမ်းမြမြဝယ်၊ စန်းလနယ်သို့၊ တင့်တယ်နေကြ၊ သာသနာ့ဝန်ထမ်း၊ ရှင်ရဟန်းတို့၊ ယောခန်းပြောခန်း၊ မဖော မပန်းအောင်၊ လမ်းပြဆောင်ချင်၊ စိတ်အစဉ်မှ၊ သိပ်ပင်လှသော၊ စိတ်ဓာတ်စေတနာ၊ အဖြာဖြာဖြစ်မိ၊ ဓမ္မကထိက၊ ဖြစ်လိုကြသား၊ .ရဟန်းများတွက်၊ အခက်အခဲ၊ တစ်အုပ်တည်းဖြင့်၊ ဖျက်ခွဲနိုင်စေ၊ ဒီအနေဖြင့်၊ ရည်ရွေ့ပါဦး၊ ၄၅ ဦး ကြည့်ကာ၊ ဂါထာအကောင်း၊ အနက်ကောင်းနှင့်၊ အကောင်းကဗျာ၊ လင်္ကာအစု၊ စာအနုခြယ်၊ ရေးပြုတယ်နော်၊ ပျော်ပျော်နာယူ၊ ရှင်လူအများ၊ စိတ်ဝင်စားအောင်၊ တရားနာမည်၊ ရွေးချယ်ရည်ပေး၊ အမည်လေးတွေ၊ ကျန်ပါစေချင်၊ မေတ္တာယှဉ်ထား၊ ဒီတရားစာအုပ်၊ ဝေငှထုတ်မိ၊ ဓမ္မကထိကအိတ်မှာ၊ အိတ်မှာဓမ္မကထိက၊ နေ့ညခါခါ၊ သွားလေရာသို့၊ ယူကာယူကာ၊ အလွယ်သာလျှင်၊ ကိုယ်တာခင်၍၊ မခေ့ကောင်းစွာ၊ ဆောင်သင့်ပါသည့်၊ ဓမ္မကထိက အိတ်ဆောင်၊ အိတ်ဆောင်ဓမ္မကထိက၊ အမည်လှပေး၊ စီပြရေးမိ၊ ဓမ္မကထိက၊ အိတ်လှလှမှာ၊ စိတ်ချရအောင် ဆောင်တော်မူ"။

http://www.dhammadownload.com

# ဗိုလ်လုပ်ချင်က+ဗိုလ်ထုတ်ကြ

* * * * *

အရာရာကို
သဒ္ဒါဗိုလ်နှင့်
မြတ်ဗိုလ်ဝီရိ
သတိ+သမာ
မြတ်ပညာဆို
ငါးဦးဗိုလ်ဖြင့်
ကြိုကြိုသာလုပ်
ပိုပိုလုပ်က
လောကုတ်+လောကီ
အလီလီကိစ္စ
ဟူသမျှတို့
မုချမလွဲ
အောင်စမြဲတည်း၊
မလွဲအစဉ်
ဗိုလ်လုပ်ချင်က
ငါးအင်ဗိုလ်ထုတ်
အဖေါ်လုပ်ကာ
ကြိုးစားရာသည်
မျိုးသားဓာနည်ကျင့်လမ်းတည်း။

http://www.dhammadownload.com

# အဓိပတိဆောင်
# မအောင်နိုင်တာ+မရှိပါ

✻ ✻ ✻ ✻ ✻

အဓိပတိဖြစ်ချင်ရင်
အဓိပတိဆောင်
မအောင်နိုင်တာမရှိပါ။

၁။ ဆန္ဒဆောင် မအောင်နိုင်တာမရှိ၊
ဆန္ဒဟာအရာအားလုံးကိုဆန်နိုင်တယ်။

၂။ ဝီရိယဆောင် မအောင်နိုင်တာမရှိ၊
ဝီရိယရှိရင် ဝ,တယ်၊ ရ,တယ်၊
ဝီရိယမှာ ဝ,ပါတယ်၊ ရ,ပါတယ်။

၃။ စိတ်ဆောင်မအောင်နိုင်တာမရှိ၊
စိတ်ဟာအရာအားလုံးကို စိတ်နိုင်တယ်။

၄။ ပညာဆောင် မအောင်နိုင်တာမရှိ။
ပညာဟာ အရာအားလုံးကိုပြင်တတ်တယ်။

✻ ပညာတတ်ရင် ပြင်တတ်တယ်၊
ပညာတတ်အောင်သင်ရမယ်။

✻ ပညာတတ်မှ ပြင်တတ်မှာ၊
ပညာတတ်အောင်ကြိုးစားပါ။

✻ ပြင်တတ်သူသာ ပညာတတ်
မပြင်တတ်သူဟာ ပညာမတတ်။

http://www.dhammadownload.com

# ကိုယ့်စေတနာ + စေလိုရာ

အားလုံးအပေါ် စေတနာထားပါ။
စေတနာသည် နောက်ဘဝထိမနေ၊
ကိုယ့်စေတနာအလှသည်
ကိုယ်စေလိုရာကို စေနိုင်တယ်၊ ရနိုင်တယ်။
စေတနာမှာ စေတလုံးပါတယ်၊
စေတနာဟာ စေတလုံးပါပဲ။

"ကိုယ့်စေတနာ
အဖြာဖြာကား
သေချာထိုထို
ကိုယ်စေလိုရာ
အမြန်သာရ
နောက်ဘဝပင်
မရောက်ခင်၌
ယခုကာစ
ခုဘဝပင်
ကောင်းကျိုးထင်ရှား
ကောင်းကျိုးများသည်
ဆောင်ထားစေတနာ အလှတည်း"။

http://www.dhammadownload.com

# ဗိုလ်လုပ်ချင်က+ဗိုလ်ထုတ်ကြ

* * * * *

လော်ကီမှာပဲ ဖြစ်ဖြစ်

လောကုတ္တရာမှာပဲ ဖြစ်ဖြစ်

ဗိုလ်လုပ်ချင်ရင်

ဗိုလ်ထုတ်ရတယ်၊

အဲဒီဗိုလ်တွေကတော့

သဒ္ဓါ, ဝီရိယ, သတိ,

သမာဓိ, ပညာဆိုတဲ့

ဗိုလ်တွေပါပဲ၊

ဗိုလ့်လုပ်ချင်က

ဗိုလ်ထုတ်ကြစမ်းပါ။

ပိုလုပ်ကြစမ်းပါ။

ကြိုလုပ်ကြစမ်းပါ။

http://www.dhammadownload.com

# အတင်းလုပ်

* * * * *

နေရမှာက၊
မကြာလှ၍၊
ဒါန+သီလာ၊
ဘာဝနာနှင့်၊
လူ့ရွာကောင်းကျိုး၊
အမျိုးမျိုးကို၊
သည်ပိုးဆောင်မှု၊
ကိစ္စစုများ၊
ယခုအဟုတ်၊
နောက်မဆုတ်ပဲ၊
ကြောက်ရပ်မမွေး၊
ကြောက်သွေးမပြ၊
ကိုယ့်အလှုထုပ်၊
အတင်းလုပ်မှ၊
ဘဝနောက်နှောင်း၊
ဆက်တိုင်းကောင်းမည်၊
မလွဲပြီဟု၊
ကဗျာနရေး၊
စာပြုတေးသည်၊
သမိုင်းလေးတွေ ကျန်ပါစေ။

http://www.dhammadownload.com

# အထူးအစဉ်+ကျေးဇူးတင်လွှာ

* * * * *

စာရေးသူ၏ ဓမ္မကထိကအိတ်ဆောင် အမှတ်(၁+၂)ကျမ်းစာများကို စိတ်ပါလက်ပါ စေတနာပါပါ သဒ္ဓါထက်ထက် မေတ္တာလက်ဖြင့် ကွန်ပျူတာစာစီစာရိုက်ပေးသော ဒေါက်တာမတင်ဝင်း(ပညာရေးတက္ကသိုလ်)၊ သမီး-မနန့်ချစ်ကြည်အား အထူးအစဉ်ကျေးဇူးတင်ကြောင်း ဤစာအုပ်တွင် မှတ်တမ်းတင်ပါသည်။

## ထွက်ရှိပြီးသော စာအုပ်များ

* * * * *


၁။ ဓမ္မကထိကအိတ်ဆောင် (၁+၂+၃)
၂။ ပဋ္ဌာန်းအိတ်ဆောင်
၃။ မိဘကျေးဇူးတရားတော်များ
၄။ ဂါထာအိတ်ဆောင်
၅။ ပူဇော်ဆင်နွှဲ+ပဋ္ဌာန်းပွဲ
၆။ အတွေးဖြူဖြူ+ဆေးလှူသူ
၇။ သင့်အတွက်အလကာ
၈။ သင့်အတွက်ဆန်း


## ဆက်လက်ထွက်ရှိမည့် စာအုပ်များ

* * * * *


၁။ သံဝေဂအိတ်ဆောင်
၂။ မန္တမ်းစေသင့်+ပန်းသုံးပွင့်
၃။ အနှစ်သာရ+စကားလှ
၄။ စကားနှစ်ရွှေမှုံများ
၅။ ကဗျာချိုချို+စာတိုတိုများ
၆။ ကဗျာအိတ်ဆောင်

http://www.dhammadownload.com